
www.burmeseclassic.com

ဘာလဲဟဲ့ ...

# လူ့ငရဲ

ဟံသာဝတီ ဦးဝင်းတင်



www.burmeseclassic.com

www.burmeseclassic.com




**ပုံနှိပ်မှတ်တမ်း**

**စီစဉ်သူ**
ကျော်သက်မင်း(DVB)

**ထုတ်ဝေသူ**
ဒီမိုကရက်တစ်မြန်မာ့အသံ

**ဖြန့်ချိရေး**
နိုင်ငံရေးအကျဉ်းသားများ
ကူညီစောင့်ရှောက်ရေးအသင်း
(မြန်မာနိုင်ငံ)

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်**
ပုံနှိပ်တိုက်
ဘန်ကောက်၊ ထိုင်းနိုင်ငံ

**မျက်နှာဖုံးဒီဇိုင်း**
88 DAWN

**ကွန်ပျူတာစာစီ**
ဥမ္မာနိုင်(DVB)

**ထုတ်ဝေသည့်အကြိမ်**
ပထမအကြိမ်
၂၀၁၀ ခုနှစ်

**အုပ်ရေ**
၂၀၀၀

**တန်ဖိုး**

# ဘာလဲဟဲ့ ... လူ့ငရဲ

ဟံသာဝတီ ဦးဝင်းတင်

ဖြန့်ချိရေး

AAPP

**Assistance Association for Political Prisoners (Burma)**
P.O Box 93
MAESOT, Tak Province 63110, THAILAND

www.burmeseclassic.com

www.burmeseclassic.com

## လူ့ငရဲထောင်ပြန် စာရေးသူရဲ့
## ကျယ်လောင်မြည်ဟိန်းတဲ့ တိုးတိုးအမှာစကား

ဒီနေ့ ၂၀၁၀ ခုနှစ် မတ်လ ၁၂ ရက်။

ကျွန်တော် အသက် ၈၀ ပြည့်တယ်ဗျာ။ အသက် ၈၀ ဆိုတာ အတော်ကြီး ကြီးလွန်းပြီဗျ။ သင်္ချိုင်းမီးသင်္ဂြိုလ်စက်ကို လှမ်းမြင်နေရပြီ။ မဝေးတော့ဘူး။ မဝေးတော့ဘူးဆိုမှ ဒီခရီးနီးသလား လာမေးမနေနဲ့။ ဝေးပါသေးတယ်လည်း လာပြောမနေနဲ့။ ခရီးဆုံး နီးနေတာကိုလည်းသိတယ်။ မီးသင်္ဂြိုလ်စက် မဝေးတော့တာလည်း သိတယ်။ ရှင်ချိန်နည်းလာပြီဆိုတာလည်း သိတယ်။ သေချိန်ကပ်လာပြီ ဆိုတာလည်း သိတယ်။ အဲဒါတွေ သိတာထက် ပိုသိတာက လုပ်စရာတွေအများကြီး ရှိသေးတယ်ဆိုတာနဲ့ လုပ်စရာတွေကို လုပ်နိုင်သမျှ အများကြီး လုပ်သွားရဦးမယ် ဆိုတာပါပဲ။

ဒါက ဒီစာစောင်မှာ အဓိကပြောချင်တဲ့အချက်ပါ။ ဘာကြောင့်လုပ်စရာတွေ အများကြီးရှိနေရတာလဲ။ အများကြီးရှိနေမှာပေါ့ဗျ။ မရှိဘဲနေပါ့မလား။ ကျွန်တော်တို့လို သေတွင်းသေဝရောက်နေတဲ့ လူတွေအပါအဝင် တိုင်းပြည်ရဲ့ လူငယ်လူရွယ် သွေးသစ် ဉာဏ်သစ် အားသစ်မာန်သစ်တွေကို စစ်အာဏာရှင်တွေက ဆယ်နှစ်ဆယ်မိုး၊ နှစ်ဆယ်နှစ် နှစ်ဆယ်မိုး၊ ခြောက်ဆယ့်ငါးနှစ် ခြောက်ဆယ့်ငါးမိုး ဆိုတာမျိုးကနေ တစ်ရာကျော် နှစ်ရာကျော်မိုး ဆိုတာမျိုးတွေအထိ ထောင် သို့မဟုတ် လူ့ငရဲ... လူလုပ်တဲ့ငရဲ... လူဖန်တီးတဲ့ငရဲဆိုတဲ့ ဘုံဆိုး ဘဝဆိုး အဖြစ်ဆိုး အိပ်မက်ဆိုး လောကထဲ ပို့နေ၊ ပို့ထားခဲ့တာကိုး။

ဒီတော့ လူငယ်တွေ လူလတ်တွေ၊ လူကြီးတွေ၊ သေခါနီးတွေအဖို့ လုပ်စရာတွေ အများကြီးကျန်နေတော့တာပေါ့။ ဆန်းသလားလို့ မေးနေစရာလိုဦးမလားဗျာ။

ဒါကြောင့် ကျွန်တော်တို့ ခရီးရှည်ကြီးကို ဆက်လျှောက်ရဦးမယ်။ ဆက်ရုန်းကန်ရဦးမယ်။ ဆက်ဦးတည်ရဦးမယ်။ ဆက်တာဝန်ထမ်းဆောင်ရဦးမယ်။ ကျွန်တော် နားလည်သလို ကျွန်တော့်စကားနဲ့ တိုတိုပဲပြောရရင် ခေတ်ဝန်ကိုထမ်း ခေတ်လမ်းကို လျှောက်ရဦးမယ်။ တမျှော်တခေါ် ခရီးကြမ်းကြီးဗျို့။ ဧရာမ ဝန်ထုပ်ဝန်ပိုးကြီးဗျို့။ ရင်မော စိတ်ပန်း နှစ်ကာလရှည်ကြီးဗျို့။

တကယ်တော့ ခေတ်ဝန်ကိုထမ်းကြရမှာက တစ်ပြည်ထောင်လုံးက လူထုကြီးတစ်ရပ်လုံးပါပဲ။ တစ်ပြည်လုံးကို ယောင်ချထားတော့ တစ်ပြည်လုံးက လူထုကြီးတစ်ရပ်လုံးအဖို့ လုပ်စရာတွေ ခေတ်ဝန်တွေ တစ်ပုံတစ်ပင်ကြီး ကျန်နေတော့တာပေါ့။ ဆက်လျှောက်ရမယ့် ခေတ်လမ်းကြီးကလည်း တမျှော်တခေါ်ကြီး အရှည်အဝေးကြီး ကျန်နေတော့တာပေါ့။

တစ်ပြည်လုံးကို ထောင်ချထားတာကလည်း ဆယ်စုနှစ်တွေနဲ့ချီပြီး အကြာကြီး ကြာညောင်းခဲ့ပြီလေ။ ဒီလိုဆိုတော့ လူထုတွေကြားမှာ ထောင်ဆိုရင် ကြောက်ရမလိုလို ရွံ့ရမလိုလို ဖြုတ်တုံတုံစိတ်တွေ ပလုံစီနေပြီလားလို့ ထင်စရာရှိလာတယ်။ မဟုတ်ပါဘူး။ တကယ်တော့ လူထုကြီးက မကြောက်ပါဘူး။ မဖြုံပါဘူး။ ကြောက်ပြေးတွေဟောတဲ့ ထောင်ကြောက်တရားတွေကို နားယောင်ပြီး လက်သီး မဆုပ်ဝံ့သလို၊ လက်မ မထောင်ဝံ့သလို၊ လက်မောင်း မမြှောက်ဝံ့သလို၊ လက်ရုံးမတန်းဝံ့သလို ဖြစ်နေကြတာပါ။

ကြောက်ပြေးတွေ၊ ကြောက်ပွဲစားတွေ၊ ကြောက်မှောင်ခိုတွေက ထောင်ကျတဲ့ နိုင်ငံရေးမလုပ်ဘူး။ ထောင်ကျတဲ့ လှုပ်ရှားမှုမလုပ်ဘူးတို့ဆိုတဲ့ ထောင်ကြောက်တရားတွေဟောနေတယ်။ ထောင်ကျခံတာ ဘာမှအကျိုးမရှိဘူးလို့ဆိုတဲ့ ထောင်ရွံ့တရားတွေဟောနေတယ်။

ဒီလို ထောင်ကြောက်တရားတွေဟာ ခေတ်အဆက်ဆက် နိုင်ငံရေးအတွက် ထောင်ကျခံရသူတွေ၊ ယုံကြည်ချက်အတွက် ထောင်ကျခဲ့သူတွေ၊ ပြည်သူ့ကောင်းကျိုးအတွက် ထောင်ကျခဲ့ရသူတွေ၊ လူထုအုံကြွမှုအတွက် ထောင်ကျခံရသူတွေ၊ အာဏာရှင်စနစ် ဆန့်ကျင်တွန်းလှန်ရေးအတွက် ထောင်ကျခဲ့ရသူတွေ၊ တော်လှန်ရေးတွေ၊ အရေးတော်ပုံတွေ၊ လှုပ်ရှားမှုတွေအတွက် ထောင်ကျခံရသူတွေ၊ ထောင်ကျခဲ့ရသူတွေကို မှတ်ချတာပဲ။ စော်ကားတာပဲ။

ဒီလို ထောင်ကြောက်တရားတွေဟာ ဆရာတော်ဦးဝိစာရ ဂျွန်ဆရာစံ၊ ပခင်အောင်ဆန်းတို့အစ၊ ဒေါ်အောင်ဆန်းစုကြည်၊ ခွန်ထွန်းဦး၊ မင်းကိုနိုင်တို့ အဆုံး ကောင်ထဲသေ၊ ထောင်ထဲငတ်၊ ထောင်ထဲဘဝဇာတ်သိမ်း၊ ထောင်ထဲ ဘဝပျက်ခဲ့ရသူတွေ အသချေ်အနန္တရဲ့ သမိုင်းမော်ကွန်းကို ပြက်ရယ်ပြုတာပဲ။

ဒီလို ထောင်ကြောက်တရားတွေဟာ ၁၃၀၀ပြည့် အရေးတော်ပုံကာလ၊ ငါးနှစ်ခွန်နှစ်(ဆဲဗင်းဂျူလိုင်) အရေးတော်ပုံကာလ၊ ရှစ်လေးလုံးအရေးတော်ပုံကာလတွေကတည်းက ဒီနေ့ဒီရက် နက်ဖြန်များစွာတိုင်အောင် အဟုန်မပျက် အရှိန်

www.burmeseclassic.com

www.burmeseclassic.com

ဆက်နေတဲ့ တော်လှန်ရေးစိတ်ဓာတ် ဖွဲ့မာန်တွေနဲ့ မနေ့က ထောင်ထဲဝင်ခဲ့တဲ့သူတွေ၊ ဒီနေ့ ထောင်ထဲဝင်နေတဲ့သူတွေ၊ မနက်ဖြန်ထောင်ထဲဝင်ဖို့ဟန် တပြင်ပြင်ဖြစ်နေသူတွေရဲ့ နိုင်ငံရေးမျိုးဆက်ရေးစီးကြောင်းကြီးကို ဟန့်တားပိတ်ဆို့တာလည်းဖြစ်ပါတယ်။

ရှင်းရှင်းပြောရရင် အဲဒီကြောက်ပွဲစားတွေရဲ့ ထောင်ကြောက်တရားတွေဟာ သူတို့ရဲ့ ဆရာသခင် အာဏာရှင်တွေရဲ့ အပြုတ်တိုက်လမ်းစဉ်ကိုပံ့တင်ထပ်တဲ့၊ သံယောင်လိုက်တဲ့ တရားတွေပါပဲ။ အပြုတ်ခြောက်တဲ့ ရုတ်ဘလောက်(Road Block) တရားတွေပါပဲ။

ဒီလိုမျိုး ထောင်ကြောက်တရားတွေကို ကျွန်တော်တို့လက်သင့်လည်း မခံဘူး။ နားသင့်လည်းမခံဘူး။

နယ်ချဲ့ကိုလိုနီဆန့်ကျင်ရေးခေတ်၊ ဖက်ဆစ်တိုက်ဖျက်ရေးခေတ်၊ လွတ်လပ်ရေးတိုက်ပွဲခေတ်၊ တစ်ပါတီအာဏာရှင်စနစ် တွန်းလှန်ရေးခေတ်၊ ဒုတိယလွတ်လပ်ရေး ကြိုးပမ်းမှုခေတ်၊ စစ်အာဏာရှင်စနစ် ဖြိုလှဲရေးခေတ် စတဲ့ သမိုင်းစဉ်ဆက် မျိုးဆက်အသီးသီးရဲ့ ဘဝတွေကို ပြန်ကြည့်ပါ။

ကိုလိုနီအစိုးရတွေ၊ ဖက်ဆစ်ကင်ပေတိုင်တွေ၊ အာဏာရှင်အကြမ်းဖက်သမားတွေဟာ ရဟန်းရှင်လူတွေ၊ ကျောင်းသားလူငယ်တွေကို ဖမ်းသတ်စခန်းတွေ၊ စစ်ကြောရေး ညှဉ်းဆဲစခန်းတွေ၊ ထောင်တန်းအခမ္မ အလုပ်စခန်းတွေ ဆိုတာတွေနဲ့ မာန်ချိုး မျိုးဖြုတ် နုတ်နုတ်စင်းခဲ့တယ်။

လူထုတွေ ကြောက်သွေးဖျန်းခဲ့သလား။ လူငယ်တွေ ကြောက်ကျောချမ်းခဲ့သလား။ သမိုင်းခြေရာ ပြန်ကောက်ပါ။ သမိုင်းရင်ခုန်သံ ပြန်ကြားပါ။ သမိုင်းသွေးနံ့၊ ချွေးနံ့ ပြန်ရှူပါ။ သမိုင်းဓာတ်ထုပ် ပြန်ကြည့်ပါ။

သမိုင်းက ဘယ်လိုကြုံးဝါးခဲ့သလဲ။

အမေကမွေး ထောင်ကကျွေးသတဲ့။

အဖေကဆင် ထောင်ကသင်သတဲ့။

လူထုတွေ ကြားကြလော့ သိကြလော့။

လူငယ်တွေ ကြားကြလော့ သိကြလော့။

ထောင်ကြောက်တရားတွေ စကားတွေ၊ အသံတွေဟာ သမိုင်းစကား မဟုတ်ဘူး။ သစ္စာပြယ်တွေ၊ သစ္စာပျက်တွေ၊ သစ္စာပြောင်းတွေ၊ သစ္စာဖျောက်တွေ၊ သစ္စာဖောက်တွေရဲ့တေးသံတွေ၊ တီးတိုးစကားတွေသာ ဖြစ်တယ်ဆိုတာ ကောင်းကောင်းသိဖို့လိုတယ်။ ကောင်းကောင်းနားလည်ဖို့လိုတယ်။ ကောင်းကောင်းသဘောပေါက်ဖို့လိုတယ်။

အဲဒီလို ထောင်ကြောက်တရား အသံထုတ်လွှင့်ခဲ့တဲ့၊ ထောင်ကြောက်တရားစကားပြောခဲ့တဲ့သူတွေဟာ ဘယ်သမိုင်း ဘယ်ခေတ်ကာလမှာမှ သမိုင်းထဲက လူထုတွေ၊ လူငယ်တွေကို ပြုံးလည်းမကြည့်နိုင်ဘူး။ ပြလည်းမကြည့်နိုင်ဘူး။ ပြောင်လည်းမကြည့်နိုင်ဘူး။ ပြုံးကြည့်နိုင်ဖို့ဆိုတာတော့ ဝေးပါသေးရဲ့။ ဆင်ဖြူမျက်နှာ ဆင်မည်းမကြည့်ဝံ့ဆိုတဲ့ ရှေးပညာရှိ၊ ရှေးလူကြီးတွေရဲ့စကားကို ကြားဖူးရဲ့မဟုတ်လား။

ထောင်ဒုက္ခတွေ၊ ထောင်ဒေါမနဿတွေ၊ ထောင်ပရိဒေဝတွေ၊ ထောင်သောကဗျာပါဒတွေ၊ ထောင်မုဒိတာတွေ၊ ထောင်ဖွဲ့မာန် သန္နိဋ္ဌာန်တွေ၊ ထောင်တိုက်ပွဲတွေ၊ ထောင်နိုင်ငံရေး လှုပ်ရှားမှုတွေ၊ ထောင်အသိအတတ်ပညာတွေ၊ ထောင်ဉာဏ်၊ ထောင်ဈာဉ်တွေ၊ ထောင်ပကတိ၊ ထောင်ဥပမိ၊ ထောင်ယုတ္တိ၊ ထောင်သတ္တိ ဇွတ္တိ၊ ထောင် အတ္တုပ္ပတ္တိတွေ စတဲ့ ထောင်ဓာတ်မြုံး၊ ထောင်လွမ်းခန်း၊ ထောင်ပြက်လုံး၊ ထောင်ငိုချင်းတွေကို ကျွန်တော် ဆယ်စုနှစ် နှစ်စုလောက် ကြုံခဲ့ကြားခဲ့ပါတယ်။

ဒီစာစုမှာ ကျွန်တော် ဗုဒ္ဓဘာသာ ဗြဟ္မစိုရ်တရားတွေကို မြဲမြဲလက်ကိုင်ထားပြီး ပြန်ပြောပြပါတယ်။ ခရစ်ယာန် ဝမ်းမြောက်ခြင်း တရားကိုမြဲမြဲလက်ကိုင်ထားပြီး ပြန်ပြောပြပါတယ်။ ကုလသမဂ္ဂလူ့အခွင့်အရေး ကြေညာစာတမ်းတရားကိုမြဲမြဲလက်ကိုင်ထားပြီး ပြန်ပြောပြပါတယ်။

ဒီထောင်ဥပမိ၊ ထောင်အတ္တုပ္ပတ္တိတွေဟာ ကျယ်ကျယ်လောင်လောင်ကြီးမြည်ဟည်းဟိန်းဟောက် ပေါ်ထွက်လာလိမ့်မယ်လို့ ကျွန်တော် မျှော်လင့်ပါတယ်။

ကျွန်တော် ထောင်ကျလို့ အိမ်ခန်းက ဖယ်ရှားခံရတယ်။ အငြိမ်းစားလစာဆိုက္ကာခံစားခွင့် ဆုံးရှုံးရတယ်။ ထောက်လှမ်းစစ်ကြောရေး လက်ချက်နဲ့ သွားတွေအားလုံး ပြောင်သလင်းခါခဲ့တယ်။ ထောင်ဆန်ကြမ်းထမင်းနဲ့ ထောင်ဟင်းရွက်ဖြုတ်ရည်ကို မသေရုံတမယ် သွားဖုံးနဲ့မြုံ့ခဲ့ရတယ်။ အဲဒီလိုနေခဲ့ရတာ ရှစ်နှစ်တိတိကြာတယ်။ ဒုက္ခရောက်ပုံတော့ ပြောမပြတတ်အောင်ပါပဲ။ အစာအိမ် ရောဂါစွဲခဲ့ရတယ်။ အူကျရောဂါကို ငါးနှစ်လုံးလုံး ခွဲစိတ်ကုသခွင့်မပေး။ ဆေးရုံမတင် ဖြစ်ချင်ရာဖြစ်ပစ်ထားခံခဲ့ရတယ်။ နောက်ဆုံး ခွဲစိတ်တော့ နောက်ကျလွန်းနေပြီ။ အူတွေပုပ်ကပ်ပျော်ညှပ်ဖြစ်နေပြီ။ အာရုံကြောတွေနဲ့ ထွေးရောယှက်တင်ဖြစ်ကုန်ပြီ။ ခွဲစိတ်ဒဏ်ကြောင့် ပေါင်တစ်ဖက် နာကျင်ကိုက်ခဲ အမြဲဖြစ်နေရပြီ။ မွေးရာပါပစ္စည်းတစ်ခုဆုံးပါးမှုရပြီ။ နှလုံးရောဂါကို ထိရောက်လုံလောက်တဲ့ ကုသမှုမပေးခဲ့လို့ အခုဒီရောဂါကပိုပြီး ပိုအဆင့်ရောက်နေရပြီ။

www.burmeseclassic.com

www.burmeseclassic.com

နှစ်နှစ်ဆယ်ပြည့်လုနီးပါးလုံးလုံး ကျွန်တော့်ကို တိုက်ပိတ်ထားခဲ့တယ်။ အခြားနိုင်ငံရေးအကျဉ်းသားတွေ၊ ရာဇဝတ်အကျဉ်းသားတွေနဲ့သာမက ထောင်ဝန်ထမ်းတွေနဲ့ပါ အဆက်ဖြတ်ထားခဲ့တယ်။ ဘေးအခန်းက လူတွေနဲ့ စကားပြောဖို့ အသာထားလှမ်းအော်ရင်တောင် မကြားရအောင် ကျွန်တော်နဲ့တခြား လူနေအခန်းတွေကြားမှာ အနည်းဆုံး သုံးခန်းလေးခန်း(သုံးဆယ့်နှစ်ပေ–လေးဆယ့် ရှစ်ပေ) ခြားထားခဲ့တယ်။

နှစ်ပေါင်းနှစ်ဆယ်ဆိုတဲ့ အဟောသိကံကာလရှည်ကြီးက ကျွန်တော့်ရဲ့ဘဝနေဝင်ချိန် လူစင်မီမှုကို ကိုက်ဖဲ့ဝါးမျိုသွားတယ်။ စာအုပ်မဖတ်ရ။ လူသူ မတွေ့ရ။ စကားမပြောရ။ လှုပ်ရှားသွားလာ မလုပ်ရ။ ဝါသနာအလုပ်တွေ၊ (ပန်းချီ၊ ဂီတ၊ စာဖတ်စာရေး၊ အိမ်မျှော်)တွေဆုံးရှုံးရ။

တိုကိုပြောရရင် ကျွန်တော့်ရဲ့လူ့သက်တမ်းထဲက လေးပုံတစ်ပုံလောက်ကို နင်းချေဖျက်ချေ အမှုန့်ချေ ရေမျှောပစ်ခဲ့တယ်ဗျာ။ နမြောလိုက်တာ။ နမြောလိုက်တာ။ အသည်းနာပါရဲ့။ နလုံးနာပါရဲ့။ စိတ်နာပါရဲ့။

ကောင်းကြသေးရဲ့လားဗျာတို့လို့ လောကကြီးကို အော်ဟစ်တိုင်တည်လိုက်ချင်တယ်။

အသက်ရှစ်ဆယ်မှာ ကျွန်တော်နေစရာအိမ်မရှိဘူး။ သုံးစရာငွေမရှိဘူး။ တွေးစရာ ခေါင်းမရှိဘူး။ အကြံမဲ့ ဉာဏ်မဲ့ နလမဲ့တုံးဖြစ်နေပြီ။ လှုပ်စရာအားမရှိဘူး။ ရောဂါတစ်သီတစ်တန်းနဲ့ အိုနာကျိုးကန်း ဖြစ်နေပြီ။ နိစရာ ကွန်းမရှိဘူး။ ကျောင်းကန်ဘုရား၊ ဆွေအိမ်မျိုးအိမ် မိတ်ဆွေသူငယ်ချင်းအိမ်၊ ဉယျာဉ်ပန်းခြံ၊ ရုံးပြင်ကနား၊ ဈေးကျောင်း၊ ပြခန်း၊ ဆေးရုံ၊ သုသာန်တွေကိုတောင် စိတ်လွတ်လူလွတ်သွားလာဝင်ထွက်လုပ်လို့မရဘူး။ သွားလို့မရဘူး။ သတင်းထောက်လှမ်းရေးတပ်သားတွေ၊ မော်တော်ဆိုင်ကယ်တွေ နောက်က တဘုံးဘုံး တန်းလန်း။

လူ့ဘဝအရသာတွေ၊ လူသားလွတ်လပ်ခွင့်တွေ၊ နိုင်ငံသားလှုပ်ရှားခွင့်တွေ၊ ရိုးရာဓလေ့ ပေါင်းသင်းဆက်ဆံမှုတွေ၊ သတင်းသမား ရေးသားခွင့်တွေ၊ နိုင်ငံရေးသမား ထုတ်ဖော်ခွင့်တွေ ကုန်းကောက်စရာမရှိလောက်အောင် ပျောက်ဆုံးကုန်ပြီ။

ကျွန်တော် ထောင်ထဲကထွက်လာခဲ့တယ်။ အပြင်ရောက်တော့လည်း ထောင်ကိုပဲ ရောက်နေရပြန်ပါပကောလား။ ထောင်ကြီးတာနဲ့ ထောင်သေးတာပဲ ကွာတယ်ပေါ့လေ။

ကျွန်တော်တို့ ကြောက်ရမှာက အင်းစိန်တွေ၊ ပူတာအိုတွေ၊ ခန္တီးတွေ၊ ကျိုင်းတုံတွေ၊ ကော့သောင်းတွေ မဟုတ်ပါဘူး။ တစ်ပြည်လုံးထောင်ကျတာကိုသာ ကြောက်ရမှာဖြစ်ပါတယ်။ တစ်ပြည်လုံး ထောင်ပွဲ ဆင်နွှဲရမယ့်လက်နက်က ထောင်မကြောက်တရားဖြစ်ပါတယ်။ အာဏာရှင်စနစ်ဆိုးကို အာခံအံတုတဲ့ ထောင်မကြောက်တရားလက်နက် ဖြစ်ပါတယ်။

အဲဒီလက်နက်ကို ကျွန်တော် ကိုင်စွဲထားပါတယ်။ ကိုင်စွဲနေပါတယ်။ ထောင်အသေးကို လုံးဝမကြောက်ဘဲ ထောင်အကြီးကိုဖြိုဖို့ ကျွန်တော် အားထုတ်နေပါတယ်။ တိုက်ပွဲဝင်နေပါတယ်။

ကျွန်တော်တစ်ယောက် အကြံတုံး၊ ဉာဏ်တုံး၊ နလပိန်တုံးလောက်နီးနီးအဖြစ်နဲ့ ဘဝနေဝင်ချိန် ခရီးဆုံးကို လျှောက်နေရပြီ။

လူ့ငရဲထောင်ပြန်ထောင်ထွက်တစ်ယောက်အနေနဲ့ ဘဝလမ်းမှာ ခြေဗလာလက်ဗလာ ဖြူခါပြာကာကျသလို ဖြစ်နေရပြီ။ ဒါပေမဲ့ ရင်ထဲ ခေါင်းထဲ စိတ်ထဲနလုံးထဲမှာ မီးဟုန်းဟုန်းတောက်နေတဲ့ မာန်စွယ်ကတော့ မကျိုးသေးဘူး။ ဒီမာန်တွေနဲ့ပဲ အံကြိတ်အားတင်းပြီး မသေခင် နောက်ဆုံးခရီးကြမ်းကို လှမ်းနေတာပဲ။ ဒီမာန်အားနဲ့ ခေတ်ဝန်ကို ဆက်ထမ်းသွားဦးမယ်။ ဒီမာန်အားနဲ့ ခေတ်လမ်းကို ဆက်လျှောက်သွားဦးမယ်။

အိုမင်းမစွမ်းဆိုတာ အိုရင်မင်းမစွမ်းတော့ဘူးဆိုတာကွဲ့လို့ ဆရာကြီး သခင်ကိုယ်တော်မှိုင်းက ပြောဘူးတယ်တဲ့။ ဝါရင့်နိုင်ငံရေးသမားကြီးသခင်သိန်းဖေ ပြောလေ့ရှိတယ်။

ဟုတ်ကဲ့။ ကျွန်တော် အိုပါပြီ။ မစွမ်းတော့ပါဘူး။ ဒါပေမဲ့ မာန်တော့ မလျှော့ပါဘူး။ မာန မပါးပါဘူး၊ အားမလျှော့ပါဘူး။ စိတ်မပျော့ပါဘူး။ စွမ်းသေးသမျှ အတိုင်းအဆနဲ့ ခေတ်ကိုအလုပ်အကျွေးပြုသွားဦးမယ်။ လူ့ဘောင်လောကရဲ့အစေအစားခံသွားဦးမယ်။ အဖွဲ့အစည်း၊ အပေါင်းအသင်းတာဝန်တွေကို ကျိုးနွံထမ်းရွက်သွားဦးမယ်။

ကဗျာဆရာကြီးတင်မိုးရဲ့ ကဗျာထဲကလို ဆေးလိပ်တိုမှန်း ကျွန်တော် သိနေပါတယ်။ နေညိုချိန်မှန်း ကျွန်တော် သိနေပါတယ်။ ဒါပေမဲ့ ငါ့ကိုပြန်ပို့ ကြပါလေလို့ မရေရွတ်အားသေးဘူးဗျာ။

ကွင်းညီချင်ညီ၊ မညီချင်နေ ကျွန်တော် ကွင်းထဲမှာ ကစားဦးမယ်။ ကစားဖို့တာဝန်ရှိသေးတယ်လို့ ထင်သဗျာ။

အမြစ်ပဲပွားပွား၊ ပင်စည်ပဲထွားထွား၊ အာဏာရှင်စနစ် အဆိပ်သစ်ပင်ကြီးကို အရွက်ချွေ၊ အကိုင်းခုတ်ပြီး သစ်ငုတ်တို လုပ်ပစ်ရဦးမယ်။ အဲဒါတွေလုပ်ဖို့ တာဝန်ကျန်နေသေးတယ်လို့ထင်သဗျာ။

www.burmeseclassic.com

www.burmeseclassic.com

ဒါတွေဟာ ကျွန်တော့်ရဲ့ သေတွင်းသေဝ သုသာန် တစပြင်က ရင်ဖွင့်သံ၊ အော်ဟစ်သံ၊ ကြုံးဝါးသံပဲ။ ကြားကြရရဲ့လား။ ကျွန်တော့်စိတ်ထဲမှာတော့ ဒီအသံတွေဟာ ကျယ်လောင်မြည်ဟိန်းလိမ့်မယ်လို့ ထင်မိတယ်။ မကျယ်မဟိန်းတောင် လူတိုင်းသဲ့သဲ့တော့ ကြားကြရလိမ့်မယ်လို့ ထင်မိတယ်။

ကြားရတယ်၊ ကြားကြတယ်ဆိုရင် စကားလက်ဆင့်ကမ်းကြပါဘိလို့ ပန်ကြားပါတယ် ခင်ဗျား။

ဒီစာစုကို အလွန်ရိုကျိုး နှိမ့်ချစွာရေးပါတယ်။ ထောင်အကြောင်း ကျွန်တော် များများမသိခဲ့ပါဘူး။ နှစ်နှစ်ဆယ်နီးပါး တစ်ကောင်ကြွက်လို တိုက်ပိတ်ခံနေခဲ့ရလို့ ထောင်အကြောင်း ကျွန်တော်ကောင်းကောင်းမသိခဲ့ရပါ။

ထောင်ဆိုတာ နိုင်ငံရေးသမားကို ထုသားပေသားရအောင် မီးသားတင်ပေးတဲ့ နေရာဟော့။ ထောင်ဆိုတာ လူတွေ(နိုင်ငံရေးသမားသာမဟုတ်။ သာမန်အကျဉ်းသားတွေပါ)ကို လူသားချင်းစာနာစိတ်ကင်းအောင် လုပ်တဲ့နေရာဟော့၊ ငါလူသားတစ်ယောက်ပါလားဆိုတဲ့ စိတ်ထားပျက်ပြားအောင် လုပ်တဲ့နေရာ ဟော့၊ ဘယ်ဘဝရောက်ရောက် လူမဆန်တဲ့ ကြီးနိုင်ငယ်ညှဉ်းမှု၊ နှိပ်စက်ကလူမှု၊ ဗိုလ်ကျစိုးမိုးမှု၊ အဓမ္မမှု၊ သွေးခွဲဖိနှိပ်မှု၊ အာဏာပြချုပ်ချယ်မှုတွေ ထင်ရာစိုင်းတဲ့နေရာဟော့။ အကြောက်တရားသွင်းတဲ့နေရာဟော့။ ကိုယ်ကျင့်သိက္ခာ ခိုင်ခိုင်မာမာနဲ့ ငုံ့မခံတဲ့လူသားစိတ်ကို ကျိုးပဲ့ကျေမွအောင် လုပ်တဲ့နေရာဟော့။

ဒီလို ကြွေးကြော်သံကို ကြွေးကြော်ရမှန်းလောက်တော့ ကျွန်တော် သိခဲ့ရပါတယ်။ အဲဒီအသိကို လူတိုင်းသိအောင် လှုံ့ဆော်ရကောင်းမှန်းတော့ ကျွန်တော် သိခဲ့ပါတယ်။

တစ်ပြည်လုံး တစ်မျိုးလုံး ထောင်ချထား.ဟာကို. ဆန့်ကျင်ရကောင်းမှန်း ကျွန်တော် သိခဲ့ပါတယ်။ လူချင်းအကြား၊ လူမျိုးချင်းအကြား၊ ဘဝချင်းအကြားတွေမှာ အကျဉ်းထောင်တွေရဲ့ အုတ်တံတိုင်းလိုမျိုးတွေ ခြားကန့်ကာရံထားနေတာတွေကို ဖြိုချဖို့ အားထုတ်ရကောင်းမှန်း ကျွန်တော်သိခဲ့ပါတယ်။ လူတွေရဲ့ စိတ်နှလုံးထဲမှာ စိမ့်ဝင်ဝါးမျို၊ ကိန်းအောင်းဖိစီးနေတဲ့ ထောင်ကျင့်ထောင် ကြံစိတ်ထားတွေ၊ ထောင်ကြောက်၊ ထောင်ခြောက်စိတ်ထားတွေကို ချေဖျက်ဖယ်ရှားဖို့ ကြိုးစားရကောင်းမှန်း ကျွန်တော်သိခဲ့ပါတယ်။

ဒီအသိ၊ ဒီအမြင်တွေနဲ့ ဒီစာစုကို ကျွန်တော်ရေးပါတယ်။ ထောင်ဆိုတာ ဒါပဲဟဲ့ဆိုတဲ့ ငါတွေ့၊ ငါသိ၊ ငါမြင်၊ ငါကြားစိတ် လုံးဝမထားပါ။ ရိုကျိုးနှိမ့်ချတဲ့ စိတ်နဲ့ ရေးပါတယ်။

ထောင်ထဲမှာ အသက်စွန့်ခဲ့တဲ့သူတွေ၊ ထောင်ထဲမှာ ရုန်းကန်လှုပ်ရှားခဲ့သူတွေ၊ ထောင်ထဲမှာ အတိဒုက္ခရောက်ခဲ့ရသူတွေ၊ ထောင်ထဲမှာ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ ကြီးစွာကြုံတွေ့ပြီး စိတ်ဓာတ်ပြိုကွဲခဲ့ရသူတွေ၊ ကျိုးခဲ့ပဲ့ခဲ့ ပြယ်ခဲ့ပျက်ခဲ့တဲ့ ထောင်ပြင်ပဘဝကို ခက်ခဲကျပ်တည်းစွာ ကျော်လွှားရုန်းကန် ပြန်လည်ထူထောင်နေရသူတွေ။ အဲဒီလို စွန့်လွှတ်အနစ်နာခံခဲ့သူအားလုံးကို လေးစားဂုဏ်ပြုတဲ့ ဂါရဝ၊ နိဝါတစိတ်ထားတွေနဲ့ ဒီစာစုကို ကျွန်တော် ရေးပါတယ်။

အထူးသဖြင့်ကတော့ နှစ်ငါးဆယ်ကျော် မြန်မာ့သမိုင်းမှာ မေးမှိန်ရုံမက ပျောက်ကွယ်နေခဲ့တယ်လို့ ဆိုရမလောက် အခြေဆိုးဆိုက်နေတဲ့ ထောင်ဘဝစာပေတွေ၊ အကျဉ်းသားဘဝစာပေတွေ၊ နရသိန်အဖြစ်ဆိုးစာပေတွေရဲ့ ဟင်းလင်းကွက်လပ်မှာ တစ်ဆုပ်တစ်ဖဲ့ ဖြည့်တင်းချင်တဲ့စိတ် အားဖြည့်ချင်တဲ့စိတ်နဲ့ ဒီစာစုကို ကျွန်တော် ရေးပါတယ်။

ဒီလို "လူ့ငရဲစာပေ" ဟင်းလင်းကွက်လပ်ကြီး ဖြစ်ခဲ့ရတာလည်း တစ်ပါတီအာဏာရှင်စနစ်ယန္တရား၊ စစ်အာဏာရှင်စနစ်ယန္တရားတွေရဲ့ ကြိတ်နင်းဝါးချေမှုကြောင့်ဖြစ်တယ်ဆိုတာ ကျွန်တော် ထင်ထင်လင်းလင်းသိပါတယ်။ ကုန်ကုန်ပြောရရင် ထောင်ဆိုတဲ့ဝေါဟာရကိုတောင် သုံးခွင့်မရတဲ့ကလောင် ချည်တုပ်မှုတွေက အဲဒီကာလတွေမှာ ပေါ်ပေါက်ကြီးစိုးနေခဲ့ပါတယ်။ "ဆိတ် ဖလူးနဲ့သင်းတဲ့နေရာ"တို့၊ "နရသိန်"တို့၊ "မော်စကို"တို့၊ "အင်းစိန်ကောရ"တို့၊ "အဝေးတစ်နေရာ"တို့ ဆိုတဲ့ ဝေါဟာရတွေကို အစားထိုးသုံးစွဲခဲ့ကြရပါတယ်။ ထောင်ကျတာကိုလည်း "ခရီးသွားနေတယ်"တို့၊ "အဝေးရောက်နေတယ်"တို့ ဆိုတဲ့ စကားလုံးတွေနဲ့ အစားထိုးရေးသားခဲ့ကြရပါတယ်။

လွတ်လပ်ရေးရပြီးစ ပြည်တွင်းစစ်ကာလမှာ ဆိုးသွမ်းကြမ်းကြုတ်လှတဲ့ သာယာဝတီထောင်တို့၊ အင်းစိန်ထောင်တို့ သတင်းကြီးခဲ့ပါတယ်။ စစ်အစိုးရ ၁၉၅၈–၆၀ လက်ထက်မှာ ကိုကိုကျွန်းအကျဉ်းစခန်းကြီး ပေါ်ထွက်ခဲ့ပါတယ်။ တစ်ပါတီအာဏာရှင်စနစ်ခေတ်နဲ့ လက်ရှိစစ်အာဏာရှင်စနစ်ခေတ်တွေမှာ ထောင်တိုင်းဟာ အင်းစိန်ထောင်နဲ့ တန်းတူရည်တူ နာမည်ဆိုးနဲ့ ကျော်ကြားလာပါတယ်။ အင်းစိန်လောက်တော့ ထောင်တိုင်းဆိုးတယ်၊ ကြမ်းတယ်၊ ယုတ်တယ်ဆိုတဲ့ ပြောစမှတ်မျိုး ပေါ်ထွက်ခဲ့တယ်။ ဒီအကျဉ်းစခန်းတွေ၊ ထောင်တွေမှာ လူတိုင်းနီးပါး အကျဉ်းသားဘဝကျရောက်ကြုံတွေ့ခဲ့ရဘူးတယ်။ နိုင်ငံရေးသမားတွေ၊ စာရေးဆရာ၊ ကဗျာဆရာတွေ၊ ရဟန်းရှင်လူတွေ၊ ကျောင်းသားလူငယ်တွေ၊ ဘုန်းကြီးရဟန်းတွေ၊ အမျိုးသမီးတွေ၊ တိုင်းရင်းသားတွေ၊ အသက်မစေ့လူလားမမြောက်သူတွေ အားလုံးလိုလို အဲဒီ

www.burmeseclassic.com

www.burmeseclassic.com

နေရာတွေနဲ့ နဖူးတွေ ဒူးတွေ ဆုံတွေ့ခဲ့ကြရဘူးကြပါတယ်။ ထောင်ဒဏ် ထောင်ဒုက္ခ တွေခံစားခဲ့ကြရဘူးပါတယ်။

နိုင်ငံရေးသမားတွေ၊ စာရေးဆရာ၊ ကဗျာဆရာ၊ ပညာရှင်တွေဟာ ကောင်းကောင်းလှလှ စာရေးတတ်သူတွေဖြစ်ကြပါတယ်။ ဒါပေမဲ့ ထောင်စာအုပ်တွေ ဟုတ္တိပတ္တိ မထွက်ခဲ့ပါဘူး။ ဦးနုရဲ့ "ရက်စက်ပါပေ့ကွယ်"၊ လူထု ဦးလှရဲ့ "ထောင်နဲ့လူသား"၊ ဦးသိန်းဖေမြင့်ရဲ့ "ထောင်အတွေ့အကြုံ" ဝတ္ထုဆောင်းပါးတွေတို့၊ မောင်နေဝင်းရဲ့ "မိုးမြေသိမ့်သိမ့်"၊ ကိုကိုလေးရဲ့ "ဘာလဲဟဲ့ ကိုကိုကျွန်း" တို့၊ မောင်ချစ်ရဲ တို့။ အခြားစာရေးဆရာတစ်ယောက်နှစ်ယောက်တို့ရဲ့ ထောင်အကြောင်း၊ ကိုကိုကျွန်း အကြောင်း စာအုပ်တချို့သာ ပေါ်ထွက်ခဲ့ပါတယ်။ ဗန်းမော်တင်အောင်ရဲ့ ကိုကိုကျွန်း နိုင်ငံရေးအကျဉ်းသားဘဝ ဝတ္ထုရှည်ကြီးတစ်ပုဒ်ရှိတယ် ကြားဘူးရဲ့။ စုံစမ်းလို့တော့ မရ။ ကျွန်တော် အမှတ်အသားပြုမိသလောက် ရေးရတာပါ။ အပြည့်အစုံတော့ မဟုတ်ဘူးပေါ့။ ဒါပေမဲ့ ထောင်ဘဝအတွေ့အကြုံနဲ့ ထောင်စာပေရေးဖွဲ့မှုက မြင့်မိုရ်တောင်နဲ့ ဆီးစေ့လို ထုထည်ပမာဏ ကွာခြားပါတယ်။

လွန်ခဲ့တဲ့ နှစ်ပေါင်း ၇၀ ကျော် ၁၃၀၀ပြည့်အရေးတော်ပုံကာလက ထောင်စာပေတစ်အုပ်ထွက်ခဲ့ပါတယ်။ တိုးတက်ရေးသတင်းစာ အယ်ဒီတာ သခင်အုန်းမြင့် (ဒီစာစုထွက်ချိန်အထိ သက်ရှည်လျှပ်ရှားဆဲရှိနေသူ) တည်းဖြတ်ထုတ်ဝေခဲ့ပါတယ်။ "ထောင့်အရသာ" အမည်ရှိတဲ့ စာအုပ်ဖြစ်ပါတယ်။ ဂျာနယ်ကျော် စာအုပ်တိုက်က ထုတ်ပါတယ်။ အဲဒီအချိန်က တိုင်းသိပြည်သိ ရဲရဲတောက် ထောင်ထွက်သခင် ခေါင်းဆောင်တွေရဲ့ ရေးသားချက်တွေကို စုပေါင်းထုတ်တာပါ။ သခင်ကိုကိုလေး၊ သခင်စံထွန်းလှ၊ သခင်ကြည်၊ သခင်သန်းထွန်း၊ သခင်သင်၊ သခင်မျိုးညွန့်၊ သခင်လှမောင်တို့ ပါဝင်ရေးသားခဲ့ကြပါတယ်။

တည်းဖြတ်သူ သခင်အုန်းမြင့်က "ဤစာအုပ်ကို ဖတ်ရှုရသော ရဲဘော်အပေါင်းတို့သည် ထောင်ထဲသို့ကျလိုစိတ် တဖွားဖွားပေါ်ပေါက်ပါစေသတည်း" လို့ ရေးပါတယ်။

ဒီလိုစာအုပ်တွေဟာ နိုင်ငံရဲ့အရေးအရာ၊ တိုင်းပြည်ရဲ့အခြေအနေ၊ ပြည်သူလူထုရဲ့ ဒုက္ခသုက္ခတွေကို ဘာနဲ့ရင်းရရင်းရ၊ ဘာတွေပဲစွန့်ရစွန့်ရ၊ ဘယ်လိုပဲလုပ်ရလုပ်ရ မကြောက်မရွံ့၊ နောက်မတွန့်တဲ့ အာဇာနည်စိတ်နဲ့ ခေတ်ဝန်ကို ထမ်းပြီး ခေတ်လမ်းကို လျှောက်ချင်တဲ့ခေတ်လူငယ်တွေရဲ့ အားသစ်မာန်သစ်တွေကို မီးဟုန်းဟုန်းတောက်စေနိုင်ခဲ့ပါတယ်။

အဲဒီလို ထောင်စာပေရဲ့ ဩဇာတန်ခိုးတွေကို ရိုကျိုးပူဇော်၊ အားကျလိုက်နာတဲ့ စိတ်ထားစေတနာတွေနဲ့ ဒီထောင်အတွေ့အကြုံစာစုကို ကျွန်တော် ရေးပါတယ်။

ရှေးခေတ်အခါက ထောင်ရှင်လူထွက်တွေရော၊ ထောင်ကိုရင်လောင်းတွေရော၊ တိုင်းချစ်ပြည်ချစ် မျိုးချစ်တွေပါအားလုံး တစ်ခဲနက် ဟိန်းဟိန်းကျော်အောင်ခဲ့တဲ့ ကြွေးကြော်သံရှိခဲ့ပါတယ်။ ကြွေးကြော်သံက ဒီလိုပါ။

**ထောင်ကြီးထောင်ကြီး ချဲ့ထား၊ ချဲ့ထား။**
**ထောင်ကို ထောင်ကို မကြောက်၊ မကြောက်။**

ဒီကြွေးကြော်သံတွေ။ ဒီကြွေးကြော်သံကပေးတဲ့ တော်လှန်မာန် ဉာဏ်သတ္တိတွေ။ ဒီတော်လှန်မာန် ဉာဏ်သတ္တိတွေရဲ့ စွမ်းအားတွေ။ ဒါတွေအားလုံး ပေါင်းစည်းပါဝင်တဲ့ နိုင်ငံရေးတိုက်ပွဲ၊ လက်နက်ကိုင်တိုက်ပွဲ၊ အမျိုးသားစည်းလုံးညီညွတ်ရေး တိုက်ပွဲတွေက နယ်ချဲ့ကိုလိုနီကျွန်စနစ်၊ ကျွန်ခေတ်၊ ကျွန်အဖြစ်ဆိုးတွေကို တွန်းလှန်ချေမှုန်းနိုင်ခဲ့ပါတယ်။ လွတ်လပ်ရေးကြီး၊ အချုပ်အချာ အာဏာပိုင်မှုကြီး၊ ပြည်ထောင်စုကြီးကို တစ်မျိုးသားလုံး တည်ဆောက် ဖန်တီးနိုင်ခဲ့ကြပါတယ်။

ကျွန်တော်လည်း ဒီစာစုကို ရေးသားထုတ်ဝေပြီး အောက်ပါအတိုင်းပဲ ကြွေးကြော်ပါတယ်။ လှုံ့ဆော်ပါတယ်။ တိုက်တွန်းပါတယ်။

ရဲဘော် လုပ်ဖော်၊ လူထု လူငယ်အပေါင်းတို့ ...

စစ်အာဏာရှင် စနစ်ဆိုးရဲ့ လူ့ငရဲကျိန်စာမှ ကျော်နင်းလွတ်မြောက်နိုင်အောင်တိုက်ပွဲဝင်ကြ။

စစ်အာဏာရှင် စနစ်ရိုင်းရဲ့ လူ့အခွင့်အရေး ချိုးဖောက်မှုစက်ကွင်းမှ ကျော်နင်းလွတ်မြောက်နိုင်အောင်တိုက်ပွဲဝင်ကြ။

**ဝင်းတင်**
၁၂ မတ်လ၊ ၂၀၁၀
**အင်းစိန်ထောင်အနီး**

www.burmeseclassic.com

www.burmeseclassic.com

# စာရေးသူရဲ့အတ္ထုပ္ပတ္တိ

- ၁၉၃၀၊ မတ်လ ၁၂ ရက်၊ ၁၂၉၁ခု တပေါင်းလဆန်း ၁၄ ရက်၊ ဗုဒ္ဓဟူးနေ့မွေး။
- ပဲခူးတိုင်း၊ သာယာဝတီခရိုင်၊ ကြို့ပင်ကောက်မြို့ဇာတိ။
- အဖ ဦးပု(ကုန်သည်)၊ အမိ ဒေါ်အမာ။
- ရန်ကုန်မြို့၊ လမ်းမတော်မြို့မအထက်တန်းကျောင်း၊ ကြို့ပင်ကောက်မြို့နယ် အမျိုးသားအထက်တန်းကျောင်း၊ ရန်ကုန်တက္ကသိုလ်စာသင်သား။
- ၁၉၄၇ ဒဂုန်မဂ္ဂဇင်း ကဗျာစရေး။
- ၁၉၄၇-၄၈ ကြို့ပင်ကောက်မြို့ အမျိုးသားအထက်တန်းကျောင်း ကျောင်းသားသမဂ္ဂ ဥက္ကဋ္ဌ။
- ၁၉၄၉ အကျိုးဆောင်ဂျာနယ်၊ သံတော်ဆင့်သတင်းစာ အလုပ်သင်။
- ၁၉၅၀ မြန်မာနိုင်ငံဘာသာပြန်စာပေအသင်း(စာပေဗိမာန်) စာပြုလက်ထောက်အယ်ဒီတာ၊ အေအက်ဖ်ပီ ပြင်သစ်သတင်းဌာန အယ်ဒီတာ။
- ၁၉၅၂ ဝိဇ္ဇာဘွဲ့ရ။
- ၁၉၅၅-၅၇ နယ်သာလန်နိုင်ငံ၊ အမ်စတာဒတ်မြို့၊ ဂျမ်ဘာတန်(သမာမိတ္တ)စာအုပ်ကုမ္ပဏီ အယ်ဒီတာ။
- ၁၉၅၇-၅၈ ကြေးမုံသတင်းစာ အယ်ဒီတာ။
- ၁၉၅၈-၆၀ ပြည်သူ့အိုးဝေသတင်းစာ တာဝန်ခံအယ်ဒီတာ။
- ၁၉၆၀-၆၉ ကြေးမုံသတင်းစာ အမှုဆောင်အယ်ဒီတာ။
- ၁၉၆၂ ခု အပြည်ပြည်ဆိုင်ရာ သတင်းစာဆရာများအဖွဲ့ချုပ် (International Journalists Organization-IOJ) မြန်မာနိုင်ငံဆိုင်ရာစည်းရုံးရေးမှူး။
- ၁၉၆၂-၆၄ မြန်မာနိုင်ငံသတင်းစာဆရာအသင်း အတွင်းရေးမှူး၊ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ အတွင်းရေးမှူး။
- ၁၉၆၉-၇၈ မန္တလေး၊ ဟံသာဝတီသတင်းစာ အယ်ဒီတာချုပ်။
- ၁၉၇၈ မြန်မာနိုင်ငံ စာပေလုပ်သားအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင်။
- ၁၉၇၈ မန္တလေးတိုင်း အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ။
- ၁၉၈၈ မြန်မာနိုင်ငံဆိုင်ရာ စာနယ်ဇင်းသမဂ္ဂ ဒုတိယဥက္ကဋ္ဌ။
- ၁၉၈၈ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် တည်ထောင်သူများအဖွဲ့ဝင်။
- ၁၉၈၈-၈၉ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်ကော်မတီ အတွင်းရေးမှူး။
- ၁၉၈၉-၂၀၀၈ နိုင်ငံရေးအကျဉ်းသား။
- ၂၀၀၈ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်။

# ရရှိခဲ့သောဆုများစာရင်း

(1) In 2001, UNESCO/Guillermo Cano World Press Freedom Prize
<http://en.wikipedia.org/wiki/UNESCO/Guillermo_Cano_World_Press_Freedom_Prize>

(2) In 2001 World Association of Newspapers (WAN) Golden Pen of Freedom Award
<http://en.wikipedia.org/wiki/Golden_Pen_of_Freedom_Award>

(3) In 2006 December : RSF (Reporters Without Border) Journalist Prize
<http://www.rsf.org/article.php3?id_article=14726>)

(4) In 2008 October 8th in Leipzig, Germany
"prize for the freedom and the future of the media" Award

www.burmeseclassic.com

www.burmeseclassic.com

## နိုင်ငံရေးအကျဉ်းသားဟောင်းများရဲ့စကား

ဆရာဦးဝင်းတင်ရဲ့ အကျဉ်းထောင်မှလွတ်ပြီး ပထမဆုံးရေးသားသော ဆောင်းပါးတွေကို စုစည်းပြီး "ဘာလဲဟဲ့... လူ့ငရဲ" စာစုအဖြစ် ပုံနှိပ်ထုတ်ဝေမယ်လို့ စပြီးတော့ကြားကတည်းက အတော်စိတ်ဝင်စားပြီး ဖတ်ချင်နေခဲ့တယ်။ ဒီစာအုပ်အတွက် အမှာစာရေးပေးဖို့ ထုတ်ဝေသူတွေက ပြောလာတဲ့အခါ မငြင်းမရဲ့ဖြစ်ခြင်းနဲ့ ဖော်မပြတတ်အောင် ဂုဏ်ယူမိခြင်းတွေ တစ်ပြိုင်တည်းခံစားလိုက်ရပါတယ်။ ဆောင်းပါးတွေကို ဖတ်လိုက်ရတဲ့အခါ ဆောင်းပါးဆိုတာထက် ကိုယ်တွေ့မှတ်တမ်းတွေ၊ ဘဝနဲ့ရင်းပြီး ရယူခဲ့ရတဲ့ မှတ်တမ်းတွေဖြစ်နေတာကို တွေ့ရပါတယ်။

ဆရာဟာ ဒီဆောင်းပါးတွေကို စကားလုံးနုနုတွေနဲ့ သုံးမထားဘူး။ စကားလုံး အမာတွေနဲ့သာ သုံးထားတာတွေ့ရတယ်။

ဒီလိုသုံးနှုန်းထားတာဟာ သဘာဝလည်းကျပါတယ်။ ဆရာဖြတ်ခဲ့ရတဲ့ ခရီးကြမ်းကို ပုံဖော်ဖို့ဆိုရင် စကားလုံး နုနုရွရွတွေနဲ့ ဘယ်မှာပုံဖော်လို့ လုံလောက်နိုင်ပါ့မလဲ။

အကျဉ်းထောင်များအတွင်း ညှဉ်းပမ်းနှိပ်စက်မှုခံရတာတွေ၊ လူ့အခွင့်အရေးချိုးဖောက်ခံရမှုတွေကို ကိုယ်တွေ့မှတ်တမ်းများနဲ့ ဖော်ပြထားတယ်။ စစ်အစိုးရလက်အောက် တရားရေးစနစ်ရဲ့ ညစ်ပတ်မှုတွေ၊ ဝိညာဉ်ကင်းမဲ့နေမှုတွေ၊ အဲဒီတရားရေးစနစ်ကိုယ်တိုင် အနိုင့်အထက်ပြုခြင်း ခံနေရတာတွေကို ဆရာဟာ အချက်အလက် အတိအကျနဲ့ သူ့ဆောင်းပါးတွေမှာ ထောက်ပြထားတယ်။ စစ်ထောက်လှမ်းရေးတွေရဲ့ လက်သည်းခွံ မခွာရုံတမယ် လူမဆန်တဲ့ နှိပ်စက်ညှဉ်းပန်းမှုတွေ၊ ညဏ်နီဉာဏ်နက် မျိုးစုံသုံးပြီး အမှုမဖြစ် ဖြစ်အောင် အတင်းအဓမ္မ တည်ဆောက်တာတွေကို ဆရာက သူ့အတွေ့အကြုံတွေကို အခြေခံပြီး ကွက်ကွက်ကွင်းကွင်း ထောက်ပြထားပါတယ်။

နအဖ စစ်အုပ်စုရဲ့ ဒီဆောင်ရွက်မှုတွေဟာ နိုင်ငံရေးသမားတွေကို နိုင်ငံရေးကို စွန့်လွှတ်သွားအောင်၊ ကြောက်သွားအောင်၊ နိုင်ငံရေးကို ဆက်မလုပ်ရဲအောင် ဦးချိုးပစ်တာ၊ နိုင်ငံရေး နိုးကြားတက်ကြွ လန်းဆန်းနေမှုကို အသေသတ်ပစ်တာ ဖြစ်ကြောင်း ဆရာက ပြတ်ပြတ်သားသား ရှုမြင်ပါတယ်။

ဒါပေမဲ့ နိုင်ငံရေးသမားတွေဟာ၊ နိုင်ငံရေးအကျဉ်းသားတွေဟာ စစ်အစိုးရရဲ့ ဆန္ဒနဲ့ ရည်မှန်းချက်တွေကို ပြောင်းပြန်လှန်ပစ်နိုင်ခဲ့ပါတယ်။

ဘယ်လောက်ဖိနှိပ်မှုတွေကြီးနေပါစေ၊ ဘယ်လောက်ဦးချိုးပစ်ဖို့၊ အသေသတ်ပစ်ဖို့ စစ်အစိုးရဘက်က ကြိုးစားနေပါစေ၊ နိုင်ငံရေးအကျဉ်းသားတွေရဲ့ ရင်ထဲကအမှန်တရားကို သေအောင်သတ်ပစ်လို့ မရဘူးဆိုတာ ဆရာအပါအဝင် နိုင်ငံရေးအကျဉ်းသားများရဲ့ အကျဉ်းထောင်တွင်း လှုပ်ရှားမှုများက အကောင်းဆုံး သက်သေပြခဲ့ပါပြီ။

ဒီကနေ့အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ကိုင်စွဲထားတဲ့စုလွှတ်၊ တွေ့လုပ်ငန်းစဉ်(ရွှေဂုံတိုင်ကြေညာစာတမ်း)ကြီးရဲ့ အခြေခံအစပြုချက် (အမြုတေ)ဟာ စစ်အစိုးရရဲ့ဖိနှိပ်မှုတွေ အသည်းသန်ဆုံးနေရာဖြစ်တဲ့ အကျဉ်းထောင်ထဲက စတင်လိုက်တာဖြစ်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည် နှစ်ငါးဆယ်ပြည့် မွေးနေ့အတွက် အကျဉ်းထောင်ထဲက ပေးပို့လိုက်တဲ့ မွေးနေ့လက်ဆောင်အဖြစ် ဒီလုပ်ငန်းစဉ်ကို ပေးပို့လိုက်တာ ဖြစ်ပါတယ်။

ဒီတစ်ချက်တည်းနဲ့တင် စစ်အစိုးရရဲ့ရည်မှန်းချက် ဘယ်လိုမှမပေါက်မြောက်ဘူးဆိုတာ ထင်ရှားလှပါတယ်။

ဆရာဟာ ရက်ပေါင်း ၇၀၀၀ ကျော် အကျဉ်းထောင်ထဲမှာ ဖြတ်သန်းခဲ့ပြီးပြီ။ အဲဒီရက်ပေါင်း ၇၀၀၀ ကျော် လုံးလုံးမှာ ဆရာဟာ တစ်ချက်ကလေးမှ မနားခဲ့ဘူး။ တောက်လျှောက် တိုက်ပွဲဆင်ခဲ့တယ်။ စစ်အာဏာရှင်စနစ်ဖယ်ရှားရေးနဲ့ ဒီမိုကရေစီအပြည့်အဝ ရရှိရေးအတွက် မနားတမ်းတိုက်ပွဲဆင်ခဲ့တယ်။ ၂၀၀၈ ခုနှစ် စက်တင်ဘာလ ၂၃ ရက်နေ့မှာ ဆရာ ပြန်လည်လွတ်မြောက်လာပါတယ်။

တကယ်ဆိုရင် ဆရာပြောသလို ဆရာဟာ ထောင်ကလေးထဲကနေ န်းပေါင်း ၆၀ သော ပြည်သူတွေကျနေတဲ့ ထောင်ကြီးထဲကို အပြောင်း

www.burmeseclassic.com

www.burmeseclassic.com

လိုက်ရတာပါပဲ။ စစ်အစိုးရဟာ ဆရာ့ရဲ့နိုင်ငံရေး လွတ်လပ်စွာ လှုပ်ရှားခွင့်ကို ကန့်သတ်ထားရုံတင်မက နိုင်ငံသားတစ်ယောက်အဖြစ် နေထိုင်ရှင်သန်ခွင့်ကိုပါ အစွမ်းကုန် ကန့်သတ်ထားပါတယ်။

ဘယ်လိုပင် ကန့်သတ်တားမြစ်ထားစေကာမူ ဆရာကတော့ အမှန်တရားအတွက်၊ ပြည်သူတွေအတွက် ပြည်သူတွေနဲ့အတူ တစ်စက္ကန့်မနား တိုက်ပွဲဆင်နေတာတွေဟာ "ဘာလဲဟဲ့... လူ့ငရဲ" ဆိုတဲ့ ဆရာရဲ့ကြွေးကြော်သံနဲ့ အလွန့်ကိုပဲ တစ်သားတည်း၊ တစ်ထပ်တည်း ကျနေတယ်လို့ အလေးအနက် ယုံကြည်မိပါတယ်။

**နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း(မြန်မာနိုင်ငံ)**
မတ်လ ၁၂ရက်၊ ၂၀၁၀

# ထုတ်ဝေသူ့အမှာစာ

ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံများစာရင်းမှာ မြန်မာနိုင်ငံက အောက်ဆုံးအနားမှာ ပါပါတယ်။ မွေးကင်းစ ကလေးငယ်တွေ သေတဲ့နှုန်းမှာလည်း အများဆုံးဆိုတဲ့ နိုင်ငံတွေစာရင်းမှာလည်း ပါနေပါတယ်။ မူလတန်းတောင် ပြီးအောင်မတတ်နိုင်ဘဲ ကျောင်းထွက်သွားကြတဲ့ ကျောင်းသားအများဆုံး စာရင်းမှာလည်း မြန်မာပြည်ပါတာပါပဲ။ ကမ္ဘာ့ကုလသမဂ္ဂကထုတ်တဲ့ စာရင်းဇယားတွေကို လှန်ကြည့်ရင် မြန်မာနိုင်ငံက အောက်ဆုံးမဟုတ်ရင်တောင်၊ မကောင်းဆုံး၊၊ အဆိုးဆုံးရပ်ကွက်ထဲက မလွတ်ပါဘူး။ နောက်ဆုံး မြန်မာတွေ တဖြည်းဖြည်း အသက်တိုလာနေတယ်။ အရပ်ပုလာနေတယ်တဲ့။

ဒါတွေရဲ့ အဓိကတရားခံက စစ်အာဏာရှင် စနစ်ကြောင့် တစ်ပါတီအာဏာရှင်စနစ်ကြောင့်လို့ အလွယ်ပြောလို့ ရပါတယ်။ အဲဒါဆို ဝေးဝေးမကြည့်ပါနဲ့။ အိမ်နီးချင်း စင်္ကာပူ၊ မလေးရှား၊ ဗီယက်နမ်နိုင်ငံတို့ပဲကြည့်ပါ။ စင်္ကာပူက တစ်ပါတီအာဏာရှင် နိုင်ငံမဟုတ်ပေမယ့် သတင်းစာလွတ်လပ်ခွင့်လည်းမရှိ။ လွတ်လပ်စွာ ပြောဆိုဝေဖန်ခွင့်လည်းမပေးဘဲ တစ်ပါတီဆန်ဆန်ဆယ်စုနှစ်ပေါင်း အတော်များများ အုပ်ချုပ်နေပေမယ့် အခု ကမ္ဘာ့ထိပ်တန်းစာရင်းမှာ ဝင်နေတာပါ။ အဲ မလေးရှားကလည်း အလားတူပါပဲ။ စင်္ကာပူလောက် မချမ်းသာရင်တောင် အာရှနိုင်ငံတွေကြား ထိပ်ဆုံးစာရင်းမှာ ပါပါတယ်။ ဗီယက်နမ်နိုင်ငံရော တစ်ပါတီကွန်မြူနစ်စနစ်နဲ့ နှစ်ပေါင်းများစွာ အုပ်ချုပ်နေတာ၊ ဈေးကွက်စီးပွားရေးကို စပြောင်းခဲ့တာကလည်း မြန်မာနိုင်ငံနဲ့ တစ်ချိန်တည်း။ ၁၉၈၈ ခုနှစ်က။ ဒါပေမဲ့ ဗီယက်နမ်နိုင်ငံရဲ့ စီးပွားရေးက မြန်မာနဲ့နှိုင်းယှဉ်ရင် အင်မတန်ကွာသွားပါပြီ။

အဖြေက ရှင်းပါတယ်။ ဒီနိုင်ငံတွေက ပညာရှင်တွေကို အိမ်ဦးခန်းမှာ မထားရင်တောင် ဒီလူတွေရဲ့ အတွေးအခေါ်၊ အယူအဆ၊ ဝေဖန်ချက်တွေကို

www.burmeseclassic.com

www.burmeseclassic.com

အလေးအနက်ထား ဆည်းပူးကြတာပါ။ မြန်မာနိုင်ငံမှာက ဒီလိုမဟုတ်ပါဘူး။ တိုင်းပြည်အတွက် အမှန်တကယ် အလုပ်အကျွေးပြုမယ့် ပါမောက္ခတွေ၊ ဆရာဝန်တွေ၊ သမားတော်ကြီးတွေ၊ ရှေ့နေတွေ၊ စာရေးဆရာတွေ၊ အနုပညာရှင်တွေ၊ သတင်းစာဆရာတွေ၊ ကျောင်းသား ကျောင်းသူ လူငယ်တွေ၊ သံဃာတော်တွေကို ထောင်သွင်းအကျဉ်းချခဲ့တယ်။ ချထားတယ်။

မြန်မာနိုင်ငံအတွက် အဖိုးမဖြတ် တန်ဖိုးရှိလှတဲ့ ပုဂ္ဂိုလ်တွေဖြစ်တဲ့ စာရေးဆရာ မောင်သော်က၊ ရှေ့နေကြီး မုံရွာဦးတင်ရွှေ၊ ဗိသုကာ ဦးကျော်မင်း၊ ကဗျာဆရာတင်မိုး စတဲ့ စတဲ့ မြန်မာကျော်၊ ကမ္ဘာကျော်ပုဂ္ဂိုလ်တွေ၊ ပညာရှင်တွေ၊ အိမ်ဦးခန်းမှာထားပြီး သူတို့စကားကိုနားထောင်၊ ဆင်ခြင်၊ အတုယူရမယ့် ပုဂ္ဂိုလ်တွေကို ထောင်ထဲထည့်ပြီး၊ အခုဆို ကွယ်လွန်လို့တောင် သွားကြပါပြီ။

မဆလခေတ်က ပြောကြတဲ့ စကားရှိပါတယ်။ 'ခ' သုံးလုံးပေါ်လစီတဲ့။ ခေါင်းညိတ်၊ ခိုင်းတာလုပ်၊ ခံမပြောနဲ့။ ဒီပေါ်လစီနဲ့ ဘယ်တိုင်းပြည်၊ ဘယ်လူ့အဖွဲ့အစည်း၊ ဘယ်အဖွဲ့၊ ဘယ်လုပ်ငန်းကိုမှ တိုးတက်အောင်မြင်အောင် လုပ်လို့မရနိုင်ပါဘူး။

ဆရာဦးဝင်းတင် အသက် ၈၀ ရှိသွားပြီ။ သူပြောနေကျစကားရှိပါတယ်။ အသက်ကြီးလာလေလေ၊ လုပ်စရာတွေက များလာလေလေပဲတဲ့။ သူ့မှာ လုပ်ချင်တာတွေအများကြီး၊ ပြောချင်တာတွေအများကြီး၊ ပြောသင့်တာတွေအများကြီး။ သူက မတရားတဲ့ အမိန့်အာဏာဟူသမျှ တာဝန်အရ ဖီဆန်တဲ့သူ၊ ဖီဆန်နေတဲ့သူ။ အနှစ် ၂၀ လုံးလုံး 'ခ' သုံးလုံးပေါ်လစီကို လူ့ငရဲခန်းထဲမှာ ဖီဆန်ခဲ့တဲ့သူ။ အိမ်ဦးခန်းမှာထားပြီး သူပြောတဲ့စကားတွေကို လေ့လာ၊ ဆည်းပူး၊ ကျင့်ကြံထိုက်တဲ့သူ။ သတင်းသမားပီသတဲ့သူ။

သူ့ရဲ့စာအုပ်ကို ထုတ်ဝေခွင့်ရတဲ့အတွက် ပီတိဖြစ်ရပါတယ်။
တန်ဖိုးထားထိုက်သူကို တန်ဖိုးထားတတ်ကြပါစေ။
လူအချင်းချင်း မုဒိတာပွားနိုင်ကြပါစေ။

**ဒီမိုကရက်တစ်မြန်မာ့အသံ**
၁၂၊ မတ်၊ ၂၀၁၀

# မာတိကာ


► ငရဲဆိုတာဂျိုနဲ့လား — ၂၅
- မုန်ညှင်းစေ့ထဲကိုခုန်ချခြင်း — ၂၇
- အရေးတော်ပုံတပ်သား — ၃၃
- အရေးတော်ပုံမသေ — ၃၅
- စစ်ကြောရေးသို့ချီတက်ခြင်း — ၃၉

► ပုံစံခွက်ထဲက နိုင်ငံရေးမှန်တိုင်း(၁) — ၄၅
- စု–လွှတ်–တွေ့ — ၄၇
- အမေစု ရွှေရတု သပြေနု ဓေယျတု — ၅၄
- အလုပ်ဆိုနီး ဘုတ်ဆိုနီး — ၅၉
- ဟားတိုက်ပွဲ — ၆၆

► ပုံစံခွက်ထဲက နိုင်ငံရေးမှန်တိုင်း(၂) — ၇၁
- နှစ်ဆင့် နှစ်လွှာ နင်ငါ မိတ်ဆွေ — ၇၃
- ဝိဝိတွေလွှတ် လွှတ်တော်ခေါ် — ၈၀
- ကြက်တူရွေးတွန်သံ — ၈၃
- နီး သံခြေကျင်း နီး ထမင်း — ၈၉

► ပုံစံခွက်ထဲက နိုင်ငံရေးမှန်တိုင်း(၃) — ၉၇
- မမေ့သူမှ မလွှတ်သူသို့ — ၉၉
- စစ်ခွေးပြစ်ဒဏ်တိုက် စစ်ခွေးတရားရုံး — ၁၀၃
- ရွှေပေလွှာပျံကာဝဲ — ၁၀၉
- တေးတိုက်ပွဲ — ၁၁၇


www.burmeseclassic.com

www.burmeseclassic.com


▸ လူ့ငရဲကိုပြန်လည်လောင်မြိုက်ခြင်း(၁) ၁၂၅

- ကိုယ်စိတ်ကျိုးပဲ့ စောင်းရွဲ့ဘဝ ၁၂၇
- လွှတ်ရာကျွတ်ရာ ဝေးရာအေးရာ ၁၃၁
- လုံချည်ဗလာ ထောင်ဝင်စာ ၁၄၀
- အသေမစိတ်စေနဲ့ ၁၄၄

▸ လူ့ငရဲကိုပြန်လည်လောင်မြိုက်ခြင်း(၂) ၁၄၉

- အစာမကြေဘူး ကမ္ဘာမကြေဘူး ၁၅၁
- ထိပ်ထားနဲ့သေနာ ၁၅၇
- သပိတ်သွတ် ကုသိုလ်ဘာဂ အမျှ အမျှ ၁၆၂
- နိုးထသူတို့ခေါင်းခွံများ ၁၆၆

▸ လူ့ငရဲကိုပြန်လည်လောင်မြိုက်ခြင်း(၃) ၁၇၁

- ခေါင်းလောင်းထိုးသံ ဘယ်သူ့ကံ ၁၇၃
- ပင်ညဲရိုးရဲ့ဂျပိုးဟိန်းသံ ၁၈၀
- ထောင်နံရံတွေမှာ ပါးစပ်တွေရှိတယ် ၁၈၆
- အန္တိဒဏ္ဍာရီ ၁၉၂
- အန္တိဒဏ္ဍာရီနှင့် အန္တိများစွာ ၁၉၆

▸ လူ့ငရဲကိုပြန်လည်လောင်မြိုက်ခြင်း(၄) ၂၀၉

- သံတိုင်သံတံခါးကိုဖြတ် သေနတ်တွေကွင်း ၂၁၁
- ရုပ်မသေးကြိုးမကိုင် ၂၂၂
- နိုင်ငံရေးသယံဇာတရင်းမြစ် ၂၃၄
- သံသရာဝဲလည်စောင်တစ်ထည် ၂၄၅

▸ လူ့ငရဲကိုပြန်လည်လောင်မြိုက်ခြင်း(၅) ၂၄၉

- ဖေဖေကြီးနဲ့ သမီးလေးဟီးရိုး ၂၅၁
- ပုံစံမလို အဝစား ၂၅၇
- စစ်ခွေးသံတိုင်ကြားက ရွှေမြစ် ၂၆၄
- ငရဲခန်းနဲ့မေတ္တာဘုံ ၂၆၉
- နိုင်ငံရေးအမွေကြီးခံများ ၂၇၉

▸ နေရစ်တော့လူ့ငရဲ ၂၉၃

- စကြာဝဠာကို သံတိုင်ကြားက ချောင်းကြည့်ခြင်း ၂၉၅
- အနာဂတ်သို့ပြန်သွားခြင်း ၃၀၁
- စစ်ကျွန်ခေတ်မှာ လူရာမဝင်ချင် ၃၀၆
- အခါတော်ရောက်ချိန် ၃၁၄


www.burmeseclassic.com

www.burmeseclassic.com



# ငရဲဆိုတာ ဂျိုနဲ့လား

www.burmeseclassic.com

www.burmeseclassic.com

- မုန်ညင်းစေ့ထဲသို့ ခုန်ချခြင်း
- အရေးတော်ပုံတပ်သား
- အရေးတော်ပုံမသေ
- စစ်ကြောရေးသို့ ချီတက်ခြင်း



## မုန်ညင်းစေ့ထဲကို ခုန်ချခြင်း

၁၉၈၉ ခုနှစ် ဇူလိုင် ၄ ရက်မှာ ကျွန်တော် အင်းစိန်ထောင်ထဲရောက်သွားတယ်။ ညနေပိုင်းလေးနာရီခွဲလောက်ပေါ့။ အင်းစိန်ထောင်ဘူးဝ မလွှယ်တံခါးပေါက်က ခေါင်းငုံ့ဝင်လိုက်တာနဲ့ တစ်ပြိုင်နက် ဘူးတံခါး ဂျိုင်းခနဲပိတ်သွားတယ်။ တံခါးပိတ်သံနဲ့အတူ ကျွန်တော်ရဲ့အဲဒီအချိန်ကအတုအယောင်လွတ်လပ်မှုလေးတွေ၊ ရှိစုမဲ့စု လူ့အခွင့်အရေးလေးတွေ၊ ဖြူခါပြာခါကျနေတဲ့ လူ့ဂုဏ်သိက္ခာဆိုတာလေးတွေလည်း ဖြုတ်ခနဲ ဖြုတ်ခနဲ ကြွေကျမြေခကုန်ကြရတော့တယ်။

ကျွန်တော်ဝင်ရ ရောက်ရတဲ့အခန်းက ပေနှစ်ဆယ်ပတ်လည်လောက်ရှိတဲ့ အခန်းလေးပါပဲ။ အခန်းရဲ့ရှေ့ဘက် ဘူးတံခါးနဲ့ မျက်နှာချင်းဆိုင်မှာ

www.burmeseclassic.com

www.burmeseclassic.com



ထောင်မကြီးထဲကိုဝင်တဲ့ တံခါးပေါက်ရှိတယ်။ ဝဲဘက်မှာ ထောင်ပိုင်ရုံးခန်း၊ ရှေ့နေတွေ့ခန်းနဲ့ ထောင်ဝင်စာတွေ့ခန်းတွေရှိတယ်။ ယာဘက်မှာ ညွှန်မှူးရုံးခန်း၊ ညှိခန်းနဲ့ သီးလုံ(သီးခြားလုံခြုံရေး) ထောင်ဝင်စာညှိတွေ့ခန်းတွေ ရှိတယ်။

အခန်းထဲမှာ ထောင်မှူးတစ်ယောက်နှစ်ယောက်နဲ့ ထောင်ဝါဒါ(ဝန်ထမ်း) လေးငါးခြောက်ယောက်ကိုတွေ့ရတယ်။ ကျွန်တော့်အိတ်ထဲမှာ ပါလာတဲ့ငွေတို့၊ အမျိုးသားမှတ်ပုံတင်ကတ်ပြားတို့၊ ဘောပင်နဲ့စာရွက်တို့ဆိုတာတွေကို သိမ်းတယ်။ ကျွန်တော့် ကိုယ်ရေးအကျဉ်းချုပ်ကို မေးတယ်။ လူကိုလည်း တစ်ကိုယ်လုံး ပွတ်စမ်းရှာဖွေသေးတယ်။ ပြီးတာနဲ့ ကျွန်တော့်ကို ထောင်ဝါဒါတချို့လက်ထဲ အပ်လိုက်တယ်။ ဘူးဝအခန်းလေးထဲကနေ ထောင်မကြီးတံခါးဖွင့်ပြီး သူတို့နဲ့အတူလိုက်သွားရတာပေါ့။ အချုပ်ရုံးကိုသွားကြမယ်တဲ့။

ထောင်ဘူးဝအခန်းကျဉ်းထဲမှာ ထောင်ကိစ္စ ဝိစ္စတွေကို ပြောနေလုပ်နေရတုန်း ကျွန်တော့်ခေါင်းထဲမှာ ထွေရာလေးပါးအတွေးထဲ ဝဲလှည့်နေတယ်။ အရင်ကြားဖူးနားဝတွေရှိတယ်။ ထောင်ဘူးဝ ဝင်တာနဲ့ ဆဲတာ ဆိုတာ၊ ခြိမ်းတာ ခြောက်တာ၊ ထိုးတာ ကြိတ်တာ၊ ကန်ကာ ကျောက်တာတွေရှိတယ်တဲ့။ အခု ကျွန်တော့်ကို ဆက်ဆံရာမှာ ကြမ်းကြမ်းရှရှ၊ ရိုင်းရိုင်းပျပျကြီးမဟုတ်ပေမဲ့၊ လူကိုလူလို လူမှန်းသိ သူမှန်းသိ ဆက်ဆံတာတော့ မဟုတ်ပါဘူး။

ကျွန်တော် အသက်(၆၀)ရောက်နေပါပြီ။ နားပျက် မျက်မှုန် အာရုံတွေ ယိုင်နေပါပြီ။ ဒါပေမဲ့ ကျွန်တော် ထောင်ထဲရောက်လာတာ နိုင်ငံရေးသမားအဖြစ်နဲ့ ရောက်လာတာပါ။ တိုင်းသိပြည်သိကြီးတစ်ယောက် မဟုတ်ပေမဲ့ လူသိသူသိများတဲ့ သူတစ်ယောက်တော့ ဖြစ်တယ်လို့ ဆိုနိုင်သူတစ်ယောက်ပါ။ ဂုဏဝုဍ္ဍိ ဝရဝုဍ္ဍိဆိုတဲ့ မြန်မာ့ရိုးရာယဉ်ကျေးမှုအရ ထောက်ထားခြင်းကို ခံယူနိုင်ဖွယ်ရှိသူ လူတစ်ယောက်ဖြစ်ပါတယ်။ သို့ပါလျက် ကျွန်တော့်ကို ငုတ်တုတ်ထားပြီး ဆဲကြ၊ ဆိုကြ။ တိုင်းကြ၊ ထွာကြ။ ရိုင်းကြ၊ ပြကြ။ ညစ်ညမ်းတဲ့စကားတွေ၊ အယုတ္တ၊ အနတ္တအပြုအမူတွေ ပြောကြဆိုကြ၊ လုပ်ကြကိုင်ကြတာကတော့ မယုံနိုင်စရာ တရားလွန်၊ တရားမင်းပါပဲ။ ကျွန်တော့် မိတ်ဆွေ ကြေးမုံအယ်ဒီတာဟောင်း ကိုစိုးသိမ်း(ဘဏ်)သုံးခဲ့ဘူးတဲ့ ဝေါဟာရကို သတိရမိတယ်။ သူ့စကားလုံးက "အရိုင်းဘုံ"တဲ့။ ထောင်ဆိုတာ အရိုင်းဘုံကြီး ပါကလား။



အချုပ်ရုံးမှာ စာရင်းသွင်းတာတွေ၊ ရေးတာမှတ်တာတွေလည်းပြီးရော၊ ကျွန်တော့်ကို တိုက်(၂)ကိုပို့လိုက်တယ်။ တိုက်(၂)ဆိုတာက တိုက်ဝင်းလို့ ခေါ်တဲ့ တိုက်ရပ်ကွက်ထဲက တိုက်အမှတ်(၂)ကိုပြောတာပါ။ တိုက်(၂)က အခန်း(၅၄)ကို ဂျိုင်းခနဲတံခါးဖွင့်တယ်။ ကျွန်တော်အထဲရောက်တာနဲ့ ဂျိုင်းခနဲ တံခါးပိတ်လိုက်တယ်။ အိပ်ရာခင်းအရွယ် ပိတ်ကြမ်းအဖြူစတစ်စ ပစ်ပေးခဲ့တယ်။ အခန်းထဲမှာ နီးကြေ့ဖျာကြမ်းတစ်ချပ်တော့ရှိလေရဲ့။ မိလ္လာအတွက် သုံးဖို့ စဥ့်အင်တုံတစ်လုံးလဲရှိသပေါ့လေ။ ဒါပဲ။ အခန်းတံခါးက ဝဲဘက်မှာ ဖောက်ထားတယ်။ ယာဘက်မှာ ပုဏ္ဏားကွယ်ရှိတယ်။ အဲဒီပုဏ္ဏားကွယ်နေရာမှာ ဖျာခင်းထားတာပါ။

တစ်နေ့လုံး ပင်ပန်းလာခဲ့လို့ မောမောနဲ့ အိပ်ရာပေါ်လှဲအိပ်ပစ်လိုက်တယ်။ မျက်စိစုံမှိတ်လိုက်တယ်။ စိတ်ထဲပေါ်ရာကို ခုနစ်စဉ်အမျှင်တန်းစဉ်းစားတယ်။ အတွေးနယ်ချဲ့နေမိတယ်။ ငါအရိုင်းဘုံကြီးထဲ ရောက်နေပါပေါ့လား။

ထောင်ဆိုတာ ဒုက္ခပေါင်းစုံ ကြုံရဆုံရတဲ့ ဆင်းရဲဘုံကြီးတဲ့။ ထောင်ဆိုတာ ညှဉ်းပန်းနှိပ်စက်မှုမျိုးစုံ ခံရတွေ့ရမယ့် အကြမ်းဖက်ဘုံကြီးတဲ့။ ထောင်ဆိုတာ သွေးတွေချွေးတွေ မျက်ရည်တွေနဲ့ နစ်မွန်းရမယ့် အစမ္မဘုံကြီးတဲ့။ ထောင်ဆိုတာ ပူဆွေးသောကတွေနဲ့ ကြေကွဲရင်နာရမယ့် ပရိဒေဝဘုံကြီးတဲ့။ ထောင်ဆိုတာ မဝရေစာကျွေးတာစားရပြီး အပြင်က ပေးသမျှ ကမ်းသမျှမရ ရတာနဲ့ အသက်ဆက်ရတဲ့ အငတ်ဘုံကြီးတဲ့။ ထောင်ဆိုတာ စကားလေးမှ မပြောရ၊ သီချင်းလေးမှမဆိုရ၊ စာလေးမှမဖတ်ရ။ အသိဉာဏ်ပညာနဲ့ ပတ်သက်လို့ ဘာဆိုဘာမှ လုပ်ခွင့်မရတဲ့ နလပိန်းတုံး ဘုံကြီးတဲ့။ ထောင်ဆိုတာ အကျဉ်းသားက အာဏာပိုင်တွေကိုမုန်း၊ အာဏာပိုင်တွေက အကျဉ်းသားတွေကိုမုန်း၊ အကျဉ်းသားတွေက အချင်းချင်းကိုမုန်း၊ အဲဒီလိုနဲ့ အမုန်းသံသရာ လည်နေရတဲ့ အာဃာတဘုံကြီးတဲ့။ ထောင်ဆိုတာ အာဏာပိုင်တွေက အကျဉ်းသားချင်း မသင့်မတင့်ဖြစ်အောင် သွေးခွဲပေး၊ အကျဉ်းသားချင်း တစ်ယောက်အကြောင်း တစ်ယောက် မကောင်းပြော၊ အခွင့်သာရင် အချင်းချင်းအကြောင်း မကောင်းမှန်သမျှ အာဏာပိုင်တွေဆီ မမှန်သတင်းပို့၊ မကောင်းသတင်းတိုင်၊ မဟုတ်တန်းတရားစကားတွေနဲ့ ချောက်ချ၊ အပြစ်ဖို့၊ ဒုက္ခပေးတာတွေ နေ့စဥ်နဲ့ သမျှ ခံနေရတဲ့ ထောက်လှမ်း ငေါက်ငမ်း သောက်ရမ်းဘုံကြီးတဲ့။ ထောင်ဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



တပ်သားအစ ညွှန်ချုပ်အဆုံး ထောင်အာဏာပိုင် အားလုံးက သူတို့ကိုယ်သူတို့ နယ်စားပယ်စား အပိုင်စား အဆိုင်စားတွေလို ကျင့်သုံးပြုမူ ပြောဆိုဆက်ဆံပြီး အကျဉ်းသားတိုင်းကို လူလိုမမြင် ကျွန်လိုထင်တဲ့ **ဘုရင်ရူးဘုံကြီး**တဲ့။ ထောင်ဆိုတာ အာဏာပိုင်တွေက ဒုစရိုက်သားတွေရယ်လို့ ထင်မြင်သတ်မှတ်ထားသူတွေကို ဒုစရိုက်မှုတွေသင်ပေး၊ ဒုစရိုက်ခလေးတွေကို အားပေးပြီး ဒုစရိုက်ဘဝသစ်တွေကို တစ်ကြော့ပြန်မွေးထုတ်ပေးနေတဲ့ ဒုစရိုက် ချားရဟတ်ဘုံကြီးတဲ့။ အာဟာရမပြည့်လို့၊ နာညောင်းအိလို့၊ ရောဂါဘယဖိစီးလို့ဆိုတဲ့ နည်းမျိုးစုံနဲ့ နာမကျန်းအဖြစ်ကို ရောက်မယ်မကြံနဲ့ တလားခေါက်သံ တခေါက်ခေါက်ကြားရမယ့် သေမင်းတမန်ဘုံကြီးတဲ့။ ထောင်ဆိုတာ သံလှောင်ချိုင့်ထဲက လူတိုင်းကိုယ်စီ ဒေါသပူစိတ်တွေ ဖိစီးခံနေကြရပြီး ထစ်ခနဲဆို ရန်ထောင် ရန်စောင် မလိုတမာအမှောင်ဓာတ်ကြီး လွှမ်းဖုံးနေတဲ့ ရန်ငါဘုံကြီးတဲ့။

အဲဒီလို အနိဋ္ဌာရုံဝိသေသတွေနဲ့ ထုံလွှမ်းတဲ့လူတွေ ဖန်တီးတဲ့ ငရဲ၊ "လူ့ငရဲ" ဘုံမိုက်ဘုံဆိုးကြီးထဲကို ငါ ရောက်နေရပါပကော။

အဲဒီလို တစေ့စေ့တွေးပြီး တမြေ့မြေ့ဆွေးနေရင်း လူ့ငရဲဆိုတဲ့ စကားလုံးကို ကျွန်တော် အထပ်ထပ်အခါခါ နှုတ်မှရွတ်နေမိတယ်။ လူ့ငရဲ ... လူ့ငရဲ။ ဒီနာမည်နဲ့ ကျွန်တော် စာအုပ်တစ်အုပ်ရေးဘူးတယ်။ ပထမဆုံး အဏုမြူဗုံး အကြဲခံခဲ့ရပြီး လူပေါင်းသိန်းချီ အသက်ဆုံးရှုံးခဲ့ရတဲ့ ဂျပန်ပြည်က ဟီရိုရှီးမားမြို့ရဲ့ အဖြစ်ဆိုးအကြောင်း သတင်းမှတ်တမ်းစာအုပ်ပါ။ အမေရိကန်ပြည်က ကမ္ဘာကျော်သတင်းစာဆရာ ဂျွန်ဟာဆေးဆိုတဲ့သူရေးတဲ့ "ဟီရိုရှီးမား" (Hiroshima)ဆိုတဲ့ စာအုပ်ပါ။ ကျွန်တော့် ဘာသာပြန်စာအုပ်ကို "လူ့ငရဲ"လို့ အမည်ပေးခဲ့ပါတယ်။

လူ့ငရဲဆိုတဲ့ သွေးပျက်စရာစကားလုံးကို တွေးရင်း ဒုက္ခသုက္ခပေါင်းစုံကြုံတွေ့နေရတဲ့ ဒီနေ့ ကိုယ့်တိုင်း ကိုယ့်ပြည်အကြောင်း၊ ကိုယ့်လူမျိုးတွေအကြောင်း၊ တစ်မြေထဲနေ တစ်ရေထဲသောက်နေကြတဲ့ ကိုယ့်တိုင်းရင်းသားလူမျိုးတွေအကြောင်း၊ ကိုယ်နဲ့ဘဝတူ နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်၊ လူ့ငရဲ ဒုက္ခသည်တွေ အကြောင်းတွေကို အတွေးနယ်ချဲ့နေမိတယ်။

အင်းလေ ... ဒို့တစ်ပြည်လုံးလည်း လူ့ငရဲဖြစ်နေပါပကောလား။ တစ်ပြည်လုံး ထောင်ကျနေတာပါပဲကလား။ တစ်မျိုးလုံးအကျဉ်းသားဖြစ်နေပါပဲ



ကလား။ ထောင်ထဲမှာလို ပုံစံဝတ်စုံအပြာရောင် မဝတ်မနေရ မဝတ်ရတာကလွဲလို့ ဘယ်မှာလဲအနေအစားချောင်တာ။ ဘယ်မှာလဲအသွားအလာလွတ်လပ်တာ။ ဘယ်မှာလဲ အလုပ်အရှားအပေါင်းအဖွဲ့ ချောမောတာ။ ဘယ်မှာလဲ အရေးအပြောလွတ်လပ်တာ ကုန်ကုန်ပြောရင် လွတ်လပ်စွာ ပညာသင်ကြားခွင့်ရယ်လို့ရှိရဲ့လား။ လွတ်လပ်စွာအသက်မွေးဝမ်းကြောင်းခွင့်ရယ်လို့ ရှိရဲ့လား။ လွတ်လပ်စွာ ကိုးကွယ်ခွင့်ရယ်လို့တောင်ရှိရဲ့လား။

ကျောင်းတွေ တက္ကသိုလ်တွေဆိုတာ တကျော့ပြန်ကုန်ပစ္စည်းထုတ်လုပ်ဖို့ လူငယ်တွေကို စုပစ်ထားတဲ့ အမှိုက်ပုံတွေလိုဖြစ်နေတယ် မဟုတ်လား။ အလုပ်အကိုင်တွေဆိုတာ ကုန်သည်လယ်လုပ်၊ စက်ရုံလုပ်သား စာရေးစာချီတွေကို ကျေးကျွန်လက်ပါးစေတွေလို၊ နဖားကြိုးတပ်ထားတဲ့ ဝန်ချီတိရစ္ဆာန်တွေလို ဖြစ်နေတယ် မဟုတ်လား။

စာနယ်ဇင်းတွေ၊ မီဒီယာတွေ၊ ရုပ်ရှင်သဘင် တေးသံလွှင့်တွေဆိုတာကလည်း တိုင်းသူပြည်သားတွေကို အမှန်တရား၊ အရှိတရား၊ အကြောင်းတရား၊ အကျိုးတရားတွေကို အမှန်အတိုင်း၊ အဟုတ်အတိုင်း၊ တကယ့်အတိုင်း မသိရ၊ မမြင်ရ၊ မကြားရလောက်အောင် ချိုးလိမ်ဖွဲ့ဖျက်၊ ပုံပျက်ပန်းပျက် အသုံးတော်ခံနေရတဲ့ စစ်အာဏာယန္တရားရဲ့ သံမှိုဝက်အူ ခလုတ်မောင်းတံတွေလို ဖြစ်နေတယ်မဟုတ်လား။ ကုန်ကုန်ပြောရရင် ဘာသာရေး၊ သာသနာရေးဆိုတာတွေတောင် လွတ်လပ်စွာ ပို့ချသင်ယူခြင်း၊ ဟောပြောကြားနာခြင်း၊ ဝိနည်းနှင့်အညီ ကျင့်သုံးခြင်း၊ ထေရဝါဒနှင့်အညီ ကျင့်ကြံခြင်း စတဲ့ ဆရာဒကာတို့ရဲ့ သာသနာပြုလုပ်ငန်းတွေအားလုံး ပျက်သုဉ်းပြိုကွဲစပြုနေပြီ။ သွေးစွန်းတဲ့စစ်အစိုးရရဲ့ လက်ကြမ်းကြီးနဲ့ ဆုတ်ဆွဲမှုကြောင့် သံဃာအဖွဲ့အစည်းရဲ့သက်န်းတွေ သွေးစွန်းကုန်ပြီ။ သံဃာ့ဥသျှောင် မဟာထေရ်အဆင့်ဆင့်ရဲ့ အဖွဲ့အစည်းတွေဆိုတာလည်း သောနတ္ထိစစ်အစိုးရက ဆဋ္ဌန်ဆင်မင်းတည်းဟူသော ပြည်သူ့ဒေါသ၊ ပြည်သူ့ဆန့်ကျင်မှု၊ ပြည်သူ့မုန်းတီးမှုတို့ကို အကာအကွယ် အတားအဆီး အဟန့်အတားပြုရုံသက်သက်လောက်သာ အသုံးချခံနေရတဲ့ ရွှေဝါရောင်သက်န်းအဖွဲ့အစည်းသဘောလောက် ဖြစ်နေပြီ။

မြန်မာ့လူ့အဖွဲ့အစည်းကို ငုံ့စောင်းကြည့်လိုက်ပြန်ရင်လည်း ထောင်ဟံတိုင်းတွေ၊ အုတ်ရိုးတွေ၊ သံဆူးကြိုးတွေကိုပဲ စိတ်အာရုံထဲမှာ မြင်လာနေကြရပြီ။

www.burmeseclassic.com

www.burmeseclassic.com



လူလူချင်းအကြား၊ ရပ်ကျေးမြို့နယ်တိုင်းနှင့် ပြည်နယ်ချင်းအကြား၊ လူ့အဖွဲ့အစည်း၊ အတန်းအစား၊ အဆင့်အလွှာအသီးသီးအကြား "အင်းစိန်"တွေ ခြားနေပြီ။ အုတ်တံတိုင်းတွေကာနေပြီ။ တစ်ပြည်လုံး "ကိုကိုးကျွန်း" ဖြစ်လာနေပြီ။ တစ်နိုင်ငံလုံး "အင်းစိန်" ဖြစ်လာနေပြီ။ တစ်မျိုးသားလုံး အကျဉ်းသားဖြစ်လာနေပြီ။ ဒီအတိုင်းသာဖြင့် စစ်ကျွန်ဘဝ ရောက်ကြရတော့မယ်။ ကိုလိုနီကျွန်ဘဝ၊ ဖက်ဆစ်ကျွန်ဘဝ ကျရောက်ခဲ့ရဘူးတဲ့ ဒို့တိုင်း ဒို့ပြည်ထောင် ဒို့လူ့ဘောင်အတွက် အနာဂတ်ဆိုတာ အိပ်မက်ဆိုး ကြီးဖြစ်နေပြီ။ "ထောင်ပြည်တော်ကြီး" ဖြစ်နေပြီ။ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုတာနဲ့ အင်းစိန်ထောင်ဆိုတာ အနက်အဓိပ္ပာယ် ထပ်တူထပ်မျှဖြစ်နေတဲ့ ဝေါဟာရတွေဖြစ်နေပြီ။

ဗုဒ္ဓဒေသနာတွေထဲမှာ စကြာဝဠာနဲ့ မုန်ညင်းစေ့ကို ခိုင်းနှိုင်းဟောကြားခဲ့တဲ့ စကားတွေရှိတယ်။ သိပ္ပံပညာမှာလည်း စကြာဝဠာနဲ့ အက်တမ်အနုမြူကို ထပ်တူပြုရှင်းပြတာတွေရှိတယ်။ မနေ့က ငါတို့မှီတင်းနေထိုင်ကြတဲ့ ပြည်ထောင်စုကြီးနဲ့ ဒီနေ့ ငါကျရောက်နေရတဲ့ အင်းစိန်ထောင်ကြီးဆိုတာ စကြာဝဠာနဲ့ မုန်ညင်းစေ့လိုပါပဲကလား။ ငါဟာ စကြာဝဠာထဲမှာ ဝဲလည်နေခဲ့ဘူးပြီ။ မုန်ညင်းစေ့ရဲ့ ဝတ်ဆံလို့ဆိုရမယ့် ထောင်ဘူးဝထဲကိုလည်း ရောက်ခဲ့ဘူးပြီ။ ဟော အခု မုန်ညင်းတစ်စေ့ရဲ့ တစ်စိတ်တစ်ခြမ်းလို့ဆိုရမယ့် ကြိုးတိုက်ထဲကို ငါရောက်နေပါပေါ့ကလား။

စကြာဝဠာကို ထာဝရဘုရားသခင် ဖန်ဆင်းသလား၊ အတိုင်းမသိ ဧရာမ ပေါက်ကွဲမှုကြီး(Big Bang)က ပေါက်ဖွားပေးသလား။ ဘယ်သူ့မှ ဧကန်မသိသေး။ တွေးဆယုံမှတ်နေကြဆဲရှိသေး။ ဒါပေမဲ့ မျက်မှောက်ခေတ်မှာ မြန်မာတစ်မျိုးသားလုံး မျိုးဆက်ပေါင်းများစွာ ကြုံတွေ့ရင်ဆိုင်နေကြရတဲ့ "ကိုကိုးကျွန်း" တွေ၊ "အင်းစိန်" တွေ၊ "ပူတာအို"တွေ၊ "ကျိုင်းတုံ" တွေ၊ "မောင်တော" တွေ၊ "ခန္တီး" တွေ၊ "ကော့သောင်း" တွေကတော့ စစ်အာဏာရှင် အစိုးရရဲ့ အကြံဆိုး၊ ဉာဏ်ဆိုး၊ လုပ်ရပ်ဆိုးတွေကြောင့် ပေါ်ပေါက်နေရပြီ။

တိုင်းသိပြည်သိကမ္ဘာသိပါပဲလေ။ အခုတော့ငါကိုယ်တိုင်နဖူးတွေ့ ဒူးတွေ့ တွေ့ပြီ။ လက်ပူးလက်ကြပ် တတ်အပ်ကြီး သိလာရပါပကောလား။ တိုက်–၂ ထဲက အခန်းအမှတ်–၅၄ မှာ ဖျာကြမ်းပေါ်လှဲလျောင်းရင်း ကျွန်တော်အဲဒီလိုပဲ စဉ်းစားနေမိတယ်။ လူ့ငရဲရဲ့ ကနဦးအတွေးပူများလို့ပဲဆိုချင်ပါရဲ့။

◆

## အရေးတော်ပုံ တပ်သားကွဟေ့

ကျွန်တော့်မှာ ပြန်မတွေးဘဲ အမြဲရေးရေးပေါ်တဲ့ စကားတစ်လုံးရှိတယ်။ အရေးတော်ပုံတပ်သားဆိုတဲ့ စကားလုံးပဲ။ စာအုပ်တစ်အုပ်ရဲ့နာမည်ဖြစ်ပါတယ်။ ကျွန်တော် ဆယ့်တစ်နှစ်သားလောက်မှာ ဝတ္ထုစာအုပ်တစ်အုပ်ဖတ်ရတယ်။ "အရေးတော်ပုံတပ်သား" တဲ့။ ရေးတဲ့လူက ရဲထွန်းလင်းတဲ့။ နောင်မှသိရတာက စာရေးဆရာဟာ နဂါးဒေါ်ဦးရဲ့ခင်ပွန်း ကာယဗလဦးနေဝင်းဆိုတဲ့ ပုပ္ပိုလ်တဲ့။ လူထုဒေါ်အမာရဲ့ခဲအိုတော်တဲ့သူပေါ့။

အဲဒီစာအုပ် နောက်ထပ်မဖတ်ရတော့ဘူး။ ပြန်ရှာလို့လည်း မတွေ့တော့ဘူး။ ဇာတ်လမ်းဇာတ်ကွက် ဇာတ်ဆောင်ဇာတ်ပို့တွေရဲ့ အမည်တွေလည်း မမှတ်မိတော့ဘူး။ စာအုပ်အမည်ပဲ စွဲစွဲမြဲမြဲရင်ထဲမှာ၊ ခေါင်းထဲမှာ ငြိတွယ်နေမှတယ်။ ကျောင်းသားငယ်ဘဝမှာလည်း မမေ့၊ တက္ကသိုလ်ကျောင်းသားဘဝမှာလည်းမမေ့၊ သတင်းစာသမားဘဝမှာလည်း မမေ့၊ နိုင်ငံရေးသမားဘဝမှာ

www.burmeseclassic.com

www.burmeseclassic.com



လည်း မမေ့၊ အခု အကျဉ်းသားဘဝရောက်တော့လည်း မမေ့။

ဒီလိုနဲ့ကိုယ်တိုင်လည်း အရေးတော်ပုံတပ်သားဘဝကို ခံမင်ဖက်တွယ်မိလာတယ်။ ကျင့်ကြံခံယူမိလာတယ်။ ကြွေးကြော်ကြုံးဝါးမိလာတယ်။ အရေးတော်ပုံတပ်သား စိတ်ဓာတ်မာန်သွင်းပြီး ဘဝကိုဖြတ်သန်းတယ်။

ဖတ်ဆစ်တော်လှန်ရေးခေတ်မှာ ဆွေမျိုးသားချင်းတစ်သိုက်လုံးဟာ ဂျပန်ဖက်ဆစ်တော်လှန်ရေး အင်အားစုဝင်တွေ ဖြစ်ခဲ့တယ်။ ကျွန်တော်လည်း တစ်ထောင့်တစ်နေရာက ဖက်ဆစ်တော်လှန်ရေး အရေးတော်ပုံတပ်သား ဖြစ်ခဲ့ဘူးတယ်။ နယ်ချဲ့ကိုလိုနီတိုက်ဖျက်ရေးခေတ်မှာ၊ ပြည်သူ့ရဲဘော်တပ်ဖွဲ့ဝင်၊ ကျောင်းသားရဲခေါင် တပ်ဦးခေါင်းဆောင်၊ ကျောင်းသားသမဂ္ဂဥက္ကဋ္ဌ ဆိုတဲ့ တာဝန်တွေကိုထမ်းရင်း၊ နယ်ချဲ့ကိုလိုနီဆန့်ကျင်ရေး အရေးတော်ပုံတပ်သား ဖြစ်ခဲ့ဖူးတယ်။ ရှစ်လေးလုံးဒီမိုကရေစီအရေးတော်ပုံမှာလည်း စာနယ်ဇင်းသပိတ်သမားတစ်ဦးအဖြစ်နဲ့ ဒီမိုကရေစီအရေးတော်ပုံတပ်သားဖြစ်ခဲ့တယ်။

နေ့စဉ်ဘဝမှာလည်း အရေးတော်ပုံတပ်သားအဖြစ်နဲ့ပဲ ကျင့်ကြံခံယူဖြတ်သန်းနေခဲ့တယ်လို့ပြောရင် အများက မဲ့စရာဖြစ်နိုင်ပါတယ်။ မဲ့ကာမှ မဲ့ရော ကျွန်တော်ကတော့ ငါ အရေးတော်ပုံတပ်သားကွဟော့လို့ပဲ ရိုကျိုးနှိမ့်ချစွာ လက်မထောင်ချင်ပါတယ်။ တစ်နေ့တာဘဝကို ဖြတ်သန်းတိုင်း အထွေထွေသော အဓမ္မစနစ်ဆိုးရဲ့အုတ်ရိုးကို ခေါင်းနဲ့တိုက်ဖြိုမယ်ဟော့ဆိုတဲ့စိတ် မွေးတယ်။ အမျိုးမျိုးသော ဖိစီးနှောင်ဖွဲ့မှုတွေရဲ့ ထိပ်တုံးတွေကို ခြေနဲ့ဆောင့်ကန် ဖြတ်မယ်ဟော့ဆိုတဲ့စိတ်မွေးတယ်။ အကြောင်းကြောင်းသော မညီမျှတွေရဲ့ လက်ပြန်ကြိုးကို သွားနဲ့ကိုက်ဖြတ်မယ်ဟော့ ဆိုတဲ့ စိတ်မွေးတယ်။ ပရစပါးခင်း၊ အတ္တကောက်သင်းစိတ် မွေးတယ်။ အတောင်သာလျှင်ဝန်ရှိသော ငှက်ငယ်စိတ်မွေးတယ်။ အရောင်အဝါကင်းပ အညတြစိတ်မွေးတယ်။ ဖြောင့်ဖြောင့်လိုက်လျှောက်နောက်နွားစိတ်မွေးတယ်။ ယုံကြည်ချက်နဲ့ အသက်ရှင်မယ်ဆိုတဲ့စိတ် မွေးတယ်။ ဒီလိုမျိုးစိတ်တွေထားနိုင်မှသာ အရေးတော်ပုံတပ်သား အမည်ခံနိုင်မယ်လို့ ယုံကြည်တယ်။ ဒီလိုမျိုး ယုံကြည်ရင်းနဲ့ အသက်ရှည်ခဲ့တယ်။ ဒီလိုမျိုး ယုံကြည်ချက်နဲ့ အသက် ၆၀ မှာ ထောင်ထဲရောက်ခဲ့တယ်။ ထောင်နှစ် ၂၀ ကျတော့ အသက် ၈၀ အထိလည်း ဒီစိတ်မျိုးမွေးသွားနိုင်မယ်လို့ ယုံကြည်တယ်။

အဲ့ဒီယုံကြည်ချက်နဲ့ ထောင်သက်ရှည်ပေဦးတော့မယ်ပေါ့လေ။ နင်လားဟဲ့ ငရဲ၊ ငါကွဟေ့ အရေးတော်ပုံတပ်သား။ ဒီလိုကြုံးဝါးသံနဲ့ပဲ ထောင်သက်နှစ် ၂၀ ခရီးရှည်ကြီး ဆက်ကြဦးစို့ရဲ့ပေါ့။

◆

# အရေးတော်ပုံ မသေ

စကြာဝဠာထောင်ပဲဖြစ်ဖြစ်၊ မုံညှင်းစေ့ထောင်ပဲဖြစ်ဖြစ်၊ ထောင်ဟာထောင်ပဲ၊ တံတိုင်းဟာ တံတိုင်းပဲ၊ သံတိုင်ဟာသံတိုင်ပဲ၊ ထိပ်တုံးဟာ ထိပ်တုံးပဲ၊ အချုပ်သားဟာ အချုပ်သားပဲ၊ ထောင်သားဟာ ထောင်သားပဲ၊ အကျဉ်းသားဟာ အကျဉ်းသားပဲ။ ငါ ဘာလဲ တွေးငေးဆွေးမေးနေစရာမလိုတော့။ ငါဘယ်လိုပြုံးမလဲ၊ ငါဘယ်လိုမုန်းမလဲ၊ ငါဘယ်လိုရုန်းမလဲ၊ ငါဘယ်လိုပုန်းမလဲ၊ ငါဘယ်လိုဆုံးမလဲ၊ ငါဘယ်လိုသုဉ်းမလဲ၊ ငါဘယ်လိုကြံမလဲ၊ ငါဘယ်လိုဖန်မလဲ၊ ငါဘယ်လိုခံမလဲ၊ ငါဘယ်လို လှန်မလဲ၊ ငါဘယ်လိုညံ့မလဲ၊ ငါဘယ်လိုထန်မလဲ။ ငါဘယ်လို နှံမလဲ။

www.burmeseclassic.com

www.burmeseclassic.com



ငါ့အဖို့ ထောင်ဘဝဟာ ထူးထူးခြားခြား အရေးထားလောက်စရာမရှိပါဘူး။ မကောင်းမကြံနဲ့၊ မမှန်မလုပ်နဲ့၊ မဟုတ်မပြောနဲ့ ဆိုတဲ့စကားမျိုးကို ဘိုးကြီးဆီကလည်းကြား၊ ဘွားကြီးဆီကလည်းကြား၊ အဖေဆီကလည်းကြား၊ အမေဆီကလည်းကြား၊ ဦးလေးသွေးရင်းတွေဆီကလည်း ကြားလာခဲ့သူပီပီ ဘဝတစ်လျှောက်လုံး မဟုတ်မခံစိတ် မြဲမြဲခဲ့တယ်။ အစမ္မဖြစ်ရပ် လုပ်ရပ်မှန်သမျှကို တွန်းလှန်ခဲ့တယ်။ မတရားမှုမှန်သမျှကို ခံချခဲ့တယ်။ နိမ့်လူခံလူတွေဘက်က စာနာရပ်တည်ခဲ့တယ်။ အနေအစား အားလုံးမှာ အများနဲ့ဝေမျှပြီး ချို့တဲ့မှုကိုခံယူခဲ့တယ်။ လက်ဝါးကိုအမြဲဖြန့်ခဲ့တယ်။ လက်ဆုပ်ကိုအစဉ်ဖြည်ခဲ့တယ်။ ငါ့ဘဝဟာ ဘယ်တုန်းကမှ မပြည့်စုံဘူး။ ဘယ်တုန်းကမှလည်း မခေါင်းပါးဘူး၊ ဂုဏ်သိမ်သြဇာ မရှိဘူး၊ စည်းစိမ်ဥစ္စာမရှိဘူး။ ဒါပေမဲ့ ကမ္ဘာ့ဒဿနကျမ်းတွေမှာ လာတဲ့အတိုင်း စိတ်ဝတ်စံနှုန်းတွေ၊ ကျင့်ဝတ်စံနှုန်းတွေ ရှိတယ်။ ဗုဒ္ဓဒေသနာတွေမှာလာတဲ့ ဗြဟ္မစိုရ်တရားတွေရှိတယ်။ ခရစ်ဝင်ဩဝါဒစာတွေမှာလာတဲ့ "ဝမ်းမြောက်ခြင်း" စိတ်ထားတွေရှိတယ်။

အဲဒီလို ကိုယ့်ကိုယ်ကိုဖော် မသူတော်တရားတွေကို တွေးဆနေမိပေမဲ့ ကိုယ့်ဝမ်းနာ ကိုယ်သာသိတာတွေကလည်း တန့်နန့်ပေါ်လာနေတာပါပဲ။

ကျွန်တော်က တကယ်တော့ အနာအဆာအပုံအကြေများတဲ့သူ၊ ရှက်တတ်ကြောက်တတ် အားနာတတ် ခေါင်းမခါတတ်တဲ့သူ၊ အကြောင်းအကျိုး မချိန်မချင့်၊ တုံးတိုက်ကမ်းတိုက် မလုပ်တတ်သူ၊ မျက်လုံးစုံမှိတ် ရန်ငါမပြတ်တတ်သူ၊ မာန်တင်းပေမယ့် ဉာဏ်ကင်းစင်စိတ်မထားသူ၊ ရဲဘော်စိတ်ကို ရင်နဲ့အပြည့် ပိုက်ထွေးထားပေမယ့် အဖော်ကောင်းရုံနဲ့ ငရဲကောက်ကောက်မလိုက်သူ၊ သွေးစည်းညီညွတ်ရေးကို ထာဝစဉ်အလေးထားပေမယ့် ကိုယ်ယုံကြည်ရာ၊ ကိုယ်ဦးထိပ်ပန်ဆင်ရာ မူဝါဒသဘောတရားတွေကို စွန့်ပစ်ပြီး လူတိုင်းနဲ့ လက်ချင်းချိတ်ဖို့ စိတ်မကူးသူ။ ဒီလို စိတ်ခံတွေကြောင့် ဘဝအချိုးအကွေ့တွေမှာ ကျွန်တော်ဟာ သင်းကွဲအုပ်ကွဲလို ဖြစ်ခဲ့ရတတ်တယ်။ ဒါပေမဲ့ ဘယ်တုန်းကမှတော့ တစ်ကောင်ကြွက်မဖြစ်ခဲ့ဘူး။ ကိုယ့်ရဲဘော်စိတ်ကြောင့် ကိုယ့်ကို အမာခံဝန်းရံသူတွေ အများကြီး အမြဲရှိခဲ့တယ်။

မာန်တင်းသလို ဉာဏ်လင်းနိုင်ရမယ်၊ မာန်ဟိန်းသလို ဉာဏ်ထိန်းနိုင်ရမယ်။ မာန်ဆန့်နိုင်သလို ဉာဏ်သန့်နိုင်ရမယ်ဆိုတဲ့ အာစရိယဝါဒကို ထာဝစဉ်



ခေါင်းထဲမှာ ထည့်သွင်း၊ ရင်တွင်းမှာပိုက်ထွေးသူဖြစ်တယ်။ ကျွန်တော့်ဘဝခရီးမှာ မကြာခဏ လမ်းဘေးကန့်ချတာခံခဲ့ရဘူးတယ်။ ဒါပေမဲ့ ဘဝန္တမှာမနစ်ခဲ့ရဘူး။ ယုံကြည်ချက်ပန်းတိုင်ကို ဦးတည်မပျက် ခရီးဆက်နိုင်ခဲ့တယ်။ ပန်းတိုင်ရောက်မရောက် ကံသေကံမ မပြောနိုင်ပေမဲ့ ပန်းတိုင်မပျောက်တာတော့ သေချာတယ်။ ခုလည်း ထောင်ထဲရောက်လာရပြန်ပြီ။ ကိုယ်ယုံကြည်ရာ ဒီမိုကရေစီနိုင်ငံရေးပန်းတိုင်၊ အရေးတော်ပုံတပ်သားဘဝ ရည်မှန်းချက်ပန်းတိုင်ကို ရောက်ရမည်မှာ မလွဲပါလို့ပဲ ကြုံးဝါးနေမိတယ်။ ခေတ်ဝန်ကိုထမ်းပြီး၊ ခေတ်လမ်းကို လျှောက်တဲ့သူတိုင်း ကြုံမြဲစမ္မတာ မဟုတ်လား။

ဟိုတွေးဒီတွေးလုပ်ရင်း ခေါင်းထဲစဉ်းစားမိတာတွေ၊ ရင်ထဲခံစားရတာတွေ အများကြီးပေါ်လာတယ်။

တစ်ခါက "မြမြို့ရိုးကျော်၊ ကမ္ဘာမျှော်ကြည့်တော့" ဆိုတဲ့ ဆောင်းပါးခေါင်းစဉ်တစ်ခုကို ကျွန်တော်သုံးခဲ့ဘူးတယ်။ အခုလည်း ထောင်တံတိုင်းကျော်၊ ကမ္ဘာမျှော်ကြည့်မိတယ်။ ၁၉၉၀ တစ်ဝိုက်မှာ ကမ္ဘာအနှံ့ အပြောင်းအလဲကြီးတွေပေါ်လာနေတယ်။ အရှေ့ဂျာမနီ ဘာလင်တံတိုင်းလို ဖိနှိပ်ချုပ်ခြားစိုးမိုးမှု အမှတ်အသားတွေ ပြိုလဲကုန်တယ်။ တိန်အာမင်ရင်ပြင် တရုတ်ကျောင်းသားဆန္ဒပြပွဲလို တစ်ပါတီစိုးမိုးမှုကို အံတုခြင်းတွေပေါ်လာတယ်။ တောင်အာဖရိကခေါင်းဆောင် မင်ဒဲလားရှေ့ဆောင်တဲ့ တောင်အာဖရိက အသားအရောင်ခွဲခြားမှုတိုက်ပွဲကြီးတွေ အောင်ပွဲခံလာတယ်။ နှစ်(၇၀)ကျော် တစ်ပါတီကြီးစိုးခဲ့တဲ့ ဆိုဗီယက်ယူနီယံကြီး ပြိုကွဲသွားတယ်။ အင်ဒိုနီးရှားအကျင့်ပျက်တစ်ပါတီအာဏာရှင်ဗိုလ်ချုပ်ကြီး ဆူဟာတိုအစိုးရ ပြုတ်ကျသွားတယ်။

ဒီနိုင်ငံမှာ စစ်အာဏာရှင်စနစ် စိုးမိုးတုန်းပဲ။ စစ်အာဏာယန္တရားကြီးနင်းကြိတ်ဆဲပဲ။ ၁၉၈၈ ဒီမိုကရေစီအရေးတော်ပုံကြီးက မဆလတစ်ပါတီအာဏာရှင်စနစ်ကို ရိုက်ချိုးချေမှုန်းနိုင်ခဲ့တယ်။ ၁၉၉၀ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲကြီးက စစ်အာဏာရှင်စနစ် စိုးမိုးမှုကို သမိုင်းဝင် ငြင်းဆန်ပယ်ချနိုင်ခဲ့တယ်။ စစ်အာဏာယန္တရားကြီး ကသောင်းကနင်း ဖြစ်သွားတယ်။ ရှေ့တိုးနောက်ဆုတ် ဖြစ်သွားခဲ့တယ်။ အင်ဂျင်ကျိုးပျက် ဖွတ်ချက် ဖွတ်ချက် ဖြစ်သွားတယ်။ ရပ်ဆိုင်းသွားခြင်းတော့ မရှိဘူး။

www.burmeseclassic.com

www.burmeseclassic.com



ဂျာအေးသီချင်းထဲကလိုပဲ ပြည်သူတွေကတော့ ငိုရဆဲပဲ။ အမှောင်တွင်းက ကယ်ထုတ်ဖို့ အရေးတော်ပုံ နောက်ဆက်တွဲ လှုပ်ရှားမှုတွေက ထရံပေါက်က ခြေထောက်ကိုဆွဲပေမယ့် တွဲလွဲပဲဖြစ်နေတယ်။ ပလ္လင်ပေါ်ကမျောက်ကတော့ ဆိဒ်းတက်လို့ ပြေးနေတုန်းပဲ။ ပြည်သူ့ဆန္ဒသဘောထားတွေ။ ပြည်သူ့ အာဏာတွေ။ ပြည်သူ့တရားဥပဒေတွေ။ ပြည်သူ့လွှတ်တော်တွေဆိုတာ စစ်ဖိနပ်ရဲ့နင်းချေခံရတုန်းပဲ။

ဘုရားကား အောက်၊ မျောက်ကား အထက်ဆိုတာ ဒီနေ့ ငါတို့ပြည်သူတွေ ရင်ဆိုင်ကြုံတွေ့ ငိုညည်းခံစားနေကြရတဲ့ ဘဝပါပဲကလား။ ငါတို့အရေးတော်ပုံတွေ မပြီးဆုံးသေး။ မပြီးတမ်း မပြတ်တမ်း တစ်ခုပြီးတစ်ခု ဆက်လက်ဆင်နွှဲသွားကြရဦးမှာပါတကား။ လူတွေ သေရင်သေမယ်။ အရေးတော်ပုံမသေ။ ဒီမိုကရေစီအရေးတော်ပုံကြီး သက်တော်ရာကျော်ရှည်ပါစေ။

◆

## စစ်ကြောရေးသို့ချီတက်ခြင်း

အရေးတော်ပုံသား တပ်သားခံယူချက်နဲ့ အရေးတော်ပုံစိတ်ဓာတ်ဟာ ကျွန်တော့်ရဲ့စာပေသမားဘဝ၊ နိုင်ငံရေးသမားဘဝတွေကို တစ်ခဲနက်ကြီးကို လွှမ်းမိုးခဲ့တယ်၊ ကြီးစိုးခဲ့တယ်၊ သြဇာညောင်းခဲ့တယ်။ ကျွန်တော့်ရဲ့ဘဝအမြင်တွေ၊ စာပေအမြင်တွေ စာနယ်ဇင်းအမြင်တွေ၊ နိုင်ငံရေးအမြင်တွေကို ထိန်းပေါ်လမ်းပြနေခဲ့တယ်၊ ကျွန်တော်ဟာ တစ်ဘဝလုံး အရေးတော်ပုံတပ်သားလမ်းကြောင်းပေါ်မှာ လျှောက်လှမ်းခဲ့တယ်။ ဒီနေ့ခေတ်ကြီးဟာ အရေးတော်ပုံခေတ်ကြီးပဲ။ ဒီနေ့ခေတ်ရဲ့တာဝန်ဟာ အရေးတော်ပုံတာဝန်ပဲ။ ဒီနေ့ခေတ်ရဲ့လမ်းကြောင်းဟာ အရေးတော်ပုံလမ်းကြောင်းပဲလို့ ကျွန်တော် ယုံမှတ်စွဲမြဲခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဘာလမ်းကြောင်းလဲ၊ ဘာတာဝန်လဲလို့ မေးရင် မတရားမှုတွေ၊ အဓမ္မမှုတွေ၊ ချိုးနှိမ်ချုပ်ချယ်မှုတွေ၊ ဖိနှိပ်နင်းချေမှုတွေ၊ စိုးမိုးချယ်လှယ်မှုတွေကို ဆန့်ကျင်တဲ့လမ်းကြောင်းပဲ။ အဓမ္မဝါဒတွေ။ အကြမ်းဖက်လုပ်ရပ်တွေ၊ အရိုင်းဘုံစိတ်ဓာတ်တွေကို ဆန့်ကျင်ဖို့၊ အာခံအန်တုဖို့၊ တွန်းလှန်ချေမှုန်းဖို့ တာဝန်တွေပဲလို့ အတိုဆုံးအရှင်းဆုံး ပြောချင်တယ်။

ခေါင်းထဲကအတွေးပုံတွေဟာ ကျွန်တော့်ရင်ထဲက နှလုံးသားကိုလောင်မြိုက်နေတယ်။ အဓမ္မမှုတွေ အရိုင်းဘုံအကျင့်ဆိုးတွေကို ဆန့်ကျင်တာ၊ အာခံအံတုတာ တိုက်ဖျက်တာဟာ လက်စားချေနေတာလားလို့ မေးရင် ဟုတ်တယ်လို့ပဲ ပြောင်ပြောင်ပြောရမှာပဲ။ ဟုတ်တယ်လေ။ အဓမ္မမှုတွေကို ငုံ့ခံနေသမျှ အဓမ္မမှုတွေဟာ အဓမ္မစနစ်ကိုသာ မွေးထုတ်ထုထောင်သွားမှာ ဧကန်ပဲ။ အဓမ္မစနစ်ကြီးထွားလာတာနဲ့အမျှ အေးချမ်းသာယာ၊ တည်ငြိမ်မှုတ ချစ်ကြည်ငြိမ်းချမ်းတဲ့လူ့ ဘောင် လူ့လောကဆိုတာ ဘယ်တော့မှမရှိနိုင်ဘူး၊ ဒါကြောင့် လူ့သမိုင်းတစ်လျှောက်လုံးဟာ အဓမ္မစရိုက်ဆိုးတွေ၊ အကျင့်ဆိုးတွေ၊ စိတ်ဓာတ်ဆိုးတွေကို တွန်းလှန်အံတုဖြိုဖျက်ချေမှုန်းခဲ့တဲ့ သမိုင်းဖြစ်ခဲ့တာပဲ။

သက်ဦးဆံပိုင်စနစ်လို၊ ပဒေသရာဇ်မင်းစိုးရာဇာစနစ်လို အဓမ္မစနစ်တွေကိုသာ မတွန်းလှန်မချေမှုန်းနိုင်ခဲ့ရင် ကျွန်တော်တို့နေထိုင်နေကြတဲ့ ဒီနေ့ခေတ်ဟာ အရိုင်းဘုံကြီးအဖြစ်နဲ့သာ အပူမီးတောက်လောင်နေမှာပဲ၊ လူဖန်တီးထားတဲ့ လူ့ငရဲကြီး ဖြစ်နေမှာပဲ။ လူဖန်တီးထားတဲ့ အဝီစိကြီးဖြစ်နေမှာပဲ။

အမှောင်ရိပ်ကြီးဖုံးလာပြီ၊ ကျွန်တော့်အတွေးတွေလည်း မှောင်မိုင်းသထက် မှောင်မိုင်းလာတယ်။ မှောင်လွန်းမက မှောင်တော့ ရှေ့ဘာဆက်တွေးရမယ်ဆိုတာတောင် မသိတတ်အောင်ဖြစ်လာတယ်။ ကျွန်တော်တို့နိုင်ငံမှာ စစ် အာဏာရှင်တွေဟာ သောင်းကျန်းသထက် သောင်းကျန်းလာတယ်။ အတင့်ရဲသထက် ရဲလာတယ်။ ရမ်းကားသထက် ရမ်းကားလာတယ်။

ကျွန်တော်တို့ ဘာလုပ်ကြမလဲ။ ဒီအတိုင်းငုံ့ခံသွားကြရတော့မှာလား။ စုံဆယ်ဖြာနဲ့ ပြေရာပြေကြောင်း လုပ်ကြရတော့မှာလား။ ဖြစ်သမျှအကြောင်းအကောင်းချည်းဆိုပြီး မေ့ပျောက်ပစ်လိုက်ကြ ရတော့မှာလား။ နေသေးသပချုံထဲကဆိုပြီး ချုံသွေးနေကြရတော့မှာလား။

ကမ္ဘာမကြေဘူးစိတ်ဓာတ်နဲ့ မကြေဘူးကွ မကြေဘူးဆိုပြီး အံတကြိတ်



ကြိတ်လုပ်နေကြရတော့မှာလား။ ရှစ်လေးလုံးကာလတုန်းက ကျောင်းသားလူငယ်တွေဆိုခဲ့တဲ့ ကမ္ဘာမကြေဘူးသီချင်းကို အော်နေရုံနဲ့ ပြီးရတော့မှာလား၊ ကျွန်တော်တို့ကမ္ဘာကြေလည်း ကမ္ဘာက ကမ္ဘာကြေကြမှာလား၊ ကမ္ဘာကြီးက ကမ္ဘာမကြေပေမယ့် နိုင်ငံရေးခေါင်းဆောင်ကြီးတွေ၊ ပြည်သူ့ကိုယ်စားလှယ်ကြီးတွေ၊ အစိုးရလူကြီးတွေက ကမ္ဘာကြေတယ်ဟေ့၊ ငါကြေတယ်ဟေ့လို့ဆိုလာကြရင်ကော။ ရှစ်လေးလုံးကာလအတွင်းက ဝန်ကြီးချုပ်ဟောင်းဦးနုက "ချေနှစ်ချေ"ကိုပြောဘူးပြီမဟုတ်လား။ လက်စားချေနဲ့ သင်ပုန်းချေမှာ သူကတော့ သင်ပုန်းချေတာကိုပဲ လက်ခံတယ်တဲ့လေ။

ကဲ ဘယ့်နှယ်ရှိစ။ ကောင်းတော့ ကောင်းတာပေါ့။ ဒါပေမဲ့ ဘယ်လိုသင်ပုန်းချေမှာလဲ။ ဘယ်သူတွေကိုချေမှာလဲ။ ဘယ်လောက်ချေမှာလဲ။ ဘယ်လိုနည်းနဲ့ချေမှာလဲ။ ခေါင်းဆောင်ဆိုသူ၊ အနိုင်ရပါတီဆိုသူ၊ အာဏာရအစိုးရဆိုသူတို့က သင်ပုန်းချေတယ်ဆိုရုံနဲ့ ကိစ္စပြီးရော၊ ပြတ်ရောလို့ ဆိုနိုင်ပါ့မလား။ ပြည်သူအများခံစားကြရသမျှဆိုတာတွေ ဘယ်သွားထားမလဲ။ အဲဒါတွေ သင်ပုန်းကြေပါ့မလား။ မေ့မေ့ပျောက်ပျောက် ပြီးပြီးပြတ်ပြတ်ဖြစ်ပါ့မလား၊ ဝေးသေးလို့ထင်မိပါရဲ့။ ဒီကိစ္စကခံယူချက်နဲ့လည်းဆိုင်တယ်။ ခံစားချက်နဲ့လည်းဆိုင်တယ်။ အမိန့်ထုတ်ပြန်ကြေညာရုံနဲ့ ကိစ္စပြီးပြတ်နိုင်တာမျိုး မဟုတ်ဘူးလေ၊ ဥပဒေပြဋ္ဌာန်းရုံနဲ့ ပြီးစတမ်းမျိုးမဟုတ်ဘူးလေ။ ဒါတွေကိုပါ ငါတို့ကြိုတွေးထားရမယ်။

ထားပါတော့လေ။ တကယ်တော့ ဒီကိစ္စက ပြီးခဲ့တာတွေ၊ ကြုံခဲ့တာတွေ၊ ဖြတ်သန်းခဲ့တာတွေအတွက်သာ ပြောနိုင်တာ။ စစ်အာဏာရှင်တွေ ထင်တိုင်းကြဲနေပုံမျိုးနဲ့တော့ဖြင့် ငါတို့ရှေ့လျှောက် ခံကြရဦးမယ်၊ နာကြရဦးမယ်၊ သေကြရဦးမယ်။ အဲဒါတွေအတွက်ကကော သင်ပုန်းချေမလား၊ ကမ္ဘာမကြေဘူးလား။

ဒီကိစ္စကိုစဉ်းစားတဲ့အခါ တစ်ဦးချင်းရဲ့ ပုဂ္ဂိုလ်ခံစားချက်အမြင်နဲ့ ပါတီအဖွဲ့အစည်း၊ ပြည်သူ့ကိုယ်စားပြုအဖွဲ့အစည်း(လွှတ်တော်ဆိုပါတော့) ပြည်သူ့အာဏာရအဖွဲ့အစည်း (အစိုးရအဖွဲ့)ဆိုတာတွေရဲ့ သဘောထားအမြော်အမြင်တွေကို ဆက်လက်ညှိနှိုင်းဖို့လိုမယ်။ ဒါ့အပြင် တောင်အာဖရိကနိုင်ငံမှာ လုပ်သလိုမျိုး အမှန်တရားရှာဖွေရေးကော်မရှင်ဆိုတာမျိုးနဲ့ ဘက်ပေါင်းစုံ အဖြေရှာဖို့

www.burmeseclassic.com

www.burmeseclassic.com



ဖြေရှင်းဖို့လိုမယ်။ နိုင်ငံတကာအဖွဲ့အစည်းတွေရဲ့ တောင်းဆိုမှုတွေကို ညှိနှိုင်းဖို့လိုမယ်။

အာဏာရှင်တွေ ကိုယ်တိုင်ကလည်း ပြုပြင်ပြောင်းလဲဖို့ လိုမယ်။ နောင်တစကား၊ တောင်းပန်စကား၊ ဝန်ချစကားတွေ ထုတ်ဖော်ဖို့လိုမယ်။ တိုင်းပြည်နဲ့ချီပြီး ကျူးလွန်ခဲ့တဲ့ ရာဇဝတ်မှုကြီးတွေက ငှက်ပျောပွဲ အုန်းပွဲထိုးပြီး စုံဆယ်ဖြာလက်အုပ်မိုးရုံနဲ့ ပြီးစတမ်းကိစ္စမျိုး မဟုတ်ဘူးလေ။

တကယ်တော့ ရှစ်လေးလုံးအရေးတော်ပုံလို ဖြစ်ရပ်ကြီးဟာ တစ်မျိုးသားလုံး ခံခဲ့ရတဲ့ ရင်ကွဲအသည်းနာကိစ္စကြီး မဟုတ်လား၊ ဒါကို နောင်သမိုင်းတစ်ခေတ်မှာ ပြဿနာဆစ်ပိုင်း ဖြေရှင်းကြတဲ့အခါ တစ်မျိုးသားလုံးပါဝင်ညှိနှိုင်းဖြေရှင်းကြရပေဦးမှာပေါ့။

လောလောဆယ်မှာ ငါတို့ ထောင်သွင်းအကျဉ်းခံနေရပြီ။ ည.ဉ်းပန်းနှိပ်စက် စစ်ကြောမှုတွေ တစ်လှေကြီးခံကြရပေဦးတော့မယ်။ လူ့ငရဲဘုံကြီးထဲမှာ မရေမတွက်နိုင်လောက်ဘဲ နေ့တွေ လတွေ နှစ်တွေ ကာလတာရှည်စွာခံစားကြရဦးတော့မယ်။ သေသူသေမယ်။ ရှင်သူရှင်မယ်။ မသေကျန်ရစ်လောကငရဲဝဋ်ကျွတ်သူတို့လည်း ရုပ်ပိုင်းစိတ်ပိုင်း မိမွေးတိုင်း ဖမွေးတိုင်း ရှိကောင်းမှ ရှိပေလိမ့်မယ်။ အုတ်တံတိုင်းပြင်ပ ဘဝသစ်ကို လူပီသစွာ ရင်ဆိုင်တည်ဆောက်ထူထောင် ဖြတ်သန်းနိုင်ကြပါ့မလား။ စိတ်ဓာတ်တွေပျက်၊ ခံယူချက်တွေပျက်၊ ဘဝတွေပျက်နဲ့ လောကငရဲသစ်ကို ကျော်လွှားကြရဦးမှာလား။

မတွေးဝံ့စရာပါဘဲ။ မတွေးဝံ့စရာကို ဘာဖြစ်လို့ စိတ်ပိန်အချိန်ဖြုန်းနှလုံးသွေးပျက်ခံပြီး တွေးနေတော့မှာလဲ။ ငါတို့အရှေ့မှာ အမှောင်ထု အမှောင်တိုက်မှတစ်ပါး အခြားမရှိဆိုရင်တောင် ငါတို့ရဲ့စွန့်လွှတ်မှုတွေ၊ ခါးစည်းခံမှုတွေဟာ သမိုင်းမှာ အဟောသိကံဖြစ်မှာ မဟုတ်ဘူး။ အာဇာနည်မျိုး သေရိုးမရှိတဲ့အတိုင်း ငါတို့ဘဝတွေ ဘယ်တော့မှ မသေဘူး။ ငါတို့ဘယ်တော့မှ ခေါင်းငုံ့မခံဘူး။ ငါတို့ ဘယ်တော့မှ နှုတ်မဆိတ်ဘူး။ ဗိုလ်ချုပ်အောင်ဆန်းရဲ့ အနိုင်မခံကဗျာထဲကလို ဒူးမထောက် လက်မမြှောက်စတမ်းပါပဲ။ ငါတို့တစ်တွေသေသွားခဲ့ရင်တောင်မှ သမိုင်းသက်သေခံအသံတွေကတော့ ဟုန်းဟုန်းတောက်မြည်ဟိန်းနေဦးမှာပါ။ ယုတ်စွအဆုံး မြန်မာဆိုရိုးစကားရှိတဲ့အတိုင်း အရိုးတွန်လိမ့်ဦးမပေါ့။



သွားကြွေခါးကျိုး၊ သေတောတိုးလည်း
အရိုးတွေတော့၊ တွန်လိမ့်မယ်။

ကြိုးတိုက်ထဲက အခန်း-၅၄ မှာ ကျွန်တော်တစ်ယောက်တည်း စိတ်ကျင်ကျင် ရင်နာနာနဲ့ အတွေးလွန်နေတုန်း ဂျိုင်းခနဲ သံတံခါးဖွင့်သံကြီးကြားလိုက်ရတယ်။ "လိုက်ခဲ့"တဲ့။ ထောင်ဝါဒါနှစ်ယောက် လာခေါ်တယ်။ သူတို့ ...ုပ်ပုံက လုပ်ရိုးလုပ်စဉ်လို အေးတိအေးစက်၊ ပိုင်စိုးပိုင်နင်း မထေမဲ့မြင်လုပ်နေ ...သလို ထင်ရတယ်။

ကျွန်တော့်စိတ်ထဲ ထောင်းခနဲ မီးပွင့်သွားတယ်။

"မင်းတို့ခေါ်တိုင်း လိုက်ရမှာလားကွ၊ ဘယ်သူကခေါ်ခိုင်းတာလဲ၊ ...ဘယ်ကိုလိုက်ရမှာလဲ၊ ဘာကိစ္စလဲ၊ ဘယ်မှာလဲ ဆင့်ခေါ်စာ"

ကျွန်တော့်အသံတွေ ကျယ်သထက်ကျယ်လာတယ်။ အော်သံဟစ်သံ...တွေ ဖြစ်လာတယ်။

"မလိုက်ဘူးကွ မလိုက်ဘူး" ကျွန်တော် အာဖြဲအော်တယ်။

"ငါအကျဉ်းသားကွ။ ငါထောင်ခန်းထဲရောက်နေပြီ။ ဘယ်သူခေါ်ခေါ် ...လိုက်စရာမလိုဘူး။ ဘယ်သူကမှလည်း ခေါ်ခွင့်မရှိဘူး"

ဘေးကအခန်းတွေ၊ ရှေ့ကအခန်းတွေမှာ နိုင်ငံရေးအကျဉ်းသားတွေရှိ...တယ်။ ကရင်တော်လှန်ရေးအကျဉ်းသားတွေရှိတယ်။ ကြိုးဒဏ်အကျဉ်းသား...တွေရှိတယ်။ အားလုံး ကျွန်တော့်ကို ပြူးတူးကြောင်တောင် ကြည့်နေကြတယ်။ ...ဘယ်သူမှ ဘာစကားမှ မပြောကြဘူး။

ထောင်ဝါဒါတွေ တန့်သွားတယ်။ ကြောင်သွားတယ်။ ပြီးမှ "ဒါထုံးစံ...ပါ အဘ လိုက်ခဲ့ပါ" တဲ့။

ကျွန်တော့်ကို ဝိုင်းကြည့်နေကြတဲ့ အခြားအကျဉ်းသားတွေကို ကျွန်...တော် ပတ်ပတ်လည်လှည့်ကြည့်လိုက်တယ်။ သူတို့မျက်နှာတွေက စကားတွေ ...များကြီးပြောနေကြတယ်။

"ဟုတ်တယ် အဘ ထုံးစံပဲ ကျွန်တော်တို့လည်း မတတ်နိုင်ဘူး"

"ဘယ်ကိုလိုက်ရမှာလဲ"လို့ ထောင်ဝါဒါတစ်ယောက်ကို မေးတယ်။ ...စစ်ကြောရေးကိုတဲ့။ စစ်ကြောရေးဆိုတာ ထောင်လောကမှာ ငရဲခန်းလို့အမိပ္ပာယ် ...ပါက်တဲ့ ဝေါဟာရတစ်လုံးဖြစ်ပါတယ်။ အမှန်အတိုင်းပြောရရင် ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



နည်းနည်းဖြုံသွားတယ်။ ဒေါ်စုပြောဖူးတဲ့ စကားကိုလည်း ဖျတ်ခနဲ ကျွန်တော် အမှတ်ရမိလိုက်တယ်။

ဒေါ်စု တစ်ခါကပြောခဲ့ဘူးတယ်။ "ကျွန်မ စစ်ကြောရေးမှာ လက်သည်း ခွံခွာတာမျိုး၊ မျက်နှာပိတ်ရေလောင်းတာမျိုး၊ ညှို့သကျည်း ဝါးလုံးလှိမ့်တာမျိုး တွေလုပ်ခံရမှာ မကြောက်ဘူး။ စစ်ကြောရေးလုပ်သူတွေရှေ့မှာနာလို့မျက်နှာ ရှုံ့မိတာတို့၊ အော်သံထွက်မိမှာတို့ပဲ ကြောက်တယ်။ နာလွန်းရင် အဲဒီလိုဖြစ် နိုင်တယ်။ အဲဒီလိုဖြစ်ရင် အတော်ရှက်စရာကောင်းတယ်လို့ထင်တယ်။ ကိုယ့် ကို ညှဉ်းပန်းနေတဲ့ လူတွေရှေ့မှာ အော်မိ၊ ညည်းမိ၊ မဲ့မိ၊ တွန့်မိတာမျိုးမဖြစ် ချင်ဘူး။ လူဆိုတော့ ညှဉ်းရင်နာမှာပေါ့၊ နာရင် တွန့်မိအော်မိမှာပေါ့။ ကျွန်မ ကတော့ အဲဒါမျိုးဖြစ်မိမှာစိုးတယ်၊ ဖြစ်မိရင်လည်း ရှက်စရာကောင်းတယ်လို့ ထင်တယ်" တဲ့။

အခု ကျွန်တော် စစ်ကြောရေးကို ချီတက်နေပြီ။ ချီတက်တယ်လို့ပြော ရတာက ကျွန်တော် ရင်ကော့ပြီးလိုက်သွားနေလို့ပါပဲ။ စစ်ကြောရေးမှာ ညှဉ်း ပမ်းလိမ့်မယ်၊ မအိပ်ရမနားရ မေးလိမ့်မယ်။ မစားရ မသောက်ရ ထားလိမ့်မယ်။ ဒါတွေထက် ဆိုးရွားရက်စက်မှုကတော့ စိတ်ပိုင်းညှဉ်းပန်းမှု။ စိတ်ပိုင်းအငတ် ထားမှု၊ စိတ်ပိုင်းနားခိုဆိတ်ငြိမ်ခြင်း မပေးမှုတွေပဲပေါ့။ ဖြစ်ချင်ရာဖြစ်ပေါ့ကွာ။ ငါလည်း ဒေါ်စုလိုပဲ ပါးကွက်သားတွေရှေ့မှာ အရှက်မရချင်ဘူး။ အဲဒီလို စိတ်ဓာတ်ရှိတဲ့လူပဲကွာ။ တွေ့ကြသေးတာပေါ့။

ငရဲဆိုတာ ချိုနဲ့လား။


◆

# ပုံ စံ ခွက် ထဲ က နိုင် ငံ ရေး မှန် တိုင်း (၁)

www.burmeseclassic.com

www.burmeseclassic.com

- စု–လွှတ်–တွေ့
- အမေစု ရွှေရတု သပြေနု ဖေယျာတု
- အလုပ်ဆိုနိုး ဘုတ်ဆိုနိုး
- ဟားတိုက်ပွဲ



## စု-လွှတ်-တွေ့

၁၉၉၃ နှစ်ဦးလောက်ကလို့ထင်တယ်။ အထူးဆောင်တိုက်–၂ မှာ ကျွန်တော် ခဏပြန်ရောက်နေတယ်။ ကျွန်တော်က အခန်း–၂ မှာ။ ဇာဂနာက အခန်း–၁ မှာ။

ဇာဂနာက သတင်းစကားဆန်းတစ်ခုပါးတယ်။ တိုက်ရှည်(ဆယ်ခန်းကွဲ) အခန်း–၁ မှာရောက်နေတဲ့ ဗိုလ်ကြီးဝင်းထိန်ဆီက သတင်းစကားပါ။ ဗိုလ်ကြီးဝင်းထိန်ကပြောတယ်တဲ့။ မနေ့က ဘီလ်ရစ်ချတ်ဆန်နဲ့တွေ့တုန်းက ထောင်ထဲမှာနေရထိုင်ရ၊ စားရသောက်ရတဲ့ကိစ္စလောက်ပဲ သူပြောခဲ့မိတယ်ပဲ။ ဦးဝင်းတင်က "စု–လွှတ်–တွေ့"ကိစ္စ ပြောခဲ့တယ်ဆိုတာကြားတော့ သူ့ကိုယ်သူ အပြစ်တင်နေမိတယ်တဲ့။ အိပ်လို့တောင်မပျော်ဘူးတဲ့။

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တယ်။ မနေ့က ကျွန်တော်တို့ ထောင်ဘူးဝကိုခေါ်ထုတ်ခံရတယ်။ ဘူးဝက ညွှန်မှူးရုံးမှာ အမေရိကန်လွှတ်တော်အမတ် ဘီလ်ရစ်ချတ်ဆန်နဲ့တွေ့တယ်။ ဗိုလ်ကြီးဝင်းထိန်ရယ်၊ မသီတာ(စမ်းချောင်း)ရယ်။ နိုင်ငံရေးအကျဉ်းသားလား ဘာလားမသိရတဲ့ အခြားအကျဉ်းသားနှစ်ယောက်ရယ်၊ ကျွန်တော်ရယ်၊ စုစုပေါင်းငါးယောက်တွေ့ခဲ့ရတာပါ။ (ဒီသတင်းကို နောက်တစ်နေ့ထုတ်အစိုးရသတင်းစာတွေမှာ ဖော်ပြခဲ့တယ်။)

တစ်ယောက်ချင်းတွေ့ရတာဆိုတော့ ဘယ်သူက ဘယ်သူ့အရင်တွေ့တယ်၊ နောက်မှတွေ့တယ်ဆိုတာ ကျွန်တော် မသိဘူး။

ကျွန်တော့်ကို ထောင်ဝတ်စုံသစ် အကျီဖြူ လုံချည်ဖြူထုတ်ပေးတယ်။ အဲဒီအချိန်က ထောင်ဝတ်စုံက အပြာမဟုတ်ဘူး။ အဖြူရောင်ပါ။ ကျွန်တော့်ကို အထူးဆောင်က ထောင်ဘူးဝအထိ ကားနဲ့ခေါ်သွားတယ်။ ခေါင်းကို အဝတ်အိတ်စွပ်ပြီး မျက်နှာအုပ်ထားတယ်။ ဘူးဝရောက်တော့ ထောင်ပိုင် ဗိုလ်ကြီးသာဦးက ကားနားလာပြီး ဆလံပေးတယ်။ (ဆလံပေးတယ်ဆိုတာ စစ်တပ်အလေးပြုနည်းကိုပြောတာ။) ကားတံခါးတော့ ဖွင့်မပေးဘူး။ ကားတံခါးလည်း မရှိဘူးလေ။ ကားကန့်ပါတ် မရှိတဲ့ကား။ စစ်ကြိုခေတ်ကကား။ စုတ်ပြတ်ကျိုးပဲ့ကြွေကျနေပြီ။ ထောင်မကြီးထဲက မနက်ညထမင်း၊ တာလဘောဟင်း၊ ပဲဟင်း၊ ငါးပိတွေကို ကပ်လျက်မှာရှိတဲ့ သီးသန့်ထောင်(ယခင်အခေါ် တွဲဘက်ဆောင်) ပို့ပေးနေတဲ့ကား။ ကျွန်တော်က အဲဒီကလေးကစားစရာသာသာ ကားစုတ်ကားပြတ်ပေါ်မှာ ခေါင်းစွပ်မျက်နှာဖုံးပြီး အခန့်သားလိုက်လာခဲ့တာ။ ဟောခေါင်းစွပ်လည်းဖွင့်လိုက်ရော "ထောင်တော်ရဲ့အကြီးအကဲ" ထောင်ပိုင် ဗိုလ်ကြီးသာဦးက ကားဘေးမှကျိုးနွံရိုသေမှုအပြည့်နဲ့ အလေးပြုဆလံပေးလို့။

နောက်မှာ ညွှန်မှူး ထပ်ချပ်ပါလာတယ်။ ကျွန်တော့်ကို ထောင်ဘူးထဲခေါ်သွားတယ်။ ညွှန်မှူးရုံးဧည့်ခန်းဘက် ဆက်ခေါ်သွားတယ်။ အခန်းဝတံခါးဆွဲမဖွင့်ခင် "အထဲမှာ အမေရိကန်အမတ်နဲ့ ကုလသမဂ္ဂအရာရှိ ရောက်နေတယ်။ ဝင်ပါ" လို့ ပြောတယ်။

လူကြီးလူကျယ်တစ်ယောက်ယောက်နဲ့ တွေ့ရတော့မယ်ဆိုတာ ကျွန်တော် သိပြီးသားပါ။

ထောင်ရဲ့ဖြစ်မြဲသဘောက လူကြီးလာမယ်ဆိုရင် ကောလဟာလထွက်ပြီ။ ယုတ်စွအဆုံး ညွှန်မှူး ညွှန်ချုပ်လာမယ်ဆိုတာလောက်တောင်မှ ထောင်



ထဲမှာ တစ်ရက်စောပြီး ကောလဟာလပြန့်တယ်။ ပြင်ပကလူကြီးလာမယ်ဆိုတာမျိုးကတော့ မကြားမသိသူရယ်လို့ မရှိဘူး။ အမှိုက်ပုံမီးခိုးအူသလို တစိမ့်စိမ့်လွင့်ထွက်ရုံမဟုတ်ဘူး။ တောမီးလောင်သလိုကို တဟုန်းဟုန်းပြန့်ထွက်တာ။ ကျွန်တော်တို့ကြားနေတဲ့ သတင်းက အဲဒီအချိန်က လူ့အခွင့်အရေးကိုယ်စားလှယ်လုပ်နေတဲ့ ဂျပန်မကြီး အိုဂါးတားလိုလို ဘယ်သူလိုလို ဘယ်ဝါလိုလို လာမယ်တွေ့မယ်ဆိုတာပါ။

ဟော… ခုတော့ အမေရိကန်အောက်လွှတ်တော်ထောက်လှမ်းရေးကော်မတီဥက္ကဋ္ဌ ဘီလ်ရစ်ချတ်ဆန်တဲ့။ တံခါးဝရောက်မှသိရတာ။

အခန်းထဲဝင်လိုက်တော့ ထောင်အခြေစိုက် ထောက်လှမ်းရေးစခန်းတာဝန်ခံ ဦးဆောင်ပြီး ထောင်ညွှန်ချုပ်၊ ညွှန်မှူးတွေ၊ ထောင်အရာရှိကြီးတွေ၊ ထောင်ဆရာဝန်ကြီးတွေ၊ ပြင်ပက ရဲကြီးတွေ၊ နိုင်ငံခြားရေးရုံးက အရာရှိကြီးတွေ၊ အုပ်ချုပ်ရေးဌာန အရာရှိကြီးတွေ တန်းစီရပ်နေတာတွေ့ရတယ်။ သူတို့ရှေ့မှာ စားပွဲတစ်လုံးရှိတယ်။ စားပွဲမှာ နိုင်ငံခြားသားသုံးယောက်ထိုင်နေတယ်၊ စားပွဲဘေးမှာ တိုက်ပုံဝတ်ထောက်လှမ်းရေးလား၊ စကားပြန်လားမသိ။ လူတစ်ယောက်ရှိတယ်။ စားပွဲပေါ်မှာ အသံသွင်းစက်တွေ တထွေးကြီးချထားတယ်။

ကျွန်တော့်ကို စားပွဲမှာထိုင်ခိုင်းတယ်။ နိုင်ငံခြားသားတွေနဲ့မိတ်ဆက်ပေးတယ်။ ရစ်ချတ်ဆန်နဲ့ပါလာသူတွေက ကုလသမဂ္ဂအရာရှိတစ်ဦးတဲ့။ နာမည်မမှတ်မိဘူး။ နယ်သာလန်နိုင်ငံသား ဒတ်ချ်လူမျိုးတစ်ယောက်။ နောက်တစ်ယောက်က အမေရိကန်သံရုံးက အရာရှိတဲ့။

အချိန်သတ်မှတ်ချက် ဘယ်လောက်ရှိမှန်းမသိလို့ ကျွန်တော် မြန်မြန်ပဲ စကားစပြောတယ်။

"ထောင်ထဲမှာ နိုင်ငံရေးအကျဉ်းသားအများစု သဘောတူတဲ့ နိုင်ငံရေးပေမ်းစဉ်တစ်ခုရှိတယ်။ စု–လွှတ်–တွေ့ ပဲ။ စုဆိုတာ ဒေါ်စုနဲ့ နိုင်ငံရေးအကျဉ်းသားအားလုံး ချွင်းချက်မရှိလွှတ်ပေးဖို့။ လွှတ်ဆိုတာ ၁၉၉၀ ရွေးကောက်ပွဲက အနိုင်ရွေးကောက်လိုက်တဲ့ ပါလီမန်လွှတ်တော်ခေါ်ယူဖွဲ့စည်းပေးဖို့။ တွေ့ဆိုတာ မဲဆန္ဒရှင်ပြည်သူတွေ ရွေးကောက်တင်မြှောက်လိုက်တဲ့ ပါလီမန်လွှတ်တော်ခေါ်ယူဖွဲ့စည်းပေးဖို့။ တွေ့ဆိုတာ ဒီမိုကရေစီအတိုက်အခံအင်အားစုပါတီ ၁၀၀ ကျော်က လုပ်ခွင့်အာဏာ (Mandate) ပေးအပ်ထားတဲ့ပုဂ္ဂိုလ်နဲ့ နဝတရဲ့အဆုံးအဖြတ်ပေးနိုင်တဲ့ ပုဂ္ဂိုလ်တို့ နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲ (Dialog) လုပ်ဖို့ပါ။

www.burmeseclassic.com

www.burmeseclassic.com



ရစ်ချတ်ဆန်ကမေးပါတယ်။ နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲဖြစ်နိုင်မယ်လို့ ထင်သလားတဲ့။

ကျွန်တော် မထင်ပါဘူး။ ဒါပေမဲ့ တောင်းဆိုချက်က ဒီချုပ်(NLD)ဖွဲ့ပြီး စရက်ပိုင်းကတည်းကရှိခဲ့တာပါ။ ဒီချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည် လက်မှတ်ထိုးပြီး အဲဒီအချိန်က နဝတအတွင်းရေးမှူး(၁) ဗိုလ်ချုပ်ခင်ညွန့်ဆီကို စာရေးတောင်းဆိုခဲ့တာပါ။ အခုလည်း ထောင်ထဲမှာ နိုင်ငံရေးအကျဉ်းသားအားလုံး ဒီတောင်းဆိုချက်ကို ကိုင်စွဲထားပါတယ်လို့ ကျွန်တော် အဖြေပေးပါတယ်။

ဒီတောင်းဆိုချက်အပေါ်မှာသာ အကျဉ်းသားအားလုံး သဘောတူတာ မဟုတ်ဘူး။ စု–လွှတ်–တွေ့ တောင်းဆိုချက်အားလုံးကို နိုင်ငံရေးအကျဉ်းသားအားလုံးသဘောတူတယ်။ ကျွန်တော် အဲဒီလိုပဲ အနိုင်အမာပြောပါတယ်။

ဒီတောင်းဆိုချက်သုံးရပ်လုံးဟာ ဒီချုပ်ရဲ့တောင်းဆိုချက်တွေပဲ။ ဒီချုပ်စဖွဲ့ကတည်းကရှိခဲ့တာ။ လွှတ်တော်တောင်းဆိုချက်ကလည်း ဒီချုပ်ရဲ့အဓိကတောင်းဆိုချက်ပါ။ ဒါတွေကို နိုင်ငံရေးအင်အားစုတိုင်း၊ နိုင်ငံရေးခေါင်းဆောင်တိုင်း၊ နိုင်ငံရေးလှုပ်ရှားသူတိုင်း၊ နိုင်ငံရေးကိုအလေးထားသူတိုင်း ကိုင်စွဲထောက်ခံဝန်းရံအားပေးခဲ့ကြပါတယ်။ ထောင်ထဲမှာလည်း ဒီသဘောထားတွေအတိုင်း ရပ်တည်ပါတယ်။

ဒီကိစ္စမှာ ကျွန်တော် ပါဝင်ပတ်သက်တဲ့အခန်းကလေးတစ်ခုရှိတယ်။ ထောင်ထဲမှာ ညှိကြတော့ စု–လွှတ်–တွေ့လား။ စု–တွေ့–လွှတ်လား။ ပြဿနာပေါ်တယ်။ လွှတ်တော်ခေါ်ယူဖွဲ့စည်းရေး အရင်တောင်းမလား။ တွေ့ဆုံဆွေးနွေးရေး အရင်တောင်းမလား။

တွေ့ဆုံဆွေးနွေးပွဲ အရင်လုပ်နိုင်မှ နိုင်ငံရေးညှိလို့ရပြီး လွှတ်တော်ခေါ်လို့ ရနိုင်တယ်လို့ ယူဆသူတွေရှိတယ်။ လွှတ်တော်ခေါ်မှ တရားဝင်မှုအား၊ ပြည်သူ့အား၊ နိုင်ငံတကာအားတွေပေါ်လာပြီး တွေ့ဆုံဆွေးနွေးပွဲဖြစ်နိုင်မယ်လို့ ယူဆ သူတွေရှိတယ်။ လွှတ်တော်ခေါ်ဖို့တောင်းတာ၊ ဒီချုပ်က အာဏာလက်ဦးချင်လို့ ဆိုသူတွေလည်းရှိတယ်။ တွေ့ဆုံဆွေးနွေးပွဲဟာ တရားဝင်အစိုးရနဲ့ လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်း ဆွေးနွေးဖို့ပဲ။ စစ်တပ်နဲ့မဟုတ်ဘူး။ စစ်တပ်က ဘက်(side)မဟုတ်။ အစိုးရဘက်ကသာပါဝင်ရမယ့်လူ (seat) သာ ဖြစ်တယ်ဆိုတဲ့ အသံတွေလည်းရှိတယ်။



ဒါတွေအားလုံးကို ဝိုင်းညှိကြတယ်။ နောက်ဆုံး စု–လွှတ်–တွေ့လမ်းကြောင်း အပြီးအပြတ်ပေါ်လာတယ်။ ဝိုင်းဝန်းညှိနှိုင်းသူတွေထဲမှာ ကျွန်တော်လည်း တစ်ယောက်ပါဝင်ခဲ့တယ်။ အခု ဘီလ်ရစ်ချတ်ဆန်ကတစ်ဆင့် ကမ္ဘာသိကြေညာဖော်ထုတ်နိုင်လိုက်ပြီ ဖြစ်ပါတယ်။

(တခြားတွေ့ခွင့်ရသူတွေ ဒီကိစ္စပြောမပြော ကျွန်တော် မသိနိုင်ခဲ့ဘူး။ ဗိုလ်ကြီးဝင်းထိန် မပြောဖြစ်ခဲ့တာတော့ သေချာတယ်။ ဒါကြောင့် ရစ်ချတ်ဆန်နဲ့ ကျွန်တော်ပြောခဲ့တာတွေကြားတယ်။ နိုင်ငံရေးကိစ္စ သူမပြောလိုက်မိတာကို စိတ်မကောင်းဖြစ်တယ်။ အိပ်လို့တောင် မပျော်ဘူးတဲ့လေ။ ဒါဟာ ဗိုလ်ကြီးဝင်းထိန်ရဲ့ ရိုးသားပွင့်လင်းတဲ့ အရင်းခံစိတ်က ပွင့်အန်ထွက်လာတဲ့ နိုင်ငံရေးသဘောထားပဲလို့ ကျွန်တော် မှတ်ယူတယ်။ သူ့ရဲ့ မုဒိတာစကားကြောင့် ကျွန်တော်ဂုဏ်ယူတယ်။ ကိုယ့်အတွက် ဂုဏ်ယူတာထက် သူ့ရဲ့ရိုးသားပွင့်လင်းတဲ့ နိုင်ငံရေးအသိ အရင်းခံစိတ်အတွက် ပိုဂုဏ်ယူပါတယ်။)

ဘီလ်ရစ်ချတ်ဆန်က ကျွန်တော့်ကို မေးခွန်းတွေမေးတယ်။ နေရေးထိုင်ရေး စားရေးသောက်ရေး ကျန်းမာရေးကိစ္စတွေပေါ့။

ထောင်ထဲမှာ လူလိုမနေရ။ လူလိုမအိပ်ရ။ လူလိုမစားရ။ ဆေးဝါးကုသမှုမရှိ။ မပြည့်စုံတာလောက်ကို ပြောတာမဟုတ်။ ရှိကိုမရှိတာ။ လုံးဝမရှိတာကို ပြောတာ။ ထောက်လှမ်းရေးလက်သံပြောင်လို့ ကျွန်တော့်ပါးစပ် ပြောင်တလင်း ပါသွားတယ်။ အခုသုံးလေးနှစ်ရှိပြီ။ သွားစိုက်ခွင့်တောင်းတာ လုံးဝမရဘူး။ နောက်ထပ်ဘယ်နှစ်နှစ်နေရဦးမယ်မသိဘူး။ ထောင်ကကျွေးတဲ့ ဆန်လုံးတီး ကမင်း "ခွေးအန်ဖတ်" (၁၃၀၀ပြည့်ကထုတ်ခဲ့တဲ့ "ထောင့်အရသာ" ဆိုတဲ့ ဆောင်းပါးပေါင်းချုပ်စာအုပ်ထဲမှာ သုံးတဲ့ စကားလုံး) ကို သွားမရှိတဲ့ ပါးစပ်ထဲက ားဖုံးနဲ့ပွတ်ချေနေရတယ်။ ဘယ်လောက်ဒုက္ခရောက်မလဲ စဉ်းစားကြည့်ပေါ့။ ပူပိုင်း ချုံ့နွယ်ပိတ်ပေါင်းထူတဲ့အရပ်မှာ ခြင်ထောင်သုံးခွင့်မရှိဘဲ အိပ်ရတာ။ ကာအရံမရှိတဲ့အခန်း ကြမ်းပေါ်မှာ အိပ်ရတာ ဘယ်လိုနေမလဲ စဉ်းစားသာ ည့်။

ကျွန်တော် ကာယိကဒုက္ခတွေ သိပ်မပြောလိုက်ပါဘူး။ စိတ်ပိုင်းဒုက္ခထဲ လည်း နည်းနည်းပဲ ထောက်ပြလိုက်ပါတယ်။

"ကျွန်တော်တို့ စာမဖတ်ရဘူးဗျာ။ စာမရေးရဘူးဗျာ။ သီချင်းမဆိုရ းဗျာ။ အင်္ဂလိပ်စကားမှာ Genocide မျိုးဖြုတ်မှုဆိုတဲ့စကားရှိတယ်။ ကျွန်

www.burmeseclassic.com

www.burmeseclassic.com



တော်တို့ထောင်ထဲမှာ ကြုံနေရတာက ဉာဏ်ဖြုတ်မှုဗျ။ ကျွန်တော်တို့တွေကို အသိဉာဏ်မျိုးတုံးပြီး နုလပိန်းတုံးဖြစ်အောင် လုပ်နေတာ။ အင်္ဂလိပ်စကားမှာ ရှိမရှိတော့ ကျွန်တော် မသိဘူး။ ဒီမှာ စစ်အစိုးရကျူးလွန်နေတာက Intelectocite ဗျ။ Intelect ကို မျိုးဖြုတ်နေတာ။ ဒါတွေအားလုံးဟာ လူ့အခွင့်အရေးချိုးဖောက်မှုတွေပဲ။ ကျွန်တော်တို့ တစ်ပြည်လုံး လူဖန်ဆင်းတဲ့ငရဲဘုံကြီးထဲ ရောက်နေတယ်"

ဘီလ်ရစ်ချတ်ဆန်က မေးတယ်။

"အခုလုပ်နေတဲ့ အမျိုးသားညီလာခံကိစ္စ ဘယ်လိုသဘောရှိသလဲ"

"ဒီညီလာခံဆိုတာက ရွှေရေစိမ်ကြီးဗျ။ (Gold Plated)။ အတုအယောင်ကြီးဗျ။ (Sham)။ စစ်အစစ်နဲ့ ဒီမိုကရေစီကပြား ညားခိုင်းနေတာဗျ။ (Half-breed)။ ဒါကြီးကို ကျွန်တော်တို့ လုံးဝ လုံးဝ လက်မခံဘူး။ ဖျက်သိမ်းပစ်ရမှာပဲ။ သပိတ်မှောက်ပစ်ရမှာပဲ"

"ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့စရာရှိတယ်။ ဘာများမှာချင်သေးလဲ"

"ခင်ဗျားကြားဘူးမလား မသိဘူး။ ဒုတိယကမ္ဘာစစ်အတွင်းက ကမ္ဘာကျော် ကာတွန်းဆရာကြီးဒေးဗစ်လိုးက လန်ဒန်တိုင်းမ်စ်သတင်းစာမှာကာတွန်းတစ်ပုံရေးတယ်။ ဝန်ကြီးချုပ်ချာချီနောက်မှာ လူထုကြီးချီတက်နေတဲ့ပုံပဲ။ ကာတွန်းပုံစာက "လှည့်မကြည့်နဲ့။ အားလုံးခင်ဗျားနောက်မှာရှိတယ် ချာချီ"တဲ့။ "လှည့်မကြည့်နဲ့ ဒေါ်စု နိုင်ငံရေးအကျဉ်းသားအားလုံး ခင်ဗျား နောက်မှာ ရှိတယ်"လို့ ကျွန်တော် ကာတွန်းစကားမှာချင်တယ်ဗျာ။ ကိုယ့်လမ်းအတိုင်းပဲ မောင်း (Stay the course)လို့ ကျွန်တော် သဘော်သားစကား မှာချင်တယ်ဗျာ"

ရစ်ချတ်ဆန်နဲ့စကားဝိုင်းကတော့ ဒါပါပဲ။

အထူးဆောင်မှာ ကျွန်တော်ကျောနွေးအောင် မနေလိုက်ရပါဘူး။ နေရင်းဝက်စားကျင်း ပြန်ရောက်သွားတယ်။ ခြင်တောထဲ အိပ်မြဲအိပ်ရတယ်။ ပုရွက်ဆိတ်တောထဲ ထိုင်မြဲထိုင်ရတယ်။ သွားဗလာပါးစပ်နဲ့ ဆန်လုံးညိုဟပ်မြဲဟပ်ရတယ်။ ဒီလိုထောင်ခရီးကြမ်း၊ လူ့ငရဲမီးလောင်ပြင်ကို နောက်ထပ်ဆယ်လေးငါးနှစ်ဖြတ်ရဦးမယ်။

ကျွန်တော် မသေဘူး။ ရစ်ချတ်ဆန်ကို ကျွန်တော် ပြောပြခွင့်ရလိုက်တဲ့ "စု-လွှတ်-တွေ့"လည်း မသေဘူး။

စု-လွှတ်-တွေ့ဟာ ထောင်တွင်းနိုင်ငံရေးလှုပ်ရှားမှုတွေ၊ ထောင်တွင်းအခွင့်အရေးတိုက်ပွဲတွေ၊ ထောင်တွင်းစစ်ကြောရေး ဦးနှောက်ဆေးမှုတွေ၊ စိတ်ပိုင်းဆိုင်ရာ လူ့ငရဲတွေကို ကျွန်တော်တို့အသက်နဲ့ကိုယ် အိုးစားမကွဲဘဲ ကျော်နိုင်စေခဲ့တယ်။



ဒီနေ့ဒီအခါလို ရင့်ရော်တဲ့စစ်အာဏာရှင်စနစ်ကနေ မရင့်ကျက်တဲ့ ခွေးတူဝက်တူသတ္တဝါလို စစ်တူလူတူနဖားကြိုးတပ် ဒီမိုကရေစီစနစ်ဆီ ရုပ်ပြောင်းရုပ်လွှဲ သုံးလေးငါးကိုယ်ခွဲနေတဲ့အချိန်ထိလည်း "စု-လွှတ်-တွေ့"ဟာ ရှင်သန်လန်းဆန်းနေဆဲပါ။

ရှစ်လေးလုံးအရေးတော်ပုံကြီးရဲ့ ဒီမိုကရေစီရေး၊ လူ့အခွင့်အရေး၊ အာဏာရှင်စနစ်ဆန့်ကျင်ရေး၊ ခွင့်တူညီမျှဝါဒဖြူစင်တဲ့ စစ်မှန်သောပြည်ထောင်စုတည်ထောင်ရေး စတဲ့ ခေတ်ရဲ့ဆန္ဒသဘောထားတွေ ပေါင်းဆုံစည်းလုံးနေတဲ့ စု-လွှတ်-တွေ့။ လူမျိုးပေါင်းစုံ ပြည်သူတစ်ရပ်လုံးရဲ့ တောင်းဆိုချက်တွေ ဝိညာဉ်တွယ်တဲ့ စု-လွှတ်-တွေ့။ တောင်းဆိုချက်ဆန္ဒသဘောထားတွေ အားလုံး မီးဆင်းစိမ့်ဝင်တဲ့ "စု-လွှတ်-တွေ့"။

ဆယ်စုနှစ်သုံးလီနီးပါးကာလအတွင်း သစ္စာပြယ်တွေ၊ သစ္စာပြောင်းတွေ၊ သစ္စာဖျက်တွေ၊ သစ္စာဖောက်တွေက ရှစ်လေးလုံးဒီမိုကရေစီအရေးတော်ပုံရဲ့ သစ္စာတရား၊ ၁၉၉၀ အာဏာရှင်စနစ်ဆန့်ကျင်ရေး ပြည်သူ့ဆန္ဒဖော်ထုတ်မှုရဲ့ သစ္စာတရားတွေကို ဘယ်လိုပဲ အိုးမဲသုတ်သုတ်၊ ရေရောရော၊ ခုတ်ဖျက်ဖျက် စု-လွှတ်-တွေ့ရဲ့အနှစ်တရားတွေက လန်းဆန်းဝေဆာတုန်း။

ဒေါ်စုနဲ့ နိုင်ငံရေးအကျဉ်းသားအားလုံး ချွင်းချက်မရှိလွှတ်ပေး၊ ၁၉၉၀ ပါတီစုံအထွေထွေရွေးကောက်ပွဲရလဒ် လေးစားလိုက်နာ၊ အတိုက်အခံအင်အားစုတွေနဲ့ နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲကျင်းပဆိုတဲ့ တောင်းဆိုချက်တွေကလည်း ဒီနေ့အထိ ကျယ်လောင်စွာ မြည်ဟီးတုန်းပါပဲ။

ကာလပေါ်သမိုင်းလှုပြက် ပြည်သစ္စာဖျက်တိုင်း သစ္စာဖောက်တွေရဲ့ နိုင်ငံရေးမူဝါဒ၊ နိုင်ငံရေးရပ်တည်ချက်၊ နိုင်ငံရေးတောင်းဆိုချက်ဆိုင်ရာ ရုပ်ပြောင်း ရုပ်လွှဲလုပ်တမ်းကစားမှုတွေ၊ စစ်အာဏာရှင်တွေက ခါးမတို့ခင်က ပေးတယ်အကို့ မာယာဆောင်မှုတွေကို "စု-လွှတ်-တွေ့"နဲ့ သူ့ရဲ့ဆင့်ပွားကိုယ်ပွား နိုင်ငံရေး တရားစစ် တရားမှန်တွေက နိုင်ငံရေး ဥပေက္ခာတရား မျက်လုံးများနဲ့ မမှိတ်မသုန် စိုက်ကြည့်နေမှာပါ။

◆

www.burmeseclassic.com

www.burmeseclassic.com

## အမေစု ရွှေရတု သပြေနု ဖေယျတု

နိုင်ငံရေးအကျဉ်းသား လူငယ်အားလုံးပျော်နေကြတယ်။ လက်ခုပ်လက်ဝါးတီးကြ၊ အချင်းချင်းကျောသပ်ကြ၊ အမေစုကွဟေ့ အော်ကြ၊ ရွှေရတုကွဟေ့ ဟစ်ကြ၊ သပြေနုကွဟေ့ ဟိန်းကြ၊ ဖေယျတုကွဟေ့ ဟောက်ကြ။

၁၉၉၅ နှစ်ဆန်းလောက်မှာပါ။ ဒေါ်အောင်ဆန်းစုကြည် နှစ်ငါးဆယ်ပြည့်မယ့်နှစ်လေ။ တိုက်–၃က လူငယ်တချို့ အကြံရတယ်။ အမေစုရွှေရတုပွဲလုပ်မယ်။ လူငယ်တချို့က တစ်မျိုးအကြံရတယ်။ အမေစုဆီ သပြေနုဖေယျတုကမ်းမယ်။ ဘယ်မှာလဲ သပြေပင်။ ဘယ်မှာလဲ ခရသင်း။

"– တကယ့်သပြေနုပို့မယ်ပြောတာ မဟုတ်ဘူးကွ။ တကယ့်ခရသင်းမှုတ်ပြီး ဖေယျတုဟစ်မယ်ပြောတာ မဟုတ်ဘူးကွ။ သပြေနုနဲ့တူတဲ့ စက္ကူပေါ်မှာ၊ ဒါမှမဟုတ် ပလတ်စတစ်ပေါ်မှာ၊ ဒါမှမဟုတ် အဝတ်စပေါ်မှာ သဝဏ်လွှာရေးမယ်။ သဝဏ်လွှာထဲမှာ ဖေယျတုနဲ့တူတဲ့ အောင်စိတ်အောင်မာန်အောင်သံတွေ ရေးမယ်ကွာ"



တိုက်ဝင်းထဲက တိုက်ပေါင်းစုံမှာ လူငယ်တွေညှိကြတယ်။ သဝဏ်လွှာကို ပိတ်စပေါ်မှာရေးဖို့ သဘောတူတယ်။ အပြင်က တက်ထရွန်လုံချည်ဖြူတွေသွင်းတယ်။ စာလုံးပေါ်လွင်အောင်ရေးဖို့ ဂျဲပင်တွေ၊ ဆော့ပင်တွေ၊ မင်စိုဘောပင်တွေသွင်းတယ်။ သဝဏ်စာတွေကို တစ်ဦးချင်းစိတ်ကြိုက်၊ ဒါပေမဲ့ တိုနိုင်သမျှတိုတိုရေးဖို့ ညှိကြတယ်။

ဒေါ်စု ရွှေရတုမွေးနေ့ ၁၉၉၅ ဇွန် ၁၉ မတိုင်ခင် သပြေနုအပြင်အရောက်ပို့ဖို့ စိုင်းပြင်းကြတော့တယ်။

သပြေနုအဝတ်စတွေ(၂) ဝန်ထမ်းကတစ်ဆင့် အပြင်ထုတ်ရမှာ။ အဝတ်စအပြင်ထုတ်နည်း စဉ်းစားကြတယ်။ (ဘယ်လိုထုတ်တယ်ဆိုတာ ရေးမပြပါရစေနဲ့)။ အဝတ်စဆိုတော့ သယ်ရယူရ ထောင်ဘူးဝဖြတ်ရသန်းရ လွယ်တာပေါ့။ အဝတ်စတွေကို ရှပ်အင်္ကျီကျောဘက်ခြမ်းအရွယ်လောက်ဖြတ်တယ်။ တိုက်တိုင်းကို တစ်စစီလောက်ပေးတယ်။ ရေးချင်သူတိုင်းရေးနိုင်ဖို့ စီစဉ်တယ်။

ဘောပင်ကိစ္စကလည်း တကယ်လုပ်တော့ အတော်ခက်သား။ ဘောပင်ထောင်ထဲသွင်းဖို့ဆိုတာ နည်းလမ်းရွေးစရာသိပ်မရှိဘူး။ ထောင်ဝင်စာကသွင်းဖို့လည်း သိပ်မလွယ်ဘူး။ ဒီလောက်အချောင်းကြီးကို ဘယ်အထုပ်ကြားညှပ်မလဲ။ ဘယ်စားစရာထဲ ထိုးမလဲ။ ဘယ်ပစ္စည်းကြားလိပ်မလဲ။ ဒီတော့ ဝန်ထမ်းကတစ်ဆင့်ပဲ သွင်းရတော့မှာပေါ့။ ဝန်ထမ်းနဲ့သွင်းတယ်ဆိုတော့ ဝန်ထမ်းကိုပဲ ပုံအပ်လိုက်ရတော့မှာပေါ့။ ဘောပင်တွေသွင်းဖို့ ဝန်ထမ်းကိုလွှဲတော့ ဝန်ထမ်းသုံး ဘောပင်မျိုးပဲရမယ်။ လိုချင်တဲ့ဂျဲပင်မျိုး၊ ယူနီပင်မျိုး၊ မင်စိုပင်မျိုးဆိုတာတွေ ရဖို့မသေချာဘူး၊ ဖိရွေးနေလို့ မဖြစ်တော့ဘူး။ တွေ့ရာဘောပင်ကို မြန်မြန်သာသွင်းခဲ့ မောင်ရယ်လို့ ဝန်ထမ်းကိုမှာရတယ်။ ဒီတော့ တချို့တိုက်တွေ ခဖို့ ရေးရသားရ အဆင်မပြေလှဘူး။

ရေးတဲ့သားတဲ့အဆင့်ရောက်လာတယ်။ တချို့ကပွဲကြီးလမ်းကြီးတွေကိုပို့တဲ့ တကယ့်စာဝင်ပေမြောက် သဝဏ်လွှာလို၊ မင်္ဂလာသြဘာစာလို တခမ်းတနား ရေးဖွဲ့ချင်တယ်။ ကျွန်တော်ကိုယ်တိုင်လည်း ကိုယ်ပြောချင်တာရေး

www.burmeseclassic.com



တွေ၊ ဒေါ်စု သိစေချင်တာလေးတွေ စုံစေ့အောင်လက်တဝါးစာ မဟုတ်တောင် လေးငါးဆယ်ကြောင်းလောက်တော့ မရရအောင် ရေးချင်တယ်။ လူ့စိတ်သဘာဝပဲ။ အကျဉ်းသားစိတ်သဘာဝပဲ။

အန်တီ ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ သက်တော်ရာကျော်ရှည်ပါစေ ဆိုတာလောက်ပဲ ရေးသူတွေလည်းရှိတယ်။ သတိအမျိုးမျိုးပေးထားတဲ့ကြားက ရှည်လို့ရသလောက် ရှည်ရှည်ရေးသူတွေလည်း ရှိတယ်။ ပန်းပွင့်ပုံလို၊ ရေမြေတောတောင်ပုံလို၊ ထောင်မြင်ကွင်းပုံလိုမျိုးတွေ ရေးထည့်သူက ရေးထည့်ကြတယ်။ ကာတွန်းဆွဲထည့်သူတောင်ပါသေး။

ကျွန်တော်ကတော့ အရေးကြီးဆုံး နိုင်ငံရေးသတင်းစကားလို့ ထင်မြင်မိတဲ့ **'စု–လွှတ်–တွေ့'** ကိုပဲ စာလေးငါးဆယ်ကြောင်း ရေးထည့်လိုက်တယ်။ ကျွန်တော့်အခန်းနီးချင်းတွေကလည်း အဲဒီသဝဏ်စကားအောက်မှာပဲ လက်မှတ်ဝိုင်းထိုးကြတယ်။ **'စု'** ဆိုတာ ဒေါ်စုနဲ့ နိုင်ငံရေးအကျဉ်းသားအားလုံး ချွင်းချက်မရှိလွှတ်ပေးရေး၊ **'လွှတ်'** ဆိုတာ ၁၉၉၀ ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲရလဒ်ကို လေးစားလိုက်နာပြီး လွှတ်တော်အမြန်ဆုံးခေါ်ယူဖွဲ့စည်းရေး၊ **'တွေ့'** ဆိုတာ ဒီမိုကရေစီအတိုက်အခံ အင်အားစုများနဲ့ နဝတစစ်ကောင်စီတို့ နိုင်ငံရေးတွေ့ဆုံဆွေးနွေးရေး ဖြစ်တယ်ဆိုတာကိုတောင် ရှင်းမပြနိုင်ပါဘူး။ စုနဲ့လွှတ်ကို တစ်တွဲတည်းပေါင်းဖတ်ပြီး ဒေါ်စုလွှတ်ပေးဖို့ တောင်းတာပဲလို့ ထင်တတ်ကြတယ် မဟုတ်လား။ ဒေါ်စုလည်း အဲဒီလို တွေးမိမလားလို့ စိုးရိမ်မိတယ်။ အမေရိကန်လွှတ်တော်အမတ် ဘီလ်ရစ်ချတ်ဆန်နဲ့ ဒေါ်စုတွေ့မှာပဲ။ အမတ်ကလည်း ရှင်းပြဖြစ်မှာပဲလို့ စိတ်ဖြေရတယ်။

ကျွန်တော်တို့တွေ အားလုံး သပြေနုအဝတ်စပေါ်မှာ ဧယျတုသဝဏ်စကားတွေ ရေးပြီးကြတော့ သပြေနုကို ထောင်ပြင်ထုတ်ကြတာပေါ့။ အဝတ်စတွေဆိုတော့ ထောင်ပြင်ထုတ်ရာမှာ သိပ်အခက်အခဲမရှိလှပါဘူး။ အဝတ်စက စက္ကူရွက်ထက်တော့ သိုရဝှက်ရလွယ်တယ်လေ။

ဒီလိုနဲ့ **'အမေစု ရွှေရတု သပြေနု ဧယျတု'** ထောင်ပြင်ရောက်သွားတယ်။ ဒေါ်စုလက် ရောက်မရောက်တော့ ဧကန်ကေမသိဘူး။ ရောက်မှာပါ။ ရောက်ကိုရောက်မှာပါ။ ကျွန်တော်တို့အဖို့ကတော့ ဒေါ်စုလက်ရောက်တာ



မရောက်တာထက် နိုင်ငံရေးလုပ်ငန်းတစ်ခုကို လှုပ်ရှားမှုပုံသဏ္ဌာန်နဲ့ အကောင်အထည်ဖော်နိုင်ခဲ့တာဟာ အောင်မြင်မှုပါပဲ။ အဲဒီလိုပဲ တထစ်ချပြောချင်ပါတယ်။

အထူးသဖြင့် ပြောချင်တာတစ်ခုရှိပါတယ်။

ဒီရွှေရတုသဝဏ်လွှာ လှုပ်ရှားမှုဖော်လိုက်နိုင်တာဟာ နောင်လာမယ့် နိုင်ငံရေးမှန်တိုင်းတွေအတွက် မျိုးစေ့ကြဲတာဖြစ်တယ်။ တာလွှတ်ခရာသံပေးတာ ဖြစ်တယ်။ ဒီရွှေရတုသဝဏ်လွှာလှုပ်ရှားမှုမှာ မြစ်ဖျားခံပြီး အခြားအခြားသော ထောင်ပုံစံခွက်ထဲက နိုင်ငံရေးမုန်တိုင်းတွေ ထန်ခဲ့တယ်ဆိုတာ ပြောချင်ပါတယ်။

အင်းစိန်ထောင်မှာသာမက တစ်ပြည်လုံးမှာရှိတဲ့ ထောင်ကြီးထောင်ငယ်တွေ၊ အလုပ်စခန်းတွေမှာ ပေါ်ပေါက်ကြုံတွေ့နေရတဲ့ လူမဆန်ဆုံး လူ့အခွင့်အရေးချိုးဖောက်မှုတွေအကြောင်း၊ တောရိုင်းတိရစ္ဆာန်စိတ်နဲ့ ကျူးလွန်ခဲ့တဲ့ ညှင်းပမ်းနှိပ်စက်မှုတွေအကြောင်း၊ ဗြဟ္မစိုရ်တရား အကင်းမဲ့ဆုံး စိတ်မိုက်စိတ်ရိုင်းတွေနဲ့ အကျဉ်းသားတွေအပေါ် ကျင့်သုံးခဲ့တဲ့ အနိုင်ကျင့်မှုတွေ၊ ဖိနှိပ်ချုပ်ချယ်မှုတွေအကြောင်း။ အဲဒါတွေအားလုံးကို လေ့လာစုဆောင်း စာတန်းကြီးပြုစုပြီး ကုလသမဂ္ဂ အတွင်းဝန်ချုပ်ဆီပို့ခဲ့တယ်။ အဲဒီ ကုလသမဂ္ဂစာတန်းလှုပ်ရှားမှုမျိုးမှာ နိုင်ငံရေးအကျဉ်းသားအားလုံး နီးနီးကြားကြား တက်တက်ကြွကြွပါဝင်လှုပ်ရှားခဲ့ကြတယ်။ ဒါမျိုးဟာ ဒီရွှေရတုသဝဏ်လွှာ လှုပ်ရှားမှုရဲ့ အကျိုးဆက်ပေပဲလို့ ဆိုရမှာပါ။

နောင်လာမယ့် ထောင်တွင်းနိုင်ငံရေးလှုပ်ရှားမှုတိုင်းဟာ ဒီ စု–လွှတ်–တွေ့ လှုပ်ရှားမှုမှာ မြစ်ဖျားခံပြီး စီးဆင်းခဲ့တယ်။

ဒီရွှေရတုသဝဏ်လွှာ လှုပ်ရှားမှုက သွေးထိုးပေးလိုက်တဲ့ မာန်ညဏ်တွေ့ကိုတွေရဲ့ စွမ်းအားကြောင့် စာပေအနုပညာဆိုင်ရာ အားထုတ်မှုတွေ တသီတတန်းကြီး ပေါ်ထွက်လာခဲ့တယ်။ ကျွန်တော်တို့ နိုင်ငံရေးအကျဉ်းသားများကြားမှာ အကြောက်တရား ကင်းစင်ကွယ်ပျောက်ကုန်တယ်။ လုပ်ငန်းလုပ်ရပ်တွေ လုပ်ဆောင်ဖို့အတွက် ဘယ်လိုအခက်အခဲကိုမဆို ကျော်နင်းဖြတ်သန်းနိုင်ဖို့အတွက် လိုလျှင်ကြံဆ နည်းလမ်းတွေရလာတယ်။

www.burmeseclassic.com

www.burmeseclassic.com



ထောင်အဆင့်မှာ မင်းမူစိုးမိုးနေတဲ့ ထောင်/ထောက်အာဏာရှင်ပေါက်စ ပိစိကွေးတွေကို ကြောက်ရေးမစိုက်တော့ဘူး။ ကြောက်စာရင်းမသွင်းတော့ဘူး။ ကိုယ်အော်သင့်တာ ရဲရဲအော်တယ်။ ကိုယ်လုပ်စရာရှိတာ ရဲရဲလုပ်တယ်။ ကိုယ်လှုပ်သင့်တာ ရဲရဲလှုပ်တယ်။ ကိုယ်ဖော်သင့်တာ ရဲရဲဖော်တယ်။

ဒီစိတ်ဓာတ်၊ ဒီအားမာန်၊ ဒီမကြောက်တရားတွေနဲ့ လုပ်ကြကိုင်ကြ လှုပ်ရှားကြလို့ နိုင်ငံရေးအခမ်းအနားတွေ၊ နိုင်ငံအထိမ်းအမှတ်ပွဲတွေ၊ နိုင်ငံရေးဆွေးနွေးပွဲတွေ၊ နိုင်ငံရေးဟောပြောပွဲတွေ စဉ်တိုက်ဆက်တိုက် ကျင်းပနိုင်ခဲ့တယ်။ နိုင်ငံရေးအလုပ်တွေ အများကြီးပြီးမြောက်လာခဲ့တယ်။ မဂ္ဂဇင်းတွေ၊ ဂျာနယ်တွေ၊ သတင်းလွှာတွေ၊ အထိမ်းအမှတ်စာအုပ်တွေ အများကြီးထုတ်နိုင်ခဲ့တယ်။

ဒီလိုနဲ့ပဲ ထောင်ပုံစံခွက်ထဲမှာ မုန်တိုင်းတွေ ထန်ခဲ့လေရဲ့။

◆

## အလုပ်ဆို နိုး ဘုတ်ဆို နိုး

ထောင်ဆိုတာ ဘာလဲ။ ထောင်အလုပ်က ဘာလဲ။

ထောင်ဆိုတာ လွတ်လပ်မှု ပိတ်ပင်တာ၊ လွတ်လပ်မှုရုတ်သိမ်းတာ၊ လွတ်လပ်မှုဖျက်ဆီးတာဆိုတဲ့ လုပ်ငန်းကိုအဓိကထား လုပ်တဲ့နေရာပါ။

ဒီလိုလွတ်လပ်မှုဆိုတာ လေသံမှမထွက်အောင် နည်းမျိုးစုံနဲ့ ပိတ်ဟယ် [illegible]းဟယ်လုပ်နေတဲ့ အကျဉ်းဦးစီးဌာနဟာ နိုင်ငံရေး အကျဉ်းသားတွေကို နည်းလမ်းနှစ်သွယ်နဲ့ ကိုင်တွယ်ပါတယ်။

ပထမနည်းလမ်းက နိုင်ငံရေးအကျဉ်းသားတွေရဲ့ခေါင်းကိုလှည့်တဲ့ နည်းလမ်းပေါ့။ ခေါင်းကိုလှည့်တယ်ဆိုတာက နိုင်ငံရေးအကျဉ်းသားတွေရဲ့ နိုင်ငံရေးယုံကြည်ချက်၊ ခံယူချက်၊ ရပ်တည်ချက်၊ တောင်းဆိုချက် စတဲ့ ယုံကြည်ချက်ပိုင်းဆိုင်ရာ အနေအထားတွေကို ခလောက်ဆန်ပစ်ဖို့၊ ပြောင်းပြန်လှန်ပစ်ဖို့၊

www.burmeseclassic.com

www.burmeseclassic.com



မွေနှောက်ချောက်ချားပစ်ဖို့ဆိုတဲ့ အလုပ်တွေကို လုပ်တဲ့နည်းဖြစ်ပါတယ်။ ဦးနှောက်ဆေးတဲ့အလုပ်။

နိုင်ငံရေးအကျဉ်းသားတစ်ယောက် ထောင်ထဲရောက်လာပြီဆိုတာနဲ့ အခြားနိုင်ငံရေးအကျဉ်းသားတွေနဲ့ မတွေ့ရအောင် ခွဲခြားထားလိုက်တယ်။ နေရေး ထိုင်ရေး စားရေး သောက်ရေးအဝဝ အဆင်မပြေအောင်လုပ်ထားတယ်။ ဘယ်သူနဲ့စကားမပြောနဲ့။ ဘယ်သူလာဆက်ဆက် ဘယ်လိုမှပြန်မပြောနဲ့၊ ပြန်မမေးနဲ့၊ ပြန်မချိတ်နဲ့ဆိုတာမျိုးတွေနဲ့ တားလားဆီးလားလုပ်တယ်။

နိုင်ငံရေးအကျဉ်းသားအဖို့ ထောင်ဆိုတာ ငါ့အဖို့ လွတ်လပ်ခြင်းတွေ လက်လွတ်ဆုံးရှုံးရမယ့်နေရာပဲ။ လွတ်လပ်ခွင့်ရအောင် ရှာယူမယ်ဆိုပြီး ထိုးဖောက်လုပ်ရင် လွတ်လပ်ခွင့်တွေ ပိုဆုံးရှုံးမှာပါကလားလို့ သဘောပေါက်လာအောင်လုပ်တယ်။

ဒီလိုနဲ့ လူတိုင်း ထောင်ထဲရောက်လာတာနဲ့ နာရီပိုင်း ရက်ပိုင်းအတွင်း အသိဉာဏ်နှစ်မျိုးရလာတယ်။ တစ်မျိုးက ငါ့မှာ လွတ်လပ်ခွင့်တွေအားလုံး ဆုံးသွားပြီဆိုတဲ့အသိ။ နောက်တစ်မျိုးက လွတ်လပ်ခွင့်ရှာရင် လွတ်လပ်ခွင့် ပိုဆုံးမယ်ဆိုတဲ့ နောက်ထပ်အသိ။ နောက်ဆုံးတော့ တော်ရုံတန်ရုံ အကျဉ်းသားဟာ လွတ်လပ်ခွင့်ဆိုတာကို မတို့ဝံ့မထိဝံ့တဲ့လူစား ဖြစ်လာတယ်။ အေးအေးနေတာ ကောင်းပါတယ်ဆိုတဲ့ အရှုံးခံစိတ်မျိုးဝင်သွားရော။

ဒီကနေတစ်ဆင့် နိုင်ငံရေးအကျဉ်းသားရဲ့ခေါင်းကို လှည့်တယ်။ လွတ်လပ်ခွင့်ဆိုလို့ ဘာမှမရှိတော့ပါလားလို့ သဘောပေါက်လာပြီဖြစ်တဲ့ အကျဉ်းသားဆိုတာ ခေါင်းလှည့်ဖို့ သိပ်မခက်တော့ဘူး။ ထောင်အာဏာပိုင်တွေဟာ အဲဒီအလုပ်ကို ထောက်လှမ်းရေးနဲ့ လက်တွဲလုပ်တယ်။ ထောက်လှမ်းရေးကလည်း ထောင်ထဲမှာတင် အခြေစိုက်စခန်းချနေတာ။ တခမ်းတနားနေတာ။ တမင်းတချင်း ဟိတ်နဲ့ဟန်နဲ့နေတာ။ ထောက်လှမ်းရေးတပ်သားလောက်ကို အရာရှိထောင်မှူးက ကြောက်နေရတဲ့အဖြစ်။

ထောက်ကိုထောင်က ကြောက်ရတာလည်း မဆန်းဘူး။ ထောင်အထက်ပိုင်းမှာကိုက ဒူးတုန်နေတာ။ ထောင်ဒိတ်တွေက ထောက်ချာတိတ်တွေကို ဖူးဖူးမှုတ်နေရတာကိုး။ ကြားဖူးတာ ပြောရရင် ထောက်လှမ်းရေး တစ်ရစ်နှစ်ရစ် (တပ်ကြပ်)ကို ထောင်အခွေအပွင့် အရာရှိကြီးတွေကိုယ်တိုင်က ညနေတိုင်း



အိမ်ခေါ် အရက်တိုက်သတဲ့။ ထောင်ထဲကို ညဥ့်နက်သန်းခေါင် ပြန်ဝင်ခွင့်ပေးသတဲ့။

မျက်မြင်တွေ့ဘူးတာတော့ ဗိုလ်ချုပ်ကြီးခင်ညွန့် မပြုတ်ခင် ထောက်လှမ်းရေးစခန်းတာဝန်ခံ ဗိုလ်မှူးတစ်ဦးနေပြသွားပုံပါ။ သူ တစ်ခါတလေ အထူးဆောင်ထဲမှာရှိတဲ့ ထောက်လှမ်းရေးစခန်းရုံးကိုလာတယ်။ ကားနဲ့လာတယ်။ ခွေးပါလာတယ်။ ခွေးကို ခွေးကိုင်တပည့်က အထူးဆောင်ထဲမှာ ဆော့နိုင်းတယ်။ လွတ်လပ်တဲ့ခွေးဖြူလေးက ပြေးလို့ဆော့လို့။ မလွတ်လပ်တဲ့ နိုင်ငံရေးအကျဉ်းသားတွေက သံတိုင်ကြားက မျှော်လို့ ငေးလို့။ ထောက်လှမ်းရေးအချစ်တော် ခွေးလောက်မှ ငါတို့မလွတ်လပ်ပါကလား။ နိုင်ငံရေးအကျဉ်းသားတွေ တက်ခေါက်ကြတယ်။ ခွေးက သူ့ကိုခေါ်တယ်ထင်လို့ အခန်းရှေ့ပြေးလာတယ်။ သံတိုင်ကြားက ငနဲသားလူတွေကို တွေ့တော့ ရှေ့သစ်သားတံခါးကို သေးငေါ့ပန်းသွားသတဲ့ဗျာ။ ကောင်းရော။

ထောက်လှမ်းတွေက ခွေးသာချစ်တာ။ လူကိုမချစ်ဘူး။ အကျဉ်းသားဆိုပိုမချစ်ဘူး။ နိုင်ငံရေးအကျဉ်းသားဆို မချစ်ဆုံးပေါ့။ မုန်းတောင်မုန်းကြထင်ပ။

ထောင်အာဏာပိုင်တွေက နိုင်ငံရေးအကျဉ်းသား ခေါင်းလှည့်လုပ်ငန်းအတွက် ထောက်လှမ်းရေးကိုလက်ခွဲချတယ်။ နိုင်ငံရေးအကျဉ်းသားတွေ လှိုင်ဘာလယ်တဲ့အချိန်မျိုးမှာ ထောက်လှမ်းရေးတွေ လက်မလည်ဘူး။ စစ်ကြောရေးအခန်းနှစ်ခန်းသာရှိတဲ့ ထောက်လှမ်းရေးစခန်းရုံး ရုံလျှော်တယ်။ ရုံလျှော်တယ်ဆိုပြီး ပြန်သွားလို့ရတာ မဟုတ်ဘူး။ စောင့်။

တစ်ခါကဆို ထောက်လှမ်းရေးရုံလျှော်လို့ ကျွန်တော်နှင်းတောထဲမှာ တစ်ညလုံးထိုင်စောင့်ခဲ့ရဘူးတယ်။ အချိန်က ဒီဇင်ဘာလ။ နေရာက အထူးဆောင်ဝက စေတီကလေးဘေးမှာ။ ထောင်ပုံစံအကျႌနဲ့၊ ခေါင်းစွပ်နဲ့၊ လက်နောက်ပြန်ခတ်လက်ထိပ်နဲ့။ ၁၉၆၂က ဆိုဗီယက်လေ့လာရေးခရီးမှာရောက်ခဲ့ဘူးတဲ့ မြောက်ဝင်ရိုးစွန်းထဲက မူးရ်မန့်ခ်စ်မြို့မှာတောင် ဒီလောက်မချမ်းခဲ့ဘူး။ မြည်… ဟိုတုန်းက အသက်သုံးဆယ်ကျော်။ အခုက ခြောက်ဆယ်ကျော်ကိုး။

စစ်ကြောရေးမှာ သတင်းအချက်အလက် မေးရုံမေးတာ မဟုတ်ဘူး။ နိုင်ငံရေးအကျဉ်းသားရဲ့ ခေါင်းကိုလှည့်တယ်။ တစ်ပတ်လည်အောင်လှည့်တာလည်းရှိတယ်။ ပတ်ချာလည်အောင် လှည့်တာလည်းရှိတယ်။ သုံးတဲ့နည်း

www.burmeseclassic.com

ကတော့ ညှဉ်းပမ်းမှုပေါ့။ နည်းမျိုးကတော့စုံပါပေ့ သောင်းခြောက်ထောင်ပဲ။

ခဏခဏ စစ်ကြောရေးဝင်ရတာ များလာတော့ ဆွေမျိုးမေ့သွားတယ်။ ပါတီအဖွဲ့အစည်းမေ့သွားမယ်။ ရဲဘော်ရဲဘက်မေ့သွားမယ်။ ခေါင်းဆောင်မေ့သွားမယ်။ မေ့ရာကနေ သူတို့ခိုင်းတဲ့အတိုင်း မှတ်မှားမိတတ်တယ်။ ဆွေမျိုးမသိ။ ပါတီမရှိ။ ဒေါ်စုအာဏာရှင်ဆန်တယ်တို့၊ ဦးတင်ဦး အမိန့်ပေးတယ်တို့။ ဒါမျိုးတွေပြောတတ်လာတယ်။ ရပါပြီ။ နိုင်ငံရေးအကျဉ်းသား ခေါင်းတစ်ပတ်လည်ပြီ။ ချာချာလည်ပြီ။

နိုင်ငံရေးအကျဉ်းသား ခေါင်းလှည့်တာ ထောက်ကလုပ်တော့ လက်လှုပ်တာ ထောင်ကလုပ်တယ်။

လက်လှုပ်တယ်ဆိုတာ နိုင်ငံရေးအကျဉ်းသားကို အလုပ်လုပ်ခိုင်းတာကို ပြောတာ။ စစ်အစိုးရအဆိုက နိုင်ငံရေးအကျဉ်းသားမရှိဘူးတဲ့။ ပြစ်မှုကျူးလွန်လို့ ပြစ်ဒဏ်ကျတဲ့ ပြစ်ခံအကျဉ်းသားချည်းပဲတဲ့။ ပြီးတော့ နိုင်ငံရေးအကျဉ်းသားမှန်သမျှ ထောင်ကျရင် အလုပ်ကြမ်းနဲ့ထောင်ဒဏ်ချည်းပဲ။ ဒေါ်စုလိုခေါင်းဆောင်ကြီးတောင် ထောင်သုံးနှစ်ကျတော့ အလုပ်ကြမ်းနဲ့ထောင်ဒဏ်လေ။

ဒီတော့ နိုင်ငံရေးအကျဉ်းသားကို အလုပ်ခိုင်းတယ်။ အကဲစမ်းတယ်။ အချိုးသပ်တယ်။ အမှတ်ပေးတယ်။ နိုင်ငံရေးအကျဉ်းသား အလုပ်လုပ်အောင် ပထမ ချော့ခိုင်းတယ်။ အလုပ်နာမည်လှလှတပ်ပြီး မြှောက်ခိုင်းတယ်။ အလုပ်လုပ်ကြေး 'ကွာ'လို့ခေါ်တဲ့ လေးလပတ်လျှော့ရက်အမှတ် လှိုင်လှိုင်ပေးတယ်။

ကျွန်တော့်ပထမအမှုတွဲ စိုးသိမ်းဆိုတဲ့လူငယ်ကို တရားရုံးမှာတွေ့တယ်။ သူ့ရဲ့ထောင်တွင်းအလုပ်စွန့်စားခန်းတွေကို နားအီအောင်ကြားရတယ်။ သူထမင်းဘုတ်လုပ်ပုံ၊ ထောင်သားတွေကို သူထမင်းဝေပုံ၊ သူ့ကိုထောင်သားတွေက ဟင်းတွေတပုံတခေါင်းကြီးပြန်ပေးပုံတွေကို တစ်ဝကြီးပြောတယ်။ ဩော်... ဩော် လို့ပဲ ကျွန်တော် ပြန်ပြောနိုင်တော့တယ်။

၁၉၉၁ မှ ကျွန်တော် တိုက်-၃ ရောက်သွားတယ်။ သီးလုံ(သီးခြားလုံခြုံရေး)အကျဉ်းသားဆိုပြီး တစ်ချိန်လုံးတိုက်ပိတ်ထားတယ်။ တစ်နေ့ ရေချိုးချိန် ၁၅ မိနစ်နဲ့၊ နှစ်ပတ်တစ်ခါ ထောင်ဝင်စာထွက်ချိန်လောက်ပဲ တံခါးဖွင့်ပေးတယ်။ တခြားနိုင်ငံရေးအကျဉ်းသားတွေလည်း ဒီလိုပါပဲ။ တံခါးဖွင့်ချိန် တစ်နေ့



နည်းနည်းပဲ ရကြတယ်။ တစ်နေ့တစ်နေ့ ရှစ်ပေဆယ်ပေခန်းထဲမှာ တငုတ်တုတ် ထိုင်ငေး ထိုင်တွေး ထိုင်ဆွေးရတော့တာပဲ။

စာရေးဆရာ ဗေဒင်ဆရာ မင်းသိန်းကတော့ အပြင်ထွက်ရတယ်။ ဗေဒင်ဘုတ်ကိုင်တဲ့။ နေ့လယ်ဆိုရင် သူ့ကိုတံခါးဖွင့်ပေးပြီး တိုက်ရုံးခန်းခေါ်သွားတယ်။ လက်ဖက်ရည်တိုက်တယ်။ မုန့်ကျွေးတယ်။ ထောင်မှူးယူလာတဲ့ မွေးနေ့စာရင်းတွေကိုကြည့်ပြီး ဗေဒင်ဟောရတယ်။ သူက ဗေဒင်မှာ အတော်ကျွမ်းပေသကိုး။

၁၉၉၃ လောက်မှာ တိုက်-၃က နိုင်ငံရေးအကျဉ်းသားတွေကို ထောင်မှူးက လာပြောတယ်။ ကိုယ့်အခန်းကို ကိုယ်ရှင်းကြပါတဲ့။ တံခါးတစ်နေ့ခင်းလုံးဖွင့်ပေးမယ်တဲ့။ ကျွန်တော်တို့က ဘာဆင်ခြေမှမပေးဘဲ တောက်တောက်ခါးခါးငြင်းလိုက်တယ်။ တချို့တလေတော့ ခိုင်းတာလုပ်ဟန်တူရဲ့။ အခန်းတံခါးပိတ်ထားတော့ မမြင်ရဘူး။ သတင်းကြားရတာက နိုင်ငံခြားဧည့်တွေ ထောင်ထဲဝင်မှာမို့ လုပ်ခိုင်းတာဆိုပဲ။

ကျွန်တော် ထောင်ထဲရောက်စ ၁၉၈၉ မှာ အဆောင်-၅ ရောက်သွားတယ်။ အမှုတွဲ သူရဦးငွေလှိုင်နဲ့ တစ်ခန်းစီနေရတယ်။ တစ်နေ့မှာ ထောင်မှူးလာတွေ့တယ်။ ကျွန်တော်နဲ့သူရဦးငွေလှိုင်ကို အလုပ်တာဝန်ပေးချင်တယ်တဲ့။ ဘုရားဘုတ်လုပ်ပါတဲ့။ မနက်တိုင်း ဘုရားမှာမြက်ကလေးဘာလေးနုတ်၊ အမှိုက်ကလေးဘာလေးရှင်းပေါ့တဲ့။ လွတ်လွတ်လပ်လပ် ရေချိုးခွင့်ပေးမယ်တဲ့။ ကျွန်တော် ငြင်းလိုက်တယ်။ ဘုရားဝေယျာဝစ္စကိစ္စပဲ ဖြစ်ပါစေ။ ထောင်ကခိုင်းလို့ကတော့ မလုပ်နိုင်ဘူးလို့ ပြောလိုက်တယ်။ ဦးငွေလှိုင်ကလည်း ကျွန်တော်နဲ့တစ်သဘောထားတည်းပါပဲ။

(အဆောင်-၅ ထဲမှာ စေတီလေးတစ်ဆူရှိတယ်။ ဘွဲ့တော်က 'လွတ်ကျွတ်စေတီ'တဲ့။ လွတ်ကျွတ်ဆိုတာ လယ်တီဆရာတော်ဘုရားကြီးရဲ့စကားလုံးပါ။ ထောင်ကျနေသူတိုင်း ရင်ထဲငြိသွားတဲ့ ဘွဲ့အမည်ပေါ့။)

၁၉၉၇ မှာ ကျွန်တော် ထောင်တွင်းဆေးရုံတက်ရတယ်။ သုံးလေးကြိမ်မြောက်တက်ခြင်းပေါ့။ အဲဒီအချိန်မှာ နာမည်မေ့နေတဲ့ အဘိုးကြီးတစ်ယောက်နဲ့ တွေ့တယ်။ သူက ဗဟန်း 'ဘာရျော်ဂျီကုန်း'မှာနေတယ်။ ကမ္ဘာအေးဘုရား

www.burmeseclassic.com

www.burmeseclassic.com



လမ်းနဲ့ ဓမ္မစေတီဘုရားလမ်းဆုံတဲ့ ကုန်းမြင့်ပေါ်မှာရှိတယ်။ ရပ်ကွက် မြေကွက် အရောင်းအဝယ်ကိစ္စနဲ့ သူထောင်ကျလာတာ။ နိုင်ငံရေးအကျဉ်းသား အခန်း (M-5)မှာ အခန်းလူကြီးလုပ်နေတယ်။ (ဦးနေဝင်းရဲ့ကွယ်လွန်သူဇနီး ဒေါ်ခင်မေ သန်းရဲ့ဖခင် ဒေါက်တာဘသန်းအိမ်မှာ သူငယ်ငယ်ကနေခဲ့ဘူးသတဲ့။)

တစ်နေ့မှာ သူက နိုင်ငံရေးအကျဉ်းသားတွေကို ခိုင်းတယ်။ အခန်း သန့်ရှင်းရေးလုပ်ရမယ်တဲ့။ ကိုယ့်အိပ်ရာကွက်ကို ကိုယ်တာဝန်ယူပါတဲ့။ အထက် ကခိုင်းတာတဲ့။ ကျွန်တော် အပြတ်ငြင်းပစ်လိုက်တယ်။ ခိုင်းမရတဲ့အဆုံး အခန်း လူကြီးကိုယ်တိုင် ကျွန်တော့်အိပ်ရာကွက်ကို နေ့တိုင်းသန့်ရှင်းရေး လုပ်ပေးတယ်။ လေးငါးလကြာတယ်။ ကျွန်တော် ဆေးရုံကဆင်းတဲ့အထိပဲ။ အဘိုးကြီးကို အားနာတယ်။ မတတ်နိုင်ဘူးလေ။

နိုင်ငံရေးအကျဉ်းသားခေါင်းလှည့်တာကို ထောက်လှမ်းရေးက နည်း မျိုးစုံညှင်းပမ်းနှိပ်စက်မှုလက်နက်တွေသုံးပြီးလုပ်တာ။ ဒီတော့ အလှည့်ခံရမှာ ပေါ့။ ကိုယ့်ခေါင်းတကယ်မလည်အောင် ထိန်းဖို့ပဲလိုတာပေါ့။ ထောင်က နိုင်ငံရေးအကျဉ်းသားလက်လှုပ်အောင် လုပ်တာကိုတော့ ပြောင်ပြောင်ငြင်းရမှာပဲ ပေါ့။ သူတို့က တရားမဝင်ခိုင်းတာပဲ။ ခိုင်းလို့ရမလားထင်ပြီးခိုင်းတာ။ ခိုင်း လို့ရမယ်ထင်ပြီး ခိုင်းတာ။ ကျွန်တော်တို့က ငြင်းရုံပဲပေါ့။ မလုပ်ဘူးကွဟေ့ မလုပ်ဘူး။ ချေးခိုင်းလည်း မလုပ်ဘူး။ မြှောက်ခိုင်းလည်းမလုပ်ဘူး။ ဟောက် ခိုင်းလည်း မလုပ်ဘူး။ ချောက်ခိုင်းလည်း မလုပ်ဘူး။

အလုပ်ဆို နိုး၊ ဘုတ်ဆို နိုး ပဲကွဟေ့။ နိုး နိုး နိုး နိုး။

အင်္ဂလိပ်အစိုးရခေတ်က နိုင်ငံရေးအကျဉ်းသားတွေဟာ ထောင်မှာ အလုပ်ခိုင်းတာကို ရိုးရိုးငြင်းတာတောင်မဟုတ်ဘူး။ အစာငတ်ခံဆန္ဒပြပြီးကို ငြင်းတာ။

၁၃၀၀ ပြည့်ထုတ် သခင်အုန်းမြင့်ရဲ့ ‘ထောင့်အရသာ’ စာအုပ်မှာ သခင် လှမောင်က ရေးခဲ့တယ်။ သူ့ကို အလုပ်ကြမ်းနဲ့ထောင်ဒဏ်ပေးတယ်။ အလုပ် ခိုင်းတော့ သူကခေါင်းခါတယ်။ အစာငတ်ခံပြီးငြင်းတယ်။ အစာငတ်ခံသုံးရက် မြောက်မှာ တရားသူကြီးကိုယ်တိုင် ထောင်ထဲလာပြီး အလုပ်ကြမ်းအမိန့်ကို ပြင်ပေးရတယ်။

သခင်လှမောင်ဆိုတာက ဗြိတိသျှဘုရင်ပုံပါ စာပို့တံဆိပ်ခေါင်းကို



စာအိတ်ပေါ်မှာ ပြောင်းပြန်ကပ်တယ်။ “ခွေးခေါင်းပြောင်းပြန်ကပ်လိုက်သည်” လို့ အောက်ကစာရေးတယ်။ ဒါနဲ့ ထောင်ကျခဲ့ရတဲ့ နာမည်ကျော် သခင်ခေါင်း ဆောင်တစ်ဦးပေါ့။

ကျွန်တော် ပြောချင်တာက

“နိုင်ငံရေးအကျဉ်းသားတွေက ထောင်ထဲရောက်ရင် ခေါင်းလှည့်ခံရ ပယ်။ လက်လှုပ်နိုင်းလိမ့်မယ်။ ခေါင်းမလည်ကြစေနဲ့။ လက်မလှုပ်ကြပါနဲ့”။

ခွေးခေါင်းပြောင်းပြန် သခင်လှမောင်ကို စံနမူနာထားကြ။

◆

www.burmeseclassic.com

www.burmeseclassic.com

## ဟားတိုက်ပွဲ

ဟားတိုက်တယ်ဆိုတာ အားရပါးရ ရယ်တာပေါ့။ မပြုံးဘဲ ဝါးလုံးကွဲ ရယ်တယ်ဆိုတာမျိုးပေါ့။ တစ်ဖက်သားကို လှောင်ချင်ပြောင်ချင်တဲ့ စိတ်နဲ့ ရယ်ပွဲဖွဲ့တာကိုလည်း ဟားတိုက်တယ်လို့ ခေါ်တာပေါ့။ ကလေး သူငယ် လူပျို လူရွယ်တွေ ပြောကြဆိုကြ ရယ်ကြ မောကြ လုပ်နေတာမျိုးကိုလည်း ဟား တိုက်နေတယ်လို့ လူကြီးသူမတွေက ပြောကြတာပါပဲ။

ထောင်ထဲမှာ အာဏာပိုင်တွေကို မထေမဲ့မြင်လုပ်ပြီး အကြောင်းမဲ့ တဟားဟား ရယ်ကြတာကျတော့ ဟားတိုက်ပွဲလို့ ခေါ်တယ်။ တဟားဟားနဲ့ တိုက်ပွဲဝင်တယ်လို့ဆိုတာပါ။ ၁၉၈၉ စက်တင်ဘာလထဲမှာ ကျွန်တော် တိုက် ခြောက်ကိုရောက်သွားတယ်။ တိုက်ခြောက်ဆိုတာက တိုက်ဝင်းထဲက တိုက် တစ်လုံးပါပဲ။ တိုက်တွေထဲမှာ အသေးဆုံးတိုက်ပဲ။ အခန်းဆယ်ခန်းပဲရှိတယ်။



အခန်းတွေက ကျဉ်းမြောင်းလိုက်တာ မပြောပါနဲ့တော့။ ဖင်မလှည့်သာ ခေါင်းမလှည့်သာဘဲ။ အခန်းအကျယ်က ရှစ်ပေဆယ်ပေလောက်ပဲရှိတယ်။ နောက်ဘက်နံရံမှာ လေသာပြတင်းတစ်ခု ဖောက်ထားတယ်။ တစ်ပေပတ်လည် လောက်လားပဲ ရှိတယ်။ တိုက်ဝင်းအုတ်နံရံက တိုက်ခြောက်နဲ့ကပ်နေလို့ လေ သာပြတင်းက အလင်းမဝင်နိုင်ဘူး။ လေလည်း မဝင်နိုင်ဘူး။

အခန်းရဲ့ရှေ့မှာ သုံးပေအကျယ် ကွက်လပ်ရှိတယ်။ အဲဒီကွက်လပ်မှာ သစ်သားတံခါးတစ်ခုရှိတယ်။ အကျဉ်းသားထားတဲ့ အခန်းမှာတော့ သံတံခါး ပိတ်ထားတာပေါ့။ သစ်သားတံခါးက အပြင်ကို မမြင်စေချင်တဲ့အခါ အပြင်က လူနဲ့ လက်ပြခြေပြ မလုပ်စေချင်တဲ့အခါ အကျဉ်းခန်းကို မှောင်ချချင်တဲ့အခါ ပိတ်ထားတဲ့ တံခါးပါ။ အဲဒီသစ်သားတံခါးကို ပိတ်ထားတဲ့အခါ လူရိပ်လူ ယောင် အလင်းရောင်တွေကို မမြင်ရယုံမဟုတ်ဘူး။ လေပါမဝင်တော့လို့ ကျဉ်း လှောင်မှောင်ပိန်းနေတဲ့ အခန်းထဲမှာ အသက်ရှူပါကျပ်ပြီး မွန်းနေရတော့တာ ပါ။

တိုက်ခြောက်ဟာ တိုက်ဝင်းတစ်ခုလုံးမှာရှိတဲ့ တိုက်တစ်က တိုက်ငါး ၈ထိ တိုက်တွေထဲကအကျဉ်းသားတွေကို ပြစ်ဒဏ်ပေးချင်တဲ့အခါ ပိတ်လှောင် ထားတဲ့တိုက်ပါ။

၁၉၈၈ နောက်ပိုင်းမှာတော့ စစ်ကြောရေးလုပ်ဆဲ နိုင်ငံရေးအကျဉ်းသား တွေကို ပိတ်လှောင်ထားတဲ့ အထူးပြစ်ဒဏ်တိုက်သဘောမျိုး ဖြစ်နေပြီ။

ကျွန်တော်တိုက်ခြောက်ကို ရောက်သွားတော့ သုံးရောင်ခြယ်က မြတ်စံ ကို့အဖွဲ့ရှိနေကြတယ်။ တခြားသူတွေကိုတော့ မသိဘူး။ မြတ်စံကတော့ ဒေါ်စု ပုံခြံရေးကို တာဝန်ယူခဲ့ဘူးတဲ့သူ။ ဒါကြောင့် တရင်းတနှီး သိခဲ့ဘူးတယ်။ ဒါကြောင့် မှတ်မိနေတယ်။ ဒါအပြင် သူ့အဖေ ကိုမင်းနွယ်ဆွေကလည်း ကျွန် တော်နဲ့ ကြေးမုံသတင်းစာမှာ အတူလုပ်ခဲ့ဘူးသူ ဖြစ်နေလို့ သိနေတာပါ။

ကျွန်တော်နေရတဲ့ အခန်းရှစ်ရဲ့ဘေးက ကပ်လျက်အခန်းကိုးမှာ တရုတ် လူငယ်တစ်ယောက်ရှိနေတယ်။ နာမည်တွေ ဘာတွေမသိပါဘူး။ ရန်ကုန် တရုတ်တန်းဘက်ဆိုတာလောက်ပဲသိတယ်။ အဲဒီတရုတ်ကလေးက ရှစ်လေးလုံး အရေးတော်ပုံမှာ ပါဝင်လှုပ်ရှားခဲ့တာတဲ့။ ထောင်ထဲရောက်တော့လည်း ဘယ်သူ့ စကားမှ နားမထောင်ဘဲ သူပြောချင်ရာပြော၊ သူလုပ်ချင်ရာ လုပ်နေတာပဲတဲ့။ နောက်ဆုံးတော့ အထူးပြစ်ဒဏ် တိုက်ခြောက်ကို ရောက်လာတာပဲတဲ့။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ရောက်ကတည်းက တရုတ်ကလေးရဲ့ ဟားဟားရယ်သံကို အချိန်ပြည့် ကြားနေရတယ်။ သုံးလေးရက်ကြာတော့ နှစ်ရစ်တပ်ကြပ်တစ်ဦး ရောက်လာတယ်။ ဟော့ကောင် မင်း တဟားဟားလုပ်နေတာတွေရပ်လို့ တားတယ်။ တရုတ်ကလေးရဲ့ တဟားဟားကတော့ မရပ်တဲ့အပြင်ပိုကျယ်လောင်မြည်ဟိန်းလာတယ်။

တပ်ကြပ်က ထပ်အော်တယ်၊ တရုတ်ရယ်သံက ပိုကျယ်လာတယ်။ ရပ် ရပ် ရပ် ရပ် ဆိုတဲ့အမိန့်သံနဲ့ ဟား ဟား ဟား ဟား ဆိုတဲ့ အာခံအံတုရယ်သံက အပြိုင်ပေါ်ထွက်လာနေတယ်။ ကျွန်တော့်အတွက်တော့ အသံထွက်ပွဲကောင်းတစ်ခု ကြည့်နေသလို ဖြစ်နေတယ်။

အတော်ကြီး ကြာသွားတယ်။ နောက်ဆုံးတော့ တပ်ကြပ်က တရုတ်ကလေးရဲ့အခန်းတံခါး လာဖွင့်တယ်။ အပြင်ဘက်ကို ခေါ်ထုတ်တယ်။ တရုတ်ကလေးက အေးအေးပဲလိုက်သွားတယ်။ ပါးစပ်ကတော့ အသံပိတ်မသွားဘူး။ တဟားဟားပဲ။ တိုက်ခြောက်နဲ့ကပ်လျက် တိုက်ရုံးခန်းဘက်ကိုခေါ်သွားတယ်။ တရုတ်ကလည်း တဟားဟားရယ်ရင်း လိုက်သွားတယ်။ လူတွေကိုတော့ မမြင် ရတော့ဘူး။ ရယ်သံနဲ့ဆဲသံတွေကိုပဲ ကြားရတော့တယ်။ တိတ်ခိုင်းသံတွေ ဆဲသံတွေ ကြိမ်းသံတွေကို ပိုလို့ကြားနေရတယ်။ တဟားဟားသံကတော့ မပျောက်ဘူး။ တဟားဟားပဲ။

အဲဒီနေ့က တစ်နေ့လည်လုံး ဆဲသံတွေ ဟားသံတွေပဲကြားနေရတယ်။ အတော်ကို အချိန်ကြာတယ်။ တဟားဟားပဲ။ နောက်ဆုံး ဂုန်းဂုန်း ဘုန်းဘုန်းသံတွေကြားရတယ်။ ရိုက်တာနှက်တာ ထိုးတာ ကြိတ်တာတွေ လုပ်တယ်နဲ့တူရဲ့။ ဟားဟားသံကတော့ တိတ်မသွားဘူး။ တဟားဟားပဲ။ နောက်ထပ်ဂုန်းဒိုင်းသံတွေကိုကြားရတယ်။ ဟားဟားသံတွေလည်း ကြားနေရတယ်။ နောက်ဆုံးတော့ အသံတွေ တိတ်သွားတယ်။

တရုတ်ကလေးလည်း ကျွန်တော့်အခန်းဘေးက အခန်းကိုပြန်ရောက်မလာတော့ဘူး။ စစ်ကြောရေးရောက်သွားသလား။ စစ်ခွေးတိုက် ရောက်သွားသလားမသိတော့ဘူး။ ထောင်ထဲမှာ အာခံသူတွေ၊ အမိန့်လွန်ဆန်သူတွေရဲ့သွားရာလမ်းပဲလေ။ ခေါ်တော့ လိုက်ရမှာပေါ့။ ပို့တော့ ရောက်ရမှာပေါ့။ စစ် တော့ ဖြေရမှာပေါ့။ ရိုက်တော့ နာရမှာပေါ့။ ရိုက်ရုံနဲ့ အားမရလို့ ညှဉ်းပန်းတော့လည်း ကျိုးလိုက် ပဲ့လိုက် သေလိုက်ဖြစ်ရုံပဲပေါ့။



တရုတ်ကလေးအကြောင်း နောက်ထပ် ဘာမှမသိရတော့ဘူး။ ဘယ်သူ့ကိုမှလည်း မေးလို့ရစရာအကြောင်း မရှိတော့ဘူး။ သေသလား ရှင်သလားလည်း မသိရတော့ဘူး။ တဟားဟား ရယ်နိုင်သေးရဲ့လား။ တဟီးဟီးငိုနေရရောလား။ ဘယ်လိုမှ မသိနိုင်တော့ဘူး။ ဘာပဲဖြစ်ဖြစ် ထောင်ထဲက အာဏာရှင် ပိစိကွေးတွေကို ဟားတိုက်ပွဲ ဆင်သွားတဲ့ အမည်မသိ အရေးတော်ပုံတပ်သား တရုတ်ကလေးကို ကျွန်တော် မမေ့ဘူး။

သူ့အကြောင်း ကျွန်တော် လူတိုင်းကိုပြောပြမိတယ်။ သူကကြောင်တာ၊ ထူးတာမဟုတ်ဘူး။ အာဏာရှင်တွေသာ ကြောင်တာ ရူးနေကြတာ။ အာဏာကြောင်နေကြတာ။ အာဏာရူးနေကြတာ။ ဒါတွေကို မြင်လို့ တရုတ်ကလေးကတဟားဟားရယ်ပြီး ပြစ်တင်နေတာ။ ရှုံ့ချနေတာ။ ဟားတိုက်ပွဲဆင်နေတာပါ။

အာဏာရှင်ဆန့်ကျင်ရေးတိုက်ပွဲတွေထဲမှာ ဒီလိုဟားတိုက်ပွဲကလည်းတစ်ခုအပါအဝင် ဖြစ်တယ်ဆိုတာ ကျွန်တော်တို့ အသိအမှတ်ပြုကြရမှာပါ။ ဒီနေ့ ကျွန်တော်တို့တိုင်းပြည်မှာ အာဏာရှင်တွေက နေပြည်တော်မှာသာရှိတာမဟုတ်ဘူး။ အစိုးရဌာနတိုင်းမှာလည်း အာဏာရှင်ပေါက်စတွေရှိတယ်။ မြို့ရွာရပ်ကွက်တိုင်းမှာလည်း အာဏာရှင်ပေါက်စတွေရှိတယ်။ နိုင်ငံရေးပါတီတွေ၊ လူမှုအဖွဲ့အစည်းတွေ၊ ဘာသာရေးအသင်း အပင်းတွေမှာတောင် အာဏာရှင်အပူးရိုင်း တပိုင်းရူးတွေကို ရှောင်မလွတ်နိုင်အောင် တွေ့နေရတယ်။

ဒီလိုမစင်တွင်းထဲ လောက်ပြည့်နေလို့ ဖောင်းလန်အောင် ပေါ်နေတဲ့အာဏာရှင်သကောင့်သားတွေကို မြင်တိုင်းသာ ကြောက်နေကြရရင်လည်းသေဖို့ပဲကောင်းတော့မှာပေါ့။ ဒီတော့ ထောင်ထဲက အာဏာရှင် ပိစိကွေးတွေကို ဟားတိုက်သွားတဲ့ တရုတ်ကလေးနည်းကိုယူပြီး ကျွန်တော်တို့အားလုံးအာဏာရှင်မှန်သမျှ အမြီးမထောင်ဝံ့အောင်၊ နားရွက်မခတ်ဝံ့အောင် ဟားတိုက်ပွဲ ဆင်ကြရင်ကောင်းမလားလို့ အတွေးပေါက်မိတယ်။

ကျွန်တော့်မိတ်ဆွေ ရဲဘော်တွေထဲမှာလည်း တရုတ်ကလေးလို လူတွေရှိပါတယ်။ ကောက်ခါငင်ခါ ပြောပြရရင် ကိုမိုးသူလို လူမျိုးပေါ့။ ကိုမိုးသူကချုပ်အဖွဲ့ စကတည်းက ဗဟိုကော်မတီဝင်အဖြစ် ပါဝင်လာခဲ့တယ်။ ပါတီမှာ သူ့ခြေသူ့လက်ချည်းပဲလို့ ပြောရလောက်အောင် တွင်ကျယ်ပေါက်ရောက်ခဲ့တယ်။ မတွင်ကျယ်ဘဲ ဘယ်နေပါ့မလဲ။ သူက တဟားဟားနဲ့ လူတိုင်းနဲ့စကားမပေါက်ခဲ့တဲ့သူကိုး။

www.burmeseclassic.com

www.burmeseclassic.com



ဒါ့အပြင် အာဏာရှင် ပေါက်စတွေနဲ့ တွေ့တဲ့အခါလည်း တဟားဟား လုပ်ပစ်လို့ နာနာဘာဝ ဝိနာဘာဝ ကြီးငယ်တွေ နဝေတိမ်တောင်ဖြစ်သွားခဲ့ရတာ နည်းမှတ်လို့။ ထောင်ထဲရောက်၊ စစ်ကြောရေးတွေ့၊ ကြိုးတိုက်ဝင်။ ဒါတောင် တဟားဟားနဲ့။ ထောင်အာဏာရှင် ပိစိကွေးတွေ "ကွေး"ကုန်တာ နည်းရော့လား။

ကိုမိုးသူ ဟားတိုက်သံတွေကို နားထောင်ရင်း ကျွန်တော် ကဗျာတစ်ပုဒ် ရေးဘူးတယ်။

**အာဏာရှင်　　　တပူရိုင်းတွေ**
**ဟားဟားသံ　　　ဝိုင်းဝိုင်းပတ်တော့**
**အရှုံးမီးဝိုင်း　　　ဓာတ်ခင်းကြ**
**ငိုချင်းချလိုက်ချ　　　ဘီလူးကြိမ်းကြိမ်းလိုကြိမ်း**
**ဟိန်းလိုက်　　　ဟောက်လိုက်**
**ကြိမ်းလိုက်　　　ငေါက်လိုက်**
**ကြောက်မယ်ထင်သလား။**
**ဟားဟား ဟားဟား**
**ဟား ဟား ဟား။**

တရုတ်ကလေးလို လူတွေ၊ ကိုမိုးသူလိုလူတွေ တပ်ရင်းတစ်ရင်းစာလောက်သာ စုလို့ရရင် ဟားတိုက်ပွဲ ကောင်းကောင်းဆင်နိုင်မယ်။ စစ်အာဏာရှင် ဆိုတာမျိုးတွေ ရှူးကုန်နိုင်တယ်။ ဝတ်အသင်းတစ်သင်းစာလောက် စုလို့ရရင် ဟားတိုက်ပွဲ ကောင်းကောင်းဆင်နိုင်မယ်။ ကြံ့ဖွံ့ဆိုတာမျိုးတွေ ဝလချည်းလည်ကုန်နိုင်တယ်။

ထောင်ထဲသွင်းသွင်း၊ စစ်ကြောရေးခေါ်ခေါ်၊ စစ်ခွေးပို့ပို့ မကြောက်တမ်း၊ မဆုတ်တမ်း၊ လူတိုင်းက ဟားတိုက်ပွဲ ဆင်ဝံ့ကြရင် ကျွန်တော်တို့နိုင်ငံကြီး အာဏာရှင် ကင်းမဲ့ဇုန်ဖြစ်နိုင်လောက်ပေရဲ့။


◆

# ပုံ စံ ခွက် ထဲ က နိုင် ငံ ရေး မှန် တိုင်း (၂)

www.burmeseclassic.com

www.burmeseclassic.com

- နှစ်ဆင့် နှစ်လွှာ နင် ငါ မိတ်ဆွေ
- ပီပီတွေလွှတ် လွှတ်တော်ခေါ်
- ကြက်တူရွေးတွန်သံ
- နိုး သံခြေကျင်း နိုး ထမင်း



## နှစ်ဆင့် နှစ်လွှာ နင်ငါ မိတ်ဆွေ

ထောင်ထဲမှာ နင်ရယ် ငါရယ် မိတ်ဆွေလိုနေကြမယ် ဆိုတာမျိုးက ယ်လွယ်နဲ့မဖြစ်နိုင်ဘူး။ ပိတ်လှောင်ခံထားရတဲ့ဘဝ၊ တော်ပြတ်နေရတဲ့ဘဝ၊ ချိန်နဲ့အမျှ ခြိမ်းခြောက် ငေါက်ငမ်းခံနေရတဲ့ဘဝ၊ ကိုယ့်သူမယုံ သူ့ကိုယ ယုံ တွေ့ကြုံဆုံကွဲတဲ့ဘဝ၊ နေ့မြင်ညပျောက် ရောက်ချင်ရာရောက်ဘဝ၊ သူဖြု [illegible] ငါမဲ့ အထင်အမြင်တွေ ကွဲတဲ့ဘဝ။ ဒီလိုဘဝမျိုးတွေမှာ သူသူငါငါ [illegible]သူ ဖြစ်ဖို့သာလွယ်တယ်။ မိတ်ဆွေဖြစ်ဖို့ဆိုတာကတော့ ဝေးစွခြောက်ပါးပဲ။

နိုင်ငံရေးအကျဉ်းသားတွေ ဆိုတာကလည်း ထောင်ထဲမှာ နေရသူတွေ ပဲတော့ ဒီလိုမျိုးဘဝဖြစ်စဉ်ကိုပဲ ဖြတ်သန်းနေရတာပေါ့။ နေသာသပ လေညာ ဆိုတာမျိုး လုပ်နေလို့မရ။ သူလည်းလေ လောကီသားပေမို့ ဆိုသလို

www.burmeseclassic.com

www.burmeseclassic.com



သူလည်းထောင်သားပေမို့ ဆိုတော့ ထောင်သားဘဝကို ကြုံဆုံရင်ဆိုင်ရတာပဲပေါ့။

၁၉၉၁ မှာ ကျွန်တော် တိုက်ဝင်းထဲက တိုက်သုံးကိုရောက်သွားတယ်။ တိုက်ခန်းလေးဘက် လေးတန် အပိတ်အကာခန်းမှာနေရတယ်။ ဘေးအခန်းတွေဆီက ဘာသံမှမကြားရ ဘယ်သူမှမမြင်ရ။ မျိုးသိန်းတို့၊ ဝင်းလှိုင်တို့၊ ရန်အောင်တို့၊ မိုးဇော်ဦးတို့၊ ကိုကိုကြီးတို့ စတဲ့ ဒီချုပ်လူငယ်တွေရှိသတဲ့။ မင်းသားကြီးကိုအောင်လွင်တို့၊ ရှေ့နေဦးထွန်းတင်တို့၊ ဦးတင်ထွတ်တို့၊ မင်းသိမ်တို့၊ ဦးချမ်းအေးတို့၊ ဗိသုကာဦးကျော်မင်းတို့၊ ကိုဝံသတို့၊ ဦးရဲထွန်းတို့၊ စံဇာနည်ဘိုတို့၊ ဘိုးတော်ခင်ဝင်းတို့ ရှိကြသတဲ့။ သတင်းတို့တိကလေးတွေကြားနေရတယ်။

ကိုယ်တိုင်မိလ္လာ အင်တုံသယ်ပြီး အင်္ဂလိပ်သီချင်းဆိုတဲ့ ကိုအောင်လွင်ရဲ့ ကေးဆယ်ရာ ဆယ်ရာ အသံကို မနက်တိုင်းကြားရတတ်တယ်။ ညတိုင်း စံဇာနည်ဘိုရဲ့ အင်္ဂလိပ်သီချင်း (ရီးဗားအော့ဖ် နိုးရီတန်း)သံကို ကြားရတတ်တယ်။

၁၉၉၂ ခု နဝတဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးစောမောင် ပြုတ်သွားတော့ တိုက်သုံးကို လူသစ်တွေ ရောက်လာတယ်။ ဘိုဘိုဦးတို့၊ ညီနိုင်အောင်တို့၊ သက်မင်းအောင်တို့၊ ကိုဌေးအောင်တို့၊ ဂျင်မီတို့၊ ဘကြီးမြတ်ထွန်းတို့၊ ဒေါက်တာမြင့်နိုင်၊ ဒေါက်တာဇော်မြင့်မောင်၊ ကိုမင်းဇင်၊ ဘမျိုးသိန်း၊ ကိုစိုးမြင့်၊ ကိုထွဋ်ခင်၊ ကိုလှမင်း၊ ကိုမျိုးမင်းတို့ စတဲ့ လူသစ်တွေ ရောက်လာကြတယ်။

လူသစ်ရောက်ရောက် လူဟောင်းရွှေ့ရွှေ့ အခန်းကျဉ်းလေးထဲမှာနေရသမျှ အကျဉ်းသားဟာ အကျဉ်းသားပဲ။ ထောင်သားအကျဉ်းသားရဲ့သောကဒေါသ ပရိဒေဝ၊ ဒုက္ခ ဒေါမနဿတွေ လူတိုင်းကိုခံစားကြရတာပဲ။ ဒီတော့ အဲဒီဒုက္ခတွေရဲ့ အကျိုးသက်ရောက်မှုကိုလည်း လူတိုင်းမှာလို ပေါ်ပေါက်ကြုံတွေ့ရတာပဲပေါ့။ အဲဒါတွေရဲ့ နောက်ဆက်တွဲက အကျဉ်းသားချင်း ဆက်ဆံရေးမှာ မပြေလည်မှု၊ မကြည်လင်မှု၊ မကျေနပ်မှုတွေ ဟိုကပေါ် ဒီကထွက်ဖြစ်လာတာပေါ့လေ။ ကသိကအောက်တွေ ဖြစ်လာတယ်။ အထအနတွေကောက်လာတယ်။ ကဂျီကကြောင်တွေ ထွက်လာတယ်။



အဲဒီလိုနဲ့ အချိန်တွေ လှစ်ခနဲ လှစ်ခနဲ ကုန်ဆုံးကျော်လွန်သွားခဲ့တယ်။ နှစ်နဲ့ချီပြီး ကာလတွေရွှေ့လျောသွားခဲ့တယ်။ ပြဿနာတွေကလည်း အချိန်နဲ့အမျှ ကြီးလာတယ်။ ကျယ်လာတယ်။ တစ်ခါတလေ တစ်ခါတစ်ရံထက်ကျော်လွန်ပြီး တစ်ချိန်လုံးလိုလို ပြဿနာတွေ ပွားနေတယ်။ အမှိုက်ကစ ပြဿဒ်တက်ပြီး လောင်တာမျိုးလည်းရှိတယ်။ ပြဿဒ်ကစ အမှိုက်ဆင်း မီးလောင်တာမျိုးလည်းရှိတယ်။ နိုင်ငံရေးအကျဉ်းသားချင်း၊ လူပုဂ္ဂိုလ်ချင်း၊ မျက်စိနောက်၊ စိတ်ကောက်၊ ဒေါသစိတ်ဖြစ်ရာက အုပ်စုချင်း၊အဖွဲ့ချင်း၊ပါတီချင်း၊ ကတောက်ကဆ၊ ကသိကအောက်၊ ပဋိပက္ခတွေအထိ ဖြစ်လာတယ်။ နေရင်းထိုင်ရင်း ကျွန်တော်ပါ တရားခံစာရင်းဝင်လာတယ်။ ဖြစ်ပုံက ဒီလို။

အဲဒီအချိန်က နိုင်ငံရေးအကျဉ်းသားတွေကြားမှာ ဝဲကာပျံကာ ရွှေပေယွှာဆိုတဲ့ လှုပ်ရှားမှုတစ်ခုပေါ်နေတယ်။ ဟိုလူဒီလူ၊ ဟိုအဖွဲ့ ဒီအဖွဲ့က စာတိုစာရှည်တွေရေးပြီး ဖြန့်ကြတယ်။ ကျွန်တော်လည်း ဝင်ပါတယ်။ ကျွန်တော်ဖြန့်တဲ့ စာစောင်မှာ ဒေါ်စုနဲ့နိုင်ငံရေးအကျဉ်းသား အားလုံးလွှတ်ရေး၊ လွှတ်တော်ခေါ်ယူရေး၊ တွေ့ဆုံဆွေးနွေးပွဲကျင်းပရေးဆိုတဲ့ စု–လွှတ်–တွေ့ တောင်းဆိုချက်ကို နိုင်ငံရေးအကျဉ်းသားများက ထောက်ခံကြောင်းဆိုတာရေးထားတယ်။ အင်္ဂလိပ်လိုရေးပြီး အတွင်းမှာဝေ၊ အပြင်မှာဖြန့်တာ၊ ထောင်အပြင်အထိရောက်တဲ့ကိစ္စ။

ပြဿနာက ကျွန်တော့်စာထဲမှာ နိုင်ငံရေးအကျဉ်းသားများလို့ ရေးတာဟို တချို့က မကျေနပ်ကြဘူး။ အဲဒီအချက်တွေ အားလုံးကို သူတို့မထောက်ခံကြဘူး။ ဒါကြောင့် "များ"လို့ ရေးတာကို လက်မခံဘူးတဲ့။ ကျွန်တော်က ကျွန်တော်လိုသဘောထားတဲ့ နိုင်ငံရေးအကျဉ်းသားက တစ်ယောက်ထက်ပိုပါတယ်။ ဒါကြောင့် "များ"လို့ရေးနိုင်ပါတယ်လို့ ရှင်းပြတယ်။ မရဘူး။ ကန့်ကွက်သံတွေ၊ စွပ်စွဲသံတွေ၊ ပြစ်တင်သံတွေ၊ ပွထလာတယ်။ နောက်ဆုံး ဒီချုပ်ပါတ်ညှိုးထိုးခံလာရတယ်။ ကျွန်တော် ငုံ့ခံနိုင်ပေမဲ့ ဒီချုပ်ပါစွပ်စွဲခံထဲပါလာတော့ ကျွန်တော့်ရဲ့အပေါင်းပါတချို့က မခံနိုင်ဖြစ်လာတယ်။

နောက်ဆုံးတော့ မဖြစ်ချေဘူး။ ဒီကိစ္စမျိုးလောက်သာမဟုတ်။ ပြဿနာရော အခြေအနေပါ တစ်ခုလုံးရှင်းမှဖြစ်တော့မယ်ဆိုတာကို ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



သဘောပေါက်လာတယ်။ ဒါနဲ့ ဦးတင်ထွဋ်တို့၊ ဂျင်မီတို့၊ ကိုစိုးမြင့်တို့၊ ဘိုဘိုဦးတို့နဲ့ ညှိရတယ်။

ကျွန်တော် အဆိုပြုတာက ဒီအခြေအနေ၊ ဒီပြဿနာကို ရှင်းချင်ရင် နိုင်ငံရေးအကျဉ်းသားချင်း ဆက်ဆံရေးကို ပြင်ရပြောင်းရမယ်။ ပြင်ပြောင်းတဲ့အခါမှာ အဆင့်နှစ်ဆင့်လွှာပြီး လုပ်ရမယ်။ ပထမအလွှာက လူမှုရေး ဆက်ဆံမှုအလွှာ၊ ဒီအလွှာမှာ နိုင်ငံရေးစကား၊ နိုင်ငံရေးအလုပ်၊ နိုင်ငံရေးအဆက်အဆံဘာမှမပါဘဲ လူလူချင်းဆက်ဆံရေး၊ သူငယ်ချင်းဆက်ဆံရေး၊ မိတ်ဆွေဆက်ဆံရေး သက်သက်ပဲ လုပ်သွားရမယ်။ ပထမအလွှာ အခိုင်အမာချမိမှ ဒုတိယအလွှာ အစပျိုးမယ်။ ဒုတိယအလွှာကျတော့ နိုင်ငံရေးကိစ္စတွေ၊ ပါတီချင်းကိစ္စတွေ၊ နိုင်ငံရေးလှုပ်ရှားမှုကိစ္စတွေ လုပ်ကြမယ်။

အကြိမ်ကြိမ် ညှိပြီးတဲ့နောက် ကျွန်တော်အဆိုပြုတဲ့အတိုင်း လုပ်ဖို့သဘောတူကြတယ်။ ဒီလိုနဲ့ နှစ်ဆင့်နှစ်လွှာ နင်ငါမိတ်ဆွေ လှုပ်ရှားမှုပေါ်လာတယ်။ ဂျင်မီနဲ့ ကိုစိုးမြင့်တို့ရဲ့ စိတ်ကူးစိတ်သန်း အကြံဉာဏ်တွေဟာ အများကြီးအထောက်အပံ့ဖြစ်တယ်။ သူတို့က ဦးဆောင်မှုလည်း ပေးနိုင်ကြတယ်။ သူတို့ရဲ့လှုပ်ရှားမှုလို့တောင် ပြောလို့ရတယ်။

ဒီလိုနဲ့ တိုက်သုံးရောက် နိုင်ငံရေးအကျဉ်းသား ကြီးငယ်အားလုံးသိဟောင်းကျွမ်းသစ် မခွဲ၊ ပါတီသင်းဖွဲ့မခြား၊ နင်ငါမိတ်ဆွေလို ပေါင်းသင်းဆက်ဆံရေးကဏ္ဍသစ် ဖွင့်လိုက်ကြတယ်။ ထောင်ဝင်စာ ဝေမျှစားသုံးမှုဘောင်ချဲ့လိုက်ကြတယ်။ ထောင်ဝင်စာလာရင် နီးစပ်ရာ ဝေမျှကြတာပဲ။ ဒါကိုဝေနေယျအဝန်းအဝိုင်းလို့ ခေါ်တယ်။ ရင်းနှီးရာ ဝေမျှတာကိုတော့ သဟာယအဝန်းအဝိုင်းလို့ခေါ်တယ်။ ဝေနေယျတွေကို သီးရွက်ဟင်းဝေတယ်။ သဟာယတွေကို အသားဟင်းပို့တယ်။ အခု ဝေနေယျနယ်ကိုချဲ့တယ်။ သဟာယနယ်ကိုချဲ့တယ်။ အဝေအခြမ်း ပိုများလာတယ်။

မွေးနေ့ပွဲတွေ ကျင်းပတယ်။ ကော်ဖီတိုက်တယ်။ မုန့်ဝေတယ်။ ညဦးဆည်းဆာပွဲတွေလုပ်တယ်။ တစ်ခန်းတစ်လှည့် တေးသီဖွဲ့ကြတယ်။ အတူစားကြတယ်။ အတူကစားကြတယ်။ ပုံစံထမင်းပန်းကန်နဲ့ ဂစ်တာလုပ်တယ်။ အတူ တီးကြခတ်ကြတယ်။ အတူသီချင်းဆိုကြတယ်။ အတူစာဖတ်ကြတယ်။ (စာရွက်စာတမ်း ရှာဖွေရရှိတဲ့ အခါပေါ့)။



အတူ ဝတ္ထုဇာတ်လမ်း၊ ရုပ်ရှင်ဇာတ်လမ်း ပြောကြတယ်။ ဘာစကားဖြစ်ဖြစ် အားလုံးကြားအောင် ပြောကြဆိုကြတယ်။ (အတွင်းရေး ပြောစရာရှိရင် ရေချိုးရင်း ဆုံမှပြောကြတယ်။) အဲဒီလိုပြောဖို့တော့ ရေကန်မှာ ဆုံမယ်ဟေ့လို့ ချိန်းကြတယ်။ အိမ်က မျိုးစေ့တွေတောင်းပြီး ဟင်းသီးဟင်းရွက်စိုက်ကြတယ်။ ကိုစိုးမြင့်က မြေကပ်ဗူးစင်လုပ်ပြီး တစ်ပတ်နှစ်ခါလောက် ဗူးညွန့်ဝေတယ်။ လူငယ်တွေက မုံလာ၊ ခရမ်း၊ ဂေါ်ဖီ စိုက်ပြီး ပုံမှန်အခန်းစေ့ဝေတယ်။

နောက်ပိုင်းကျတော့ အာဏာပိုင်တွေရဲ့ ခွင့်ပြုချက်မျိုးစုံရလာတယ်။ တိုက်သုံးပိုင် စိုက်ခင်းစိုက်ကွက် ရလာတယ်။ ခြင်းလုံးခတ်ခွင့်ရလာတယ်။ (ဒေါက်တာမြင့်နိုင်က ခြင်းလုံးခတ်တာကို အညာစကားနဲ့ နွယ်ကြမယ်ဟေ့လို့ အော်တတ်တယ်။) ပိုက်ကျော်ခြင်းကစားခွင့်ရလာတယ်။ နိုင်ငံရေးအကျဉ်းသား လူငယ်ချင်းတွေ ပျော်လာ၊ ပေါင်းလာ၊ ညီလာတော့ လူကြီးချင်းကပိုညှိလို့၊ တွဲလို့၊ လှုပ်လို့ရလာတယ်။ ဒီအဆင့်ရောက်လာတော့ နှစ်လွှာနှစ်ဆင့်ရဲ့ ဒုတယိကဏ္ဍ ခြေလှမ်းစတယ်။

တိုက်သုံးမှာရှိတဲ့ နိုင်ငံရေးအင်အားစုတွေ အားလုံးပါဝင်တဲ့ တန်းတူညီမျှ ပူးတွဲလုပ်ငန်းကော်မတီ(ဂျေအေစီ) ဖွဲ့တယ်။ တစ်ယောက်တည်းရှိတဲ့ လူ့ဘောင်သစ်ရော ၁၄ ယောက်ရှိတဲ့ ဒီချုပ်ရော တခြားပါတီအဖွဲ့အစည်းတိုင်းကရော တစ်ပါတီတစ်ယောက်ပါဝင်တဲ့ ကော်မတီပါ။

အဲဒီကော်မတီက ဦးစီးပြီး နိုင်ငံရေးဆွေးနွေးပွဲတွေလုပ်တယ်။ ဟောပြောပွဲတွေ လုပ်တယ်။ နိုင်ငံရေး အထိမ်းအမှတ်နေ့တွေ၊ နိုင်ငံရေးပါတီနေ့တွေ၊ နိုင်ငံရေးခေါင်းဆောင်နေ့တွေ ကျင်းပတယ်။ စာအုပ်တွေထုတ်တယ်။ ဒေါ်အောင်ဆန်းစုကြည် အထိမ်းအမှတ်စာအုပ်၊ ဝန်ကြီးချုပ်ဟောင်းဦးနု အထိမ်းအမှတ်စာအုပ်ထုတ်တယ်။ ဒီလှိုင်းဂျာနယ်ထုတ်တယ်။ ပါတီစာစောင်တွေ၊ သတင်းလွှာတွေထုတ်တယ်။ ထောင်ဝင်စာကရတဲ့ ပါးစပ်သတင်းလောက်နဲ့ မကျေနပ်လို့ "သတင်းလွှာ"ထုတ်တယ်။ ရေဒီယိုတစ်လုံး ထောင်ထဲလျှို့ဝှက်သွင်းတယ်။ ဘကြီးမြတ်ထွန်းက တာဝန်ခံ သတင်းဖမ်းတယ်။ ကိုဌေးအောင်(ဖင်လင်း)က တာဝန်ခံတည်းဖြတ်တယ်။ မိုးဇော်ဦးနဲ့ တခြားလူငယ်တွေကဟာဝန်ခံသတင်းလွှာ အချောရေးတယ်။ တိုက်-၄ က မျိုးမြင့်ညိမ်းလို ရဲဘော်

www.burmeseclassic.com

www.burmeseclassic.com



တွေနဲ့ပေါင်းပြီး တိုက်ပေါင်းစုံဖြန့်တယ်။ တစ်ပတ်ကို အနည်းဆုံးနှစ်ခါလောက် ထုတ်တယ်။ တစ်ခါထုတ်ရင် စာမျက်နှာကိုးမျက်နှာ ဆယ်မျက်နှာရှိတယ်။

သတင်းခြေရာဖျောက်ဖို့ ယုံတမ်းစကားသံတွေ လွှင့်ရတယ်။ တိုက်လေးက ပြည်သူ့ကိုယ်စားလှယ် ကိုကျော်သွင်ရဲ့အဖေက သူ့သားကို သိပ်ချစ်တာ၊ သူ့သားကြားချင်တဲ့ သတင်းတွေကို ထောင်ဝင်စာလာတိုင်း ပြောပြတယ်။ အမေကြီးက ဘီဘီစီတို့၊ အာရ်အက်ဖ်အေတို့၊ ဒီဗီဘီတို့၊ ဗွီအိုအေတို့ကို အသံဖမ်း၊ အလွတ်ကျက်ပြီး ထောင်ဝင်စာမှာ သူ့သားကို အမြဲပြန်ပြောပြတယ် ဆိုတဲ့စကားမျိုးကို ဝန်ထမ်းတွေ မကြားကြားအောင် လွှင့်ရပြောရတယ်။

အဲဒီကနေတစ်ဆင့် နိုင်ငံရေးရွှေပေလွှာတွေ ရေးထုတ်ကြတယ်။ ကြိုးတိုက်အပါအဝင် တိုက်ပေါင်းစုံကို ရောက်အောင်ပို့ကြတယ်။ ရွှေပေလွှာ ပုံကာဝဲ လှုပ်ရှားမှုလို့ခေါ်တယ်။ နောက်ဆုံးမှာ တိုက်-၄ က ဇော်ထွန်းတို့ ဖြိုးမင်းသိန်းတို့ စေ့ဆော်ချက်နဲ့ ထောင်တွင်းလူ့အခွင့်အရေးချိုးဖောက်မှု အခြေအနေတွေကို စာတမ်းကြီးတစ်စောင်ပြုစုတယ်။

အင်းစိန်ထောင်ထဲမှာသာမက နယ်ထောင်တွေမှာရော၊ ကျောက်ထုစခန်း၊ အလုပ်စခန်း၊ စိုက်ပျိုးရေးစခန်းတွေမှာပါ ပေါ်ပေါက်ဖြစ်ပျက်နေတဲ့ ထောင်အာဏာပိုင်တွေရဲ့ အကျင့်ပျက်မှုတွေ၊ ညှဉ်းပမ်းမှုတွေ၊ အဓမ္မခိုင်းစေမှုတွေ၊ အကြမ်းဖက်မှုတွေ၊ အာဂတိလိုက်မှုတွေ၊ အကျဉ်းသားတွေရဲ့ကျိုးပဲ့ဖျားနာမှုတွေ၊ ရေ အစာမဝ ငတ်မွတ်မှုတွေ၊ နေရေးထိုင်ရေး နားနေ အိပ်စက်ရေး ချို့ငဲ့ဆုံးပါးမှုတွေ၊ လူ့အခွင့်အရေး ဆုံးရှုံးမှုတွေ၊ ချိုးဖောက်ခံရမှုတွေ စတဲ့ အရေးကိစ္စအားလုံးကို သတင်းအချက်အလက် စုဆောင်းကြတယ်။ ထောက်လှမ်းရေးမှာ ညှဉ်းပန်းခံရကာ ကျိုးကန်သေကြေတာတွေကို သတင်းစုတယ်။ သတင်းအချက်အလက်တွေကို ဝန်ထမ်းတွေဆီက ရတယ်။ အကျဉ်းစခန်းပြန်တွေဆီက ရတယ်။ ပြင်ပထောက်လှမ်းမှုတွေဆီက ရတယ်။

လူငယ်တွေကလည်း သတင်းအချက်အလက်တွေကို စုဆောင်းပေးတယ်။ ကျွန်တော်ကစုပေါင်းရေးတယ်။ ရေးစရာ စက္ကူအလုံအလောက်မရဘူး။ စာမျက်နှာ ၁၀၀ လောက်ဆိုတော့ မလွယ်ဘူးပေါ့။ ဒါနဲ့ ကျွတ်ကျွတ်အိတ် ပလတ်စတစ်အိတ်တွေကို စက္ကူအရွယ်ဖြတ်၊ ပေါင်ပေါ်တင်၊ ဘောပင်နဲ့ရေးရတယ်။



စာမူအားလုံးကို မိုးဇော်ဦးက စက္ကူပေါ်မှာ အချောကူးရေးပေးတယ်။ စာမူနှစ်ခုကူးတယ်။ တိုက်ပေါင်းစုံ လှည့်ပြပြီး ဖတ်ခိုင်းတယ်။ သဘောတူကြောင်း လက်မှတ်ထိုးကြတယ်။ အကျဉ်းသားတစ်ရာကျော်(ကြိုးသမားတွေအပါအဝင်)ရဲ့လက်မှတ်တွေကို စုဆောင်းရရှိတယ်။

တောင်းဆိုလွှာနဲ့ လက်မှတ်တွေကို အပြင်ထုတ်လိုက်တယ်။ ကုလသမဂ္ဂရောက်သွားတယ်။ ပြည်တွင်းမှာရော ပြည်ပမှာပါ ပွက်လောရိုက်သွားတယ်။ ကျွန်တော်တို့ လုပ်ရကျိုးနပ်တယ်။

◆

www.burmeseclassic.com

www.burmeseclassic.com

## ပီပီတွေလွှတ် လွှတ်တော်ခေါ်

၁၉၉၀ နှစ်ကုန်ပိုင်းလောက်က တိုက်ဝင်းထဲမှာ ဆန္ဒပြမှုတွေပေါ်လာခဲ့တယ်။ ပီပီတွေလွှတ် လွှတ်တော်ခေါ်ဆိုတဲ့ နိုင်ငံရေးတိုက်ပွဲပါ။ ပီပီဆိုတာ Political Prisoners (PP) နိုင်ငံရေးအကျဉ်းသားကိုဆိုလိုတာပါ။

ဒီတိုက်ပွဲမှာ ထောင်ထဲရောက်နေတဲ့ ဒီချုပ်ခေါင်းဆောင်တွေအများကြီး အရိုက်အနှက်ခံရ၊ အဆောင်ပြောင်းရွှေ့ခံရ၊ ထောင်ပြောင်းခံရဖြစ်ခဲ့ပါတယ်။ ခေါင်းမငုံ့ဘူး၊ ဦးကျိုးမခံ လှုပ်ရှားမှုမှာ လက်တွဲပါဝင်ခဲ့တဲ့ သူရဦးဌေးလှိုင်လည်း အထိုးအကြိတ်၊ အကန်အကျောက်တွေ အတော်ခံလိုက်ရတယ်လို့ကြားရတယ်။ ကျွန်တော်က အထူးဆောင်မှာ တိုက်ပိတ်ခံနေရလို့ အဲဒီတိုက်ပွဲမှာမဆင်နွှဲခဲ့ရဘူး။ သတင်းကိုတောင် နောက်တစ်နှစ်လောက်ကြာမှ ကြားခဲ့ရသိခဲ့ရတာပါ။



၁၉၉၀ မေလ ၂၇ရက်မှာ ကျင်းပခဲ့တဲ့ ရွေးကောက်ပွဲမှာ ဒီချုပ်က တစ်ခဲနက်အနိုင်ရခဲ့တယ်။ ဥက္ကဋ္ဌဦးတင်ဦး၊ အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည် အရွေးခံခွင့်မရခဲ့ပေမဲ့ ဦးကြည်မောင် ဦးဆောင်တဲ့ ဒီချုပ်ပြည်သူ့ကိုယ်စားလှယ်တွေ အလုံးအရင်းနဲ့ အောင်ပွဲခံခဲ့ကြတယ်။ စစ်အစိုးရက ရာဇပလ္လင်ပေါ်က ဆင်းမပေးဘူး။ ဒီချုပ်ကို အာဏာလွှဲပြောင်းမပေးဘူး။ ဒီသတင်းချက်ချင်းလိုပဲ ထောင်ထဲကိုရောက်လာခဲ့တယ်။ ဒီချုပ်ခေါင်းဆောင်တွေနဲ့ အခြားနိုင်ငံရေးအကျဉ်းသားတွေရော၊ သာမန်အကျဉ်းသားတွေပါ ကြိတ်ကြိတ် ကြိတ်ကြိတ် ညှိကြနှိုင်းကြ လုပ်လာကြတယ်။ လှုပ်လှုပ်ရှားရှား စီကြစဉ်ကြ လုပ်လာကြတယ်။

အရှိန်လည်းရလာရော ပီပီလွှတ်၊ လွှတ်တော်ခေါ် တောင်းဆိုမှုတွေပေါ်လာတော့တာပဲ။ ဆန္ဒပြအုံကြွမှုတွေပေါက်ကွဲလာတော့တာပဲ။ ဒီတိုက်ပွဲမှာ ခေါင်းဆောင်သူရော နောက်လိုက်ပါဝင်လှုပ်ရှားသူတွေပါ လူပေါင်းများစွာ ရိုက်နှက်အကြမ်းဖက်တာ ခံကြရတယ်။ အဆောင်ရွှေ့ ထောင်ပြောင်းလုပ်တာ ခံကြရတယ်။

(အကြမ်းဖက်ဆိုလို့ သတိရတာလေးရေးလိုက်ရဦးမယ်။ အကျဉ်းဦးစီးဌာနရဲ့ စကားတစ်လုံးခြင်း အမှတ်အသားက အ.က.စ ပါ။ အဲဒီစကားလုံးကို အရှည်အမှတ်အသား ပြန်ဖော်တော့ နိုင်ငံရေးအကျဉ်းသားတွေက တစ်မျိုးတစ်ဖုံထွင်ပြောကြတယ်။ အကြမ်းဖက်ဦးစီးဌာနတဲ့။ အုကြောင်ကြောင်ဦးစီးဌာနတဲ့။ အကျိုးရှာဦးစီးဌာနတဲ့။ အကုန်နှိုက်ဦးစီးဌာနတဲ့။)

ဒီချုပ်ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် မောင်သော်က(ဗိုလ်မှူးဘသော်) အရိုက်ခံရတယ်။ အခြားဗဟိုကော်မတီဝင်တွေဖြစ်တဲ့ ဦးကိုယုတို့၊ ဦးမိုးသူတို့၊ ဒေါက်တာတင်မျိုးဝင်းတို့ အရိုက်ခံကြရတယ်။ ရန်ကုန်တိုင်းစည်းရုံးရေးကော်မတီဝင်သူရဦးဌေးလှိုင် ထိုးကြိတ်ကန်ကျောက်ခံရတယ်။ ရန်ကုန်တိုင်းစည်းရုံးရေး ဗဟိုကော်မတီဝင် ဦးသိန်းဟန်(ရွှေနေ)လက်လိမ်ချိုးခံရတယ်။ သူတို့လိုပဲ နိုင်ငံရေးအကျဉ်းသမားပေါင်းများစွာလည်း ညှဉ်းပန်းနှိပ်စက်ခံကြရတယ်။ နောက်ပိုင်းမှာ ဒေါက်တာတင်မျိုးဝင်းဆိုရင် ဘောင်းဘီတို ကိုယ်လုံးတီးနဲ့ တိုက်တကာရှေ့မှာ လှည့်ပြအရိုက်ခံခဲ့ရတယ်။ ကျွန်တော်တင်မျိုးဝင်းပါခင်ဗျား လို့လည်း ပါးစပ်က အော်ရသေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီတိုက်ပွဲဟာ အင်းစိန်အကျဉ်းထောင်ရဲ့ ရာဇဝင်မှာ အပြင်းထန်ဆုံး အုံကြွပေါက်ကွဲခဲ့တဲ့ နိုင်ငံရေးဆန္ဒပြပွဲကြီး ဖြစ်ခဲ့ပါတယ်။ ဒီချုပ်ကလူတွေသာ မဟုတ်ပါဘူး။ တခြားနိုင်ငံရေးပါတီတွေက လူတွေလည်း အများကြီးပါဝင် လှုပ်ရှားခဲ့ကြပါတယ်။ ကေအင်ယူကရင်အဖွဲ့က ကိုကိုနိုင်(မြို့တော်ခန်းမဗုံးခွဲ) တို့၊ လူ့ဘောင်သစ်ပါတီဥက္ကဋ္ဌ ကိုအောင်ဇေယျတို့လို ခေါင်းဆောင်တွေလည်း အကွဲကွဲအပြဲပြဲ ဖြစ်ခဲ့ကြရတာပါပဲ။

ဇာတ်ပေါင်းလိုက်တော့ နိုင်ငံရေးသမားတွေ ဇာတ်ခေါင်းကွဲကုန်ကြ တယ်။ ထောင်ပြောင်းခံရသူတွေ၊ အဆောင်ရွှေ့ခံရသူတွေ၊ တိုက်ရွှေ့ခံရသူတွေ မရေမတွက်နိုင်အောင်ရှိကုန်တယ်။ အဆောင်တွေတိုက်တွေမှာ နှိပ်ကွပ်မှု၊ ချုပ် ချယ်မှု၊ ဖိနှိပ်မှုတွေ အလွန်များပြားတင်းကျပ်ကုန်တယ်။ ထောင်အာဏာပိုင် တွေလည်း ကျောင်းမှန်းကန်မှန်းသိသွားကြတယ်။ နိုင်ငံရေးအကျဉ်းသားဆို တာ ခေါင်းငုံ့မခံဘူး။ နိုင်ငံရေးအကြောင်းပေါ်တိုင်း အုံကြွတတ်တယ်။ အာခံ တတ်တယ်ဆိုတာ ပိုလို့သဘောပေါက်သွားကြတယ်။

တိုက်ဝင်းဆန္ဒပြပွဲသတင်းက အဆောင်တွေအားလုံးကို ပြန့်သွားတယ်။ သာမန်ရာဇဝတ်အကျဉ်းသားတွေ အတော်လှုပ်လှုပ်ရွရွဖြစ်လာတယ်။ ဒါပေမဲ့ အဲဒီအချိန်က အထူးဆောင်ထဲမှာ ထောက်လှမ်းရေးတပ် စခန်းသီးသန့်ဖွင့်ပြီး ကွပ်ကဲနေတယ်။ အပြင်က စစ်တပ်အင်အားကလည်း ရောက်လာတယ်။ စစ်သားအချို့ကို အကျဉ်းသားအသွင်ပြောင်းပြီး အဆောင်တွေထဲမှာ ရောထည့် ထားလိုက်တယ်။ လှုပ်ရှားမယ့်အပြောအဆိုတွေ၊ အကြံအစည်တွေ၊ အစီအမံ တွေကို ကြိုသိကုန်ကြတော့တာပေါ့။ ဒီလိုမတည်မငြိမ်နဲ့ဘဲ ၁၉၉၀ တိုက်ဝင်း ဆန္ဒပြမှုဟာ အရှိန်လျော့သွားတယ်။ အားလျော့သွားတယ်။ နောက်ဆုံးတော့ ပုံမှန်ပြန်ဖြစ်သွားပြီး ဒုံရင်းအခြေအနေ ရောက်သွားတော့တယ်။

ဖိနှိပ်မှုတင်းမာကြမ်းတမ်းလွန်းတဲ့ နေရာမှာ အုံကြွလှုပ်ရှားမှုဆိုတာ ကောက်ရိုးမီးလို မဟုတ်ပေမယ့်၊ ရှားမီးလို ကြာရှည်ခံအောင် ထိန်းထားနိုင်ဖို့ ခက်တယ်ဆိုတာ ကျွန်တော်တို့ နိုင်ငံရေးအကျဉ်းသားတွေ သင်ခန်းစာယူကြ ရမှာပဲပေါ့။

◆

## ကြက်တူရွေး တွန်သံ

၂၀၀၂ ခုနှစ်လယ်လောက်မှာ ကျွန်တော် ရန်ကုန်ဆေးရုံကြီးတက်ရ ကယ်။ ရန်ကုန်ဆေးရုံအသွား လမ်းမှာ အင်းစိန်ဆေးရုံ ခဏဝင်ရတယ်။ ငင်းစိန်ဆေးရုံတက်တဲ့ သာမန်အကျဉ်းသားတွေကို လိုက်ပို့ရင်း ကျွန်တော် တ်းလာတဲ့ကားက ရပ်စောင့်ရတာပါ။

ခရီးဆက်ဖို့ စောင့်နေတုန်း လူငယ်တစ်ယောက် ရောက်လာတယ်။ ဂကြီးက နှုတ်ဆက်လိုက်ပါတယ်တဲ့။ ကျွန်တော် ချက်ချင်းပြန်ပြောလိုက် ဂယ်။ "ဟေ့... နှုတ်ဆက်မနေနဲ့။ ကြက်တူရွေးတစ်ကောင် ပို့လိုက်လို့ပြော ကွာ။ ပျင်းလွန်းလို့"။ ထောက်လှမ်းရေးတွေ အနားကပ်လာတယ်။ လာနှုတ်ဆက် ဂဲ့ လူငယ်လည်း လစ်ပြေးရော။ ၁၉၉၃ ခုနှစ်လောက်က တိုက်-၃ မှာ ပြတ်ထွန်းနေခဲ့ဘူးတယ်။ သူ့ကိုအားလုံးက ဘကြီးလို့ခေါ်ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်က ကျွန်တော်တို့လက်ထဲမှာ ရေဒီယိုတစ်လုံးရှိနေတယ်။ သတင်းတွေဖမ်းတယ်။ ဗွီအိုအေ၊ ဘီဘီစီ၊ မြန်မာ့အသံကအစ သတင်းအစုံပေါ့လေ။ မနက်တိုင်၊ ညတိုင် သတင်းတွေလာတဲ့အချိန်က ထောင်ထဲမှာ လူ စစ်ချိန်ဖြစ်နေတယ်။ အဲဒီအချိန်မှာ မြတ်ထွန်းဖျားတယ်။ စောင်ခေါင်းမြီးခြုံအိပ်တယ်။ သူ့နားမှာ ကြက်တူရွေးတွန်သံကတော့ ညံနေတာပဲတဲ့။

ကြက်တူရွေးဆိုတာ ရေဒီယိုကို ကျွန်တော်တို့ခေါ်တာ။ ကြက်တူရွေးတွန်သံထဲမှာ ကျွန်တော်တို့ကြားချင်တဲ့ သတင်းတွေပါတယ်။ ဒါကို မြတ်ထွန်းက စာရွက်ပေါ်မှာ စာကြမ်းရေးမှတ်တယ်။ မြတ်ထွန်းလုပ်ရတဲ့ အလုပ်က အတော်ရင်တုန်စရာကောင်းတယ်။ ရေဒီယိုလက်ကိုင်ထားတာလည်း ထောင်နှစ်ရှည်ကျနိုင်တယ်။ ဘောပင်တွေ စာရွက်တွေကိုင်ထားလည်း ထောင်နှစ်အတော်ကြီးနိုင်တယ်။

သူက သူ့ဖျာအောက် ခေါင်းရင်းဘက်မှာ အင်္ဂတေအက်ကြောင်းတူးပြီး ရေဒီယိုထည့်ထားတယ်။ အက်ကြောင်းတိမ်တိမ်ဆိုတော့ ကြက်တူရွေးခေါင်း မလုံဘူးပေါ့လေ။ စက္ကူတွေ ဘောပင်တွေကိုနေရာခွဲပြီး ဝှက်ရတယ်။ နေရာအတည်တကျ မထားဘူး။ ဒီနေ့ ဒီနေရာ၊ ဟိုနေ့ ဟိုနေရာ ဆိုသလိုပေါ့လေ။

ရေဒီယိုကို တစ်နေရာထဲမှာ ဝှက်ရတာ မလုံခြုံဘူးလို့ ထင်လာတယ်။ ဒါနဲ့ တခြားလူငယ်တွေအခန်းဆီ ရွှေ့ထားရသေးတယ်။ ဒါပေမဲ့ တချို့က ကြာရှည်မသိမ်းချင်ဘူး။ တလာစီဆိုတဲ့ အပတ်စဉ်ရှာဖွေရေးတွေကလည်း တဂျိုင်းဂျိုင်း၊ တဒေါက်ဒေါက် လာနေတာမဟုတ်လား။ ဂျိုင်းဆိုတာ သံတံခါးဖွင့်သံ။ ဒေါက်ဆိုတာ အိပ်ရာတွေပေါ် တက်နင်းတဲ့ ဝန်ထမ်းတွေရဲ့ဖိနပ်သံ။ နောက်ဆုံးတော့ မြတ်ထွန်းအခန်းကိုပဲ ကြက်တူရွေးပျံလာရတော့တာပဲ။ စက္ကူတွေ၊ ဘောပင်တွေလည်း ရောက်လာရတော့တာပဲ။ မြတ်ထွန်းဖျားပြန်ရော။ စောင်ခေါင်းမြီး ခြုံပြန်ရော။

ကြက်တူရွေးတွန်သံ သတင်းတွေကို မြတ်ထွန်းက စာကြမ်းရေး၊ ကိုဋ္ဌေးအောင်ကတည်းဖြတ်၊ မိုးဇော်ဦးက အချောရေးတယ်။ မူချောကို ထပ်ဆင့်မှုပွားပေးမယ့် တိုက်-၄ က လူငယ်တွေဆီပို့ရတယ်။ မူချောတွေ ထပ်ပွားပြီးတဲ့နောက်တော့ ဖြန့်ဝေရေးအဆင့် ရောက်လာတယ်။ ဒီအဆင့်မှာ သာမန်အကျဉ်းသား အမြဲဆင်းလုပ်သားတွေလည်း ပါလာတယ်။ ကျွန်တော်တို့



လူငယ်တွေကစည်းရုံးထားတာ။ အမြဲဆင်းတွေက သတင်းလွှာစာမူချောတွေကို တိုက်ပေါင်းစုံလိုက်ပို့တယ်။ တစ်ခါတလေ ဝန်ထမ်းအရိပ်အယောင် မမြင်ရရင် တိုက်နောက်ဖေး လေသာပေါက်ထဲကို ပစ်သွင်းတယ်။ သတင်းစာပို့သူတွေ အိမ်ထဲ သတင်းစာပစ်သွင်းသံလို သတင်းလွှာကို ပစ်သွင်းကြတာ။

ကျွန်တော်တို့အားလုံး ပျော်နေကြတာပေါ့။ တစ်ပတ်သုံးခါလောက် စာ ၁၀ မျက်နှာလောက် ဖတ်နေကြရတာကိုး။ ကြက်တူရွေးတွန်သံက ဥဩတွန်သံလို တယ်နားဝင်ချိုလှပေသကိုး။

သတင်းတွေကို တစ်ခန်းချင်းလှည့်ဖတ်တယ်။ တစ်ခါတလေ ဝန်ထမ်းရှင်းရင် အခန်းတစ်ခန်းထဲမှာ လူလေးငါးခြောက်ယောက် စုဖတ်ကြတာပဲ။ အချိန်ကုန်သက်သာတာပေါ့။ လူဆိုတာ သတင်းစကား ကြားချင်ကြတယ်။ ကြားရတဲ့သတင်းကိုလည်း ပါးစပ်ဆင့်ကမ်းလိုက်ချင်ကြသေးတယ်။ ထောင်ထဲလိုနေရာမျိုးမှာတော့ ဘယ်ပြောကောင်းမလဲ။ သတင်းသံတွေက တိုးတိုးတစ်မျိုး၊ ကျယ်ကျယ်တစ်ဖုံပေါ့။ စုံတောမြိုင်ယံမှာ ကြက်တူရွေးတွန်သံ တညံညံမြည်သလို ဖြစ်နေတော့တာပါပဲ။

ဒီလိုနဲ့ သတင်းသံတွေ ပွဲတင်ညံလာတယ်။ တားမရ ပိတ်မရဖြစ်လာတယ်။ ကြာတော့ လက်ပိုက်ကြည့်နေရတာပေါ့။ ကိုယ့်ရဲဘော်တွေ ပျော်ပျော်ကြီး လျှာစကြာဖြန့်နေကြတာကို ဘရိတ်မအုပ်ရက်ဘူး။ နောက်ဆုံးတော့ သတင်းခြေရာတွေ ဖုံးရဖိရ ဖျောက်ရဖျက်ရ လုပ်ရတာပေါ့လေ။ ပြည်သူ့ကိုယ်စားလှယ် ဦးကျော်သွင်ရဲ့ သားချစ်မိခင်ကြီးအမည်သုံးပြီး သတင်းနံ့ဖျောက်ရတယ်။ ဒီအကြောင်း ကျွန်တော် ဒီစာစုတစ်နေရာမှာ ရေးပြထားပါတယ်။

ဖုံးနေဖိနေတဲ့ကြားက သတင်းလွှာရဲ့သတင်းက ဟိုနေရာဒီနေရာ အသံတွေ တသဲ့သဲ့ထွက်လာတယ်။ (သတင်းလွှာဆိုတာ ကျွန်တော်တို့ထုတ်နေတဲ့ သတင်းစာရဲ့နာမည်) သတင်းရဲ့သတင်းပါ။ အာဏာပိုင်တွေရဲ့ဆီ ပေါက်သွားပုံရတယ်။ ကျွန်တော်တို့ရဲ့ ကြက်တူရွေးလုပ်ငန်းလည်း ရှေ့ကဖုံး နောက်ကပေါ်ဖြစ်လာတယ်။ မျက်လုံးပြူး မျက်ဆန်ပြူးဖြစ်လောက်တဲ့ ကိစ္စတော့မဟုတ်ပါဘူး။ သတင်းနံ့တွေ တထောင်းထောင်းထွက်တယ်ဆိုရုံလောက်ပါပဲ။

ပြဿနာက ကြက်တူရွေးတွေ နှုတ်သီးပိတ်ကုန်တာပါပဲ။ တစ်ကောင်

www.burmeseclassic.com

www.burmeseclassic.com



ပြီးတစ်ကောင် ထောင်ချောက်ထဲမှာ ကွိခနဲပါကုန်တယ်။ တော်သေးရဲ့။ ဘကြီးမြတ်ထွန်းရဲ့ ကြက်တူရွေးက လွတ်နေတယ်။ ထောင်လုံးညံအောင် တွန်သံပေးနိုင်ဖို့ ကျန်ရစ်နေသေးတယ်။ မိသွားတဲ့ ကြက်တူရွေးက တိုက်–၃၊ အခန်း–၁ က ကိုမျိုးမင်းဆီက တစ်ကောင်တဲ့။ အခန်း–၁၄ က ဘိုဘိုဦးဆီက တစ်ကောင်တဲ့။ (ဘိုဘိုဦး ကြက်တူရွေးကိစ္စ နောက်မှကြားရတာ။ ဟုတ်လေသလား၊ မဟုတ်လေသလားတော့ သေချာမသိ။) တိုက်–၄ က ရခိုင်ကွန်မြူနစ်ရဲဘော်ထွန်းဝင်းနဲ့အတူနေ ကိုလင်းမောင်သက်ဆိုတဲ့ လူဝကြီးတို့ဆီကလည်း တစ်လုံးမိတယ်တဲ့။

ကိုမျိုးမင်း ကြက်တူရွေးက အစောဆုံးမိသွားတာ။ တိုက်–၃ ထဲမှာ ကြက်တူရွေးတစ်ကောင်ရှိတယ်။ မကြာခဏ တွန်သံတွေကြားရဖတ်ရတယ်။ ဘာလိုသေးလဲ။ ကိုမျိုးမင်းလိုတာက ကြက်တူရွေးဖြစ်နေတယ်။ သူက ရအောင်ရှာတယ်။ အတူနေ ကိုမင်းဇင်လည်း နားထောင်တယ်။ နားထောင်ရင်း ကြက်တူရွေးက လျှာခေါက်သွားရောထင်ရဲ့။ အသံမထွက်တော့ဘူး။ ဒါနဲ့ တိုက်–၁ မှာရှိတဲ့ သူခိုးကြီးမြင့်သိန်းဆီကိုပို့တယ်။ (ကိုမြင့်သိန်းက နာမည်ကျော် ဖောက်ထွင်းဝိဇ္ဇာလေ။ စာရေးဆရာမြသန်းတင့်ရေးတဲ့ "ဆယ်ကြိမ်မြောက် အလည်ရောက်ခြင်း"ဆိုတဲ့ ဖြစ်ရပ်မှန်ဝတ္ထုထဲက ဇာတ်ကောင်လေ။)

ဘယ်လိုဘယ်လိုဖြစ်ပြီး သတင်းပေါက်သွားတယ် မသိ။ ကိုမျိုးမင်းအခန်းကို တလာစီ(ရှာဖွေရေး)လုပ်တယ်။ ရေဒီယိုမိသွားတယ်။ သူ့ကိုပြစ်ဒဏ်တိုက်ပို့တယ်။ သူက အမှိုက်ပုံးထဲက ကောက်ရတာလို့ ဘူးကွယ်တယ်။ ပြစ်ဒဏ်တိုက်ကနေ သူ့မူလတိုက်ကို ပို့ဖို့တောင်းဆိုတယ်။ မရ။ သူက အစာငတ်ခံတယ်။ သူ အစာငတ်ခံတဲ့သတင်းကြားတော့ ကျွန်တော်တို့ တိုက်–၃က တစ်တိုက်လုံး အစာငတ်ခံမယ်လို့ ကြေညာတယ်။ နောက်ဆုံးတော့ သူတိုက်–၃ ကို ပြန်ရောက်လာတယ်။ "ကိုယ့်လူ ကြက်တူရွေးနဲ့ အဆင်မပြေရင် သာလိကာသာ မွေးတော့" လို့ ဝိုင်းနောက်ကြတယ်။

တိုက်–၄ က ကြက်တူရွေးရဲ့ ထောင်ချောက်သတင်းက ဒီလို။ တိုက်–၄ ရှည်မှာ ကိုလင်းမောင်သက်နဲ့ ကိုထွန်းဝင်းအတူနေတယ်။ (တိုက်–၄ ရှည်ဆိုတာ တိုက်–၄ ရဲ့ တောင်ဘက်ခြမ်းက အခန်းတွေကိုခေါ်တာ။ မြောက်ဘက်ခြမ်းက အခန်းတွေကို တိုက်–၄တို လို့ခေါ်တယ်။)



ကိုလင်းမောင်သက်က ကျွန်တော်တို့ရဲ့သတင်းလွှာထဲက ကြက်တူရွေးအသံနဲ့နားအာသာမပြေဘူး။ ရုပ်ပြထဲက ကြက်တူရွေးအသံကို နားထောင်နေရသလို ထင်နေပုံရရဲ့။ ဒါနဲ့ ကိုယ်ပိုင်သက်ရှိ ကြက်တူရွေး ရှာသွင်းတယ်။ (သူက ကွယ်လွန်သူ သမိုင်းပါမောက္ခ ဒေါက်တာဦးကျော်သက်ရဲ့သား။ တည်းခိုခန်း၊ စားသောက်ဆိုင်လုပ်ငန်းတွေ လုပ်တယ်။)

ကြက်တူရွေးကို အတူနေ ရခိုင်နီကိုထွန်းဝင်း လက်အပ်ထားတယ်။ ကိုထွန်းဝင်းက ကြားသမျှသတင်းကို ပြန်ပြောပြရတယ်။ ကြက်တူရွေးမိသွားတော့ ကိုထွန်းဝင်း အမှုသစ်တိုးတာပေါ့။ ကိုလင်းမောင်သက် ဝတ္တရားမပျက်ပါဘူး။ ကိုထွန်းဝင်းအတွက် တရားရုံးထွက်ပြီး ကောင်းကောင်းသက်သေခံတယ်။ ကိုထွန်းဝင်း စားရေးသောက်ရေး ပြည့်ပြည့်စုံစုံ ပံ့ပိုးပေးတယ်။ သူထောင်ထပ်မကျဘူး။ ကိုထွန်းဝင်းကတော့ မူရင်းနှစ် ၂၀ ထောင်ဒဏ်မှာ ၇နှစ်နှစ်လားမသိ တိုးသွားတယ်။

အင်းစိန်ထောင်ထဲက ကြက်တူရွေးတွေအကြောင်း ပြောတော့ နယ်သာလန်နိုင်ငံ အမ်စတာဒမ်မြို့က ကြက်တူရွေးကိုသတိရတယ်။ ၁၉၅၅–၅၇ လောက်မှာ ကျွန်တော် အမ်စတာဒမ်မြို့ရောက်နေတယ်။ ကိုယ်တိုင်လည်း သတင်းငတ်တယ်။ နိုင်ငံခြားရောက်နေသူတိုင်းလည်း သတင်းငတ်တယ်။ ဒါကြောင့် "ဒို့ပြည်သတင်း" ဆိုတဲ့ သတင်းလွှာတစ်စောင် ကျွန်တော်ထုတ်တယ်။

ရန်ကုန်က သတင်းထောက်ကိုရွှေမောင်တို့၊ ကိုဘထူးတို့၊ အယ်ဒီတာကိုစံလွင်တို့က သတင်းပို့ပေးတယ်။ ရန်ကုန်က မစိုးမြင့်ဆိုတဲ့ အမျိုးသမီး (ကွယ်လွန်သူ ရခိုင်စာရေးဆရာဦးသာညွန့်ရဲ့ဇနီး)နဲ့ မန္တလေးက မြင့်မြင့်ကြီးဆိုတဲ့ အမျိုးသမီးကလည်း သတင်းတွေပို့ပေးတယ်။ ကျွန်တော်ကိုယ်တိုင်လက်နှိပ်စက်ရိုက်တယ်။ ဖယောင်းပုံနှိပ်တယ်။ တစ်ပတ်နှစ်ခါလောက် ထုတ်တယ်။ ကမ္ဘာအနှံ့ဖြန့်ပို့တယ်။

ပျော်လိုက်တာ။ သတင်းတွေဖတ်ရတာ ပျော်တယ်။ တခြားသူတွေဖတ်ဖို့ သတင်းစာထုတ်ပေးရလို့လည်း ပိုပျော်တယ်။ ထောက်လှမ်းရေးကအင်းစိန်ထောင်ထဲမှာလည်း မကောင်းဘူး။ ထောင်အပြင်မှာလည်းမကောင်းဘူး။ ပြည်ပအထိတောင် သူတို့လက်တံက ရှည်တယ်။ "ဒို့ပြည်သတင်း"မှာအစိုးရဆန့်ကျင်ရေးသတင်းတွေ ပါတယ်လို့ စွပ်စွဲတယ်။ ထောက်လှမ်းရေးသတင်းအရ အစိုးရက ဆရာမောင်မောင် (ကွယ်လွန်သူ သမ္မတဟောင်း

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမောင်မောင်)၊ ဆရာဦးထင်ကြီး(စာပေဗိမာန် ညွှန်ကြားရေးမှူး)တို့ကို အမ်စတာဒမ် လွှတ်တယ်။ သတင်းစာထုတ်တာ ရပ်ခိုင်းတယ်။ ကျွန်တော် မရပ်ဘူး။ ဒါနဲ့ ကျွန်တော် နိုင်ငံခြားက ပြန်လာရတယ်။

ရန်ကုန်ရောက်တော့ ကြေးမုံသတင်းစာ တည်ထောင်ရာမှာ ပါဝင်ပြီး ကျွန်တော် အယ်ဒီတာလုပ်တယ်။ "ဒို့ပြည်သတင်း"က ဉာဏ်တွေ၊ ပညာတွေ ဟုတ်တိပတ်တိ များများစားစား မရခဲ့ပါဘူး။ ဒါပေမဲ့ သတင်းစာမာန်တွေ၊ သတင်းစာသတ္တိတွေ ဒေါင်ဒေါင်မြည် အများကြီးရခဲ့တယ်။ အဲဒီလို မာန်တွေ၊ သတ္တိတွေနဲ့ပဲ အင်းစိန်ထောင်ထဲမှာ သတင်းလွှာကို ထုတ်နိုင်ခဲ့တာပါ။

စောစောကပြောခဲ့တဲ့အတိုင်းပဲ သတင်းလွှာ ထုတ်ရာမှာ လူငယ်နိုင်ငံရေးအကျဉ်းသားတွေ အများကြီးပါဝင်ခဲ့ပါတယ်။ သတင်းလွှာက လူတစ်ယောက်တည်း လုပ်ရုံနဲ့ ပြီးနိုင်တဲ့ကိစ္စကလေးပါ။ ဒါပေမဲ့ ထောင်ထဲမှာထုတ်ရတာ။ ထောက်လှမ်းရေးရဲ့မျက်ခုံးပေါ် စကြိုလျှောက်ပြီးထုတ်ရတာ။ သတင်းပေးတွေ ဝိုင်းဝိုင်းလည်တဲ့ကြားက ထုတ်ရတာ။ ဒီလိုအလုပ်မှာ လူငယ်ပေါင်းများစွာ ပါဝင်လှုပ်ရှားကြတယ်ဆိုတာ သိပ်အရေးကြီးပါတယ်။

ဒီလုပ်ငန်းက စစ်အာဏာရှင်တွေ ထောင်အာဏာရှင်တွေကို နားရွက်တံတွေးဆွတ်လိုက်တာပါ။ အကျဉ်းသားတွေကို မျက်စိပိတ်၊ နားပိတ်၊ ပါးစပ်ပိတ် လုပ်နေတဲ့ အာဏာရှင်တွေရဲ့ အရှိုက်ကိုထိုးလိုက်တာပါ။ ဒါကြောင့် ဒီ လုပ်ငန်းက သာမန်မီဒီယာလုပ်ငန်း သတင်းလုပ်ငန်းမဟုတ်ဘူး။ နိုင်ငံရေးလှုပ်ရှားမှု၊ အာဏာဖီဆန်ရေးလှုပ်ရှားမှုလို့ သတ်မှတ်ရမှာ ဖြစ်ပါတယ်။

ဒီလုပ်ငန်းက နိုင်ငံရေးအားမာန်တွေ၊ နိုင်ငံရေးသတ္တိတွေ၊ နိုင်ငံရေးသန္နိဋ္ဌာန်တွေ ခိုင်ခိုင်မာမာ နက်နက်ရှိုင်းရှိုင်းကြီး သွတ်သွင်းပေးနိုင်ခဲ့တယ်လို့ ဆိုရမှာဖြစ်ပါတယ်။

လူငယ်နိုင်ငံရေး အင်အားစုတွေဟာ ဒီမာန် ဒီသတ္တိတွေ ဒီသန္နိဋ္ဌာန်တွေနဲ့ အာဏာရှင်တွေရဲ့ မျက်စိပိတ် နားပိတ် ပါးစပ်ပိတ် အာဏာသော့ခလောက်တွေကို တစ်ပြည်လုံးနေရာအနှံ့မှာ အော်ကြီးဟစ်ကျယ်ဖြစ်ဖြစ်၊ တိုးတိုးတိတ်တိတ်ဖြစ်ဖြစ် ရိုက်ချိုးသွားရေးတာဝန်ကို ထမ်းဆောင်သွားနိုင်ကြလိမ့်မယ်လို့ ကျွန်တော်တို့ ယုံတယ်။ မျှော်လင့်တယ်။ တိုက်တွန်းတယ်။

◆

## နိုး သံခြေကျင်း နိုး ထမင်း

နိုင်ငံရေးအကျဉ်းသားရဲ့ နောက်ဆုံးခုခံလက်နက်ကြီးဟာ ထောင်ထဲ မှာ အစာငတ်ခံတောင်းဆိုချက်ပဲဖြစ်ပါတယ်။ ဆရာတော်ဦးဝိစာရဟာ ထောင် ထဲမှာ ရက်ပေါင်း ၁၆၆ ရက် အစာငတ်ခံခဲ့ပါတယ်။ ထောင်ထဲမှာပဲ ပျံလွန် မှ သွားခဲ့ပါတယ်။ ဆရာတော်ဦးဝိစာရရဲ့နိုင်ငံရေးတိုက်ပွဲဟာ သမိုင်းပြောင်လှ ပါပေတယ်။

နောင်အခါ ဗမာပြည်ကွန်မြူနစ်ခေါင်းဆောင် ဖြစ်လာတဲ့ သခင် န်းထွန်းကတော့ "အစာငတ်ခံခြင်းကား ကိုယ်ခံဘက်ကပဲ"လို့ ဆောင်းပါး ေးခဲ့ဘူးတယ်။ သခင်သန်းထွန်းအမြင်ကတော့ အစာငတ်ခံလက်နက်ကို မှမရတဲ့အဆုံးကျမှ သုံးသင့်တယ်လို့ ယူဆတယ်။ "ကိုယ်ကချရတဲ့

www.burmeseclassic.com



နက်မျိုးကိုင်သင့်တယ်”လို့ သူကဆိုတယ်။ သခင်သန်းထွန်းက ထောင်တွင်း အစာငတ်ခံပွဲ ဆုံးဖြတ်ချက်ကို လိုက်နာပါတယ်။ ဘုန်းကြီးတစ်ပါးကိစ္စနဲ့ ပတ်သက်ပြီး တိုက်ပွဲဝင်ခဲ့ကြပါတယ်။ တစ်ရက် အစာငတ်ခံဖို့ ဆုံးဖြတ်ခဲ့ကြပါတယ်။

ကိုကိုကျွန်းထောင်မှာလည်း နိုင်ငံရေးအကျဉ်းသားတွေ အစာငတ်ခံခဲ့ကြတယ်။ အင်းစိန်၊ သာယာဝတီ၊ မြောင်းမြ၊ မန္တလေး၊ မြင်းခြံ၊ မော်လမြိုင်စတဲ့ ထောင်ပေါင်းများစွာမှာလည်း နိုင်ငံရေးအကျဉ်းသားများစွာတို့ အစာငတ်ခံတိုက်ပွဲဝင်ခဲ့ကြပါတယ်။

၁၉၉၅တုန်းက ကျွန်တော်လည်း အစာငတ်ခံတိုက်ပွဲဝင်ခဲ့ဘူးတယ်။ တစ်ရက်တည်းပဲ တိုက်ပွဲဝင်ချိန်ကြာခဲ့တယ်။ သခင်သန်းထွန်းရဲ့အယူအဆ အစဉ်အလာကိုလိုက်ပြီး တစ်ရက်တည်းတိုက်ပွဲဝင်တာ မဟုတ်ပါဘူး။ ထောင်အာဏာပိုင်တွေက ကျွန်တော်တို့တိုက်ပွဲ တောင်းဆိုချက်ကို လိုက်လျောလိုက်လို့ တစ်ရက်တည်းနဲ့ တိုက်ပွဲစခန်းသိမ်းသွားတာပါ။

အစာငတ်ခံတိုက်ပွဲမှာ ကျွန်တော်နဲ့အတူ ဒီချုပ် ကိုကိုကျွန်းပြည်သူ့ကိုယ်စားလှယ်ဦးလှသန်းနဲ့ ကျောင်းသားလူငယ်အစုအဖွဲ့က ကိုမှိုင်းတို့ပါဝင်ခဲ့ကြပါတယ်။

အဲဒီအချိန်က နိုင်ငံရေးအကျဉ်းသားအုပ်စုတွေကလည်း တိုက်ပွဲသွေးဆူနေတယ်။ အာဏာပိုင်တွေဘက်ကလည်း နိုင်ငံရေးအခြေအနေသစ်ကို အကဲခတ်နေတယ်။ ဒေါ်အောင်ဆန်းစုကြည် အကျဉ်းထောင်ကလွတ်လာလို့ နိုင်ငံရေးအင်အားစုတွေကြားမှာလည်း သွေးကြွလှုပ်ရှားလာနေတယ်။ ဒါကို ထောင်အာဏာပိုင်တွေက ကောင်းကောင်းရိပ်စားမိနေပြီ။ ဒီလိုကိစ္စမျိုးမှာ အာဏာပိုင်တွေဟာ သိပ်‘နပ်’ကြပါတယ်။

ကျွန်တော်တို့တိုက်ပွဲကို တစ်ရက်တည်းနဲ့ လိုက်လျောဖြေရှင်းပေးလိုက်တာဟာ အာဏာပိုင်တွေရဲ့ ‘နပ်ကြောမိ’သွားလို့ပဲရယ်လို့ ပြောနိုင်တယ်။ ဒါမှမဟုတ်လည်း အောက်သက်ကြေတဲ့ ဝါရင့်ထောင်အရာရှိကြီးတစ်ယောက် အင်းစိန်ရောက်လာတာရဲ့ အကျိုးသက်ရောက်မှုလို့ပြောနိုင်ရဲ့။ သူ့အမည်က ဦးလှုလှ။ ဘယ်ထောင်က ပြောင်းလာသလဲတော့မသိဘူး။ ကျွန်တော်တို့တိုက်ပွဲဝင်ချိန်မှာ သူက တွဲဘက်ထောင်ပိုင်ဖြစ်နေတယ်။ ထောင်ပိုင်ဗိုလ်ကြီးသာဦးဆိုသူနဲ့အတူ အင်းစိန်ထောင်ကြီးကို တွဲကိုင်နေတယ်။



ကျွန်တော်တို့တိုက်ပွဲဝင်တဲ့ကိစ္စက ရေးကြီးခွင်ကျယ်မဟုတ်ပါဘူး။ နိုင်ငံရေးကိစ္စမဟုတ်ဘူး။ ဒါပေမဲ့ နိုင်ငံရေးဆုံးဖြတ်ချက်နဲ့ငြိနေတဲ့ကိစ္စ။ ကျွန်တော်တို့တိုက်ပေါင်းစုံ သဘောတူဆုံးဖြတ်ချက်ရှိတယ်။ နိုင်ငံရေးအကျဉ်းသားများကို သံခြေကျင်းခတ်ပြီး အပြစ်မပေးရ။

အဲဒီအချိန်မှာ တိုက်–လေးရှည်ကလား၊ တိုက်–လေးတိုကလားမသိ။ နိုင်ငံရေးအကျဉ်းသားတစ်ဦး ပြစ်ဒဏ်ပေးခံရတယ်။ ကိုဗလကြီးတဲ့။ သူ့အဖေဆီ စာရေးတယ်။ သူ့ဆီက စက္ကူနဲ့ဘောပင်မိတယ်။ ပြစ်ဒဏ်ကျခံစေ။ သူ့ပြစ်ဒဏ်က ရိုးရိုးမဟုတ်ဘူး။ သံခြေကျင်းခတ်တဲ့ပြစ်ဒဏ်။

တခြားတိုက်တွေ ဘယ်လိုလုပ်ကြသလဲမသိ။ တိုက်–သုံးကတော့ တစ်ရက်ထမင်းမယူဖို့ ဆုံးဖြတ်တယ်။ တစ်ရက်အစာငတ်ခံမယ်။ ကိုဗလကြီးကို နေရင်းတိုက်၊ နေရင်းအခန်းပြန်ပို့ပေး။ သံခြေကျင်းဖြုတ်ပေး။ ဒါပဲ။ အာဏာပိုင်တွေက ငြင်းတယ်။ တောင်းဆိုတာတွေ ဘာတစ်ခုမှမပေး။ ထောင်ပိုင် ဗိုလ်ကြီးသာဦးရဲ့ အမိန့်နဲ့တူရဲ့။

ထမင်းမယူဘူးဆိုတာ ဟုတ်သလား။ တိုက်–သုံးမှာ အခန်း–၁၄ က မေးလာတယ်။ တခြားအခန်းတွေ ဘယ်လိုဖြေကြသလဲတော့မသိ။ ကျွန်တော့်အခန်း–၂ကို မေးတဲ့အရာရှိတွေ ရောက်တယ်။ ဟုတ်တယ်။ မယူဘူးလို့ ကျွန်တော် ဖြေလိုက်တယ်။

ကျွန်တော့်ကို ခေါင်းစွပ်နဲ့ တိုက်ရုံးခေါ်တယ်။ မေးတယ်။ စစ်တယ်။ တိုက်ရုံးအပြင်ဘက် နေပူထဲမှာ ရပ်ခိုင်းထားတယ်။ ကျွန်တော့်ပါးစပ်က ဆူသံပူသံတွေ ထွက်လာတော့ တိုက်–ခြောက်ကို ခေါ်သွားတယ်။

တိုက်–ခြောက် အခန်း–၁၀ မှာ ထောင်စစ်ကြောရေးအခန်းဖွင့်ထားတယ်။ အထူးဆောင်ထဲက ထောက်လှမ်းရေး စစ်ကြောရေးကိုမပို့ဘူး။ တွဲဘက်ထောင်ပိုင်ဦးလှုလှ ရုံးထိုင်နေတယ်။ ဦးလှုလှက ကရင်လူမျိုး။ စကားပြောပိုင်သာတယ်။ မေးခွန်းမျိုးစုံမေးတယ်။ ချောက်လုံး ချော့လုံးတွေအများကြီး ပြောတယ်။

“သူ့သံခြေကျဉ်းနဲ့ ခင်ဗျားနဲ့ ဘာဆိုင်လို့လဲ”

“နောင်ကျရင် သူ့သံခြေကျင်းက ကျုပ်ခြေထောက်ကို လာစွပ်မှာပေါ့ဗျ”

ဦးလှုလှက စိတ်ပျက်လက်ပျက် ခေါင်းခါတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားကို တိုက်–ငါးပို့မယ်"

တိုက်–ငါးဆိုတာက တိုက်–လေးရဲ့ရှေ့ဘက်၊ တိုက်–ခြောက်ရဲ့ဘေးဘက်မှာရှိတယ်။ ယုဝတီဆောင်လို့ နာမည်ဆိုးနဲ့ ကျော်ကြားတဲ့တိုက်။ မိကျောင်းတိုက်ရယ်လို့လည်း လူသိများတယ်။ ယုဝတီဆောင်လို့ခေါ်တာက ဒဏ်ခံရသူတွေကို နာမည်ခေါ်ရင် ရှင်လို့ထူးရတယ်။ ဗျာမထူးရ။ ယောကျ်ားဘသားတွေ လုံးရာက ပြားသလိုဖြစ်ရတယ်။ ဖိုသဏ္ဌာဝါရဲ့ ဂုဏ်မာနကိုချိုးနှိမ်သိက္ခာချတာ။ လူသားဂုဏ်ရည်ကို ဖှဲ့ချေတာ။ မိကျောင်းတိုက်လို့ခေါ်တာက ဒီလို။ မြေနီခဲကျိုးခဲကျေ ခဲချွန်တွေခင်းထားတဲ့ တိုက်ရှေ့ကွက်လပ်မှာ ဝမ်းလျားမှောက်၊ တံတောင်ထောက်၊ မိကျောင်းသွား သွားရလို့ ခေါ်တာတဲ့။

"တိုက်–ငါးပို့ရင် ကျုပ် အစာငတ်ခံမယ်"

ကျွန်တော် အော်ပြောတယ်။ ဦးလှလှဘေးမှာ ရပ်နေတဲ့ သုံးရစ်ဝန်ထမ်းက ကျွန်တော့်ကို မာန်တယ်။ "ဟေ့လူ ဒီလိုမအော်နဲ့"တဲ့။ "မင်းနဲ့ဘာဆိုင်လို့ဝင်ပြောရတာလဲ။ မင်းထောင်ပိုင်လား။ သူ ထောင်ပိုင်လား"။ ကျွန်တော် ဦးလှလှကို လက်ညှိုးငေါက်ငေါက်ထိုးတယ်။ ဦးလှလှက ငြိမ်ပါတယ်။ အခန်း–၁၀ ရှေ့မှာ ရပ်နေကြတဲ့ ဝန်ထမ်းတွေကိုခေါ်တယ်။ ကျွန်တော့်ကို တိုက်–ငါး အခန်း–၁၈ကို ပို့ခိုင်းတယ်။

ကျွန်တော် အခန်းကို လှည့်ကြည့်တယ်။ သေးအိုးတစ်လုံးပဲရှိတယ်။ ဘာပစ္စည်းမှမရှိ။ ထောင်မှူးဦးလှဆိုတဲ့ ကုလားအိုကြီးရောက်လာတယ်။ အရိပ်အကဲကြည့်ပြီးပြန်သွားတယ်။ ခဏကြာတော့ ထမင်းပုံစံတစ်ခွက်နဲ့ ပဲဟင်းမဲမဲတစ်ခွက် လာပို့တယ်။ "ပြန်ယူသွား။ မစားဘူးကွ။ အစာငတ်ခံမယ်။ ထောင်ပိုင်ကို ပြောခဲ့ပြီးပြီ"

ဦးလှကရော၊ ထမင်းလာပို့တဲ့ ဝန်ထမ်းကရော ဘာမှမပြောဘူး။ ထမင်းဟင်းခွက်ချတယ်။ လှည့်ထွက်သွားကြတယ်။

"ဟေ့ကောင် ပြန်ယူ။ မယူရင် ငါကန်ထုတ်ပစ်မယ်"

ပြောမရဘူး။ ထမင်းပန်းကန်တွေ ကျွန်တော် ကန်ကျောက်ပစ်လိုက်တယ်။ ခြေထောက်တောင် နာရော။

အခန်း–၁၆ က အသံထွက်လာတယ်။ ဘယ်သူလဲတဲ့။ ကျွန်တော့်ကို မေးတယ်။ "တိုက်–သုံးက ဦးဝင်းတင်ဗျို့"လို့ ပြောလိုက်တယ်။ "ဟာ ဆရာ" ဆိုတဲ့အသံကြားရတယ်။ ဘာဖြစ်နေတာလဲတဲ့။



"ကျုပ် အစာငတ်ခံနေတာဗျို့။ ထမင်းဟင်းတွေ အတင်းလာပေးနေလို့ စကားများနေတာ"

အခန်း–၁၆ ထဲကလူက ဘာစကားမှမပြန်။ ရှေ့မျက်နှာစာမှာရှိတဲ့ တိုက်–လေးဆီကို သံကုန်ဟစ်တယ်။ သံကုန်သာဟစ်တယ်။ သူ့အသံက သိပ်မကျယ်။ လူက ကျန်းမာပုံမရ။

"ဟေး ဦးဝင်းတင် HSဝင်(အစာငတ်ခံ)နေပြီ"လို့ သံကုန်ဟစ်တယ်။ ခဏကြာတော့ သူနဲ့တစ်ခန်းခြားလို့ထင်ရတဲ့ နေရာက အကျဉ်းသားတစ်ယောက်က သံကုန်ဟစ်ပြန်ရော။

"အဘဦးဝင်းတင် HS ဝင်နေပြီဟေ့"

တိုက်–လေးကလူတွေက နောက်ဘက်မှာရှိတဲ့ တိုက်–သုံးကို သံကုန်ဟစ်တယ်။ တိုက်–သုံးက နောက်ဘက်မှာရှိတဲ့ ကြိုးတိုက်ကိုသံကုန်ဟစ်တယ်။ ကြိုးတိုက်က နောက်ဘက်မှာရှိတဲ့ တိုက်–တစ်ကို သံကုန်ဟစ်တယ်။ ဒီလိုနဲ့ တိုက်ဝင်းတစ်ခုလုံး ဆူသွားတယ်။

တော်ကြာမှ သိရတာက အခန်း–၁၆ က ဦးလှသန်းနဲ့ အခန်း–၁၄ က ကိုမှိုင်းတို့လည်း ဒီသံခြေကျင်းကိစ္စနဲ့ ပြစ်ဒဏ်တိုက်ကို ရောက်နေကြတာတဲ့။

ဦးလှသန်းနဲ့ကျွန်တော် စကားမပြောမီခင် စောစောပိုင်းမှာ ညာဘက်တစ်ခန်းကျော်ကလူနဲ့ ကျွန်တော်ချိတ်မိတယ်။ "ဗျို့… ညာဘက်ခန်းမှာလူရှိလား။ ကျွန်တော် ဝင်းတင်ပါ"လို့ အော်ပြောတယ်။ အခန်း–၂၀ က လူက ကျွန်တော် ကျွဲကြီးပါလို့ဖြေတယ်။

"ကျွဲကြီးဆိုရင် ပြောစမ်းပါဦး ကိုရင့်အကြောင်း"လို့ ကျွန်တော် ဖိတ်ခေါ်တယ်။

သူကလည်း ဟက်ဟက်ပက်ပက်ပါပဲ။ "ပြောမယ်ဗျို့။ ညကျမှပြောပြမယ်။ အခု ရုံးထွက်ရတော့မယ်။ လာခေါ်နေပြီ"လို့ ပြန်အော်တယ်။ တံခါး[illegible]သံကြားရတယ်။ လူရိပ်တွေမြင်ရတယ်။ ပြီးတော့ အသံတိတ်သွားရော။ ဒါနဲ့ ဦးလှသန်းနဲ့ ကျွန်တော် ချိတ်မိတာ။ HSသံကုန်ဟစ်သံတွေ တိုက်ဝင်းလုံး [illegible]သွားတာ။

ညနေ ၆ နာရီလောက်မှာမှ ထောင်မှူးဦးလှ ကျွန်တော့်ဆီရောက်လာတယ်။ ကျွန်တော့်ကို တိုက်–သုံးပြန်ပို့မယ်တဲ့။ "ဟုတ်လား။ ကောင်းပေ့ဗျာ။ [illegible]က လွှတ်ငြိမ်းပလား"လို့ မေးတော့ ဟုတ်ကဲ့တဲ့။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် တိုက်–သုံးပြန်ရောက်တယ်။ ထောင်မပိတ်သေး။ ညနေလမ်းလျှောက် အခန်းဖွင့်ထားသူတွေ ကျွန်တော့်ဆီ ဝိုင်းလာကြတယ်။ မေးကြမြန်းကြတယ်။ အဲဒီအချိန်ကျမှ ဝန်ထမ်းတချို့ရောက်လာတယ်။ တိုက်–ငါးကို လိုက်ခဲ့ပါဦးတဲ့။

"ဟ… မင်းတို့ဟာက ဘယ်လိုဖြစ်ပြန်တာတုန်း။ ခုလွှတ်–ခုပြန်ဖမ်းလား"

ကျွန်တော် ဒေါသထွက်သွားတယ်။ စိတ်ဓာတ်စစ်ဆင်ရေး လုပ်ပြန်ပလားလို့ တွေးမိတယ်။ ဒီလိုသာ ကသိကအောက်လုပ်ရင်တော့ ကျွန်တော်ခံမနေဘူး။ တိုက်ဆူအောင် လုပ်ပစ်မယ်လို့ စိတ်ကူးမိတယ်။

"မဟုတ်ပါဘူး အဘရဲ့။ မဟုတ်ပါဘူး။ အဘပစ္စည်းတွေ ပြန်သယ်ပေးမလို့။ ပစ္စည်းစုံမစုံ လာစစ်ပေးပါ"

ဝန်ထမ်းတွေက တောင်းပန်တယ်။

"ဟော့ စစ်စရာမလိုဘူး။ သယ်တုန်းကလည်း မင်းတို့ဘာသာသိမ်းကျုံးသယ်တာ။ ခုလည်း မင်းတို့ သယ်ချင်သလိုပြန်သယ်။ ပျောက်တာရှတာရှိရင် မင်းတို့တာဝန်"

ကျွန်တော်တို့တိုက်ပွဲနိုင်ပြီပဲ။ မှာမာပေါ့။ ဦးလှသန်းတို့၊ ကိုမှိုင်းတို့လည်းနေရင်းအခန်း ပြန်သွားကြရပြီတဲ့။

ကိုဗလကြီးလည်း သံခြေကျင်းကျွတ်ပြီတဲ့။ နေရင်းအခန်းပြန်ရောက်ပြီတဲ့။ ပြီးရောပေါ့။

နာသွားတာလေးတစ်ခုပဲရှိတယ်။ ကျွဲကြီးနဲ့ စကားမပြောလိုက်ရတာ။ ကာယကံရှင်ကိုယ်တိုင်ရဲ့ ဇာတ်ကြောင်းပြန်လေးကို အသေးစိတ်နားထောင်ချင်တာ။

ကျွဲကြီးဆိုတာက ၁၉၉၄ မိုးတွင်းကြီးမှာ အင်းစိန်ထောင် အုတ်တံတိုင်းကြီးကိုကျော်တက် ခုန်ဆင်းသွားတဲ့ ဟီးရိုး။

အင်းစိန်ထောင်သက် နှစ်ပေါင်း ၁၀၀ကျော်မှာ ပထမဆုံးထောင်ကျော်ပြေးနိုင်တဲ့သူ။ တခြားအဖော်တစ်ယောက်လည်း သူနဲ့ပါသေးတယ်။ နာမည်တော့ မမှတ်မိတော့ဘူး။



တီဗွီအဖွဲ့တွေ ထောင်ထဲရောက်လာတယ်။ ကျွဲကြီးရဲ့ ဇွန့်စားခန်းကို ရုပ်ရှင်ကားရိုက်တယ်။ ဘယ်လိုရိုက်သလဲ။ ဘယ်မှာပြသလဲ။ အသေးစိတ်တော့ ကျွန်တော်တို့မသိ။

ကျွဲကြီးသတင်းကတော့ ထောင်ထဲမှာ ဟိုးဟိုးကျော်ပဲ။ ရုပ်ရှင်ရိုက်တာမြင်နေတွေ့နေရတော့ ဟိုးဟိုးကျော်ရာကနေ ဟိန်းဟိန်းကျော်သွားတော့တာပေါ့။


ဒီလိုသတင်းဆန်းတွေ ကြားရတော့လည်း ထောင်ဆိုတာ ပျော်စရာကြီးပါပဲလား။ ရယ်စရာကြီးပါပဲလား။

လူ့ငရဲဘုံကြီး နောက်ကောက်ကျသွားတယ် ပြောမလား။ မျက်ဖြူဆိုက်သွားတယ်ဆိုမလား။ ခါးကလိထိုးခံရတယ် ခေါ်မလား။

◆

www.burmeseclassic.com

www.burmeseclassic.com



ပုံ စံ ခွက် ထဲ က နိုင် ငံ ရေး မှုန် တိုင်း (၃)

www.burmeseclassic.com

www.burmeseclassic.com

- မမေ့သူမှ မလွတ်သူသို့
- စစ်ခွေးပြစ်ဒဏ်တိုက် စစ်ခွေးတရားရုံး
- ရွှေပေလွှာပျံကာဝဲ
- တေးတိုက်ပွဲ



## မမေ့သူမှ မလွတ်သူသို့

၁၉၉၅ နှစ်လည်ပိုင်းလောက်မှာ အင်းစိန်ထောင်ထဲက ကျွန်တော်တို့ ဆီကို စားစရာ သုံးစရာပစ္စည်းတွေ တစ်ပုံတစ်ခေါင်းကြီး ရောက်လာတယ်။ တစ်ပုံတစ်ခေါင်းကြီးမှ တကယ့် တစ်ပုံတစ်ခေါင်းကြီးပါပဲ။ ပန်းသီးတွေ၊ မြှော်သီးတွေ၊ ဘီစကွတ်တွေ၊ ကိတ်မုန့်တွေ၊ သကြားလုံးတွေ၊ မလိုင်လုံးတွေ၊ ခေါက်ဆွဲခြောက်တွေ၊ မုန့်ဟင်းခါးခြောက်တွေ၊ ငါးပိကြော်တွေ၊ အသားကြော်တွေ၊ မျက်နှာသုတ်ပဝါတွေ၊ ဆပ်ပြာတွေ အိုစုံတကာစေ့နေတာပါပဲ။ တုပ်အပိုးတွေကလည်း မနည်းမနောပါပဲလား။

ကျွန်တော်တို့အားလုံး ဆွေ့ဆွေ့ခုန်ဝမ်းသာအားရဖြစ်လိုက်ကြတာ။ စားစရာတွေ၊ သုံးစရာတွေ အများကြီးရလို့ ဝမ်းသာအားရဖြစ်ရတာလည်းမှန်

www.burmeseclassic.com

တာပေါ့။ ဒါထက် ပိုဝမ်းသာရတာ၊ အားရကြည်နူးဖြစ်ရတာက ကျွန်တော်တို့လို ထောင်ထဲက လူတွေကို အပြင်မှာ သတိတယရှိသူတွေ၊ အမှတ်တရရှိသူတွေ၊ ကရုဏာထားသူတွေ၊ သဒ္ဓါကြည်ဖြူရှိသူတွေ၊ အားပေးအားမြှောက်ပြုသူတွေ ပေါ်ပေါက်လာနေပါပကောလားဆိုတဲ့ အသိနဲ့ ရင်ထဲမှာ ဆို့နင့်ပြည့်လျှမ်းတဲ့ ခံစားချက်တွေ တစ်ထွေးကြီးပွင့်လာလို့ပါပဲ။

ထောင်ကျအကျဉ်းကျနေသူတစ်ဦးအဖို့ ကြုံတွေ့ခံစားရတဲ့ နာကျင်ထိခိုက်မှုဆိုတာ မေးမြန်းစမ်းသပ်ကြည့်လို့ရတာလည်းရှိတယ်။ မရတာလည်းရှိတယ်။ မလှုပ်သာမရှားသာ အခန်းကျဉ်းလေးထဲမှာ အကျဉ်းသားသုံးလေးယောက်ကို ပိတ်လှောင်ပြီး တစ်နေကုန်တစ်နေခန်း၊ တစ်နေ့ဝင်တစ်နေ့ထွက်သွင်းထားတာ ဘယ်မှာကျန်းမာရေးကောင်းမွန်စရာ အကြောင်းရှိနိုင်တော့မှာလဲ။ အစားအသောက်ဆိုလည်း အာဟာရမပြည့်မဝ၊ မလောက်မငှဆိုတော့ ဘယ်မှာ သန်သန်စွမ်းစွမ်းရှိနိုင်ပါတော့မလဲ။ ခြင်၊ ယင်၊ ဂျပိုး၊ ကြွက်၊ ပုရွက်၊ ပိုးဟပ်ဆိုတဲ့ ရောဂါသည်ပိုးမွှားသတ္တဝါတွေနဲ့ ကြမ်းတစ်ပြေးထဲနေရထိုင်ရတာဆိုတော့ ဘယ်မှာ အနာဘယကင်းကင်းရှင်းရှင်း ရှိနိုင်ပါတော့မလဲ။

အဲဒါတွေထက် အဆတစ်ထောင် ပိုမိုဆိုးရွားဖိစီးတာက အကျဉ်းသားတိုင်းရဲ့ ရင်ထဲမှာလောင်မြိုက်နေတဲ့ ဒေါသမီး သောကမီးတွေပဲပေါ့။ အိမ်အတွက်ပူရ၊ ကိုယ့်အတွက်ပူရ၊ အပေါင်းအသင်းအတွက် ပူရဆိုတာတွေထက် ကိုယ်ပါဝင်လှုပ်ရှားနေတဲ့ နိုင်ငံရေးအဖွဲ့အစည်း အစုအဖွဲ့အတွက် စိတ်မအေးရ၊ တိုင်းရေးပြည်ရေးအတွက် ခေါင်းမအေးရဆိုတာတွေက ပိုပြီးဝါးမျိုလောင်မြိုက်လှပေတယ်။

အဲဒီနာကြည်းမှုတွေ၊ လောင်မြိုက်မှုတွေ၊ လှိုက်စားမှုတွေက ကုရာနတ္ထိဆေးမရှိဖြစ်တတ်တယ်။ ပြင်ပရောဂါဘယတွေထက် သိရခက်မြင်ရခက် ကုရခက်တယ်။ ထောင်ထဲရောက်လာသမျှ အကျဉ်းသားတွေကတော့ ဒီလိုအဇ္ဈတ္တဝေဒနာတွေကို ကပ်ငြိခံစားရစမြဲပဲ။ ဘယ်သူမှမလွတ်ဘူး။ လူငယ်လူကြီးဆင်းရဲချမ်းသာမရွေးဘူး။ အားလုံးကတော့ တစ်ချိန်မဟုတ်တစ်ချိန်မှာ စိတ္တဇသမားတွေချည်းကိုး ဆိုရမတတ် ဒီဝေဒနာစွဲကပ် နှိပ်စက်ခံရတာပါပဲ။ ဗဟိဒ္ဓဝေဒနာတောင် ကုရာနတ္ထိဆေးမရှိဖြစ်နေကြတဲ့ ထောင်တွင်းဆရာဝန်တွေ ဒီအဇ္ဈတ္တဝေဒနာကို ဘယ်မှာရောဂါရှာဖွေ တွေ့နိုင်မှာလဲ။ ရောဂါတွေ့တောင် မမြင်ချင်ယောင် လက်ရှောင်ကြတာပါပဲ။



ဒီလိုစိတ်ဝေဒနာ၊ ရုပ်ဝေဒနာမျိုးစုံ စွဲကပ်နေသူတွေအဖို့ သိကြားရေစင်လို ဆေးဝါးကတော့ မေတ္တာပါပဲ။ အချင်းချင်းထားတဲ့ မေတ္တာ၊ မိသားစုထားတဲ့ မေတ္တာ၊ ရဲဘော်ရဲဘက်ထားတဲ့ မေတ္တာ၊ မိတ်ဆွေသူငယ်ချင်းထားတဲ့မေတ္တာ၊ အမည်မသိ ကရုဏာရှင်တွေထားတဲ့မေတ္တာတွေပါပဲတဲ့။ မေတ္တာကရုဏာ သဒ္ဓါတရားတွေပါပဲတဲ့။

မေတ္တာရိပ်တွေခိုနား၊ ကရုဏာစကားတွေ နာကြား၊ သဒ္ဓါအကူအပံ့တွေခံယူရတဲ့အခါ အကျဉ်းသားတွေရဲ့ ရင်ထဲမှာ ကြည်နူးမိုးတွေ၊ ပျော်မြူးမိုးတွေ၊ ရွှင်လန်းမိုးတွေ တဖွဲဖွဲတသည်းသည်း၊ တဝုန်းဝုန်း၊ တဖြုန်းဖြုန်း ရွာသွန်းလိုက်သလို ဝေဒနာတွေလျော့ပါးကင်းစင် ဘဝင်ချမ်းမြေ့ကြရတော့တယ်။ အခုရောက်လာတဲ့ လူတိုင်းဈေး ထောင်ဝင်စာ၊ တစ်ပုံတစ်ခေါင်းစားစရာသုံးစရာပစ္စည်းတွေဟာ မေတ္တာကရုဏာတရားတွေရဲ့ သင်္ကေတပြယုဂ်တွေပါပဲ။ ပြောရရင် လူတိုင်းဈေး ပျော်ရွှင်ကြည်နူးသွားကြတယ်ပေါ့။

ဒီကြည်နူးမှုတွေကို ထောင်အာဏာပိုင်တွေက ဖျက်ဆီးချေမှုန်းပစ်ကြတယ်။ ဒီပစ္စည်းတွေက ဒေါ်အောင်ဆန်းစုကြည်ဆီက ပို့လိုက်တဲ့ပစ္စည်းတွေတဲ့။ ထောင်ကိုပစ္စည်းသယ်လာသူတွေက ထောင်ရှေ့မှာ ပစ္စည်းတောင်းတွေ၊ ပလုံးတွေ၊ အိတ်တွေ၊ သေတ္တာတွေချတယ်တဲ့။ နိုင်ငံရေးအကျဉ်းသားမိသားစုထောင်ဝင်စာလာသူတိုင်းကို ပစ္စည်းထုပ်တွေ ပေးကြတာတဲ့။ ထောင်ဝင်စာမလာသူတွေအတွက်တော့ ထောင်ဝင်စာလာတွေ့သူ မိသားစုတွေကတစ်ဆင့်ပေးတာတဲ့။ လက်ဆင့်ကမ်းကြပါဆိုပြီး အဆင့်ဆင့်ပေးလိုက်တာတဲ့။ ဒီတော့အာဏာပိုင်တွေက နောက်ထပ်ပစ္စည်းတွေ မပေးနိုင်အောင် ဟန့်စေ တားစေ။ ပိတ်စေ။ ဆို့စေ။ လုပ်တော့တယ်။

ဒါထက်ဆိုးတဲ့အမိန့်က ဒီနေ့ ထောင်ဝင်စာမှာပေးပို့လိုက်တဲ့ ပစ္စည်းထုပ်တွေကို အကျဉ်းသားတွေဆီက ပြန်သိမ်းစေ။ တိုက်တိုင်း အဆောင်တိုင်းကို ဆောင်မှူးတွေနဲ့ ဝါဒါတွေတစ်ပြုံကြီးရောက်လာကြတယ်။ ဘယ်မှာလဲ ဒေါ်အောင်ဆန်းစုကြည် ပေးလိုက်တဲ့ပစ္စည်းထုပ်တွေ။ ပြန်ပေး။ ပြန်ပေး။ မြန်မြန် ပြန်ပေး။

ကြောက်တဲ့သူတွေ၊ အချင်းမများချင်တဲ့သူတွေ၊ အာခံအံတုမလုပ်ချင်သူတွေက အထုပ်တွေပြန်ပေးလိုက်ကြတယ်။ ကျွန်တော်တို့ တိုက်သုံးက နိုင်ငံရေးအကျဉ်းသားတွေကတော့ နီးပဲ။ မပေးဘူး။ ဘာဖြစ်လို့ ပေးရမှာလဲ။ ဒါဒို့

www.burmeseclassic.com



ပစ္စည်း။ ထောင်ဝင်စာက တရားဝင်သွင်းလာခဲ့တာ။ ခိုးသွင်းတဲ့ပစ္စည်းမဟုတ်ဘူး။ မပေးဘူး။ မပေးဘူး။ မပေးဘူး။

ကျွန်တော်တို့တိုက်မှာ ဒီချုပ်က ဘိုးတော်ခင်ဝင်း၊ ကိုငွေအောင်၊ ဒေါက်တာဇော်မြင့်မောင်၊ ဒေါက်တာမြင့်နိုင်၊ ဘကြီးမြတ်ထွန်း၊ လူ့ဘောင်သစ်က ဂျင်မီ၊ ကျောင်းသားက ဘမျိုးသိန်း၊ မောင်မောင်အေး၊ အောင်ဆွေဦး၊ ဗကပက ကိုစိုးမြင့်၊ ကျောင်းသား ဘိုဘိုဦး၊ ကိုကိုကြီး၊ သက်မင်းအောင်၊ ညီနိုင်အောင်တို့ စတဲ့ ဒေါင်ဒေါင်မြည်တွေ တော်တော်များများရှိတယ်။ မပေးဘူးဟေ့ မပေးဘူးကွ။

ကျွန်တော်တို့ဆီကို ပစ္စည်းပြန်လာတောင်းသူက ဦးလှဆိုတဲ့ ထောင်မှူးကုလားကြီး။ အသက်ကြီးပြီ။ ပင်စင်သွားတော့မယ်။ အဘိုးကြီး ငိုမဲ့မဲ့ဖြစ်နေပြီ။ ကြောက်လည်းကြောက်တဲ့ပုံပေါ်နေပြီ။ ပေးပါဗျာ။ ပြန်ပေးကြပါ။ ပေးပါ။ ပေးပါ။

မပေးဘူးဟေ့။ မပေးနိုင်ဘူးကွ။ ဒါဒို့ရဲ့တရားဝင်ပစ္စည်း။ ခိုးသွင်းထားတာ မဟုတ်ဘူး။ သွား… သွား… သွား။

ထောင်မှူးဦးလှနဲ့အဖွဲ့ မလှမပ တပ်ခေါက်ပြန်သွားကြရတယ်။ ကျွန်တော်တို့ အနိုင်ရလိုက်ကြတယ်။ ဒါပေမဲ့ အဲဒါနောက်ဆုံး စားရသုံးရတဲ့ ဒေါ်စုရဲ့ မေတ္တာလက်ဆောင် ပစ္စည်းတွေပဲ။ နောက်ထပ် မပေါ်လာတော့ဘူး။ ထောင်က တားမြစ်လိုက်ပြီ။ ထောင်းဘူးဝရောက်လာဖို့ဝေးရော အင်းစိန်လမ်းဘေးက ဘားရက်ဂိတ်ဝတောင် မဝင်ရတော့ဘူး။

ဒေါ်စု စကားတည်တယ်။ ကျွန်တော် အပြင်မှာ ရှိနေတုန်းက ဒေါ်စု အမြဲပြောတဲ့စကားရှိတယ်။ ထောင်ထဲဆွဲသွင်းခံရတဲ့သူတိုင်းအတွက် ကွန့်ကွက်မယ်။ စောင့်ရှောက်မယ်။ လွတ်ဖို့တောင်းဆိုမယ်။ လွတ်လာချိန် ဆီးကြိုကူညီမယ်တဲ့။ ကျွန်တော်တို့တွေ ထောင်ထဲရောက်နေချိန်မှာ ဒေါ်စု စောင့်ရှောက်ဖော်ရတယ်။ ဒေါ်စု တာဝန်ကျေတယ်။ ဒေါ်စု ကတိတည်တယ်။

ဘာပဲပြောပြော မမေ့သူရဲ့ မလွတ်သူသို့ ကရုဏာလက်ဆောင်တွေကို ကာကွယ်ခဲ့ကြတဲ့ ကျွန်တော်တို့ရဲ့တိုက်ပွဲဟာ အောင်ပွဲခံခဲ့တယ်။

◆

## စစ်ခွေးပြစ်ဒဏ်တိုက် စစ်ခွေးတရားရုံး

၁၉၉၆ မတ်လ ၂၈ ရက် မွန်းလွဲပိုင်း။

တရားသူကြီး ဦးကျော်ထွန်း တရားခွင်က သုတ်သီးသုတ်ပျာဆင်းသွားတယ်။ အင်းစိန်ထောင်တွင်းက အထူးတရားရုံးဆိုတာရှေ့မှောက်မှာ ကျွန်တော်တို့ရောက်နေကြတယ်။ နှစ်ဆန်းလောက်ကတည်းကပါ။ တရားသူကြီးဘယ်သွားတယ်ဆိုတာ ကျွန်တော်တို့သိပါတယ်။ တရားရုံးရဲ့နောက်ဘက် လုံးချင်းတိုက်ကလေးရှေ့မှာ ဝိုင်းဖွဲ့စားသောက် ရယ်မောဟားတိုက်နေကြတဲ့ စစ်အရာရှိကြီးတွေရဲ့ ရှေ့မှောက်ကိုသွားတာပါ။

မကြာဘူး။ တရားသူကြီး ပြန်လာတယ်။ တရားခွင်စင်မြင့်ပေါ်ကနေ ...တော်ထုတ်ပြန်ကြေညာတယ်။ တရားခံတွေအားလုံးကို စီရင်ချက်ချမယ်။ ...ကပ်လဲချက်ပေးချင်သူတွေ တစ်ယောက်ချင်း ထပြော။ ဒါပဲ။ ကဲ...

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ တရားခံတွေ ရုတ်ရုတ်သဲသဲဖြစ်သွားတယ်။ ဘယ်လိုဟာလဲဟ။ တစ်နေ့(အင်္ဂါနေ့)ကပဲ သကြံန်လွန်ရင် စီရင်ချက်ချမယ်လို့ပြောခဲ့သေးတယ်။ ခုချက်ချင်းပဲ စီရင်ချက်ချမယ်ပြောပြန်ပြီ။ ဘာလုပ်တာလဲ။ ဘယ်လိုဖြစ်တာလဲ။

ဘယ်လိုဖြစ်ရမှာလဲ။ စောစောက တရားသူကြီး တရားခွင်ကဆင်းသွားတယ်လေ။ ရုံးနောက်မှာ ရောက်နေတဲ့ ဗိုလ်အိုင်ပီဝိုင်းကို သွားအမိန့်ခံတယ်လေ။ အဲဒီကပြောတဲ့အတိုင်း လုပ်တာပေါ့။ တရားခံတွေ တစ်ယောက်တစ်ပေါက်ပြောပြီး ခေါင်းချင်းရိုက်ကြတယ်။ ဘာတတ်နိုင်မှာလဲ။ လျှောက်လဲစရာရှိလျှောက်လဲလိုက်ရုံပေါ့။

ကျွန်တော်တို့ လျှောက်လဲကြတယ်။ လျှောက်လဲစရာလည်းများများမရှိပါဘူး။ ဘာအပြစ်မှမရှိတာ။ အပြစ်မရှိဘူး။ မရှိဘူး။ မရှိဘူးပဲပြောကြရတာပေါ့။ တစ်ယောက်ဆယ်စက္ကန့်လောက်နဲ့ သုံးလေးမိနစ်အတွင်း လျှောက်လဲချက်ပြီးသွားတယ်။

တရားခံအားလုံး ၂၄ ယောက်ရှိတယ်။ အားလုံးကို အပြစ်ပေးတယ်။ ငါးနှစ်၊ ခုနစ်နှစ်၊ ဆယ်နှစ်နှစ်။ ၂၄ ယောက်အတွက် စုစုပေါင်း ပြစ်ဒဏ်နှစ်ပေါင်း ၁၇၀ကျော်တယ်။ ကိစ္စပြတ်ရော။

တရားရုံးရောက်လာတဲ့ ဖြစ်စဉ်လေးကို ပြောပြချင်သေးတယ်။

၁၉၉၅ နိုဝင်ဘာလလယ် တစ်ညမှာ ကျွန်တော်တို့တိုက်–၃ ရှေ့က တိုက်–၄ ကို အရေးပေါ် တလာစီ(ရှာဖွေရေး)တယ်။ ညခုနစ်နာရီလောက်ရှိပြီ။ တစ်ခုခုတော့ဖြစ်ပြီဆိုတာ ကျွန်တော်တို့သိလိုက်ကြတယ်။ ဘာတွေဘယ်လိုဖြစ်နေတယ်ဆိုတာတော့ မသိဘူး။

နောက်တစ်နေ့ မနက်လင်းတော့ တိုက်–၃ ကိုလည်း တံခါးမဖွင့်တော့ဘူး။ မိုးလင်းတာနဲ့ ဝန်ထမ်းတွေရောက်လာပြီး တစ်ခန်းချင်းဖွင့်ရှာတော့တာပဲ။ သတင်းရသွားတဲ့အခန်းတွေအရင်စဖွင့်တယ်။ သဲသဲမဲမဲရှာတယ်။ လူတွေကို အခန်းပြင်ထွက်ခိုင်းထားတယ်။ တစ်ခန်းလုံးကို ပေါက်ချွန်းတွေနဲ့ကို ပေါက်ရှာတော့တာ။

ကျွန်တော့်အခန်းမှာ လျှို့ဝှက်တွင်းကြီး တွေ့သွားတယ်။ စာရွက်စာတမ်းတွေ၊ စာအုပ်တွေ၊ စာစောင်တွေ၊ ပစ္စည်းကိရိယာတွေ တွေ့သွားတယ်။ တွင်းထဲက သံတူရွင်းတုတ်တုတ်ကြီးတစ်တောင်လောက်ကိုလည်း တွေ့သွားတယ်။ (ဒီသတင်းကိုကြားရတဲ့ စစ်အာဏာရှင် လက်ကိုင်ဘောပင်(လက်ကိုင်တုတ်မဟုတ်) တစ်ချောင်းက အစိုးရသတင်းစာထဲမှာ ဆောင်းပါးရေးတယ်။ အယ်ဒီတာချုပ်ကြီးက ထောင်ဖောက်ဖို့ကြံသတဲ့။ အယ်ဒီတာက သာမန်အယ်ဒီတာမဟုတ်။ ကျွန်တော်မှန်းသိကိုသိအောင် နာမည်မဖော်ရုံတမယ်ဘွင်းဘွင်းကြီးရေးတယ်။)



အခန်းတွေလည်းရှာပြီးရော တိုက် ၃ က အမရပူရအမတ် ဒေါက်တာဇော်မြင့်မောင်၊ ကန့်ဘလူအမတ်ဒေါက်တာမြင့်နိုင်၊ ကိုမွေးအောင်နဲ့ကျွန်တော်တို့ကို စစ်ခွေးတိုက်ပို့လိုက်တယ်။ (စောစောပိုင်းက ချင်းကိုကိုကြီးကို စစ်ခွေးတိုက်ပို့ထားသေးတယ်။ နောက်တစ်နေ့ကျတော့ တစ်နေရာရွှေ့သွားတယ်။ ဘယ်သူတွေ ဘယ်ငရဲရောက်ကြသလဲ။ မသိ။ ဘယ်ရောက်ရောက် ငရဲဟာငရဲပဲ။ ဘယ်သက်သာပါ့မလဲ။)

စစ်ခွေးတိုက်ဆိုတာ ထောင်တွင်းပြစ်ဒဏ်တိုက်တကာမှာ အဆိုးတကာ့အဆိုးဆုံးတိုက်။ ရက်ရှည်လများ တံခါးမဖွင့်ဘူး။ ထောင်ဝင်စာမရှိဘူး။ အိပ်ရာနေရာ ဖျာမရှိဘူး။ သေး,ချေး ဂန်ဖလားတစ်လုံးတည်းပေးတယ်။ ၂၄ နာရီ မှာတစ်ခါပဲ မိလ္လာသိမ်းတယ်။ နေ့ညပတ်လုံး ချေးသေးရှာလပတ်ရည်နံ့ကမခံနိုင်အောင်ဆိုးတယ်။ ရေမချိုးရဘူး။ တစ်လကြာမှ ရေချိုးခွင့်ပေးတယ်။

ပိဋကတ်ကျမ်းလာ မစင်ဘင်ဘုတ် ငရဲမျိုးမှာ ကျွန်တော်တို့ ခြောက်လကျော် ငုတ်တုတ်ခံခဲ့ကြရတယ်။ ထောင်ထဲရောက်စ ၁၉၈၉တုန်းကလည်း စစ်ခွေးရောက်ခဲ့ဘူးလို့ ကျွန်တော့်အဖို့တော့ နှစ်ကြိမ်မြောက် အလည်ရောက်ခြင်းလို့ပဲ ပြောရမှာပေါ့။

ရုံးတင်တရားမစွဲခင် ကျွန်တော်တို့ကို အကြိမ်ကြိမ်စစ်ကြောရေးခေါ်တယ်။ ဂျပန်ဖက်ဆစ်ကင်ပေတိုင် စစ်ထောက်လှမ်းရေးတွေလို လည်သည်းနွံမခွာတာတစ်ခုပဲ။ ကျွန်တို့ညှဉ်းပမ်းနှိပ်စက်မှုတွေကတော့ အစ္စရေးနည်း၊ ဂျပန်နည်း၊ ရုရှားနည်း၊ ဂျာမနီနည်း၊ အမေရိကန်နည်း၊ အင်္ဂလိပ်နည်း စုံတကာစေ့ရော။ နာတော့ နာတာပေါ့။ ဒါပေမဲ့ မနာဘူးလို့ပဲ စိုင်းထီးဆိုင်သီချင်းသံမျိုးနဲ့ပြောချင်တယ်။ နာတော့နာတာပေါ့၊ ဒါပေမဲ့ မတွန့်ဘူး၊ မအော်ဘူးလို့ ဒေါ်စုစကားမျိုးနဲ့ပြောချင်တယ်။ မနာဘူး။ ဒါပေမဲ့ တုန်တယ် ခိုက်တယ်လို့ပြောရမယ့် ညှင်းပမ်းမှုတစ်မျိုးကိုတော့ အဲဒီအချိန်က ကျွန်တော် ခံခဲ့ရတယ်ဗျ။ အဲဒါကတော့ ဒီဇင်ဘာလနှင်းတောထဲမှာ ည ၇ နာရီလောက်ကနေ့ မနက်

www.burmeseclassic.com

www.burmeseclassic.com



၄ နာရီလောက်အထိ အထူးဆောင်စေတီလေးဘေး ငုတ်တုတ်ထိုင်နေခဲ့ရတာပဲ။ ကျွန်တော် ဝတ်ထားတာက ထောင်ဝတ်စုံအကျႌပါး၊ လုံချည်ပါးပဲဆိုတော့ ချမ်း ခိုက်ခိုက်တုန်ပေါ့။ ခေါင်းမှာ ခေါင်းစွပ်စွပ်ထားရလို့ နည်းနည်းတော့နွေးတယ်။ တော်ကြာတော့မွန်းတယ်။ လက်က နောက်ပြန်လက်ထိပ်ခတ်ထားလို့ နာတယ်ပေါ့။

ရဲသတင်းထောက်တွေကလည်း ထောက်လှမ်းရေးအမိန့်နဲ့ ကျွန်တော်တို့ရဲ့လက်ရေးနမူနာတွေယူတယ်။ ကျွန်တော်တို့ စာတွေကူးရတယ်။ အဲဒီစာက ဘယ်လိုစာလဲ။ မေးမနေနဲ့။ အကြံဆိုးဉာဏ်ဆိုးတွေ စွန်းထင်းနေတဲ့စာပေါ့။ ဒေါ်အောင်ဆန်းစုကြည်ကို ဆန့်ကျင်တိုက်ခိုက်ထားတဲ့ သတင်းဆောင်းပါးတွေကို ကျွန်တော်တို့လက်ရေးနဲ့ ကူးပေးရတယ်။ ကျွန်တော်တို့ကပဲ ဒေါ်စုကို ဆန့်ကျင်တိုက်ခိုက်သလိုလိုဖြစ်အောင် လုပ်ကြံဖန်တီးတာလေ။

၁၉၉၆ နှစ်ဆန်းလောက်မှာ ရုံးတင်တရားစွဲတယ်။ ပထမဆုံးအကြိမ် တရားသူကြီးနဲ့တွေ့တော့ ရှေ့နေငှားခွင့်မရသေးတာကို ကျွန်တော်တို့တင်ပြတယ်။ တရားသူကြီးက ရှေ့နေငှားခွင့်ပေးပါတယ်လို့ ပြောတယ်။ ထောင်အာဏာပိုင်တွေထံမှာ တင်ပြပါလို့ ညွှန်ကြားတယ်။

ကျွန်တော်တို့ကပဲ နုံအသလား။ တရားရုံးကပဲ လူလည်လုပ်သလား။ ထောင်ကပဲ တစ်ပတ်ရိုက်သလား။ မသိနိုင်ပါဘူး။ ဒါပေမဲ့ တရားရုံးညွှန်ကြားချက်ကို ထောင်အာဏာပိုင်တွေတင်ပြတော့ ထောင်က သဘောတူတယ်။ ရှေ့နေငှားပါတဲ့။ ဒါဖြင့် အိမ်နဲ့တွေ့မယ်၊ ရှေ့နေကိစ္စပြောမယ်ဆိုတော့ ထောက်လှမ်းရေးက ထောင်ဝင်စာတွေပိတ်ထားပါသေးတယ်။ အိမ်နဲ့မတွေ့ရဘူးတဲ့။ ကျွန်တော်တို့က တရားရုံးကို ပြန်တင်ပြတယ်။ တရားရုံးက ထောင်ကိုလွှဲ၊ ထောင်က ထောက်လှမ်းရေးလွှဲ၊ ထောက်လှမ်းရေးက တရားရုံးလွှဲနဲ့ ကျွန်တော်တို့ တရားခံသာဖြစ်သွားရော၊ ထောင်တွေတန်းတွေသာကျသွားရော ကျွန်တော်တို့ကိုယ်စားပြု ဘယ်ရှေ့နေ ဘယ်ခေါင်းပေါင်းစမှ မမြင်လိုက်ရဘူး။ မိသားစုနဲ့လည်း မတွေ့ရဘူး။

ရုံးထုတ်မယ့်အချိန်ကျတော့ တရားခံတွေအားလုံးကို သံခြေချင်းခတ်မယ်တဲ့။ ကျွန်တော်တို့လက်မခံဘူး။ ကန့်ကွက်တယ်။ ငြင်းတယ်။ ဆူတယ်။ နောက်ဆုံးကျမှ တရားခံနှစ်ယောက်တစ်တွဲ လက်ထိပ်တွဲခတ်၊ ထောင်ဝန်ထမ်းတစ်ယောက်က လက်ထိပ်သံကြိုးကိုင်ပြီး ရုံးထွက်ရတယ်။



တရားစွဲတော့ ပုဒ်မတွေကလည်းစုံလို့။ ဘာတွေလဲလို့ ကျွန်တော် မမှတ်မိတော့ဘူး။ အမှုကတော့ နှစ်မှု။ ကုလသမဂ္ဂအတွင်းဝန်ချုပ်ထံကို ထောင်တွင်းလူ့အခွင့်အရေးချိုးဖောက်မှုတွေကိစ္စ တိုင်စာပို့တာနဲ့ ရေဒီယိုသွင်းတာ၊ သတင်းစာ, ဂျာနယ်, မဂ္ဂဇင်းစာအုပ်တွေထုတ်တာကို အဓိကထားပြီး တရားစွဲတာက တစ်မှု။ ထောင်တွင်းမှာ နိုင်ငံရေးလှုပ်ရှားမှု လုပ်ဖို့အတွက် ပါတီအဖွဲ့အစည်းပေါင်းစုံ ပူးတွဲလုပ်ငန်းကော်မတီ J.A.C(Joint Action Committee) ဖွဲ့တာကို အဓိကထားတရားစွဲတာကတစ်မှု။ ပထမအမှုမှာ တရားခံစာရင်းဝင်သူတွေက အများစု၊ ဒုတိယအမှုမှာ တရားခံစာရင်းဝင်သူတွေက အနည်းစု၊ နှစ်မှုစလုံးနဲ့ တရားစွဲခံရသူတွေကလည်း အနည်းစု။

ပထမအမှုတရားခံတွေက ထောင်ဒဏ်ခုနစ်နှစ်စီကျတယ်။ ဒုတိယအမှုတရားခံတွေက ထောင်ဒဏ်ငါးနှစ်စီကျတယ်။ နှစ်မှုစလုံးတရားခံတွေက ၁၂ နှစ်စီကျတယ်။ ကျွန်တော်က ပထမအမှုမှာပဲပါတယ်။ ကျွန်တော်မှတ်မိသမျှ နှစ်မှုစလုံးမှာပါပြီး ထောင် ၁၂ နှစ်ကျသူတွေကတော့ ဂျင်မီ၊ ကိုဇော်မြင့်မောင်၊ ကိုစိုးမြင့်၊ ကိုဘိုဘိုဦး၊ ကိုဘမျိုးသိန်း တို့ပါ။

ကျွန်တော်တို့က ၂၄ ယောက်အမှုတွဲကြီးဆိုတော့ စစ်ချိန်ကြာတာပေါ့။ အများစုက ကျုပ်တို့လုပ်သင့်လုပ်ထိုက်တာ လုပ်တယ်။ အပြစ်မရှိဘူး။ ထောင်တွင်း လူ့အခွင့်အရေးချိုးဖောက်မှုတွေကို ကျုပ်တို့လက်ပိုက်ကြည့်မနေနိုင်ဘူး။ ကာကွယ်စောင့်ရှောက်ဖို့ တာဝန်ရှိတယ်။ လုပ်ထိုက်တာလုပ်တယ်။ အပြစ်မရှိဘူး။ ကမ္ဘာမှာ တဖြည်းဖြည်း တရားဝင်လုပ်ထုံးတစ်ခုဖြစ်လာတဲ့ "ကာကွယ်ရန်တာဝန်ရှိ"သဘောတရားတစ်ခုရှိတယ် (R2P, Responsibility to Protect)။

ဒီသဘောတရားကို အာဆီယံပဋိညာဉ်စာချုပ်မှာတောင် အတိအလင်းထည့်သွင်းပြဋ္ဌာန်းထားပြီးပြီ။ ဒီကမ္ဘာ့သဘောတရားအတိုင်း ကျုပ်တို့လုပ်သင့်လုပ်ထိုက်တာလုပ်တယ်။ အပြစ်မရှိဘူး။ ထောင်ထဲမှာ လူလိုမနေရဘူး၊ လူလိုမအိပ်ရဘူး။ လူလိုမစားရဘူး။ လူလိုမပြောရဘူး။ လူလိုမကြားရဘူး။ လူလိုမမြင်ရဘူး။ လူလိုမသင်ရဘူး။ ဒါကြောင့် ကျုပ်တို့ လူ့အခွင့်အရေးကို ကျုပ်တို့ ကိုယ်တိုင်သုံးတယ်။ လုပ်သင့်လုပ်ထိုက်တာ လုပ်တယ်။ အပြစ်မရှိဘူး။

ပြောမယ့်သာပြောတာ။ ကျွဲပါးစောင်းတီး၊ နွားနားတေးဆိုသလိုပါပဲ။ လူလူသူသူတုံ့ပြန်ချက် ဘာမှမရပါဘူး။ ထောင်ဒဏ်တွေသာရခဲ့ပါတယ်။ ဒါကြောင့် တရားခွင်မှာ ကျွန်တော် ဘာမှလေကုန်ခံပြီး မပြောဘူး၊ ကိုယ်တိုင်

www.burmeseclassic.com

www.burmeseclassic.com



စစ်ချက်ထွက်ဆိုချိန်မှာ လက်နှိပ်စက်စာမျက်နှာ ၂၆ မျက်နှာ ထွက်ဆိုခဲ့တာ တစ်ခုပဲလုပ်တယ်။ အယူခံလည်းမဝင်ဘူး။ ပြင်ဆင်ချက်လည်း မလျှောက်ဘူး။ ကျွန်တော်တို့အားလုံး တစ်သဘောတည်းပါပဲ။

လူငယ်တွေကတော့ ပေါက်ကွဲကြတာပေါ့။ တရားဥပဒေစိုးမိုးမှုဆိုတာ ဘယ်မှာလဲ။ တရားမျှတမှုဆိုတာ ရှိသေးရဲ့လား။ စစ်ဗိုလ်တွေခိုင်းတိုင်း လုပ်တာ တရားဥပဒေလား။ တရားမျှတမှုလား။ တရားစီရင်ရေးလား။

ဒို့လုပ်တာဟာ နိုင်ငံရေးမူဝါဒ၊ နိုင်ငံရေးလုပ်ငန်းစဉ်၊ နိုင်ငံရေးအသိ၊ နိုင်ငံရေးတာဝန်နဲ့ လုပ်တာ။ ဒီလုပ်ငန်းကြီးတစ်ခုလုံးဟာ နိုင်ငံရေးတိုက်ပွဲပဲ။ ဒီတိုက်ပွဲအတွက် ဒို့ထောင်ထဲဝင်ရတာဆန်းသလား။ ဘာဖြစ်ရမှာလဲ။ အရေးမစိုက်ပါဘူး။ ဒါပေမဲ့ ဘယ်မှာလဲ တရားဥပဒေစိုးမိုးရေး၊ ဘယ်မှာလဲ တရားမျှတတဲ့ တရားစီရင်ရေး၊ ဘယ်မှာလဲ ဥပဒေနဲ့အညီ တရားစီရင်မှု။

ဟေ့ ဒို့က စစ်ခွေးပြစ်ဒဏ်တိုက်ရောက်နေပေမဲ့ စစ်ခွေးအကျဉ်းသား မဟုတ်ဘူးကွ။ ဒီတရားရုံးသာ စစ်ခွေးတရားရုံး။ ဒီတရားသူကြီးသာ စစ်ခွေးတရားသူကြီး။ စစ်ခွေးအကျဉ်းသား နီး၊ စစ်ခွေးတရားသူကြီး ဂိုး။ နီး နီး နီး – ဂိုး ဂိုး ဂိုး။

ကျွန်တော်ကတော့ ကဗျာကလေးတစ်ပုဒ်နဲ့ စိတ်ဖြေတယ်။ ကဗျာတစ်ပုဒ်လုံးကို အမှတ်မရတော့ပါဘူး။ မေ့ကုန်ပြီ။ တရားစွဲမခံရသေးပေမဲ့ စစ် ခွေးတိုက်အပို့ခံရတဲ့ တိုက် ၁ က ဒေါက်တာခင်ဇော်ဝင်းက ကျွန်တော့်ကဗျာတစ်ပုဒ်လုံးကို အင်္ဂလိပ်လိုဘာသာပြန်တယ်။ အခန်းနီးချင်းတွေကိုဖတ်ပြတယ်။

အဲဒီကဗျာထဲက ကျွန်တော် မှတ်မိသေးတဲ့ စာကြောင်းကလေးကတော့

"... ... ... ... ... ... ...

... ... ... ... ... ... ... ...

အို တိုက်ပွဲပျော်

နှစ်ဒါဇင်တို့

ဝင်အုန်းထောင်ထဲ။"

◆

# ရွှေပေလွှာ ပုံကာဝဲ

ဘိုးတော်ခင်ဝင်း အသံကို ကျွန်တော် စကြားဘူးတာ ၁၉၉၀ လောက်ကပါ။ အဲဒီအချိန်က ကျွန်တော်ရှိနေတဲ့ အထူးဆောင်ကို သူရောက်လာတယ်။ စကားတွေအော်ပြောတယ်။

အထူးဆောင်မှာ ကျွန်တော်တို့လူစုရောက်နေတာ သုံးလေးလရှိပြီ။ ကျွန်တော်တို့လူစုဆိုတာ ရှစ်လေးလုံးကာလရဲ့ နာမည်ကျော် ကွန်မြူနစ် ယူဂျီကိုသက်ခိုင်၊ ဦးလေးကြီးကိုတင်အောင် ပီကျူ(ပြည်သူ့တိုးတက်ရေးပါတီ) ကိုခင်မောင်မြင့်၊ မြို့နယ်ခန်းမ ဗုံးခွဲကရင် ဗိုလ်မှူးကိုကိုအောင်တို့လူစုပါ။

ကျွန်တော်တို့လူစု စကားဖောင်ဖောင်မပြောဖြစ်ကြပါ။ အမြဲတမ်း သံတံခါးပိတ်၊ သစ်သားတံခါးပိတ် ခံနေကြရတယ်။ စကားပြောရခက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



သံတံခါးအပြင်ထွက်ပြီး ရှေ့ကွက်လပ်ခန်းထွက်ခွင့်ရရင် စကားပြောရတာ နည်းနည်းပိုလွယ်တယ်။ အော်လို့ကြားပါတယ်။ အခန်းထဲက အော်ရတော့ မကြားတကြား လူမောစိတ်မောဖြစ်နေတယ်။

အဲဒီလိုအချိန်မှာ ဘိုးတော်ခင်ဝင်း ရောက်လာတယ်။ အဲဒီအချိန်ကစပြီး သူ့စကားပြောသံတွေ၊ သီချင်းသံတွေ၊ ဘုရားရှိခိုးသံတွေကို ကျယ်ကျယ်လှိုင်လှိုင်ကြီး ကြားလာရပါတယ်။

ဘိုးတော်ခင်ဝင်းက အတော်စုံတဲ့လူ။ နိုင်ငံရေးလည်းလုပ်တယ်။ အနုပညာလည်းလုပ်တယ်။ လူမှုရေးလည်းလုပ်တယ်။ ဘာသာရေးလည်းလုပ်တယ်။ အားကစားလည်းလုပ်တယ်။ လက်သိပ်ထိုး ခြေပုန်းခုတ်အလုပ်တွေလည်း လုပ်တယ်။

လက်သိပ်ထိုး ခြေပုန်းခုတ်အလုပ်တွေ သူဘယ်လောက် အားသန်တယ်ဆိုတာ ၁၉၉၁ နှစ်ကုန်ပိုင်းလောက်မှ ကျွန်တော် သိခွင့်ရလာတယ်။ အဲဒီအချိန်မှာ ကျွန်တော် တိုက်–၃ကို ပြောင်းလာရတယ်။ ဘိုးတော်က အဲဒီတိုက်မှာ ရောက်နေပြီ။ သူနဲ့ကျွန်တော် အခန်း–၃ နဲ့ အခန်း–၄ မှာ ဘေးချင်းကပ်နေရတယ်။ သူ့ဘုရားရှိခိုးသံကို မနက်တိုင်းကြားရတယ်။ သူ့သီချင်းသံကိုညတိုင်းကြားရတယ်။ သူ့စာမေးသံတွေ၊ နိုင်ငံရေးစကားတွေကို တစ်နေ့လုံးကြားရတယ်။

စောစောက ပြောခဲ့သလို သူကအစုံလုပ်တဲ့လူ ပါတီဝင်တာတောင်အစုံဝင်တယ်။ ဒီချုပ်မှာလည်း သူကမြို့နယ်ဒုတိယဥက္ကဋ္ဌ၊ သွေးသစ်ပါတီ ဆိုတာမှာလည်း သူက တည်ထောင်သူ ဥက္ကဋ္ဌ၊ ကွန်မြူနစ်ပါတီနဲ့လည်း ဆက်လိုက်သေး။ ပီကျူနဲ့လည်း ငြိလိုက်သေး။ ကျောင်းသားနဲ့လည်း တွဲလိုက်သေး။ တောနီ မြေလှျိုး ယူဂျီအမျိုးမျိုးနဲ့လည်း ချိတ်လိုက်သေး။ စုံရော။

သူ့ရဲ့နိုင်ငံရေးစွန့်စားခန်းတွေ၊ နိုင်ငံရေး ခြေစကြာဖြန့်မှုတွေ၊ အချစ်ဇာတ်လမ်းတွေ၊ တောတွင်း ဇာတ်ကြမ်းတွေဆိုတာလည်း မကြားချင်အဆုံးကြားနေရ။ ပြီးတော့ သူစပ် သူဆိုခဲ့တဲ့ ဓိဇဝါရိပ်မြိုင်လို၊ စမ်းရေလို၊ ဂန္ထဝင် သီချင်းကြီးတွေလိုမျိုးကလည်း မကြားချင်အဆုံး ကြားနေရ။

တစ်နေ့တော့ သူ့ဆီကစာရွက်တစ်ရွက်ရတယ်။ တိုက်–၆မှာ ရောက်နေတဲ့ ကွန်မြူနစ် ယူဂျီဆီကစာ။ သူကမေးလို့ ဟိုလူကပြန်ရေးတဲ့စာ။ တရုတ်



ကွန်မြူနစ်ပါတီ ဥက္ကဋ္ဌ မော်စီတုန်းရဲ့ "ဒီမိုကရေစီသစ်ကျမ်း"ကို စာရွက်သုံးလေးငါးရွက်နဲ့ အနှစ်ချုပ်ထားတာ။ သူကိုယ်တိုင်လည်း နိုင်ငံရေးဝါဒတွေ၊ နိုင်ငံရေးသတင်းတွေ၊ နိုင်ငံရေးချိတ်တွေကို စာနဲ့ပေနဲ့ရေးပြီး ပလူပျံအောင် ဝေတယ်။ ဖြန့်တယ်။ နိုင်ငံရေး ရှေ့ပေလွှာတွေ ထောင်တွင်း ထောင်ပြင် မိုးလုံးမှိုင်းအောင် စုန်ကာဆန်ကာ ပလူပျံအောင် သူလုပ်တယ်။

တဖြည်းဖြည်းနဲ့ ဘိုးတော်လုပ်ဟန်တွေက လူငယ်တွေကြားမှာ တာစားလာတယ်။ လူငယ်တွေက သူ့ကိုအထင်မကြီးပါဘူးလို့ ကျွန်တော်ပြောနိုင်မယ်ထင်တယ်။ ဒါပေမဲ့ လူငယ်တွေက သူ့ကိုသဘောကျတယ်။ ဒါကိုပြောနိုင်တယ်။ သူက လူတိုင်းနဲ့ပေါင်းနိုင်တယ်။ လူတိုင်းကိစ္စကို အလိုက်သည်းလိုက်လုပ်ပေးတယ်။ အလုပ်အကျွေးပြုတယ်ဆိုတဲ့ နိုင်ငံရေးစကားမျိုးနဲ့ သတ်မှတ်ရလောက်အောင် အောက်ခြေသိမ်းလုပ်တယ်။ ယုတ်စွအဆုံး ဝန်ထမ်းရဲ့အင်္ကျီပြဲ ချုပ်ပေးတယ်။ ဘောင်းဘီပြဲ ဖာပေးတယ်။ ဖိနပ်စုတ်တောင်ပြင်ပေးမယ် ပြောတာ။ ပစ္စည်းပစ္စယကိရိယာ မရှိလို့သာတဲ့။ လူတိုင်းက သူ့နည်းသူ့ဟန် အတိုင်း သူ့ကိုကူညီမှုနဲ့ တုံ့ပြန်ကြတယ်။

ဘိုးတော်လုပ်နည်းအတိုင်း လုပ်လာကြတော့ တိုက်ဝင်းအတွင်းမှာ ရှေ့ပေလွှာတွေ ပလူပျံလာကြတယ်။ တစ်ဦးချင်းစီကလည်း စာရေးစာပို့ စာဖြန့်စာကမ်းလုပ်တယ်။ အဖွဲ့အစည်းတွေကလည်း ဒီလိုပဲလုပ်ကြတယ်။ သိစရာတွေ၊ ကြားစရာတွေ အများကြီး သိလာရ၊ ကြားလာရတယ်။ နီးကြားမှုတွေ၊ ထက်သန်မှုတွေ၊ သွေးပူမှုတွေ ထုနဲ့ထည်နဲ့ ပေါ်ထွက်လာတယ်။ နိုင်ငံရေးစည်းရုံးမှုအတွက် ရေခံမြေခံကောင်းတွေကို အကျယ်အပြန့်ဖော်နိုင်လာတယ်။

ဘိုးတော်တို့ ကျွန်တော်တို့နေတဲ့ အခန်းလေးငါးခြောက်ခန်းမှာနောက်ဘက် ပြတင်းပေါက်ရှိတယ်။ (၁၉၉၅ နောက်ပိုင်းမှာ ကျွန်တော်တို့ စစ်ခွေးတိုက်ပို့ခံရပြီးနောက်တော့ ပြတင်းပေါက်တွေ ပိတ်ပစ်လိုက်တယ်လို့ သိရတယ်။) အခန်းထဲ အညောင်းပြေ လမ်းလျှောက်ရင်း ရှေ့သံတံခါးပေါက်ကဖြစ်ဖြစ် နောက်ပြတင်းသံတိုင်ကြားကဖြစ်ဖြစ် ဘယ်အချိန်ကြည့်လိုက် ကြည့်လိုက် ဝန်ထမ်းတစ်ယောက်ယောက်၊ အမြဲဆင်းတစ်ယောက်ယောက်နဲ့ ဘိုးတော် စကားတွတ်ထိုးနေပြီ။ ဘိုးတော်ပစ္စည်း အပေးအယူလုပ်နေပြီ။

www.burmeseclassic.com

www.burmeseclassic.com



သူ့လုပ်ပုံကိုင်ပုံတွေကို နားစွင့်ရင်း၊ ငေးကြည့်ရင်း ကျွန်တော်အတွေး ပေါ်တာ တစ်ခုရှိတယ်။

ဘိုးတော်ဟာ နိုင်ငံရေးသမားစစ်စစ် ဟုတ်ချင်မှဟုတ်မယ်။ တက်ကြွလှုပ်ရှားသူ (Activist) ဒေါင်ဒေါင်မြည် ဟုတ်တာတော့ သေချာတယ်။ ထောင်လို အချုပ်အချယ် ဖိနှိပ်အားကြီးပြင်းထန်တဲ့ နေရာမျိုးမှာ နိုင်ငံရေးသမားထက် တက်ကြွလှုပ်ရှားသူက ပိုလှုပ်နိုင်ပါလား။ ပိုတိုးနိုင်ပါကလား။ ပိုနက်နိုင်ပါကလား။ ပိုဖောက်နိုင်ပါကလား။

စစ်အာဏာရှင်တွေရဲ့ ချုပ်ချယ်မှု၊ ဖိနှိပ်မှု၊ နင်းချေမှုတွေကြောင့် အပြင်လောကမှာ မလှုပ်သာမရှားသာ ပိပြားဝပ်ဆင်းနေကြရတယ်။ ဒီလိုပတ်ဝန်းကျင်မှာ တက်ကြွလှုပ်ရှား အင်အားစုတွေက ပါတီတွေ၊ အဖွဲ့အစည်းတွေထက် ပိုဖောက်ထွင်း ပိုထိုးနက် ပိုလှုပ်ရှားနိုင်ကြမှာ သေချာတယ်။ ပါတီအဖွဲ့အစည်းတွေက ကိုယ့်မူဝါဒတွေ၊ ကိုယ့်လုပ်ငန်းစဉ်တွေနဲ့ လှုပ်ရှားကြတယ်ပေါ့။ ဒါပေမဲ့ တက်ကြွလှုပ်ရှားသူ အင်အားစုတွေရဲ့ အခန်းကဏ္ဍကို အရေးထားရကောင်းမှန်း၊ အလေးဂရုပြုရကောင်းမှန်း သိဖို့အလွန်လိုလိမ့်မယ်။ ပါတီအဖွဲ့အစည်းဟာ တက်ကြွလှုပ်ရှား အင်အားစုတွေရဲ့ အရေးပါမှုကို သိမှတ်လေးစားသလို အားပေးဖေးမမှုလည်း ပြုရပေလိမ့်မယ်။

တက်ကြွလှုပ်ရှားသူတွေကတော့ ပါတီအဖွဲ့အစည်းမဟုတ်လို့ မူဝါဒ စည်းမျဉ်းစည်းကမ်း၊ လုပ်ငန်းလမ်းစဉ်တွေ အတိအကျ အနိုင်အမာရှိကောင်းမှ ရှိပေမှာပေါ့။ သူတို့အဖို့ ယုံကြည်ခံယူချက်ရှိရင် လုံလောက်ပြီ။ ဦးတည်ရည်မှန်းချက်ရှိရင် ပြည့်စုံပြီ။ တစ်စုတစ်ဖွဲ့ချင်း လှုပ်ရှားတယ်ဆိုပေမဲ့ အခြားအစုအဖွဲ့တွေနဲ့လည်း အခြေအနေ၊ အကြောင်းကိစ္စ၊ အရေးအရာပေါ်ရင် တွဲသွား နိုင်ရမှာပဲပေါ့။

တဋ္ဌသိုလ်တုန်းက အင်္ဂလိပ်ဂန္ထဝင်စာရေးဆရာကြီး ဂျွန်နသန်ဆွစ်ဖ်ရဲ့ "ဂါးလီဗားထရဲဗဲလ်စ်"(Gulliver's Travels) ဆိုတဲ့စာအုပ် သင်ဖူးတယ်။ လက်မ လီလီပွတ် (Lilliput)တွေရဲ့ တိုင်းပြည်ရောက်သွားတဲ့ ဂါးလီဗားဟာ ဘီလူးကြီး အရွယ်ဖြစ်နေတယ်။ လက်မ လီလီပွတ်တွေက တစ်ယောက်ချင်း တစ်စုချင်း ရောက်ရာနေရာက ပေါ်ရာအလုပ်၊ ကျရာတာဝန်ကို မဆုတ်မနစ်၊ မတွန့်မရှောင် လုပ်ကြတယ်။ လူ့ဘီလူးကြီးဂါလီဗားကို လက်ရဖမ်းလိုက်နိုင်ကြတယ်။



တက်ကြွလှုပ်ရှား အင့်အားစုတွေဟာလည်း ရောက်ရာနေရာက ပေါ်ရာ အလုပ်ကို မကြောက်မရွံ့၊ မတွန့်မဆုတ် လုပ်သွားကြရင် စစ်အာဏာရှင် ဂါလီဗား(လူ့ဘီလူးကြီး)ကို လီလီပွတ်ပြည်သူတွေ အစွယ်ချိုးနိုင်မှာ မုချပါ။

ပါတီအဖွဲ့အစည်းတွေနဲ့ တက်ကြွလှုပ်ရှားသူ အင်အားစုတွေ ဟန်ချက်ညီညီ လက်တွဲညီညီ လုပ်သွားနိုင်အောင် အားထုတ်ကြရမှာပဲ။

အင်းစိန်ထောင်ထဲမှာ ပါတီအဖွဲ့အစည်းတွေနဲ့ တက်ကြွလှုပ်ရှား အင်အားစုတွေ စိတ်ညီလက်ညီလက်တွဲနိုင်ခဲ့ကြတယ်။ အောင်ပွဲခံ အောင်လံတွေ ထူနိုင်ခဲ့ကြတယ်။

ဘိုးတော်ခင်ဝင်းရဲ့ လုပ်နည်းလုပ်ဟန်တွေဟာ မူလကတည်းက တက်ကြွလှုပ်ရှားသူတွေဖြစ်တဲ့ ဘိုဘိုဦးတို့၊ ဘမျိုးသိမ်းတို့၊ ကျော်ထွေးတို့၊ ကိုကိုကြီးတို့၊ ညီနိုင်အောင်တို့၊ သက်မင်းအောင်တို့၊ အောင်ဆွေဦးတို့၊ မောင်မောင်အေးတို့လို လူငယ်တွေကို အားသစ် မာန်သစ် ဉာဏ်သစ် လောင်းနိုင်ခဲ့တယ်။ စံနမူနာကောင်းတွေ ဖြစ်ခဲ့တယ်။

ကျွန်တော် ထောင်ထဲရှိနေတုန်းမှာပဲ ဘိုးတော်ခင်ဝင်းလွတ်သွားတယ်။ ကျွန်တော် ထောင်မလွတ်ခင်မှာပဲ ဘိုးတော်ခင်ဝင်း ထောင်ထဲပြန်ဝင်တယ်။ စိတ်မကောင်းဘူး။ ကိစ္စတော့မရှိပါဘူး။ တက်ကြွလှုပ်ရှားနေတဲ့သူ ဘယ်မှာ အနှိပ်အကွပ် အနှောင်အဖွဲ့က လွတ်နိုင်မှာလဲ။ ပြည်သူ့အကျိုးအတွက် လုပ်တာ၊ ပြည်သူ့အကျိုးဖြစ်ထွန်းတန်သလောက် ဖြစ်ထွန်းရင် ပြီးရောပေါ့။

တက်ကြွလှုပ်ရှားသူတွေကို ပြည်သူက သိချင်မှသိမယ်။ အမှတ်ပြုချင်မှ ပြုမယ်။ ကိစ္စမရှိပါဘူး။ ပြည်သူသိဖို့၊ အသိအမှတ်ပြုဖို့၊ သမိုင်းမော်ကွန်းထိုးဖို့ လုပ်တာမှမဟုတ်တာ။ ပြည်သူအကျိုးဖြစ်ထွန်းရင် ပြီးရောပေါ့။ သူတို့ ကျေနပ်လိမ့်မယ်။ ပြည်သူ့ရန်စွယ်တွေ ကျိုးရင်တော်ပြီပေါ့။ သူတို့ကျေနပ်လိမ့်မယ်။

တက်ကြွလှုပ်ရှားသူတွေဟာ မာန်သမားတွေပဲ။ ဉာဏ်သမား နိုင်ငံရေးခေါင်းဆောင်တွေ စင်မြင့်ပေါ်မှာ မောက်ကြွားလိမ့်မယ်။ မီဒီယာတွေမှာ ကျော်ဟိန်းလိမ့်မယ်။ သမိုင်းမှာ မော်ကွန်းဝင်လိမ့်မယ်။ မာန်သမားတွေက အညတြအရေးတော်ပုံ တပ်သားတွေအဖြစ်နဲ့ လူမသိ သူမသိ သမိုင်းရင်ခွင်ဝင်ရလိမ့်မယ်။ သမိုင်းအောက်ခြေမှတ်စု (Foot note) အဖြစ် အက္ခရာတင်ခံရကောင်း ခံရလိမ့်မယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒုတိယလွတ်လပ်ရေးအောင်ပွဲဟာ သူတို့ရဲ့ပန်းတိုင်၊ အာဏာရှင်ပြိုကွဲပျက်သုံးရေးဟာ သူတို့ရဲ့ရည်မှန်းချက်၊ စစ်မှန်သော ပြည်ထောင်စု တည်ထွန်းရေးဟာ သူတို့ရဲ့ခရီးဆုံး။ ဒီပန်းတိုင်၊ ဒီရည်မှန်းချက်၊ ဒီခရီးဆုံးကိုရောက်ပြီဆိုရင် သူတို့ကျေနပ်ပြီ။ ပန်းကုံးစွပ်သူမရှိလည်း သူတို့အဖို့ အရေးမကြီးပါဘူး။ တမေ့စက်နားဖို့ ကောက်ရိုးခင်းပေးသူရှိရင် သူတို့ကျေနပ်ပြီ။

ထောင်ထဲမှာ အားပြည့်မာန်ပြည့် အကျိုးရှိရှိ လှုပ်ရှားခဲ့တဲ့ လူတစ်ယောက်အကြောင်း ကျွန်တော် သတိတရ လေးလေးစားစားရေးပြပါတယ်။

ဘိုးတော်ခင်ဝင်းအကြောင်း တစ်ခန်းမရပ်ခင် သတိရတာလေးတစ်ခုလည်း ကျွန်တော် ပြောပြချင်သေးတယ်။

ဘိုးတော်ခင်ဝင်းက သူရသမျှ သူ့ထောင်ဝင်စာကို နေ့မကျော် အကုန်ဝေပစ်တယ်။ သူများကျွေးသမျှ အကုန်စားတယ်။

နိုင်ငံရေးအကျဉ်းသားတွေက သူ့ကိုမပြတ်ကျွေးကြ ပေးကြတယ်။ သူနဲ့ ကျွန်တော် အခန်းချင်းကပ်နေတော့ ကျွန်တော့်ဆီပို့သမျှကို အခန်းမှားလို့များ သူ့ဆီမရောက်လေနဲ့။ အကုန်ဝါးပစ်လိုက်ပြီ။

ကျွန်တော့်ကို ထောင်ကျဖော်အချို့က ဘိုးတော်လို့ခေါ်တယ်။ မန္တလေးစကားနဲ့ခေါ်တာ။ မန္တလေးသားတွေက သူတို့လေးစားရသူတွေကို ဘိုးတော်လို့ခေါ်တယ်။ ကျွန်တော့်ဆီကို စားစရာပို့တယ်။ အမြဲဆင်းလုပ်သားတွေကို ဘိုးတော်ဆီ ပေးလိုက်ပါလို့ ပြောတယ်။ အမြဲဆင်းတွေက ကျွန်တော့်ကို ဘိုးတော်လို့ခေါ်မှန်းမသိ။ ဘိုးတော်ခင်ဝင်းကိုပဲ ဘိုးတော်ခေါ်မှန်းသိကြတာ။ ဒါနဲ့ ကျွန်တော့်ဆီပေးသမျှ စားစရာသောက်စရာကို ဘိုးတော်ခင်ဝင်း အခန်းကိုပဲ ပို့ကြတယ်ပေါ့။

ဘိုးတော်က အချိန်မဆိုင်းဘူး။ အကုန်စားပစ် ဝါးပစ်တယ်။ ပြီးတော့ ပြောသေးတယ်။

"ဆရာရေ ထောင်ဆိုတာ နေ့မြင်ညပျောက်ဗျ၊ ကျွန်တော့်တော့ စားစရာ ရောက်လာရင် အကုန်စားပစ်တာပဲ"။

ဘိုးတော်အကြောင်း ဆက်ပြောပြချင်တာလေးတွေ ရှိပါသေးတယ်။

ဒီနှစ်ပြည်ထောင်စုနေ့လောက်မှာထင်ရဲ့။ ကျွန်တော့်ဆီ ဘိုးတော်ရဲ့ သတင်းရောက်လာတယ်။ ဘိုးတော်ခင်ဝင်းတစ်ယောက် လေဖြတ်သွားတယ်။



အင်းစိန်ဆေးရုံတင်ထားရတယ်။ မျက်စိတစ်ဖက်ပိတ်၊ ပါးတစ်ခြမ်းရွဲ့၊ လျှာတစ်ခြမ်းကပ်သွားသတဲ့။ သူ့ကိုကူညီဖို့ ပြင်ပရဲဘော်တွေက ချက်ချင်းလုပ်ကြပါတယ်။

ဒီချုပ် ပုဇွန်တောင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးနိုင်းနိုင်း ဘိုးတော်ဆီရောက်သွားတယ်။ စားစရာတွေ၊ ဆေးဝါးပစ္စည်းတွေ ဝယ်ပေးခဲ့တယ်။ ဦးနိုင်းနိုင်းက ဘိုးတော်အကြောင်း ကျွန်တော့်ကိုပြောတော့ ကျွန်တော် သတင်းစုံသိနေပြီ။ ထောင်မျက်စိ၊ ထောင်နား၊ ထောင်ခြေထောင်လက်လို နိုင်ငံရေးအကျဉ်းသားတွေရဲ့ ဝေယျာဝစ္စကို အောက်ခြေသိမ်းဆောင်ရွက်ပေးနေတဲ့ ထောင်အကျိုးဆောင်ကြီး ကိုမင်းဆွေဆီ လုပ်သင့်လုပ်ထိုက်တာတွေ အားလုံးလုပ်ပေးဖို့ ကျွန်တော် စကားပါးပြီးပြီ။ သူ့ဇနီးရှိရာ ပုတီးကုန်းကို လူလွှတ်ခေါ်ပြီးပြီ။ သူ့အတွက်ဆေးဝါး၊ စားစရာတွေပို့ပြီးပြီ။ အသုံးစရိတ်ငွေသွင်းဖို့ စီမံပြီးပြီ။

"အဘကိုလည်း တွေ့ချင်တယ် ပြောတယ်။ မိတ်ဆွေတွေအားလုံးကိုလည်း တမ်းတနေတယ်။ ကျွန်တော့်အခန်းထဲက ထွက်လာတော့တောင် စကားမပီတပီ လှမ်းအော်နေတုန်းပဲ"

"အေးပေါ့ဗျာ… သူလည်းလူတွေကို တွေ့ချင်နေမှာပေါ့"

"သူက သန်တုန်းမာတုန်း အဘရေ။ ကျွန်တော့်ကို လက်ဆွဲနှုတ်ဆက်တာ ကျွန်တော့်လက်ဝါးတွေ ကြေကုန်ပလားထင်ရတယ်"

ဘိုးတော်ဆီကို ကျွန်တော် မရောက်လိုက်ပါ။ ကျွန်တော်ကလည်း "ထတပေါင်ကျိုး"ဖြစ်နေပါတယ်။ ဒီစကားလုံးက ကျွန်တော်တို့ချင်း ရယ်စရာပြောတဲ့ ဝေါဟာရပါ။ "ထောင်တပိုင်းကျ"လို့ ပြောတာပါ။ ဟုတ်ပါတယ်။ ကျွန်တော် သွားလေရာ "ဘုတ်ကောင်"တွေက တလျှောက်ကြီး။ မျက်စိအောက်က အပျောက်မခံပါ။ ဘုတ်ကောင်ဆိုတာကလဲ ရယ်စရာစကားလုံးပါပဲ။ မော်တော်ဆိုင်ကယ် တဘုတ်ဘုတ်နဲ့ ကျွန်တော့်ကို လိုက်ကြည့်၊ လိုက်စောင့်၊ လိုက်မေးလုပ်နေတဲ့ ရဲသတင်းထောက်လှမ်းရေး မော်တော်ဆိုင်ကယ် သမားတွေကိုပြောတာပါ။

ဘိုးတော်ရှိရာ အင်းစိန်ဆေးရုံကို ကျွန်တော်သွားရင် ကျွန်တော်ပြန်တာနဲ့ ဘိုးတော်အင်းစိန်ထောင်ထဲ ပြန်ရောက်သွားပြီ မှတ်ကရော့။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူက ဘယ်သူ့ကို မှတ်ကရော ပြောရမယ်မသိပါ။ ကျွန်တော် အင်းစိန်ဆေးရုံ မသွားလိုက်ရဘဲ ဘိုးတော်တစ်ယောက် အင်းစိန်ဓာတ်ခန်း ပြန်လည်စံမြန်းသွားပါတယ်။ ဘိုးတော်သတင်း မီဒီယာမှာ သံပြိုင်ပါလာလို့တဲ့။ ထင်ကြေးပေးသူက ပေးကြပါတယ်။ လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ အထူးအစီရင်ခံသူ မစ္စတာ တောမတ်စ်အိုဟေးကင်တားနားရဲ့ မြန်မာနိုင်ငံဆိုင်ရာ ခရီးစဉ်နဲ့တိုက်နေလို့တဲ့။ ကောက်ချက်ချသူက ချကြပါတယ်။

ဘာကြောင့်မှမဟုတ်ဘူးဗျို့။ ဘယ်နိုင်ငံရေးအကျဉ်းသားကိုမှ ဆေးပတ်လည်အောင် ကုသမပေးတဲ့ ထောင်ပေါ်လစီကြောင့်လို့ ကျွန်တော်ပြောချင်တယ်။ အဲဒါကြောင့် ပြန်ပို့တာ။ ကျွန်တော်ကိုယ်တိုင် ဒါမျိုးတွေကြုံပေါင်းများပြီ။ ရိုးနေအောင်ခံရဘူးပါတယ်ဗျာ။

ကျွန်တော် အူကျရောဂါ ခွဲစိတ်ဘူးတယ်။ ခွဲစိတ်ဒဏ်ရာ ပြည်စိုသွေးစိုနဲ့ ဆေးရုံက ဆင်းခဲ့ဘူးတယ်။ ထောင်တွင်းဆေးရုံက ကျွန်တော်ဆွဲချခံရဘူးတယ်။ ကိုယ်ပူ ခေါင်းပူ ဖျားရက်တန်းလန်း။ နှလုံးရောဂါစမ်းသပ်မှုတွေလုပ်ပြီးစအချိန် ဆေးတောင်မကုရသေးဘူး။ ရန်ကုန်ဆေးရုံကြီးက ကျွန်တော်ပြန်ခဲ့ရဘူးတယ်။ ဒါမျိုးတွေ ပြန်ပြောပြနေရင် ပြောမဆုံးပေါင် တောသုံးတောင့်ပါပဲဗျာ။

ဖေဖော်ဝါရီလလယ်လောက်မှာ ဘိုးတော်ဇနီး ကျွန်တော့်ကို လာတွေ့တယ်။ ကူညီတန်တာ ကူညီရပြန်တယ်။ ပါးစပ်က ကူညီလိုက်တာကတော့ "အမေကမွေး ထောင်ကကျွေး၊ ဘိုးတော်ရဲ့သွေး"ဆိုတဲ့စကား ကြားဘူးရဲ့မဟုတ်လား။ ထောင်ကမကျွေးလည်း ထောင်ကျရဲဘော်တိုင်းက သူ့ကိုကျွေးမှာပဲ။ ဘိုးတော် ဘယ်တော့မှ သွေးကြောင်မှာ မဟုတ်ဘူး။ ဘာမှမစိုးရိမ်နဲ့"

သူ့ဇနီးက စကားပြန်သွားတယ်။

"ဆရာရယ်။ သူနဲ့ပေါင်းလာတာ နှစ်လေးဆယ်နီးပြီ။ ထောင်ဝင်စာပို့ရတာလည်း နှစ်လေးဆယ်နီးပါပြီရှင်" တဲ့။

မှန်ပေသပေါ့။ ဘိုးတော်သွေးလိုနီတဲ့ ဘိုး–ကတော့်သွေးလည်း နီပါသေးသလေ။ သူလည်း "နိုင်ငံရေးကတော်" တစ်ယောက် မဟုတ်လား။

◆

# တေးတိုက်ပွဲ

၁၉၉၁ သီတင်းကျွတ် တန်ဆောင်မုန်းလ။ ငွေလမင်းက ရောင်ခြည်လဲ့လဲ့ ပက်ဖျန်းနေတယ်။

အထူးဆောင်(ထောက်လှမ်းရေးစခန်းဆောင်)မှာ တေးသံတွေမြိုင်နေတယ်။

"အားရပျော်ရွှင်
တေးမှော်ဝင်သော်
တေးပင်တေးသီး
မြိုင်မြိုင်သီးအောင်
ဖန်တီးစီရင် .... "

www.burmeseclassic.com

www.burmeseclassic.com



တေးသံတွေကြားမှာ ကျွန်တော် မိန်းမောနေတယ်။ ရင်ထဲမှာလည်း ကဗျာဆရာတင်မိုးရဲ့ "ကဗျာဖန်တီးသူ"ဆိုတဲ့ ကဗျာထဲက စာတစ်ပိုဒ်ကို အမှတ်ရနေတယ်။ တစိမ့်စိမ့်တွေးနေမိတယ်။

လသာပေမဲ့ အထူးဆောင်သစ်တောအုပ်ထဲကို ရွှန်းလဲ့လရောင်မတိုး နိုင်ဘူး။ ကျွန်တော်တို့အားလုံး "တေးမော်ဝင်"နေကြတယ်။ တေးသံကနီးလာ လိုက်၊ ဝေးသွားလိုက်။ ငွေလရောင် ပျောက်တိပျောက်ကြားမှာ တေးသွားတွေ ရက်ကန်းယှက်နေကြတယ်။ ရွှေခြည်ငွေခြည်တန်းပါလို့ ရက်ကန်းခုံစင် ကန်းခုံစင် ဆိုသလို တေးသံနဲ့ ငွေလရောင် ရွှေခြည်ငွေခြည်တန်းနေကြတယ်။

နီးတဲ့တေးသံက ကိုခင်မောင်မြင့်ဆိုတာ။ သူ အခန်း-၅ ရောက်နေ တယ်။ ကိုခင်မောင်မြင့်က ပြည်သူ့တိုးတက်ရေးပါတီ(ပီကျူ)ရဲ့ဥက္ကဋ္ဌ။ ပါတီ ဥက္ကဋ္ဌ ဖြစ်ရုံလောက်နဲ့ သီချင်းကောင်းကောင်းဆိုနိုင်စရာအကြောင်း မရှိပါဘူး။ သူက နာမည်ကျော်တေးသံရှင် ကိုသန်းလှိုင်ရဲ့အစ်ကိုတော်ဖြစ်နေတယ်။ ဒီမျိုးရိုး ဗီဇစွမ်းအားနဲ့ သီချင်.

ဝေးတဲ့အသံက ကျွန်တော်တို့ ဆယ်ခန်းတွဲတိုက်ရဲ့ ... တိုက်-၂ ကလာတဲ့အသံ။ တေးသံရှင်က နာမည်ကျော် အနုပညာရှင် ဓာဂနာ (ကိုသူရ)ကိုး။ နားထောင်ကောင်းတာပေါ့။

ကိုခင်မောင်မြင့်နဲ့ ကျွန်တော်က သက်တူရွယ်တူလောက်ဖြစ်ပါတယ်။ လွတ်လပ်ရေးရတဲ့နှစ်မှာ ကျွန်တော်တို့ တက္ကသိုလ်အတူရောက်ကြတယ်ထင် တယ်။ သူရော ကျွန်တော်ရော အထက်တန်းကျောင်းသားဘဝမှာ ကျောင်းသား ခေါင်းဆောင်သမဂ္ဂဥက္ကဋ္ဌတို့ဘာတို့ လုပ်ခဲ့ကြတယ်။ တက္ကသိုလ်ရောက်တော့ ကျွန်တော်က စာပေရေစီးကြောင်းထဲ မျောပါသွားတယ်။ သူက ကျောင်းသား နိုင်ငံရေးလုပ်ရင်း ထင်ရှားလာတယ်။ နောက်ပိုင်းမှာ သူက နိုင်ငံရေးခေါင်း ဆောင်။ ထောင်တွေကျ၊ ကျွန်း(ကိုကိုကျွန်း)တွေရောက်။ ကျွန်တော်က သတင်း စာဆရာ။ စာတွေရေး။ ခရီးတွေထွက်။

၁၉၆၃မှာ ပြည်တွင်းငြိမ်းချမ်းရေးဆန္ဒပြပွဲတွေ၊ ခရီးရှည်လူထုချီတက် ပွဲတွေလုပ်တယ်။ ပြည်လမ်းဘက်က စစ်ကြောင်းတစ်ကြောင်း၊ ပဲခူးဘက်က စစ်ကြောင်းတစ်ကြောင်း ချီတယ်။ ရန်ကုန်မှာ လာဆုံကြတယ်။ ပဲခူးစစ်ကြောင်း မှာ ကိုခင်မောင်မြင့်က စစ်ကြောင်းမှူး။



ငြိမ်းချမ်းရေးစစ်ကြောင်းတွေရှိရာကို ကျွန်တော် နေ့တိုင်းသွားတယ်။ သတင်းယူတယ်။ ဓာတ်ပုံရိုက်တယ်။ လူတွေ့မေးတယ်။ အဲဒီအချိန်က ကြေးမုံ သတင်းစာမှာ ကျွန်တော် အလုပ်လုပ်တုန်း။

ကြေးမုံသတင်းစာက ပုဇွန်တောင်ဘက်မှာရှိတာဆိုတော့ ကိုခင်မောင် မြင့်လင်မယားဖွင့်ထားတဲ့ ဆေးလိပ်ဆိုင်ကိုရောက်တတ်တယ်။ သူတို့ဆိုင်က လည်း ပုဇွန်တောင်ဈေးနားမှာ။ သူ့မိန်းမတင်တင်ကို သူ ထောပနာပြုလေ့ရှိ တယ်။ သူ့မွေးစားသားကိုလည်း ချီးမွမ်းတတ်တယ်။ တကယ်တမ်း ဖွင့်အန် ပြောတဲ့ ရင်တွင်းကပျို့လာတဲ့ စကားတွေ။ စကားကတော့ အမြဲတမ်းလိုလို နိုင်ငံရေးပါပဲ။

ရှစ်လေးလုံးဒီမိုကရေစီအရေးတော်ပုံကာလကျတော့ သူနဲ့ကျွန်တော် မကြာခဏဆုံတယ်။ သူက သူ့ပါတီ ပီကျူမှာ။ ကျွန်တော်က ဒီချုပ်မှာ။ စကား လက်ဆုံကျဲသွားတယ်။ လူချင်းအတွေ့နည်းသွားတယ်။ နိုင်ငံရေးသမားတိုင်းက အဲဒီအချိန်မှာ စကားတွေ[illegible] ... များရတယ် အားရတယ် မရှိကြ

...၉၈၉ မတ်လ ဘုန်းမော်နေ့မှာ စက်မှုတက္ကသိုလ်ထဲ ကျွန်တော်တို့ ရောက်သွားတယ်။ ဒေါ်အောင်ဆန်းစုကြည် တရားဟောတယ်။ ကိုခင်မောင်မြင့် လည်း တရားဟောတယ်။ သူစကားပြောရင်း အံ့ပုံကြီးကျွတ်ကျွတ်ကျလို့ ပါးစပ်ထဲကဆွဲထုတ်ပြီး အပေါ်တင်လိုက်တယ်။ လူတွေရယ်ကြသေးတယ်။ သူ့တပည့် ကွန်မြူနစ်ယူဂျီကိုတင်အောင်က သူ့ကိုတေးသွားအလိုက် အံ့ပုံမောင် လို့ ကင်ပွန်းတပ်တယ်။ ကျွန်တော်တို့ ထောင်ထဲ ရှေ့ဆင့်နောက်ဆင့်ရောက် ကြတယ်။ အထူးဆောင်ကို တစ်နေ့တည်း တစ်ပြိုင်တည်းရောက်ကြတယ်။

အထူးဆောင်မှာ ဓာဂနာကလည်းရှိနေတော့ သူတို့သီချင်းဆိုဖက်ဖြစ် သွားကြတာပေါ့။ ဆိုလိုက်ကြတာ။ ညတိုင်း ညတိုင်း။ သီချင်းသံညံညံကြား နေရတယ်။ ဓာဂနာက ခေတ်သီချင်းတွေဆို။ ကိုခင်မောင်မြင့်က ခေတ်ဟောင်း သီချင်းတွေဆို။ တစ်ခါတစ်ခါ ဗကပယူဂျီကိုသက်ခိုင်က ဝင်ဝင်ဖောက်သေး။ သူ့အသံ သူ့သီချင်းကလည်း အကောင်းစားတွေပါ။ မောင်မိုးသူကလည်း ဝင်ပါလိုက်သေး။ သူက မန္တလေးသားပေမဲ့ နန်းတော်ရှေ့တို့၊ မြို့မငြိမ်းတို့ ဆရာညွှာတို့ သီချင်းတွေကို ဟစ်တဲ့အခါ အဲဒီဆရာတွေရဲ့ ခြေဖျားကိုမမီဘူး။

www.burmeseclassic.com

www.burmeseclassic.com



ခြေဖျားကိုမမီတာ။ ဘယ်ဟာကို ဘယ်လိုလုပ် မီတော့မှာလဲ။ ဒါနဲ့ 'တေးမှော်ဝင်ချိန်'မှာ သူက တေးပျော်တော်ဆက်သဘော ဝင်ဝင်နှောက်တယ်။

ကိုခင်မောင်မြင့်နဲ့ကျွန်တော် စကားလက်ဆုံ ပြောလို့မကုန်ဖြစ်ခဲ့ကြပုံကလေး ပြန်လှန်ချင်သေးတယ်။ သူရော ကျွန်တော်ပါ သီးလုံတွေ။ (သီးခြားလုံခြုံရေး)။ ဒီတော့ သူနဲ့ကျွန်တော် စကားမပြောရ။ အဆက်အသွယ်မလုပ်ရ။ ထောင်ဝင်စာအတူမထွက်ရ။ တစ်နေ့တော့ ထောင်'ဂေါက်'သွားတယ်။ ရူးကြောင်မူးကြောင် ဖြစ်သွားတယ်ပေါ့။ ကျွန်တော်တို့နှစ်ယောက်ကို ထောင်ဝင်စာ အတူထုတ်တယ်။

ထောင်ဝင်စာခန်းရောက်တော့ ညွှန်ချုပ်အခန်းမအားလို့ဆိုပြီး သာမန်အကျဉ်းသားထောင်ဝင်စာခန်းကိုပို့တယ်။ အဲဒီမှာလည်း အခန်းမအားသေးလို့တဲ့။ ကျွန်တော်တို့နှစ်ယောက်ကို ထောင်ဝင်စာခန်းဘေးဘက် ထောင်တံတိုင်းမြေထဲက ကွက်လပ်ထဲ ပို့ထားတယ်။

ကျွန်တော်တို့နှစ်ယောက် စကားလက်ဆုံပြောလို့မကုန် ဖြစ်သွားတယ်။ နာရီဝက် တစ်နာရီနီးပါးကြာထင်ရဲ့။ ရှေးဟောင်းနှောင်းဖြစ်ရော၊ နိုင်ငံရေးရော၊ ထောင်ဒုက္ခရော။ စုံတကာ့စုံစေ့ဖြစ်သွားတာပေါ့။ သူ့စကားတွေထဲက မှတ်မိလိုက်တာတစ်ခုက...

"ကျွန်တော်သေရင် အလောင်းပေါ်ပါတီအလံအုပ်ပေးပါဗျာ။ တင်တင်ကို ဒီစကားမပြောရက်လို့ ခင်ဗျားတို့ကိုမှာတာ" တဲ့။

ရောက်တက်ရာရာ အတွေးခြေဆန့်ရာက ဝုန်းဒိုင်းဆူညံသံတွေကြားရတယ်။ အော်သံဟစ်သံတွေ ကြားရတယ်။

ကိုခင်မောင်မြင့်နဲ့ ဇာဂနာက စိမ်ခေါ်ပြီး သီချင်းဆိုပြိုင်နေကြတာ။ မင်း ဟိုသီချင်းရလား၊ ငါ ဒီသီချင်းရတယ်နဲ့ စိမ်ခေါ်ပြီး ဆိုနေကြတာ။ ဆိုရင်းဆိုရင်း ရှေးခေတ်သီချင်းတွေ ရောက်သွားတယ်။ ဒေါ်ရာသန်းအေး၊ မေရှင်၊ မအေးမိ၊ မကြည်အောင်၊ ခင်မောင်ရင်၊ မောင်တင်မောင်၊ ပြည်လှဖေ၊ ရွှေညာမောင် စတဲ့ သူတွေဆိုထားတဲ့ သီချင်းတွေရောက်သွားတယ်။ တော်ကြာတော့ နဂါးနီသီချင်းရောက်၊ ဆင်းရဲသားဝါဒသီချင်းရောက်၊ နိုင်ငံရေးသီချင်းတွေရောက်၊ နောက်ဆုံးတော့ "သူပုန်သူပုန်ထထ" သီချင်းတွေဆီ ခုန်ပေါက်ကြွေးကြော် ရောက်သွားကြတယ်။



"ဒိုင်း ... ဒိုင်း ... ဒိုင်း"

သေနတ်သံမဟုတ်။ ဇာဂနာ အခန်းခေါင်မိုးပေါ် ခဲတွေကျလာတယ်။ တဒိုင်းဒိုင်းနဲ့ပေါ့။

ဇာဂနာ မခံနိုင် မရပ်နိုင် ဖြစ်သွားတယ်။ "ဟေ့ ဘယ်သူလဲကွ၊ ဘာလဲကွ" တွေ ကုန်းအော်တော့တာပေါ့။ ခဲတွေက ကျမြဲကျတော့ ဇာဂနာ ပေါက်ကွဲရော။ ကလော်တုတ်ကရော။

"ဟေ့ ငါအနုပညာသမားကွ။ ခဲပေါက်တာမခံနိုင်ဘူး။ ပြောစရာရှိလာပြော။ ငါ့အနုပညာကို မစော်ကားနဲ့"

ကျွန်တော်တို့တိုက်ကလည်း ဝိုင်းအာကြ၊ အော်ကြတယ်။

အထူးဆောင်ထဲမှာပဲ တိုက်တစ်လုံးနဲ့ အခြေစိုက်ထားတဲ့ ထောက်လှမ်းရေးတွေက ခဲနဲ့ပေါက်ကြတာ။ ဟိုကအော်၊ ဒီကဆဲဖြစ်လာတော့ ခဲပေါက်တာတွေရပ်သွားတယ်။ ဘာမှပြန်မပြောဘူး။ တော်တန်တိတ် ဖြစ်သွားတယ်။ ဆဲသံ ဆူသံ ဟိန်းသံ ဟောက်သံတွေလည်း ပျောက်သွားတယ်။

နောက်တစ်ရက် နှစ်ရက်လောက်ကြာတော့ ထောင်ပိတ်ချိန်ရောက်တာနဲ့ သီချင်းသံတွေ ဟိုကကြား ဒီကကြားဖြစ်လာတယ်။ အဆောင်တွေဘက်ကလည်း သီချင်းသံတွေ ပြန့်လာတတ်တယ်။ ဇာဂနာဘာလုပ်လိုက်တယ်မသိ။

၁၉၇၀ကျော်လောက်ကတည်းက ဇာဂနာကို ကျွန်တော် ကြားဘူးနေခဲ့တယ်။ သူ့ပြက်လုံးတွေကလည်း ဟိုးဟိုးကျော်နေတာ မဟုတ်လား။ လွှတ်တော်အမတ်ချင်းတွေ့တော့ တစ်ယောက်ရဲ့ခေါင်းပေါင်းကို တစ်ယောက်က လက်ညှိုးထိုးပြီး "အားလုံးညာချချည်းပဲဟေ့ နိတ်ဟ" လို့ ပြောတယ်။ အဲဒီပြက်လုံးမျိုးတွေက သိပ်ရေပန်းစားတာကိုး။

ရှစ်လေးလုံးကာလအတွင်းမှာ သူ့ကိုစတွေ့ဘူးတယ်။ သူ့လှုပ်ရှားမှုတွေကိုလည်း မြင်တွေ့နေရတယ်။ သူ့ဩဇာအရှိန်အဝါကိုလည်း အံ့ဩနေရတယ်။

ဒီချုပ်ရုံးချုပ်ကို သူလာလေ့ရှိတယ်။ မင်းကိုနိုင်တို့၊ မိုးသီးဇွန်တို့၊ အောင်ဒင်တို့နဲ့ လက်ဖက်ရည်ဆိုင်ထိုင်တတ်တယ်။ ကျွန်တော်တို့ မကြာခဏစကားပြောဖြစ်ကြတယ်။

"ဟေ့ ကိုဇာ ဒီချုပ် ဝင်မလုပ် ချင်ဘူးလား။ တာဝန်ပေးချင်တယ်။ ကျုပ်တို့ စဉ်းစားနေတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်အောင်ဆန်းစုကြည်မှာ လူငယ်အားသစ်တွေနဲ့ လက်တွဲချိတ်ဖို့ စိတ်ကူးတွေရှိတယ်။ လူငယ်ခေါင်းဆောင်တွေရဲ့ ရွက်ပုန်းသီးနိုင်ငံရေးသြဇာ၊ သိက္ခာ၊ ဂုဏ်ရည်တွေကို အသိအမှတ်ပြုတယ်။ လေးစားအားထားတယ်။

ညနေတိုင်းလိုလို မင်းကိုနိုင်တို့၊ မိုးသီးဇွန်တို့ကို ဒေါ်အောင်ဆန်းစုကြည် ပုံမှန်တွေ့တယ်။ ပြောတယ်။ ညှိတယ်။ လူငယ်အားတွေအများကြီးလိုတယ်။ အဲဒီအချိန်က အဲဒီစကားကို ဒေါ်စုတစ်ယောက် သီချင်းညည်းသလို ညည်းနေမယ်ထင်တယ်။

"အဘရေ ကျွန်တော်တော့ မလုပ်နိုင်ဘူး။ တခြားလူတွေမေးကြည့်ဦး။ ကျွန်တော်က ပါတီနိုင်ငံရေး ဝါသနာမပါဘူး။"

ဟုတ်မှာပေါ့။ သူက လွတ်လွတ်လပ်လပ်နေချင်တယ်။ ပြောချင်တယ်။ သွားချင်လာချင်တယ်။ လည်ချင်ပတ်ချင်တယ်။ တွေ့ချင်ဆုံချင်တယ်။ ကျွန်တော် ကိုယ်ချင်းစာတယ်။ ကျွန်တော်လည်း သူ့လိုစိတ်မျိုး ရှိတာကိုး။

သူနဲ့ကျွန်တော် ထောင်ထဲမှာ ရေစက်ဆုံပြန်တယ်။ အထူးဆောင် ဆယ်ခန်းတွဲတိုက်မှာ တစ်ခန်းစီနေရဘူးသေးတယ်။ အထူးဆောင် တိုက်နှစ်မှာ တစ်ခန်းစီနေရဘူးသေးတယ်။ သူ့သီချင်းသံနဲ့တော့ အမြဲတမ်းအတူနေနေရသလိုလိုတောင် ခံစားရတယ်။

သူ့အဖေရော အမေရော ကျွန်တော်ရဲ့စာပေမိတ်ဆွေတွေပါ။ စကားပြောဖော်တွေပါ။ ကျွန်တော် အပြင်ပြန်ရောက်လာတော့လည်း ကျွန်တော် တစ်ပတ်တစ်ခါ ဈေးစာရင်းတိုင်နေထိုင်တဲ့ ကျောက်ကုန်းက အုန်းထွန်းအိမ်နဲ့ သူတို့ ရန်ကင်းတိုက်ခန်းက နီးတယ်။ အမြဲလို သူတို့ဆီရောက်တတ်တယ်။ စကားလက်ဆုံကျတတ်တယ်။

ကျွန်တော် ကြုံရကြားရသလောက် အဆောင်တွေဘက်မှာ သီချင်းမဆိုရ။ ဗုံမတီးရ။ သြော်… အခု ဗုံသံတွေကြားလာရပြီ။ ပလတ်စတစ်ရေချိုးခွက်ကို ဗုံလိုတီးတယ်၊ တုတ်ချောင်းကို မြေဆောင့်တယ်။ သစ်ရွက်ကို ပီပီမှုတ်တယ်။

တဖြည်းဖြည်းနဲ့ ထောင်လုံးကျွတ် သီချင်းသံလျှံလာတယ်။ ဗုံသံညံလာတယ်။ တုံးခေါက်သံတွေပါ ရောနှောအသံထွက်လာတယ်။ တုံးက ထောင်ထဲမှာ ဝန်ထမ်းတွေ ညအချက်ပေးတဲ့အခါ သုံးတဲ့ပစ္စည်း။

တစ်စတစ်စနဲ့ အတင့်ရဲလာတယ်၊ အသံတွေကျယ်လောင်လာတယ်။



နိုင်ငံရေးသီချင်းတွေကို အာဘောင်အာရင်းသန်သန်နဲ့ ဟစ်ကြတယ်။ ပုံးသံ၊ ပန်းကန်သံ၊ ဘူးသံ၊ ခွက်သံ၊ ဗုံသံ၊ ခရာသံတွေ စုံလာတယ်။

ဘာဖြစ်တယ်မသိဘူး။ ထောင်ဝန်ထမ်းတွေလည်း ငြိမ်သွားတယ်။ ထောက်လှမ်းရေးတွေလည်း ကုပ်သွားတယ်။

အထူးဆောင်မှာ ဘာတွေဆက်ဖြစ်တယ်မသိဘူး။ ကျွန်တော်လည်း တိုက်သုံးရောက်သွားတယ်။ တိုက်ရောက်တော့လည်း သီချင်းသံတွေ ဗုံသံတွေကိုညတိုင်းကြားနေရတာပဲ။ နဂါးနီလိုသီချင်းက တာအစားဆုံးပဲ။ ဇော်ဝင်းထွဋ်ဆိုတဲ့ "မေမေ့ရဲ့သားနိုင်တယ် … မေမေရယ် အန္တရာယ်တွေ ရင်ဆိုင်တွေ့တိုင်း … မေမေ့ရဲ့သွေးတွေ သားလေးထဲစီးဝင်နေ …" သီချင်းလည်း လူငယ်တွေ ညတိုင်း ဆိုကြဟစ်ကြတယ်။

ဘာပဲပြောပြော၊ ဘောပဲပြားပြားဆိုတဲ့ ဘိုးတော်ခင်ဝင်းရဲ့ဆောင်ပုဒ်ကို သတိရတယ်။ တိုက်–၃ မှာ ဒီဆောင်ပုဒ်ကို သီချင်းလုပ်ဆိုနေကြပြီ။ ကြိုးတိုက်ထဲက ရဲဘော်ဝင်းထူးစောတို့၊ ရစ်ဘီတို့ရဲ့ "တောင်ပေါ်သူကလေး၊ အိပ်စက်နေရှာမယ်" ဆိုတဲ့ ကြိုးကျကရင်တော်လှန်ရေးရဲဘော်တွေရဲ့ လွမ်းတေးအေးငြိမ့်ငြိမ့်ကိုလည်း ကြားလာရပြန်ပြီ။ ၁၉၈၉ ကျွန်တော် ထောင်ထဲရောက်စ၊ ကြိုးတိုက်မှာနေရတုန်းကတည်းက ဒီသီချင်း စွဲခဲ့ရတာ။ အခုကြားရပြန်ပြီ။ တောကြိုတောင်ကြား တော်လှန်ရေးတိုက်ပွဲတွေကြားက ကရင်ရဲဘော်တွေရဲ့ အိမ်သူလွမ်းတေးဟာ ကျွန်တော်တို့ရင်ထဲမှာ စိမ့်နေတယ်။

တိုက်တိုင်းမှာ ညတိုင်းသီချင်းဝိုင်းတွေ လုပ်တယ်။ တိုက်သုံးမှာ တေးပွဲတော် (Song Fest) တွေရှိတယ်။ မွေးနေ့တွေ၊ နိုင်ငံရေးနေ့တွေ၊ ပါတီနေ့တွေ၊ ဘာသာရေးနေ့တွေမှာ အခန်းစေ့လူစေ့ တေးဆိုကြတယ်။


ဒီတိုက်ပွဲဟာ ကျွန်တော်တို့ရဲ့ မကြေညာသောအာခံပွဲလား။ ကြေညာသော အန်တုပွဲလား။ အမှတ်တော့ မထားမိတော့ပါဘူး။ တေးသံထဲ မျောပါနေလို့ပါ။ အာခံအန်တုတေးသံတွေထဲက တစ်ချက်တစ်ချက် ပေါက်ကွဲထွက်လာတဲ့ ကျွန်တော်တို့ရဲ့ ကြုံးဝါးသံက

"အာဏာအရှင် ရာဇာပလ္လင်
သီချင်းဆိုကွယ် အတင်းဖြုံမယ်" … တဲ့။

◆

www.burmeseclassic.com

www.burmeseclassic.com



# လူ့ငရဲကို
# ပြန်လည်လောင်မြိုက်ခြင်း(၁)

www.burmeseclassic.com

www.burmeseclassic.com

- ကိုယ်စိတ်ကျိုးပဲ့ စောင်းရှဲ့ဘဝ
- လွတ်ရာကျွတ်ရာ ဝေးရာအေးရာ
- လုံချည်ဖလာ ထောင်ဝင်စာ
- အသေမစိတ်စေနဲ့



## ကိုယ်စိတ်ကျိုးပဲ့ စောင်းရှဲ့ဘဝ

ဒဂုန်တာရာ ရေးခဲ့ဘူးတဲ့စာကြောင်းရှိတယ်။ "ရင်ထဲ၌ ပြန်လည်စိမ်းစိုခြင်း"တဲ့။

ထောင်ဆိုတာ ဘာလဲ။ အကြောင်းကြောင်းကြောင့် ထောင်ထဲရောက်လာသူတွေရဲ့ဘဝတွေကို ပြုပြင်မွမ်းမံ ပြောင်းလဲပေးဖို့ဖြစ်တယ်။ အကျဉ်းဦးစီးဌာနကလည်း ဒီဦးတည်ချက်ပဲထားတယ်လို့ ဆိုတယ်။ ပြုပြင်ပြောင်းလဲရေးဌာန (Correction Center) ဆိုတဲ့စာတန်းကို နဖူးမှာချိတ်ဆွဲထားတယ်မဟုတ်လား။

ဒါက လူကြားကောင်းအောင် အော်တဲ့ ကြွေးကြော်သံ။ လက်တွေ့မှာက ထောင်ကျအကျဉ်းသားတွေရဲ့ကိုယ်စိတ်နှစ်ပါးလုံးကို နည်းမျိုးစုံ၊ ပရိယာယ်မျိုးစုံနဲ့ ဖွဲ့ချွေချိုးဖျက်ခြင်းသာ ထောင်ရဲ့အဓိကလုပ်ငန်းလိုဖြစ်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com



စိတ်တက်ကြွခြင်း၊ စိတ်ထက်သန်ခြင်း၊ စိတ်ခိုင်မာခြင်း၊ စိတ်တည်ကြည်ခြင်းကို ထောင်က အလိုမရှိဘူး။ စိတ်ညှိုးငယ်ခြင်း၊ စိတ်အားပျော့ခြင်း၊ စိတ်ဓာတ်ကျခြင်း၊ စိတ်ပျက်စီးခြင်းကိုသာ မီးထိုးပေးတယ်။

ဒါကြောင့်လည်း ထောင်ထဲမှာ စိတ်ပျက်နေသူတွေ၊ စိတ်ကုန်နေသူတွေ၊ စိတ်လျှော့နေသူတွေ၊ စိတ်ကျနေသူတွေ၊ စိတ်ပြောင်းနေသူတွေ၊ စိတ်ကြောင်နေသူတွေ၊ စိတ်လက်မြှောက်နေသူတွေ၊ စိတ်ဒူးထောက်နေသူတွေ၊ စိတ်အညံ့ခံနေသူတွေ၊ စိတ်လက်နက်ချသူနေတွေကို မမြင်ချင်အဆုံး မြင်တွေ့နေရတာဖြစ်ပါတယ်။

ဒီအဖြစ်မျိုးတွေက စာမတတ်၊ ပေမတတ်၊ ရိုးသူဖျင်းသူ နုံသူအသူအောက်တန်းလွှာ အတန်းအစားအကျဉ်းသားတွေကြားမှာသာ တွေ့နိုင်တာမဟုတ်ပါဘူး။ နိုင်ငံရေးသမားလို၊ စီးပွားရေးလုပ်ငန်းရှင်လို၊ စာတတ်ပေတတ်ပညာတတ်တွေလို အထက်လွှာအတန်းအစား အကျဉ်းသားတွေကြားမှာလည်းတွေ့နိုင်ပါတယ်။

အလားတူပဲ ရုပ်ပိုင်းဆိုင်ရာမှာလည်း ပြဿနာတွေ ကြီးကြီးမားမားကျယ်ကျယ်ပြန့်ပြန့်ရှိပါတယ်။ စိတ်ပိုင်းထက် အဆရာထောင်ပိုမိုဆိုးဝါးတယ်လို့ ပြောနိုင်ပါတယ်။ ဟုတ်တယ်လေ။ စိတ်ပိုင်းဆိုင်ရာမှာ လွတ်လပ်မှုတွေဆိတ်သုဉ်းလို့ သေနာတွေပေါ်ရသလို ရုပ်ပိုင်းမှာလည်း နေထိုင်မှု၊ စားသောက်မှု၊ ရောဂါဘယကြိုတင်ကာကွယ်မှု စတာတွေမှာ မပြည့်စုံ လျော့ပါးချို့တဲ့ဆိတ်သုဉ်းနေလို့ ခန္ဓာကိုယ်ပိုင်းဆိုင်ရာ ဒုက္ခဝေဒနာတွေ တပြုံတခေါင်းပေါ်နေပေတာပေါ့။

ဒီလိုနဲ့ ဟိုအဆောင် ဒီအဆောင်မှာ၊ ဟိုထောင်သားဒီထောင်သားမှာ၊ ဟိုရဲဘော်ဒီရဲဘော်မှာ စိတ်ဆိုင်ရာ ယိုယွင်းပျက်စီးမှုတွေ၊ ရုပ်ပိုင်းဆိုင်ရာတိမ်းချော် ချောက်ချားမှုတွေ ပေါ်ပေါက်နေတာကို မျက်ဝါးထင်ထင် တွေ့လာရပါတယ်။

ဒီကိစ္စတွေဟာ အာဏာရှင်လက်ပါးစေတွေ၊ အာဏာပိုင်တွေ၊ တာဝန်ရှိသူတွေရဲ့ လက်ချက်သက်သက် မဟုတ်ပါဘူး။ သူတို့အပေါ်ချည်း အပြစ်ပုံချနေရုံနဲ့ မပြေငြိမ်း၊ မပပျောက်နိုင်ပါဘူး။ ကိုယ်တိုင်ကလည်း ရုပ်ပိုင်း၊ စိတ် ပိုင်းဆိုင်ရာတွေမှာ ပြုပြင်သင့်တာပြုပြင်၊ ထိန်းမတ်သင့်တာထိန်းမတ်၊



ကာကွယ်သင့်တာ ကာကွယ်၊ စောင့်ရှောက်သင့်တာစောင့်ရှောက်သွားကြရမှာပါ။

အတ္တာဟိ အတ္တောနာထောပဲ။ ကိုယ့်အားကိုယ်ကိုးပဲ။ ကိုယ်ထူကိုယ်ထပဲ။ ဘုရားဟောရှိတဲ့အတိုင်း ကိုယ့်ကိုယ်ကို ပဲ့ကိုင်ထိန်းသိမ်းသွားရမှာပဲ။

ထောင်ဘဝမှာ မရှိရှိတာနဲ့စားရမှာပဲ။ မဝင်ဝင်အောင် မျိုရမှာပဲ၊ မဝဝအောင် လွေးရမှာပဲ။ ကိုယ်လက် မသွက်သွက်အောင် လှုပ်ရှားရမှာပဲ၊ ကိုယ်လက် မပေါ့ပေါ့အောင် သန့်စင်ရမှာပဲ။ နဖူးပေါ်လက်တင်ပြီး အတွေးနယ်ချဲ့နေလို့တော့ မပြီး။ ပျော်အောင် ဝအောင် အိပ်ရမှာပဲ။ စိတ်ပျံ့လွင့်တာထက်စိတ်တည်ငြိမ်တာက ပိုမိုအကျိုးရှိတယ်။ ကောင်းတယ်။ မှန်တယ်လို့ နားလည်ကြရမှာပဲ။ စိတ်တည်ငြိမ်အောင် သီချင်းဆိုတာကောင်းရင် ဆိုရမှာပဲ။ ဂဏန်းတွက်တာကောင်းရင် ဂဏန်းတွက်ရမှာပဲ။ တွေးတာကောင်းရင် တွေးရမှာပဲ။ တရားထိုင်တာကောင်းရင် တရားထိုင်ရမှာပဲ။ ပရိတ်ရွတ်တာကောင်းရင် ပရိတ်ရွတ်ရမှာပဲ။ ဘာမှမတွေး၊ ဘာမှမပြော၊ ဘာမှမရွတ်ဘဲ စိတ်ကိုဟင်းလင်းထားတာကောင်းရင် စိတ်ကိုလွှတ်ထားရမှာပဲ၊ ဟင်းလင်းထားရမှာပဲ။

အရေးကြီးဆုံးအရာက မိမိရဲ့ကိုယ်ကိုရော စိတ်ကိုပါ မိမိရဲ့ချုပ်ကိုင်မှု၊ ထိန်းသိမ်းမှု၊ ပဲ့ကိုင်မှု၊ ပြင်ပြောင်းမှုအောက်မှာ ငြိမ်ဝပ်ပိပြား အသားသေနေအောင်ထားဖို့ပဲ။

အချုပ်ကတော့ အာဏာရှင်ပေါက်စ ထောက်လှမ်းရေးတွေ၊ အာဏာပိုင်ထောင်အရာရှိတွေ ဖြစ်စေချင်သလို ကိုယ့်ကိုယ်ကို မကျိုးပဲ့စေဖို့ပဲ။ မပျက်စီးစေဖို့ပဲ။ မယိုယွင်းစေဖို့ပဲ။ ဒါ အဓိကအလုပ်ပဲ၊ ဒါ ပဓါနတာဝန်ပဲ။

ဒီသဘောကို ကျွန်တော်တို့ ကောင်းကောင်းပေါက်ပါတယ်။ ဒါကြောင့်ကျွန်တော် ရောက်လေရာမှာ အကျဉ်းသားတိုင်း လုပ်သင့်လုပ်ထိုက်တာတွေကိုပြောပြပါတယ်။ သိလို့မှတ်လို့လွယ်အောင် ဆောင်ပုဒ်ကလေးတွေ၊ စာချိုးကလေးတွေ၊ ကြွေးကြော်သံကလေးတွေ ပေးဝေပါတယ်။ ညွှန်ပြပါတယ်။ နည်းပေးပါတယ်။

၁၉၉၃လောက်က ကျွန်တော် ဖော်ထုတ်ခဲ့တဲ့ ဆောင်ပုဒ်က ဒီလိုဖြစ်ပါတယ်။

မကျိုးပဲ့ရေး တရားသုံးပါးရယ်လို့ ကျွန်တော့်ဆောင်ပုဒ်ကို ကမ္ပည်းထိုးပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



"စိတ်ဓာတ်မကျိုးပဲ့စေနဲ့။
ကျန်းမာရေး မကျိုးပဲ့စေနဲ့။
စုဖွဲ့မှု မကျိုးပဲ့စေနဲ့။"

နောက်ဆုံးစာကြောင်းကို နည်းနည်းရှင်းပြချင်ပါတယ်။ ထောင်ထဲမှာ အကျဉ်းကျနေရချိန်၊ လွတ်လပ်မှုဆုံးရှုံးနေရချိန် လူက နေလို့ထိုင်လို့မကောင်း၊ စိတ်ကထိန်းလို့မတ်လို့မရ ဖြစ်နေချိန်မှာ ဘယ်သူနဲ့မှ အဆင်တပြေမရှိတတ်တဲ့အဖြစ်မျိုး ရောက်ကြရတတ်တယ်။

ပုဂ္ဂိုလ်ချင်း အဆက်အဆံ၊ အပြောအဆို၊ အပေါင်းအသင်းပျက်ရာက အစုအဖွဲ့၊ အသင်းအပင်း၊ အဖွဲ့အစည်းပါ ပျက်တတ်ပြိုတတ်တယ်။ ဒီလိုနဲ့ သူ့လက်ညှိုးထိုး၊ ငါ့လက်ညှိုးထိုးဖြစ်တတ်တယ်။ သင်းကွဲအုပ်ကွဲဖြစ်တတ်တယ်။ ဝိုင်းပယ်ချောင်ထိုးလုပ်လာတတ်တယ်။ ထင်ရာစိုင်း လုပ်လာတတ်တယ်၊ တဗိုလ်တမင်း လုပ်လာတတ်တယ်။

ဒီလိုနဲ့ စုဖွဲ့မှုတွေ ကျိုးပဲ့ကုန်တယ်။ ညီညွတ်ရေးတွေ ပျက်သုဉ်းကုန်တယ်။

ထောင်လိုနေရာမှာ ရောက်နေခိုက် ရှိစုမဲ့စု ညီညွတ်မှုလေး ပြိုကွဲပျက်သုဉ်းတာဟာ အဆိုးဆုံးကိစ္စပေပဲပေါ့။

ကျွန်တော် ဒီနေ့ ထောင်ပြင်ရောက်လာတော့လည်း ဒီမကျိုးပဲ့ရေး တရားသုံးပါးကို လက်ကိုင်ထားမြဲထားပါတယ်။ အသက်အရွယ်ကရစ်ဆယ်တန်းရောက်လာတော့ ကျန်းမာရေးတော့ အလိုလိုကျိုးပဲ့လာတာပေါ့။ ဒါပေမဲ့ ကျန်တရားနှစ်ပါးကိုတော့ ကျွန်တော် အကျိုးပဲ့မခံပါ။ အသက်သေတဲ့အထိ ထိန်းသိမ်းသွားမှာပါ။

◆

# လွတ်ရာကျွတ်ရာ ဝေးရာအေးရာ

၁၉၅၀ ကျော်က စာရေးဆရာကြီး၊ သတင်းစာဆရာကြီး ရွှေဥဒေါင်း သံတိုင်နောက်ရောက်သွားတယ်။ အကျဉ်းထောင်အကျဉ်းခန်းထဲဝင်ခဲ့ရတယ်။

ဆရာကြီးရွှေဥဒေါင်ရဲ့စာအုပ်တွေက ဒီနေ့အထိ လူဖတ်များတုန်း၊ လူကြိုက်များတုန်း၊ ရောင်းကောင်းတုန်း ဖြစ်ပါတယ်။ ဆရာကြီးရဲ့နိုင်မာတဲ့အရေးအသား၊ ခန့်ညားတဲ့အသုံးအနှုန်း၊ ချောမွေ့တဲ့အဖွဲ့အနွဲ့တွေဟာ စာဖတ်သူတွေကို အလွန်နက်ရှိုင်းစွာ သြဇာညောင်းဆဲဖြစ်ပါတယ်။ ကျွန်တော် တက္ကသိုလ်ကျောင်းသားဘဝကတည်းက စာပေအမြင်တူတဲ့ ကိုဝင်းမောင်(မင်းယုဝေ)တို့၊ မြသန်းတင့်တို့နဲ့အတူ ဆရာကြီးရွှေဥဒေါင်းရဲ့ ရေးဟန်ဖွဲ့ဟန်ရော အကြောင်းအရာတွေကိုပါ အသည်းစွဲကြိုက်ခဲ့ကြပါတယ်။ ဆရာကြီးရဲ့ဘဝ

www.burmeseclassic.com

www.burmeseclassic.com



နေဝင်ချိန်မှာလည်း အနီးကပ်ဆည်းကပ်ရသူဖြစ်လို့ ကျွန်တော်ဟာ ဆရာကြီးကို စာပေသံယောဇဉ်သာမက ပုဂ္ဂိုလ်ရေးသံယောဇဉ်လည်း ကြီးမားခဲ့ပါတယ်။

ဆရာကြီးရွှေဥဒေါင်းရဲ့စာတွေအကြောင်း ပြန်တွေးရင်း ဆရာကြီးထောင်ကျနေစဉ်က ရေးဖွဲ့ခဲ့တဲ့စာကြောင်းကလေးကို ပြန်အောက်မေ့မိတယ်။

တစ်နေ့မှာ နေသာနေတယ်။ ဆရာကြီးအခန်းရှေ့မှာ နေခြည်ဝင်းဝင်းထိုးဆင်းဖြာကျနေတယ်။ ဆရာကြီးစိတ်ကူးကလေးတစ်ခု ပေါ်မိတယ်တဲ့။ ငါ ထောင်ကျနေတယ်။ ဘာလွတ်လပ်မှုမှမရှိတော့ပါကလား။ ငါ လွတ်လွတ်လပ်လပ် ဒီအခန်းကျဉ်းထဲက ဝင်ထွက်သွားလာလှုပ်ရှားခွင့် ဘာမှမရှိတော့ပါကလား။ ဒီလိုမျိုးဆုံးရှုံးမှုအတွက် စိတ်မကောင်းလိုက်တာ။ နှမြောလိုက်တာ။ ငါ့ကိုယ်ငါ သနားမိတယ်။ အင်းလေ ရှိစေတော့ ရှိစေတော့။ ငါ့ခန္ဓာကိုယ်ကြီးတစ်ခုလုံး မလွတ်မလပ် အနှောင်အဖွဲ့ကျနေရင်လည်းရှိစေတော့။ ငါ့ရဲ့စိတ်တွေ လွတ်လွတ်လပ်လပ် လွင့်ပျံ့လှုပ်ရှားနေနိုင်သလို ငါ့ခန္ဓာကိုယ်ကြီးရဲ့အစိတ်အပိုင်းတစ်ခုတလေလည်း လွတ်လပ်စေချင်ပါရဲ့။ လွတ်လပ်တဲ့ဝန်းကျင်လောကထဲမှာ ရှိတည်နေစေချင်ပါရဲ့။

ဆရာကြီးဟာ ဒီလိုခံစားတွေးထင်ချက်နဲ့ လွတ်လပ်ရေးလှုပ်ရှားမှုတစ်ခုကို ပြုလုပ်လိုက်ပါတယ်။ အဲဒီလှုပ်ရှားမှုကတော့ ကြမ်းပြင်ပေါ်မှာ ထိုင်ချလိုက်ပြီး သူ့ရဲ့ခြေထောက်အစုံကို သံတိုင်ကြားက အပြင်ထုတ်ထားလိုက်တာပါပဲ။

"ငါကိုယ်တိုင် မလွတ်လပ်သေးရင်လည်း ငါ့ခြေထောက်ကလေးတွေတော့ လွတ်လွတ်လပ်လပ်ရှိပါစေကွယ်"

ဒါဟာ ဆရာကြီးရွှေဥဒေါင်းရဲ့ လွတ်လပ်မှုအတွေးနဲ့ လွတ်လပ်မှုအလုပ်သဘောပဲဖြစ်ပါတယ်။ ဒီလိုအတွေး ဒီလိုအလုပ်ဟာ ဘာအဓိပ္ပာယ်ဆောင်သလဲ။ လူဟာ ဘယ်နေရာ ဘယ်ဒေသရောက်ရောက်၊ ဘယ်အခြေဘယ်အဆင့်ဆိုက်ဆိုက် ဖြစ်နိုင်တဲ့အတွက်ကိုတွေး။ ဖြစ်နိုင်တဲ့အလုပ်ကိုလုပ်။ ဒါဟာ ဆရာကြီးရဲ့အယူအဆပဲ။ သံတိုင်ပြင်ပ ခြေထောက်ထုတ်တာဟာဆရာ ကြီးရဲ့အတွေးနဲ့ ဆရာကြီးရဲ့အလုပ်သာကေပါပဲ။

ဒီလိုအတွေး ကျွန်တော်လည်း တွေးမိတယ်။ ဒီလိုအလုပ် ကျွန်တော်လည်းလုပ်ပါတယ်။ ဆရာကြီးကို လေးစားကိုးကွယ်သူတစ်ယောက်အနေနဲ့ ကိုယ်ထောင်ထဲရောက်လာတော့ ပိုပြီး ဆရာကြီးလိုတွေး ပိုပြီး ဆရာကြီးလို



လုပ်ပါတယ်။ ကျွန်တော်က လက်နှစ်ဖက်လုံးကို သံတိုင်တွေကြားကထုတ်ထားပါတယ်။ နေမသာ အလင်းမရှိတဲ့အခါမျိုးမှာတောင် လက်နှစ်ဖက်ကို သံတိုင်ကြားကထုတ်ထားပါတယ်။

ဆရာကြီးရွှေဥဒေါင်း ခြေနှစ်ချောင်း သံတိုင်ကြားကထုတ်ထားလို့ ပြဿနာပေါ်မပေါ် ကျွန်တော်မသိ။ နေ့ရောညပါ လက်နှစ်ချောင်း သံတိုင်ကြားကထုတ်ထားလို့ ကျွန်တော့်မှာတော့ ပြဿနာပေါ်တယ်။

ကျွန်တော် စစ်ခွေးတိုက်မှာ ရောက်နေတယ်။ စစ်ခွေးတိုက်က မနက်တိုင် အခန်းရှေ့ဘက် နေရောင်လင်းလင်း၊ နွေးနွေးဝင်တယ်။ ဆရာကြီးရွှေဥဒေါင်းစိတ်ကူးမျိုးနဲ့ ကျွန်တော့်လက်နှစ်ချောင်းကို သံတိုင်ကြားကနေအပြင်ထုတ်ထားတာပေါ့။ ဆန့်ဆန့်ကြီးထုတ်ထားတာ။ လက်တဆုံးထုတ်ထားတာ။ အကျႌလက်မောင်း ပခုံးလိပ်တင်ပြီး လက်လုံးတီးထုတ်ထားတာ။ စစ်ခွေးထောင်မှူးခေါ်မလား၊ ထောင်မှူးစစ်ခွေးခေါ်မလားမသိ။ ထောင်အရာရှိတစ်ယောက်ရောက်လာတယ်။ ကျွန်တော့်ကို ဟိန်းလားဟောက်လားလုပ်တယ်ဗျာ။

"လက်ကြီးက ဘာဖြစ်လို့ ထုတ်ထားတာလဲ။ ဘာဆွဲမလို့လဲ။ ဘာနှိုက်မလို့လဲ"

ကျွန်တော် ဒေါသတော်တော်ထွက်သွားတယ်။ ဒါ သူ့အလုပ်လား။ လူတစ်ကိုယ်လုံး ထောင်ချ၊ အခန်းကျဉ်းကျဉ်း။ ၂၄ နာရီ သော့ခတ်ထား။ ဒီလိုလုပ်ထားပြီးမှတော့ တော်ရောပေါ့။ လက်ထုတ်ထားတာ အပြစ်လား။ သူ ပြောစရာလား။ ကျွန်တော် ဆတ်ဆတ်တုန်သွားတယ်။

"ဟေ့ကောင်။ ငါ ဘာလုပ်ချင်တယ်ဆိုတာ သိချင်လား။ မင်း ဒီအနားလာခဲ့။ မင်းလည်ပင်းကို ညှစ်မယ်ဟေ့။ လိမ်မယ်ဟေ့။ ချိုးမယ်ဟေ့။ မင်းခေါင်းကို ဖြုတ်ပစ်မယ်ဟေ့။ လာရဲရင် လာခဲ့ကွာ။ လာခဲ့ကွာ။ လာစမ်းကွာ။ ဟင်း ဟင်း ..."

အာပြလျှာပြနဲ့ အာဏာပြချင်တဲ့ ငနဲသားလည်း သုတ်သုတ်ပါအောင်ပြေးရော။ ကျွန်တော်လည်း စိတ်ဆိုးဆိုးနဲ့သာ အော်လိုက်ရတယ်။ နောက်မှတဖြည်းဖြည်း တွေးကြောက်မိတယ်။ တော်ကြာ ကျွန်တော့်ကို ရူးနေပါတယ်ဆိုပြီး တံတားကလေး(အရူးထောင်)ပို့ပစ်ရင် ခံရဦးမှာ။ သက်သာမှာမဟုတ်ဘူး။ နာမည်ကလည်း ပျက်ဦးမယ်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးရွှေဥဒေါင်းတို့၊ ကျွန်တော်တို့က ခြေအစုံ၊ လက်အစုံကို နေပူစာလှုံရုံ သံတိုင်ကြားက ထုတ်ထားတာလောက် လုပ်ကြတာပါ။ ကျွန်တော်တို့ တတ်နိုင်တာ အဲဒီလောက်ပါပဲ။ စွမ်းတဲ့လူတွေ။ ထောင်ဖောက်၊ ထောင်ကျော်၊ ထောင်ပြေး၊ ထောင်ဟီးရိုးတွေကတော့ သူတို့တစ်ကိုယ်လုံး၊ အတ္တဘောတစ်ခုလုံးကို နေရောင်ထဲ လရောင်ထဲ လောကဓာတ်မြင်ကျယ်ကြီးတစ်ခုလုံးထဲ ထုတ် နိုင်ကြတယ်။ ထွက်နိုင်ကြတယ်။ အေးဗျာ။ သူတို့ကိုယ်သူတို့ လွှတ်နိုင်ကြတယ်လို့ ပြောချင်ပြောပေါ့။

နာမည်ကျော် ထောင်ဖောက်ဟီးရိုးတစ်ယောက်က မြင့်အောင်တဲ့။ ဟုတ်တယ်။ မြင့်အောင်တဲ့။ ကျွန်တော် အမှတ်မမှားဘူးဆိုရင်ပေါ့လေ။ မြင့်အောင်က ကျောင်းသားလူငယ် အစုအဖွဲ့ဝင်တဲ့။ ၅(ည)နဲ့ထောင်ထဲရောက်နေသူတဲ့။

၁၉၈၉နောက်ပိုင်းကာလ ထစ်နေ့မှာ မြင့်အောင် ထောင်ကခပ်တည်တည် ထွက်သွားတယ်။ ဝန်ထမ်းတစ်ဦးရဲ့ အကူအညီနဲ့ ထောင်ဘူးကို ဖြတ်သန်းသွားတယ်။ အင်းစိန်လမ်းပေါ်မှာရှိတဲ့ တာရဲလိတ်ကို ဖြတ်သန်းတယ်။ ထောက်လှမ်းရေးဟန်ပန် လေလံဂိုက်ဆိုက်အပြည့်နဲ့ ဟန်ကျပန်ကျ ဖြတ်သန်းတယ်။ လွတ်ပြီ။ လွတ်ပြီ။ မြင့်အောင်တဲ့ကွဟ္ မှတ်ထား။

မြင့်အောင်က စစ်ထောက်လှမ်းရေးကို နားရွက်တံတွေးဆွတ်သွားတာ မဟုတ်ဘူး။ နဘန်ကျင်း နရင်းအုပ်သွားတာ။ မှတ်လရော။ စစ်ထောက်လှမ်းရေး မျက်ခုံးပေါ် စကြိုလျှောက်ပြသွားတာ မဟုတ်ဘူး။ ခြေဖဝါးအောက်က သဲတွေခဲတွေ ဖုန်တွေဖုတ်တွေ မျက်စိထဲပက်သွားတာ။ မှတ်ကရော။

အဲဒီနေ့က မနက် ၁၀ နာရီလောက် မြင့်အောင်တစ်ယောက် ရှိုးနဲ့မိုးနဲ့ လည်ကတုံးအင်္ကျီနဲ့ တိုက်ပုံနဲ့။ မန္တလေးကတ္တီပါဖိနပ်နဲ့ စမတ်ကျကျထွက်လာတယ်။

မြင့်အောင် ထောင်ဘူးဝစဖြတ်ပုံက ဒီလို။

အဲဒီကာလပိုင်းတွေက ထောင်ဝန်ထမ်းတွေ အလုပ်ဝန်ပိပြီး လျှာထွက်နေချိန်။ နိုင်ငံရေးအကျဉ်းသားတွေကလည်း များပါဘိချင်း။ ထောက်လှမ်းရေး စစ်ကြောရေးသမားတွေကလည်း များပါဘိချင်း။ တစ်နေ့လုံး ဝင်လိုက်ထွက်လိုက်နဲ့။ ထောက်လှမ်းရေးကို ထောက်လှမ်းရေးမှန်းမသိ။ သူခိုးကို သမက်ထင်နေမိတဲ့အချိန်။ အပြင်အစိုးရဌာနစုံက အရာရှိတွေကလည်း ဝင်ဟယ်ထွက်ဟယ်။ ဘာတွေလုပ်ကြမှန်းမသိ။ အခုခေတ်လို အမှတ်အသား ကတ်ပြားတွေ ရင်မှာဆွဲတဲ့ အစီအမံကလည်းမရှိသေး။ အကျဉ်းသားတွေ ရုံးထုတ်ရုံးပြန် အလုပ်ကလည်း ဂျင်ဂျင်လည်အောင်ရှုပ်နေ။



မြင့်အောင်က ဝန်ထမ်းကောင်းတစ်ယောက်နဲ့ ချိတ်မိတယ်။ (ထောင်ဘက်ကကြည့်ရင်တော့ ဝန်ထမ်းဆိုးပေါ့လေ။) အဲဒီဝန်ထမ်းနာမည် ကျွန်တော် မမှတ်မိတော့ဘူး။ သူက ကျွန်တော် ထောင်ထဲစဝင်တုန်းက ဘူးကနေ အချုပ်ရုံးကို လိုက်ပို့တဲ့ဝန်ထမ်း။ သူတစ်ယောက်တည်း လိုက်ပို့တာ။ စကားကလည်း သွက်၊ အပြောအဆိုကလည်းရဲတင်း။ အကျိန်အဆဲကလည်းသန်။ ဟေးလားဝါးလား ပါးစပ်။ ဖရုသဝါစာပါးစပ်။ အဲဒီနေ့က ကျွန်တော့်ရှေ့မှာတင် မကြားဝံ့ မနာသာတွေပြော၊ ကျိန်တာဆဲတာတွေလုပ်၊ ဟေးလားဝါးလားတွေအော်နေခဲ့တာ။ ကျွန်တော် မမေ့ဘူး။ ဒီစာစုတစ်နေရာမှာ ရေးပြထားပါတယ်။ အဲဒီဝန်ထမ်းက ဖဲသမား၊ အဲဒီရက်မှာ ဖဲကြွေးတွေထူနေသတဲ့။ မြင့်အောင်က ကူဆပ်ပေးမယ် ပြောထားထင်ပါရဲ့။ သူက မြင့်အောင်ကို စပြီးကူတယ်။

ဝန်ထမ်းက မြင့်အောင်ကို ပခုံးဖက်ပြီး ထောင်ဘူးဝခေါ်သွားတယ်။

"ဟေ့ ဟေ့ မြင့်အောင်နဲ့ သူ့ယောက်ဖလို့မှတ်လိုက်"

စာရင်းမှတ်တဲ့ထောင်မှူးကိုပြောတယ်။ ဝန်ထမ်းကနေ ထောင်မှူးရာထူးတိုးပေးနေတဲ့အချိန်ဆိုတော့ သူနဲ့ထောင်မှူးက ဝန်ထမ်းအဆင့်အတူလုပ်ခဲ့သူတွေဖြစ်မယ်။ သောက်ဖော်စားဖက်တွေဖြစ်မယ်။ ထောင်မှူးကလည်း မြင့်အောင်ကို ထောက်လှမ်းရေးလို့ထင်သွားပုံရတယ်။ မြင့်အောင် ဝတ်စားထားတာကလည်း ဂိုက်နဲ့ဆိုက်နဲ့ကိုး။

ဒီလိုနဲ့ ဝန်ထမ်းတွေ ထောက်လှမ်းရေးတွေက ဥဒဟိုဝင်ထွက်နေကြတာ။ ဘူးဝရှေ့မှာ လက်ဖက်ရည်ဆိုင်တွေ တန်းစီနေတာ။ ထောက်လှမ်းရေးတွေ၊ ဝန်ထမ်းတွေက လက်ဖက်ရည်ဆိုင်ကို ချောင်းပေါက်အောင်သွားနေကြတာ။

ဟား ဟား ဟား ဟား ဖဲသမားဝန်ထမ်းက ရယ်တယ်။ ဟီး ဟီး ဟီးမြင့်အောင်ကလဲရယ်တယ်။ ဟဲ ဟဲ ဟဲ ဟဲ ထောင်မှူးကလည်းရယ်တယ်။

မြင့်အောင် ထောင်ဘူးဝမလွယ်ပေါက်က ထွက်သွားတယ်။ အပြင်ရောက်တော့ ဂျီသရီးကိုင် အစောင့်တပ်သားဘေးမှာရပ်တယ်။ ဘေးဘီကိုလှည့်

www.burmeseclassic.com

www.burmeseclassic.com



ကြည့်တယ်။ အကဲခတ်တယ်။ လူတွေထဲတိုးဝင်ဖို့ ချီတုံချတုံဖြစ်နေတယ်။ လက်ဖက်ရည်ဆိုင်တွေထဲမှာက လူတွေလူတွေအများကြီး။ ငါ့ကိုသိတဲ့လူနဲ့များ တိုးနေလေမလား။ ဟယ် မတတ်နိုင်ပါဘူး။ ဒီအနားအကြာကြီးရပ်နေလို့ မဖြစ်ဘူး။ အသိနဲ့တိုးကာမှတိုးရော။ သွားမှ။ ဒီအတွေးနဲ့ မြင့်အောင် လက်ဖက်ရည်ဆိုင်တွေဘက် လျှောက်သွားတယ်။ အတော်ကြာမှ အင်းစိန်လမ်းမကြီးဘက်က တာရဲဂိတ်ဆိုတဲ့ ထောင်ဝင်းဂိတ်ကြီးရှိတဲ့နေရာကို ထွက်သွားတယ်။ အဲဒီမှာလည်း ထောက်လှမ်းရေးဂိုက်ဆိုက် ဟန်ပန်နဲ့။ ကျိမ်းဘွန်းစတိုင် ထုတ်သေးတယ်။ ပြီးမှ အင်းစိန်လမ်းမကြီးပေါ် "ဒိုး"သွားတယ်။

မြင့်အောင် ဇာတ်လမ်းထက်ပိုပြီး သည်းထိတ်ရင်ဖိုဖြစ်စရာကောင်းတာက ကျွဲကြီးနဲ့ သူ့အဖော်ရဲ့စွန့်စားခန်း။

၁၉၉၅ မိုးဖြိုင်ဖြိုင်ကျနေတဲ့ အချိန်မှာ ကျွဲကြီးတို့ စစ်ခွေးပြစ်ဒဏ်တိုက် ရောက်နေကြတယ်။ သူတို့က ရိုးရိုးအကျဉ်းသား နှစ်ကြီးသမားတွေ။ အဆောင်မှာ ပြစ်ဒဏ်လုပ်ကြပြန်လို့ စစ်ခွေးတိုက်ကိုပို့ထားတာ။ စစ်ခွေးတိုက်မှာ သူတို့ အတော်အနေကြာသွားပြီ။ ဝန်ထမ်းတွေ၊ စစ်ခွေးတွေနဲ့အတော်'လုံး'နေပြီ။

ရေချိုးချိန်မှာ သူတို့ကို လမ်းလျှောက်ခွင့်ပေးထားတယ်။ ကျွဲကြီးတို့ "လှုပ်ရှား"ကြတာပေါ့။ စစ်ခွေးတိုက်ဝင်းကို သူတို့ပတ်ကြည့်တယ်။ ဝန်ထမ်းအိပ်ဆောင်က စစ်ခွေးတိုက်နဲ့ ခြေလှမ်း ၁၅၀–၂၀၀လောက်ဝေးတယ်။ လမ်းတစ်ဆစ်ချိုးတယ်။ စစ်ခွေးတိုက်ဘက်ကို လှမ်းမမြင်ရဘူး။

စစ်ခွေးတိုက်ရဲ့နောက်ဘက်မှာ ဝက်ဘုတ်ခြံရှိတယ်။ ဝက်ရုံတွေရှိတယ်။ အုတ်တံတိုင်းခြားထားတယ်။ အုတ်တံတိုင်းက ရှစ်ပေလောက်ပဲမြင့်တယ်။ ဝက်ခြံဘက်က အုတ်တံတိုင်းဘေးမှာ သစ်ခွဲသားချောင်းတွေ စီပုံထားတယ်။ ဝန်ထမ်းအိပ်ဆောင်နဲ့ တည့်တည့်လောက်မှာ စစ်ခွေးရုံရှိတယ်။ စစ်ခွေးတွေက တစ်နေ့လုံးအိပ်တယ်။ ညတိုင်ကျတော့ စစ်ခွေးကင်းလှည့်ဂျူတီဝင်ရတယ်။ ဝန်ထမ်းတွေလည်းပါတယ်ပေါ့။

စစ်ခွေးတိုက်ရှေ့ဘက် ခြေလှမ်းအစိတ်လောက်အကွာမှာ ထောင်မကြီးအုတ်တံတိုင်းရှိတယ်။ ၂၅ ပေ မြင့်တယ်။ အုတ်တံတိုင်းပေါ်မှာ အုတ်တွေအပေါက်ဖော်စီထပ်ထားတယ်။ စစ်ခွေးတိုက်ရဲ့ဝဲဘက်၊ ခြေလှမ်း ၅၀ လောက် အုတ်တံတိုင်းကြီးပေါ်မှာ ဘူးတစ်ခုရှိတယ်။ သေနတ်ကိုင်ဝန်ထမ်းတွေ ၂၄နာရီ



အချိန်ပြည့်စောင့်တယ်။ ဘူးအမှတ်–၄ လို့ ကျွန်တော် မှတ်မိတယ်။ စစ်ခွေးတိုက်ရဲ့ ညာဘက်ခြေလှမ်း ၂၀၀လောက် အုတ်တံတိုင်းကြီးပေါ်မှာ ဘူးအမှတ်–၅ ရှိတယ်။ အမှတ်–၄ လိုပဲ သေနတ်ကိုင်ဝန်ထမ်းတွေ အချိန်ပြည့်ရှိတယ်။

ရေချိုးစဥ္စအိုးချထားတဲ့ စစ်ခွေးတိုက်ရှေ့ဘက်နေရာနဲ့ အုတ်တံတိုင်းကြီးအကြားမှာ သရက်ပင်တွေရှိတယ်။ အုတ်တံတိုင်းနဲ့ ခြေလှမ်း ၁၀လှမ်းလောက်အကွာမှာ စိုက်ထားတာ။ သရက်ပင်တွေက ပင်ပျိုတွေ၊ ပင်လုံး သုံးထွာ ဆိုင်လေးထွာဆိုက်လောက်ရှိနေပြီ။ အမြင့်ပေနှစ်ဆယ် အစိတ်ရှိနေပြီ။ စစ်ခွေးတိုက်တစ်ဝင်းလုံးမှာ သရက်ပင်တွေ ကိုင်းချင်းယှက်စိုက်ထားတယ်။ အသီးကလည်း ပြွတ်သိပ်နေအောင်သီးတာ။ ညွန့်ချုပ် ညွန့်မှူး ထောင်ပိုင်တွေဆီ ခြင်းကြီးခြင်းငယ်နဲ့ပို့ရတယ်။ ထောင်မှူးနဲ့ ဝန်ထမ်းတွေကပို့တာ။ သာမန်အကျဉ်းသားတွေဆီကိုလည်း ခြင်းကြီးခြင်းငယ်နဲ့ပို့ရတယ်။ ထောင်မှူးနဲ့ ဝန်ထမ်းတွေက ရောင်းတာ။ ဒီတော့ သရက်ပင်တွေရှင်ပါစေ။ သန်ပါစေ။ ပွင့်ပါစေ။ သီးပါစေ။

ကျွဲကြီးတို့ကလည်း ဒီအတိုင်းဆုတောင်းကြတယ်။

စစ်ခွေးပြစ်ဒဏ်တိုက်မှာ အခန်း–၁၀ခန်း ရှိတယ်။ အခန်းတွေရှေ့မှာ ရှစ်ပေလောက်ကျယ်တဲ့ စင်္ကြံရှိတယ်။ အခန်းရော စင်္ကြံရောကို ရှစ်ပေမြင့် အုတ်တံတိုင်းပတ်ကာထားတယ်။ နေ့ကင်းဝန်ထမ်းက စစ်ခွေးတိုက်မှာမနေဘူး။ ဝန်ထမ်းအိပ်ဆောင်မှာပဲ သွားအိပ်နေတယ်။ ညဝန်ထမ်းကတော့ စင်္ကြံမှာ ခုတင်ခင်းအိပ်တယ်။ အိပ်ရင်း ကင်းစောင့်တယ်ပေါ့။ မောင်မင်းကြီးသား ဝန်ထမ်း စားဝင်ပါစေ၊ အိပ်ပျော်ပါစေ၊ ကုလားသေကုလားမော အိပ်ပျော်ပါစေလို့ ကျွဲကြီးတို့က ဆုတောင်းကြတယ်။ ဆုတောင်းစရာတောင်မလိုပါဘူး။ ညဝန်ထမ်းတွေက ပျော်ပျော်ကြီးအိပ်မြဲပါ။

ထောင်ဖောက်ပြေးမယ့်ညမှာ မိုးတွေတဖြုန်းဖြုန်းရွာနေတယ်။ ဝန်ထမ်းကလည်း သိုးနေအောင်အိပ်နေတယ်။

ကျွဲကြီးတို့နှစ်ယောက်က အောက်ခြေဆွေးနေတဲ့ အကျဉ်းခန်းသံတိုင်တွေကို လုံးချည်ပတ်တယ်။ သစ်သားချောင်းနဲ့ကလန့်တယ်။ လှည့်တယ်။ ဆယ်လေးငါးပတ်လှည့်တော့ သံတိုင်အောက်ခြေပြုတ်တယ်။ သံတိုင်ပေါက်တွေကျယ်သွားတယ်။ လူဝင်ထွက်လို့ရသွားတယ်။ နှစ်ယောက်သား အခန်းပြင်

www.burmeseclassic.com

www.burmeseclassic.com



ရောက်တယ်။ အိပ်နေတဲ့ဝန်ထမ်းဘောက ဖြတ်သွားတယ်။ တစ်ပေါက်တည်းရှိတဲ့ ရှေ့အုတ်တံတိုင်းအပေါက်ကထွက်တယ်။ ဝက်ခြံဘက်ကိုသွားတယ်။ သစ်ခွဲသားပုံထဲက လေးနှစ်လောက် သစ်သားချောင်းနှစ်ချောင်းကို ဆွဲထုတ်တယ်။ သစ်သားချောင်းတွေကို သရက်ပင်ခွနဲ့ ထောင်နံရံအုတ်တံတိုင်းကြီးထိပ်လှမ်းထောက်တယ်။ သစ်သားပေါင်းကူးတံတားဖြစ်သွားတယ်။

သူတို့မှာ လုံချည်တွေပါတယ်။ စောင်ဖြတ်စကြိုးတွေပါတယ်။ ပေါင်းကူး တံတားပေါ် သူတို့တွားတတ်ကြတယ်။ အင်း ညွတ်ပဲ့နဲ့ သစ်သားချောင်းလှုပ်နေတယ်။ သတိနဲ့ဖြည်းဖြည်းချင်း တက်သွားတယ်။ တံတိုင်းထိပ်ရောက်သွားတယ်။ အဲဒီမှာ စီထပ်ထားတဲ့ အုတ်ခဲတွေကို လုံချည်ကွင်းထဲထည့်တယ်။ ပေါင်းကူးသစ်ချောင်းထိပ်မှာ တွဲလွဲချိတ်ထားလိုက်တယ်။ တံတိုင်းကြီးထိပ်မှာ ခလုတ်လိုဆင်ထားတဲ့ အုတ်တွေမရှိတော့ဘူး။ လမ်းရှင်းပြီ။ အုတ်လုံချည်ကွင်းချိတ်ဆွဲထားလိုက်လို့ ပေါင်းကူးလည်း တောင့်တင်းတည်ငြိမ်သွားတယ်။ စောင်စကြိုးတွေကို ပေါင်းကူးသစ်ချောင်းထိပ်မှာ အခိုင်ချည်လိုက်တယ်။ တစ်ယောက်ပြီးတစ်ယောက် ကြိုးခိုပြီး ထောင်ပြင်ဘက်ဆင်းသွားကြတယ်။

သွားပြီဟေ့။ လူ့ငရဲထောင်ကြီး၊ အင်းစိန်ထောင်ကြီး။ မြေခွေးတိုက်ကြီး။ ဘယ်တော့မှ ပြန်မလာတော့ဘူး။

ထောင်တံတိုင်းကြီးထိပ်မှာ ဆောက်ထားတဲ့ ဘူး-၄ ကဝါဒါတွေကလည်း စစ်ခွေးတိုက်ထဲက ဝါဒါတွေနဲ့ အပြိုင်အိပ်လို့ပျော်ဆဲ။ ဟောက်လို့ကောင်းဆဲ။ ခွေးဆောင်ထဲက စစ်ခွေးတွေကလည်း မိုးအေးအေးနဲ့ အိပ်လို့ကောင်းဆဲ။ ဟောက်လို့ကောင်းဆဲ။

မြင့်အောင်တို့ ကျွဲကြီးတို့လွတ်ပြီ။ ကျွတ်ပြီ။ လွတ်ကျွတ် သုဂတိရောက်ပြီ။ ကမ္ဘာကျော် အင်းစိန်ထောင်ကြီးပိုင်ရှင် စစ်အာဏာရှင်တွေ၊ စစ်ထောက်လှမ်းရေးတွေ၊ ထောင်မှူး ထောင်ပိုင်တွေ မျက်နှာပျက်ရပြီ။ သောက်ရှက်ကွဲရပြီ။ ကောင်းလေစွ၊ ကောင်းလေစွ။

ထောင်ဖောက်မှု၊ ထောင်ကျော်မှုအသေးအဖွဲတွေ အများကြီးရှိတယ်။ လူမသိ သူမသိနဲ့ ပြီးသွားတယ်။ နာမည်မကျော်ဘူး။

တွဲဘက်ထောင်ဘက်မှာ အကျဉ်းသားတစ်ယောက်အုတ်တံတိုင်းပေါ်တက်ပြီး ခုန်ချထွက်ပြေးသွားသတဲ့။ ခြေကျိုးနေလို့ ဝေးဝေးမပြေးနိုင်။ ပြန်မိ



သွားသတဲ့။ မြင့်အောင်တို့ ကျွဲကြီးတို့လို အတင့်ရဲရဲ သတ္တိခဲ ဟီးရိုးပုံစံနဲ့ ထောင်က ပြေးတာမျိုးမဟုတ်ဘူး။

မြင့်အောင်ကို ပြန်မိတယ်လို့ သတင်းမကြားမိဘူး။ ကျွဲကြီးတို့ကိုတော့ သုံးလေးလအကြာ နဝဒေးရုပ်ရှင်ရုံမှာ ရုပ်ရှင်ကြည့်နေတုန်း ပြန်ဖမ်းမိတယ်လို့ ကြားတာပဲ။

ကျွဲကြီးနဲ့ကျွန်တော် ယုဝတီဆောင်ပြစ်ဒဏ်တိုက်မှာ ဆုံကြသေးတယ်။ အခန်းနီးချင်းဖြစ်နေလို့ အော်နှုတ်ဆက်ခဲ့တယ်။ သူကရုံးထွက်၊ ကျွန်တော်က ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရလို့ လူချင်းပြန်မတွေ့တော့ဘူး။

ဇာတ်လမ်းစုံ မသိလိုက်ရဘူးပေါ့။ စောင့်ကြည့်ပါ။ ဒါတွေက တစ်နေ့တော့ ဘူးပေါ်သလို ပေါ်လာမှာပါ။

◆

www.burmeseclassic.com

www.burmeseclassic.com

## လုံချည်ဖလာ ထောင်ဝင်စာ

ထောင်ထဲမှာနေရတာ အချုပ်အချယ်တယ်လည်းခံရသကိုး။ လွတ်လွတ်လပ်လပ်ရယ်လို့ တစ်ကွက်ကလေးမရှိ။

ဟိုဟာမလုပ်ရ။ ဒီဟာမလုပ်ရ။ စကားမပြောရ။ သီချင်းမဆိုရ။ ရှာတာဖွေတာ၊ တလာစီတာကလည်း ဒလစပ်ခံနေရ။ ရှာပြီဟော့ဆိုရင် မသက်သာဘူးသာမှတ်ပေရော့။ ငှက်ပျောသီးတောင် ဖျစ်ညှစ်ရှာဖွေတာ။ ဟင်းခွက်မှောက်ကြည့်။ ခေါက်ဆွဲခြောက်ထုပ် ဖြဲကြည့်။ စောင်ခါ၊ အိပ်ရာလှန်၊ သောက်ရေအိုးသွန်၊ စာမြိန်စာထုပ်ဖြည်ဆိုသလို ဘီးစိပ်တိုက် ပိုက်စိပ်ဆွဲသလိုလုပ်ကြတာ။

အဲဒီလိုလုပ်တာတွေဟာ တစ်ခါတလေတော့ အရှာခံရသူတွေအဖို့ ဒေါသဖြစ်စရာပေါ့။ ထောင်ဝန်ထမ်းတွေလုပ်ပုံက အမြဲတမ်းလိုလို လွန်လွန်း



နေတော့ ဒေါသမဖြစ်ဘဲ နေနိုင်စရာအကြောင်းမရှိတော့ဘူးပေါ့။ တစ်ပတ်တစ်ခါနှစ်ခါဆိုသလို တလာစီပြီးသွားပြီဆိုရင် အကျဉ်းသားတွေ နေရထိုင်ရအိပ်ရတဲ့ ဆယ်ပေပတ်လည်ခန်းတွေဟာ ပြောင်းဆန်သွားတော့တာ။ ပြောင်တလင်းခါသွားတော့တာ။

ကြားဘူးကြမှာပေါ့။ ဆရာကြီးသခင်ကိုယ်တော်မှိုင်း ပြောလေ့ပြောထရှိတဲ့စကား။ ဆရာကြီးက လွန်ခဲ့တဲ့နှစ်ပေါင်း လေးငါးခြောက်ဆယ်ကာလတုန်းက ပြည်တွင်းစစ်ကြောင့် တိုင်းပြည်တစ်ခုလုံး ကသောင်းကနင်း ပျက်ခြင်းမလှပျက်နေရပုံကို သူ့လက်သုံးစကားလုံးတစ်ခုနဲ့ နှိုင်းခိုင်းပြောလေ့ရှိတယ်။ ဆရာကြီးရဲ့စကားက "ဝေသာလီပြည် ဘီလူးဝင်သလိုပါပဲကွာ။ ဒို့ပြည်တရိုးတော့ ဖောက်ထိုးမိုးမျှော်ဖြစ်ကုန်ပါပေါ့လား"တဲ့။

ဟုတ်ပါရဲ့။ ကျွန်တော်တို့ရဲ့ ထောင်တွင်းနေမှုထိုင်မှုကလေးတွေကလည်း တလာစီပြီးတိုင်း ဘီလူးဝင်သလို တစ်စစီ တစ်စစီပြိုပျက်ကုန်ရတာပါပဲလေ။

ကျွန်တော်တို့စိတ်ပျက်ပေမဲ့ ဘဝပျက်မခံပါဘူး။ ဘီလူးဝင်တဲ့ မြို့ပျက်ထဲမှာ ကျွန်တော်တို့ အိမ်သစ်ပြန်ဆောက်ပါတယ်။ လမ်းသစ်ပြန်ဖောက်ပါတယ်။ ကျွန်တော်တို့ရဲ့ နေမှုဘဝပုံစံလေးကို ပုံမှန်ပြန်ရောက်အောင် လုပ်ကြပါတယ်။ ကျွန်တော်တို့ ရင်ထဲမှာ မြေအုတ်များ ပြိုလေရာ ကျောက်အုတ်များဖြင့် ပြန်လည်တည်ဆောက်မည်ဆိုတဲ့ စိတ်ဓာတ်မျိုး တလူလူပြူထွက် ခေါင်းထောင်လာမြဲ ဖြစ်ပါတယ်။

ကျွန်တော်တို့ရဲ့ "ကျောက်အုတ်" နည်းလမ်းတွေထဲမှာ အသိမ်းခံ၊ ပစ္စည်းမှန်သမျှ ပြန်ရအောင်လုပ်တဲ့နည်းပါပါတယ်။ ရှာဖွေဝန်ထမ်းဆီပါသွားတဲ့ လက်သည်းညှပ်ကို ကိုယ့်တိုက်ဝန်ထမ်းက ဝန်ထမ်းချင်း ဝန်ထမ်းစကားပြောပြီး ပြန်တောင်းတာပါ။ နောက်တစ်နည်းက မရှိသေးတဲ့ အသုံးဝင်ပစ္စည်းတွေကို ဖန်တီးသုံးစွဲတာပါ။ ဥပမာ ဒီတစ်ခါ တလာစီမှာ လက်သည်းညှပ်ပါသွားရင် လက်သည်းညှပ်အစားထိုးပြန်ရအောင် လုပ်ရုံမက လက်သည်းညှပ်ထက် ပိုအသုံးဝင်တဲ့ ရေနွေးကျို လျှပ်စစ်ဂေါက်ရအောင် လုပ်တာမျိုးပေါ့။

တိုက်–၃ မှာတို့၊ ထောင်ဆေးရုံမှာတို့၊ ရန်ကုန်ဆေးရုံကြီး ဂတ်ဝပ်မှာတို့ ကျွန်တော် ရောက်လေရာမှာ ရေနွေးအိုးကျိုလို့ရတယ်။ စတီးဇွန်းကို အပြားထု

www.burmeseclassic.com

www.burmeseclassic.com



တယ်။ နှစ်ခုထပ်တယ်။ အလယ်မှာ ဝါးပြား၊ သစ်သားကြားခုတယ်။ ဝါယာကြိုးဆက်တယ်။ လျှပ်စစ်မီးကြိုးနဲ့ ချိတ်လိုက်။ ဟော … ရေနွေးကျိုလို့ရပြီ။ ဒီလိုနဲ့ ဘိုးတော်ခင်ဝင်းကို ကျွန်တော် ရေနွေးကျိုပေးခဲ့တယ်။ ဗိုလ်ကိုကျော်မင်းကို ရေနွေးကျိုပေးခဲ့တယ်။ လက်ဝှေ့ကျော် ကိုတင်ထွန်းတို့၊ ဦးအေးသာအောင်တို့၊ ဦးထွေးမြင့်တို့ကို ရေနွေးကျိုပေးခဲ့တယ်။

ရှာဖွေရေးက ဘောပင် မင်ပိုက်ဖြတ်စလေးတို့၊ ခဲတံခဲချောင်းတိုတိလေးတို့ကို တစ်ခုမကျန်သိမ်းတယ်။ သိမ်းကွာ။ သိမ်းသိမ်း အကုန်သိမ်း။ ငကန်းသေ ငစွေပေါ်လိမ့်မယ်။

အုတ်နီခဲစတို့၊ သောက်ရေအိုးဖုံးကွဲစတို့ကို တစ်နေကုန် တစ်နေခမ်း နေ့စဉ်ရက်ဆက် ကျွန်တော် သွေးတယ်။ အင်္ဂတေကြမ်းပေါ်မှာ သွေးတယ်။ သနပ်ခါးသွေးသလို သွေးတာပါ။ တစ်နေ့ကို အချက်ပေါင်းထောင်သောင်းချီ သွေးရတယ်။ ရလာတဲ့ မြေနီနှစ်ကို ရေထဲဖျော်။ အနှစ်ကြမ်းဖယ်၊ အနှစ်နုချ၊ ပြီးတော့ နေပူလှမ်း။ မြေနီချောင်းတွေရပြီ။ နံရံဖြူဖြူပေါ်မှာရေးစမ်း။ တစ်လရေးမလား၊ တစ်နှစ်ရေးမလား။ ကုန်ရင်ထပ်သွေးမယ်။ အချက်တစ်သိန်းသွေး။ တစ်လတော့ ရေးနိုင်မှာပေါ့။

နောက်တစ်နည်းကတော့ တလာစီရာမှာ သမင်မွေးရင်း ကျားစားရင်းဖြစ်သွားရတဲ့ ပစ္စည်းလေးတွေကို အပြင်ကနေ ဖြစ်တဲ့နည်းနဲ့အစားထိုး၊ မှောင်ခိုသွင်းယူတာပဲဖြစ်ပါတယ်။ တစ်ခါတလေတော့လည်း အစားထိုးပစ္စည်းသာမကဘဲ နဂိုကမရှိတဲ့ ပစ္စည်းသစ်တွေပါသွင်းယူတာဖြစ်ပါတယ်။ ဒီလိုနဲ့ ကျွန်တော်တို့ ရေဒီယိုလိုပစ္စည်းတွေ ပိုင်ဆိုင်လာတယ်။

ဒီလိုနည်းတွေနဲ့ ရှာဖွေရေးတွေ၊ တလာစီတွေကို ကျွန်တော်တို့ကျော်လွှားခဲ့ပါတယ်။ အနိုင်ယူခဲ့ပါတယ်။ ထော်လော်ကန့်လန့်နည်း၊ အရွဲ့တိုက်နည်း၊ ကလန်ကဆန်နည်းတွေနဲ့ ရှာဖွေရေးတွေ၊ တလာစီတွေကို အာခံအန်တုနိုင်ခဲ့တဲ့ ဖြစ်ရပ်တွေလည်းရှိခဲ့ပါတယ်။ အိမ်မဲမြို့နယ်ပြည်သူ့ကိုယ်စားလှယ် ဒီချုပ်ဗဟိုကော်မတီဝင် ဦးတင်ထွဋ်ရဲ့ ရှာဖွေရေးအပေါ် အောင်ပွဲခံခဲ့ပုံလေးကို နမူနာထုတ်ပြချင်ပါတယ်။

ကျွန်တော်တို့တွေ နှစ်ပတ်တစ်ခါ ထောင်ဝင်စာထွက်တိုင်း ရှာဖွေရေးလုပ်ခံရပါတယ်။ ဘော်ဒီဆတ်ချ်(Body Search)လို့လည်း ခေါ်ပါတယ်။ ဟိုစမ်းဒီစမ်းပေါ့ဗျာ။



ဘော်ဒီဆတ်ချ်က တစ်ခါတလေ တစ်နေရာတည်းနဲ့ပြီးတာမဟုတ်ဘူး။ နှစ်နေရာ သုံးနေရာ ရှာလား ဖွေလား လုပ်တတ်တယ်။ ကိုယ့်အခန်းရှေ့မှာ တစ်ခါလုပ်၊ တိုက်ရုံးမှာတစ်ခါလုပ်၊ ထောင်ဗဟို(Main Jail)မှာ တစ်ခါလုပ်ဆိုတာမျိုးပါ။ အဆင့်ဆင့် ရှာတာဖွေတာတွေ လုပ်တာပေါ့။

တစ်နေ့မှာ ဦးတင်ထွဋ် ထောင်ဝင်စာထွက်တယ်။ တိုက်ဝင်းထဲမှာ သူ့ကို ဘော်ဒီဆတ်ချ် နှစ်ခါလုပ်ပြီးပြီ။ တိုက်ဝင်းကထွက်ပြီး ထောင်ဝင်စာခန်းဘက်သွားမယ်လည်းလုပ်ရော သူ့ကိုရှာပြန်ရော။ ထောင်ဗဟို(မိန်းဂျေး)ဝန်ထမ်းတွေကလုပ်တာ။

ဦးတင်ထွဋ်က ပြေပြေလည်လည်ပြောပါတယ်။ သူတို့နှစ်ခါရှာပြီးတဲ့အကြောင်း ပြောပြတယ်။ မရဘူး။ ရှာမှာပဲ။ ရှာမှာပဲ။ ဝန်ထမ်းတွေက အတင်းရှာမယ်လုပ်တယ်။ ဘော်ဒီဆတ်ချ် လုပ်တယ်။ ဟိုစမ်းဒီစမ်းပေါ့။

ဦးတင်ထွဋ် စိတ်တိုလာတယ်။ ထောင်ဝင်စာတွေ့ချင်ဇောကလည်း ပြင်း နေတော့ သူပေါက်ကွဲပါလေရော။

“ကိုင်း … ရှာကွာ ရှာကွာ၊ ကိုင်းကွာ၊ စမ်းကွာ၊ ဖျစ်ကွာ၊ ညှစ်ကွာ” အော်တယ်။ ဟစ်တယ်။ လုံချည်ချွတ်ချလိုက်တယ်။ ကိုယ်လုံးတီးနဲ့ ထောင်ဗဟိုလမ်းမကြီးအတိုင်း သုတ်သုတ်သုတ်သုတ် လျှောက်သွားတယ်။ ဆောင့်ကြီးအောင့်ကြီး လျှောက်သွားတယ်။ ပါးစပ်ကလည်း ဂူးဂူးဝါးဝါးတွေ သံကုန်အော်တယ်။

ဒီတော့မှ ဝန်ထမ်းတွေ မျက်လုံးပြူးသွားတယ်။ ဦးတင်ထွဋ်ရဲ့နှစ်လုံးပြူးနဲ့ ဝန်ထမ်းတွေရဲ့မျက်လုံးပြူး။ ဘယ်ဟာဘယ်သင်းက ပိုပြူးသလဲ။ ဘယ်ဟာက ပိုပြူးမှန်း အဲဒီအချိန်က ထောင်ဝင်စာထွက်သူ မျက်မြင်သက်သေတွေပဲ သိကြပါလိမ့်မယ်။

ကျွန်တော်တို့ နိုင်ငံရေးအကျဉ်းသားအသိုင်းအဝိုင်းကြားမှာ နောက်တီးနောက်တောက် ပြောတတ်သူတွေက ရှိတယ်။ သူတို့ကတော့ “ဟော့… ဘာလဲဟဲ့ တလာစီ။ လာရဲလာစမ်း။ နှစ်လုံးပြူးနဲ့ကိုပစ်မယ်ကွ”လို့ အပြောင်အပျက်ပြော ကြတယ်။

◆

www.burmeseclassic.com

www.burmeseclassic.com

# အသေမစိတ်စေနဲ့

ထောင်ထဲကကြားခဲ့တဲ့စကားတစ်ခွန်းကို ဒီနေ့ဒီရက်အထိ ကျွန်တော် မမေ့နိုင်ဘူး။ ဘယ်တော့မှလည်း မေ့မှာမဟုတ်ဘူး။

လူတွေဟာ အဟိတ်တိရစ္ဆာန်မဟုတ်ဘူး။ တောရိုင်းသတ္တဝါမဟုတ်ဘူး။ အသိဉာဏ်ရှိတဲ့သတ္တဝါတွေ။ နှလုံးသားရှိတဲ့သတ္တဝါတွေ။ ဦးနှောက်ရှိတဲ့ သတ္တဝါတွေ။ နှိုင်းချိန်ဆင်ခြင်တတ်တဲ့ သတ္တဝါတွေ။ စာနာထောက်ထားတတ်တဲ့ သတ္တဝါတွေ။ အဲဒီလို သတ္တဝါမျိုးဟာ တော်ရုံတန်ရုံ စက်ဆုပ်မုန်းတီးရုံနဲ့ သေပါစေလို့ မကျိန်ဆဲဘူး။ ကျိန်ဆဲချင်လောက်အောင် မုန်းတီးဦးတော့လည်း အသေမသတ်ဘူး။ တစ်ဦးက တစ်ဦးကို အသေသတ်တယ်ဆိုလည်း တစ်ဦးချင်း တစ်ယောက်ချင်းကိစ္စမို့ တစ်ဦးက တစ်ယောက်ကို၊ တစ်ယောက်က



တစ်ဦးကို သတ်ရုံလောက်ပဲ။ ကိစ္စပြီးရော။ တစ်ဇာတ်သိမ်းရော။ တစ်စခန်း ရပ်ရော။ ဒါပဲ။

လူတစ်ယောက်က လူဆယ်ယောက်ကို သတ်တာမျိုး။ လူဆယ်ယောက်က လူတစ်ရာကိုသတ်တာမျိုးဆိုတာ ရှားသားကလား။ ဘယ်လူသားမှ အဲကလောက် မရိုင်းစိုင်းပါဘူး။ မရက်စက်ပါဘူး။ အငြိုးအာဃာတမကြီးပါဘူး။ နာဇီဟစ်တလာလိုလူ၊ ခမာနီပိုပေါ့လိုလူတွေရှိခဲ့ဘူးလည်း လူသားရဲ့သည်းခံတဲ့စိတ်၊ စာနာတဲ့စိတ်၊ ရိုင်းပင်းတဲ့စိတ်၊ ညှာတာတဲ့စိတ်၊ ထောက်ထားတဲ့စိတ်ပဲ ထားပါတယ်။

အဲဒီလိုမျိုး ကျွန်တော် ယုံကြည်ပါတယ်ဆိုပေမဲ့ ကျွန်တော် ထိတ်လန့်တကြား လိပ်ပြာလွင့်စင်မတတ် ဖြစ်ခဲ့ရတဲ့ကိစ္စရပ်မျိုး ထောင်ထဲမှာ ကြုံခဲ့ဘူးပါတယ်။

၁၉၈၉မှာ ကျွန်တော် အင်းစိန်ထောင်ရဲ့ ကြိုးတိုက်ထဲကိုရောက်သွားတယ်။ တိုက်–နှစ်လို့လည်း အမှတ်အသားရှိပါတယ်။ သေဒဏ်တိုက်လို့လည်း ပြောစမှတ်ပြုပါတယ်။ တိုက်–နှစ်ရဲ့ အကျဉ်းသားအများစုက သေဒဏ်ကြိုးဒဏ် ကျခံထားရတဲ့သူတွေ ဖြစ်ပါတယ်။

တိုက်–နှစ်ကို ရင်ခွဲတိုက်လို့ ခေါ်တယ်။ အကျဉ်းကျ အခန်းချင်း မျက်နှာချင်းဆိုင်ထားတယ်။ အလယ်မှာ ဝန်ထမ်းလျှောက်လမ်း ဆယ်ပေ အကျယ်လောက်ထားတယ်။ အကျဉ်းသားတွေ တစ်ဦးလှုပ်ရှားမှု တစ်ဦးမြင်နေရအောင် စီမံထားတယ်။ သတ်သေတဲ့ကိစ္စမျိုးလို မတော်တရော်တွေမဖြစ်အောင် စီမံထားတဲ့တိုက်ပါ။

မကြာခဏ လူကြီးတွေ၊ တာဝန်ခံအရာရှိတွေ လာကြည့်တတ်တယ်။ လူကြီးတွေလာတိုင်း ကျွန်တော်တို့ တံခါးဝမှာ ထိုင်ကြရပါတယ်။ အရာရှိတွေကလည်း အမြဲလိုလို အမိန့်တွေပေးကြ၊ အာဏာတွေပြကြ၊ စကားမာမာတွေပြောကြနဲ့ နည်းမျိုးစုံ အာဏာပါဝါပြကြပါတယ်။ အားလုံးကို မင်းငါပြောပါတယ်။ ဘာလုပ်ရမယ်။ ညာလုပ်ရမယ်။ အမိန့်ချတယ်။ မင်းတို့ ဘာမလုပ်ရင် ငါတို့ ဘာလုပ်မယ်ဆိုတာမျိုး အကြိမ်းအမောင်း သဟောက်သဟဲတွေ လုပ်တယ်။ အရေးမကြီးပါဘူး။ တောရောက်မှတော့ တောစကားကြားရတော့မှာပေါ့။ ကျွန်တော်တို့က ငုံ့ခံနေလိုက်ကြတာပါပဲ။ မခံလို့လည်းဖြစ်မှမဖြစ်

www.burmeseclassic.com

www.burmeseclassic.com



တော့တာကိုး။ ခံနေလိုက်ရုံပေါ့လို့ ဖြေတဲ့စိတ်၊ ဖျော့တဲ့စိတ်၊ ပြေတဲ့စိတ်၊ ပျော့တဲ့စိတ်နဲ့ ဒီလိုပဲ မသိလိုက် မသိဘာသာ နေလိုက်ကြတာပါပဲ။

တကယ်တော့လည်း တောစကား တောပျောက်ဆိုသလို ထောင်စကားကလည်း ထောင်ပျောက်ပါပဲ။ ထောင်စကားကို အပြင်သယ်လာလို့ ဘာဖြစ်တော့မှာလဲ။ ဘာလုပ်ရတော့မှာလဲ။ မေ့မေ့ပျောက်ပျောက်ပေါ့လေ။

ဟုတ်ပေသဖျို့။ ထောင်စကားဆိုတာကလည်း အောင်ကြူကြူတွေဗျ။ ဒီလို အူကြောင်ကြောင်စကားတွေကို အတည်ယူလို့၊ အမှန်ယူလို့ ဘယ်ဖြစ်နိုင်ပါ့မလဲ။

တစ်နေ့မှာ ကျွန်တော် စကားတစ်ခွန်းကြားရတယ်။ ဦးစံထွန်းဆိုတဲ့ နှစ်ရှစ်တပ်ကြပ်ကြီးရဲ့စကား။ သူက အသက်ကြီးလှပါပြီ။ အငြိမ်းစားယူခါနီးနေပြီတဲ့။ တာဝန်ကျချိန်ဆိုလည်း ဘာမှဟုတ္တိပတ္တိလုပ်နိုင်တော့တာ မဟုတ်ပါဘူး။ သူနဲ့ဝန်ထမ်းသုံးယောက် ညတာဝန်ကျနေတယ်။

ညတာဝန်ကျတွေက အလယ်စင်္ကြံလမ်းပေါ်မှာ အိပ်ရာလိပ်ခင်းပြီး အိပ်ကြတယ်။ မအိပ်ခင်အပြောင်အပြက်စကားတွေ ပြောကြတယ်။ တစ်ယောက်ယောက်က ဘာပြောလိုက်တယ်မသိ။ ဦးစံထွန်း ပြန်ပြောလိုက်ပုံက

"ဟေ့ကောင် မင်း ဒီလိုမပြောနဲ့။ ထောင်သားတွေရှေ့မှာ မင်း ဒီလိုပြောတော့ ငါ့ရာဇဏ္ဍဖြေ့ပုံတယ်ကွ" တဲ့။

ဟုတ်ပေ့ကွာတို့သာ အော်လိုက်ချင်တယ်။ နှစ်ရှစ်အကြပ်က ရာဇဏ္ဍဖြေ့ပုံသတဲ့။ ကောင်းရော။

ဒီလိုစကားတွေက ရယ်စရာသက်သက်ပါပဲ။ အတေးအမှတ်ထားနေစရာလည်း မလိုပါဘူး။ မေ့မေ့ပျောက်ပျောက်ပေါ့။

မမေ့နိုင်စရာစကားမျိုးကလည်း တကယ်ကို ရှိပေသေးသဗျာ။ မမေ့လည်း မမေ့နိုင်ဘူး။ မဖျောက်လည်း မဖျောက်နိုင်ဘူး။ နားလည်းမခံသာဘူး။ စိတ်လည်း မခံသာဘူး။ နားထဲဆောင့်တိုးသလို ကြားရချက်မသက်သာမဟုတ်ဘူး။ အသည်းနှလုံးထဲမှာ ဒါးနဲ့မွှေသလို ရင်နာစရာကောင်းလိုက်တဲ့ဖြစ်ခြင်း။ ယုံနိုင်စရာတောင်မရှိဘူး။

ပြောတဲ့စကားက ဒီလိုပါခင်ဗျာ။ နားနဲ့မနာ ဖဝါးနဲ့နာပါဘိလို့ ရင်နာနာနဲ့ ပြောယူရမယ့်စကားမျိုးဗျ။



"ဟေ့ မင်းတို့ကောင်တွေ သေချင်သလောက် သေကြစမ်း။ မင်းတို့သေရင် ငါတို့အေးတာပဲ။ ငါ့ဆရာက ပြောထားတယ်။ အသေသာမစိတ်စေနဲ့တဲ့"

အသေမစိတ်စေနဲ့ဆိုတဲ့ စကားကဆန်းတယ်။ အကျဉ်းသားတွေ သေတာ အရေးမကြီးဘူး။ တစ်နေ့ တစ်လောင်းနှစ်လောင်းဆိုသလို နေ့စဉ်ရက်ဆက် သေနေကြရင်သာ အထက်ကမေးလာမှာစိုးရတာ။ ဒါမျိုးကို အသေစိတ်တယ်ခေါ်တာပေါ့။ ရက်ဆက်သေရင် အထက်က မေးစရာဖြစ်လာပြီ။ ဒါပဲ။ ရက်ခြားလခြား သေလို့ကတော့ အရေးမကြီးဘူး။ အရေးစိုက်စရာလည်း မလိုဘူး။ သေစမ်းလကွာ သေကြစမ်း။

အသေမစိတ်စေနဲ့ဆိုတာ ဒီသဘောကိုပြောတာ။

ကျွန်တော် နားထင်နားရင်း ပူထူသွားတယ်။ ဘယ်လိုပြန်ပြောရမှန်းမသိဘူး။ ပြောသူကို ရန်ထောင်ရမလား။ ပြောသူဆီက ဖြေရှင်းချက်တောင်းရမလား။ ဘာလုပ်ရမှန်းကိုမသိအောင် ဖြစ်သွားရတယ်။ ကျွန်တော် ကြောင်နေတုန်း တစ်ပွင့်ဆရာကိုယ်တော်ချောက ထွက်သွားပြီ။

ပြောတဲ့ ငနဲသားက တစ်ပွင့်ထောင်မှူး မိုးဟိန်းတဲ့။ သူ့ဆရာဆိုသူက အကျဉ်းဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးအုန်းဟန်တဲ့။ အရင်က သူ့ဆရာကားကို မိုးဟိန်းမောင်းခဲ့သတဲ့။ ငွေလမ်းခင်းပြီး ရွှေကားမောင်း၊ စိန်ရာထူးရခဲ့တာတဲ့။ အကျဉ်းသားတိုင်း ဒီစကားကြားတယ်။ ဒီစကားပြောတယ်။ ဒီစကားသက်သေထူတယ်။

ဟစ်တလာ ဒီစကားမျိုးပြောခဲ့တယ်ဆိုရင် ကျွန်တော် မအံ့သြဘူး။ ပိုပေါ့ ဒီစကားမျိုးပြောခဲ့တယ်ဆိုရင်လည်း ကျွန်တော် မအံ့သြဘူး။ ဒါပေမဲ့ ဒီစကားကို အင်းစိန်ထောင်လိုနေရာမျိုးမှာ ကြားရတယ်ဆိုတာတော့ ကိုယ့်နားကိုယ် မယုံနိုင်အောင် ဖြစ်ရတယ်။ ကြမ်းလွန်းလို့ ရမ်းလွန်းလို့ မယုံရဲ မယုံဝံ့အောင် ဖြစ်ရတာပါ။ တကယ်တော့ အကျဉ်းသားတွေ မြန်မြန်သာသေကြပေတော့ပေါ့။ မင်းတို့သေရှာသွားတာ ငါတို့ ဘာမှမတားဘူးဟေ့လို့ပြောလိုက်တာပါပဲ။

ဒီစကားလုံးတွေက ဒီကနေ့အထိ ကျွန်တော့်နားထဲမှာ ပဲ့တင်ထပ်တုန်းရှိပါသေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီစကားလုံးတွေဟာ မိုက်ကန်းကန်းဝန်ထမ်းတစ်ဦးရဲ့ ကန်းကန်းမိုက်တဲ့ ပြောဆိုဟိန်းဟောက်သံတွေလို့ သတ်မှတ်ရင်တော့ ကိစ္စမရှိလောက်ပါဘူး။ ဒါပေမဲ့ အာဏာရှင်အစိုးရရဲ့ နိုင်ငံရေးအကျဉ်းသားတွေအပေါ်၊ သာမန်အကျဉ်းသားတွေအပေါ်ထားရှိတဲ့ ရိုင်းစိုင်းကြမ်းကြုတ်တဲ့ သဘောထားတွေကိုထင်ဟပ်ပွင့်အန်လာတဲ့စကားလုံးတွေရယ်လို့ သတ်မှတ်လို့ရတယ်ဆိုရင်တော့ အတော်ရင်လေးစရာကောင်းပါတယ်။ အတော်စိတ်မအေးစရာ ဖြစ်ပါတယ်။

ဟုတ်တယ်လေ။ ဒီကနေ့အထိ စစ်အာဏာရှင်တွေကလည်း သက်ဆိုးရှည်တုန်း။ နောက်ထပ် သက်ဆိုးဆင့်ဖို့ အကြံပက်စက် ဉာဏ်နီဉာဏ်နက်တွေကလည်း တဘွားဘွားပေါ်လာတုန်း။ ထောင်ထဲမှာကလည်း နိုင်ငံရေးအကျဉ်းသား နှစ်ထောင်ကြီးများတောင်။ လူငရဲ ဂယက်ဝဲမှာ လူးလာစုန်ဆန် ကူးခတ်နေရတုန်း။

ဒီလိုအခြေအနေမှာ ဒီလိုစိတ်ဆိုးစိတ်ပုပ် စိတ်ယုတ်စိတ်ညစ်တွေရှိနေတာ မဆန်းပေမဲ့ အနာဂတ်အတွက် ရင်လေးစရာပဲဆိုတဲ့ အတွေးက ကျွန်တော့်ကို အသည်းတုန် အူတုန် ဖြစ်နေစေတယ်ဗျာ။


◆

# လူ့ငရဲကို ပြန်လည်လောင်မြိုက်ခြင်း (၂)

www.burmeseclassic.com

www.burmeseclassic.com

- အစာမကြေဘူး ကမ္ဘာမကြေဘူး
- ထိပ်ထားနဲ့သေနာ
- သပိတ်သွတ် ကုသိုလ်ဘာဂ အမျှ အမျှ
- နီးထသူတို့ခေါင်းခွံများ



## အစာမကြေဘူး ကမ္ဘာမကြေဘူး

၁၉၈၉ ဇူလိုင် ၄ မှာ ကျွန်တော် အင်းစိန်ထောင်ထဲရောက်လာတယ်။ တိုက်ဝင်းထဲက ကြိုးတိုက်လို့ခေါ်တဲ့ တိုက်–နှစ်ကိုရောက်တော့ မှောင်စပျိုးပြီ။

ရှစ်လေးလုံးအရေးတော်ပုံအကြောင်း၊ ဒီချုပ်အကြောင်း၊ နိုင်ငံရေးအခြေအနေတွေအကြောင်း၊ ထောင်အကြောင်း၊ ပုဂ္ဂိုလ်ရေးခံစားချက်တွေအကြောင်း ရောက်တတ်ရာရာ အတွေးနယ်ချဲ့နေမိတယ်။

သံချောင်းခေါက်သံတွေကြားရတယ်။ ဒေါင်ဒေါင်ဒေါင်ဒေါင်။ သုံးချက်တစ်တွဲ။ လုံးချင်းတစ်ချက်။ နောင်မှသိရတာက ဒါထောင်ပိတ်တာတဲ့။

"ဂျိုင်း"

www.burmeseclassic.com

www.burmeseclassic.com



ထောင်ပိတ်ပြီ။ သိပ်မကြာလိုက်ဘူး။ ကျွန်တော်နေတဲ့ အခန်း-၅၄ သံတံခါးကိုလာဖွင့်တယ်။ ထောင်ဝန်ထမ်းတွေ ကျွန်တော့်ကိုလာခေါ်တယ်။ ကျွန်တော် ဆူပူကန့်ကွက် အော်ဟစ်ငြင်းဆန်တယ်။ မရပါဘူး။ ကျွန်တော်ပါသွားတယ်။

လှူငရဲနဲ့ကျွန်တော် နဖူးတွေ့ဒူးတွေ့ တွေ့ပါပြီ။

လှူငရဲရဲ့အဝီစိကို ကျွန်တော် ရောက်သွားတယ်။

စစ်ထောက်လှမ်းရေးတွေ အခြေစိုက်စခန်းဖွင့်ထားတဲ့ အထူးဆောင်ထဲက စစ်ကြောရေးဌာနဖြစ်ပါတယ်။

စစ်ကြောရေးက ထောင်ဗဟို(Main Jail)နဲ့ ခြေလှမ်းသုံးဆယ်လောက်ပဲ ကွာတဲ့နေရာမှာရှိတယ်။ တစ်ထပ်တိုက်ကလေး၊ အခန်းလေးခန်းရှိတယ်။ သုံးခန်းကို စစ်ကြောရေးအတွက်သုံးတယ်။ တစ်ခန်းမှာ တာဝန်ခံအရာရှိအိပ်တယ်။ အငယ်စားထောက်လှမ်းရေးတွေကတော့ စစ်ကြောရေးတွေ လက်မလည်အောင် လုပ်နေရတယ်။ အိပ်မှအိပ်ရရဲ့လားမသိ။ အိပ်ရရင်လည်း ဘယ်မှာအိပ်မှန်းမသိ။

စစ်ကြောရေးတိုက်ကလေးက တောင်ဘက်အရပ်ကို မျက်နှာမူထားတယ်။ လူနေအိမ်တွေ၊ တိုက်ခန်းတွေကိုသွားတဲ့ လမ်းမြှောင်ကလေးခြားတဲ့ အနောက်ဘက်မြေကွက်မှာ စေတီကတစ်ဆူရှိတယ်။ စေတီကလေးနဲ့ယှဉ်ပြီး စစ်ကြောရေးရုံးတစ်ခုရှိတယ်။ (နောင်မှာ အကျဉ်းခန်းသုံးခန်းပါတဲ့တိုက်ကလေးဆောက်တယ်။ တိုက်-တစ်လို့ခေါ်တယ်။)

စစ်ကြောရေးအကြောင်း ကျွန်တော် ထွေထွေထူးထူး ပြောစရာမရှိပါ။ စစ်ထောက်လှမ်းရေးက သူတို့သိချင်သမျှတွေကို စစ်တယ်။ မေးတယ်။ အဖြေမပေး၊ အမှန်မဖြေ၊ အညွှန်မခံ၊ ဦးမကျိုး၊ ခေါင်းမညွှတ်၊ ဒူးမထောက်၊ လက်မမြှောက်လို့ထင်ရင် သူတို့လုပ်တာ တစ်မျိုးပဲရှိတယ်။ ညှဉ်းပန်းနှိပ်စက်ခြင်းပေါ့။ ဘယ်လိုညှဉ်းပန်းနှိပ်စက်သလဲ။ လူမဆန်စွာလို့ ဝိသေသပြုနိုင်တယ်။

ထောင်ထဲက စစ်ကြောရေးမှာ စစ်မေးညှဉ်းပန်းနှိပ်စက်တာတွေကတော့ လူမဆန်စွာထက် အတော်ကြီးပိုတယ်။ တိရစ္ဆာန်မဆန်စွာလို့ ကျွန်တော် ဝိသေသပြုချင်တယ်။

ကျားလိုတိရစ္ဆာန်က တခြားတိရစ္ဆာန်ကို ကိုက်သတ်တယ်။ သူ့ဝမ်းတစ်ထွာအတွက် သတ်တာ။ ဒါသဘာဝမွေ့ပဲ။ ဒီလောက်ပဲ။ တိရစ္ဆာန်ချင်း



ညှဉ်းပန်းတာမဟုတ်။ နှိပ်စက်တာမဟုတ်။ စစ်ဆေးဖို့၊ မေးမြန်းဖို့ကိစ္စလောက်အတွက်နဲ့ ညှင်းပန်းတာမျိုး၊ နှိပ်စက်တာမျိုးဆိုတာ ဘာမှမလုပ်ဘူး။ တိရစ္ဆာန်တွေ ရန်ဖြစ်ချင်ဖြစ်မယ်။ ကြီးတဲ့ကောင်က ငယ်တဲ့ကောင်ကို၊ အားရှိတဲ့ကောင်က အားနည်းတဲ့ကောင်ကို ရန်ထောင်တာ၊ အနိုင်ကျင့်တာလောက်ပဲ လွန်ရောကျွံရောရှိမယ်။ ညှဉ်းပန်းတယ်၊ နှိပ်စက်တယ်ဆိုတာတော့ အလျဉ်းမရှိဘူး။ ထောင်ထဲက စစ်ထောက်လှမ်းရေးတွေရဲ့ စစ်မေးညှဉ်းပန်းနှိပ်စက်မှုတွေဟာ တိရစ္ဆာန်ထက်တောင် ပိုမိုရက်စက်ကြမ်းကြုတ်တယ်။ ဒါကြောင့် တိရစ္ဆာန်မဆန်စွာလို့ ကျွန်တော် ဝိဂြိုဟ်ပြုတာ ဖြစ်ပါတယ်။

ဒါထက် နည်းနည်းတောင်ပိုပြီး ကျွန်တော် 'ဆိုးဂုဏ်ပြ' ဝိသေသစကားဆိုလိုက်ချင်ရဲ့။ တိရစ္ဆာန်ထက် ပိုမိုရိုင်းပျရက်စက်၊ ကျင့်ပျက်ကြမ်းကြုတ်စွာ စစ်မေး ညှဉ်းပန်းနှိပ်စက်ကြတယ်လို့ ပြောချင်သေးတယ်။

ထောင်ထဲမှာစစ်ကြောရေးလုပ်ခံရပြီဆိုရင် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အဖို့ နိုင်ငံရေးဘဝပျက်ပြီ။ စီးပွားရေးဘဝပြိုပြီ၊ လူမှုရေးဘဝပြောင်းပြီ။ အဲဒီလိုတစ်ထစ်ချ မှတ်ပေရော့။

တိရစ္ဆာန်တစ်ကောင်ဟာ တခြားတစ်ကောင်ကို ဝမ်းတစ်ထွာအတွက်ကိုက်သတ်စားမယ်။ ဒါ သဘာဝပဲ။ စစ်ထောက်လှမ်းရေးကတော့ လူတွေကိုသေအောင်သတ်တယ်။ (အသက်ပြင်းလို့ မသေတဲ့ကောင် နောင်တစ်နေ့မှာ စစ်ကြောဒဏ်၊ စစ်ကြောနာနဲ့ သေလိမ့်မယ်။) ဒါက တိရစ္ဆာန်ဆန်တဲ့အကျင့်။ လူတွေကိုနာအောင် ကျဉ်အောင် ညှဉ်းပန်းနှိပ်စက်တယ်။ ဗဟိဒ္ဓရုပ်ပိုင်း ကိုယ်လက်အင်္ဂါကိုသာ နာစေကျဉ်စေတာမဟုတ်။ အဇ္ဈတ္တစိတ်ပိုင်း အသည်းနှလုံးဦးနှောက် စိတ်ခံစားမှုတွေကိုလည်း နာကြည်းပြိုကွဲစေတယ်။ ဒါတွေကတိရစ္ဆာန်မဆန်တဲ့အကျင့်။ လူဆိုတာ မနသိကာယရှိတဲ့ သတ္တဝါ။ ခံစားချက်ဆိုတာရှိတယ်။ စိတ်ထိခိုက်မှုဆိုတာ ရှိတယ်။ အမှတ်သည်းခြေဆိုတာ ရှိတယ်။ တစ်သက်လုံးနာပေရော့။ ဒါလောက်နဲ့ မပြီးသေးဘူး။

စစ်ထောက်လှမ်းရေးမှာ ဒါထက်ပိုဆိုးတဲ့ အကျင့်ရှိသေးတယ်။ အဲဒါက တိရစ္ဆာန်ထက် အဆရာထောင်ပိုမိုဆိုးဝါး ရက်စက်ကြမ်းကြုတ်တဲ့အကျင့်။ ညစ်ကန်းယုတ်မာတဲ့အကျင့်။ လူသားရဲ့ဇာတိပုည ဂုဏ်မာနကိုနင်းခြေဖျက်ဆီးတဲ့အကျင့်။

www.burmeseclassic.com

www.burmeseclassic.com



ထောက်လှမ်းရေးပဲ။ ထောက်လှမ်းကြပေါ့။ သိချင်တာမေးပေါ့။ မေးလို့သိရင် တော်ရောပေါ့။ မေးရုံနဲ့မသိရင် စစ်ပေါ့။ စစ်လို့သိရင် တော်ရောပေါ့။ စစ်ရုံနဲ့မသိရင် ခြောက်ပေါ့။ ခြောက်လို့သိရင် တော်ရောပေါ့။ ခြောက်ရုံနဲ့မသိရင် ညှဉ်းပေါ့။ (ညှဉ်းတာကို သဘောတူလို့၊ ညှဉ်းခိုင်းတာမဟုတ်ဘူးနော်။ ထောက်လှမ်းရေးလုပ်ငန်းစဉ်အတိုင်း သူတို့လုပ်ရိုးလုပ်စဉ် လုပ်စရာရှိတာလုပ်မှာကိုပြောတာ။) ညှဉ်းလို့မသိရင်သတ်ပေါ့။ (ထောက်လှမ်းရေးက သတ်ပါတယ်။ ခရမ်းပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဝင်းတို့၊ ဒီချုပ်အလုပ်သမားခေါင်းဆောင်ဦးမောင်ကိုတို့၊အခြားနိုင်ငံရေးသမားအမြောက်အမြားတို့ စစ်ကြောရေးလက်ချက်နဲ့ သေခဲ့ကြရပြီမဟုတ်လား။)

ဒီလောက်နဲ့ တစ်စခန်းသိမ်းပြီလား၊ တစ်ခန်းရပ်ပြီးလား။ ဘယ်သိမ်းလိမ့်မလဲ။ ဘယ်ရပ်လိမ့်မလဲ။

ထောက်လှမ်းရေးရဲ့ သွေးစွန်းတဲ့လက်တွေက ဇာတ်လမ်းရှည်ကြီးဆက်ရေးမယ်။ အယုတ္တအနတ္တတွေနဲ့ ကမ်းကုန်အောင် မွမ်းပြောက်ခြယ်မှုန်းမယ်။ အမနာပဇာတ်ထုပ်ကြီး။ အဲဒီဇာတ်ထုပ်ကြီးကို ကလိန်စိုင်ပြမ်းဆင်တဲ့ ငြိမ်ပိလမ်းစဉ်အတိုင်း မြေပေါ်မှာရွှေကြော်ငြာထုတ်မယ်။ အဲဒီဇာတ်ထုပ်ကြီးကို လူတကာသိ ရှင်တကာကြားလုပ်မယ်။

အဲဒီဇာတ်ထုပ်ကြီးဆိုတာကတော့ သူတို့ရန်သူရယ်လို့မြင်တဲ့ လူပုဂ္ဂိုလ်တွေ၊ ပါတီအဖွဲ့အစည်းတွေ၊ နိုင်ငံရေးလုပ်ငန်းအပေါင်းအစုတွေကို သိက္ခာချတာပဲ။ ဂုဏ်ရည်ချိုးတာပဲ။ အသရေဖျက်တာပဲ။

ဒါဟာ တရားဥပဒေ လက်တံရှည်တယ်ဆိုတာမျိုးလို စစ်ထောက်လှမ်းရေးရဲ့ သွေးစွန်းတဲ့လက်ကြီး လက်တံရှည်တာပဲ။ တရားဥပဒေလို သစ္စာအရပ်ဘက် လက်တံရှည်တာမဟုတ်ဘူး။ အမွှေအရပ်ဘက်ကို လက်တံရှည်တာ။ အဲဒီသွေးစွန်းတဲ့ လက်က ဆက်ရေးလိုက်တဲ့ ဇာတ်ညွှန်းဇာတ်ကွက်၊ ဇာတ်လမ်းတွေဟာ နိုင်ငံရေးသမားအပါအဝင် လူပေါင်းများစွာရဲ့ လူ့သိက္ခာ၊ လူ့အသရေကို ပုံကျိုးကြေမွစေတယ်။

ထောက်လှမ်းရေးရဲ့ အကြမ်းဖက်စစ်ကြောမှုတွေ။ ဒါ့ပြင် ထောက်လှမ်းရေးရဲ့ ယုတ်ကန်းစိတ်ထားနဲ့ ဖော်စပ်ဖန်တီးလိုက်တဲ့ "အသိ"တွေဟာ စစ်ကြောခံရသူခေါင်းထဲက ဦးနှောက်ကို ပိုင်စိုးပိုင်နင်း သိမ်းပိုက်လိုက်တယ်။ "စကား"တွေဟာ စစ်ကြောခံရသူရဲ့ ပါးစပ်ကို မဖွယ်မရာသိမ်းပိုက်လိုက်တယ်။



ဦးနှောက်ဆေးခံရတယ်ဆိုတာကို လူတိုင်းကြားဖူးတယ်။ တကယ်တော့ ဦးနှောက်ဆေးရုံဆေးရင် ဆေးခံရသူ ခေါင်းသာ ဖွေးသွားမယ်။ အသံထွက်ချင်မှထွက်မယ်။ စစ်ထောက်လှမ်းရေးက ဦးနှောက်ဆေးရုံမက ပါးစပ်ကိုပါ ဆေးတယ်။ စစ်ကြောခံရသူရဲ့ ပါးစပ်တွေ ရွှဲကုန်တယ်။ လျှာတွေလိပ်ကုန်တယ်။ ကွေးကုန်တယ်။ သူ့ပါးစပ်က လိမ်ညာတဲ့စကားတွေ၊ ကောက်ကျစ်တဲ့စကားတွေ၊ ညစ်ဆိုးတဲ့စကားတွေ အန်ဟတယ်။

အဲဒီပါးစပ်ပုံထဲက နိုင်ငံရေးမူဝါဒ၊ ပါတီအဖွဲ့အစည်း၊ ခေါင်းဆောင်၊ ပုဂ္ဂိုလ်၊ ပြည်သူလူထုဆိုတဲ့ သူယုံကြည်ရာတွေအားလုံးကို ဆန့်ကျင်တဲ့ စကားတွေ၊ ရှုတ်ချတဲ့စကားတွေ၊ ပယ်လှန်တဲ့စကားတွေ၊ ပြက်ရယ်တဲ့စကားတွေ လျှံတက်၊ အန်ထွက်တယ်။ စစ်ထောက်လှမ်းရေးဟာ လူတစ်ယောက်ကို ဒီလို ဆန့်ကျင်ဘက် ရုပ်လုံးထုပြီး ပြင်ပလောကကို ပြန်လွှတ်လိုက်တယ်။

ဒီနည်းနဲ့ စစ်ထောက်လှမ်းရေး လိုချင်သလို၊ ကြိုက်သလိုပုံသွင်းတဲ့ နိုင်ငံရေးအခြေအနေတစ်ရပ်ဟာ တစ်စုံတစ်ရာပေါ်ကောင်းပေါ်ထွက်လာနိုင်တယ်။ သေချာပေါ်လာတာကတော့ ဂုဏ်မတင့်တော့တဲ့ လူသားတစ်ယောက်၊ အသရေတုံးသွားတဲ့ လူသားတစ်ယောက်၊ သိက္ခာမဲ့သွားတဲ့လူသား တစ်ယောက်၊ နှစ်ပြားတစ်စပ်ပဲ လူသားတစ်ယောက်။ လူမပီတော့တဲ့လူသား တစ်ယောက်ပဲ ဖြစ်ပါတယ်။

စစ်ထောက်လှမ်းရေးက အဲဒီလူပုဂ္ဂိုလ်ရဲ့ လူသားဂုဏ်ရည်၊ လူသားသိက္ခာ၊ လူသားအသရေ၊ အားလုံးကို ရိုက်ချိုးနင်းချေဖျက်ဆီးလိုက်ပြီပေါ့။

ကျွန်တော် ထောက်လှမ်းရေးစစ်ကြောခံရတယ်။ ကြိမ်ဖန်များစွာပါပဲ။ ကာလခိုက်တန့် ရှည်ကြာစွာပါပဲ။ ဒါတွေ ပြန်ပြောမနေချင်တော့ပါဘူး။ ခြေလက်ကိုယ်အင်္ဂါနာတယ်။ ရင်နာ၊ အသည်းနာ၊ နလုံးနာတယ်။ ဦးနှောက်နာတယ်။ စိတ်နာတယ်။ (ဒါကြောင့် စစ်ထောက်လှမ်းရေးသွတ်သွင်းတဲ့ ဉာဏ်ဆိုး၊ အကြံဆိုး၊ အသိဆိုး၊ အမြင်ဆိုး၊ စကားဆိုးတွေကို ကျွန်တော် လက်သင့်မခံဘူး။ အရောင်ဆိုးတာတွေကို ကျွန်တော် မခံဘူး။ အရိပ်ဆိုးတာတွေကို ကျွန်တော် မခံဘူး။)

ကျွန်တော်တို့ချင်း စကားဝိုင်းဖွဲ့ပြောကြဆိုကြ လုပ်ကြတဲ့အခါ စစ်ထောက်လှမ်းရေးအကြောင်း ရောက်သွားတတ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ ငါ့အဖို့ကတော့ စစ်ထောက်လှမ်းရေးဆိုရင် ကမ္ဘာမကြေဘူး၊ အစာမကြေဘူးကွဟော့"

အဲဒီလို ရယ်စရာလိုလို တကယ်လိုလို ကျွန်တော် ပြောတတ်တယ်။ ဒါပေါ့ဗျာ။ ပြောမိတာပေါ့။ စဉ်းစားကြည့်လေ။ စစ်ထောက်လှမ်းရေးရဲ့မကောင်းမှု အကျိုးပေးကြောင့် ကျွန်တော့်သွားတွေ ကြွေကုန်တယ်။ ဆီးပင်ကို ကိုင်လှုပ်သလိုပါပဲ။ စစ်ထောက်လှမ်းရေးရဲ့ လက်စွမ်းလက်ရာ လက်ချက်ကို ဗာရာဏသီချဲ့မနေချင်တော့ပါဘူး။ ၁၉၉၈ လောက်အထိ သွားပြန်စိုက်ခွင့်မရခဲ့ဘူး။ ထောင်ထမင်းကြမ်းကို သွားတစ်ချောင်းမရှိ၊ သွားဖုံးအိအိနဲ့ ဝါးနေခဲ့ရတယ်။ ဘယ်လိုခံစားရမလဲ သိချင်လား။ ခင်ဗျားသွားမရှိတဲ့အချိန်မှာ လုံးတီးဆန်ထမင်းကို သွားဖုံးနဲ့ ဝါးကြည့်။ မသိသေးရင် ကြာကြာဝါး။ မသိသေးရင် ရှစ်နှစ်ကိုးနှစ်ဝါး။ စောစောသိချင်ရင် ခုကတည်းက လမ်းခင်းတဲ့ကျောက်ခဲ ဝါးကြည့်။ (ညက ကျန်တဲ့ထမင်းကြမ်းမျိုးပြောတာ မဟုတ်ဘူး။ ကျောက်ထုစခန်းက လမ်းခင်းကျောက်ကြမ်းလို ထမင်းကြမ်းလို့ပြောတာ။)

ကမ္ဘာကြေတာ မကြေတာ အသာထား။ အစာမကြေတာတော့ အမှန်ပဲ။ အခုချိန်ထိ ကျွန်တော် ထမင်းလက်တစ်ဆုပ်စာထက် ပိုမစားနိုင်ဘူး။ အစာ မကြေတာကတစ်ကြောင်း။ အစာမကြေရင် ကမ္ဘာမကြေကိုပါ သွား... သွား သတိရလို့တစ်ကြောင်းပေါ့လေ။ ရှစ်လေးလုံး အရေးတော်ပုံကာလတုန်းက ဆိုခဲ့တဲ့သီချင်း မှတ်မိတယ် မဟုတ်လား။ ကမ္ဘာမကြေဘူးဆိုတာလေ။

အစာမကြေဘူး။ ကမ္ဘာမကြေဘူး။

◆

## ထိပ်ထားနဲ့သေနာ

၁၉၈၀ ကျော်က ပန်းပုဆရာကြီး ဦးဟန်တင်က လူထုဒေါ်အမာရဲ့ ဦးခေါင်းပိုင်း ပုံတူရုပ်တုထုလုပ်ခဲ့တယ်။ အဲဒီပုံတူရုပ်တုကို စထုကတည်းက ကျွန်တော်ဘေးက ထိုင်ကြည့်ခွင့်ရခဲ့တယ်။ ထုပြီးသွားတော့ ကျွန်တော် ဆောင်းပါးတစ်ပုဒ်ရေးခဲ့တယ်။

ကျွန်တော် ဘယ်လိုရေးဖွဲ့ခဲ့သလဲဆိုတာ ရေးရေးပဲ မှတ်မိပါတော့တယ်။ ဒေါ်ဒေါ်ရဲ့ပါးသွယ်မေးချွန်း ဦးစွန်းပင့်မြှောက်ဟန်။ ဒေါ်ဒေါ်ရဲ့ပါးလျား နှုတ်ခမ်းအပြုံးသန်းဟန်။ ဒေါ်ဒေါ်ရဲ့ စူးရှမျက်ဝန်း တောက်ထွန်းထွင်းဖောက်ဟန်တွေကို ကျွန်တော် မြင်တွေ့ခံစားရတဲ့အတိုင်း ခြယ်မှုန်းပြခဲ့တယ်။ အဲဒါလောက်ပဲ မှတ်မိပါတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



၁၉၉၄–၉၅ လောက်မှာ ဒေါ်ဒေါ်ရဲ့မိန်းမသားမာန် လူသားမာန် ပုံရိပ်လို သင်္ကေတန်တစ်ခုကို အမေရိကန်သတင်းမဂ္ဂဇင်း Time မျက်နှာဖုံးမှာ မြင်ရတယ်။ ဒီပုံရိပ်ရဲ့အဓိပ္ပာယ်တွေ၊ ဂုဏ်ရည် ဉာဏ်ရည် မာန်ရည်တွေ၊ စွမ်းအင်သတ္တိတွေ ကျွန်တော့်ရင်ထဲမှာ ရိုက်ခတ်သွားတယ်။ ပုံရိပ်မှာ မိခင် မိန်းမသားတစ်ဦးရဲ့ နူးညံ့သိမ်မွေ့မှုနဲ့ ခေါင်းဆောင်လူသားရဲ့ သန်မာခိုင်ကြည်မှုတွေ ရော့ထွေး ပေါင်းစည်းပြီး ဒီရေမြင့်သစ်နေလေရဲ့။ လူထုဒေါ်အမာရဲ့ ပုံရိပ်မဟုတ်ပါဘူး။ ဒါပေမဲ့ လူထုဒေါ်အမာလိုပဲ လေးနက်ခိုင်ကြည် သန်မာပြတ်သားတဲ့ "တော်လှန် မာန် ဉာဏ်သတ္တိ" ပိုင်ရှင်တစ်ဦးရဲ့ပုံရိပ် ဖြစ်ပါတယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၊ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၊ ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၊ တိုင်းရင်းသားအင်အားစုအားလုံးရဲ့ ယုံကြည်ကိုးစား မှုကို ခံယူရရှိတဲ့ ပြည်ထောင်စုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၊ ကမ္ဘာ့ နိုင်ငံပေါင်းများစွာရဲ့ ချစ်ကြည်လေးစားမှုကို ခံယူပိုင်စိုးတဲ့ ကမ္ဘာ့ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်။ သူ့ရဲ့ဂုဏ်ရည် ပြည့်လျှမ်းဖြိုးမောက်တဲ့ဥပမိပုံရိပ်ပဲ ဖြစ်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ရဲ့ ကြည်လင်ပြတ်သားတဲ့ ပုံရိပ်နောက်မှာ မှုန်တုန်တုန် ဝါးတားတား မပြတ်မသား ပုံရိပ်တစ်ခုက အရိပ်လိုထိုးနေတယ်။ တစ္ဆေချောက်သလို ပြူးတူးပြဲတဲ ပုံရိပ်တစ်ခုက ထပ်ချပ်မကွာပါလာနေတယ်။ ဘုရားစောင်းတန်းတွေမှာ၊ ရှေးဂူဘုရားနံရံတွေမှာ တွေ့ရတတ်တဲ့နိပါတ်တော် ဆေးရေးပန်းချီတွေထဲက နတ်ဘုံနတ်နန်း အခြယ်အလှယ်တွေရဲ့နောက်ခံမှာ ငရဲခန်း အခြောက်အလှန့်ပုံရိပ်တွေကို မြင်ရသလိုပါပဲ။ အဲဒီပုံရိပ်ကတော့ မှုန်တေတေ မိုက်တိုက်တိုက် ငေးစိုက်ကြည့်နေတဲ့ စစ်ဗိုလ်တစ်ယောက်ရဲ့ ပုံရိပ်ပါ။

ထောက်လှမ်းရေးတပ်မှူးကြီး၊ စစ်မဟာဗျူဟာဌာနကြီးမှူးကြီး၊ နိုင်ငံ တော်ငြိမ်ဝပ်ပိပြားရေးအဖွဲ့ အတွင်း ,ရေးမှူး–၁ကြီး။ ဗိုလ်ချုပ်ကြီးခင်ညွန့်ရဲ့ ပုံရိပ်ဖြစ်ပါတယ်။

ဒီပုံရိပ်နှစ်ခုကို ကွန်ပျူတာနဲ့ စပ်ဟပ်ပူးတွဲပြီး Time မဂ္ဂဇင်းက မျက်နှာ ဖုံးပုံလုပ်ထားပါတယ်။ ခေါင်းစဉ်ကိုလည်း the Lady and the General လို့ ဖော်ပြထားပါတယ်။



အတွင်းဘက်မှာ မျက်နှာဖုံးသတင်းဆောင်းပါးရှည်ကြီးရေးပါတယ်။ ဒေါ်စု လွတ်မယ်လွတ်မယ် သတင်းဖြစ်နေလို့ သတင်းထောက်တွေ တက္ကသိုလ် ရိပ်သာလမ်း ခြံဝမှာ ပြုတိုးစောင့်ဆိုင်းနေကြပုံတွေ၊ ဒေါ်စုရဲ့လှုပ်ရှားမှုတွေ၊ ဒေါ်စုရဲ့နိုင်ငံရေးသဘောထားတွေ၊ ဒေါ်စုရဲ့ကိုယ်ရေးရာဇဝင်တွေ စတာတွေကို တာခမ်းတနားရေးပါတယ်။

ဆောင်းပါးအရှည်ကြီးထဲမှာ ဗိုလ်ချုပ်ကြီးခင်ညွန့်အကြောင်းလည်း ကြိုကြားကြိုကြားပါပါတယ်။ ဗိုလ်ချုပ်ကြီးရဲ့ ပါဝါအာဏာ တန်ခိုးသြဇာတွေ အကြောင်းလည်း ဖော်ပြပါတယ်။

ဒေါ်အောင်ဆန်းစုကြည်နဲ့ ဗိုလ်ချုပ်ကြီးခင်ညွန့်တို့များ တွေ့ဆုံလိုက်ကြ ရရင်၊ ဆွေးနွေးလိုက်ကြရရင်၊ အပေးအယူတွေ လုပ်လိုက်ကြရရင်(အောင်မယ် လေးလေး) မြန်မာပြည်ရဲ့နိုင်ငံရေး အမယ်ဘုတ်ချည်ခင်ထုပ်ကြီး ရှင်းလင်း ကြည်လင်သွားမယ်။ တစ်မျှင်စီ ရှောခနဲ ရှောခနဲ ဖျောခနဲ ဖျောခနဲ ချောသွား မယ်။ မောသွားမယ်။ ပြေသွားမယ်။ လည်သွားမယ်လို့ ရေးထားတယ်။

သတင်းထောက်ရဲ့ဆောင်းပါးဖတ်ပြီး ကျွန်တော် ရင်မောသွားတယ်။ မျက်စိလည်သွားတယ်။ ချောတာတွေ၊ ပြေတာတွေတော့ မမြင်မိပေါင်။ ဆောင်း ပါးဖတ်ရင်း ရင်သာလေးနေမိတော့တယ်။

အမေရိကန်နိုင်ငံလူ့အဖွဲ့အစည်း၊ အမေရိကန်သတင်းစာယန္တရားဆိုတာ တွေကလည်း အတော်ရင်လေးအောင် လုပ်တတ်တယ်။ သူတို့ခေါင်းထဲမှာ ဘုတ်တိုင်ထိုင်နေတဲ့ ပုဏ္ဏားတိုင် အတွေးအခေါ်တွေရှိတယ်။ ပေါက်ပေါက်ကြဲ သလို လွင့်စင်ပျံ့ဖဲနေတဲ့ ပေါက်ကရအမှတ်အယူတွေလည်းရှိတယ်။ ချော့လို့ ရမယ့်လူကို မုန့်ပေးကြိုက်ချင်တတ်တယ်။ ခိုင်းလို့ရမယ့်လူကို အကူပေး တပည့်မွေးချင်တတ်တယ်။ ခြောက်လို့ရမယ့်လူကို ခြတောင်ပို့ မြင့်မိုရ်တောင် ထင်အောင်လုပ်ပြီး ချောင်ပိတ်ချင်တတ်တယ်။ ဆရာဇော်ဂျီရဲ့ကဗျာထဲကလို မသိပိုးဝါး ထင်ပိုးဝါးအကျင့်တွေကလည်း ဘိန်းစွဲသလို စွဲနေလိုက်သေး။

ကျွန်တော်တို့ မြန်မာနိုင်ငံသ[illegible]ှင်းစာဆရာအသင်းက ကုလသမဂ္ဂ အတွင်းဝန်ချုပ်ဦးသန့် မြန်မာနိုင်ငံ ပြန်လာစဉ်က ပန်းချီကျော်ပေါ်ဦးသက်ရဲ့ ဆီဆေးပန်းချီကားကြီးတစ်ချပ် လက်ဆောင်ပေးဘူးတယ်။ ပေါ်ဦးသက်က မျက်မမြင်ပုဏ္ဏားခြောက်ယောက် ဆင်စမ်းသပ်ပြီး ထင်မြင်ချက်ပေးနေကြတဲ့ ရုပ်ပုံလွှာကို မြန်မာ့ရိုးရာဟန်နဲ့ ပန်းချီရေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



ပေါ်ဦးသက်က ကမ္ဘာ့ခေါင်းဆောင်ကြီးတွေ၊ သံတမန်ကြီးတွေ၊ ကုလသမဂ္ဂကိုယ်စားလှယ်ကြီးတွေ ကမ္ဘာ့ပြဿနာအရပ်ရပ်ကို ပုဏ္ဏားကန်းဆင်စမ်းနည်းနဲ့ ထွေထွေလာလာ အဖြေရှာနေကြတာကို သူ့အနုပညာနဲ့ လက်ညှိုးငေါက်ငေါက်ထိုးပြလိုက်တာပါ။ ပေါ်ဦးသက်စိတ်ထဲမှာ ကမ္ဘာကြီးငါးကြီးထဲက အကြီးဆုံးအင်အားကြီး အမေရိကန်ကြီးကို မျက်စောင်းထိုးလိုက်လေရော့သလားလို့တောင် ထင်ရရဲ့။

အခုကြည့်လေ။ Time မဂ္ဂဇင်းက လုပ်ချလိုက်ပြန်ပြီ။ ဗိုလ်ခင်ညွန့်ကို ကယ်တင်ရှင်ပုံသွင်းနေပြန်ပြီ။ ဘာတွေ့ဆုံဆွေးနွေးရေးလဲ။ ဒီမိုကရေစီနဲ့ အာဏာရှင် စကားလက်ဆုံ ပြောလို့မကုန် ဖြစ်အောင် ဗိုလ်ခင်ညွန့်က စီမံဖျော်စပ်ပေးမှာတဲ့လား။ ဟား ဟား ဟား ဟား။

ဗိုလ်ခင်ညွန့်ဆိုတာက ထောက်လှမ်းရေးဟ့။ ထောက်လှမ်းရေးဗိုလ်ချုပ်ဟ။ သူ လုပ်နိုင်လှ၊ ဒေါ်စုကို ထောက်လှမ်းရေးစစ်ကြောရေး ဆွဲခေါ်တာလောက်ပေါ့။ အဲဒါက တွေ့ဆုံမေးမြန်းခန်းပါခင်ဗျာ။ တွေ့ဆုံဆွေးနွေးပွဲ မလုပ်နိုင်ပါဘူး။ တန်ရုံသာ ရွှေညာဏ်တော်စူးရောက်တော်မူပါ အမေရိကန်ဆရာကြီးတို့ရယ်။

အဲဒီလိုတွေးနေမိရင်း ကျွန်တော် ဆက်စဉ်းစားတယ်။

စစ်အာဏာရှင်တွေဟာ တိုင်းပြည်ပြဿနာတွေကို တွေ့ဆုံဆွေးနွေးခြင်းနဲ့ အဖြေရှာမယ်ဆိုတဲ့ စိတ်စေတနာရှိရဲ့လား။ စိတ်အာသာဆန္ဒရှိရဲ့လား။ စိတ်ဓာတ်အာရုံရှိရဲ့လား။ ကျွန်တော် အများကြီးသံသယရှိတယ်။ ကျွန်တော့်ရဲ့ ဒွိဟသံသယတွေ မမှန်ပါစေနဲ့။ မကန်ပါစေနဲ့။ ဆုတောင်းပါတယ်။ ဆန္ဒပြုမိပါတယ်။ ဒေါ်စုနဲ့ မတွေ့ဆုံချင်နေပါ။ မေးလား မြန်းလား၊ စစ်လား ကြောလားတော့ မလုပ်ပါနဲ့။ သူ့ကိုတော့ ကျွန်တော်တို့လို လူ့ငရဲရဲ့အဝီစိဘုံဖြစ်တဲ့ စစ်ကြောရေးစခန်း မပို့ကြပါနဲ့။ အဲဒီလို မပို့ဘူးဆိုရင်ကို ကျေးဇူးကြီးလှပါပြီ ထောက်လှမ်းရေးဗိုလ်ချုပ်ကြီးခင်ဗျား။

ကျွန်တော်လည်း တောင်တွေး မြောက်တွေးနဲ့ ဘယ်တွေချော်တောင်ငေါ့နေမိပါလိမ့်။ တွေးတာနဲ့ ရေးချင်တာ တခြားစီဖြစ်နေပြီ ထင်ပါရဲ့။ ချောတောငေါ့သွားတဲ့ အတွေးတွေကို ဘရိတ်အုပ်လိုက်တယ်။ Time မဂ္ဂဇင်းဆောင်းပါးကိစ္စ ပြန်ကောက်လိုက်တယ်။ ဒီတော့မှ ဟိုးနှစ်ပေါင်း အတော်ကြာကကြည့်ခဲ့ဘူးတဲ့ ကာတွန်းကဝေကြီး ဝေါ့ဒစ္စနေရဲ့ရုပ်ရှင်ကားတစ်ကားကို သွားသတိရမိတယ်။



ရုပ်ရှင်ကားနာမည်က Lady and the Tramp တဲ့။ မြန်မာလိုတော့ ထိပ်ထားနဲ့တေလေပေါ့။ စကားကြောရှည်တယ် မထင်ပါနဲ့။ ဒီ ဒီကာတွန်းရုပ်ရှင်က တစ်နာရီခွဲလောက်ပြတဲ့ ရုပ်ရှင်ကြီးဗျ။ ဇာတ်လမ်းကလည်းကောင်း၊ ကာတွန်းတွေကလည်း လက်ရာမြောက်တော့ အဲဒီအချိန်တုန်းက လူတိုင်းနှစ်ခါပြန်လောက် ကြည့်ခဲ့ကြတဲ့ကား။

ကျွန်တော် Time သတင်းမဂ္ဂဇင်း ဆောင်းပါးကို ကောက်နုတ်ဘာသာပြန်တယ်။ ဘာသာပြန်ရဲ့ခေါင်းစဉ်ကို "ထိပ်ထားနဲ့သေနာ"လို့ တပ်လိုက်တယ်။ "ထိပ်ထားနဲ့တေလေ"ရဲ့ ပွဲတင်သံပါ။ Time မဂ္ဂဇင်းကလည်း Lady and the Tramp ကို သံယောင်လိုက်ပြီး ဆောင်းပါးခေါင်းစဉ်တပ်ထားတာ မဟုတ်လား။

Time သံယောင်လိုက်တာက အရေးမကြီးဘူး။ ကျွန်တော် မြန်မာလို ဘာသာပြန်ခေါင်းစဉ်တပ်ဖို့ ခက်နေတယ်။ ထိပ်ထားဆိုတာကတော့ စကားလုံးလှပါရဲ့။ ချောပါရဲ့။ နောက်စကားလုံးကို ဗိုလ်ချုပ်ကြီးလို့ ဘာသာပြန်ရင် ဟန်မကျလှဘူး။ စာလုံးမလှ။ အသံမချောဘူးလေ။

စဉ်းစားလိုက်ရတာ ဦးနှောက်ကိုခြောက်ကရော။ ခေတ်လူငယ်တွေကတော့ ဦးနှောက်မှန်တိုင်းဆင်တယ် ဘာတယ်ပြောကြတာပဲ။ ကျွန်တော်ကတော့ ဦးနှောက်နာဂစ်တောင် ဂစ်ကြည့်သေးတယ်။ မရဘူး။ နောက်ဆုံးတော့ မတတ်သာ။ ဖြစ်ချင်ရာဖြစ်ဆိုပြီး ဘာသာကောက်ပြန်လိုက်တယ်။ ဆရာတက်တိုးရဲ့ "အရမ်းဘာသာမပြန်နဲ့"ဆိုတဲ့ အာစရိယဝါဒ ဆုံးမစကားကို လွန်ဆန်တယ်။ ကျွန်တော် အတင့်ရဲရဲ လက်ရဲရဲ ဇက်ရဲရဲ အရမ်းဘာသာပြန်လိုက်တယ်။

**"ထိပ်ထားနဲ့သေနာ"**

ထောင်ထဲမှာလည်း ဆရာတွေရှိသေးတော့ သူတို့က ကျွန်တော့်ကို ဝေဖန်ပြစ်တင်ကြတယ်။ ခင်ဗျားနှယ်ဗျာ။ General ကိုများ သေနာရယ်လို့ ပြန်မှပြန်တတ်ပလေတဲ့လေ။

ကျွန်တော် မနည်းဖြေရှင်းယူရတယ်။ ဒီလိုပါ ဆရာတို့ရယ်။ ကျွန်တော့်ဘာသာပြန်ဝေါဟာရ အပြည့်အစုံက သေနာပတိပါ။ စာလုံးကြီးရှည်လွန်းလို့ သေနာနဲ့ ဖြတ်လိုက်တာပါ။ Lady and the General ကို ထိပ်ထားနဲ့သေနာလို့ပဲ အလွယ်တကူ မှတ်ယူတော်မူကြပါဘိဗျား။

◆

www.burmeseclassic.com

www.burmeseclassic.com

## သပိတ်သွတ် ကုသိုလ်ဘာဂ အမျှ အမျှ

"ဘီတီကြီးသေပြီ"တဲ့။ သတင်းဆိုးကြီး ကြားလိုက်ရတာ ရင်ထဲမှာ နင့်ခနဲဖြစ်သွားတယ်။ လူပဲလေ။ သေချိန်တန်သေမှာပေါ့။ ဘီတီကြီး သေချိန်တန်မတန်တော့ ကျွန်တော်မသိ။ သေလောက်တဲ့အရွယ်ရောက်နေတာတော့ သိတယ်။ သူက ကျွန်တော့်ထက် နှစ်နှစ်လား သုံးနှစ်လားကြီးတယ်။ သေလောက်တဲ့ရောဂါဝေဒနာ ကပ်ငြိခံစားနေရတာလည်းသိတယ်။ သေလောက်တဲ့ စိတ်ဆင်းရဲမှုသောကဗျာပါဒ ကပ်ငြိနေတာတောင် သိထားသေးပေါ့။

ဘီတီကြီးဆိုတာ စာရေးဆရာ မောင်သော်ကကို အားလုံးက ချစ်စနိုးခေါ်ကြတဲ့ နာမည်တိုပါ။ သူ့နာမည်ရင်းက ဘသော်ဆိုတော့ အင်္ဂလိပ်လို အတိုချုံးပြီး ဘီတီလို့ခေါ်ကြတယ်။



၁၉၈၉–၉၀လောက်က ကျွန်တော် ဂရိုးဂရိုး(ခဏခဏ)စစ်ကြောရေး ထုတ်ခံရတယ်။ စစ်ကြောရေးတစ်ခါဝင်ရင် တစ်သက်လောက်ကြာတယ်လို့ ထင်ရတယ်။ ထင်ရလောက်အောင်လည်း နေ့ပေါင်းများစွာ ညပေါင်းများစွာ အကြိမ်ကြိမ် အခါခါ မေးတယ်။ မြန်းတယ်။ စစ်တယ်။ ကြောတယ်။ တစ်ခါတစ်ခါ ပါးစပ်နဲ့မေးရုံနဲ့ အားမရဘူး။ လက်နဲ့မေးတဲ့အခါတွေလည်း ရှိတယ်။

တစ်ညမှာ ကျွန်တော့်ကို တိုက်သုံးပြန်ပို့တယ်။ အဲဒီမှာ ဘီတီကြီးနဲ့ ကျွန်တော် တွေ့တာ။ ထောက်လှမ်းရေးစစ်ကြောရေးမှာ ကျွန်တော် ဘယ်နှစ်ရက်၊ ဘယ်နှစ်နေ့ ဘယ်နှစ်ညကြာခဲ့မှန်းမသိ။ ဒါပေမဲ့ ကျွန်တော် သာခွေယိုင်ဖြစ်မနေဘူး။ ရွှင်မြူးလန်းဆန်းနေတယ်။ ပျော်နေတယ်လို့တောင် ဆိုရမလားဘဲ။ ဟုတ်ပါရဲ့။ ကျွန်တော်တစ်ယောက် ဝမ်းသာအားရဖြစ်နေတယ်။ ပျော်နေတယ်ပေါ့။ ကျွန်တော့်ဘေးမှာ ဘီတီကြီးကပ်ပါလာတယ်။

ဘယ့်နှယ်က ဘယ့်နှယ်ဖြစ်တယ်မသိ။ ကျွန်တော်တို့နှစ်ယောက်ကို ခေါင်းစွပ်တွေချွတ်ပေးထားတယ်။ လမ်းလျှောက်ရင်း စကားစမြည်ပြောခွင့်ပေးထားတယ်။ ခွင့်ပေးတာလား။ စကားပြောတာ မပိတ်ပင်တာလား။ ကွဲကွဲပြားပြားတော့မသိဘူး။ လိုက်ပို့တဲ့ဝန်ထမ်းက ကျွန်တော်တို့ စကားတွေ ဖောင်လာတာကို ဘာတစ်ခွန်းမှဝင်မဟန့်ဘူး။ ထောင်ဗဟို(မိန်းဂျေး)မှာလည်း ဘယ်သူကမှ အရေးလုပ်ပြီး တားဟယ် ဆီးဟယ် မလုပ်ဘူး။

သူပြောတဲ့စကားတွေထဲမှာ ကျွန်တော် မှတ်မိတာလေးတွေရှိတယ်။

"အီဗာက ခင်ဗျားကိုခင်တယ်ဗျ။ သူက မိုလ်မင်းခေါင်တို့နဲ့လည်း ရင်းတယ်။ ခင်ဗျားကို ထမင်းစားဖိတ်ခိုင်းတာ။ ခင်ဗျားက မန္တလေးရောက်နေတာကိုး"

ဟုတ်တယ်။ အီဗာက ကျွန်တော်နဲ့လေပေးဖြောင့်တယ်။ သူတို့လင်မယားနေတဲ့ ကြည့်မြင်တိုင်စလင်းကွင်းနားက အိမ်ကို ကျွန်တော်ရောက်လေ့ရှိတယ်။ ဘီတီကြီးတိုက်တဲ့ ဖျော်ရည်သောက်။ အီဗာကျွေးတဲ့ထမင်းစားပေါ့လေ။ အီဗာက မြိတ်သူ။ ဟင်းချက်ကောင်း။ အီဗာဆိုတာ ဘီတီကြီးရဲ့ဇနီး။ ဘီတီကြီးက သူ့ဇနီးကို သိပ်ချစ်တာ။ မြတ်နိုးတယ်ဆိုရင် ပိုမှန်မယ်။ အီဗာကလည်း ဘီတီကြီးကို တယ်လည်း အလိုလိုက် အကြိုက်ဆောင်ပေးသကိုး။

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ကြိမ် ဘီတီကြီးနဲ့ ထောင်ဝင်စာမှာတွေ့တယ်။ သူရော ကျွန်တော်ပါ ခေါင်းစွပ်ကိုယ်စီနဲ့။ သူ့အသံ ကျွန်တော် မှတ်မိတယ်။ ထောင်ဝင်စာရုံကလေးက ညွန့်မှူးရုံးဘေးမှာ ကပ်ဆောက်ထားတဲ့ ခြောက်ပေသုံးပေ အရွယ် သွပ်မိုးတဲကလေး။ သူစကားပြောပြီးချိန် ကျွန်တော်တဲနားကပ်သွားတယ်။ သူနဲ့ ခဏတဖြုတ် စကားဆုံလိုက်ရတယ်။

"ကိုဝင်းတင်ရေ ... အီဗာဆုံးပြီဗျာ"

"ဟာ ဘယ်လိုဖြစ်တာလဲ"

"ဒါတွေပြောမနေနဲ့တော့။ ကျုပ်စိတ်နဲ့သေရရှာတာဗျာ။ ကျုပ်ထောင်က လွတ်ရင် သူ့ကို ကြီးကြီးမားမားဂုဏ်ပြုချင်သဗျာ"

"အင်း" ကျွန်တော် အင်းလိုက်ရုံပဲ လုပ်နိုင်တယ်။

"ကျုပ် သူ့လို ခရစ်ယာန်လုပ်ရင် သူပျော်မှာဗျ။ သူ့ကို မြတ်မြတ်နိုးနိုး ဂုဏ်ပြုရာလည်း ရောက်မှာပေါ့ဗျာ"

"အင်း"

ဘီတီကြီးနဲ့ နောက်ထပ်မဆုံဖြစ်တော့ပါ။

၁၉၉၁ နှစ်လယ်ပိုင်းမှာ ကျွန်တော် တိုက်သုံးရောက်သွားတယ်။ လေးဘက်ပိတ်အခန်း(၁၀)မှာ နေရတယ်။ ဘီတီကြီးရဲ့သတင်းဆိုးကိုကြားရတဲ့ နေ့မှာ ကျွန်တော် ထောင်ဝင်စာရတယ်။ ကျွန်တော် ဘာမှစားချင်စိတ်သောက်ချင်စိတ် မရှိဖြစ်သွားတယ်။ ဘီတီကြီးအကြောင်းကိုသာ အတွေးခန်းဝင်နေမိတယ်။

သူနဲ့ကျွန်တော် ဘယ်တုန်းဘယ်အချိန်က စတင်သိကျွမ်းခဲ့တယ်ဆိုတာ မမှတ်မိတော့ပါ။ သူ 'ရှေ့သို့'အယ်ဒီတာလုပ်နေချိန် ၁၉၆၀ကျော် ၁၉၇၀ ကာလက သူနဲ့ကျွန်တော် ကိုသောင်း(ကြေးမုံ–အောင်ဗလ)ရုံးခန်းမှာ အမြဲတွေ့ကြဆုံကြတာကို ပိုမှတ်မိနေတယ်။ မန္တလေး ဟံသာဝတီသတင်းစာက ကျွန်တော် ပြုတ်ပြန်လာတော့ လမ်းသစ်ရိပ်သာ ကျွန်တော့်အခန်းမှာ ဆုံလေ့ရှိကြတယ်။ သူရယ်၊ စာရေးဆရာတပ်ကြပ်မောင်ထူးရယ်၊ ကျွန်တော်ရယ် ဝိုင်းဖွဲ့ကြတာ မှတ်မိနေတယ်။ ၁၉၈၈ အရေးတော်ပုံကာလ သူ့အိမ်မှာ ကိုလှဝင်းတို့၊ ကိုယုတို့၊ ကိုဝင်းခက်တို့၊ ကျွန်တော်တို့ဆုံပြီး ဒီမိုကရေစီကြေညာချက်ထုတ်တာ မှတ်မိနေတယ်။ သူနဲ့ကျွန်တော် ဒီချုပ်မှာ အတူလှုပ်ရှားကြတာ၊ မုံရွာ ရွှေဘို



မှာ ခရီးသွားဟန်လွှဲ ဆုံခဲ့ကြတာ မှတ်မိနေတယ်။ လွမ်း... လွမ်း... လွမ်း ပါဘိ ဘီတီကြီးရေ။

ကျွန်တော် ထောင်ဝင်စာမှာ သူငယ်ချင်းအုန်းထွန်းနဲ့သမီးမိဆွေ မိတူးတို့က မန္တလေးဒေါ်မြရင်ဝက်အူချောင်းတွေ တစ်ပုံကြီးကြော်ပေးလိုက်တယ်။ ဝက်အူချောင်းတွေကို ထောင်ပုံစံထမင်းပန်းကန်ထဲကို ထည့်တယ်။ အမောက်ကြီးရတယ်။

တိုက်သုံးမှာ အမြဲဆင်း ထွန်းထွန်းကျော်ဆိုတဲ့ ကောင်လေးရှိတယ်။ သူ့ကို တစ်တိုက်လုံး အခန်းစေ့ ဝက်အူချောင်းဝေခိုင်းလိုက်တယ်။

"အဘရဲ့ သူငယ်ချင်းတစ်ယောက်သေလို့ သပိတ်သွတ်တာလို့ပြောပြလိုက်ပါကွယ်"

မွတ်ဆလင်ဘီတီကြီးအတွက် ကျွန်တော် ကုလားလိုအမျှမဝေတတ်ပါ။ ခရစ်ယာန် အီဗာရဲ့ချစ်လင် ဘီတီကြီးအတွက် ကျွန်တော် ဘိုလို အမျှမဝေတတ်ပါ။

"ဝက်အူချောင်းသပိတ်သွတ် ကုသိုလ်အဖို့ဘာဂကို ဘီတီကြီး အမျှရပါစေသတည်း။ အမျှ ... အမျှ ... အမျှ။

◆

www.burmeseclassic.com

www.burmeseclassic.com

## နိုးထသူတို့ခေါင်းခွံများ

မကြာခင်က ကဗျာဆရာကြီးတင်မိုး ကွယ်လွန်တာသုံးနှစ်ပြည့်တယ်။

ကိုတင်မိုးနဲ့ ကျွန်တော် နောက်ဆုံးတွေ့လိုက်တာဟာ အင်းစိန်ထောင်ထဲမှာပါ။ ကျွန်တော်က ထောင်တွင်းဆေးရုံအပေါ်ထပ်က။ သူက ဆေးရုံနဲ့ကပ်ရက် အဆောင်-၅ စိုက်ခင်းထဲက။ သူက လက်ပြတယ်။ ကျွန်တော်က လက်ပြတယ်။ နှစ်ယောက်စလုံး လက်ပြကြတယ်။ နှစ်ယောက်စလုံးအဖို့ဒါ နောက်ဆုံးတွေ့ခြင်းပဲဆိုတာ နှစ်ယောက်စလုံး မသိကြဘူး။ ဟုတ်တယ်။ အဲဒါ နောက်ဆုံးတွေ့ခြင်းပဲ။

၁၉၉၄ တစ်ပိုက်လောက်က ဖြစ်မယ်ထင်တယ်။ ကျွန်တော်နေတဲ့တိုက်-၅ကို အကျဉ်းသားမျက်လှည့်ဆရာတစ်ယောက် ရောက်လာတယ်။ မျက်



လှည့်ပြတယ်။ ကျွန်တော်တို့တွေ ပျော်ကြတယ်။ သူက တရုတ်လူမျိုးပါ။ ဗမာစကား လည်လည်ပတ်ပတ်ပြောနိုင်တယ်။ တော်တော်ကြီးကို ပြောနိုင်တယ်လို့ ဆိုရမယ်။

ပွဲပြီးတော့ သူ့ကို မုန့်လေးဘာလေးကျွေးကြတယ်။ စကားဝိုင်းဖွဲ့ကြတယ်။ စကားပြောမိမှ သူနေတာ အဆောင်-၅ ဆိုတာ သိရတယ်။ နိုင်ငံရေးအကျဉ်းသားအများဆုံးရှိတဲ့အဆောင်။

"ကဗျာဆရာတင်မိုး သိလား"

"ဟာ မသိဘဲနေမလားဗျာ။ တစ်ဆောင်လုံးသိတယ်။ လူတိုင်းကချစ်တယ်။ ထမင်းစားလည်း ဘုန်းကြီးပွဲလို။ ရေချိုးလည်း ချေးတွန်းရေလောင်းတဲ့လူ ဝိုင်းဝိုင်းလည်။ အိပ်ရာဝင်ခါနီး အနှိပ်တော်ဆက်တဲ့သူအပြည့်"

"သူကလည်း ကျောင်းဆရာဆိုတော့ တပည့်ခံချင်သူသိပ်မရှားဘူးပေါ့ဗျာ"

"ဟုတ်တယ်။ သူကလည်း လူတိုင်းကို စာသင်ပေးချင်တာ။ ကဗျာတွေလည်း ရွတ်ပြတတ်တယ်"

ကျွန်တော် စကားဝိုင်းကထွက်ပြီး အခန်းထဲပြန်ဝင်တယ်။ မျက်လှည့်ပွဲကြည့်ဖို့ ကျွန်တော့်ကိုလည်း အခန်းဖွင့်ပေးထားတာ။

ကိုတင်မိုးဆီ စာတစ်စောင်ရေးတယ်။ ဘိုးတော်ခင်ဝင်းကောင်းမှုနဲ့ ဆေးလိပ်ထဲ စာထည့်တယ်။

ပွဲသိမ်းခါနီး မျက်လှည့်ဝိုင်းထဲ ကျွန်တော်ဝင်ထိုင်တယ်။ ပွဲပြီးတော့ မျက်လှည့်ဆရာကို ဆေးလိပ်မီးညှိပေးတယ်၊ ဆေးလိပ်ထဲမှာစာပါတယ်။ အပိုဆေးလိပ်နှစ်လိပ်လည်း ပေးလိုက်တယ်။ ထောင်ဗဟို(မိန်းဂျေး)ကိုဖြတ်ရင် ဝန်ထမ်းတွေ ပေးခဲ့ဖို့။ မှာစရာတွေ အစုံမှာတယ်။

မျက်လှည့်ဆရာကလည်း အစုံပြောတယ်။ နိုင်ငံရေးသမားတွေအပေါ် သူ စေတနာထားတယ်။ ကိုတင်မိုးကို ကြည်ညိုတယ်။

"ကျွန်တော်က နိုင်ငံရေးတွေဘာတွေ လုပ်ချင်တာဗျ။ တရုတ်ဖြစ်နေလို့၊ နိုင်ငံခြားသားမှတ်ပုံတင်နဲ့ နေနေရလို့ ဘာမှမလုပ်နိုင်ဘူး"

"နိုင်ငံရေးတွေထားဦးဗျာ။ ကျွန်တော်တို့လည်း စမ်းတဝါးဝါးပါ။ ဒီဆေးလိပ်ကလေးတော့ ကိုတင်မိုးလက် ဆက်ဆက်ပေးပါ။ စိတ်ချမယ်နော်"

တရုတ်ကြီးက စိတ်ချ စိတ်ချလို့ တဖွဖွပြောပြီး ပြန်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကိုတင်မိုးဆီ စာရောက်မရောက် သေချာမသိပါ။ ရောက်တာ မရောက်တာ အရေးမဟုတ်။ ရဲဘော်ချင်း၊ စာပေသမားချင်း အခွင့်ရ ရသလို စာရေးဖြစ်တာကသာ အရေးကြီးတယ် မဟုတ်လား။ (မိသားစုတွေ့ခွင့်ရတဲ့သူကတစ်ဆင့် မိန်းမဆောင်ကို ကျွန်တော် စာပို့တယ်။ ဒီချုပ်လှုပ်ရှားသူ မသီတာ(စမ်းချောင်း ဆီကိုပါ။)

ကိုတင်မိုးနဲ့ကျွန်တော် ခင်တာကြာပြီ။ ကျွန်တော်ကလည်း မန္တလေးသားတစ်ပိုင်း။ သူကလည်း ကျွန်တော့်လိုပဲ နယ်ကလာတဲ့သူ။ မန္တလေး ပဝတ္တိသား။ ရေစကြိုသား စာရေးဆရာအောင်ပြေညို ကျွန်တော့်အခန်းမှာတည်းလေ့ရှိတယ်။ ကိုတင်မိုးက အခန်းလိုက်လာတတ်တယ်။ ချက်ပြုတ်စားသောက်ကြတယ်။ စာဝိုင်း ကဗျာဝိုင်းဖွဲ့ကြတယ်။ နိုင်ငံရေးဝိုင်းလည်းဖွဲ့ဖြစ်သေး။

ကိုတင်မိုးက နိုင်ငံရေးစိတ်ဓာတ်အခံရှိတယ်။ သူ့ကဗျာတွေမှာ နိုင်ငံရေးအရောင်တွေသန်း၊ အသံတွေထွက်နေတတ်တယ်။ နိုင်ငံရေးစကားလည်း တော်တော်ပြောတယ်။ မှတ်မိသေးတယ်။ ဆရာမင်းသုဝဏ်မွေးနေ့ပွဲ ကျွန်တော် ရောက်သွားတယ်။ ကိုတင်မိုးတွေ့တယ်။ ဆရာ့အိမ်မှာ စကားတွေပြောလို့ မကုန်။ ပြန်မယ်ဆိုတော့ တက္ကသိုလ်ဝင်းထဲ လမ်းလျှောက်ကြရအောင်တဲ့။ အင်းလျားလမ်းပေါ်ရောက်တော့ လက်ဖက်ရည်ဆိုင်သစ်ကလေးမှာ ထိုင်ရအောင်တဲ့။ ကျဆိမ့်နှစ်ခွက်စီသောက်ပြီးတော့ သူ့အိမ်ကို သွားရအောင်တဲ့။

ဆရာမင်းသုဝဏ် နေသွားခဲ့တဲ့ တက္ကသိုလ်ရိပ်သာလမ်း ခြံဝင်းကြီးထဲက တန်းလျားလိုအိမ်ကလေးမှာ သူနေတယ်။ အိမ်မှာစကားတွေပြောကောင်းတိုင်းပြောကြတာ ညနေနှစ်နာရီခွဲရော။ ကျွန်တော်ထပြန်တော့ ကားဆိပ်အထိ သူလိုက်ပို့တယ်။ ကားဆိပ်မရောက်ခင် သူ့ဂျပန်ဖိနပ် သဲကြိုးပြတ်သွားတယ်။

ပြန်ပါတော့ဗျာ။ နောက်တွေ့သေးတာပေါ့ဆိုလည်းမရ။ ဖိနပ်ပြတ်ကြီး လက်ကကိုင်ထားတယ်။ ကားဆိပ်အထိလိုက်လာတယ်။ ဘတ်စ်ကားထွက်မှပဲ လက်ပြကျန်ခဲ့တယ်။

ကိုတင်မိုးက အဲကလိုမျိုး ကဗျာဆရာ။

အရေးတော်ပုံကာလမှာ သူစာနယ်ဇင်းသမဂ္ဂဝင်လှုပ်ရှားတယ်။ ဒီချုပ်ဖွဲ့တော့ ကျွန်တော်တို့ဆီ သူရောက်လာတယ်။ ကိုမိုးသူနဲ့တွဲပြီး ဒီချုပ်မှာ သူတို့ခြေ သူတို့လက် လှုပ်ရှားကြတယ်။ အဲဒီအချိန်မှာ ကဗျာရှည်ကြီးတစ်ပုဒ် ရေးတယ်။ "အမေ့သားတိုးတိုးပြောလှည့်ပါ"တဲ့။



ကဗျာရှည်ကြီးကို နံရံကပ်စာစောင်သဘော ခန်းလုံးပြည့်ရေးကပ်တယ်။ ဖွင့်ပွဲလုပ်တယ်။ ဒေါ်အောင်ဆန်းစုကြည်တို့၊ ဦးတင်ဦးတို့၊ ဦးအောင်ရွှေတို့၊ ဦးလွင်တို့ စတဲ့ ဒီချုပ်ခေါင်းဆောင်တွေတက်တယ်။

ကျွန်တော့်ကို အမှာစကားပြောခိုင်းတယ်။

ကဗျာခန်းမထဲရောက်မှ ပြောခိုင်းတာ။ ကိုမိုးသူတို့ ကိုတင်မိုးတို့လုပ်လိုက်ရင် အဲဒီလိုမျိုး။ လမ်းခေါ် ဗျော်မှည့်ဆိုတာမျိုး။ ကောက်ခါငင်ကာ ဝရုန်း သုန်းကား။

ငြင်းလို့မရတော့ဘူး။ ကျွန်တော် စကားပြောရတာပေါ့။

ပြောတာက တိုတိုပါ။ ကိုတင်မိုးဟာ အရေးတော်ပုံရဲ့စာဆိုပဲ။ နယ်ချဲ့ ပထမလွတ်လပ်ရေးတိုက်ပွဲရဲ့ စာဆိုဟာ ဆရာကြီးသခင်ကိုယ်တော်မှိုင်း ဖြစ်ခဲ့တယ်။ ဒုတိယလွတ်လပ်ရေးတိုက်ပွဲရဲ့စာဆိုဟာ ကဗျာဆရာကြီးတင်မိုး ဖြစ်တယ်။ ဒါကြောင့် ကိုတင်မိုးဟာ ဒီနေ့ခေတ်ရဲ့ သခင်ကိုယ်တော်မှိုင်း။

နောက်တစ်ချက်က ကိုတင်မိုးဟာ လေးနက်တဲ့လောကအမြင်ရှိတဲ့ ကဗျာဆရာဖြစ်တယ်။ သူ့ရဲ့ "ဆေးလိပ်လည်းတို နေလည်းညိုပြီ ငါ့ကိုပြန်ပို့ကြပါလေ" ဆိုတဲ့ ကဗျာလိုမျိုးဟာ သာဓကဖြစ်တယ်။ ဒီနေ့ဒီခေတ်မှာ ဒီလို လောကအမြင်မျိုးဟာ နိုင်ငံခေါင်းဆောင်တွေ၊ နိုင်ငံရေးခေါင်းဆောင်တွေ၊ လူ့အဖွဲ့အစည်းခေါင်းဆောင်တွေရဲ့ ရင်ထဲနှလုံးထဲ ဦးနှောက်ထဲမှာ စွဲမြဲသင့်တဲ့ သဘောတရားပဲ ဖြစ်တယ်။

ဒါလောက်ပဲ ကျွန်တော်ပြောပါတယ်။

ကိုတင်မိုးဟာ ဒီနေ့ခေတ်ရဲ့သခင်ကိုယ်တော်မှိုင်းလို့ ဆိုတာကို မကြိုက်တဲ့သူတွေရှိတယ်။ ကျွန်တော့်ကို ဝေဖန်ကြတယ်။ နေညိုမှန်းသိ၊ ဆေးလိပ်တိုမှန်းသိ၊ အိမ်ပြန်ချိန်တန် အိမ်ပြန်ပို့ပါတော့လို့ ပြောရကောင်းမှန်းသိတာကို ထူးခြားတဲ့ လောကအမြင်အဖြစ် ထွန်းပပြတာကို မကြိုက်တဲ့သူတွေရှိတယ်။ ကျွန်တော့်ကို ဝေဖန်ကြတယ်။ ပါတီထဲမှာ အတိုင်အတောခံရတဲ့အထိပဲ။

ဒါတွေကို ပြန်တွေးရင်း ကျွန်တော် ကိုတင်မိုးကိုလွမ်းနေမိတယ်။

နေဦး။ စကားကြောရှည်သွားတာနဲ့ ကိုတင်မိုးဆီ ကျွန်တော် ရေးပို့လိုက်တဲ့ စာအကြောင်း ပြောဖို့မေ့နေတယ်။

ကျွန်တော့်စာက တိုတိုပါ။ သူ့ကဗျာကို ကိုးပြီး ကဗျာတစ်ပုဒ်ရေးသည့် လိုက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဆေးလိပ်လည်းတို
နေလည်းညိုပြီ
ရှေ့ကိုခရီးဆက်ကြစို့။
ငါ့ကိုရှေ့သို့ ဆောင်ယူပို့။
ညကိုလွန်သော် ရောင်နီပျို့။"

ကျွန်တော့်စာမှာ ကဗျာချည်းရေးထားဟာ မဟုတ်ပါဘူး။ နိုင်ငံရေးလည်း ပါပေသပေါ့။

ဒီနေ့ ငါတို့နိုင်ငံရေးတောင်းဆိုချက်က "စု–လွှတ်–တွေ့"။

စု = ဒေါ်စုနှင့်နိုင်ငံရေးအကျဉ်းသားအားလုံးလွှတ်။

လွှတ် = ၁၉၉၀ ရွေးကောက်ပွဲရလဒ် လိုက်နာ။ လွှတ်တော်ခေါ်။

တွေ့ = နိုင်ငံရေးအကျပ်အတည်းများ ဖြေရှင်းရေးတွေ့ဆုံဆွေးနွေး။

သူနဲ့ကျွန်တော်တို့ကြားက စာပေအဆက်အဆံ၊ နိုင်ငံရေးအဆက်အဆံဟာ ဒီမှာတင် တစ်ခန်းရပ်ခဲ့ပါတယ်။

သူဆုံးပြီကြားတော့ သိပ်စိတ်ထိခိုက်မိတယ်။ လွန်ခဲ့တဲ့ နှစ်ငါးဆယ်လောက်က သူရေးခဲ့တဲ့ ကဗျာတစ်ပုဒ်ကို ပြန်အောက်မေ့မိတယ်။

### သမိုင်းဆရာရဲ့တွေ့ရှိချက်

"လက်နက်သခင်
ရှင်ဘုရင်၏
ပလ္လင်အောက်က
တွေ့ရှိရသည်
နီးထသူတို့
ခေါင်းခွံများ။"

နောင်တစ်ခေတ်မှာ ဒီနေ့စစ်အာဏာရှင်တွေရဲ့ ရွှေပြည်တော်ရာဇပလ္လင်ကို တွန်းလှန်ဖြိုဖျက်ကြည့်ရင် သမိုင်းဆရာတွေ တွေ့ရမှာကလည်း

နီးထသူတို့
ခေါင်းခွံများ – ပါပဲ။

ကျွန်တော့်ခေါင်းခွံသာ တွေ့ချင်မှတွေ့မှာ။ ကိုတင်မိုးခေါင်းခွံတော့ မုချတွေ့မှာလို့ ပြောနိုင်ပါတယ်။

◆

# လူ့ငရဲကို ပြန်လည်လောင်မြိုက်ခြင်း (၃)

www.burmeseclassic.com

www.burmeseclassic.com

- ခေါင်းလောင်းထိုးသံ ဘယ်သူ့ကံ
- ပင်ညဲရိုးရဲ့ ဂျပိုးဟိန်းသံ
- ထောင်နံ့ရုံတွေမှာ ပါးစပ်တွေရှိတယ်
- အန္တိဒဏ္ဍာရီ
- အန္တိဒဏ္ဍာရီနှင့် အန္တိများစွာ



## ခေါင်းလောင်းထိုးသံ ဘယ်သူ့ကံ

၁၉၉၅ သကြံန်အကျော်မှာ တီးတိုးတီးတိုး သဖန်းပိုးတွေ ထောင်ကို ပရွက်ဆိတ်ကိုက်သလို တစစ်စစ်ကိုက်နေတယ်။

သတင်းတွေကလည်းစုံပါပေ့။ မိုလ်ချုပ်မှူးကြီးစောမောင် ရူးသွားပြီတဲ့။ ဂေါက်ကွင်းထဲမှာ "ငါ ကျန်စစ်သားကွဟေ့"လို့ ထထအော်သတဲ့။ သတင်းထောက်တစ်ယောက်က သူ့ကို တစ်ယောက်တည်းကျန်ခဲ့တဲ့စစ်သားလို့ သိဒ္ဓိတင်ရေးတာကို သူဖတ်ရသတဲ့။ အဲဒီအချိန်ကစပြီး သူ့ကိုယ်သူ ကျန်စစ်သားလို့ချည်း ကြုံးဝါးနေတော့တာတဲ့။ ဘုရင့်နောင်ရူးနာထနေတဲ့ နောက်တစ်ယောက်လည်း ရှိသေးသတဲ့။ သူကတော့ သူ့ကိုယ်သူ ဘုရင့်နောင်ဝင်စားတာလို့ချည်း တဖွဖွပြောနေတာတဲ့။ နောက်တစ်ယောက်ကတော့ ...

www.burmeseclassic.com

www.burmeseclassic.com



"နောက်တစ်ယောက်ကရော။ သူကလည်း ဘုရင်ရူးပဲတဲ့လား"

"ဟေ့ဟေ့ နေဦး နေဦး။ သူကရော ချုပ်ကြီးပဲလား။ ကွေးကွေးသေးသေး ကောင် အရူးထတာ လာပြောမနေနဲ့။ အကုန်အရူးချည်းပဲ"

"အေး ဟုတ်တယ်။ ကြီးတဲ့ကောင် ရူးတာ၊ ရူးတဲ့ကောင်ကြီးတာပဲ ကြား ချင်တယ်ဟေ့"

ထောင်ထဲမှာ လူတွေက အတော်ခက်တာကိုး။ သတင်းပုလင်းလေး မကြားလိုက်နဲ့။ ကြားကြားသမျှ စွပ်တင်တော့တာ။ ကြားတာတွေကများ၊ ပြော တာတွေကများ၊ ကြားလိုက်ပြောလိုက် ပြောလိုက်ကြားလိုက်။ ဒီလိုနဲ့ ကြားပြောက ကြောပြားဖြစ်၊ ပြောကြားက ပြားကြောဖြစ်။ စကားသံသရာ လည်ရာက စကားဝင်္ကပါဖြစ်၊ စကားဝင်္ကပါလည်ရာက စကားသပွတ်အူဖြစ်၊ စကားသပွတ်အူရှုပ်ရာက စကားအမယ်ဘုတ်ချည်ခင်ဖြစ်ကုန်ရော။ စကား အမယ် ဘုတ်ချည်ခင် ရှုပ်လိုက်တာ ရှင်းလို့ကိုမရတော့ဘူး။ ဘယ်သူပြောတာ မှန်လား မှားလား ဘယ်သူမှ မပြောနိုင်တော့ဘူး။ နောက်ဆုံးတော့ ဘယ်သူ ပြောပြော ဘယ်သူမှ မယုံတော့ဘူး။

ဒီအထဲ လွတ်ကြောင်တွေရဲ့စကား ရွှေခြည်ငွေခြည်တန်းတွေကလည်း ရှိသေး။ လွတ်ကြောင်ဆိုတာ ထောင်စကား။ လွတ်ခါနီးလို့ ကြောင်တဲ့သူ၊ လွတ်မယ်ထင်လို့ကြောင်တဲ့သူ။ လွတ်လွတ်မလွတ်လွတ် လွတ်မယ့်အကြောင်း ချည်းပြောပြီး ကြောင်တဲ့သူ။

တောင်ကြွက်တွေကတော့ လွတ်ကြောင်တွေစကားကို မယုံကြဘူး။

"ဖြစ်နိုင်မလား။ စဉ်းစားကြည့်လေကွာ။ ဟိုဒင်းက ဟိုဟာဖြစ်မှ ဟို ဟာနဲ့ ဟိုဒင်းပေါင်းပြီး ဟိုဒင်းဟိုဟာ ဖြစ်လာမှာပေါ့။ ဒီကောင်တွေ ပြောတာ ငါတော့ မယုံပေါင်။

တောင်ကြွက်ဆိုတာလည်း ထောင်ထဲကလူတန်းစားတစ်ရပ်ပဲ။ သူတို့ က အမြဲတမ်း နိုင်ငံရေးကို တွက်နေတာ။ ဟိုပါတီက ဟိုလိုသဘောထားထုတ် လို့ ဟိုအစိုးရက ဟိုလိုလုပ်ခဲ့တာပေါ့ဆိုတဲ့ မဟာဗျူဟာတွက်ကိန်းတွေ တစ်ခု ပြီးတစ်ခု ချနေတော့တာ။ ဒီလို တွက်ကိန်းအမျိုးမျိုးချပြီး ကြောင်နေကြလို့ သူတို့ကို တွက်ကြောင် တောင်ကြွက်လို့ခေါ်ကြတာ။

ထောင်ထဲမှာ 'ကြောင်'အမျိုးအနွယ်တွေက ပေါပါဘိချင်း။



ဧပြီ ၂၅ ရက်လောက်မှာ ကြောင်စကားတွေ တိတ်သွားတယ်။ ကြောင် သတင်းတွေ ဆိတ်သွားတယ်။

အဲဒီရက်ပိုင်းမှာ ကွယ်လွန်သူ ဒီချုပ်စစ်ကိုင်းတိုင်းစည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ ဗိုလ်ကြီးတင်ဝင်း သတင်းစာသွင်းလာတယ်။

သတင်းစာမှာ ဧပြီ ၂၄ ရက်စွဲနဲ့ သတင်းထူးတစ်ပုဒ် ပါလာတယ်။ ဗိုလ်ချုပ်မှူးကြီးနေရာ ဗိုလ်ချုပ်ကြီးသန်းရွှေတက်လာတယ်။ နိုင်ငံရေးအကျဉ်း သားတွေ လွှတ်ပေးမယ်။ အမျိုးသားညီလာခံကျင်းပမယ်။ လုံခြုံရေးအတွက် ထိန်းထားဖို့လိုအပ်သူတွေကို ဆက်ထိန်းထားမယ်။

ဒီမှာတင် "ဝမ်တီးတိန်" ဇာတ်လမ်းစတယ်။

ဝမ်တီးတိန်ဆိုတာ ထိုင်းချဲထီဖွင့်တဲ့အချိန်တဲ့။ မွန်းလွဲ ၁ နာရီလောက် အချိန်။ အဲဒီအချိန်မှာ ထောက်လှမ်းရေးတွေရော၊ ထောင်ဝါဒါတွေရော ထောင် ထဲရောက်လာကြတယ်။ သဘောထားမေးမြန်း စစ်ကြောဖို့စာရင်းပေါက်သူတွေ ကို လာခေါ်တယ်။ တစ်နာရီလောက် စစ်ကြောမေးမြန်းပြီးရင် တစ်ခါတည်း လွှတ်တယ်။ အခန်းပြန်၊ ပစ္စည်းသိမ်း၊ ထောင်ဘူးဝထွက်၊ အပြင်ရောက်ရင် "ဒိုး"ပေတော့။ (ဒိုးဆိုတာက ခေတ်စကား။ သုတ်ခြေတင်တာတဲ့။)

ဝမ်တီးတိန်က ချဲနဲ့ခွေမျိုးစပ်နေတော့ ထောင်ချဲဆရာကြီးငယ်တွေ ကိုယ့်ဝမ်တီးတိန် သူ့ဝမ်တီးတိန်။ နေ့ရောညပါ ဒရကြမ်းတွက်ကြချက်ကြ အလုပ်ရှုပ်ကြပြန်ရော။

ဒီချုပ်က ဗဟိုကော်မတီဝင်တွေဖြစ်တဲ့ ဗိုလ်မှူးကြီးမျိုးအောင်၊ ဗိုလ်မှူး ကြီးလှဖေ၊ ဗိုလ်မှူးကြီးစိုးသိမ်း၊ ဗိုလ်မှူးကြီး စိုးမင်ကျူးတို့ အဲဒီနေ့မှာပဲလွှတ် သွားကြတယ်။ ထောက်လှမ်းရေးရဲ့တော်မှောက်ကို အဖူးမြော်တောင်မရောက် လိုက်ကြဘူး။ နောက်ရက်တွေမှာလည်း ဆက်တိုက်လွှတ်ကြသေးတယ်။

ကျွန်တော်က အခန်းပိတ်ထားခံရသူဆိုတော့ ပြင်ပလောက(ကိုယ့် အချုပ်ခန်းရဲ့ပြင်ပလောက)အကြောင်း သိပ်မသိလှဘူး။ အပြင်မှာကတော့ "ဇာတ်လမ်းရှုပ်သမျှ ရွှေကညစ်နဲ့ရေးကာ စာကိုစီ"ဆိုတဲ့ သီချင်းထဲကလို ဇာတ်လမ်းတွေ ရှုပ်ကုန်တယ်။

နိုင်ငံရေးအကျဉ်းသား အတော်များများ၊ လူစင်စစ်က လွတ်ကြောင် တွေ၊ တောင်ကြွက်တွေ ဖြစ်ကုန်တာက တစ်ပြဿနာ။ ထောင်အာဏာပိုင်တွေ

www.burmeseclassic.com

www.burmeseclassic.com



လွှတ်လူစာရင်းတွေ ချက်ချင်းပြုစုနေရလို့ ခြေမကိုင်မိ လက်မကိုင်မိဖြစ်ကုန်တာက တစ်ကိစ္စ။ ထောက်လှမ်းရေးတွေ ဝမ်တီးတိန်ခေါင်းလောင်း ခေါင်ဒင်ထိုးနေတာကတမှောင့်။

ခေါင်းလောင်းသံ နားစွင့်နေသူက လူတိုင်းလိုလို။ အရေးထဲ "ဘောင်ကြုတ်"တွေ တစ်စခန်းထတယ်။ ဘောင်ကြုတ်ဆိုတာ ဘုတ်ကြောင်ကိုခေါ်တာ။ မဟာဘုတ်တိုင်ထူပြီး ဟောကိန်းထုတ်တဲ့ ဆရာဗေဒင်တွေကလည်းရှိသေးသကိုး။ ဗေဒင်ဆရာတွေကလည်း ခေမှတ်လို့၊ သူတို့က တစ်ကိုယ်တော်ဘုတ်ကိုင်ဖြစ်နေကြတာ မဟုတ်လား။ ဗေဒင်ဘုတ်တဲ့လေ။

ဟော အခုလို 'လွှတ်နာ' ရှုပိုးထိုးတဲ့အချိန် သူတို့တစ်စခန်းထကြတာပေါ့။ ဟိုလူဒီလူ၊ ဟိုဗိုလ်မှူးကြီး ဒီဗိုလ်မှူးကြီးတွေ လွှတ်ကြောဆွဲနေချိန်မှာလွှတ်ကြောင်တွေ၊ လွှတ်မျှော်တွေ၊ လွှတ်မှန်းတွေကလည်း ဘုရားပူဇော်ပါ၏၊ ဘိုးတော်ပင့်ပါ၏နဲ့ တကုန်းကုန်းတကွကွလုပ်နေကြတယ်။ ဘောင်ကြုတ်တွေအမိန့်တော်ရှိတယ်။ "ဟေ့ မင်းတို့က ဘိုးတော်ပင့်တယ်ဆိုတော့ ဘိုးတော်ခင်ဝင်းကို ကပ်တာပေါ့လေ။ အဲဒီကောင် ဘာနားလည်လို့လဲ။ ငါတို့က ဘုတ်တော်ကွဟေ့နော်။ ဗေဒင်ဘုတ်တော်ကွ။ ငါတို့ကို မပင့်ကြဘူးလား။ မရဘူးကွ။ ဟောမှာပဲ ဟောမှာပဲ။ ခေါင်းလောင်းထိုးသံ ဘယ်သူ့ကံဆိုတာ ကြားဖူးရဲ့လား။

စနေနေ့က ဗိုလ်မှူးကြီးတွေလွှတ်သွားပြီ။ တနင်္လာနေ့ရောက်လာပြီ။ မလွှတ်သေးပေမဲ့ မကြောင်သေးတဲ့ ကိုဝံသက ထုံးစံအတိုင်း နေ့လယ်နေ့ခင်းတမှေးအိပ်တယ်။ တိုင်းကျော်ပြည်ကျော် ဘောင်ကြုတ်ကြီးရောက်လာတယ်။

"ဟေ့ ကိုဝံသ ခင်ဗျားလွှတ်မယ်။ W.T(ဝံသ)စာလုံး ကျုပ် အာရုံရတယ်။ ဒီနေ့နက်ဖြန်ပဲ။ မကြာဘူး။ စိတ်ချ"

"ဟာ ဆရာကလည်း တခြား WTတွေလည်း ဖြစ်နိုင်သေးတာပေါ့ဗျာ။ လည်ပင်း တစ်တောင်မရှည်ပါရစေနဲ့"

ဧပြီ–၂၉(ဗုဒ္ဓဟူးနေ့)မှာ ကိုဝံသလွှတ်သွားတယ်။ ကိုဝံသက ဒီချုပ်ဗဟိုကော်မတီဝင်။ ဝေါမြို့နယ်ပြည်သူ့ကိုယ်စားလှယ်။ ကိုဝံသနဲ့အတူနေတဲ့ဗိုလ်ကြီးတင်ဝင်း(ဒီချုပ် ဗဟိုကော်မတီဝင်၊ စစ်ကိုင်းတိုင်းစည်းရုံးရေးကော်မတီဥက္ကဋ္ဌ)က ဝင်ဖောက်တယ်။



"ဆရာ T.W(Tin Win) များဖြစ်နေမလား ဆရာ။ ပြန်စဉ်းစားပါဦး"

"နှစ်နာမည်စလုံး ကက်ကင်းခေတ်ကျတယ်။ အေးဗျာ။ နှစ်ယောက်စလုံးလည်း ဖြစ်နိုင်တယ်"

နောက်ထပ် WTတစ်ယောက်ဖြစ်တဲ့ ကျွန်တော် ဝင်းတင်တော့ မလွှတ်ပါဘူး။ ကိစ္စမရှိ။ မလွှတ်မှန်း ကျွန်တော်သိနေတာပဲ။ ထောက်လှမ်းရေးကကျွန်တော့်ကို ဝမ်တီးမတိန်ဘူး။ ၁၉၉၀ တုန်းက အထူးဆောင်မှာ ရှိရှိသမျှထောင်ထဲက နိုင်ငံရေးအကျဉ်းသားတွေကို ဗမာပြည်ကွန်မြူနစ်ပါတီခေါင်းဆောင် သခင်ဗသိန်းတင်အကြောင်း ရုပ်ရှင်ပြတယ်။ ထောက်လှမ်းရေးကကျွန်တော့်ကို ဖိတ်မန္တကမပြုခဲ့ဘူး။ အခုလည်း ဝမ်တီးမတိန်ဘူး။

နောက်တစ်ပတ်လောက်အကြာမှာ ဘယ်သူ့ကိုမှ နှုတ်မဆက်၊ ကသုတ်ကရက်၊ ရုတ်တရက် ချီတက်သွားတဲ့ ကိုချမ်းအေး(ဒီချုပ်ဗဟိုကော်မတီဝင်၊ မော်လမြိုင်ပြည်သူ့ကိုယ်စားလှယ်)ကို ကျွန်တော် အော်နှုတ်ဆက်လိုက်တယ်။

"သွားနှင့်ပေဦးတော့ဗျို့။ ဆယ်နှစ်ကြာမှ လွှတ်လွှတ်၊ နှစ်တစ်ရာကြာမှ လွှတ်လွှတ်။ ကျွန်တော်လိုက်ခဲ့မယ်။ လမ်းတူရင်တော့ မီမှာပါ"

ကိုချမ်းအေးကို အော်နှုတ်ဆက်ခွင့်ရလိုက်ပေမဲ့ တချို့လူတွေတော့ စာနဲ့ပဲ နှုတ်ဆက်လိုက်ရတယ်။

တိုက်–၄ က ဒီချုပ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ယောက် ဝမ်တီးတိန်ခေါင်းလောင်းထိုးသံ မကြားရရှာဘူးတဲ့။ စစ်ကြောရေးစခန်းကို ချောင်းပေါက်အောင် လျှောက်ပြီးတဲ့နောက် သူ ပုဒ်မ ၄၀၁ ခံဝန်ချုပ်လက်မှတ်ထိုးလိုက်တယ်။ သူက ခြေညောင်းရုံနဲ့ အာသာမပြေ။ လက်ပါညောင်းလိုက်ချင်သေးတယ်။ ပုဒ်မ ၄၀၁ ခံဝန်ချက် သူလက်မှတ်ထိုးတယ်။ လက်မှတ်ထိုးတာမှန်တယ်။ နိုင်ငံရေးအကျဉ်းသားအားလုံးလည်း လက်မှတ်ထိုးကြပါဗျို့။ သူကြေညာချက်ရေးထုတ်တယ်။

လူတိုင်းဈေ ဝမ်တီးတိန်နေချိန်မှာ ကျွန်တော် တစ်ယောက်တည်း ငေါင်းစင်းစင်းကျန်ရစ်နေတယ်။ မခံချင်လို့ရယ်မဟုတ်ပါဘူး။ စိတ်ထဲလည်း ဆာတာတာ။ ဝမ်းထဲလည်း ဟာတာတာ။ ခေါင်းထဲလည်း ဘာတာတာဖြစ်လာတာနဲ့ ကျွန်တော် ကုန်းလို့ချည်းအော်ပစ်လိုက်တယ်။

"ငါ ကျန်စစ်သားဟေ့။ ငါကျန်စစ်သားကွ။ ဘယ်ကောင်မှ ကျန်စစ်သား မဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



အော်လို့ အာပြဲမှ ငါ့ဟာမဟုတ်သေးပါဘူး။ တော်ကြာ လူငယ်တွေက ငါ့ကို ဗိုလ်ချုပ်မှူးကြီးလို့ ကလော်နေဦးမယ်။

ကိုင်း... ပါးစပ်နဲ့မအော်ရရင် ဘောပင်နဲ့အော်မယ်ကွာ။ ပုဒ်မ ၄၀၁ ခံဝန်ချက်ကိစ္စ ကျွန်တော် စာရေးအော်ပါတယ်။

နိုင်ငံရေးအကျဉ်းသားအပေါင်းတို့ ခံဝန်ချက် ကျွန်တော် လက်မှတ်မထိုးပါ။ ခံဝန်ချက်လက်မှတ်ထိုးတာ မှားပါတယ်။ ပီပီအားလုံးကိုလည်း လက် မှတ်မထိုးကြရန် ပန်ကြားပါတယ်။ ဒီချုပ်မှာ ဘယ်သူမှ၊ ဘယ်ခံဝန်ချက်ကိုမှ၊ ဘယ်အခြေအနေမှာမှ လက်မှတ်မထိုးကြရန် ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင် ၁၉၈၉ မတ်လကုန် ဧပြီလဆန်းမှာ လမ်းညွှန်တိုက်တွန်းခဲ့ပါတယ်။

ကျွန်တော့်သဘောထားကိုလည်း အဲဒီလို ဖော်ပြလိုက်ပါတယ်။

ခံဝန်ချက်လက်မှတ်ထိုးသူကို ပြစ်တင်ရှုတ်ချတာ မလုပ်ကြပါနဲ့။ လက်မှတ်ထိုးသူကို ခွင့်လွှတ်ပါ။ သိမ်းသွင်းပါ။ လက်တွဲပါ။ ရန်သူရဲ့ရှုးတိုက်ခွေး မလုပ်သမျှ သူ့ကိုအတိတ်မိတ်၊ တွဲဘော်ဟောင်း၊ ရဲဘော်ပြောင်းလို့သဘောထားပါ။

တိုက်-၄ က ပြည်သူ့ကိုယ်စားလှယ်ကြီး လွတ်သွားပါတယ်။ ကိုချမ်းအေးလိုပဲ ကျွန်တော်တို့ကို နှုတ်ဆက်မသွားပါ။ ကျွန်တော်ကလည်း သူ့ကို နှုတ်ဆက်အော်သံ မဟစ်နိုင်ပါ။ သူနေတာက တစ်တိုက်။ ကျွန်တော်နေတာက တခြား။ ကျွန်တော် ဆုတောင်းမေတ္တာ ပို့လိုက်ပါတယ်။

"လာလမ်းခါးသလို ပြန်လမ်းချိုပါစေဗျား။ သာဓု သာဓု သာဓု"

"အတောင်သာလျှင် ဝန်ရှိသောငှက်ကဲ့သို့"ဘဝ ဆိုက်ရောက်နေလို့ ကျွန်တော် ကြေးစည်ရိုက်၍ မေတ္တာမပို့နိုင်လိုက်ပါ။

အဲဒီအချိန်မှာပဲ ထောက်လှမ်းရေးက ကျွန်တော့်ကို သံချောင်းတီးလို့ခေါ်ပါတယ်။ ထောင်ပိတ်သံချောင်းခေါက်သံ အပြီးမှာခေါ်တာပါ။ ကျွန်တော် သံချောင်းခေါက်သံသာကြားရပါတယ်။ ဝမ်တီးတိန်ခေါင်းလောင်းထိုးသံ မကြားရပါ။

စိတ်ထဲမှာ ကြိတ်ခဲပြီး ကျွန်တော် ရေရွတ်မိပါတယ်။ ခေါင်းလောင်းထိုးသံ ဘယ်သူ့ကံတဲ့လား။ ငါ့အဖို့ကတော့ သံချောင်းခေါက်သံ အီစကို့ကံလို့ ပြောမယ်ဟေ့။



ထောက်လှမ်းရေးက မေးခွန်းတွေအများကြီးမေးပါတယ်။ အချိန်သိပ်မကြာပါ။ နှစ်ရက်သုံးရက်လောက်ပေါ့။ ကျွန်တော် အဖြေတွေအများကြီးမဖြေပါ။ အချိန်သိပ်မကြာပါ။ လေးငါးရက်လောက်ပေါ့။

၂၀၀၈ မှာ ဝမ်တီးမတိန်ဘဲ ကျွန်တော် လွတ်လာပါတယ်။ ဝမ်တီးတိန်ခေတ်နဲ့ ကျွန်တော်လွတ်ချိန် ၁၆ နှစ်လောက်ခြားပါတယ်။

ကျွန်တော်လွတ်ချိန်က အကျဉ်းသားပေါင်း ၉၀၀၀ ကျော်လွတ်ကြပါတယ်။ အဲဒီနှစ်ထဲမှာပဲ အကျဉ်းသားပေါင်း ၆၀၀၀ ကျော် လွတ်ကြပါတယ်။ ကျွန်တော်လွတ်ချိန်မှာ နိုင်ငံရေးအကျဉ်းသား ၁၀ ယောက်လောက်ပါတယ်။ နောက်တစ်ကြိမ်မှာ နိုင်ငံရေးအကျဉ်းသား ၃၀ ၄၀ ကျော်လောက်ပါတယ်လို့ သိရပါတယ်။

အဲဒီနှစ်ပိုင်းတွေက လွတ်သူတွေ ဝမ်တီးတိန်သံမကြားခဲ့ကြရပါ။ ဘယ်သူမှ ဗေဒင်ဘုတ်နဲ့စကားလက်ဆုံကျခဲ့ဟန် မတူပါ။ ခေါင်းလောင်းထိုးသံ ဘယ်သူ့ကံလဲလို့ ဘယ်သူမှမေးခွန်းထုတ်ခဲ့ကြဟန်လည်း မတူပါ။ "လမ်းတူရင် လူချင်းတွေ့မယ်"လို့ ဘယ်သူမှ နှုတ်ဆက်အော်သံလွှင့်ခဲ့ကြဟန်မတူပါ။ ဘယ်သူမှ လက်ညှောင်းပြေ ကြေညာချက်ထုတ်ခဲ့ဟန်မတူပါ။ ဘယ်သူမှ ငါ ကျန်စစ်သားဟေ့လို့ အော်ခဲ့ဟန်မတူပါ။ ဘယ်သူမှ ကြေးစည်ရိုက် မေတ္တာပို့ခဲ့ဟန် မတူပါ။

ပြီးတော့ ပြီးတော့ ဘယ်သူမှ သံချောင်းခေါက်သံ အီစကို့ကံ။ သံချောင်းခေါက်သံ ကျန်ရစ်ကံလို့ ရင်ဖွင့်သံ အော်ခဲ့ဟန်မတူပါ။

ဒီနေ့ စစ်အစိုးရ အကျဉ်းထောင်တွေထဲမှာ နိုင်ငံရေးအကျဉ်းသား နှစ်ထောင်ကျော် ရှိနေပါသေးတယ်။

"ခေါင်းလောင်းထိုးသံ
ဘယ်သူ့ကံ
မကျန်ရစ်ခဲ့
စေသတည်း။"

◆

www.burmeseclassic.com

www.burmeseclassic.com

## ပင်ညဲရိုးရဲ့ ဂျပိုးဟိန်းသံ

၂၀၀၀ ပြည့်နှစ်နှောင်းပိုင်းလို့ထင်တယ်။ ကျွန်တော်လည်း ထောင်သက်ရှည်လေ မှတ်ဉာဏ်နည်းလေ ဖြစ်လာတယ်။ ရက်စွဲတွေ၊ သက္ကရာဇ်တွေကို တယ်မမှတ်မိချင်ဘူး။

ပင်ညဲရိုး အင်းစိန်ထောင်ထဲရောက်လာပြန်တယ်။ အင်းစိန်ရောက်တယ်ဆိုလို့ အကျဉ်းသားမထင်လိုက်ပါနဲ့။ သူက ဘရာဇီးလူမျိုး၊ ကုလသမဂ္ဂရဲ့ လူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံသူဖြစ်ပါတယ်။ သူ့ရဲ့အဓိကအလုပ်က ထောင်ငရဲဆိုးတွေ၊ ထောင်ငရဲသားတွေ၊ ထောင်ငရဲနာတွေအကြောင်း ကုလသမဂ္ဂကို အစီရင်ခံဖို့ဖြစ်ပါတယ်။



အဲဒီနေ့က ပင်ညဲရိုးက ထောင်ဗဟို(မိန်းဂျေး Main Jail) မှာ ကျွန်တော့်ကို ခေါ်တွေ့ပါတယ်။ အရင်က ဝန်ထမ်းတွေ ရုံးထိုင်တဲ့နေရာမှာပါ။ မိန်းဂျေးခေါင်းတိုင်ပတ်လည် နှစ်ထပ်တိုက်ဆောက်လိုက်တော့ ဝန်ထမ်းရုံးနေရာကလေးပိုသွားတယ်။ အဲဒါလေးကို အပြင်ကကြည့်လို့ မမြင်ရတဲ့ မှန်နက်တွေကာရံလိုက်တယ်။ အကောင်းစား ဧည့်ခန်းဆောင်ဖြစ်သွားတယ်။ အဲဒီနေ့က ပင်ညဲရိုး အဲဒီအဆောင်မှာ ရုံးထိုင်တယ်။

ကျွန်တော် ရောက်သွားတော့ ပင်ညဲရိုးပန်းရောင်မျက်နှာကြီး နီရဲတွတ်နေပြီ။ ပါးစပ်ကလည်း ဗျစ်တီးဗျစ်တောက်နဲ့။ ဒေါသူပုန်ထနေပုံပဲ။

"စစ်အစိုးရလုပ်ပုံ မလွန်ဘူးလားဗျာ။ ကျုပ်အခန်းမှာ ဗုံးထောင်တယ်ဗျ"

"ဘယ်တုန်းက မလွန်တာရှိဘူးလို့လဲ။ ဗုံးထောင်ရင် ခင်ဗျားသေလို့ သူ့ရဲတောင်ဖြစ်နေပြီပေါ့"

"ဟာ ကျုပ်ပြောတာက bomb (ဗုံး) မဟုတ်ဘူး။ bug(အသံဖမ်းစက်) ကိုပြောတာဗျ"

"ဩော် … မသိပါဘူး။ bomb ကြားလိုက်လို့ပါ။ bug ဆိုတော့လည်း ဂျပိုးပေါ့။ ခင်ဗျားလိုလူမျိုးကိုကိုက်မယ့် ဂျပိုးကတော့ ခွေးလိုတော့ဟောင်မှာမဟုတ်ဘူး။ ခြင်္သေ့လို ဟိန်းမှာဗျ။ ဟား … ဟား"

ဖြစ်ပုံက ဒီလို။ ပင်ညဲရိုးက နိုင်ငံရေးအကျဉ်းသားတစ်ယောက်နဲ့ တွေ့မေးတယ်။ သူတို့စကားပြောနေတုန်း စားပွဲအောက်က တဂျီဂျီမြည်လာတယ်။ (အဲ ဟိန်းလာတယ်ဆိုပါတော့။) ပင်ညဲရိုး သိလိုက်ပြီ။ ငါ့ကို bug (bomb မဟုတ်ဘူးနော်) ထောင်ပြီ။ ထောက်လှမ်းရေး လက်ချက်လား။ ထောင်လက်ရာလား။

ပင်ညဲရိုး ခုန်ထလိုက်တယ်။ စားပွဲအောက်ကိုလျှောက်စမ်းတယ်။ တွေ့ပြီ။ ဟောဒီမှာ ဝိုင်ယာကြိုး။ ဟော တွေ့ပြန်ပြီ။ ဟောဒီမှာ အသံဖမ်းစက်။ ပင်ညဲရိုး ကုန်းအော်တယ်။ ထောင်အရာရှိတွေ ပြေးလာတယ်။ ပင်ညဲရိုး ဝိုင် ယာကြိုးတွေလက်မှာပတ်ပြီး တအော်အော်ဖြစ်နေတယ်။

ထောင်အရာရှိတွေခမျာလည်း ဘာသိမှာလဲ။ ထောက်လှမ်းရေးလုပ်တာကိုင်တာ၊ စီတာမံတာကို ထောင်ဆရာတွေ မျက်စောင်းလေးတောင်ဆိုးကြည့်ဝံ့တာမှ မဟုတ်တာ။

www.burmeseclassic.com

www.burmeseclassic.com



ဒီသတင်းက ပြည်တွင်းမှာ ဟိုးလေးတကြော်မဖြစ်ခဲ့ပါဘူး။ သတင်းစာဂျာနယ်တွေမှာလည်း မပါဘူး။ ရေဒီယိုတော့မသိ။ ဩစတြေးလီယလူမျိုးသတင်းစာဆရာတစ်ဦး ရန်ကုန်ကထုတ်နေတဲ့ Myanmar Times ဂျာနယ်မှာ ပါလာတယ်။ စာမျက်နှာ–၃ မှာပါ။ ထောင်ထဲမှာလည်း သတင်းဂယက်သိပ်မပြင်းလှပါဘူး။ မသိသူများတယ်။ တဖြည်းဖြည်းမှ သတင်းကိုရယ်စရာကိစ္စတစ်ခုလို ကြားလာကြတယ်။ ထောင်စကားဝိုင်းတွေမှာ ဟားတိုက်တဲ့သတင်းဖြစ်ပါတယ်။ ပင်ညဲရိုး ဂျပိုးကိုက်ခံရတယ်တဲ့။

ကျွန်တော်ကတော့ ဒီသတင်းကို စကူ(Scoop) ရထားလို့ ထောက်လှမ်းရေးရပ်ကွက်ကို အရိပ်အကဲစောင့်ကြည့်နေမိတယ်။ သတင်းစာလောကမှာ စကူဆိုတာ သတင်းဦးကိုခေါ်တာ။ သတင်းထူးတာ မထူးတာထက် သတင်းတစ်ပုဒ်ကို စောစောစီးစီး၊ ဦးဦးဖျားဖျား၊ ကြိုကြိုတင်တင်ရေးလိုက်ချင်တယ်။ ဒါ သတင်းထောက်တိုင်းရဲ့ပိုးပဲ။ ဆန္ဒဇောပဲ။ ရောမထူးထူးခြားခြားသတင်းတစ်ပုဒ်ကို ဦးဦးဖျားဖျား ရေးလိုက်ရလို့များကတော့ ကိုရွှေသတင်းထောက်မျောက်အုန်းသီးရသလို မြှောက်ကြွမြှောက်ကြွပေါ့။

"ပင်ညဲရိုး ဂျပိုးကိုက်ခံရတဲ့သတင်းက ကျွန်တော့်အဖို့ စကူဖြစ်ပေမဲ့ သတင်းက အပေါ့စား၊ အပေါစား၊ အပေါစားသတင်းဖြစ်နေလို့ တယ်မလွှမ်းလှပါဘူးဗျာ။

ဒီလိုလေ။ ထောက်လှမ်းရေးတွေ သတင်းဂျပိုးထိုးတာ(bugging) ရိုးနေပါပြီ။ ၁၉၅၀ကျော်က ဝန်ကြီးချုပ်ဦးနုနဲ့ ဝန်ကြီးချုပ်ဟောင်းဦးဘဆွေ၊ ဒုဝန်ကြီးချုပ် ဦးကျော်ငြိမ်းတို့ ကွဲကြပြိုကြတယ်။ သန့်ရှင်းတည်မြဲ ဟက်တက်ကွဲလို့ နာမည်ကျော်ခဲ့တဲ့ သမိုင်းဝင်ဖြစ်ရပ်ပါ။ ဒီအကွဲအပြဲမှာ သန့်ရှင်းနဲ့တည်မြဲတို့ရဲ့ အတွင်းသတင်းပေါက်မှုတွေက မီးလောင်လေပင့်တွေပဲ။ အဲဒီသတင်းကို ဘယ်သူတွေက ဘယ်လို 'ဂျပိုးထိုး'ပြီးရခဲ့သလဲ။ ရတဲ့သတင်းတွေကို ဘယ်လို 'လေပုပ်ထုတ်'ခဲ့သလဲ။

၁၉၆၀ကျော်မှာ တောင်ကြီးဖက်ဒရယ်အစည်းအဝေးကြီး ကျင်းပခဲ့တယ်။ ရှမ်းပြည်နယ် တောင်ကြီးမြို့မှာပါ။ ဝန်ကြီးချုပ်ဦးနု အစိုးရရဲ့ပါတီစုံပြည်ထောင်စုဒီမိုကရေစီမော်ကွန်း စည်းဝေးကြီးကျင်းပခဲ့တယ်။ မြန်မာ့အသံခန်းမမှာ လုပ်တာပါ။ တော်လှန်ရေးအစိုးရ အမည်ခံ စစ်အစိုးရတက်လာ



တယ်။ အလံနီပါတီ၊ ရခိုင်ကွန်မြူနစ်ပါတီ၊ ကေအင်ယူကရင်ပါတီ၊ ဗကပဗမာပြည်ကွန်မြူနစ်ပါတီ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေ၊ တောတွင်းနိုင်ငံရေးအဖွဲ့စုံ ငြိမ်းချမ်းရေးဆွေးနွေးဖို့ ရန်ကုန်မြို့ပေါ်ရောက်လာကြတယ်။ အစိုးရဘက်က လူတွေနဲ့လည်းတွေ့တယ်။ မြို့ပေါ်ပါတီလိုလားသူတွေနဲ့လည်း တွေ့တယ်။

ဒီနိုင်ငံရေးလက်ညှိုးထိုးမှုတွေ၊ လက်ဝါးရိုက်မှုတွေ၊ ခေါင်းချင်းရိုက်မှုတွေ အားလုံးလိုလို ဆုပ်စူး စားရူး ဖြစ်လိုဖြစ်ရ၊ ဆင်သေ ဆိတ်ရေနဲ့ဖုံး ဖြစ်လိုဖြစ်ရ။ ရှေ့ကဖုံး နောက်ကပေါ် ဖြစ်လိုဖြစ်ရ၊ ယုန်တောင်ပြေး၊ ခွေးမြောက်လိုက် ဖြစ်လိုဖြစ်ရ။ သမက်သူခိုးထင် ဖြစ်လိုဖြစ်ရ။ အဲဒီကိစ္စတွေမှာ ဘယ်သူက ဘယ်လို 'ဂျပိုးထိုး' သလဲ။ ဘယ်သတင်းမှား၊ သတင်းလိမ်တွေကို ဘယ်လို 'လေပုပ်ထုတ်'သလဲ။ မေးမနေနဲ့။ လေကုန်တယ်။ လူတကာသိတယ်။ တိုင်းသိပြည်သိ ကမ္ဘာသိဗျို့။

ကျွန်တော် ထောင်ထဲရောက်ရောက်ချင်း ထောက်လှမ်းရေးစစ်ကြောရေး ညှဉ်းသည်ဖြစ်ရတယ်။ ညှဉ်းသည်ကို ညှဉ်းခံပုံဆန်းတယ်။ ညှဉ်းသည်မအန်မချင်း နဘန်ကျင်းတယ်။ ညှဉ်းသည် မပြောမချင်း ကျောပြင် ဗျောတင်တယ်။ ဒီလို ဆော်ပလော်တီးတာတွေကို ပျော်ပျော်ကြီးခံနိုင်ပါတယ်။ အရေးမကြီးပါဘူး။

စစ်ကြောရေးမှာ ကျွန်တော့်ကို အထောက်အထားတွေပြပြီး စစ်လိုက်တီးလိုက် လုပ်ကြတာ စစ်တီးဝိုင်းကြီး တဒုန်းဒုန်း ဘင်တီးတာကျနေတာပဲ။ ဒီလို ဘင်တီးတာတွေကို ရင်စည်းပြီးခံနိုင်ပါတယ်။

ကျွန်တော် ရင်နာတာ၊ အသည်းနာတာ၊ နှလုံးနာတာ တစ်ခုပဲရှိတယ်။ ကျွန်တော့်ကိုပြတဲ့ အထောက်အထားတွေက မယုံရဲစရာ၊ မယုံဝံ့စရာ၊ မယုံကောင်းစရာတွေ။ ဒီချုပ်ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးမှတ်တမ်းတွေပါတယ်။ ဒီချုပ်ရဲ့ကြေညာချက်ပေါင်းစုံတွေပါတယ်။ ဒေါ်စု ရုံးခန်းထဲက စာတွေပါတယ်။ ဒေါ်စု သုံးလေ့၊ မှတ်လေ့၊ ရေးလေ့၊ ပေးလေ့ရှိတဲ့ စာတိုပေစလေးတွေ(message)ပါတယ်။ ကမ်းကုန်ရော။ ဘယ်သူတွေ ဘယ်လို 'ဂျပိုးထိုး'တာလဲ။ ဘယ်လိုသတင်းလေပုပ်ထုတ်လို့ မကုန်းဘဲနဲ့ ဖုံးတာတွေ အကုန်ပေါ်ရတာလဲ။

www.burmeseclassic.com

www.burmeseclassic.com



တော်ပါပြီဗျာ။ ဒီလိုကိစ္စတွေက ကျွန်တော်တို့လို တိုင်းသူပြည်သားတွေကို ရင်နာအောင် လုပ်နေတဲ့ ဖြစ်ရပ် လုပ်ရပ်တွေပါ။ တိုင်းပြည်တစ်ပြည်လုံးကိုလည်း အသည်းကွဲအောင်လုပ်နေတဲ့ ဖြစ်ရပ်လုပ်ရပ်တွေပါ။

တိုင်းပြည်မှာ ဒီလိုဂျပိုး ယန္တရားတွေ လည်ပတ်ကျိတ်နင်း၊ ချိုးဖဲ့ချေမှုန်းနေသမျှ ကာလပတ်လုံး "ပြည်သူမသာ တိုင်းပြည်နာ" အဖြစ်ဆိုး ဘဝဆိုးက ကျော်လွှားနိုင်ဖို့လမ်း မမြင်ပါဘူး။

ဒီလို ဂျပိုးယန္တရားတွေ နိုင်ငံတကာမှာလည်း လည်ပတ်နေတာပါပဲ။ ဒါပေမဲ့ တရားဥပဒေ အာဏာစက်နဲ့ ပါးချပ်ချုပ်ထားနိုင်တယ်။ ပချုပ်သွင်းထားနိုင်တယ်။ နဖားကြိုးတပ်ထားနိုင်တယ်။ အမေရိကန်ပြည်ထောင်စုမှာ ဝါးတားဂိတ်အမှုအခင်းကြီး ပေါ်ခဲ့တယ်။ နောက်ဆုံး သမ္မတနစ်ဆင် ရာထူးက ထွက်ပေးရတဲ့အထိ မီးခိုးကြွက်လျှောက် ပြဿနာပွားသွားတယ်။ ဒီသမိုင်းထဲက ဖြစ်ရပ်ကဘာကိုပြနေသလဲ။ ဒီမိုကရေစီနိုင်ငံကြီးတွေတောင်မှ ဒီလို ဂျပိုးယန္တရားလည်ပတ်မှုကို ခလုတ်မပိတ်နိုင်ဘူး။ ဒါပေမဲ့ လွတ်လပ်တရားမျှတတဲ့ တရားဥပဒေယန္တရားတို့၊ အုပ်ချုပ်ရေးယန္တရားတို့၊ စတုတ္ထမဏ္ဍိုင်ယန္တရားတို့ ဆိုတာတွေ ပုံမှန်လည်ပတ်နေတယ်။ ဂျပိုးယန္တရားတွေကို ယုတ်စွအဆုံး ဘရိတ်အုပ်နိုင်ပါတယ်။

ကျွန်တော်သိတာကို ဒီလိုပြောမယ်။ ထောင်ထဲက ဂျပိုးယန္တရားရဲ့ခြေလှမ်းကို မသိရင်သာရှိရမယ်။ ခြေရာကိုတော့ ကျွန်တော် ကောက်နိုင်ပါတယ်။

ဂျပိုးအရေးအခင်းမပေါ်ခင် ပီညဲရှိုးနဲ့ အရင်တစ်ခေါက် ကျွန်တော်တွေ့တယ်။ အပြီးမှာ ထောင်တွင်း ထောက်လှမ်းရေးစခန်းက ကျွန်တော့်ကို စစ်ကြောရေးလုပ်တယ်။ မယုံချင်နေ ယုံချင်ယုံလို့ပြောရမတတ်ပဲ။ ထောက်လှမ်းရေးဗိုလ်လား ဘာလားမသိရတဲ့သူက ကျွန်တော့်ကို ချိုပြုံးရွှင်ရွှင် ညှော်ခံလိုက်တယ်။ ဒီတစ်ခါ "ညှော်သည်"ကို မပြန်မချင်း နဘာန်မကျင်းပါဘူး။ လက်ဖက်ရည်တိုက် ကိတ်မုန့်ကျွေးနဲ့ အရေးပေးတာတွေ ဘာတွေတောင်လုပ်လိုက်သေး။ ပြီးတော့မှ

"အဘ ပီညဲရှိုးနဲ့ ဘာတွေပြောခဲ့သေးလဲ"လို့မေးတယ်။

"ဘာမှမပြောပါဘူး။ ထောင်အလ္လာပသလ္လာပလေးတွေ၊ ထောင်ဒုက္ခသုက္ခလေးတွေလောက် ပြောတာပါပဲ။" 'အန်'တာတွေ၊ 'ဒုတ်' စတာတွေက ကျွန်တော့် စကားထဲက ပုံရိပ်သင်္ကေတတွေပါ။



ဒါပဲလား။

"ဒါလောက်ပါပဲဗျာ။ ထောင်က ကောင်းမှုမကောင်းတာ။ မကောင်းတာတွေ ပြောနေလို့ ဘာပိုထူးလာမှာလဲ။ ကျွန်တော်တို့ကိစ္စတွေက ပြောလည်းမပြီး။ တီးလည်းမမြည်ဖြစ်နေတာပဲ။ လေကုန်ခံ မနေတော့ဘူး။"

ကျွန်တော် သဘောရိုးနဲ့ဖြေတာ မဟုတ်သလို ထောက်လှမ်းရေးကလည်း သဘောရိုးနဲ့မေးတာမဟုတ်ပါဘူး။ ပီညဲရှိုးနဲ့ကျွန်တော် ဘာတွေပြောခဲ့တယ်ဆိုတာ သူတို့အားလုံး သိပြီးသားပါ။ 'ဂျပိုး'တွေပဲဗျာ။ မသိရယ်လို့ဘယ်ရှိပါ့မလဲ။ ကျွန်တော်ပြောခဲ့သမျှ သူတို့က (က)ကြီးက (အ)အထိ သိပြီးသား။

ကျွန်တော့်ကို ခေါ်မေးတာက ရသမျှရွေ၊ ကြွေသမျှအမြတ်ဆိုတဲ့ သဘော။ သူတို့ရဲ့ "ဂျပိုးယန္တရား"က အားလုံး "ဖမ်း"ပြီးသား။ မှတ်ပြီးသား။ သူတို့မေးတာဖြေလိုက်ရင် သူတို့အမြတ်ပေါ်ပြီ။ နောင်တစ်ခါ ပီညဲရှိုးနဲ့သင်္ကာရှင်းစရာရှိရင် "ဟောဒီမှာ ဟောဒီကိစ္စ ဘယ်သူဘယ်ဝါက ဘယ်လိုမျိုး ကိုယ်တိုင်ထွက်ဆိုထားတာ"လို့ ပြောမယ်လေ။ သူတို့ရဲ့ဂျပိုးယန္တရားလည်း ခြေရာဖျောက်ပြီးသားဖြစ်ရော။ ဖုံးပြီး ဖိပြီးသားလည်း ဖြစ်ကရော။

ပီညဲရှိုးနေရာမှာ တာဝန်ဆက်ထမ်းတဲ့ တောမတ်ကင်တားနား ပြန်ခါနီးမှာ ကျွန်တော် မတွေ့နိုင်ဘူးလို့ ငြင်းခဲ့တယ်။ ကျွန်တော့်ကို ရဲသတင်းတပ်ဖွဲ့အရာရှိတွေက လာခေါ်တယ်။ စစ်ကြောရေးခေါ်ပုံခေါ်နည်း ခေါ်လို့ငြင်းခဲ့တာ သက်သက်မဟုတ်ဘူး။ ကင်တားနား ဟိုတယ်မှာ တွေ့ရမလား။ ဟင့်အင်းတဲ့။ ကျွန်တော့်အိမ် သူလာမလား။ ဟင့်အင်းတဲ့။ ဒါဖြင့် ဘယ်မှာတွေ့ရမှာလဲ။ စိမ့်လှဲ့ကန်သာမှာတဲ့။

ဂျပိုးထူတဲ့နေရာမျိုးမှာ အိတ်သွန်ဖာမှောက်စကားမျိုး ကျွန်တော် မပြောချင်ဘူး။ ကိုင်း ... ဟိုတယ်တစ်ခုခုမှာ ကော်ဖီသောက်ရင်း စကားပြောဖို့ စီစဉ် ပေးမလား။ ဟင့်အင်းတဲ့။

ဒါနဲ့ ကင်တားနားကိုမတွေ့တော့ဖို့ ကျွန်တော်ဆုံးဖြတ်တယ်။ သူ့ဆီကို ဝမ်းနည်းကြောင်းစာရေးပို့လိုက်ရတော့တယ်။ အိမ်ပြန်ခရီးဖြောင့်ပါစေ၊ ချောပါစေလို့ စာနဲ့ပို့လိုက်ရတယ်။

ဩော်... "ရွှေမြန်မာဂျပိုး သေနာမျိုး ---" ဖြစ်နေပါပေါ့လား။

◆

www.burmeseclassic.com

## ထောင်နံ့ရံတွေမှာ ပါးစပ်တွေရှိတယ်

ထောင်ထဲမှာ ကျွန်တော် ခြေထောက်ဖွေပေါက်တယ်။ ဟိုတိုက်ပြောင်း ဒီတိုက်ရွှေ့၊ ဟိုအဆောင်ရောက်၊ ဒီအဆောင်သွား။ ခရီးယာယီများလိုက်ပုံများဖြင့် ပြောမပြောချင်ဘူး။ အင်းစိန်ထောင်ထဲမှာ မရောက်ဘူး၊ မနေဘူးတဲ့ အဆောင်၊ တိုက်ခန်းရယ်လို့ မရှိသလောက်ပါပဲ။

ထောင်ထဲရောက်စကတည်းက ကျွန်တော် စကားသံတွေကြားတယ်။ ကျွန်တော့်ကို တခြားအကျဉ်းသားတွေနဲ့ ခွဲခြားထားတယ်။ ဒါပေမဲ့ ကျွန်တော် စကားသံတွေကို မပြတ်ကြားနေရလို့ ပျင်းလည်းမပျင်း၊ ညည်းလည်းမညည်း၊ အထီးကျန်လည်းမဖြစ်။ ပျော်စရာလိုလိုတောင် စိတ်ထဲမှာထင်လာမိတယ်။

ထောင်နံ့ရံတွေမှာ ပါးစပ်တွေရှိတယ်လေ။



တစ်နေရာမှာ ထောင်နံ့ရံက ကျွန်တော့်ကို စကားပြောတယ်။ ဗကသ ကျောင်းသားခေါင်းဆောင်တစ်ဦး (အောင်ဒင်လို့ပြောစမှတ်ရှိတယ်)ရေးခဲ့တာတဲ့။

**"သူ့ရဲကောင်းတို့ရဲ့ခြေအစုံက**
**မြေတစ်မှုန်ကျန်ရစ်**
**အောင်မြေဖြစ်တယ်"**

ဒီလိုနံ့ရံပေါ်က ပါးစပ်တွေပြောတဲ့စကားတွေဟာ ကျွန်တော်တို့ရဲ့ လူ့ငရဲနေ့စဉ်ဘဝ ဒုက္ခအဖုံဖုံကို သက်သာပျောက်စေပါတယ်။ လူ့ဘဝရဲ့ အခက်အခဲ၊ အကျပ်အတည်း၊ ပဋိပက္ခ၊ ပရိဒေဝတွေကို ရင်ဆိုင်ဖြတ်သန်းဖို့ သတ္တိအားမာန်တွေကို ပေးပါတယ်။ ငါသူ့ရဲကောင်းကွ။ ငါ့ခြေအစုံက မြေမှုန်တွေ ကျန်ရစ်မယ်ကွ။ အင်းစိန်ထောင်ကြီး အောင်မြေဖြစ်ရမယ်။

နံ့ရံပေါ်က ပါးစပ်တွေဟာ ထောင်သတင်းမျိုးစုံကိုလည်း ကျွန်တော်တို့ကို ပေးပါတယ်။ တချို့သတင်းတွေက ဘာမှထူးထူးခြားခြား ပြောမပြနိုင်ပါဘူး။ ဘယ်သူဘယ်ဝါဟာ ဘယ်နေ့ဘယ်ရက်က ဒီနေရာကိုရောက်ခဲ့တယ်ဆိုတဲ့ သာမန်သတင်းအချက်မျိုးပါပဲ။ ဒါမျိုးတွေက ကျွန်တော်တို့ကို စိတ်မလှုပ်ရှားစေနိုင်ပါဘူး။ အများအားဖြင့်ကတော့ ရေးသူရဲ့နာမည်ကိုသာ သိရပါတယ်။ ဘယ်မြို့ဘယ်ရွာ ဘယ်ဒေသ ဘယ်ဌာနကဆိုတာ မသိရပါဘူး။ ဘာအမှု၊ ဘာပုဒ်မနဲ့ ထောင်ကျလို့ ဒီနေရာကိုရောက်တယ်ဆိုတာမျိုးကိုလည်း မသိရတတ်ပါဘူး။

ဒါပေမဲ့ ကိုယ်သိကျွမ်းခင်မင်တဲ့ လုပ်ဖော်ကိုင်ဖက်၊ ရဲဘော်ရဲဘက်တစ်ဦးရဲ့ အမည်ကို ကြားသိလိုက်ရတဲ့အခါမျိုးမှာတော့ မဖော်ပြတတ်နိုင်တဲ့ ဝေဒနာတစ်မျိုးကို ခံစားရပါတယ်။

တစ်ခါတစ်ခါ သေရွာသချိုင်းက ထလာပြီး စကားပြောနေသလိုမျိုး အဖြစ်တွေကိုလည်း ကြုံရပါတယ်။ တစ်ကြိမ်မှာ ကျွန်တော် တိုက်-၄ ရှည် အခန်း-၃၀ ကို ရောက်သွားပါတယ်။ အဲဒီအခန်းဟာ တိုက်ရဲ့အစွန်ဆုံးအခန်း ဖြစ်ပါတယ်။ အနောက်ဘက်ကို မျက်နှာမူထားတဲ့ တိုက်လေးရဲ့တောင်ဘက် အစွန်ဆုံးအခန်း ဖြစ်ပါတယ်။ အခန်းရဲ့အနောက်ဘက် နံ့ရံပေါ်မှာ ရွှေဝှ ဘုရားတွေမှာ တွေ့ရတတ်တဲ့ ဗုဒ္ဓဝင်နိပါတ်တော်မျိုး နံ့ရံဆေးရေးပန်းချီကားကို

www.burmeseclassic.com

www.burmeseclassic.com



တွေ့ရပါတယ်။ လက်ရာကောင်းတစ်ခုလို့ မဆိုနိုင်ပါဘူး။ စိတ်ထဲမှာ ကြည်နူးအေးချမ်းသွားစေနိုင်လောက်တဲ့ အနုပညာလက်ရာတစ်ခုတော့ဖြစ်ပါတယ်။

အဲဒီပန်းချီလက်ရာရဲ့အောက်ဘက်နားမှာ စာတန်းတစ်ခု တွေ့ရပါတယ်။ ၁၉၇၀ ကျော်နှစ်တွေတုန်းက ဗန်းမော်တင်အောင်ရဲ့ နရသိန်ကိုရောက်ခဲ့တဲ့ ကျွန်တော်တို့ရဲ့အရင် ရဲဘော်ကြီး မန်းဒါဝိတ်ရဲ့ လက်ရေးနဲ့စာတန်းဖြစ်ပါတယ်။

စာလုံးတွေက မထင်မရှား ဝိုးတဝါးဖြစ်နေပါပြီ။ ဘာတွေရေးထားမှန်း သေချာစုံစမ်း မသိရတော့ပါ။ နာမည်စာလုံးများကိုသာ ဖတ်လို့ရပါတော့တယ်။

မန်းဒါဝိတ်က လက်ဝဲနိုင်ငံရေးအယူအဆရှိသူ ဖြစ်ပါတယ်။ ကျွန်တော့်မိတ်ဆွေကြီး ကွယ်လွန်သူ သတင်းစာဆရာ ကိုစောလွင် (လမ်းစဉ်သတင်းစာ) ရဲ့ ရင်းနှီးတဲ့ ရဲဘော်တစ်ဦးဖြစ်ပါတယ်။ စာရေးဆရာ မောင်နေဝင်းနဲ့လည်း သူရင်းနှီးပါတယ်။ ကျွန်တော်နဲ့လည်း ခင်မင်ပါတယ်။ ကျွန်တော် နေ့ရက်အတိအကျတော့ မမှတ်မိတော့ပါ။ ၁၉၈၀ကျော် ကာလတွေတုန်းက ကျွန်တော့်ဆီ မကြာမကြာလာပါတယ်။ တစ်ခါတလေ လိပ်အရှင်တွေ၊ ဖားအရှင်တွေ ယူလာတတ်ပါတယ်။ ဟင်းချက်ပြီး ဝိုင်းဖွဲ့စားတတ်ကြပါတယ်။

သူက ခရစ်ယာန်ဘာသာဝင်တစ်ဦးဖြစ်ပါတယ်။ အင်းစိန်ထောင်ထဲ အကြိမ်ကြိမ်ရောက်ခဲ့ပါတယ်။ ၁၉၈၀ ကျော်လောက်မှာ ဗုဒ္ဓဘာသာဝင်ဖြစ်လာတယ်လို့ ကြားရတယ်။ မောင်နေဝင်းအိမ်ကို သူ့သားသမီးတွေ မကြာခဏလာတတ်တယ်။ အကူအညီတောင်းတတ်တယ်။ ထောင်ထဲရောက်နေတဲ့ သူတို့အဖေဖတ်ဖို့ ဗုဒ္ဓဘာသာစာအုပ်တွေ လာတောင်းတတ်တယ်။ မန်းဒါဝိတ် တစ်ယောက် ထောင်ထဲမှာ ကျဆုံးသွားခဲ့တယ်လို့ ကြားရတယ်။ ရှစ်လေးလုံးကာလအတွင်းလောက်မှာ အဖမ်းခံခဲ့ရ၊ အင်းစိန်ထောင်ပို့ခံခဲ့ရ။ ထောင်ထဲမှာကျဆုံးခဲ့ရဖြစ်ဟန်တူရဲ့။ ထောင်ထဲမှာ ကျွန်တော် လူတွေနဲ့ အကြာကြီးအဆက်ပြတ်နေခဲ့တယ်။ မန်းဒါဝိတ်သတင်းကို ရေရေလည်လည် မသိခဲ့ရတော့ပါဘူး။

အခန်း–၃၀ က နံရံဆေးရေး၊ ဗုဒ္ဓဆွမ်းခံကြွပုံ ပန်းချီလက်ရာလေးကို ကြည့်ရင်း ကျွန်တော် ရောက်တက်ရာရာတွေးနေမိတယ်။ မန်းဒါဝိတ်တစ်ယောက် ဒီအခန်းထဲမှာ ဒီနံရံပန်းချီ ဗုဒ္ဓပုံတော်နဲ့ ဘယ်ပုံဘယ်နည်း ဆက်စပ်ရင်းနှီးမိရာက ဘယ်လိုစိတ်ထားတွေပြောင်းခဲ့ရှာပါလိမ့်။ ဗုဒ္ဓပုံတော်ကြည့်ပြီး



ဗုဒ္ဓဘာသာဘက် စိတ်ကိုင်းညွတ်ခဲ့လေသလား။ မောင်နေဝင်းဆီက ဒေသနာစာအုပ်တွေ ဖတ်ရာက ဗုဒ္ဓဘာသာပြောင်းဝင် ခိုလှုံသူဖြစ်ခဲ့လေသလား။

ထောင်နံရံပေါ်က ပါးစပ်တွေက ပြောတဲ့ လူသူတော်ကောင်းတစ်ဦးရဲ့ ဘဝဇာတ်ကြောင်းကို ကျွန်တော် စဉ်းစားနေမိတယ်။ မန်းဒါဝိတ်လို စိတ်စေတနာထက်သန် ပြည်သူ့ဟုတ်ဟန်မတူတဲ့ လူတစ်ယောက်အကြောင်းကိုလည်း ကျွန်တော် သိခဲ့ရတယ်။ ထောင်နံရံပေါ်က သူ့စာတန်းကမ္ပည်းတွေက ကျွန်တော့်ကို ပြောပြခဲ့တာပါ။

တိုက်–၃ အခန်း–၁၁ မှာ ကျွန်တော့်ကို တိုက်ပိတ်ထားတယ်။ အခန်းက ရှေ့ဘက်မြေကွက်အထိ နံရံပိတ်ထားတယ်။ ဘာမှမမြင်ရ။ ဘယ်သူ့မှ မမြင်ရ။ တစ်နေ့တစ်နေ့ လှောင်ပိတ်နေတဲ့အခန်းထဲမှာပဲ ထိုင်နေရတယ်။ တစ်နေ့မှာ ငိုက်တိုက်တိုက်ရှိတာနဲ့ သံတံခါးနားမှာ ဖျာခင်းလှဲအိပ်နေမိတယ်။ အိပ်နေရင်း နံရံအောက်ခြေကြည့်လိုက်တော့ ၇ နှစ်၊ ၇ နှစ်၊ ၁၀ နှစ်၊ ၇ နှစ်၊ ၁၀ နှစ် ဆိုတဲ့ စာတန်းကို တွေ့ရတယ်။ လူတွေ့တိုင်း မေးကြည့်တယ်။ ရေး သွားသူက ခရမ်းသုံးခွဘက်ကလူတဲ့။ ကိုရမ်းခွ ဆိုပါတော့။

သူက အရေးတော်ပုံကာလမှာ စစ်မှုထမ်းတစ်ယောက်အဖြစ် လူထုဘက်ရောက်လာတယ်။ လူထုဘက်က ကူတိုက်တယ်။ ၁၉၈၉ နှစ်ဆန်းလောက်မှာ အဖမ်းခံရတယ်။ အမှုပေါင်းစုံနဲ့ ၄၁ နှစ် ထောင်ကျတယ်။ ၁၉၉၃ ပြစ်ဒဏ်လျှော့ပွဲမှာ သူမပါဘူး။ ၁၆ နှစ်အထက်သမားတွေသာ လျှော့ရက်ရတယ်။ သူကတော့ ဒုံရင်း အတိုင်း။

သူ စိတ်ဓာတ်ကျသွားတယ်။ တိုက်–၄ကို ပြောင်းသွားရတယ်တဲ့။

၁၉၉၅ ရောက်တော့ တစ်နေ့မှာ အခန်းနီးချင်းကျောင်းသားလူငယ်တွေနဲ့ စကားများတယ်။ နှစ်ရက်ဆက် ရန်ဖြစ်ကြတယ်။ သုံးရက်မြောက်နေ့မှာ ထောက်လှမ်းရေးကိုသွားတိုင်တယ်။ ထောက်လှမ်းရေးကို သူတိုင်တာက ကျောင်းသားတွေအကြောင်းမဟုတ်။ ကျွန်တော်တို့နိုင်ငံရေးအကျဉ်းသားအားလုံးရဲ့ လှုပ်ရှားမှုတွေ၊ သတင်းလွှာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ စာအုပ်စာတန်းထုတ်နေတာတွေ၊ အကျဉ်းသားတွေလက်မှတ်ထိုးပြီး ပန်ကြားလွှာ ကုလသမဂ္ဂပို့တဲ့ ကိစ္စတွေတိုင်တယ်။

ကျွန်တော့်တို့တိုက်တွေအားလုံး ရှာဖွေခံရတယ်။ ပစ္စည်းတွေအသိမ်းခံရတယ်။ လူတွေစစ်ခွေးတိုက်တို့၊ ယုဝတီဆောင် ပြစ်ဒဏ်တိုက်တို့ ပို့ရတယ်၊

www.burmeseclassic.com

www.burmeseclassic.com



တရားစွဲခံကြရတယ်။ စုစုပေါင်း ၂၄ ယောက်၊ ထောင်နှစ် ၁၇၀ ကျော် ကျကုန်ကြတယ်။ ဩော်.. ဘဝတွေက တယ်လည်းဆန်းကြယ်ပါကလား။ ခရစ်ယာန်က ဗုဒ္ဓဘာသာဝင်လိုလူစားဖြစ်လာ။ ဗုဒ္ဓဘာသာက ခရစ်ဝင်သမ္မာကျမ်းစာထဲက ခရစ်တော်ကို သစ္စာဖောက်တဲ့ ယုဒရှကာရုတ်လို လူစားဖြစ်လာ။

ဒါတွေအားလုံးကို ထောင်နံ့ရံ ပါးစပ်ပေါက်တွေက ကြားခဲ့ရတယ်လေ။ ဆန်းကြယ်လေစွ။

၁၉၉၆ မှာ ကျွန်တော် အထူးဆောင်ရောက်သွားတယ်။ ၁၂ နှစ်ကျော် ကာလရှည်ကြီး။ အဲဒီလောက်ကြာကြာ အဲဒီအဆောင်မှာ နေခဲ့ရတယ်။ ထောင်ထဲဝင်စကပဲ အဲဒီအဆောင်မှာ နေခဲ့ရဘူးတယ်။ ထောင်မကျခင်နဲ့ ထောင်ကျပြီးစကာလတွေမှာလည်း အဲဒီအဆောင်ကို အကြိမ်ကြိမ်ရောက်ခဲ့ နေခဲ့ဘူးတယ်။

အထူးဆောင်ဆိုတာက တခြားတိုက်ဝင်း အဆောင်ဝင်းတွေလိုပဲ တကျယ်တဝန်း တခမ်းတနား ဖွဲ့စည်းတည်ဆောက်ထားတဲ့နေရာပါ။ ဒီနေရာ ဒီနေရာက ထောင်တွင်းစစ်ထောက်လှမ်းရေးစခန်းဖွင့်ထားတဲ့နေရာဖြစ်ပါတယ်။ သစ်ပင်ပန်းမာန် ပင်ကြီးပင်လတ် ပင်ငယ်စိုက်ခင်းတွေ ပေါများတဲ့နေရာလည်း ဖြစ်ပါတယ်။

၁၉၈၈–၉၂ လောက်အထိ ထောင်ထဲမှာ စစ်ထောက်လှမ်းရေး စစ်ကြောရေးတွေ လှိုင်ဘောလယ်အောင် ပေါများနေပါတယ်။ ထောက်လှမ်းရေးသမားတွေ လက်မလည်အောင် အလုပ်များကြပါတယ်။ စစ်ကြောခံကြရတဲ့ နိုင်ငံရေးအကျဉ်းသားတွေဆိုတာကတော့ အခါကြီးရက်ကြီး ပွဲကြီးပွဲတော်တွေမှာ ရွှေပွဲလာတွေ ကြိတ်ကြိတ်တိုးသလိုကို စည်ကားနေတော့တာ။

ထောင်မကျခင် ဒီနေရာကို ကျွန်တော် အကြိမ်ကြိမ်ရောက်တိုင်း ထောင်နံ့ရံရဲ့ ပါးစပ်ပေါက်တွေက ပွင့်အံထွက်လာတဲ့ ဒေါသသံတွေ၊ ပေါက်ကွဲသံတွေ၊ ကြုံးဝါးသံတွေ၊ ငိုညည်းသံတွေ၊ စာတိုကဗျာတို သတင်းတိုတွေကို ရောက်လေရာ အခန်းမှာ ကြားနေခဲ့ရတယ်။

စစ်ကြောရေးကို ရောက်သူတွေကလည်း အစုံပဲ။ နိုင်ငံရေးခေါင်းဆောင်ကြီးပိုင်းကလူတွေ၊ ခေါင်းဆောင်ငယ်ပိုင်းကလူတွေ၊ ကျောင်းသားလူငယ်တွေ စုံနေတာပါပဲ။ ဒီနေရာမှာ ခဲတံ ခဲချောင်းလိုမျိုး စာရေးစရာ ပစ္စည်းကိရိယာက အလွယ်နဲ့မရနိုင်ဘူး။ ဒီတော့ မှတ်တမ်းအများစုက သံချွန်လိုမျိုးနဲ့ နံရံပေါ်မှာ



ရေးဖြစ်ထားတာများတယ်။ ပြောလို့သာ ပြောရတယ်။ သံချွန်လို စာရေးပစ္စည်းကိရိယာကလည်း ရဖို့လွယ်တာမဟုတ်ဘူး။ အဲဒီလို မူးလို့မှရှူစရာမရှိတဲ့ ရှားပါးပစ္စည်းကင်းမဲ့ဖုန်လိုနေရာမျိုးမှာတောင် အထူးဆောင်တိုက်ခန်း၊ အိမ်ခန်းနံရံတွေပေါ် "ဦးရှုံစား" လုပ်ကြည့်ရင် ဖတ်စရာတွေတစ်ပုံကြီးတွေ့နိုင်တယ်။ ဒီတိုက်ဝင်းထဲမှာက နံရံတွေကို ခြောက်လ တစ်နှစ် တစ်ခါဆိုသလို ထုံးသုတ်တာဆိုတော့ ပျောက်ပျက်ကုန်တာပဲ မနည်းဘူးပေါ့။

တစ်နေရာမှာ ကဗျာတစ်ပုဒ်ရဲ့အသံကို ကြားရတယ်။ စစ်ကြောရေးကို အံတုအာခံသံက နိုင်ငံရေးမဆန်ဘူး။ အရပ်သားဟန်တွေကိုပဲ တစ်ပျော်ကြီး ကြားရတယ်။ ထောင်နံ့ရံက ပါးစပ်တိုင်းက အသံစာစာ မာန်ပါပါနဲ့ အော်ဟစ်ကာ ပြောကြတယ်ဆိုရင် မကြားဝံ့မနာသာတွေ ဖြစ်ကုန်မှာအမှန်ပါပဲ။

ရေးသူရဲ့ကဗျာက

**စစ်ချင်တာစစ်**<br>
**ညှစ်ချင်ရာညှစ်**<br>
**ဖြစ်ချင်ရာဖြစ်**<br>
**လထင်လထင်တဲ့။**

◆

www.burmeseclassic.com

www.burmeseclassic.com

## အန္တိဒဿာရီ

တစ်ပြည်လုံးထောင်ကျနေတယ်။ အင်းစိန်ထောင်ထဲမှာလည်း နိုင်ငံရေးသမားတွေ ထောင်ကျနေတယ်။ ထောင်နိုင်ငံကြီးကို စကြဝဠာနဲ့နှိုင်းရင် အင်းစိန်ထောင်က မုန်ညင်းစေ့လို့ပြောခဲ့ပြီ။ ထောင်ချင်းတူပေမယ့် အပြင်မှာကတိုးတိုးတိတ်တိတ်ပဲဖြစ်ဖြစ် စကားပြောလို့ရသေး၊ တိုးတိုးသဲ့သဲ့ဖြစ်ဖြစ် နားထောင်လို့ရသေး။ ထောင်ထဲမှာကတော့ တိတ်စေဟော့ဆို တိတ်စေပဲ။ ဘာမှမပြောနဲ့။ ဘာမှမကြားနဲ့။ နှုတ်ခမ်းမလှုပ်နဲ့။ နားရွက်မခတ်နဲ့ဘဲ။ မိုးလင်းမိုးချုပ်တစ်နေ့လုံးတစ်ညလုံးပဲ။ အားလုံးတိတ်၊ အားလုံးငြိမ်။ ဒါပဲ။

တကယ်တော့ ထောင်ဆိုတာ ပါးစပ်ပိတ်၊ နားပိတ်၊ အသည်းတံခါးပိတ်ထားတဲ့နေရာပဲပါကလား။ ဘဝတူချင်းရယ်လို့ စကားမပြောနဲ့။ မစာနာနဲ့။ မကြင်နာနဲ့။ မရိုင်းပင်းနဲ့။ ဒါကထောင်အာဏာပိုင်တွေ၊ ထောင်အထက်က



အာဏာရှင်တွေရဲ့ အမိန့်အာဏာ။ အမိန့်အာဏာနဲ့စေစားချင်တဲ့ စိတ်ဆန္ဒသဘောထား။ ကျွန်တော်တို့က "မတရားတဲ့ အမိန့်အာဏာဟူသမျှ တာဝန်အရ ဖီဆန်ကြ"ဆိုတဲ့ ကြွေးကြော်သံနဲ့ ထောင်ထဲရောက်လာသူတွေ၊ နိုင်ငံရေးသမားတွေ။ ကျွေးတာစား၊ ပေးတာဝတ်။ ခံမပြောနဲ့။ ဇန်မရှေးနဲ့ဆိုတဲ့ နှလုံးအေးတဲ့ဆေး တရားကို နာခံသူတွေ၊ ကျင့်သူတွေမဟုတ်။

ကျွန်တော်ထောင်ထဲရောက်ခါစက ကဗျာရှည်ကြီးတစ်ပုဒ်ရေးဘူးတယ်။ "အန္တိဒဿာရီ"လို့ နာမည်တပ်ထားတယ်။ ကြားဖူးကြမှာပေါ့။ တရုတ်ဒဿာရီဇာတ်လမ်းလေ။ မျောက်သုံးကောင်ဇာတ်လမ်း။ လောကကိုမမြင်ချင်လို့ မျက်စိပိတ်၊ လောကကိုမကြားချင်လို့ နားပိတ်၊ လောကကို မပြောချင်လို့ ပါးစပ်ပိတ်တဲ့ မျောက်သုံးကောင်ပေါ့။ အန္တိဆိုတာကတော့ ပါဠိလို။ ပက္ခဆိုတဲ့ ဝေါဟာရအဓိပ္ပာယ်မျိုး။ ဆန့်ကျင်ဘက်ပေါ့။ အင်္ဂလိပ်လို Anti ကိုပြောတာ၊ ဒဿာရီကိုဆန့်ကျင်တဲ့သဘောပါ။

ဒဿာရီကိုဆန့်ကျင်တယ်ဆိုတဲ့ အတိုင်း ဟော့ ငါက ဒဿာရီမျောက်လိုပါးစပ်မပိတ်ဘူး။ ပြည်သူအများခံစားကြရသမျှတွေကို လောက်စပီကာအသံချဲ့စက်နဲ့အော်မယ်။ ဒဿာရီထဲက မျောက်လို မျက်စိမပိတ်ဘူး။ ပြည်သူအများပင်ပန်းဆင်းရဲခံကြရသမျှတွေကို တယ်လီစကုပ်အဝေးကြည့်မှန်ပြောင်းနဲ့ကြည့်မယ်။ ဒဿာရီမျောက်လို နားမပိတ်ဘူး။ ပြည်သူအပေါင်းရင်တွင်းအောင်းထားကြရသမျှတွေကို ဆရာဝန်သုံးနားကြပ်နဲ့ နားထောင်မယ်။ ဒါဟာ အန္တိဒဿာရီစိတ်ဓာတ်ပဲ။

ဒီစိတ်ဓာတ်နဲ့ လူ့ငရဲထိပ်တိုက်တွေ့တဲ့ ဦးဦးဖျားဖျားဖြစ်ရပ်ကတော့ ကျွန်တော်တို့ ထောင်ကျပြီး ရက်ပိုင်းအတွင်းမှာ ပေါ်ပေါက်လာခဲ့ပါတယ်။ ခေါင်းမငုံ့ဘူး။ ဦးမညွှတ်ဘူး။ ပြုံးတူးပြဲတဲ ရှုံးရှုံးရဲရဲ ခေါင်းမော်ကြည့်မယ်ဟော့။ ခေါင်းထောင်ကြည့်မယ်ဟော့။

အဲဒီအချိန်က ကျွန်တော်တို့ကို တိုက်ကနေ အဆောင်ပို့လိုက်တယ်။ ကျွန်တော်တို့ တိုက်–၆ ကနေ အဆောင်–၅ ကိုရောက်သွားတယ်။ ကျွန်တော်ရဲ့အမှုတွဲ ဒီချုပ်ရန်ကုန်တိုင်းစည်းရုံးရေးကော်မတီဝင်သူရဦးငွေလှိုင်လည်း တိုက်–၅ ကို ရောက်လာတယ်။ ဦးငွေလှိုင်က အခန်း–၂ မှာ၊ ကျွန်တော်က အခန်း–၄ မှာ။ အခန်း–၄ က ရဲဘက်စခန်းပြန်တွေ၊ ရဲဘက်စခန်းသွားတွေ။ တစ်ရက်

www.burmeseclassic.com

www.burmeseclassic.com



တစ်ညဆိုသလို ခေတ္တစခန်းချတဲ့ အခန်းပါ။ နှစ်ပတ်သုံးပတ်ကြာတော့ ကျွန်တော့်ကို အခန်း–၂ ကို ပို့လိုက်တယ်။ ဒီချုပ်ဗဟိုကော်မတီဝင်ကိုမိုးသူရဲ့သား ပန်းသီး(ဒီချုပ်ဗဟိုလူငယ်)၊ဒီချုပ်ဗဟိုကော်မတီဝင်ဦးဝင်းခက်ရဲ့သားကိုကိုလွင်၊ သုံးရောင်ခြယ်မြတ်စံ၊ အင်းစိန်မြို့နယ် ဒီချုပ်ခေါင်းဆောင်တွေဖြစ်တဲ့ ဦးဝင်းဆွေတို့၊ ဦးချစ်ခိုင်တို့၊ ဦးသိန်းထွန်းတို့ စတဲ့သူတွေကိုလည်း တွေ့ရတယ်။

မကြာပါဘူး။ ပြဿနာတွေပေါ်လာတယ်။ အာဏာပိုင်တွေမွေးထားတဲ့ ရဲသားဟောင်းထောင်ကျတွေနဲ့ နိုင်ငံရေးအကျဉ်းသားတွေစကားများတယ်။ ရဲထောင်ကျတွေက ရေဘုတ်ကိုင်တယ်။ ရေဘုတ်ဆိုတာ အကျဉ်းသားတွေ ရေချိုးချိန်မှာ ခွက်ရေသတ်မှတ်တာ။ ချေးတွန်းချိန်သတ်မှတ်တာ။ အဝတ်ဖွတ်ချိန်သတ်မှတ်တာ စတာတွေကို အမိန့်ပေးတယ်။

ဘယ်ကနေ ဘယ်လိုဖြစ်တယ်မသိဘူး။ လူငယ်နိုင်ငံရေးသမားတစ်ဦးနဲ့ ရေဘုတ်ကိုင်စကားများတယ်။ လူငယ်တစ်ယောက်ကို အဆောင်ပြောင်းပစ်တယ်။ နိုင်ငံရေးအကျဉ်းသားတွေက ဆူပူကန့်ကွက်ကြတယ်။ တစ်နာရီလောက်ကြာတော့ အဆောင်ပြောင်းခံရတဲ့ လူငယ်ကို ပြန်ပို့ပေးတယ်။ လူငယ်တွေရဲ့ပြဿနာ။ လူငယ်တွေရဲ့ကိစ္စသက်သက်ပါ။ ဒါပေမဲ့ ဂယက်က ကျွန်တော်တို့ဆီ ရောက်လာတယ်။ ကျွန်တော်တို့မြှောက်ပေးသလို ဖြစ်လာတယ်။

နောက်ထပ်ပေါ်လာတဲ့ ပြဿနာက ညွှန်ချုပ်တို့ ညွှန်မှူးတို့ ထောင်ပိုင်တို့ အဆောင်လာစစ်တဲ့အခါ မော်မဖူးရ၊ ခေါင်းငုံ့ထားရမယ်၊ ကြမ်းပြင်ကိုသာကြည့်ရမယ်ဆိုတဲ့ အမိန့်ကိစ္စပါပဲ။ ဒီလိုအမိန့်မျိုးဟာ မတရားတဲ့အမိန့်အာဏာပါပဲ။ ကျွန်တော်တို့က လက်မခံပါဘူး။ ဒီတော့ ဆန့်ကျင်တာပေါ့။

လူကြီးတွေကအဆောင်စစ်တဲ့အခါ ကျွန်တော်တို့တန်းစီပြီး တိုင်ပေးရတယ်။ လူရေတွက်ရတာလည်း လွယ်အောင်၊ ကျိုးနွံမှုလည်းပြရာရောက်အောင်ဆိုပါတော့။ ဒီအထဲမှာမှ လာစစ်တဲ့လူကြီးတွေကို မော်မဖူးရဆိုတော့ လွန်လွန်းလာတာပေါ့။ ထောင်အာဏာပိုင်ဆိုသူတွေက ဘာတွေလဲ။ ရှင်ဘုရင်တွေလား။ မင်းစိုးရာဇာတွေလား။ သူတို့မျက်နှာကို ဘာကြောင့် အကျဉ်းသားတွေကမော့ကြည့်ခွင့်မရှိရတာလဲ။ မော်ဖူးခွင့်မရှိဘူးဆိုတာ သက်ဦးဆံပိုင်ဘုရင်တွေသာကျင့်သုံးခဲ့တဲ့ အမိန့်အာဏာမဟုတ်လား။

ကျွန်တော်တို့ခေါင်းမငုံ့ဘူး။ လူငယ်တွေရဲ့အသုံးအနှုန်းနဲ့ ပြောရရင်



သူတို့"သောက်ခွက်"တွေကို ခေါင်းထောင်ကြည့်တယ်။ မျက်လုံးပြူးကြည့်တယ်။ ပါးစပ်မဲ့ကြည့်တယ်။ နှာခေါင်းရှုံ့ကြည့်တယ်။ ကြည့်တယ်၊ ကြည့်တယ်ကွဟေ့ ကြည့်တယ်ဆိုတာ ပြောင်ပြောင်ကြီးပြလိုက်တယ်။ မှတ်ကရောဟဲ့။

ကျွန်တော်တို့ကသာမှတ်ကရောဟဲ့လို့ ပြောရတာမဟုတ်ဘူး။ အာဏာပိုင်တွေကလည်း မှတ်ကရောဟဲ့ လုပ်ချလိုက်ပါတယ်။ ကျွန်တော်တို့ အဆောင်ပြောင်းရတယ်။ လူစုကွဲကုန်တယ်။ ဘယ်သူတွေ ဘယ်နေရာရောက်ကုန်သလဲမသိဘူး။ ကျွန်တော့်ကိုတော့ အထူးဆောင်ဆယ်ခန်းတွဲတိုက်က အခန်း–၁၀ ဆိုတဲ့ အစွန်ဆုံးအခန်းကို ပြောင်းပစ်တယ်။ တခြားသူတွေနဲ့ သုံးလေးခန်းခြားပြီး တိုက်ပိတ်ထားလိုက်တယ်။ သူရဦးဌေးလှိုင်ကတော့ တိုက်ဝင်းထဲရောက်သွားတယ်လို့ နောက်မှကြားရတယ်။ မြတ်စံတို့၊ ပန်းသီးတို့၊ ကိုကိုလွင်တို့၊ ဦးချစ်ခိုင်တို့၊ ဦးသိန်းထွန်းတို့၊ ဦးဝင်းဆွေတို့ ဘယ်ဆီဘယ်ဝယ်လွင့်သွားကြလဲတော့ မသိဘူး။ သူတို့လည်း သက်သာမယ်တော့ မထင်ပါဘူး။

၁၉၃၈ လောက်က သခင်အုန်းမြင့် တည်းဖြတ်ထုတ်ဝေခဲ့တဲ့ "ထောင့်အရသာ"ဆိုတဲ့ စာအုပ်ထဲမှာ ပေါင်းလံအောင်သုံးခဲ့တဲ့ ဝေါဟာရကိုသတိရမိတယ်။ ထောင်မှူးထောင်ပိုင်ဆိုတာ အစေခံတွေတဲ့။ ရှင်ဘုရင်မဟုတ်ဘူး။ အာဏာပိုင်မဟုတ်ဘူး။ တိုင်းပြည်ရဲ့အစေခံတွေ။ အကျဉ်းကျတွေကို ပြုစုစောင့်ရှောက် အလုပ်အကျွေးပြုရမယ့် ထောင်အစေခံတွေ။ ဘဝင်ကိုင်ပြီး ဘုရင်စတိုင်မထုတ်ကြနဲ့ကွဟေ့။

ဒီတိုက်ပွဲမှာ ဒီစကား၊ ဒီအသံကို ကျွန်တော်တို့ ပြောနိုင်ဟစ်နိုင်ခဲ့တယ်။

◆

www.burmeseclassic.com

www.burmeseclassic.com

## အန္တိဒ္ဓဏ္ဏာရီ နှင့် အန္တိများစွာ ...

ထောင်သွင်းအကျဉ်းချခံနေရစဉ် ရင်ထဲ ခေါင်းထဲကို ကျွန်တော် အမြဲ ရဲရဲ လက်တဆုံးနိုက်ကြည့်တယ်။ တွေးလာ မြင်လာ သိလာ ကြားလာ ခံစား လာရတာတွေကို ကဗျာတွေရေးတယ်။

ထွက်လာလိုက်တဲ့ ကဗျာတွေက တစ်ထွေးကြီးပါလား။ ရလာသမျှ ကဗျာတွေကိုလည်း စာငတ်နေကြတဲ့ စာဖတ်၊ စာမဖတ်တွေဆီကို ဖြန့်တယ်။ ဝေတယ်။ ကမ်းတယ်။ လှမ်းတယ်ပေါ့။ ဆင့်ကမ်း ဖြန့်ဝေပေးတယ်။ ဖတ်သူ မရှိ၊ မကြုံတဲ့အခါ နောင်လာထောင်သားတွေ ဖတ်လို့ရအောင် အခန်းနံရံတွေ ပေါ်မှာ ရေးတယ်။ စက္ကူရရင်ရ၊ မရရင် ပလတ်စတစ်ပေါ်မှာရေးတယ်။ ရွှေပေ လွှာ ကြသလို လူစုံဆုံလောက်တဲ့ နေရာတစ်ခုခုမှာ ချထားခဲ့တယ်။ တစ်ခါ တလေ ထောင်ဝင်စာတွေ့တဲ့ အခန်းထဲမှာ ပစ်ထားခဲ့တယ်။



ဒီလို ထုတ်ဝေဖြန့်ဖြူးရေးစနစ်က ကျွန်တော့်ကိုယ်ပိုင် အကြံဉာဏ် မဟုတ်ပါဘူး။

စနေတစ်ရက် ကျွန်တော် ထောင်ဝင်စာသွားတယ်။ အုန်းထွန်းက တော် တော်နဲ့ ဝင်လာခွင့်မရသေးဘူး။ ကျွန်တော့်ကိုစောင့်တဲ့ ဝါဒါကလည်း ပျင်းပြီ။ ကျွန်တော့်ကို ထောင်ဝင်စာရုံကလေးထဲမှာ ထားခဲ့တယ်။ သူကတော့ ဘေးက သစ်ပင်ရိပ်အောက်မှာ သွားထိုင်နေတယ်။ ထောင်ဝင်စာရုံကလေးထဲမှာ ပူပူ လောင်လောင်ထိုင်ရင်း ကျွန်တော် တစ်ယောက်တည်း အလုပ်မရှိ အလုပ်ရှာ။ ဟိုကြည့် ဒီကြည့် လုပ်နေမိတယ်။ သွပ်မိုးသွပ်ကာ ရုံကလေးရဲ့ ထောင့်ကြား တစ်နေရာမှာ ဖြူတူတူအရာလေးတစ်ခုကို မြင်တယ်။ ဘာပါလိမ့်။ သိချင်စိတ် နဲ့ အသာလေး လက်ညှိုးနဲ့ ကော်ထုတ်ယူလိုက်တယ်။ လား လား။ သေချာ ခေါက်လိပ်ထားတဲ့ စက္ကူစာရွက်ပါလား။ လှန်လှော ဖြန့်ကြည့်လိုက်တော့ သတင်းစာဖြတ်စလေး ဖြစ်နေတယ်။ ဖတ်ကြည့်လိုက်တော့ မိုလ်ချုပ် တစ် ယောက် သတင်းဖြစ်နေတယ်။ (မိုလ်ချုပ် မကြီးကြသေး) ဘယ်သူဆိုလဲ မမှတ် မိတော့ပါ။ ဘာလုပ်ဆိုလည်း မမှတ်မိတော့ပါ။ ဘယ်အရပ်မှာဆိုတာလည်း သတိမရတော့ပါ။

ကျွန်တော် စိတ်ကူးပေါ်သွားတယ်။ အေး ဟုတ်တာပေါ့။ ဒီလို ဖတ်စရာ သိစရာ ကိစ္စလေးတွေကို ဒီလိုနည်းနဲ့ဖြန့်ရင် ရနိုင်တာပေါ့။

အဲဒီ ၁၉၉၁ ကာလလောက်တုန်းက ကျွန်တော့်မှာ ရေးခြစ်စရာခဲတံ ဘောပင် မရှိပါ။ စာရွက်စက္ကူ ရှာမရပါ။ ပလတ်စတစ်အကြည်အိတ်ကို စာရွက် အရွယ်ဖြတ်တယ်။ စက္ကူလို သုံးပါတယ်။ ကျွတ်ကျွတ်အိတ်ကိုလည်း အဲဒီလိုပဲ ဖြတ်ပြီးသုံးပါတယ်။ ရေးခြစ်စရာကတော့ သံချောင်းစကလေးတွေကို ထိပ် တစ်ဖက် ချွန်မြနေအောင်သွေးပြီး ဘောပင်လိုသုံးပါတယ်။ ပလတ်စတစ်ကို ပေါင်ပေါ်တင်။ တင်းတင်းရင်းရင်းဖြန့်။ သံချွန်နဲ့ခြစ်။ စာလုံးထင်တယ်။

သံတိုသံစလေးရရင် ကျွန်တော် တစ်နေကုန်သွေးတာပဲ။ ဆရာကြီး သခင်ကိုယ်တော်မှိုင်းရဲ့ လေးချိုးကြီးတစ်ပုဒ်ထဲက “ဒေါင်းအိုးဝေရယ်လို့ တွန်စေ ကစေသော။ ကောင်းကျိုးအထွေထွေနဲ့ ချွန်စေမြစေသော” ဆိုတဲ့ စာပိုဒ်ကို မှတ်မိသလိုလို ရှိနေတယ်။ ကျွန်တော့်နည်း ကျွန်တော့်ဟန်နဲ့ “ချွန်စေမြစေသော” အလုပ်ကို မနားမနေလုပ်ပါတယ်။ ဘယ်ကဘယ်လို ပေါ်လာမှန်းမသိတဲ့ ကဗျာ မြတ်နိုးစိတ်ကလေးနဲ့ ကဗျာတွေ တဖျောဖျောရေးပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



၁၂ နှစ် ၁၃ နှစ်သားကတည်းက သဲသဲမဲမဲရေးလာခဲ့တဲ့ ကဗျာ။ ၁၈ နှစ် ၁၉ နှစ်သားမှာ ဤဘဝ ဤမျှသာဖြစ်သွားတယ်။ ၁၉၄၉ မှာ ကဗျာဆရာကြီးဖြစ်လာမယ့် ကိုဝင်းမောင်(နောင် မင်းယုဝေ)နဲ့ တက္ကသိုလ် စစ်ကိုင်းဆောင်မှာ အခန်းချင်းကပ်နေရတယ်။ သူက နောင် ကျော်ကြားလာမယ့် "ဘဝမာလာ" ကဗျာစာအုပ်ကို တကုန်းကုန်းရေးနေတယ်။ လေးငါးပုဒ်ရေးပြီးတိုင်း ကျွန်တော့်ကိုဖတ်ခိုင်းတယ်။ သူ့ဖွဲ့ သူ့မာန် သူ့ဉာဏ်တွေကို ကြည့်ပြီး ကျွန်တော် ကဗျာနဲ့ ပြတ်စဲလိုက်တယ်။

အဲဒီအချိန်က ကျွန်တော် ကဗျာတွေရေးနေတယ်။ ဒဂုန်မှာ ဂန္ထဝင်ဟန်ကဗျာတွေရေးတယ်။ သွေးသောက်မှာ ကဗျာရှည်တွေရေးတယ်။ ကိုဝင်းမောင်ကိုကြည့်ပြီး ကျွန်တော် အသိဉာဏ်တစ်ခုရတယ်။ ကဗျာဆရာဖြစ်ချင် ကဗျာကို မပြတ်မလပ်တွေးရမယ်။ ရေးရမယ်။ ကျွန်တော်က သတင်းစာဆရာ ဖြစ်ချင်တဲ့သူ။ သတင်းစာအယ်ဒီတာဘဝကို ပန်းတိုင်သတ်မှတ်ထားသူ။ ဒီတော့ သတင်းစာနဲ့ဆိုင်တာကိုပဲ အမြဲတွေး အမြဲရေးရမှာပေါ့။

ထောင်ထဲရောက်တော့ ကဗျာငယ်သွေးငယ်မူရာတွေ ပြန်ပေါ်လာတယ်။ ကဗျာပိုးရှိတယ်လို့ ပြောရမယ်ထင်ရဲ့။

ချွန်စေမြစေသောလေးတွေက အသင့်၊ ပလတ်စတစ်အကြည်စ၊ ကျွတ်ကျွတ်အိတ်စတွေက အဆင်သင့်။ အချိန်တွေက သံသာလေဆုံးတိုင် ဆိုသလို ပေါချင်တိုင်းပေါနေတယ်။ စိတ်ကူးစိတ်သန်းတွေကလည်း ကဗျာစပ်မိတာမမိတာ အပထား။ ကမ္ဘာကုန်ကျယ်သရွေ့ဆိုသလို အတိုင်းမသိ ကျယ်ပြောနေတယ်။ ဒီတော့ ကျွန်တော့်အဖို့ ဘာလုပ်စရာရှိဦးမလဲ။ အာကာကိုလွှာပုံပြုပြီး မေရုကိုစုတ်တံချီဖို့ပဲ ရှိတော့တာပေါ့။

ကျွန်တော် ကဗျာတွေ အားတိုင်းရေးတယ်။ အားတာကလည်း ပြောမနေနဲ့။ အားပြီးတိုင်း အားနေတာ။ တိုက်-၃ အခန်း-၂ ကဗျာစက်ရုံလို့ ဆိုင်းဘုတ်တင်ရမလိုတောင် ဖြစ်နေတော့တာ။

ကျွန်တော် ကဗျာတွေ ဘယ်လောက်ရေးရေး အဖတ်မတင်ပါဘူး။ သမင်မွေးရင်း ကျားစားရင်း ဖြစ်နေတာပါပဲ။ နှလုံးသားက ခံစား၊ လက်ချောင်းတွေက ရေးသား၊ ဦးနှောက်က မေ့ပျောက်ဆိုသလို ဖြစ်နေတယ်။ သဲထဲရေသွန်ဖြစ်ရတော့တာပေါ့။ မေ့လိုက်ပုံလည်း ပြောမပြချင်အောင်ပါပဲဗျာ။ ကဗျာတွေ



အားလုံးလိုလိုကို မေ့ကုန်တော့တာ။ တချို့ဆိုရင် ခေါင်းစဉ်မေ့၊ ဘာအကြောင်းဆိုတာမေ့နဲ့ ဘာမှသတိမရသလိုမျိုးကို ဖြစ်ကုန်တော့တာ။

ဒါပေမဲ့ ကျွန်တော့်ကဗျာတွေ ကံကောင်းတယ်ဆိုရမလား။ ကဗျာရေးသူကျွန်တော်ပဲ လူမစွမ်းနတ်မ အကျိုးပေးကောင်းနေတယ် ဆိုရမလား။ ဘယ်လိုပြောရမယ်တော့ မသိဘူး။

ကျွန်တော်ရေးတဲ့ ကဗျာတွေထဲက ကောက်သင်းကောက် ဟိုတစ်ပုဒ်ဒီတစ်ပုဒ် ကျန်ကောင်းကျန်ရာ ကဗျာတချို့ဟာ ပြည်တွင်းပြည်ပ စာစောင်တွေမှာ ဖော်ပြခံရတယ်။ ပြည်ပမီဒီယာတွေမှာ ဖတ်ကြားခံရတယ်။ ပြည်ပထုတ်ဘာသာစုံ စာအုပ်စာတန်းတွေမှာ ပုံနှိပ်ခံရတယ်။ ကျွန်တော့်ကဗျာတွေ နိုင်ငံခြားရောက် ကျွန်တော့်သမီးတွေ မြေးတွေလက်ထဲ ရောက်တယ်။ ကျွန်တော့်စာပေသက်တမ်းတစ်လျှောက် ဘယ်တုန်းကမှ လူသိရှင်ကြားရော၊ လူမသိ သူမသိပါ စကားထဲထည့်မပြောခဲ့တဲ့ ငါကဗျာဆရာ၊ ကျွန်တော်ကဗျာဆရာ၊ ဝင်းတင်ကဗျာဆရာဆိုတဲ့ အသုံးအနှုန်းတွေဟာ မီဒီယာတွေမှာ ဖော်ပြခြင်းခံရတဲ့အဖြစ်ရောက်လာတယ်။ (မတန်မရာ သိဒ္ဓိတင်ခံရသလို ဖြစ်နေလို့ ကျွန်တော့်အဖို့တော့ အလွန်ကို အနေခက် ရှက်စနိုး ရိုကျိုးနှိမ်ချဖြစ်ရပါတယ်။)

ဆိုပါတော့။ ၁၉၉၅ ဇူလိုင်လောက်မှာထုတ်တဲ့ ပြည်တွင်းဂျာနယ် တစ်စောင်မှာ "ချစ်သောမြေးများသို့" ဆိုတဲ့ ကဗျာတစ်ပုဒ်ပါလာတယ်။

တည်ငြိမ်ဝံ့စား။ ပြတ်သားစည်းစောင့်
ရိုးဖြောင့်ရောင့်ရဲ၊ ဖွဲ့ကြိုးသည်းခံ
မာန်နှိမ်စွန့်လွှတ်၊ မြင့်မြတ်စာနာ
ချိုသာပွင့်လင်း၊ ရိုင်းပင်းတတ်စေ။

ဒီကဗျာကို "ဘဘ"ဆိုတဲ့ ကလောင်နာမည်နဲ့ရေးတယ်။ ကျွန်တော်ရဲ့ ကိုယ်ကျင့်စရိုက်ကို ပြည်တွင်းပြည်ပ မြေးငယ်တွေဆီ ဆင့်ကမ်းတာပါ။

၁၉၉၀ကျော်လောက်မှာရေးတဲ့ "ကျားရဲငါ" ဆိုတဲ့ ကဗျာကတော့ ပြင်ပကို ကျယ်ကျယ်ပြန့်ပြန့်ရောက်ပါတယ်။ မီဒီယာတွေမှာ၊ စာအုပ်စာတမ်းတွေမှာ အတော်ကျယ်ကျယ်ပြန့်ပြန့် ရောက်ပါတယ်။ ဒီနှစ် ၂၀၀၉ မှာထုတ်တဲ့ ပြင်သစ်စာအုပ်တစ်အုပ်ထဲမှာ ကျွန်တော့်လက်ရေးနဲ့ မြန်မာမူရင်းအတိုင်းဖော်ပြပါတယ်။ ဘာသာပြန်လဲပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



## ကျားရဲ ငါ

နေပြင်းရင် နှင်းမှုန်ရင်
ဆွေ့ဆွေ့ခုန် အိုက်လိုအိုက်
ခိုက်ခိုက်တုန် ချမ်းလိုချမ်း။

အခန်းကျဉ်းကျဉ်း
အလင်းမဝင် လေမဝင်
နေမမြင် လမမြင်
လူမမြင် သူမမြင်
ထိုင်ရင်ထိုင် မထိုင်ရင်ငေး
အိပ်ရင်အိပ် မအိပ်ရင်တွေး။

သတင်းမေးဖို့ ဝေးရော
သီချင်းလေးမှ မဆိုရ
စာဖတ်ဖို့ ဝေးရော
ကဗျာလေးမှ မစပ်ရ
တရားဟောဖို့ ဝေးရော
စကားလေးမှ မပြောရ။

အဟောသိက သံသရာ
ငါ့ကမ္ဘာ ပိစိကွေး
အခန်းကျဉ်းလေး ပတ်လျှောက်လိုက်
သံတံခါးဝ ရပ်လိုက်
တမတ်တပ်တပ် တစ်နေကုန်။

မနေ့ကလဲ တစ်နေကုန်
ဒီနေ့လဲ တစ်နေကုန်
နက်ဖြန်လဲ ကုန်ဦးမယ်။
ကုန်ကုန်ကုန်



ကုန်ချင်သလောက် ကုန်စမ်း
တစ်ရက်ကုန်မလား တစ်သက်ကုန်မလား
တစ်လကုန်မလား တစ်ဘဝကုန်မလား
တစ်နှစ်ကုန်မလား တစ်ခေတ်ကုန်မလား။

အားမလျှော့ဘူး မပျော့ဘူး
ပေဖြစ်တော့ခံမယ် တူဖြစ်တော့နှံမယ်။

အမှန်တရား ဒို့ဘက်မှာရှိတယ်
ပြည်သူအများ ဒို့ဘက်မှာရှိတယ်
ကာလယန္တရား ဒို့ဘက်မှာရှိတယ်
ရှင်တော်ဘုရား ဒို့ဘက်မှာရှိတယ်
သိကြရဲ့လား ဟား ဟား ဟား ဟား ။

တိရစ္ဆာန်ရုံက ကျားလို
လှောင်အိမ်ထဲမှာ တလွန့်လွန့်နဲ့
ကျားညွန့်တုံးတွေ ထင်သလား။

မှားလိုက်တဲ့အမြင်
ဟားတိုက်လို့ ရယ်ချင်စရာ။

မှတ်ထားဟေ့
အဝါပေါ်မှာ အနက်စင်း
မပျက်မယွင်း ကွက်ကွက်ကွင်း
အရှင်းသား မလွဲမရှော့
အထင်းသား စွဲသရှော့
ကျားရဲဟာ ကျားရဲ

ငါလည်း အဲဒီလိုပဲကွဟေ့။ ။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် မမှတ်မိတော့တဲ့ ကဗျာလေးပုဒ်ကို သခင်အုန်းမြင့်က သိမ်းထားတယ်လို့ဆိုတယ်။ ဘယ်မှာ သိမ်းမိမှန်း သူ မသိတော့ဘူး။ ပျောက်သော ကဗျာ ကြာရင်မေ့ ဆိုသလိုပဲ သဘောထားရတော့တယ်။ အဲဒီစာထဲက ကဗျာ တစ်ပုဒ်ကိုတော့ အကြောင်းအရာတချို့ မှတ်မိတယ်။ စစ်သံဖနောင့် အောက်မှာ ကျွန်တော် ဘယ်တော့မှ လက်မမြှောက်၊ ဒူးမထောက်ဘူး။ လှေခွက်ချည်း ကျန် အလံမလှဲဆိုတဲ့ ဆိုရိုးရှိတယ်။ ကျွန်တော်ကတော့ ကျွန်တော်တို့ရဲ့စိတ်ဓာတ် ဉာဏ် မာန် ကြွေးကြော်သံကို သံကုန်မြင့် သံကုန်ဟစ်လိုက်တယ်။

"လှေခွက်မကျန်တောင် အလံမလှဲဘူးကွဟေ့"

သခင်အုန်းမြင့် အဆိုကတော့ ဒီကဗျာ သူ့ဆီမှာရှိသတဲ့။ ရှိရှိ မရှိရှိ။ ရှိပါစေတော့။ သူမှ မမှတ်မိတော့တာ ဘာတတ်နိုင်တော့မလဲ။ သူလည်း အသက်က ၉၀ ကျော်နေပြီလေ။ ပျောက်ပြီပဲ သဘောထားလိုက်ရတော့မှာပေါ့။

မပျောက်မပျက် အသက်ရှင်နေသေးတဲ့ ကဗျာတွေထဲမှာ တချို့ လူသိသူသိများတယ်။ အမရပူရ တောင်လေးလုံးဆရာတော် ဦးပညာဓောတ အကြောင်းရေးတဲ့ ကဗျာဆိုပါတော့။

"တောင်လေးလုံး ကမ္ဘာကျော်
ဆရာတော် "ပညာ"ထီး။
ဦးနှောက်ဉာဏ် မိုးယံဖျား
နှလုံးသားမြေကြီး။"

ကြားဖူးတဲ့သူတွေ ရှိနေသေးတယ်။

ဒေါ်ဒေါ်လူထုဒေါ်အမာ အသက် ၉၀ပြည့်မွေးနေ့အတွက် အထဲက ရေးပို့တဲ့ ကျွန်တော့်ကဗျာလည်း မှတ်မိသူတွေရှိတယ်။ ဒေါ်ဒေါ်ဟာ မြန်မာစာပေရဲ့ မိခင်ကြီးဖြစ်တယ်။ သတ္တိပြောင်တဲ့ သတင်းစာဆရာမကြီးဖြစ်တယ်။ ပြောင်မြောက်တဲ့ စာပေပညာရှင်ကြီးဖြစ်တယ်။

"မမောတမ်း အမေ၊
စာအမွေဝေဆဲ။
တော်လှန်–မာန်–ဉာဏ်သတ္တိတွေရဲ့
ကိုးဆယ်ပြည့်ပွဲ။ ။"



ဒေါ်ဒေါ်လူထုဒေါ်အမာ အသက် ၉၀ ပြည့်တဲ့မွေးနေ့ကို ရည်ညွှန်းပြီး ဒီကဗျာကိုရေးတယ်။ လူထုဒေါ်အမာဆိုတဲ့ ပုဂ္ဂလဥပမိကို ရေးဖွဲ့တာမဟုတ်ဘူး။ တော်လှန်ရေးစိတ်ဓာတ်၊ တော်လှန်တဲ့မာန်တွေ၊ တော်လှန်တဲ့ဉာဏ်တွေ၊ တော်လှန်ရေးသတ္တိတွေရဲ့ ဥပမိကိုရေးဖွဲ့တာပါ။

ဒေါ်ဒေါ်ဆိုတာ ကျွန်တော်တို့ရဲ့အမေ၊ ကျွန်တော်တို့ရဲ့ မာန် ဉာဏ် သတ္တိတွေရဲ့ အမေဖြစ်ပါတယ်။ အမေဟာ အမေ တာဝန်ခရီးရှည်ကြီး၊ နိုင်ငံရေးတာဝန်ခရီးရှည်ကြီး ဆက်နိုင်တော့မယ်ဆိုတာ ကျွန်တော် သိနေပြီ။ ဒေါ်ဒေါ် အသက် ၉၀ ကျော်လာပြီလေ။ ဒေါ်ဒေါ်သာ တောင်ဖြိုတဲ့မြစ်ကြီးတစ်စင်း ဖြစ်ပါတယ်။ မြစ်ကြီးတစ်စင်းရဲ့ အားတွေ မာန်တွေ သတ္တိတွေနဲ့ ဒေါ်ဒေါ် ခရီးဆက်ပေဦးတော့။ ကျွန်တော် ထောင်ထဲက မထွက်ရသေးဘူး။ ကျွန်တော် အားမွေးနေပါတယ်။

ကျွန်တော်တို့ လျှောက်လမ်းပေါ်မှာ အဟန့်အတားဖြစ်နေတဲ့ စစ်အာဏာရှင်စနစ်ဆိုး တောင်ရိုးတောင်တန်းတွေကို ကျွန်တော်တို့ ဖြိုသွားပါတယ်။ အမေ့ကို ကျွန်တော်တို့ ကတိပေးပါတယ်။ ကျွန်တော်တို့လက်တွေတန်းတုန်း၊ သန်မာတုန်း၊ တောင့်တင်းတုန်း ရှိပါသေးတယ်။ ကျွန်တော်တို့လက်တွေ စာရေးချိန်တန်ရေးမယ်။ လက်မထောင်ချိန်တန် ထောင်မယ်။ လက်သီးဆုပ်ချိန်တန် ဆုပ်မယ်။ လက်မောင်းတန်းချိန်တန် တန်းမယ်။ ဓားဝင့်ချိန်တန် ဝင့်မယ်။ ခလုတ်ဆွဲချိန်တန် ဆွဲမယ်။ လောလောဆယ်တော့ လက်ထိပ်တွေကို ဖြုတ်နေရပါသေးတယ်။ လက်ပြန်ကြိုးတွေကို ဖြည်နေရပါသေးတယ်။

"ခြေတစ်လှမ်း ကျမ်းတစ်စောင်
နှစ်တစ်ထောင် ခရီးပြင်း။
ရွှေဒေါင်းတောင် စိန်ကလောင်နဲ့
တောင်ဖြိုတဲ့ မြစ်တစ်စင်း။ ။"

ဒီကဗျာလည်း ဒေါ်ဒေါ်မသေခင် ဖတ်သွားရတယ်။ ဒေါ်ဒေါ်ပြောခဲ့လို့လားမသိ။ ဒေါ်ဒေါ်ခေါင်းချသွားတဲ့ ပြင်ဦးလွင်မြို့ "စိမ်းလန်းအေး"ခြံ လူထုဒေါ်အမာ အထိမ်းအမှတ်ကျောက်စာတိုင်မှာ ဒီကဗျာကို ထွင်းထုထားတယ်။ ကလောင်ကြီး ကလောင်ငယ် ဘယ်ကလောင်ကထွက်ထွက် ဒီလို စိန်ကလောင် ပကာသနီမျိုးဟာ အမေ လူထုဒေါ်အမာလိုပုဂ္ဂိုလ်မျိုးနဲ့ အမှန်ထိုက်တန်တယ်။

www.burmeseclassic.com

www.burmeseclassic.com



၂၀၀၀ ခုနှစ် ဝန်းကျင်လောက်မှာ ဩစတြေးလျမှာရှိတဲ့ သမီးဆီ ကျွန်တော် စာရေးခွင့်ရတယ်။ ကမ္ဘာကြက်ခြေနီအဖွဲ့ကတစ်ဆင့်၊ ထောင်က တစ်ဆင့်၊ ထောက်လှမ်းရေးကတစ်ဆင့်၊ နောက်ဘယ်သူတွေမှန်းမသိတဲ့ တစ်ဆင့်ကတစ်ဆင့် ကျွန်တော် စာတွေရေးတယ်။ စာတစ်စောင်မှာ ကျွန်တော် ကဗျာတစ်ပုဒ်ရေးထည့်တယ်။

ပန်းပင်နွယ်ပင် သီးနှံပင်တွေ စိုက်နေတဲ့အကြောင်း ကျွန်တော် ရေးတယ်။ မျက်ကွက်မြင်ကာ သဘောရေးတာပါ။ ကဗျာထဲမှာပါတာက ကျွန်တော့်ရင်ထဲမှာရှိနေတဲ့ ဒီမိုကရေစီအတွေးအမြော်။

"စိုက်လိုက်စမ်းမကွဲ့
ပန်းရောင်စုံ၊ သင်းထုံပျံ့မွှေး။
ဒီပန်းတွေဖူးဝေသစ်တဲ့ခါ
မြေးမြစ်တွေ နောင်တစ်ခေတ်မှာ
ပန်ရစ်ကြလေး။ ။"

ဘယ်ထောင်လက်၊ ဘယ်ထောက်လက်၊ ဘယ်ခြေလက်ကမှ ကျွန်တော့်ကဗျာထဲက ဒီပန်း(ဒီမိုကရေစီပန်း)တွေကို ချွေရကောင်းမှန်း မသိခဲ့ကြပါဘူး။ ကျေးဇူးကမ္ဘာလို့ ပြောရမလား။ သောက်အ,တွေလို့ ရှီးမွမ်းထောပနာ ရမလား။ မသိ။

ဒါတွေက ဟိုတစ်စ ဒီတစ်စ မမေ့မပျောက် မှတ်မိသမျှ ကဗျာတိုစတွေကို ပြန်ပြောပြတာပါ။ စစ်ဘေးဒုက္ခသည်မိခင်ရဲ့ အမှတ်တရ၊ အမှတ်မရ၊ အမှတ်မရတာရတွေမျိုးပေါ့လေလို့ ကျွန်တော် စိတ်ဖြေပါတယ်။ စစ်ပြေးခရီးမှာ ကျည်သင့်သေတဲ့သား။ ငတ်သေတဲ့သား။ ဆွဲသတ်ခံရတဲ့သား။ လျှောပျက်ကျခဲ့ရတဲ့သား။ နှစ်ပေါင်းများစွာ ကြာလာတဲ့အခါ စစ်ဒုက္ခမိခင်ဟာ သားတွေအားလုံးကို ဘယ်သတိရနိုင်တော့မလဲ။ မေ့တာတွေသာ များလိမ့်မပေါ့။

၁၉၉၀ ကျော်မှာ ကဗျာရှည်ကြီးတွေ အတော်များများရေးခဲ့တယ်။ အားလုံးလိုလို မမှတ်မိတော့ဘူး။ ကျားရဲတစ်ယောက်ပဲလွတ်လာတယ်။ သက်ဆိုးရှည်နေဆဲရှိသေးတယ်။

ဘာအကြောင်း ဘာခေါင်းစဉ်နဲ့ ရေးမိမှန်းမသိတဲ့ ကဗျာရှည်တစ်ပုဒ်ထဲက "နှုတ်ခမ်းမွေးနဲ့ ငမိုး၊ မန္တလေးကို ဂိုး"ဆိုတဲ့ မသေကောင်း မပျောက်



ကောင်း ကဗျာစာလုံးတစ်လုံးတလေကို ဆရာမောင်မိုးသူ ပြန်ရွတ်ပြလို့ မှတ်မိရတယ်။

ဒီလိုပါပဲ။ ၁၉၉၉ ဝန်းကျင်လောက်က ကဗျာပြဇာတ်ရှည်ကြီးတစ်ပုဒ် ကျွန်တော် ရေးတယ်။ သင်္ကြန်ကြို သင်္ကြန်တွင်း သင်္ကြန်လွန်ကာလ တစ်လျှောက်လုံး နှစ်လနီးပါး ကျွန်တော် ရွတ်ပြခဲ့တယ်။ တံခါးပိတ်အခန်းရှေ့ ကွက်လပ်မှာ လမ်းလျှောက်ခွင့်ရချိန် ရွတ်ခဲ့တာပါ။ တစ်နေ့ ၁၅ မိနစ်ပဲ ကွက်လပ်ထဲ ထွက်ချိန်ရတယ်။ မောင်မိုးသူတို့၊ မောင်ဝံသတို့ဆီ ပြဇာတ်ကဗျာ တစ်ပုဒ်တလေရောက်ဖို့ တစ်ခါတလေ တစ်နေ့တာခွင့်ပြုချိန် ကုန်သွားတယ်။ ကရင်နိုင်ငံရေးအကျဉ်းသား ကိုကိုနိုင်က စကားလက်ဆင့်ကမ်းရတော့ အချိန်ကုန်တာပေါ့။

"လူအတုကြီး စက်ကြိုးဆင်
ခေတ်ပြင်နိုင်ဖို့ ဝေလာဝေး။
ဟုတ်ပလေ ကိုယ့်အတွေးရယ်
လူသစ်သာမွေး။ ။"

ကဗျာပြဇာတ်နာမည်က "ဘကြီးသွားနဲ့ ထိပ်ပြားဘီလူး" ဖြစ်ပါတယ်။ ဘကြီးသွားဆိုတာ သွားမရှိတဲ့အဘိုးကြီး။ ထိပ်ပြားဘီလူးဆိုတာ ထိပ်ပြားနေလို့ ထိပ်တုံးနေတဲ့ ဘီလူး။ နာမည်နဲ့အညီ လူတွေကို ထိပ်တုံးခတ်တဲ့ ဘီလူး။ ဇာတ်ရုပ်တွေက ကျွန်တော်သိသမျှ နိုင်ငံရေးသမားတွေ၊ မြေအောက်လှုပ်ရှားသူတွေ၊ တော်လှန်ရေးသမားတွေ ဖြစ်ပါတယ်။ နိုင်ငံရေးဖြစ်ရပ်တွေ၊ အယူအဆ၊ လှုပ်ရှားမှုတွေက ပြဇာတ်နောက်ခံ ဖြစ်ပါတယ်။

တချို့နေရာမှာ ဇာတ်လမ်းနဲ့ ဇာတ်ရုပ်တွေအကြောင်း၊ တချို့နေရာမှာ နိုင်ငံရေးအယူအဆတွေအကြောင်း၊ တချို့နေရာမှာ ဇာတ်ရုပ်ချင်း စကားစစ်ထိုးပွဲအကြောင်း။ ကဗျာတစ်ပိုဒ်ထဲက ထိုအတွေးဆိုတာ "အတွေးအမြင်" စာစောင်ထုတ်သူ စာရေးဆရာမောင်ဝံသ။ လူသစ်မွေးခိုင်းသူက အဓိကဇာတ်ရုပ် ဘကြီးသွား။ လူအတုကြီးဆိုတာက အိန္ဒာကျိုးကန်း ခေါင်းဆောင်အိုတွေ ဖြစ်ပါတယ်။ ခြေတု၊ လက်တု၊ ခါးရိုးတု၊ သွားတု၊ နားတု၊ မျက်စိတုနဲ့ လူအတုကြီးလို ဖြစ်နေတဲ့လူ။ သူလိုလူမျိုးကို စက်ကြိုးတွေဆင်ပြီး နိုင်ငံရေး

www.burmeseclassic.com

www.burmeseclassic.com



ဇာတ်ခုံပေါ်မှာ သဏ္ဌာန်လုပ် သရုပ်ဆောင်နေကြတာ။ မတော်တရော်၊ မဟုတ်မဟတ်ကိစ္စပဲ။ ခေတ်ကြီးကိုပြင်ဖို့ဆိုတာ ဝေးသေး။

သူ့ကိုညွှန်းတဲ့ 'ကိုအတွေး'ဆိုတဲ့ စကားလုံးပါလို့လား။ ခေတ်ပြင်ဖို့ဝေးသေးဆိုတဲ့ အမြင်ကို သည်းခြေကြိုက်လို့လားမသိ။ အဲဒီစာပိုဒ်ကလေးကို သတိရဖော်ရလို့ ကိုဝံသကို ကျေးဇူးတင်ရသေး။ ဒီကဗျာပြဇာတ်ကို ရုပ်ရှင်ရိုက်ဖို့ကောင်းတယ်။ ဇာတ်ရှိန်မြင့်တဲ့ ဒီနေရာလောက်နဲ့ရပ်ဖို့ ကောင်းတယ်ဆိုပြီး ဝါစာကမာစကားနဲ့ ကဗျာရွတ်ပွဲကို လမ်းပိတ်(Read Block) ခဲ့တဲ့ မောင်မိုးသူကိုလည်း ကျေးဇူးကန်းမိရသေး။ သူကောင်းမှုနဲ့ ကျွန်တော်ကဗျာပြဇာတ်ရှည်ကြီး ဇာတ်သိမ်းဆိုးခဲ့ရတယ် မဟုတ်လား။

ဒီကဗျာပြဇာတ်လိုပဲ ဇာတ်သိမ်းမလှတဲ့ ကဗျာတိုရှည်တွေ အတော်များများကို ကျွန်တော် ရေးခဲ့တယ်။ ငါသာတစ္ဆေဖြစ်ရင် အာဏာရှင်တွေရဲ့ စံနန်းတော်တွေ၊ ဘုံဆောင်နန်းမြင့်တွေကို ဖောက်ထိုးမှောက်ပစ်မယ်ဆိုတာမျိုးပါ။ "ယမမင်းငါ" ကဗျာရှည်မျိုးရေးခဲ့တယ်။ ငါသာ ယမမင်းဖြစ်ရင် အာဏာရှင်တွေအတွက် ငရဲတစ်ထပ် တိုးမယ်။ ငရဲကြီးကိုးထပ်ဖန်ဆင်းမယ်။ ကိုးထပ်ငရဲကို ဂျိုးမကပ်တဲ့အိုး (Tefloncoated) လုပ်မယ်။ အာဏာရှင်တွေကို နှစ်ပြန်သုံးပြန် အကျွတ်ကြော်မယ်ဆိုတာမျိုးပါ။

လူကြီးသူမတွေ ပြောလေ့ပြောထရှိတဲ့ စကားက ငရဲအိုးဂျိုးကပ်မယ်ဆိုတဲ့စကားပါ။ တကယ်တော့ ဂျိုးကပ်ရင် အကြော်ခံရတာမြန်မယ်။ ဂျိုးမကပ်တဲ့အိုးဆိုရင် အကြာကြီး အကြော်ခံရမယ်။ (ဒါကြောင့် ငရဲအိုးတွေ ဂျိုးမကပ်တဲ့အိုးမျိုး ဖြစ်စေချင်တာပါ။)

အမြဲမှတ်မိပြီး အမြဲမေ့လျော့ လွင့်ပြယ်သွားတဲ့ ကဗျာရှည်တစ်ပုဒ်ကတော့ "အန္တိဒဏ္ဍာရီ"ပါ။ မျောက်သုံးကောင်ဒဏ္ဍာရီကို ဆန့်ကျင်တဲ့အမြင်နဲ့ ရေးတာပါ။ အန္တိဆိုတာ ဆန့်ကျင်ဘက်၊ ဆန့်ကျင်သူ (Anti) ဖြစ်ပါတယ်။ ခရစ်ယာန်သမ္မာကျမ်းစာစကားဖြစ်ပါတယ်။ ခရစ်တော်ကိုဆန့်ကျင်သူ၊ ခရစ်တော်အတုအယောင် စသည်တို့ကို အန္တိခရစ်တော်(Anti Christ) လို့ သုံးပါတယ်။

တရုတ်ဒဏ္ဍာရီမှာ လောကကို မမြင်မကြား မပြောချင်တဲ့အတွက် မျက်စိပိတ်ထားတဲ့မျောက်၊ မကြားချင်လို့ နားပိတ်ထားတဲ့မျောက်၊ မပြောချင်လို့



ပါးစပ်ပိတ်ထားတဲ့မျောက်တွေအကြောင်း ဒဏ္ဍာရီရှိပါတယ်။ အဲဒီဒဏ္ဍာရီကို ကျွန်တော် ဆန့်ကျင်တယ်။

ကျွန်တော်က ဒဏ္ဍာရီဆန့်ကျင်သူပီပီ ပြည်သူအများခံစားနေရသမျှကို ပိုထင်ထင်ရှားရှား မြင်ချင်တယ်။ ဒါကြောင့် မှန်ပြောင်းနဲ့ကြည့်မယ်။ ပြည်သူအများ ခံစားကြရသမျှကို ပိုပြတ်ပြတ်သားသားကြားချင်တယ်။ ဒါကြောင့် ဆရာဝန်သုံး နားကြပ်နဲ့ ရင်ဘတ်ကပ်နားထောင်မယ်။ ပြည်သူအများခံစားကြရသမျှကို ပိုကျယ်ကျယ်ပြောချင်တယ်။ ဒါကြောင့် အသံချဲ့စက်(လော်စပီကာ)နဲ့အော်မယ်။

ဒီလို အန္တိကဗျာတိုရှည်တွေ ကျွန်တော် အများကြီးရေးတယ်။ စက္ကူမရှိ၊ ဘောပင်မရှိတဲ့ အာဏာရှင်ခေတ် ထောင်ဘဝထဲက အချိန်အခိုက်အတန့်တစ်ခုမှာရေးခဲ့ရတဲ့ ကဗျာတွေကိုး။ ပလတ်စတစ်တွေပေါ်ဖြစ်၊ ပလတ်စတစ်ပေါ်ပျောက်ပေါ့။ အနိစ္စသဘောနဲ့ ကိစ္စချောခဲ့ကြရတော့တာပေါ့လေ။ သံယောဇဉ်မထားတော့ပါဘူး။

၂၀၀၀ ခုကျော်လောက်မှာ ကဗျာရေးကျဲသွားတယ်။ နိုင်ငံရေးကိစ္စတွေပဲ အာရုံထဲရောက်နေတယ်။ ၁၉၅၀ လောက် ကျွန်တော့်ခေါင်းထဲမှာ သတင်းစာကိစ္စက ကဗျာကိစ္စကို ဝှန်းချခဲ့တယ်။ နှစ် ၅၀ အကြာ ခုအချိန်မှာလည်း နိုင်ငံရေးကိစ္စက ကဗျာကိစ္စကို ဝှန်းချပြန်ပြီ။


နောက်ဆုံးရေးခဲ့တဲ့ ကျွန်တော့်ကဗျာတချို့မှာ အလင်္ကာနဲ့-ကျဲ-မွဲသွားပါပြီ။ နိုင်ငံရေးပဲ ကဲနေပါတော့တယ်။

"အာဏာထင်ရာသုံး
တစ်ပြည်လုံးထောင်ကျ။
စစ်ကျွန်တွေ ရန်းကန်ထမှ
လွတ်ကျွတ်ဘဝ။ ။"

◆

www.burmeseclassic.com

www.burmeseclassic.com




# လူ့ငရဲကို
# ပြန်လည်လောင်မြိုက်ခြင်း (၄)

www.burmeseclassic.com

www.burmeseclassic.com

- သံတိုင်သံတံခါးကိုဖြတ် သေနတ်တွေကွင်း
- ရုပ်မသေး ကြိုးမကိုင်
- နိုင်ငံရေးသယ်ဖာတရင်းမြစ်
- သံသရာဝဲလည် စောင်တစ်ထည်



## သံတိုင်တံခါးတွေဖြတ် သေနတ်တွေကွင်း

ထောင်ချတယ်ဆိုတာ လွတ်လပ်ခွင့်တွေ ရုပ်သိမ်းတာပဲ။ ဒါအဓိကပဲ။ ထောင်ကျသူတွေမှာ တရားဥပဒေအရ ပိုင်ခွင့်ရခွင့်တွေရှိပါရဲ့။ အတော်နည်းတယ်။ ထောင်အာဏာပိုင်တွေ။ ထောက်လှမ်းရေးလို အာဏာပြိုင်တွေရဲ့ ချုပ်ချယ်မှု၊ ကန့်သတ်မှု၊ ဖိနှိပ်မှု၊ အနိုင်ကျင့်မှုတွေက ရှိသေးတယ်။ နောက်ဆုံးတော့ အကျဉ်းသားအခွင့်အရေးဆိုတာ သုညအဆင့်ရောက်သွားတယ်။ အာဏာရှင်ခေတ်မှာတော့ အဆိုးဝါးဆုံးအခြေအနေ ရောက်သွားတယ်။ သုညမှာ အနှုတ်လက္ခဏာပြလာတော့တာပေါ့။ မိုးလေဝသပြကိန်းတွေ သဘောပါပဲ။ နှစ်ပတ်တစ်ခါ(အချုပ်သားအဖို့ တစ်ပတ်တစ်ခါ) ညှိတွေ့၊ ထောင်ဝင်စာတွေ့ခွင့်ရှိတယ်။ ဒါက ချိုးဖောက်မခံရနိုင်တဲ့ အခွင့်အရေးပဲ။ ဒါကိုထောင်

www.burmeseclassic.com

www.burmeseclassic.com



အာဏာပိုင်တွေက အာဏာပြိုင်ထောက်လှမ်းရေးတွေရဲ့ အမိန့်နဲ့ ရုတ်သိမ်းတယ်။ ဖျက်သိမ်းတယ်။ အကြိမ်ပေါင်းများစွာ၊ လပေါင်းများစွာ ထောင်ဝင်စာပိတ်ခံရတာတွေမျိုးတွေ ရှိတတ်တယ်။ စစ်ခွေးတိုက် ပို့ထားခံရကတုန်းက ကျွန်တော် ထောင်ဝင်စာ ခြောက်လကျော်ပိတ်ခံရတယ်။

ဒီလိုအခွင့်အရေးဆုံးရှုံးမှုဟာ မကြာခဏသာမဟုတ် နေရာတကာမှာ ကြုံရတတ်တယ်။ နာမကျန်းဖြစ်လို့ ဆေးရုံဆေးခန်း တက်ရောက်ကုသခံနေရတဲ့အချိန် ဒီလိုအရေးယူမှုမှာ မိသားစုကို အသိမပေးဘူး။ မိသားစုသိလို့ လိုက်လာလည်း တွေ့ခွင့်မပေး၊ တွေ့ခွင့်ပေးလည်း အကြိမ်ကန့်သတ်။ အချိန်ကန့်သတ်။ ဟိုလူ ဒီလူ ကန့်သတ်။ ဟိုဟာမယူရ ဒီဟာမယူရကန့်သတ်။

၁၉၉၅ မှာ ခွဲစိတ်ကုသမှုတစ်ခု ကျွန်တော် လုပ်ရတယ်။ ရန်ကုန်ဆေးရုံကြီးဂတ်ဝပ် (Guard Ward) ရဲအချုပ်ခန်းမှာ ကျွန်တော် ရောက်နေတယ်။ ငါးနှစ်လုံးလုံး အူကျွံရောဂါကို ဗိုက်မှာ ပိုက်ထားခဲ့ရတယ်။ ဝေဒနာဆိုးဆိုးဝါးဝါး ခံစားနေခဲ့ရတယ်။ နောက်ဆုံး အူခေါက်သွားတော့မှ ဆေးရုံကြီးပို့တယ်။ ချက်ချင်းပို့ ချက်ချင်းခွဲရတယ်။ မပို့မခွဲလို့လည်း မဖြစ်တော့ဘူး။ အူခေါက်တာ နှစ်ရက်ကျော်သွားပြီ။ သုံးရက်ဆိုသေမယ်။ ဒါနဲ့ အမိုးပွင့်လော်ရီကားပေါ်တင်၊ ဆေးရုံအမြန်ပို့တယ်။ သံခြေကျင်းခတ်ဖို့ ပြင်သေးတယ်။ ပန်းပဲခန်းအထိ ခေါ်သွားသေးတယ်။ တူတပြင်ပြင် ပေပေါ်တင်ထုတော့မလို့။ ကျွန်တော် အကြီးအကျယ်ကန့်ကွက်တယ်။ ချက်ချင်းခွဲစိတ်ရမယ့်လူနာ သံခြေကျင်းခတ်ဦးမှာလား။ သံခြေကျင်းခတ်ရင် မသွားဘူး။ ဆရာဝန်တွေ ဝင်ပြောမှ ခြေလွတ်လက်လွတ် ဆေးရုံရောက်တယ်။

ခွဲပြီးပြီးချင်း ရဲအချုပ်မှာ ပိတ်ထားလိုက်တယ်။

ရဲအချုပ်ခန်း (Guard Ward) ဆိုတာ ၂၄ ပေ ၁၆ ပေလောက် အခန်း။ မီးလုံးတစ်လုံးတည်း ထွန်းထားတယ်။ မီးလုံးနီကျင်ကျင်က တစ်ခန်းလုံးရဲ့အမှောင်ကို မတိုးနိုင်ဘူး။ မှောင်ထဲမဲထဲမှာ လူနာအကျဉ်းသား ဆယ်ယောက်လောက်ထားတယ်။ တစ်ယောက်နဲ့တစ်ယောက် မမြင်ရ။ တစ်ခန်းလုံး ညစ်ပတ်စုတ်ပြတ်နေတယ်။ ပုပ်ဟောင်နံစော်နေသေးတယ်။ ထမင်းဟင်းက တစ်နေ့တစ်ခါပဲပေးတယ်။ နှစ်ခါစားချင် ပိုယူထား။ သိုးတာနံတာ လာမပြောနဲ့။



ကျွန်တော် ဆေးရုံရောက်တာ အိမ်က မသိဘူး။ တစ်နေရာရာက သတင်းကြားလို့ စားစရာလေးတွေ ပို့ရတယ်။ ရဲတွေကို လက်ဖက်ရည်ဖိုးအရက်ဖိုး ဆေးလိပ်ဖိုးပေးရသေးသလားမသိ။ လာတွေ့တဲ့သူငယ်ချင်းအုန်းထွန်းကို ကျွန်တော် မမေးလိုက်တော့ပါဘူး။

ဒီလောက်များတဲ့ အဟန့်အတား၊ အပိတ်အပင်တွေကြားက လာခွင့်ဝင်ခွင့် တွေ့ခွင့် ဆုံခွင့် မရှိတဲ့သူတွေ ကျွန်တော့်ဆီ တစ်ယောက်ပြီး တစ်ယောက် ရောက်လာတယ်။

ကိုထွေး ရောက်လာတယ်။ ကိုထွေးက ကိုမောင်မောင်ခင်ရဲ့အငယ်ဆုံးသား။ အချိုရည်ဘူးတွေယူလာတယ်။ (အဲဒီအချိန်က အုန်းထွန်းတစ်ယောက်ပဲ ထောင်ဝင်စာတွေ့ခွင့်ရှိတယ်။) စကားတိုးတိုးတိတ်ပြောပြီး ကိုထွေး ပြန်သွားတယ်။ ကိုထွေးက ကြံတတ်ဖန်တတ် ထိုးတတ် ထွင်းတတ်တဲ့ကောင်။ ဂတ်ဝပ်ရဲအချုပ်ခန်းမှာ တာဝန်ကျနေတဲ့ ရဲတွေထဲမှာ သူ့သူငယ်ချင်း အင်းစိန်ရဲ့တစ်ယောက်ရဲ့ အသိရဲ့ အသိရဲ့ အသိရဲ့ အသိရဲ့အသိ ဆိုသလိုမျိုး သတင်းပေးသူတစ်ယောက်နဲ့ တွေ့၊ ကျွန်တော့်သတင်းကြား၊ စားစရာလေးတွေ သိုသိုသိပ်သိပ် ယူလာ။ ကျွန်တော်နဲ့ စကားတိုးတိုးပြော၊ လူမသိ သူမသိ ပြန်သွား။ ဒါပါပဲ။

တာမွေမှာနေတဲ့ ကျွန်တော့်နမဝမ်းကွဲ နှင်းသီတာကျော် ရောက်လာပြန်တယ်။ ဒီကောင်မလေးက ကျွန်တော်ထောင်ထဲရောက်ချိန်က ငယ်ငယ်၊ အခု ကလေးနှစ်ယောက်နဲ့ သားတွဲလဲ သမီးတွဲလဲ။ သူက အမျိုးသမီးအစောင့်အမျိုးသမီးရဲထဲကတစ်ယောက်ရဲ့ အသိရဲ့ အသိရဲ့ အသိရဲ့ အသိနဲ့သိတယ်။ အောင်မာ သူက ပြောတယ်။ သူ တိုးတိုးတိတ်တိတ် မဟုတ်ဘူး။ တင်းတင်းပဲ။ ကလေးနှစ်ယောက်ပါ ခေါ်လာလိုက်သေး။ သူ့အဖေသေတဲ့အကြောင်း၊ သူ့အမေ ဘုရားဖူးခရီးထွက်ကြောင်း၊ ကျိုက္ကဆံရပ်ကွက် စိန်ခြယ်လမ်းက ကျွန်တော့်ဦးလေးမိသားစုတွေအကြောင်း စကားတဖောင်ဖောင်ပြောပြနေချည်သေး။ ကိုကြီးကျော်က ဘယ်လို။ မျိုးဦးနဲ့ မျိုးအောင်က ဘယ့်နှယ်။ ခင်မျိုးကြည်၊ ခင်မျိုးအေး၊ မိတူး၊ ခင်မျိုးအုန်းက ဘယ့်နှယ်။ ကိုမဲလေးက ဘယ်နည်း၊ သူ့မိန်းမ ကရင်မက ဘယ်ပုံတွေ ပြောသွားသေး။

သူတို့ ဒီလို ထိုးထိုးထွင်းလုပ်ကြသလိုပဲ တခြားလူတွေလည်း အဲဒီလို

www.burmeseclassic.com

www.burmeseclassic.com



သံတိုင် သံတံခါးတွေဖြတ်ကျော်၊ သေနတ်တွေကွင်းရှောင်ပြီး ကျွန်တော့်ကိစ္စတွေ လုပ်ကိုင်ပေးခဲ့ကြပါသေးတယ်။

၁၉၈၉ ကျွန်တော့်ကို တရားစွဲတော့ အပြင်လူတွေအဝင်မခံဘူး။ အပိတ်အပင်တွေက များသလားမမေးနဲ့။ ကျီသရီးတွေကိုင်ထားတဲ့ စစ်သားတွေ စစ်ရဲတွေ တရားရုံးကို ဟန့်တားဆီးဆို့ နေတာကလည်း ကြမ်းသလားမမေးနဲ့။

ဒီလိုကြားထဲက ကိုမောင်မောင်ခင်ရဲ့မိန်းမ အရီက မရောက်ရောက်အောင်လာသေး။ ကျွန်တော့်ညီမအရင်း တင်တင်မြင့်လည်း ရောက်လာသေး။ အခန့်သားအတည်ပေါက် ရောက်လာကြတာကတော့ ကျွန်တော့်မိတ်ဆွေကြီးတွေရဲ့ဇနီး ကွယ်လွန်သူဒေါ်ခင်ဦးတို့ဖြစ်ပါတယ်။ သူတို့က တစ်ခေါက်မဟုတ် သုံးခေါက်လား လေးခေါက်လား လာပြီး စားစရာ သောက်စရာတွေ ပို့သွားလေသေးရဲ့။

ကျွန်တော့်ရဲ့သက်သေအဖြစ် ရုံးမှာထွက်ဆိုပေးတဲ့ စာရေးဆရာကြီး ပါရဂူတို့၊ နိုင်ငံရေးသမားကြီး သခင်အောင်ဖေတို့ ရုံးကိုလာခဲ့ကြတယ်။ ရုံးကိစ္စနဲ့ ဘာမှမဆိုင်တဲ့ သမီးကြီးခင်သူဇာထွန်းလည်း ရုံးရှေ့ရောက်လာတယ်။ ကျွန်တော့်ရှေ့နေ ဦးသိန်းညွန့်(ကော့ကရိတ်)က ပြန်လှန်မေးခွန်းတွေကို မှတ်တမ်းလိုက်ဖို့ မသူကိုခိုင်းတယ်။ ဆွယ်တာအကျီလက်ရှည်အနက်ရောင်ကိုဝတ်ထားတဲ့ မသူကြီးကလည်း ခပ်တည်တည်ပဲ တရားခွင်စားပွဲမှာထိုင်ပြီး မှတ်တမ်းတွေ လိုက်ရေးတယ်။ သမီးကြီးကတော့ ကွယ်လွန်ရှာပါပြီ။ သူ့ရဲ့ဝံ့ဝံ့စားစား လုပ်ကိုင်သွားပုံတွေကို ဒီနေ့အထိ မျက်စိထဲမှာ မြင်ယောင်နေသေး။

၁၉၉၈ အင်းစိန်ဆေးရုံ ကျွန်တော် ရောက်နေတော့လည်း ရဲတာဝန်ကျတွေ၊ ထောက်လှမ်းရေးတွေကြားက ကိုမောင်မောင်ခင့်သမီး သင်းသင်းနဲ့ မွန်မွန်တို့၊ အုန်းထွန်းသမီး ခင်ယဉ်ယဉ်ထွန်း(မတူး)တို့ ဆေးရုံခန်းထဲအရောက်လာခဲ့ကြတယ်။

အဲဒီအချိန်တွေက ထောက်လှမ်းရေးက မသိလို့ဘဲလား။ သိုးသိုးသန့်သန့် သတင်းတောင်မရလို့ဘဲလား မသိပါဘူး။ ဘာမှပြဿနာ မတက်ခဲ့ဘူး။ ကျွန်တော့်ကိုလည်း ဘာမှမပြောကြ၊ မဆိုကြပါဘူး။

ပြဿနာတက်ရုံမက သူဒေါသကိုယ့်ဒေါသတွေ ပေါက်ကြကွဲကြတာရော၊ နောက်ဆုံး ခွဲစိတ်ဒဏ်ရာ သွေးစို ပြည်စိုနဲ့ ကျွန်တော့်ကို ဆေးရုံပေါ်



က ဆွဲချခံရတာရော ဖြစ်ကုန်တာကတော့ စန်းစန်းရဲ့ သံတိုင်ဖြတ် သေနတ်ကွင်းတဲ့ကိစ္စပါ။

၁၉၉၅ မတ်လကုန်ပိုင်းမှာ ကျွန်တော်နေတဲ့ ဆေးရုံရဲ့အချုပ်ခန်းကို ဒေါ်စန်းစန်းတစ်ယောက် ပေါက်ချလာတယ်။ ခပ်တည်တည် ခပ်ခန့်ခန့်ပဲ။ တည်တည်ခန့်ခန့်ထက်ပိုသေးတယ်။ ဟန်ရ ပန်ရ ရှာန်ရလို့ ဆိုရမလားဘဲ။ စန်းစန်းဆိုတာက ဒီချုပ်ရန်ကုန်တိုင်း ဆိပ်ကမ်းမြို့နယ် ပြည်သူ့ကိုယ်စားလှယ် ဒေါ်စန်းစန်းပါ။

စန်းစန်းက ကျွန်တော်နဲ့ သက်တူရွယ်တူပါ။ တက္ကသိုလ်ရောက်တာလည်း တစ်နှစ်ထဲလို့ထင်တာပဲ။ ကျောင်းမှာတုန်းက မရင်းခဲ့ပေမဲ့ သူ့အစ်ကိုတွေနဲ့ ကျွန်တော် ရင်းတာကတော့ ကြာပြီပေါ့။ ကိုခင်မောင်ရီတို့၊ ကိုခင်မောင်ကြည်တို့ ဆိုတဲ့ သူ့အစ်ကိုတွေက ကျွန်တော်နဲ့ ကြေးမုံသတင်းစာမှာ လုပ်ဖော်ကိုင်ဖက်တွေ။ ကြေးမုံမတိုင်ခင် ၁၉၅၀ အိုးဝေခေတ်ကတည်းက ရင်းနှီးလာခဲ့သူတွေ။ အဲဒီအချိန်က ကျွန်တော် အေအက်ဖ်ပီ(A.F.P)ပြင်သစ်သတင်းဌာနမှာ လုပ်နေတယ်။ သူ့အဖေ ဦးဘသော်နဲ့လည်းရင်းတာပါပဲ။ ဦးဘသော်က ဒေါ်ခင်မျိုးချစ်ခင်ပွန်း ဦးခင်မောင်လတ်နဲ့ညီအစ်ကိုအရင်း။ ဦးခင်မောင်လတ်နဲ့ ကျွန်တော်တို့က ဆရာတပည့်လိုသာမက သားချင်းလိုရင်းတဲ့သူတွေ။ နောက်ပိုင်းမှာ ဦးဘသော်နဲ့ ကျွန်တော် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီမှာ အတူတွဲလုပ်ကြသေးတယ်။ ကျွန်တော်က အတွင်းရေးမှူး။ သူက အဖွဲ့ဝင်။ အလွန်ထက်မြက်၊ အလွန်ပွင့်လင်း၊ အလွန်ပြတ်သားတဲ့သူ။ ၁၉၆၂ တော်လှန်ရေးအစိုးရတက်ပြီးကတည်းက နိုင်ငံရေးနဲ့ ပတ်သက်လာရင် သူ့သားတွေကိုတောင် သိပ်ထောက်ခံချင်တာမဟုတ်။ ကျွန်တော့်ကို ပိုပြီးပြတ်ပြတ်သားသားထောက်ခံတဲ့သူ။

မန္တလေးရောက်ပြန်တော့လည်း စန်းစန်းနဲ့ ကျွန်တော် ဆုံပြန်တယ်။ အိမ်နားနီးချင်းတွေ ဖြစ်တော့ သူ့သားသမီးတွေနဲ့လည်း ရင်းခဲ့ပြန်ရော။

ကိုယ့်နှမသားချင်းလို ဖြစ်နေလို့ ကျွန်တော် စန်းစန်းကို မွှန်းနေတာမဟုတ်ဘူး။ စန်းစန်းရဲ့ နိုင်ငံရေးခံယူချက်၊ ရပ်တည်ချက်တွေကြောင့် ကျွန်တော် ကြည်ညိုစကားပြောနေတာ။ ဒါ့ထက် သူ့ရဲ့နိုင်ငံရေးသတ္တိကြောင့် ကျွန်တော် တလေးတစားဂုဏ်ဖော်နေတာ။ စန်းစန်းက ကျွန်တော့်နိုင်ငံရေး

www.burmeseclassic.com

www.burmeseclassic.com



အပေါင်းအဖော်တကာထဲမှာ ခေါင်းတစ်လုံးသာတဲ့ နိုင်ငံရေးသတ္တိပြောင်မှုရှိသူ။

စောစောကပြောခဲ့တဲ့ ရန်ကုန်ဆေးရုံကြီး ဂတ်ဝပ်ရဲ့အချုပ်ခန်းကို စန်းစန်းရောက်လာတဲ့အကြောင်း ပြောရဦးမယ်။ ဒါဟာ သူ့ရဲ့နိုင်ငံရေးသတ္တိပြောင်မှုသက်သေပဲ။

အဲဒီ မတ်လကုန်ပိုင်းရက်တွေမှာ ဆေးရုံရဲ့အချုပ်မှာ လုံခြုံရေးပိုကျပ်လာတယ်။ စောစောပိုင်း ကျွန်တော့်ဆွေမျိုးသားချင်းတွေ လာတုန်းအချိန်ကထက် ပိုခက်လာတယ်။ ဒီလိုအခြေအနေမှာ စန်းစန်း ကျွန်တော့်ဆီရောက်လာတယ်။ မှောင်မဲနံ့စော်နေတဲ့အခန်း၊ ၂၄ နာရီ သော့ပိတ်ထားတဲ့အခန်း။ အဲဒီအခန်းထဲကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာတာ။ ရိုးရိုးရောက်တာ မဟုတ်သေးဘူး။ ကျွန်တော် အပေါ်မှာ ရေးပြခဲ့သလို ဟန်နဲ့ ပန်နဲ့ ဈာန်နဲ့ ရောက်လာတာ။ ဈာန်နဲ့လို့ရေးတာက သူက ယောဂီဝတ်နဲ့ရောက်လာတာ။ သိက္ခာ သမာဓိ အပြည့်နဲ့။ မျက်လွှာချလို့။ လက်အုပ်ချီလို့။

သူက အစောင့်ရဲတွေကို ခွင့်တောင်းတယ်။ အချုပ်ထဲက အကျဉ်းသားတွေကို ကျွေးမွေးထောက်ပံ့ချင်တယ်။ အကျဉ်းသားသက်ကြီးရွယ်အိုတွေကို ပူဇော်ကန်တော့ချင်တယ်။ ရဲတွေကို ဘယ်လိုစည်းရုံးသလဲတော့ မသိဘူးပေါ့။ ရဲတွေက သူ့အစီအစဉ်ကို ခွင့်ပြုတယ်။ ဒါနဲ့ သူ အချုပ်ခန်းတွေထဲ ဝင်ခွင့်ရတယ်။ ပထမအမျိုးသမီးအကျဉ်းသူ အခန်းတွေဝင်တယ်။ ပစ္စည်းတွေပေးတယ်။ သက်ကြီးရွယ်အိုမရှိလို့ ကန်တော့တာတော့ မလုပ်ရဘူး။

အမျိုးသားခန်းဘက် ရောက်လာတယ်။ တခြားအကျဉ်းသားတွေကို အချိုရည်တိုက်၊ ခေါက်ဆွဲခြောက်ထုပ်တွေ၊ မုန့်ထုပ်တွေပေး။

ဒီမိန်းမ မြင်ဘူးသလိုလိုပါလို့ အကဲခတ်နေတယ်။ ထောင်ထဲအနေကြာလို့ အမှတ်သညာကလည်း နည်းလာလိုက်တာ။ မှတ်ကို မမှတ်မိဘူး။ အသံကြားတယ်။ အသံမကျက်မိဘူး။ ဘယ်သူပါလိမ့်။ ဘယ်ဝါပါလိမ့်။ ခေါင်းခြောက်အောင် စဉ်းစားရတယ်။ ခေါင်းထဲမပေါ်ဘူး။ နောက်ဆုံး ကျွန်တော့်ရှေ့ရောက်လာတယ်။ ကန်တော့တယ်။ အချိုရည်ပုလင်းတို့၊ အိပ်ယာခင်းကြီးတစ်ခုတို့ စားစရာမုန့်ထုပ်တို့ပါတယ်။ လားလား စန်းစန်းပါကလား။ ခုမှပဲ မှတ်မိတော့တယ်။ ကျွန်တော် သတိရှိတယ်။ နှုတ်မဆက်လိုက်ပါဘူး။ ကြည့်ရုံကြည့်နေလိုက်တယ်။



ခဏကြာတော့ သူ ကျွန်တော့်အနားကပ်လာတယ်။ "ကိုလတ်နဲ့ မမြက လွှတ်လိုက်တာ။ ကိုဝင်းတင် နေမကောင်းဘူးဆိုလို့ သူတို့ စိုးရိမ်နေကြတယ်။ လိုတာတွေပြောလိုက်"လို့ ပြောတယ်။

ကျွန်တော် ဘာပြန်ပြောရမှန်းမသိဘူး။ ဝမ်းသာသွားတယ်။ ဝမ်းသာလုံးဆို့သွားတယ်လို့ ပြောရမတတ်ပဲ။ ဟုတ်တယ်လေ။ ကိုယ့်ကို အပြင်ကလူတွေ သတိရတယ်ကြားရင် သိပ်ဝမ်းသာတယ်။ ဆရာဦးခင်မောင်လတ်လို၊ ဒေါ်ခင်မျိုးချစ်လို ကိုယ်လေးစားကြည်ညို၊ ချစ်ခင်ရင်းနှီးသူတွေဆီက သတိတယရှိကြောင်း သတင်းကောင်းကြားရတော့ ဝမ်းအသာကြီး သာတာပေါ့။

"အေးဗျာ ဝမ်းသာလိုက်တာ။ အစ်မကြီးရောဂါ ဘယ်နှယ့်နေလဲ။ ဆရာကရော သွားတုန်းလာတုန်းပဲလား။ ကိုခင်မောင်ဝင်းတို့ မီးမီးတို့ရော။ သူတို့ကလေးတွေရော"

ကျွန်တော် မေးခွန်းတွေ အမောတကော ထုတ်နေမိတယ်။

ကျွန်တော် ၁၈ နှစ်သားလောက် ကျောင်းရောက်စကတည်းက အစ်မကြီးတို့အိမ်မှာ အိပ်လိုက် စားလိုက် နေခဲ့ဘူးတယ်။ သော်တာဆွေတို့၊ ကြည်အေးတို့လည်း လာနေတတ်တယ်။ ထင်လင်းတို့ မိသားစုကလည်း အစ်မကြီးတို့ "အေးရိပ်သာ"မှာပဲနေတယ်။ ကျွန်တော် ပျော်နေတာပေါ့။ ကျွန်တော့်ဘာသာပြန် ဝတ္ထုလေးတစ်ပုဒ် ဖတ်မိရာက ထင်လင်းက ကျွန်တော်နဲ့ ခင်မင်တွဲမိတယ်။ ကျွန်တော် အသက် ၂၀ ဘာသာပြန်စာပေအသင်းမှာ စာပြုအလုပ်ရတယ်။ နောက် အယ်ဒီတာဖြစ်လာတယ်။ ဒီကာလတစ်လျှောက်လုံး သူတို့အိမ်မှာ ကျွန်တော် အနေများတယ်။ စစ်ကိုင်းဆောင်က ကိုယ့်အခန်းပြန်တယ်။

၁၉၅၂ လောက်မှာ အစ်မကြီး အသည်းအသန်နေထိုင်မကောင်းဖြစ်တယ်။ အိပ်ရာထဲလဲနေလို့ ရင်းနှီးတဲ့လူတွေက တစ်လှည့်စီလာ အဖော်လုပ်စကားပြောကြတယ်။ ကျွန်တော်ဆို စာမဲ့ခွင့်တစ်လယူပြီး အစ်မကြီးကို စာအုပ်တွေ ဖတ်ပြခဲ့တာ။ အစ်မကြီးတို့ကလည်း သွေးသားအရင်းအချာလို ကျွန်တော့်ကို ပြန်စောင့်ရှောက်ခဲ့ကြတာ။ အသက်ကလေး အတော်ရလာတဲ့ အချိန်အထိ သူတို့ ကျွန်တော့်ကို ကူညီဖေးမခဲ့ကြတာ။ ၁၉၇၅ လောက် သူတို့ မိသားစု မန္တလေး လာလည်တော့ ကျွန်တော့်အခန်း သူတို့ပေးခဲ့တာ။ ကျွန်တော် တခြား သွားနေခဲ့တာ။ ကျွန်တော် ဝမ်းသာလိုက်တာ။ သူတို့ကို အခန်းပေးခဲ့ရလို့

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး။ သူတို့ ကျွန်တော့်အခန်းမှာ နေတာကို ဝမ်းသာတာပါ။

ဆရာဦးခင်မောင်လတ်နဲ့ ကျွန်တော် ပြည်ပခရီးတွေသွားခဲ့ဘူးတယ်။ မှတ်မိတာတစ်ခုရှိတယ်။ ခရီးတစ်ထောက်မှာ ဆရာနဲ့ကျွန်တော် ညရထား အိပ်ခန်းတစ်ခန်းထဲ အတူသွားရတယ်။ ညကျတော့ ဆရာက ခေတ်ဟောင်း သီချင်းတွေ အများကြီးဆိုတယ်။ ကျွန်တော်ကတော့ သံကြောင်သံယောင်ပဲ ပေါ့။ ကျွန်ခရီးဖော်တွေအားလုံး တအံ့တဩဖြစ်ခဲ့ကြတယ်။ ဆရာတက်တိုး ကတော့ ချီးမွမ်းမဆုံးဘူး။ "ကိုလတ်က အသံကောင်း အဆိုကောင်းပါလား။ သိပ်ဟုတ်သဗျာ"တဲ့။

ရှစ်လေးလုံးအရေးတော်ပုံကာလမှာ ကျွန်တော်တို့ စာပေသမားတွေ ကန့်ကွက်ကြေညာစာတမ်း ထုတ်တယ်။ ရဟန်းရှင်လူ ကျောင်းသားပြည်သူ တွေကို စစ်တပ်က ပစ်ခတ်သတ်ဖြတ်နေတာတွေကို ချက်ချင်းရပ်ဖို့နဲ့ ဒီမို ကရေစီ လွတ်လပ်ခွင့်တွေ အမြန်ပေးဖို့ တောင်းဆိုကြတယ်။ အဲဒီစာတမ်းကို မောင်သော်က၊ ကိုယု၊ ကိုဝင်းခက်၊ ကိုလှဝင်း၊ ကျွန်တော်တို့လူစုနဲ့ ကာတွန်း ငွေကြည်၊ ဆရာမင်းသုဝဏ်တို့ လက်မှတ်ထိုးကြတယ်။ ပြီးတာနဲ့ ဆရာနှင့် အစ်မကြီးဒေါ်ခင်မျိုးချစ် လက်မှတ်ထိုး။ သူတို့အိမ်ကို ကျွန်တော် ရောက်သွား တယ်။ အစ်မကြီးက အိပ်ရာထဲလဲနေတယ်။ ကျွန်တော်က ကြေညာစာတမ်းကိုရှ ရှင်းပြတယ်။

အစ်မကြီးက ကျွန်တော့်ကိုဖက်ပြီး ငိုလိုက်တာ။ ရှိုက်ကြီးတငင်ပဲ။ ငိုအားရတော့မှ မိသားစုအားလုံးကို ခေါ်တယ်။ သူ့မြေး မောင်ရစ်နဲ့ ဂျူနီယာ ဝင်း အမှာမောင်နှမပါမကျန် ကြေညာစာတမ်းမှာ လက်မှတ်ထိုးကြတယ်။

"ကျွန်မက ဒါမျိုးဆို ထိပ်ဆုံးကမှ လက်မှတ်ထိုးချင်တာတော့။ ဖြစ်ရဲ့ လား ကိုဝင်းတင်ရေ"လို့ အစ်မကြီးက ပြောပြောဆိုဆို ဘောလ်ပင်နဲ့ ထိပ်ဆုံး မှာ လက်မှတ်ထိုးလိုက်တယ်။ နှစ်ပေါင်းငါးဆယ်က ခင်မျိုးချစ်ရဲ့ "တော် လှန်၊ မာန်၊ ဉာဏ်၊ သတ္တိ" တွေကို ကျွန်တော် ဖျတ်ခနဲမြင်လိုက်ရတယ်။ သတ္တိခဲ စာပေပညာရှင်တစ်ဦးရဲ့ မေ့နိုင်စရာမရှိတဲ့ပုံရိပ်။

အဲဒီလို လေးစားကြည်ညို ချစ်ခင်ရင်းနှီးခဲ့ရတဲ့ မိသားစုဆီက မေတ္တာ တွေ၊ ကရုဏာတွေကို စန်းစန်းတစ်ယောက် ဆောင်ကြဉ်းလာခဲ့ပြီ။ သံတိုင် တံခါးတွေကိုကျော်ဖြတ်၊ သေနတ်လက်နက်တွေကို ရှောင်ကွင်းပြီး ချစ်ခြင်း



သစ္စာတရားတွေကို စန်းစန်းတစ်ယောက် သယ်ဆောင်လာခဲ့ပြီ။ အန္တရာယ် တွေကြားက သယ်ယူလာခဲ့တာ။

ဝမ်းမြောက်ခြင်းအပြည့် ပီတိကြည်နူးစိတ်တွေနဲ့ လှိုက်လှိုက်လှဲလှဲ ကြိုဆိုစကားတွေ၊ ကျေနပ်စကားတွေ၊ အားရစကားတွေ တသီတတန်းကြီး ပြောမိတဲ့ ကျွန်တော့်ကိုအပြစ်ဆိုမလား။ တိုးတိုးတိတ်တိတ် နိုင်ငံရေးစကား လေးတွေ ပါးမိတဲ့ ကျွန်တော့်ပါးစပ်ကျယ်ကို အပြတ်တွယ်ချင်လည်း တွယ် ပေတော့ပေါ့ဗျာ။ နိုင်ငံရေးသမားတွေ နိုင်ငံရေးစကားလေးတော့ ပြောမိတာ ပေါ့။ မတတ်နိုင်ဘူး။

စန်းစန်းက ဘာအပြစ်စကားမှ မဆိုသွားဘူး။ ယောဂီချာန်နဲ့ ဆိတ်ငြိမ် ငြိမ်းအေးစွာပဲ ပြန်ကြွသွားလေရဲ့။

ကျွန်တော့်အပြစ်တွေကတော့ ဒီအချိန်ကစပြီး ဇာတ်လမ်းရှည်တော့ တာပါပဲ။ ကျွန်တော့်ခုတင်ဘေးမှာ တခြားလူနာတစ်ယောက်ရဲ့ ခုတင်ကပ်ရပ် ရှိတယ်။ ခုတင်ပေါ်က လူနာက မောင်လွင်တဲ့။ သူက ရဲဘော်ဟောင်း။ ထောက်လှမ်းရေးကို သူ သတင်းပို့တယ်။ သူ့ကို ကျွန်တော် အပြစ်မတင်ပါ ဘူး။ သူ လုပ်သင့်တယ်ထင်တာ သူလုပ်တာပဲလေ။ အေးဆေးပေါ့။

မအေးဆေးတာက ထောက်လှမ်းရေး။ နောက်တစ်နေ့ မနက်စောစော ကျွန်တော့်ဆီ ရောက်လာတယ်။ မှောင်မဲနံစော်နေတဲ့ အခန်းထဲ မဝင်ချင်ဘူးနဲ့ တူတယ်။ ကျွန်တော့်ကို အခန်းပြင်စင်္ကြံလမ်း ခေါ်ထုတ်တယ်။ သူက အရပ် ဝတ် အရပ်စားနဲ့။ အရာရှိလား၊ အကြပ်တပ်သားလား မသိ။

အဲဒီအချိန်က ရဲအချုပ်စခန်းမှူးက ရဲတပ်ကြပ်ကြီး။ သူက ရခိုင်အမျိုး သား။

ထောက်လှမ်းရေးက ကျွန်တော့်ကို စစ်ကြောတယ်။

"မနေ့က ခင်ဗျားဆီ ဘယ်သူလာသလဲ"

"ခင်ဗျားက ဘယ်သူလဲ။ ဘယ်ကလဲ"

"မေးတာဖြေ"

"မဖြေနိုင်ဘူး။ ကျုပ် ခွဲစိတ်လူနာ။ စစ်ကြောရေးတရားခံ မဟုတ်ဘူး။ စစ်ကြောချင်ရင် မှတ်ပုံတင်ပြ"

"မေးတာကို ဖြေ"

www.burmeseclassic.com

www.burmeseclassic.com



"မဖြေဘူး။ ကျုပ် အလုပ်မဟုတ်ဘူး။ သိချင် ရဲမေး"

ထောက်လှမ်းရေးက ရဲတပ်ကြပ်ကြီးကို ဆဲလိုက်ဆိုလိုက် ကြိမ်းလိုက် မောင်းလိုက် လုပ်နေလိုက်တာ မကြားဝံ့မနာသာဘဲ။ မအေ နှမတွေ၊ ဟိုဒင်း ဟိုဟာတွေကလည်း နားလျှံတယ်။ တကယ်တော့ ရဲတပ်ကြပ်ကြီးကို ဆဲနေတာ မဟုတ်ဘူး။ ကျွန်တော့်ကို ဆဲနေတာ။ ကြိမ်းနေတာ။ ခြောက်နေတာ။ ဘာတတ်နိုင်မှာလဲ။ ငုံ့မခံချင်၊ မော့ခံနေလိုက်ရုံပေါ့။ ငုံ့ငုံ့မော့မော့ ခံတာကတော့ ခံနေရတာပဲ။ ကိုယ့်လည်း မကြည့်။ ကိုယ့်နာမည်လည်း မတပ်။ ဘာတတ်နိုင်မှာလဲ။

ကျွန်တော် အသံတိတ်ရုပ်ရှင်ထဲက ဇာတ်ရုပ်လို ကမ်းကုန်အောင် ပြန်ဆဲလိုက်တယ်။ ရဲတပ်ကြီးလို တန်ဆာခံ တစ်ကောင်တစ်မြီးမှ မရှိလို့ ဟိုဒင်းသံ၊ ဟိုဟာသံတွေ တစ်လုံးတစ်သံမှ လေထဲမရောက်ခဲ့ပါဘူး။ အခု ဒီစာကိုရေးရင်းလည်း မြေမြှုပ်မိုင်းတွေ တစ်လုံးပြီးတစ်လုံး ပေါက်ကွဲသလို ဒေါသမီးတွေ ထတောက်ပြန်တယ်။ ထောင်နိုင်ငံသား၊ ထောင်ကျသမား တစ်ဦးပီပီ တစ်ယောက်တည်းပဲ ထိုင်ရေးတာဖြစ်လို့ အနီးအနားမှာလူမရှိပါ။ ဘယ်သူမှ မကြားမယ့် အဆဲဒိုးပတ်သံ၊ အဆဲအိုးစည်သံ၊ အဆဲဗုံမောင်းသံတွေကို စာရွက်ထက် အက္ခရာမတင်လိုက်တော့ပါ။

နောက်တစ်နေ့ (တော်လှန်ရေးနေ့အကြို)လည်းရောက်ရော ညနေပိုင်းမှာ ကျွန်တော့်ကို အင်းစိန်ထောင် ပြန်ပို့တယ်။ လော်ရီကားကြီးနဲ့ လာခေါ်တယ်။ ကားပေါ်တက်ခိုင်းတော့ ကျွန်တော်ငြင်းတယ်။ "ငါ့ခွဲစိတ်လူနာကွ။ အနာမကျက်သေးဘူး။ သွေးထွက်တုန်း။ ရှေ့ခန်းက မလိုက်ရရင် မလိုက်ဘူး"

လောရီကားက ရွှေတိဂုံဘုရားလမ်း၊ ဦးဝိစာရလမ်းကဖြတ်ပြန်လာလို့ ပြည်သူ့ရင်ပြင်တို့၊ တော်လှန်ရေးပန်းခြံတို့မှာ ပြင်ဆင်နေကြတာ မြင်ခဲ့ရတယ်။

တော်လှန်ရေးနေ့တစ်ည အင်းစိန်ထောင်တွင်းဆေးရုံမှာ အိပ်ရတယ်။ နောက်တစ်နေ့ (မတ် ၂၈ ရက်) မနက်ပိုင်းမှာပဲ ကျွန်တော့်ကို ထောင်တွင်းဆေးရုံပေါ်က ဆွဲချတယ်။ သီးသန့်ထောင်ဘက်က ဆေးရုံလာတက်တဲ့ နိုင်ငံရေးအကျဉ်းသားတစ်ယောက် အမ်–၄(M-4)အခန်းမှာ ရောက်နေလို့တဲ့။ ကျွန်တော်က အမ်–၅(M-5)အခန်းမှာနေတယ်။ သူ့အခန်းမှာ သူတစ်ယောက်တည်း။ ကျွန်တော့်အခန်းမှာ ကျွန်တော်တစ်ယောက်တည်း။



အဲဒီနိုင်ငံရေးအကျဉ်းသား ချောင်ချောင်ချိချိနေရအောင်ထင်ရဲ့။ ကျွန်တော့်ကို ထောင်ဆေးရုံက နှင်တယ်။

ကျွန်တော်တစ်ယောက် ထွက်တော်မူ ထောင်ဆေးရုံနန်းက ခွာတယ်။ စန်းစန်းလို ယောဂီချာန်နဲ့ ကျွန်တော် မကြွချီနိုင်ပါ။ နဖားကြိုးဆွဲခံရတဲ့နွားလို ဂျစ်ကန်ကန် ပါသွားပါတယ်။

◆

www.burmeseclassic.com

www.burmeseclassic.com

## ရုပ်မသေး ကြိုးမကိုင်

၁၉၈၈ ဩဂုတ်လဆန်း ဒီမိုကရေစီအရေးတော်ပုံကာလမှာ ဒေါ်အောင်ဆန်းစုကြည်ကို ကျွန်တော် စတွေ့ခဲ့တယ်။ သူ နိုင်ငံရေးခေါင်းဆောင်တစ်ယောက် မဖြစ်သေးပါ။

သူ့ကိုစတွေ့တော့ သိဉာဏ် မြင်ဉာဏ် ထက်မြက်သူပါလားလို့ သိခဲ့တယ်။ နိုင်ငံရေးရာတွေမှာ နီးကြားတက်ကြွသူပါလားလို့ သိခဲ့တယ်။

ယောကျ်ားဘသားတွေ၊ မိန်းမဘသမီးတွေ မရေနိုင်လောက်အောင် ကျွန်တော် တွေ့ဆုံခဲ့ဘူးတယ်။ သူ့ကို သတင်းထောက်မျက်စိနဲ့ ကျွန်တော် ကြည့်တယ်။ လွှမ်းမိုးအားကြီးမားတဲ့ ပုံရိပ်ကိုမြင်တယ်။ ဒါလောက်ပါပဲ။



မကြာလိုက်ဘူး။ ဒေါ်အောင်ဆန်းစုကြည်နဲ့ ရုပ်သံတွေ့ဆုံမေးမြန်းခန်းတစ်ခု ကျွန်တော် လုပ်ခဲ့တယ်။ ကျွန်တော့်အသိအမြင်၊ အမှတ်အယူတွေပြောင်းသွားတယ်။ ဒေါ်အောင်ဆန်းစုကြည်ဟာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းရဲ့ ရင်သွေးသမီးငယ်သက်သက် မဟုတ်ဘူး။ ဗိုလ်ချုပ်အောင်ဆန်းလိုပဲ အမျိုးသားခေါင်းဆောင်တစ်ယောက်ရဲ့ 'တော်လှန်–မာန်–ဉာဏ်–သတ္တိ' တွေနဲ့ ပြည့်လျှမ်းဖြိုးမောက်သူပေပဲလို့ ကျွန်တော် သိမြင်မှတ်ယူလိုက်တယ်။ သူ့နိုင်ငံရေးအမြင်တွေ၊ သူ့လောကအမြင်တွေ၊ သူ့ဘဝအမြင်တွေကို စစ်မေးရင်း ကျွန်တော် အမြင်တွေပြောင်းလာတယ်။ ကြီးကျယ်ထွန်းတောက်မယ့် ခေါင်းဆောင်ကောင်းတစ်ယောက်ပါကလား။ ခေါင်းဆောင်လောင်းတစ်ယောက်ပါကလား။

ဒေါ်အောင်ဆန်းစုကြည်နဲ့မေးရင်းမြန်းရင်းက ပေါ်လာတဲ့ကျွန်တော့်အတွေးတွေက ဝေးဝေးလံလံမချော်လှပါ။ လူထုထဲက လူတစ်ယောက်အမြင်က ချက်ချင်းသက်သေခံပါတယ်။ ကျွန်တော့်အတွေးကို အတည်ပြုပါတယ်။

တဟီးဟီးချုန်းမဲချအော်ဟစ်ငိုကြွေးလိုက်တဲ့အသံနက်ကြီးက အခန်းထဲမှာ မြည်ဟိန်းပဲ့တင်သွားပါတယ်။

"အောင်မယ်လေး။ ဗိုလ်ချုပ်သမီးလေး တော်လှချည်ရဲ့ဗျာ။ ထက်လှချည်ရဲ့ဗျာ"

ရင်ဘတ်စည်တီး ငိုညည်းတယ်လို့ပဲ ဆိုရမယ်ထင်ရဲ့။ အခန်းထဲ ကြမ်းပြင်ပေါ်မှာ တင်ပျဉ်ခွေထိုင်နေတဲ့ လူတစ်ယောက်က ရင်ဘတ်ကိုစည်လိုတီးပြီး ငိုနေတာပါ။ မျက်ရည်လည်ရွဲ ချုန်းမဲချငိုနေတာပါ။ ပါးစပ်ကလည်း မြည်ကြွေးဟစ်အော် တကြော်ကြော်ငိုနေတာပါ။

ဒေါ်အောင်ဆန်းစုကြည်အပေါ် ကျွန်တော့်အမှတ်ယူတွေ ပြောင်းသွားပါတယ်။ ကျွန်တော့်အထင်အမြင်တွေ ပြောင်းသွားပါတယ်။ အဲဒီအပြောင်းတွေအတွက် ကျွန်တော် ရှင်းချက်ထုတ်နေစရာ မလိုတော့ပါ။ ကြမ်းပြင်ပေါ် ငုတ်တုတ်ထိုင်၊ မျက်ရည်ဖြိုင်ဖြိုင်နဲ့ ငိုချင်းချနေတဲ့ လူထုထဲက လူတစ်ယောက်က သက်သေခံနိဖွဲ့ပြနေပါပြီ။ ဋီကာချဲ့ပြနေပါပြီ။

ဒီပုဂ္ဂိုလ်ရဲ့စကားအတိုင်း ကျွန်တော်လည်း မှတ်ယူလိုက်ပါတော့တယ်။ (ထိုပုဂ္ဂိုလ်မှာ မောင်သော်ကကိုတွဲခေါ်လာသူဖြစ်ပါတယ်။ ရှေ့ပြေးသား

www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးလို့ သိရပါတယ်။ သူ့နာမည်က ကိုနိုင်ဦးလို့ ကျွန်တော် မှတ်မိပါတယ်။ ဒီချုပ်မှာ သူပါဝင်လှုပ်ရှားခဲ့ပါတယ်။ နောက်ပိုင်း ရဟန်းဝတ်သွားတယ်လို့ သိရပါတယ်။ ၂၀၀၉ ဆောင်းတွင်းက ကျွန်တော့်ဆီ သူရောက်လာပါတယ်။ အသက် ၇၉ နှစ်ရှိပါပြီ။ ပြည်နယ်တစ်ခုမှာ သတင်းသုံးနေတယ်လို့ဆိုပါတယ်။ "နိုင်ငံရေးစိတ် မကုန်ဘူးကွယ်။ နိုင်ငံရေးအလုပ်တွေလည်း မကုန်သေးဘူး ကွယ်"လို့ ရဟန်းအိုကြီးက ပြောသွားပါတယ်။)

တစ်ပတ်လောက်ကြာတော့ ကြည့်မြင်တိုင်၊ ဗိုလ်သူရလမ်း လက်ဖက်ရည်ဆိုင်တစ်ဆိုင် အပေါ်ထပ်မှာ ဒေါ်စုနဲ့ နိုင်ငံရေးပုဂ္ဂိုလ်တချို့ဆုံဖို့ ကျွန်တော်တို့ စီစဉ်ပါတယ်။ လက်ဖက်ရည်ဆိုင်မသွားခင် ကိုလှဝင်း(လေသူရဲ တစ်ဦး)နဲ့ ကျွန်တော်တို့ လမ်းဘေးဆီချက်ခေါက်ဆွဲဆိုင် ဝင်စားကြပါတယ်။

"ဒေါ်အောင်ဆန်းစုကြည်ကို ခင်ဗျား ဘယ်လိုထင်လဲ"

ကိုလှဝင်းက ကျွန်တော့်ကိုမေးတယ်။

"လျှမ်းလျှမ်းတောက်မိန်းမပဲဗျို့။ ခေါင်းဆောင်တစ်ယောက်ပေါ်ပြီ"

ကိုလှဝင်း ဘာသဘောနဲ့ စပ်စုမှန်း ကျွန်တော် မသိ။ ကျွန်တော်ကတော့ ယုံယုံကြည်ကြည်ကြီး အဖြေပေးလိုက်တယ်။

၁၉၈၈ စက်တင်ဘာ ၂၇ မှာ ဒီချုပ်ဖွဲ့စည်းတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(ဒီချုပ်)ကနဦးဖွဲ့စည်းသူ ကိုးဦးမှာ ကျွန်တော်ပါဝင်ဖို့ ဒေါ်အောင်ဆန်းစုကြည်က ကမ်းလှမ်းတိုက်တွန်းခဲ့ပါတယ်။

ဒီချုပ်မဖွဲ့မီ နှစ်ရက်အလိုမှာ ကိုမိုးသူနဲ့ကျွန်တော် ဒေါ်အောင်ဆန်းစုကြည်အိမ်ရောက်သွားတယ်။ ကိုမိုးသူအိမ်လာခေါ်လို့ လိုက်သွားတာ။ ဒေါ်စုအိမ် ကျွန်တော် မရောက်တာ တစ်ပတ်ရှိသွားပြီ။

ဒေါ်စုက ကျွန်တော့်ကို သူ့ကမ်းလှမ်းချက် ပြောပြပါတယ်။ နိုင်ငံရေးမလည်ဝယ်တာ စည်းရုံးရေး မပတ်နပ်တာ၊ ဟောရေးပြောရေး မညက်တာ ကျွန်တော် ထုတ်ဖော်ဝန်ခံတယ်။ ကိုမိုးသူနဲ့ လုပ်ရင် ပိုကောင်းမယ်လို့ ကျွန်တော် အကြံပေးတယ်။ ကိုမိုးသူက နိုင်ငံရေးသမား၊ စည်းရုံးရေးကောင်း။ အဟောသန်အပြောသန်။ သတ္တိလည်းကောင်းတယ်။ ဒေါ်စုက အတင်းတိုက်တွန်းတယ်။ "ဆရာလည်း ဝင်လုပ်ပါ။ ကိုမိုးသူကိုလည်း တာဝန်ပေးမှာပါ" ကျွန်တော် စဉ်းစားချိန်တောင်းတယ်။

"အချိန်ဆွဲမနေနဲ့ ဆရာ။ သဘက်ခါ ကျွန်မ ပါတီဖွဲ့တော့မှာ"



ဒီလိုနဲ့ ကျွန်တော် ဒီချုပ်ရောက်သွားတယ်။ အတွင်းရေးမှူးအဖွဲ့ဝင် ဖြစ်လာတယ်။

ဒီချုပ်မှာ ကျွန်တော် တတ်သမျှ မှတ်သမျှ ကြိုးစားပမ်းစားလုပ်ပါတယ်။ မနက်ရှစ်နာရီလောက် ဌာနချုပ်လာ။ ညမထွက်ရအမိန့်မီရုံလောက်မှာ အိမ်ပြန်။ ဒီချုပ်ရဲ့ရင်ခုန်သံကို မလွတ်တမ်းကြားနေရအောင် အောက်ခြေထုကရေးတဲ့ပေးတဲ့စာတွေ အားလုံးကို ဒိုင်ခံဖတ်တယ်။ ရုံးပေါ်မှာ မထိုင်၊ စည်းဝေးခန်းမကြီးထဲမှာ အလုပ်လုပ်တယ်။ စာတမ်းတွေရေးတယ်။ အစီရင်ခံစာတွေ ရေးတယ်။ ဒေါ်စုခိုင်းတာတွေ လုပ်တယ်။

ဒေါ်စုခိုင်းတာဆိုတဲ့ဟာက အမြဲတာဝန်ပေးနေတာကို ပြောတာ။ ဒေါ်စုက သူလည်း ဇယ်စက်သလို၊ ဒိုင်နမိုစက်လည်သလို တရစပ်အလုပ်လုပ်တယ်။ သူများကိုလည်း မရပ်မနားခိုင်းတယ်။ စိတ်ကူးစိတ်သန်းတွေတစ်တန်းကြီး။ စီမံချက်တွေကတစ်ထွေးကြီး။ လုပ်ရင်းတန်းလန်းပြော။ ပြောရင်းတန်းလန်း လုပ်။ လက်က စာရေးလိုက်သေး။

ဒေါ်စုခိုင်းတာ ကျွန်တော် လုပ်တာပဲ။ တစ်ခုပဲရှိတယ်။ ကျွန်တော် စက်ရုပ်မဟုတ်ဘူး။ တပည့်မဟုတ်ဘူး။ လက်ပါးစေမဟုတ်ဘူး။ ခေါင်းဆောင်ရဲ့နောက်လိုက်။ ဒါပဲ။ မပိုဘူး။ မလျော့ဘူး။ မလျှော့ဘူး။ မစောင်းဘူး။ ကျွန်တော် နောက်လိုက်ပီပီ နောက်လိုက်လိုပဲ လုပ်တယ်။ ကျွန်တော့်ကိုယ် ကျွန်တော် ပွဲမထုတ်ဘူး။ ဝင်မဆန့်ဘူး။ ဘွဲ့မချည်ဘူး။

နိုင်ငံရေးအဖွဲ့အစည်း၊ အစုအသင်းတွေက ပုဂ္ဂိုလ်တွေနဲ့ ကျွန်တော် ဆွေးနွေးတယ်။ ဒေါ်စု သိသင့်ကြားသင့် ဆုံသင့်ပြောသင့်တဲ့သူတွေကို ဖိတ်ခေါ်တယ်။ ဒေါ်စုနဲ့တွေ့ပေးတယ်။ ဒေါ်စုနဲ့ ဓာတ်ပုံတွဲရိုက်ဖို့လောက် အကြံရှိသူတွေ ကျွန်တော် မပင့်ဘူး။ ကျွန်တော်လည်း ဒေါ်စုနဲ့ တစ်ခါဆိုတစ်ခါမှ ဓာတ်ပုံအတူ မရိုက်ဖူးဘူး။ ခရီးလည်း တစ်ခါမှအတူမထွက်ဖူးဘူး။

ကျွန်တော့်အတွေးအကြံတွေကို ဒေါ်စုတင်ပြတယ်။ ကြိုက်သုံး မကြိုက်ပယ်။ ဒေါ်စုရဲ့အမှန်း၊ အညွှန်းတွေကို ရုပ်လုံးဖော်နိုင်ဖို့ အားထုတ်တယ်။ လေးစားထိုက်သူတွေနဲ့ ညှိတန်တာညှိထား၊ ချိတ်တန်တာ ချိတ်ထား၊ ဖွတန်တာ ဖွထားပေါ့။

ဒီလိုနဲ့ ၁၉၈၈ နိုဝင်ဘာမှာ ညီလာခံစီမံချက် ချမှတ်တယ်။ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



ပါခဲ့တယ်။ ဒီဇင်ဘာမှာ ဗိုလ်ချုပ်အောင်ကြီးရဲ့ "တောပြောင် တောင်ပြို" စီမံချက် ဆန့်ကျင်ရေးလှုပ်ရှားတယ်။ ကျွန်တော် ပါခဲ့တယ်။ ၁၉၈၉ ဖေဖော်ဝါရီ ပြည်ထောင်စုစစ်စစ် ဖော်ထုတ်ရေး ချမှတ်တယ်။ ကျွန်တော်ပါခဲ့တယ်။ ဒေါ်စုခရီးစဉ်တွေ စီစဉ်တယ်။ ကျွန်တော် ပါခဲ့တယ်။ အာဏာဖီဆန်ရေးလှုပ်ရှားမှု ပြဋ္ဌာန်းတယ်။ ကျွန်တော် ပါခဲ့တယ်။ ဒါလောက်ပါပဲ။ ကိုးလလောက် ပါတီလုပ်ငန်းတွေ ကျွန်တော် သိမ်းကျုံးထမ်းရွက်တယ်။ နှစ်နှစ်ဆယ်လောက် ကျွန်တော် ဖောင်ဖျက်ထောင်ကျတယ်။

ကျွန်တော် ထောင်ထဲဝင်ရတဲ့အချိန်လောက်မှာပဲ စစ်အစိုးရက စာအုပ်နီဝါပြာစိမ်းလို့ နာမည်ကျော်တဲ့ စာအုပ်တွေထုတ်ခဲ့တယ်။ စာအုပ်နီအကြောင်း သတင်းသဲ့သဲ့ ကျွန်တော်ကြားတယ်။ ကျွန်တော် ရုံးထွက်နေရတယ်။ သတင်းပြောပြနိုင်သူမရှိလှဘူး။ အုန်းထွန်းက ရုံးထွက်ရက်တိုင်း ရောက်လာတယ်။ သမီးကြီး မိသူတို့၊ သမီးလတ် မိဆွေတို့လည်း ပါလာကြတယ်။ သမီးတွေကလည်း ကျွန်တော့်ကိုတွေ့ရဖို့ပဲ အာရုံစိုက်ကြတယ်။ အုန်းထွန်းက ဘယ်စာအုပ်ထွက်တယ်၊ ဘယ်စာပိုဒ်မှာ ဘယ်လိုဆိုတယ်ဆိုတာလောက်အထိ အာရုံမသွင်းနိုင်ဘူး။ ဒါနဲ့ စာအုပ်နီသတင်းပဲကြားဖူးလိုက်တယ်။ မဖတ်ဖူးလိုက်ဘူး။ သတင်းစုံအောင် မကြားရဘူး။ နောက်ဆုံး ရုံးထွက်သုံးလေးကြိမ်ကြာမှပဲ စာအုပ်နီကိုတွေ့ရတယ်။ ကျွန်တော့်အကြောင်း ဖတ်ပြတာကြားလိုက် ရတယ်။ ထောင်ထဲစာအုပ်သွင်းလို့မရဘူး။

စာအုပ်နီဆိုတဲ့အတိုင်း ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ လှုပ်ရှားမှုတွေ၊ ကွန်ယက်တွေ၊ ဗျူဟာတွေ၊ လူပုဂ္ဂိုလ်တွေအကြောင်း ဖော်ပြထားတယ်။ ကျွန်တော် တစ်ယောက်အပါအဝင်ပေါ့လေ။ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ ဖြတ်လမ်း အာဏာသိမ်းယူရေးဆိုတဲ့ ဗျူဟာမှာ ကျွန်တော်နဲ့ တခြားလူတွေ ဘယ်လိုပါဝင်လှုပ်ရှားတယ်၊ ဘယ်လိုသဘောထား၊ အစီအမံ၊ အချိတ်အဆက်တွေရှိတယ် ဆိုတာတွေကို ရေးပြထားပါတယ်။

ကျွန်တော် ကွန်မြူနစ်မဟုတ်တာ ဟုတ်တာ ဆိုတာတွေက ပြောချင်ရာပြောတဲ့သူတွေရဲ့ ပါးစပ်ထဲမှာရှိတာပါ။ အရေးမကြီးပါဘူး။ မဟုတ်တာကို ဟုတ်တယ်ပြောလို့မရ။ ဟုတ်တာကို မဟုတ်ဘူး ပြောလို့မရ။ သမိုင်းက သက်သေခံမယ် ဘာညာဆိုတာမျိုးတွေ ပြောမနေချင်ဘူး။ အရပ်သားပြောပဲ



ပြောမယ်။ အချိန်က သက်သေခံလိမ့်မယ်၊ ကိုယ်ထင်ပြလိမ့်မယ်။

စာအုပ်နီက သက်သေခိုင်လုံချက်ကို ထွက်ဆိုတာ မဟုတ်ဘူး။ အလိုဆိုး အကြံဆိုးသမားတွေ သက်သေထူချင်တာက တစ်မျိုးပါ။ တစ်ခါတုန်းက စစ်တပ်ရဲ့စိတ်ဓာတ် စစ်ဆင်ရေးဌာနက ကာတွန်းတစ်ပုဒ် ဖြန့်ချိခဲ့ဘူးတယ်။ သူတို့ 'ဆော်'ချင်တဲ့သူ၊ ဖွဲ့ချက်တင်ချင်တဲ့သူ၊ အပုပ်ချချင်တဲ့သူကို ကွန်မြူနစ်ပါတီ ကြိုးဆွဲခံအဖြစ် သရုပ်ဖော်တယ်။ တစ်ဆက်တည်းမှာပဲ ဗမာပြည်ကွန်မြူနစ်ပါတီဟာလည်း တရုတ်ကွန်မြူနစ်ပါတီရဲ့ ကြိုးဆွဲခံပဲဆိုတာ သရုပ်ဖော်တယ်။

ကာတွန်းတစ်ခုလုံးကို ကြည့်မယ်ဆိုရင် ဒီလိုမြင်ရမယ်။ အပေါ်ဆုံးမှာ မော်စီတုန်း(တရုတ်ကွန်မြူနစ်ခေါင်းဆောင်)က ရုပ်သေးရုပ်ကြိုးဆွဲနေတယ်။ ရုပ်သေးရုပ်က ဗမာပြည်ကွန်မြူနစ်ပါတီ။ တစ်ချိန်တည်းမှာပဲ အဲဒီဗမာပြည် ကွန်မြူနစ်ပါတီကလည်း ရုပ်သေးကြိုးဆွဲနေပြန်တယ်။ ရုပ်သေးရုပ်က သူတို့ 'ဆော်'ချင်တဲ့ အဖွဲ့အစည်း၊ ဒါမှမဟုတ် လူပုဂ္ဂိုလ်။ ဒါပဲ။ ဒါကလည်း နိုင်ငံခြား ကာတွန်းတွေကို ခိုးချကူးချထားတာပါ။

ဒီလို မဟုတ်မဟတ်တွေ ကမ္ဘာအနှံ့ ပြန့်နေတာကြာပါပြီ။ ကာတွန်းက ရယ်စရာကောင်းပါတယ်။ အဲဒီကာတွန်းဆရာရဲ့ ခိုးချတဲ့ အကြံမဲ့ ဉာဏ်မဲ့ လုပ်ရပ်က ပိုရယ်စရာကောင်းတာပါ။

အခုလည်း ဒီခုနစ်ဆွေးရှစ်ဆွေး ဆီသည်မလက်သုတ်ဖတ် စိတ်ကူးစိတ်သန်းမျိုးနဲ့ နိုင်ငံရေးဇာတ်လမ်းခင်းပြန်ပြီ။ ကျွန်တော့်ကို 'ချ'ပြန်ပြီ။ တကယ် ကျွန်တော့်ကိုချတာ မဟုတ်ပါဘူး။ ဒေါ်အောင်ဆန်းစုကြည်ကို အသရေဖျက်တာ။ သေးသိမ်အောင်လုပ်တာ။ ဂုဏ်သိက္ခာမေးမှိန်အောင်လုပ်တာ။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ နိုင်ငံရေးလုပ်ငန်းစဉ်တွေ ကွေးလိမ်ဖယ်ချော်အောင် လုပ်တာ။ အသိဉာဏ်ရှိသူတိုင်း ကွက်ကွက်ကွင်းကွင်း ထင်ထင်လင်းလင်း သိမြင်ကြပါတယ်။ နားလည်ကြပါတယ်။ သဘောပေါက်ကြပါတယ်။

စစ်တပ်စိတ်ဓာတ်စစ်ဆင်ရေးက ဒီလိုမျိုး မူဘောင်လုပ်ငန်းလမ်းညွှန် 'ဖဲချိုး'ပေးလိုက်တယ်။ ထောက်လှမ်းရေးက တစ်သဝေမတိမ်း လိုက်နာတယ်။ ပုပ်ငန်းကောင်ထည်ဖော်တယ်။ ချိုးပေးတဲ့အတိုင်း ရိုက်တယ်။ သူတို့ ဘာသာ ဖဲချိုးဖဲရိုက်တာ အရေးမကြီးဘူး။ ကျွန်တော့်နရင်း လာထိတာက နာတယ်။ ကြာတော့ ကျွန်တော့်သွားတွေ ပြောင်တလင်းခါကုန်ရော။ ကျွန်တော့်နားတွေ

www.burmeseclassic.com

www.burmeseclassic.com



ပင်းကုန်ရော။ ဆိတ်ငြိမ်ရပ်ကွက်ဖြစ်ကုန်ရော။ ကျွန်တော့်ပါးတွေ ဖူးရောင်အုံကြွကုန်ရော။ ဒီရေမြင့်သစ်ဖြစ်ကုန်ရော။ ကျွန်တော့်ခါးတွေ ခေါက်ရိုးကျိုးကုန်ရော။ အဘိုးကြီးမအို၊ ခါးကုန်းကုန်းဖြစ်ကုန်ရော။ ကျွန်တော့်အားအင်တွေ သမင်မမွေး ကျားစားခံရဖြစ်ကုန်ရော။

ဒေါ်အောင်ဆန်းစုကြည်လို ပုဂ္ဂိုလ်မျိုးရဲ့ "ရုပ်သေးကြိုးကိုင်"လို့ ခြေကျောက်ချိုးမွမ်း၊ သိဒ္ဓိတင်ဂုဏ်ဖော်ခံရတာ ငြင်းစရာလား။ ကွယ်စရာလား။ ဉာဏ်တစ်မတ်သားလောက်ပဲရှိတဲ့ ဦးနှောက်ပိုင်ရှင် လူမျိုးအဖို့တော့ ဟုတ်မပေမပေါ့။ မျောက်အုန်းသီးရသလို မော့တော့မော့တော့ ဘဝင်မြင့်စရာဖြစ်ပေမပေါ့။ ကျွန်တော်တို့လို စာပေသမား၊ သတင်းစာသမားအဖို့ ဒါမျိုးဟာ မတော်မတည့်၊ ကျော်မကောင်း ကြားမကောင်းကိစ္စမှန်း ကောင်းကောင်းကြီးသိတယ်ဗျို့။ လံကွတ်တီမပါတဲ့ အရူးက ကိုယ့်ကိုသနပ်ခါးလိမ်းပေးပြီး မုဆိုးချွတ်နိုင်းတာမျိုး ဖြစ်နေတယ်။ ဒါမျိုးဟာ ရှက်စရာဆိုတာ အရူးမသိ။ ဒါပေမဲ့ လူကောင်းက ရှက်ရကောင်းမှန်း ရှင်းရှင်းသိတယ်။

၁၉၉၁ နှစ်လည်လောက်မှာ ထောက်လှမ်းရေးက ကျွန်တော့်ကို "ဖိတ်"ပြီး "ဧည့်ခံ"တယ်။ အထူးဆောင်ထဲက ထောက်လှမ်းရေးစခန်းစစ်ကြောရုံးမှာ မဟုတ်ဘူး။ ထောင်အာဏာပိုင်တွေရဲ့ "မြနန်းစံကျော်" ဖြစ်တဲ့ ထောင်ဘူးဝက ညွှန်ကြားရေးမှူးဧည့်ခန်းဆောင်မှာပါ။ ကိုကာကိုလာတိုက်တယ်။ ခေါက်ဆွဲကြော် ကျွေးတယ်။ မြှောက်လုံးစကားတွေ၊ ခြောက်လုံးစကားတွေ အများကြီးပြောတယ်။ ကိုသန်းလှိုင် သီချင်းလားမသိ။ "နေ့ပေါင်းများစွာ" ဆိုတဲ့ ဟိုသီချင်းထဲကလို နေ့ပေါင်းများစွာ၊ အကြိမ်ပေါင်းများစွာပဲ။

ကျွန်တော်လည်း ထောက်လှမ်းရေးရဲ့ပီကင်းဘဲဖြစ်မှန်းမသိဖြစ်ရတယ်။ ပါးစပ်ထဲ အစာတွေအတင်းသွတ်။ နားထဲ စကားတွေအတင်းသွင်း။ ပီကင်းဘဲတွေ မသေခင်၊ မီးကင်မခံရခင် အာဖြဲအစာသွတ်ခံရသလိုမျိုးဖြစ်နေတော့တယ်။

ကျွန်တော်က ပြောပါတယ်။ "ကျုပ် အသက်ခြောက်ဆယ်ကျော်ပြီ။ ကလေးမဟုတ်ဘူး။ အန်တီ အန်တီဆိုပြီး ဒေါ်စု ကပ်လိုက်နေတာမဟုတ်ဘူး။ ခေါင်းဆောင်စစ် ခေါင်းဆောင်မှန်မှန်းသိလို့ နောက်လိုက်လုပ်နေတာ။ ကျုပ်လိုလူတွေ အများကြီးရှိတယ်။ ရာထူးလိုချင်လို့၊ နေရာလိုချင်လို့ လုပ်နေတာ မဟုတ်ဘူး"



ဒီကိစ္စအတွက် ကျွန်တော်လည်း ခံရချက် မသက်သာလှဘူး။ အတန်တန် ငြင်းလေ နဘန်ကျင်းလေဆိုရမလို ဖြစ်ရတယ်။ ကြွေစရာမရှိတော့လို့ သွားတွေမကြွေဘူး။ ခါးတွေတော့ နှာသဗျာ။

ထောက်လှမ်းရေး ဘာလုပ်တယ်ဆိုတာ ကျွန်တော် သိပါတယ်။ ထောက်လှမ်းရေး ဘာလိုချင်တယ်ဆိုတာ ကျွန်တော် သိပါတယ်။ သူတို့ပြောချင်တဲ့ သတင်းစကားရှိတယ်။ အဲဒါလည်း ကျွန်တော်သိပါတယ်။

"ဒေါ်အောင်ဆန်းစုကြည်ဆိုတာ ဦးဝင်းတင်ဆိုတဲ့သူ စကားသွင်းတိုင်းယုံတာ။ သွေးထိုးတိုင်းလုပ်တာ။ ပင့်ပေးတိုင်းပြောတာ။ ဘာမှအရေးမပါဘူး။ အရုပ်သက်သက်ပဲ"

"အဲ ဦးဝင်းတင်ဆိုတဲ့လူကလည်း ဗကပ ကွန်မြူနစ် ယူဂျီ။ သတင်းစာကပြုတ်လို့ နိုင်ငံရေးထဲ ရောက်လာတာ။ ဒီချုပ်ထဲမှာ ဗကပခိုင်းတာတွေ အကွက်ဆင်လုပ်နေတာ။ သူကိုယ်တိုင်လည်း အရုပ်သက်သက်ပဲ"

ချုပ်လိုက်တော့ ထောက်လှမ်းရေးရဲ့သတင်းစကားက ဒေါ်စုက ဦးဝင်းတင်ရဲ့ရုပ်သေး၊ ဦးဝင်းတင်ကိုယ်တိုင်ကလည်း ဗကပရဲ့ရုပ်သေး။ အဲဗကပဆိုတာကလည်း တရုတ်ရဲ့ရုပ်သေး။ အားလုံးရုပ်သေးချည်းပဲ။ ဘယ်သူဘာဖြစ်နေနေ ကြိုးဆွဲတာခံနေကြရတာချည်းပဲ။

ကျွန်တော်က အဲဒါတွေ အားလုံးငြင်းတယ်။

"ဒေါ်စုက ရုပ်သေးမဟုတ်ဘူးဟေ့။ ရုပ်မသေးဟ။ အရုပ်လည်းမဟုတ်ဟ။ သေးလည်းမသေးတဲ့သူဟ။ လူဟလူ။ လူမှအကြီးကြီး။ ရောမအကြီးကြီးလူ။

"ကြိုးကိုင်တယ်တဲ့လား။ ဟား ဟား ဟား။ ဘယ်သူက ကြိုးကိုင်သလဲ။ ဘယ်သူက ဘယ်သူ့ကိုကြိုးကိုင်သလဲ။ မှတ်ထားကွဟေ့။ ကျပ်ကျပ်မှတ်ထားကြ။ ဘယ်သူကမှ၊ ဘယ်သူ့ကိုမှ၊ ဘယ်တုန်းကမှ၊ ဘယ်လိုကမှ ကြိုးမကိုင်ဘူးကွ။ ဒေါ်စုကို စစ်တပ်ကတောင် ကြိုးမကိုင်နိုင်တာ။ ဘယ်သူကိုင်လို့ရမှာလဲ။

"မင်းတို့ထောက်လှမ်းရေးတွေ ပြောချင်တာပြော။ ကလိမ်စိငြမ်းဆင်၊ ငြိမ်ပိလမ်းစဉ်လို့ပဲ ငါဆိုမယ်။

"ငါ ကြေညာတယ်ကွဟေ့။ ရုပ်မသေးဘူးကွ။ ကြိုးမကိုင်ဘူးကွ။

www.burmeseclassic.com

www.burmeseclassic.com



ထောက်လှမ်းရေးက ခေါက်ဆွဲမကျွေးတော့ဘူး။ လက်ဝါးကျွေးတယ်။ လက်သီးကျွေးတယ်။ တတောင်ကျွေးတယ်။ ခြေခုံစာကျွေးတယ်။ ဖနောင့်စာကျွေးတယ်။

ကျွန်တော်ကလည်း ပြောချင်တာတွေပြောတယ်။ ပြောစရာတွေပြောတယ်။ ပြောတယ်။ ပြောတယ်။ ပြောတယ်။ ထောက်လှမ်းရေးကလည်း ကျွေး ချင်တာတွေ ကျွေးတယ်။ ကျွေးစရာတွေ ကျွေးတယ်။ ကျွေးတယ်။ ကျွေးတယ်။ ကျွေးတယ်။ ပြောတယ်ကွာ။ ကျွေးတယ်ဟာ။ ပြောတယ်ကွာ။ ကျွေးတယ်ဟာ။ ကျွေးတယ်ဟာ။ ပြော ... ပြော ... ပြောတယ်ကွာ။ ကျွေး ... ကျွေး... ကျွေး တယ်ဟာ။

အကျဉ်းခန်းပြန်ရောက်တော့ ကျွန်တော့်တစ်ကိုယ်လုံး ကျွန်တော်ပြန်ကြည့်တယ်။ ဒီနေရာ ဘာလို့ဖြူနေရတာလဲ။ အရေခွံလန်ရင် ဖြူတာပေါ့ဟ။ ဒီနေရာက ဘာလို့နီနေရတာလဲ။ သွေးထွက်ရင် နီတာပေါ့ဟ။ ဒီလက်ချောင်း ဘာပြုလို့ ပျော့စိနေရတာလဲ။ ကျိုးရင်ကျေရင် ပျော့စိပျော့စိ အိတိတိဖြစ်တာပေါ့ဟ။ မင်းမှာ လက်ရှိသေးလား၊ ရှိသေးတယ်။ မင်းမှာ ခြေထောက်ရှိသေးလား၊ ရှိသေးတယ်။ လက်လှုပ်ကြည့်စမ်း။ လှုပ်လို့ရသေးလား။ လှုပ်လို့ရသေးတယ်။ ခြေထောက်လှုပ်ကြည့်စမ်း။ လှုပ်လို့ရသေးလား။ လှုပ်လို့ရသေးတယ်။

ကျွန်တော် တစ်ယောက်တည်း သံပြာဟစ်လိုက်တယ်။ သံကုန်အော်လိုက်တယ်။

"ငါ့မှာလက်တွေရှိသေးတယ်။ ငါ့လက်တွေက ကြိုးကိုင်တဲ့လက်မဟုတ်ဘူးဟေ့။ စာရေးတဲ့လက်။ အလုပ်လုပ်တဲ့လက်ကွ။ မှတ်ထား။

ငါ့မှာ ခြေထောက်တွေရှိသေးတယ်။ ငါ့ခြေထောက်တွေက တိုက်ပွဲပြေးတဲ့ခြေထောက်မဟုတ်ဘူးဟေ့။ ခေါင်းဆောင်ကောင်းနောက်က လိုက်တဲ့ခြေထောက်ကွဟေ့။ ပန်းတိုင်အရောက်ချီတက်တဲ့ ခြေထောက်ကွဟေ့။ မှတ်ထား။ မှတ်ထား။"

ဒေါ်စုက ဒီကိစ္စနဲ့ ပတ်သက်လို့ သူရေးတဲ့ ဆောင်းပါးတွေမှာ ထည့်ရေးခဲ့ဘူးတယ်။ "မြန်မာပြည်မှ ပေးစာများ"ဆိုတဲ့ သူ့စာအုပ်ပါ ဆောင်းပါးတစ်စောင်မှာ ဒီကိစ္စ ဒီလိုရေးဘူးတယ်။



*ဖမ်းဆီးပြီး ချက်ချင်းဆိုသလိုပဲ ဦးဝင်းတင်ကို ထောက်လှမ်းရေးက စစ်ကြောရေး လုပ်ပါတယ်။ ထမင်းမကျွေး ဟင်းမကျွေး မအိပ်ရ မနားရ သုံးရက်လုံးလုံး စစ်မေးပါတော့တယ်။ ဒီမိုကရေစီလှုပ်ရှားမှုကြီးမှာ သူပါဝင်လှုပ်ရှားခဲ့တာတွေကို စစ်ကြော မေးမြန်းပါတယ်။*

*သူဟာ ကျွန်မရဲ့နိုင်ငံရေးဗျူဟာတွေမှာ အကြံပေးပုဂ္ဂိုလ်ဖြစ်တယ်လို့ ဝန်ခံအောင် စစ်ကြောသူတွေက ဦးဝင်းတင်ကို အတင်းအကျပ် စစ်ကြော မေးမြန်းလိုဟန်တူပါတယ်။ တစ်နည်းပြောရရင် သူဟာ ကျွန်မရဲ့ "ရုပ်သေးကြိုးကိုင်" ဖြစ်တယ်လို့ ထုတ်ဖော်ဝန်ခံအောင် အကျပ်ကိုင်တာပါပဲ။*

*ဦးဝင်းတင်ဟာ သတ္တိရှိသူ၊ ရိုးဖြောင့်တည်ကြည်သူဖြစ်လို့ ဒီလိုမမှန်မကန် ဝန်ခံချက်မျိုးကို ဘယ်လိုခြိမ်းခြောက်၊ ခြိမ်းခြောက်လုံးဝလုပ်မှာ မဟုတ်ပါဘူး။ ၁၉၈၉ အောက်တိုဘာကာလမှာ သူ့ကိုထောင်ဒဏ်သုံးနှစ် အပြစ်ပေးလိုက်ပါတယ်။ ပထမအမှုပြစ်ဒဏ်မကုန်ဆုံးမီ ၁၉၉၁ နှစ်လမှာ သူ့ကို နောက်ထပ်တရားစွဲပါတယ်။ ထောင်ဒဏ်ဆယ့်တစ်နှစ် ပြစ်ဒဏ်ချမှတ်လိုက် ပြန်ပါတယ်။*

*Daw Aung San Suu Kyi's Letters From Burma*

၂၀၀၈ စက်တင်ဘာ ၂၃ မှာ ကျွန်တော် ထောင်ကလွတ်တယ်။ လွတ်တဲ့နေ့ ညနေကစပြီး မီဒီယာမှာ ကမ္ဘာသိ စကားတွေပြောတယ်။ အယူအဆတွေ ပြောတယ်။ ဝေဖန်သုံးသပ်ချက်တွေပြောတယ်။ ဘဝဖြတ်သန်းမှုတွေပြောတယ်။ အရေးတော်ပုံရှုထောင့်တွေ ပြောတယ်။ မကြောက်တရားတွေပြောတယ်။ ကြွေးကြော်သံတွေ ပြောတယ်။ ကြိုးဝါးသံတွေပြောတယ်။

ကြွေးကြော်သံတစ်ခုက "ရုံသုံးရုံ" ဖြစ်တယ်။ ဝန်းရံရေး တာဝန်သုံးရပ်ကို လက်ရုံးတန်းတဲ့ ကြွေးကြော်သံဖြစ်ပါတယ်။ "ဒီချုပ်ကို ဝန်းရံကြ"၊ "လွှတ်တော်ကိုဝန်းရံကြ"၊ "ဒေါ်စုကိုဝန်းရံကြ"။

ဒီကြွေးကြော်သံက ၁၉၉၅ ဒေါ်စု အိမ်အကျယ်ချုပ်ကလွတ်လာပြီးတဲ့နောက် ပေါ်ထွက်လာတဲ့ ကြွေးကြော်သံဖြစ်ပါတယ်။ အင်းစိန်ထောင်ထဲမှာရှိတဲ့ ဒီချုပ်အင်အားတွေ တစ်ညီတည်း၊ တစ်သံတည်း၊ တစ်သွေးတည်း ကြိုးဝါး

www.burmeseclassic.com

www.burmeseclassic.com



ကိုင်စွဲခဲ့တဲ့ ကြေးကြော်သံဖြစ်ပါတယ်။ ကျွန်တော်တို့ စစ်ခွေးတိုက်ရောက်ကုန်ကြတယ်။ ထောင်ထပ်ကျတယ်။ လူစုကွဲသွားတယ်။ ကြေးကြော်သံကတော့ သံရှိန်မပျက်ဘူး။ သံဟုန်မပျက်ဘူး။

၁၉၉၆ နောက်ပိုင်းကစပြီး ဒီကြေးကြော်သံအပြင် လောကမှာ ဂယက်ထသွားတယ်။ လှိုင်းလုံးရိုက်သွားတယ်။ ဒီရေမြင့်သစ်သွားတယ်။ အဲဒီနှစ်ကစပြီး ထောင်ဝင်စာလာတွေ့နေတဲ့ ကိုမောင်မောင်ခင်က ဒီကြေးကြော်သံတွေကို ကမ္ဘာ့မီဒီယာမှာ ထပ်ဆင့်အော်ပါတယ်။ ဒီလိုနဲ့ "ရုံသုံးရုံ"ဟာ ကမ္ဘာလွှမ်းသွားပါတယ်။

ကျွန်တော့်ခြေထောက်တွေက ခေါင်းဆောင်နောက်ကလိုက်လှမ်းတယ်။ ကျွန်တော့်လက်တွေက လက်ရုံးတန်းတယ်။ ကျွန်တော့်ပါးစပ်တွေက ကြေးကြော်သံတွေ ကြုံးဝါးတယ်။

၂၀၁၀ ဖေဖော်ဝါရီ ၁၃ မှာ ဒီချုပ်ဗဟိုအလုပ်အမှုဆောင်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးတင်ဦး အကျယ်ချုပ်က လွတ်လာတယ်။ အဲဒီညမှာ မီဒီယာနဲ့တွေ့တယ်။ သူ့သဘောထားကို ထုတ်ဖော်တယ်။ ဦးတင်ဦးရဲ့ထုတ်ဖော်ချက်မှာ သူဟာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ခေါင်းဆောင်မှုအရိပ်ကို ခိုလှုံပြီး ဒီမိုကရေစီနိုင်ငံရေးလှုပ်ရှားမှုတွေမှာ ပါဝင်နေတာ ဖြစ်တယ်လို့ပြောခဲ့တယ်။

ဦးတင်ဦးရဲ့ မီဒီယာက ပြောဆိုချက်ဟာ အလွန်အရေးကြီးပါတယ်။ ဒါဟာ စစ်အာဏာရှင်တွေကို ပေးလိုက်တဲ့ သတင်းစကားလည်း ဖြစ်ပါတယ်။ ပြည်သူလူထုကို ပို့လိုက်တဲ့သတင်းစကားလည်း ဖြစ်ပါတယ်။ ဒီချုပ်အင်အားတွေကို ကမ်းလိုက်တဲ့သတင်းစကားလည်း ဖြစ်ပါတယ်။ ဒီမိုကရေစီနိုင်ငံရေးအင်အားစုတွေ၊ တိုင်းရင်းသားအင်အားစုတွေကိုပါ ပါးလိုက်တဲ့ သတင်းစကားလည်း ဖြစ်ပါတယ်။ သူလိုပုဂ္ဂိုလ်ကြီး၊ သူရသတ္တိပြောင်မြောက်တဲ့ တပ်မတော်သားကြီး၊ ကာကွယ်ရေးဝန်ကြီးဟောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဟောင်းက အလွန်နှိမ့်ချတဲ့ ကြေညာချက်၊ အလွန်ရိုးသားတဲ့ကြေညာချက်၊ အလွန်ပြတ်သားတဲ့ ကြေညာချက်ကို ကမ္ဘာသိ မြန်မာသိ ကြေညာလိုက်တာ အရေးမကြီးဘဲနေမလား။

ဒေါ်အောင်ဆန်းစုကြည်ဟာ အမျိုးသားနိုင်ငံရေးမှာ ဘယ်လောက်စွမ်းအားကြီးမားတယ်။ ဩဇာထက်မြက်တယ်။ သိက္ခာမြင့်မားတယ်ဆိုတာကို



တပ်မတော်တွေ၊ တပ်မတော်ခေါင်းဆောင်တွေ သိကြအောင် ပြောလိုက်တာပါ။ ပြည်သူလူထု သိကြအောင် ပြောလိုက်တာပါ။ ဒီချုပ်အင်အားတွေ သိကြအောင် ပြောလိုက်တာပါ။ ဒီမိုကရေစီနိုင်ငံရေးအင်အားစုအားလုံး၊ တိုင်းရင်းသား နိုင်ငံရေးအင်အားစုအားလုံး သိကြအောင် ပြောလိုက်တာပါ။ ဟုတ်တယ်။ သိကြအောင် ပြောလိုက်တာပါ။

ဦးတင်ဦးရဲ့စကားကို ကျွန်တော် ချီးကျူးထောပနာလိုက်ပါတယ်။ ကျွန်တော်ကိုယ်တိုင် ပြောရရင်လည်း ဒီစကားပဲ ပြောမှာပဲ။ ပြည်သူတစ်ရပ်လုံးရော၊ ဒီမိုကရေစီအင်အားစုတစ်ရပ်လုံးကပါ ဒီစကားကိုပဲ ပြောကြပါလေ။ ဟစ်ကြပါလေ။

တစ်နေ့သောအခါမှာ တပ်မတော်ကြီးတစ်ခုလုံး၊ တပ်မတော်ခေါင်းဆောင်တွေရော၊ တပ်မတော်သားတွေပါ ဒီစကားကိုဆိုကြလိမ့်မယ်။ ကျွန်တော် ယုံကြည်တယ်။ ကျွန်တော် မျှော်လင့်တယ်။

◆

www.burmeseclassic.com

www.burmeseclassic.com

## နိုင်ငံရေးသယံဇာတရင်းမြစ်တွေ

ကျွန်တော်တို့ထောင်ထဲမှာ တွေ့ရာလေးပါးစကားစပ်မိကြတိုင်း သူ့အမေ ကိုယ့်အမေ၊ သူ့မယား ကိုယ့်မယား၊ သူ့သားသမီး ကိုယ့်သားသမီးတို့ ရဲ့ အကြောင်းတွေကို တဖွဲ့တနွဲ့ ပြောမိကြတယ်။ အထူးသဖြင့်ကတော့ နိုင်ငံရေးအကျဉ်းသားတွေရဲ့ ဇနီးမယားတွေအကြောင်းပေါ့။ အဲ့ဒီလိုစကားဝိုင်းတွေမှာ ကျွန်တော်လည်း ဝင်လွှမ်းမိတတ်တယ်။ သူတို့ကို "နိုင်ငံရေးကတော်တွေ" ရယ်လို့ ကျွန်တော် သိဒ္ဓိတင်စကားဆိုတတ်တယ်။

နှစ်သုံးဆယ်လောက်က ကျွန်တော် ဆောင်းပါးတွေရေးခဲ့ဘူးတယ်။ ခေါင်းစဉ်တွေ ဘာတွေ မမှတ်မိတော့ပါဘူး။ လွတ်လပ်ရေးတိုက်ပွဲခေတ်ခေါင်းဆောင်ကြီး ဦးထွန်းရှိန်(သက်နုစိန်၊ ဖေပုရှိန်)ရဲ့ ဇနီးမယားတွေ ကြုံတွေ့ခံစား



ခဲ့ကြရတဲ့ စိတ်ဝေဒနာတွေ သောကဗျာပါရတွေ၊ ပရိဒေဝတွေကို ရေးသားဖော်ပြခဲ့ပါတယ်။ အဲဒီအချိန်ကတည်းက နိုင်ငံရေးခေါင်းဆောင်တွေရဲ့ အိမ်သူသက်ထားတွေအကြောင်း ကျွန်တော် စာတစ်စောင် ပေတစ်ဖွဲ့ရေးချင်ခဲ့တယ်။ စုဆောင်းထားတဲ့ ဖြစ်စဉ်ဖြစ်ရပ်အမှတ်အသားတွေလည်း အတော်ရှိခဲ့တယ်။ မရေးဖြစ်ပါဘူး။ ကျွန်တော့်အိမ်ခန်း ဝေသာလီပြည် ဘီလူးဝင်သလိုဖြစ်ခဲ့ရလို့ အစုအဆောင်းတွေ ပြောင်တလင်းခါပါလေရော။

ထောင်ထဲမှာ အနေကြာလာတော့ နိုင်ငံရေးကတော်တွေရဲ့ အကြောင်းစုံကို ပိုကြားပိုသိလာရတယ်။

အထူးဆောင်(ထောက်လှမ်းရေးဆောင်) ဆယ်ခန်းတွဲမှာနေရတုန်း ပြည်သူ့တိုးတက်ရေးပါတီခေါင်းဆောင် ကိုခင်မောင်မြင့်နဲ့ ကျွန်တော်ဆုံတယ်။ အခန်းရှေ့ကွက်လပ်မှာ နေပူစာလှုံခွင့်ရတုန်း သူ့စကားသံတွေကို တစာစာကြားရတတ်တယ်။ သူက စကားပြောရင် တင်တင်မပါမပြီး။ တင်တင်ဆိုတာ သူ့မိန်းမ။ ပုဇွန်တောင်ဈေးနားမှာ ဆေးလိပ်ဆိုင်လေးဖွင့်ထားတယ်။ တင်တင်က သူ့ကိုသိပ်ချစ်သတဲ့။ ယုံကြည်သတဲ့။ အားကိုးသတဲ့။ ပြုစုစောင့်ရှောက်သတဲ့။ တင်တင်မရှိရင် သူ့ဘဝမရှိနိုင်ဘူးတဲ့။ တင်တင်က သူ့ကျန်းမာရေး၊ သူ့စိတ်ချမ်းသာရေးကို အလိုက်သည်းလိုက် ဂရုစိုက်ပုံ၊ သူ့နိုင်ငံရေးကို မတွန့်မဆုတ် ထောက်ခံအားပေးပုံ၊ သူ့ထောင်ဘဝကို မငြိုမငြင် ပါရမီဖြည့်ပုံဆိုတာတွေကို ပြောမဆုံးပေါင် တောသုံးတောင် လုပ်ပြီး မမောနိုင်မပန်းနိုင်ပြောတတ်တယ်။

ကိုခင်မောင်မြင့် စကားတွေနားထောင်ရင်း တစ်ခါက စာရေးဖို့ကြံခဲ့တဲ့ နိုင်ငံရေးကတော်များအကြောင်း ပြန်ပြောင်းသတိရမိတယ်။ နိုင်ငံရေးကတော်တွေဟာ စင်စစ်တော့ နိုင်ငံရေးသမားတွေရဲ့ နိုင်ငံရေးသံယံဇာတ ရင်းမြစ်တွေပါပဲ။ ဒီရင်းမြစ်တွေဟာ နိုင်ငံရေးအားမာန်တွေ၊ နိုင်ငံရေး ဇောဆန္ဒတွေ၊ နိုင်ငံ ရေး သတ္တိတွေအဖြစ် ပြောင်းလဲဖြစ်တည်ကြတယ်။ ဒီအားမာန်၊ ဇောဆန္ဒ၊ သတ္တိတွေနဲ့ပဲ နိုင်ငံရေးသမားတွေဟာ ဘဝကိုရုန်းကန်ကြတယ်။ ယုံကြည်ချက်ကို စွဲမြဲကြတယ်။ ထောင်ကန္တာရကို ဖြတ်သန်းကြတယ်။ ဒီသယံဇာတတွေ ဆိတ်သုဉ်းခန်းခြောက်နေရင် နိုင်ငံရေးသမားရဲ့ နိုင်ငံရေးဘဝ ဆိတ်သုဉ်းခန်းခြောက်တဲ့ ကန္တာရသာဖြစ်ပေလိမ့်မယ်။

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံရေးကတော်များလို့ ယေဘုယျပြောလိုက်ရပေမဲ့ တကယ်တော့ နိုင်ငံရေးသယံဇာတအရင်းမြစ်တွေဟာ ကတော်မယားတွေမှာသာ တည်တာ မဟုတ်ပါဘူး။ ဘွားအေတွေ၊ မိခင်တွေ၊ နှမသားချင်းတွေ၊ သားသမီးမြေးမြစ်တွေဟာလည်း နိုင်ငံရေးသယံဇာတရင်းမြစ်တွေ ဖြစ်ပါတယ်။ ဒီနေ့လို အကျဉ်းထောင်တွေက တစ်ပြည်လုံးခွေးလှေးပျား တောအနှံ့ဖြစ်နေချိန်မျိုးမှာ ဒီအင်အားတွေရဲ့ မေတ္တာ၊ ကရုဏာ၊ ကြင်နာထောက်ထားမှုဟာ ပိုလို့အရေးကြီးလာပါတော့တယ်။ ဒီမေတ္တာ ကရုဏာ အင်အားတွေသာ ကင်းဆိတ်ရင် နိုင်ငံရေးသမားတွေဟာ မီးတိုးတဲ့ ပိုးဖလံမျိုးတွေလို မီးလောင်တောင်ကျွတ်နဲ့ ထောင်ဘဝ ဂနိုင်တောမှာ အမောဆိုက်ကုန်ကြမှာမုချ။

ကျွန်တော် မကြာမကြာ စဉ်းစားမိတဲ့ ကိစ္စတစ်ခုရှိတယ်။ ၁၉၈၉ က ၂၀၀၈ အထိ ထောင်ငရဲအိုးထဲ ဇောက်ထိုးကျခဲ့တဲ့ ကျွန်တော့်မှာ ကိုယ့်ကိုယ်ကို သနားကရုဏာသက်မိစိတ်ပေါ်တတ်တယ်။ ဩော်... ငါတို့အဖြစ်တယ်ဆိုးပါ ကလား။ မဆလခေတ် ထောင်ကျနိုင်ငံရေးသမားတွေရဲ့ထောင်ဘဝက ငါတို့ထက် အများကြီးသက်သာလှပါကလား။ ကိုကိုးကျွန်းရောက်သူတွေတောင် ပင်လယ်လေရှူရှိုက်ပြီး ကမ်းခြေတစ်ဝိုက် နီဗွာနာဂံဆိုက်သလို ချမ်းမြေ့နိုင်ကြပါသေးကလား။

ဖဆပလခေတ်မှာကော။ သာယာဝတီလို ဆိုးသွမ်းလှတဲ့ထောင်တွေရှိခဲ့တာမှန်တယ်။ ဒါပေမဲ့ နိုင်ငံရေးသမား ထောင်ကျအများစု ဘဝဆိုးမကြုံခဲ့ရပါဘူး။ နိုင်ငံရေးအကျဉ်းသားတွေ ကောင်းကောင်းနေ ကောင်းကောင်းစားခဲ့ကြရတယ်။ စာဖတ်ခွင့် စာရေးခွင့်တွေ ရခဲ့ကြတယ်။ လူထုဦးလှဆိုရင် "ထောင်နဲ့လူသား"လိုစာအုပ်တွေ ရေးနိုင်ခဲ့တယ်။ ငါတို့ခေတ်မှာ စာအုပ်ရေးဖို့နေနေသာသာ။ ထောင်ဆိုတဲ့ စကားလုံး ဝေါဟာရကိုတောင် ရေးခွင့်မရပါကလား။

ကိုလိုနီခေတ် ထောင်ဆိုတာတော့ မပြောနဲ့တော့။ နိုင်ငံရေးအကျဉ်းသားတွေက ထောင်အာဏာပိုင်တွေကို ထောင်အစေခံတွေလို့ခေါ်တယ်။ ဘီကလပ်စ် (B - Class) လို့ခေါ်တဲ့ အဆင့်မြင့် အတန်းမြင့်တွေတောင်းတယ်။ မကြာခဏဆန္ဒပြတယ်။ ဆန္ဒပြတိုင်း ပြင်ပက တရားရေးဌာနဆိုင်ရာ အရာရှိတွေပါဝင် ရောက်ဖြေရှင်းပေးရတယ်။ ထောင်ထဲမှာ ပြဿနာမပေါ်လိုက်နဲ့။ အပြင်ကသတင်းစာတို့၊ နိုင်ငံရေးအဖွဲ့အစည်းတို့က ဝိုင်းအုံတိုက်ပွဲဝင်ကြတာပဲ။



နိုင်ငံရေးအကျဉ်းသားတွေရဲ့ နေထိုင်စားသောက်မှုကလည်း အများကြီးအဆင်ပြေတယ်။ ရတဲ့အစားအစာ ရတဲ့ဝန်ဆောင်မှု ရတဲ့အခွင့်အရေးဆိုတာနည်းမှတ်လို့။

ဒီလိုခေတ်အဆက်ဆက် နိုင်ငံရေးအကျဉ်းသားတွေရဲ့ ထောင်ဒုက္ခတွေကို ချိန်ထိုးနှိုင်းယှဉ်ကြည့်ပြီး ငါတို့ခေတ်ဟာ အဆိုးဝါးဆုံးပါကလားလို့ထင်နေမိခဲ့တယ်။

ဘယ်ဟုတ်လိမ့်မတုန်း။ နှစ်ဆယ့်တစ် ရာစုဦးလည်း ရောက်ရော နိုင်ငံရေးအကျဉ်းသားတွေရဲ့ ထောင်တွင်းဘဝအခြေအနေဟာ ဇောက်ထိုးဆင်းသွားတယ်။ ဆိုးသထက်ဆိုးလို့သာ လာတော့တယ်။ ၂၀၁၀ လောက်ရောက်တော့ ကမ်းကုန်အောင်ဆိုးတော့တာပါပဲ။ ကျွန်တော် ကြုံခဲ့တဲ့ နှစ် ၂၀ ထောင်ငရဲဟာ ဒီနေ့လူငယ်ကျောင်းသား နိုင်ငံရေးအကျဉ်းသားတွေ ကြုံနေရတဲ့ထောင်အဝီစိနဲ့ နှိုင်းစာရင် ရယ်စရာတောင် ကောင်းနေမလားမသိ။ တခြားဖိနှိပ်ချုပ်ချယ်မှု အတိုင်းအဆကြီးမားမှုတွေ အသာထား၊ နယ်ဝေးနယ်ဖျားထောင်တွေ ပို့ထားခြင်းခံရတာတစ်ခုတည်းနဲ့ကို ကျွန်တော်တို့ခေတ် ဒုက္ခတွေထက် အဆရာထောင်ဆိုးဝါးနေပါပြီ။

ဒီနေ့ခေတ် နိုင်ငံရေးအကျဉ်းသားတွေအဖို့ လူ့အခွင့်အရေးဆိုတာ လုံးဝဥဿုံကို ကင်းမဲ့သလိုဖြစ်နေပြီ။ လူကြားမကောင်း သူကြားမကောင်း ပြောရရင် သူတို့အဖို့ လူ့အခွင့်အရေးဆိုတာ ဘေးဖယ်ထား။ ခွေးအခွင့်အရေး၊ နွားအခွင့်အရေးဆိုတာလောက်တောင် မရှိသလိုဖြစ်နေပြီ။ ဒီနေ့ နိုင်ငံရေးအကျဉ်းသားတွေ နစ်မွန်းလောင်မြိုက်ခံနေရတာက လူ့ငရဲတောင်မဟုတ်ဘူး။ လူတွေဖန်ဆင်းတဲ့ လူတွေအတွက် ငရဲလို့ဆိုရမှာထက် လူစိတ်ကင်းမဲ့သူတွေ၊ တိရစ္ဆာန်စိတ်ပေါက်နေသူတွေ၊ လူ့တိရစ္ဆာန်တွေ ဖန်ဆင်းနေတဲ့ "တိရစ္ဆာန်ငရဲ"မှာ နစ်မွန်းလောင်မြိုက်ခံနေကြရတာလို့ ဆိုရမလောက်ဖြစ်နေပါတယ်။ ဒီနေ့ မီဒီယာတွေမှာ နေ့စဉ်နဲ့အမျှလိုလို နိုင်ငံရေးအကျဉ်းသားမိသားစုတွေရဲ့ ရင်ဖွင့်သံတွေကို နားထောင်ကြည့်ပါ။ ကြားရတာနဲ့ တိရစ္ဆာန်ငရဲမီးရှိန်ဟပ်တာ ကိုယ်တိုင်ခံစားရပါလိမ့်မယ်။ ပူလောင်ဆင်းရဲကို နားလည်နိုင်ပါလိမ့်မယ်။

နိုင်ငံရေးအကျဉ်းသားတွေရဲ့ ဒီတိရစ္ဆာန်ဒုက္ခတွေကို ဘယ်သူတွေဒိုင်ခံရင်ဆိုင်နေကြရသလဲ။ ဘယ်သူတွေ ဒိုင်ခံဝေမျှခံစားနေကြရသလဲ။ ဘယ်သူတွေ ဒိုင်ခံဖြေရှင်းပေးနေကြရသလဲ။

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံရေးကတော်တွေ၊ အမေတွေ၊ အဘွားတွေ၊ အဒေါ်နှမ၊ သမီးမြေးငယ်တွေဟာ နိုင်ငံရေးအကျဉ်းသားတွေနဲ့ ဆတူထပ်ဆောင်းခံစားနေကြရသူတွေပဲပေါ့။ သူတို့သာ ဒီလိုဝေမျှခံစားခြင်းမရှိရင် နိုင်ငံရေးအကျဉ်းသားတွေအဖို့ နိုင်ငံရေး "တော်လှန်–မာန်–ဉာဏ်–သတ္တိ"တွေ ခန်းခြောက်ပျောက်ဆုံးကုန်တော့မှာပါပဲ။

ကျွန်တော့်ကိုယ်တွေ့ နိုင်ငံရေးကတော်တွေထဲက ထိပ်ဆုံးထားကမ္ပည်းထိုးရမယ့်သူကတော့ ကွယ်လွန်သူတော်ဘုရားလေးရဲ့ဇနီး မုဆိုးမဒေါ်ခင်မေပဲလို့ထင်ပါတယ်။

ဒေါ်ခင်မေဟာ တော်ဘုရားလေးနဲ့အတူ နိုင်ငံရေးဘဝဆိုးကျိုးတွေကို နှစ်ပေါင်းများစွာ ဝေမျှခံစားခဲ့ပါတယ်။ တော်ဘုရားလေးရဲ့ ရဲဘော်ရောင်းရင်း မိတ်ဆွေသင်းပင်းတို့ရဲ့ ဒုက္ခကိုလည်း မျှဝေယူခံစားပါသေးတယ်။

ကျွန်တော် ထောင်ထဲရောက်တယ်။ တရားစွဲခံရတယ်။ တရားရုံးဘယ်သူမှမလာရ။ သူငယ်ချင်း အုန်းထွန်းမိသားစုက သူတို့အိမ်ထောင်စုစာရင်းထဲ ကျွန်တော့်နာမည်ကို ခက်ခက်ခဲခဲသွင်း၊ ထောင်ဝင်စာလာတွေ့၊ ရုံးချိန်းလာတွေ့ လုပ်တယ်။ တခြားဘယ်သူမှ အနားမကပ်ရ။ အဲဒီအချိန်မှာ ဒေါ်ခင်မေတစ်ယောက် ပြုံးတုံ့ပြုံးတုံ့ပေါ်လာတယ်။ စားစရာတွေ၊ ကြားစရာတွေ သယ်လာတယ်။ ကျွန်တော့်အဖို့ စားစရာတွေစားရလို့ ဝမ်းဝသလို ကြားစရာတွေကြားရလို့ "စိတ်ဝ"ခဲ့ရတယ်။ မမေ့နိုင်တဲ့အမှတ်တရတွေပါပဲ။ ကျွန်တော့်လိုပဲ နိုင်ငံရေးအကျဉ်းသားများစွာရဲ့ ဒုက္ခကိုလည်း ဒေါ်ခင်မေ ဝေမျှခံစားပါတယ်။ နိုင်ငံရေးကတော်ဘဝ၊ နိုင်ငံရေးအမေအဘွားဘဝကို ဒေါ်ခင်မေ ရှန်းကန်ခံယူခဲ့ ခံယူဆဲဖြစ်ပါတယ်။ ဒေါ်ခင်မေဟာ နိုင်ငံရေးဗီဇကောင်းတယ်။ လွတ်လပ်ရေးတိုက်ပွဲခေါင်းဆောင်ကြီး ဦးဥတ္တမရဲ့တူမတော်သူဖြစ်ပါတယ်။ သူဟာ တော်ဘုရားလေးရဲ့ နိုင်ငံရေးသယံဇာတရင်းဖြစ်သလို နိုင်ငံရေးအကျဉ်းသားများစွာရဲ့ စိတ်ဓာတ်စွမ်းအားရင်းမြစ်လည်းဖြစ်ပါတယ်။

ဒေါ်ခင်မေလိုပဲ ထင်ရှားတဲ့နိုင်ငံရေးကတော်တစ်ဦးက ကွယ်လွန်သူ ဒီချုပ်ဗဟိုကော်မတီဝင် ရှေ့နေကြီးဦးထွန်းတင်ရဲ့ဇနီး ဒေါ်ခင်ဦးဖြစ်ပါတယ်။ ဒေါ်ခင်ဦးဟာ ဦးထွန်းတင်ရဲ့ထောင်သံသရာမှာ နှစ်ပေါင်းများစွာ အတူစုန်ဆန်မျောခဲ့သူပဲဖြစ်ပါတယ်။



၂၀၁၀ ဖေဖော်ဝါရီလဆန်းပိုင်းက ဘိုးတော်ခင်ဝင်းရဲ့ဇနီးကို ကျွန်တော်တွေ့လိုက်ပါတယ်။ အပြုံးမပျက်ပါဘဲ။ ဘိုးတော်ခင်ဝင်းရဲ့ထွက်လာဝင်သွား ပတ်လည်တံခါးလို ထောင်ဝင်ကြွေးတွေကို မောင်တစ်ထမ်း မယ်တစ်ရွက် လုပ်နေသူပါ။

"ဆရာရယ်၊ အိမ်ထောင်သက်နှစ်လေးဆယ်မှာ ထောင်ဝင်စာတွေ့ရတဲ့နှစ်က ပိုလုပိုခင်တောင် ဖြစ်နေသလား မသိတော့ပါဘူးရှင်"လို့ ဘိုး–ကတော်ကြီး ကျွန်တော့်ကိုပြောသွားပါတယ်။

"ကျွန်မ ဒီငြိမ်းလင်း အမေ"

အမျိုးသမီးငယ်တစ်ယောက်နဲ့တွေ့တယ်။ အင်းစိန်ထောင်ရှေ့တည့်တည့်က ထောင်အကျိုးတော်ဆောင် ကိုမင်းဆွေဆိုင်မှာ တွေ့တာ။ သူ့ကိုယ်သူ မိတ်ဆက်တယ်။ ကျွန်တော်လည်း အသက်ကြီးလာလေ လူနာမည်တွေမေ့လေဖြစ်တာမို့ ဒီနေ့အထိ သူ့နာမည် ခေါင်းထဲမစွဲဘူး။

ဒီငြိမ်းလင်းက ကျောင်းသားခေါင်းဆောင်။ ထောင်နှစ်ပေါင်းများစွာကျနေသူ။ အခု ခန္တီးထောင်ရောက်နေတယ်။ နိုင်ငံရေးကို သူစိတ်ဝင်စားတယ်။ စာဖတ်ဝါသနာပါတယ်။ သူငယ်ချင်းမိတ်ဆွေ ရဲဘော်ရောင်းရင်းကို တွယ်တာတတ်တယ်။ သူ့သူငယ်ချင်း စည်သူမောင်ကိုသူအမြဲသတိတရရှိတယ်။ သူ့အမေစကားထဲမှာ သူ့သားပြောတဲ့ စည်သူမောင်အကြောင်းတွေ ပါလာတတ်တယ်။

စည်သူမောင်ကလည်း ကျောင်းသားခေါင်းဆောင်တစ်ဦးပါပဲ။ စည်သူမောင့်အဘွားလည်း ကျွန်တော့်ဆီလာဘူးတယ်။ အစ္စလာမ်ဘာသာဝင်ဖြစ်လို့ စည်သူမောင်ရဲ့ ရခိုင်ပြည်နယ် မောင်တောမြို့ထောင်ကို မသွားနိုင်ဘူး။ အဘွားကြီးကလည်း မြေးဖြစ်သူရဲ့နိုင်ငံရေး သယံဇာတရင်းမြစ်ဖြစ်သူပီပီ အားသံမာန်သံ သတ္တိသံအပြည့်နဲ့ သူ့မြေးအကြောင်း ပြောလို့မကုန်ဖြစ်နေတယ်။ သူ သတ္တိကောင်းသလို မြေးကလည်း သတ္တိကောင်း၊ မြေးသတ္တိကောင်းသလို မြေးရဲ့အဖေ အမေကလည်း သတ္တိကောင်းတွေပါပဲ။ သူတို့လည်း နယ်ထောင်တွေမှာ ကျခံနေကြရတယ်။ မိသားစုလိုက် တစ်ပြုံတစ်မကြီး ထောင်ကျနေကြတာ။ အဘွားဖြစ်သူက ဒီထောင်ကျမိသားစုကြီးကို ဒိုင်ခံစောင့်ရှောက်နေရတာ။

ဒီငြိမ်းလင်းအမေတို့၊ အဒေါ်တို့၊ ကျွန်တော့်ဆီ မကြာခဏရောက်လာကြတယ်။ ထောင်တွေကပြန်လာတဲ့အခါတိုင်း ရောက်လာကြတယ်။ ထောင်

www.burmeseclassic.com

www.burmeseclassic.com



သတင်း ထောင်စကားတွေ လာပြောကြတယ်။ "ထောင်တွေ"လို့ ရေးရတာက ဒီငြိမ်းလင်းအဖေကလည်း တောင်ငူထောင်မှာကျနေတာ။ သားလောက်တော့ ထောင်ဒဏ်များလှပုံမပေါ်။ ဒါတောင် လေးငါးဆယ်နှစ်နေရဦးမှာပဲထင်ရဲ့။

ဒေါက်တာနေဝင်းရဲ့ဇနီးနဲ့လည်း မကြာမကြာဆုံဘူးတယ်။ လင်ရောသမီးပါ ထောင်ကျနေတယ်။ "ဟိုထောင်တစ်လှည့် ဒီထောင်တစ်လှည့် ပြေးနေရတာ ဆရာရေ။ မောတော့မောတာပေါ့ ဒါပေမဲ့ မမောဘူးဆိုတဲ့ သီချင်းပဲ အပြေးအလွှားဆိုနေရတာ"လို့ နွမ်းလျလျ အပြုံးနဲ့ပြောတတ်တယ်။ သူ့ခင်ပွန်းက နာဂစ်လေဘေးအလောင်းတွေ လိုက်လံမြှုပ်နှံပေးခဲ့သူ။ အသေဆိုးခဲ့သူတွေရဲ့ ခွေးစာကျီးစာငါးစာဖြစ်နေရတဲ့ ရုပ်အလောင်းတွေကို လူ့သိက္ခာနဲ့အညီ ကောင်းစွာ မြေမြှုပ်သင်္ဂြိုဟ်ခြင်းခံရလေအောင် လိုက်လံဆောင်ရွက်သူ ဖြစ်တယ်။ သူကိုယ်တိုင်တော့ လူ့သိက္ခာနဲ့မညီ ထောင်မြှုပ်သင်္ဂြိုလ်ခံနေရရှာတယ်။

သူ့သမီးလေး ဖြိုးဖြိုးအောင်လည်း သူ့လိုပဲ ထောင်ကျနေတယ်။ သူ့ဇနီး သူ့အမေက တစ်ထောင်ထွက် တစ်ထောင်ဝင် ထောင်ဝင်စာပို့နဲ့ ဘဝကိုရုန်းကန်နေရတယ်။

ကုန်ဈေးနှုန်းတိုက်ပွဲ–ကိုထင်ကျော်အိမ် ရောက်သွားတော့ အိမ်မှာ သူ့ဇနီးမရှိ။ "ဟဲ့... သွားခေါ်ချည်ပါဦး။ မသန်းသန်းမော် ဆိုင်ထိုင်နေတယ်။ တစ်ယောက်ယောက် ဆိုင်ကြည့်ခိုင်းထားခဲ့။ ဒီမှာ အဘဦးဝင်းတင် ရောက်နေတယ်လို့ပြော"

ကိုထင်ကျော်တို့က သွေးအေးမလိုလို ဖြစ်နေတဲ့ နိုင်ငံရေးတိုက်ပွဲတွေကို ဖုတ်ပူမီးတိုက် ပြန်ဖော်ခဲ့တဲ့သူတွေ။ ပြည်သူလူထု လက်တွေ့မျက်တွေ့ ကြုံဆုံခံစားနေရတဲ့ ကုန်ဈေးနှုန်းကပ်ဆိုးကြီးကို တိုက်ဖျက်ဖို့ လှုံ့ဆော်လှုပ်ရှားခဲ့ကြသူတွေ။ သူတို့တွေရဲ့ အားထုတ်မှုနဲ့ နိုင်ငံရေးတိုက်ပွဲတွေ သေကောင်ပေါင်းလဲဘဝက နိုးထလာခဲ့ပြန်တယ်။ ကိုထင်ကျော်ကတော့ ထောင်ဒဏ်ဈေး နှုန်းမြင့်တက်မှုကြီးကို မတိုက်ခိုက် မဖြိုခွင်းနိုင်ဘဲ တိုက်ရိုက်ထောင်ကျနှုန်းကပ်ဆိုက်မှုကို ခံစားသွားရတယ်။

သူထောင်ကျနေချိန်မှာ သူ့ဇနီးက လမ်းထိပ်မှာ ကွမ်းယာဆိုင်လေးဖွင့်ပြီး ကုန်ဈေးနှုန်းမြင့်တက်မှုရော၊ ထောင်ဒဏ်ဈေးနှုန်းမြင့်တက်မှုကိုပါ ရင်ဆိုင်ဖြေရှင်းနေရတယ်။ ကိုထင်ကျော်က နယ်ထောင်မှာ ရောက်နေလေတော့ ခရီး



ဈေးနှုန်းမြင့်တက်မှုဒဏ်ကိုပါ အဆစ်ခံနေရရှာတာပေါ့။ မသန်းသန်းမော်က ငယ်ငယ်ရွယ်ရွယ်။ နိုင်ငံရေးသယံဇာတရင်းမြစ်ဖြစ်သူပီပီ ဘဲအုပ်ကတစ်ရာ နှစ်ရာ မဖေဒါက တစ်ယောက်တည်းဆိုသလို ဈေးနှုန်းမြင့်တက်မှု တစ်ရာနှစ်ရာကို တစ်ယောက် တည်း ရင်ဆိုင်ကြံနေပါတယ်။ မိန်းမသားရဲ့အားမာန်နဲ့ သတ္တိကို ထောင်ဘူးတံခါးတွေ၊ သံတိုင်၊ သံတံခါးတွေကို ဖြတ်သန်းပြီး သူပြနေပါတယ်။ ကိုထင်ကျော် တစ်ယောက် သိမှသိပါ့မလား။ မသိလည်း ကိစ္စမရှိ။ မသိလည်း သူကတော့ သိအောင်လုပ်မယ့် မိန်းမ။ ပီကျူ(P³) ဥက္ကဋ္ဌ ကိုခင်မောင်မြင့်ရဲ့ အာဇာနည်မိန်းမ ဒေါ်တင်တင်လိုသတ္တိခဲ။ ဒေါ်တင်တင်လိုပဲ ဆေးလိပ်ရောင်းရင်း ကွမ်းယာရောင်းရင်း ဘဝတိုက်ပွဲဝင်နေတယ်။ ဘဝတိုက်ပွဲနဲ့ အတူ ကိုယ့်လင် ကိုယ့်သားရဲ့ နိုင်ငံရေးတိုက်ပွဲကိုလည်း သူဝင်နေတယ်။

ဟသ်ာတမြို့က ဝါဝါဆိုတဲ့ မိန်းကလေးတစ်ယောက် ကျွန်တော့်ဆီ ရောက်လာတယ်။ သူ့ခင်ပွန်းက ကိုကြည်သန်းတဲ့။ ထောင်ကိုးနှစ်ဆိုလား ကျနေတယ်။ ကျန်းမာရေးက အတော်အခြေအနေဆိုးနေတယ်။ ကင်ဆာလည်း ဖြစ်နေတယ်။ အသည်းရောဂါလည်းဖြစ်နေတယ်။ ရွှေပေါင်ငွေပေါင် အိမ်ပေါင်နဲ့ လုံးချာလိုက်နေတယ်။ ကိုကြည်သန်းကိုလည်း တော်ကြာဆေးရုံထုတ်ကုလိုက်။ တော်ကြာ ထောင်ထဲပြန်သွင်းထားလိုက်လုပ်နေလို့ သူ သွားချည် ပြန်လှည့်ဖြစ်နေတယ်။ ဝါဝါကလည်းရန်ကုန်လာလိုက်၊ဟသ်ာတပြန်လိုက်။ ရန်ကုန်ရောက်ခိုက် တည်းရေးခိုရေးကစ အခက်အခဲတွေအများကြီးကြုံရတယ်။

ကိုကြည်သန်းက ဖြုံပုံမပေါ်။ ထောင်ထဲကနေပြီး စိတ်ဓာတ်ကြွနိုင်ရေး စာတန်းတွေရေးပေးတယ်။ ဝါဝါက ပုံနှိပ်ပေးတယ်။ မင်္ဂလာဖိတ်စာကလေးတွေလို လှလှပပလေး။ "အေးလေ သူက ရောဂါသည်ဆိုတော့ ဘယ်အချိန်မှာ အသုဘရှုဖိတ်စာ အသွင်ပြောင်းသွားမလဲ"လို့ ရင်ထဲမှာ တထိတ်ထိတ်စိုးရိမ်နေမိတယ်။

မန္တလေးရောက်ခိုက် ထောင်ဒဏ်နှစ်ရှည်ခံနေရတဲ့ ဒေါ်ဝင်းမြမြတို့အိမ် ရောက်ခဲ့တယ်။ ဒေါ်ဝင်းမြမြက ဒီချုပ်မန္တလေးတိုင်းစည်းရုံးရေးကော်မတီဝင်။ ဒီချုပ် ဗဟိုကော်မတီဝင်။ သူ့အိမ်မှာ သူ့ရဲ့နိုင်ငံရေးသယံဇာတအရင်းအမြစ်တွေ တစ်ပုံကြီးတွေ့ခဲ့ပါတယ်။ သူ့အစ်ကိုတွေ ညီမတွေက ထက်သန်တက်ကြွလိုက်ကြတာ။ လက်ရုံးတွေမဆန့်တန်း၊ မမြောက်တန်းနိုင်သေးလို့ မဆန့်တန်း

www.burmeseclassic.com

www.burmeseclassic.com



မမြော်က်တန်းနေနေရတာဖြစ်တယ်။ လျှာတွေအာတွေ စိတ်တွေကတော့ မိုးပျံအောင် ဆန့်တန်း မြော်က်တန်းနေကြတယ်။ ဒေါ်ဝင်းမြမြကို ဝန်းရံနေကြတဲ့ သူတို့ရဲ့စိတ်ဓာတ်အင်အားကတော့ ထုထည်တောင့်တင်းခိုင်မာလှချည့်။

မန္တလေးမြို့သစ်ထဲက ဒီချုပ်လှုပ်ရှားသူတစ်ဦးဖြစ်တဲ့ ရွှေခမောက်ကိုရွှေမောင်အိမ်ရောက်တော့လည်း သူ့ဇနီး၊ သူ့မိသားစုနဲ့အတူ အခြားနိုင်ငံရေးအကျဉ်းသားမိသားစုတွေကိုလည်း တွေ့ခဲ့ရတယ်။

သူတို့အားလုံး ဒုက္ခတွေရင်ဖွင့်ကြတယ်။ ကျွန်တော်ကတော့ ကျောက်တုံးကျောက်ခဲတွေကြားက ပတ္တမြားနီနီရဲရဲ ထိန်ထိန်တောက်တောက်တွေကို မြင်တွေ့နေရသလို ခံစားရတယ်။ သူတို့ရင်ဖွင့်သံထဲက ဒုက္ခတွေပွင့်အံလာတယ်လို့ဆိုရမယ်။ ဒုက္ခတွေထက် သတ္တိတွေ အားမာန်တွေ အာခံအန်တုမှုတွေကို တစ်လုံးတစ်ခဲ ရဲရဲတောက်ကြားခဲ့ရတယ်။ ဒီလို မိသားစုတွေဟာ ထောင်ကျ နိုင်ငံရေးသမားတွေအဖို့ နိုင်ငံရေးအားမာန်စိတ်ဓာတ် သတ္တိစွမ်းရည် သယံဇာတတွေပါတကားလို့ ကျွန်တော် သဘောပေါက်ခဲ့တယ်။

မကြာခင်ကပဲ မြော်က်ဥက္ကလာက ဦးအောင်မြင့်အိမ်ရောက်ခဲ့တယ်။ သူ့အိမ်မှာ မိသားစုထဲက ထောင်ကျသူနေသူတွေ အများကြီး။ သူ့ဇနီး၊ သူ့သမီးတွေကလည်း အားမာန်အပြည့် သတ္တိတစ်ခဲနက်နဲ့ သားချင်းနိုင်ငံရေးအကျဉ်းသားတွေဘက်က ကြံ့ကြံ့ခံရပ်တည်ကြတယ်။

ဦးအောင်မြင့်အိမ်ကို ခုတစ်ခေါက်မှရောက်တာ မဟုတ်ပါဘူး။ ထောင်က လွတ်လာကတည်းက အကျဉ်းကျနိုင်ငံရေးသမားတွေရဲ့ အိမ်တွေကို အခွင့်အခါသင့်တိုင်း ကျောင်းသားလူငယ်တွေ၊ ဒီချုပ်အပြင်စည်းဝန်းရံလူငယ်တွေ၊ မိတ်ဆွေတွေနဲ့အတူ ကျွန်တော် လှည့်သွားနေခဲ့တယ်။ ရန်ကုန်မြို့ နယ်စုံလိုလိုရောက်ခဲ့တယ်။ ဒေါပုံက ဗိုလ်ဗိုလ်ဝင်းလှိုင်တို့၊ မြော်က်ဥက္ကလာက ပဏ္ဍိတ်ထွန်းတို့၊ .... .... တို့၊ တောင်ဒဂုံက ကိုတင်ဝင်းတို့၊ မြော်က်ဒဂုံက ကိုကြည်ဖြူတို့၊ ကြည့်မြင်တိုင်က ကိုမြင့်အေးတို့၊ စမ်းချောင်းက ထွန်းထွန်းနိုင်တို့၊ ဗဟန်းက ကဗျာဆရာကိုစောဝေတို့၊ သတင်းစာဆရာကိုဇော်သက်ထွေးတို့၊ လှိုင်သာယာက သန့်ဇင်မျိုးတို့ဆိုတဲ့ နိုင်ငံရေးအကျဉ်းသားပေါင်းစုံမျိုးစုံရဲ့ အိမ်တွေကို ရောက်ခဲ့တယ်။ ကွမ်းခြံကုန်းမြို့နယ် မန်းတလင်းဆိုတဲ့ ရွာကလေးထဲက အကျဉ်းသားလေးတစ်ဦးရဲ့ မိခင်အိုကြီး တဲကိုလည်း ရောက်ခဲ့တယ်။



ရောက်လေရာမှာ ကြားရတဲ့အသံတွေက နိုင်ငံရေးအမေတွေ၊ နိုင်ငံရေးကတော်တွေ၊ နိုင်ငံရေးအဒေါ် အစ်မ ညီမ စတဲ့ နိုင်ငံရေးအရင်းအမြစ်တွေနဲ့ ဟိန်းဟိန်းတောက်နေတဲ့ အားမာန်တင်းသံတွေပါပဲ။

နိုင်ငံရေးမိသားစုတွေရဲ့ နိုင်ငံရေးသယံဇာတရင်းမြစ်တွေက ပေါ်ထွက်လာတဲ့ ရေနံလှောင်စာ၊ ဓာတ်ငွေ့လှောင်စာ၊ အဏုမြူလှောင်စာလို လှောင်စာတွေဟာ မဝေးတော့တဲ့ကာလမှာ စစ်အာဏာရှင်တွေရဲ့ နေပြည်တော်တွေ၊ စံရာဘုံနန်း အဆောင်ဆောင် အခန်းခန်းတွေ၊ သူတို့လက်ပါးစေ ခိုးသားငါးရာဓားပြထောင်သောင်းရဲ့ လုယက်ခိုးနှိုက်ထားတဲ့ ဘတ်ဂျက်သိုက်တွေကို ဟုန်းဟုန်းလောင်မြိုက် မီးလောင်တိုက်သွင်းပါလိမ့်မယ်။ စောင့်စားမျှော်ကြည့်၍သာနေပါလေ။

တကယ်တော့ အကျဉ်းကျနိုင်ငံရေးသမားတွေရဲ့ ဇနီးမယား သမီးသားတွေဆိုတာ နိုင်ငံရေးသယံဇာတရင်းမြစ်တွေမျှသာ မဟုတ်ပါဘူး။ သူတို့ကိုယ်တိုင် နိုင်ငံရေးတိုက်ပွဲဝင် သူရဲကောင်းတွေဖြစ်ပါတယ်။ အရေးတော်ပုံတပ်သားတွေဖြစ်ပါတယ်။

၁၉၉၉ အကုန်မှာ ကိုမိုးသူ(ဒီချုပ်ဗဟိုကော်မတီဝင်)ရဲ့ဇနီး၊ ပန်းသီး(ဒီချုပ်ဗဟိုလူငယ်)ရဲ့အမေ မအမာဆုံးတယ်။ ကိုမိုးသူ အတော်စိတ်ထိခိုက်တယ်။ ငိုလိုက်တာ။ ရှေ့နေကြီးဦးထွန်းတင် သူ့ဇနီးဒေါ်ခင်ဥဆုံးတုန်းက ငိုသလိုမျိုး ငိုတာ။

မအမာဆုံးပြီးနှစ်ရက်လောက်အကြာမှာ ကျွန်တော် ထောင်ဝင်စာထွက်ရတယ်။ ကျွန်တော်နဲ့အတူ ထောင်ဝါဒါ ထောင်မှူး ထောက်လှမ်းရေးဆိုတဲ့လူ လေးငါးခြောက်ယောက်ပါလာတယ်။ ကျွန်တော့်အခန်းက နံပါတ်–၁။ ကိုမိုးသူအခန်းက နံပါတ်–၄။ ကိုမိုးသူအခန်းရှေ့ရောက်တော့ ကျွန်တော်ရပ်ပြီး စကားပြောတယ်။ ထောင်မှူးတွေ၊ ထောက်လှမ်းရေးတွေလည်း ဘုမသိဘမသိ ရပ်နားထောင်ကြတယ်။

"ကိုမိုးသူရေ စိတ်မကောင်းဘူးဗျာ။ မအမာဆုံးတာ ခင်ဗျား သိပ်ခံစားရမှာပေါ့။ ကျွန်တော်စာနာမိပါတယ်။ မအမာဟာ လင်နိုင်ငံရေးသမားကိုလည်း ကူညီခဲ့ပြီ။ သားနိုင်ငံရေးသမားကိုလည်း စောင့်ရှောက်ခဲ့ပြီ။ တကယ်တော့ သူလည်း နိုင်ငံရေးသမားပဲ။ နိုင်ငံရေးသူရဲကောင်းပဲ။ အရေးတော်ပုံတပ်သား

www.burmeseclassic.com

www.burmeseclassic.com



ပဲ။ သူ အဖိုးတန်တဲ့ဘဝ နေသွားခဲ့တယ်။ သူ ပိုကောင်းတဲ့သုဂတိဘဝရောက်နေမှာပါ။ စိတ်ထိန်းပေါ့ဗျာ။ စိတ်ဖြေပေါ့ဗျာ"

ဒီစကားတွေက သာမန်မသာအိမ်သွားပြီး ပြောနေကျပြောတဲ့စကားမျိုး မဟုတ်ဘူး။ နိုင်ငံရေးအကျဉ်းသားချင်း စကားမပြောရဆိုတဲ့အမိန့်နဲ့ တားမြစ်ပိတ်ပင်ထားတဲ့ထောင်ထဲမှာ၊ ထောက်လှမ်းရေးတွေအကြားမှာ၊ နိုင်ငံရေးအကျဉ်းသားတစ်ဦးရဲ့ အကျဉ်းခန်းရှေ့မှာ အကြာကြီးရပ်ပြီး အကြာကြီးပြောခဲ့တဲ့စကားတွေပါ။

လွတ်လပ်ရေးမရခင် ၁၉၄၆ မှာ သတင်းစာဆရာကြီး ဂျာနယ်ကျော် ဦးချစ်မောင် ဆုံးတယ်။ ကြီတောသုသာန်မှာ ဗိုလ်ချုပ်အောင်ဆန်း ကြေကွဲမှာတမ်း မိန့်ခွန်းပြောတယ်။ မတန်မရာ နှိုင်းခိုင်းတာမဟုတ်ပါဘူး။ ခွင့်လွှတ်ပေါ့။ မအမာဆုံးတော့ ကျွန်တော် စကားပြောခဲ့တာဟာ ဗိုလ်ချုပ်အောင်ဆန်း ကြေကွဲမှာတမ်း မိန့်ခွန်းပြောသလိုပဲ အလေးအနက်ပြောခဲ့တာပါ။ သင်္ချိုင်းမှာ မဟုတ်။ ထောင်ထဲမှာပြောတာ။ အာဏာရှာပေါက်စတွေ ဝိုင်းဝိုင်းလည်စောင့်နေတဲ့ကြားက ပြောခဲ့ရတာဖြစ်ပါတယ်။ ဒါကြောင့် "အလေးအနက်ပြောခဲ့တာ" လို့ ဝိသေသပြုတာပါ။

◆

## သံသရာဝဲလည် စောင်တစ်ထည်

ထောင်ဆိုတာ "ကံ ကံ၏အကျိုးပေးတရား"ဆိုတဲ့ သဘောကို သိမြင်ထင်လင်းစေတဲ့နေရာဌာနပါ။ ဒီယူဆချက်ကို ကျွန်တော် ကြိမ်ဖန်များစွာ တွေ့ခဲ့ ကြုံခဲ့ရတယ်။

သံသရာတွေ၊ ကံအကျိုးပေးတရားတွေပြောနေလို့ ကျွန်တော် ဘာသာရေးစကားပြောနေတယ် မထင်ပါနဲ့။ ဘာသာရေးက တစ်ကိစ္စပါ။ ကျွန်တော်ပြောတာက အကြောင်းအကျိုးသဘော။ အတုံ့အလှည့်သဘော၊ အပြန်အလှန်သဘောပါ။

သာဓကတွေ အများကြီးတွေ့ခဲ့ဘူးတယ်။

အဆောင်-ငါးမှာ ထမင်းဝဝမစားရသူတွေအတွက် ထမင်းရှာ၊ ထမင်း

www.burmeseclassic.com

www.burmeseclassic.com



စု၊ ထမင်းသိမ်းပြီး ထမင်းဝေငှပေးခဲ့ဘူးတယ်။ ဒီအလုပ်တွေကိုမြင်တဲ့ အကျဉ်းသားအဘိုးကြီးတစ်ယောက်က စိတ်ပုတီးတစ်ကုံးပေးသွားတယ်။ သူ ထမင်းမစားနိုင်လို့ ထမင်းတောင်းသူတွေထဲမှာ သူမပါ။ ကျွန်တော် လုပ်ပုံကိုသဘောကျလို့ ပုတီးစွန့်ကြဲသွားတာပါတဲ့။ ကောင်းတာတွေ၊ မြတ်တာတွေ၊ မှန်တာတွေ ပြောမနေနဲ့။ ပေးရင် ပြန်ရတယ်ဆိုတဲ့သဘောကို မြင်နိုင်တယ်။ သူများတွေကို ပေးပါ ပေးပါ ပေးပါ။ တစ်နေ့တစ်ရက် တစ်ကြိမ်တစ်ခါမှာ ပြန်ရမယ်။ အဲဒါအမှန်ပဲ။

ဒီသဘောကဆန်းသလား။ မဆန်းပါဘူး။ လူတိုင်းပြော၊ လူတိုင်းသိ၊ လူတိုင်းလုပ်နေတာပဲ။ ဒီတရားမျိုးက ထောင်လို ဒုက္ခဘုံ၊ ဆင်းရဲဘုံ၊ အငတ်ဘုံ၊ ကပ်ဆိုက်ဘုံလိုနေရာမှာ အတုံ့အလှည့်သဘောတရားကို စိတ်ထဲနှလုံးထဲရင်ထဲ လောင်းထည့် စွဲမြဲဖို့ သိပ်လိုတယ်။ လက်တွေ့ကျင့်သုံးဖို့ သိပ်လိုတယ်။

ကျွန်တော့်ထောင်သက်တမ်းတစ်လျှောက်လုံး ထောင်ဝင်စာတစ်ရက်မပျက်ဘူးဗျာ။ (စစ်ခွေးတိုက်ပိတ်ခံရ၊ ထောင်ဝင်စာခြောက်လ အပိတ်ခံရတဲ့အချိန်မှတစ်ပါးပေါ့လေ။) အကောင်းဆုံးသူငယ်ချင်း အုန်းထွန်းတို့၊ အကောင်းဆုံး မိတ်ဆွေကိုမောင်မောင်ခင်တို့က နှစ်နှစ်ဆယ်ကျော် တစ်လျှောက်လုံးစောင့်ရှောက်နေခဲ့ကြတယ်။

ဒါလည်း အတုံ့အလှည့်ပဲ။ တစ်ခေတ်တစ်ခါက သူတို့ကို ကျွန်တော်နည်းနည်းလေး စောင့်ရှောက်ခဲ့ဘူးတယ်။ အခု သူတို့က ကျွန်တော့်ကို အများကြီး ပြန်စောင့်ရှောက်ကြတယ်။ အချိန်ကာလ အတိုအရှည်၊ ပစ္စည်းပစ္စယ အနည်းအများဆိုတာတွေဖယ်ထား။ သူတို့ရဲ့နိုင်ငံရေးအမြင်၊ လူမှုရေးအသိ၊ ပုဂ္ဂိုလ်ရေးစိတ်ထားတွေ ထည့်မတွက်နဲ့။ ဘာပဲပြောပြော သူတို့စောင့်ရှောက်မှုဟာ အတုံ့အလှည့်သဘောရဲ့တရားပါပဲ။

၂၀၀၀ ခု ပတ်ဝန်းကျင်လောက်မှာ ထောင်ထဲကို အပြည်ပြည်ဆိုင်ရာကြက်ခြေနီအဖွဲ့(I.C.R.C)တွေဝင်တယ်။ ကျွန်တော်တို့ နည်းနည်းပိုလွတ်လွတ်လပ်လပ် လှုပ်ရှားခွင့်ရလာတယ်။ နည်းနည်းပိုကောင်းကောင်းသန့်သန့်စားသောက်လာရတယ်။ ပိတ်ထားတဲ့အခန်းရှေ့ကွက်လပ်မှာ တစ်နေ့ ၁၅ မိနစ်ထွက်ခွင့်ရရာက တစ်နေ့တစ်နာရီထွက်ခွင့်ရလာတယ်။ နောက်တော့ ခြံဝင်းထဲတစ်ယောက်ချင်းစီ ထွက်ပြီး တစ်နေ့တစ်နာရီလမ်းလျှောက်ခွင့်ရလာတယ်။



ပုံစံထမင်းစားနေရရာက အခြောက်အခြမ်းပေးပြီး အကြံအဖန်ဟင်းရွက်ဟင်းသီးရောတဲ့ "ချက်ဟင်း" စားလာရတယ်။

တစ်နေ့ လမ်းလျှောက်ထွက်ရင်း ကျွန်တော် ကင်မင်ချူးနဲ့ ဆုံတယ်။ သူက မြောက်ကိုရီးယားဗုံးခွဲသမား။ ၁၉၈၃ မှာ တောင်ကိုရီးယားသမ္မတအဖွဲ့ကို ရန်ကုန်အာဇာနည်ကုန်း အလေးပြုချိန် ဗုံးခွဲခဲ့တယ်။ သေဒဏ်နဲ့ ထောင်တစ်သက်၊ ထောင်တစ်သက်က နိုင်ငံမဲ့။ အပြစ်ဒဏ်မျိုးစုံနဲ့ သေတဲ့အထိ ထောင်ထဲနေသွားခဲ့ရသူ။

ကင်မင်ချူးကို စားစရာအခြောက်အခြမ်းလေးတွေ၊ ကင်ချီလို ကိုရီးယားချဉ်ဖတ်တွေ၊ ပင်လယ်ရေညှိခြောက်တွေပေးတယ်။ သိပ်မကြာလိုက်ဘူး၊ ကျွန်တော် ငှက်ပျောဖီးတွေရတယ်။ သူ့ခြံထွက်သီးမွှေးငှက်ပျောပင်က သီးတဲ့ငှက်ပျော။

ဒါမျိုးတွေထောင်ထဲမှာ ပြောပြစရာတစ်ပုံကြီး။ ဒါတွေဟာ အပေးအယူသဘောရဲ့တရားမဟုတ်ဘူး။ အတုံ့အလှည့်သဘောရဲ့တရားပါ။

၂၀၀၈ နာဂစ်မုန်တိုင်းကျတော့ ထောင်ထဲမှာ ကမ္ဘာပျက်သလိုဖြစ်သွားတယ်။ သစ်ပင်ကြီးတွေလဲ၊ အမိုးတွေလန်၊ အိမ်တွေပြို၊ တိုက်တွေအဆောင်တွေ ပျက်။ မိုးသည်းထဲ၊ လေပြင်းထဲ ပိတ်လှောင်ပစ်ထားလို့ ထောင်သားတွေ ဆူပူကြတယ်။ မီးရှို့ကြတယ်။

အဆောင်တွေက အကျဉ်းသားတွေကို ကျွန်တော်တို့နေတဲ့အထူးဆောင်ကိုပို့တယ်။ ကျွန်တော်တို့ တစ်ယောက်စီနေတဲ့အခန်းမျိုး အခန်းလွတ်တွေထဲမှာ အကျဉ်းသားဆယ်ယောက်စီလောက် ထည့်ပိတ်တယ်။ ထောင်လေဘေးဒုက္ခသည်တွေ စားစရာရှိရဲ့လား။ သောက်စရာရေရှိရဲ့လား။ ခြုံစရာစောင်ရှိရဲ့လား။ ဝတ်စရာအဝတ်ရှိရဲ့လား။ စိတ်ထဲမှာပူပန်မိတယ်။

ညနေလမ်းလျှောက်ထွက်ချိန် အခန်းပြန်လာတော့ မှောင်နေပြီ။ ကျွန်တော့်ရှိသမျှ အဝတ်၊ စောင်၊ အစားအစာနဲ့ သောက်ရေပုလင်းတွေကို နီးရာအခန်းတစ်ခန်းထဲက အကျဉ်းသားတွေဆီ အပြေးအလွှားသွင်းပေးခဲ့တယ်။

ကျွန်တော် ထောင်ကလွတ်လာတယ်။ ကမာရွတ်သံလမ်းအိမ်တစ်အိမ်မှာနေတယ်။ တစ်ည လူငယ်တချို့ရောက်လာတယ်။ ဟသ်ာတထောင်ရောက် အကျဉ်းသားတစ်ယောက်က ပေးလိုက်တဲ့အထုပ်တစ်ထုပ်ပေးတယ်။ ဖွင့်ကြည့်လိုက်တော့ စားစရာတွေရော၊ လုံချည်ရော။ ပြီးတော့ စောင်တစ်ထည်။

www.burmeseclassic.com

www.burmeseclassic.com



မေးကြည့်တော့ ထောင်လေဘေးဒုက္ခသည်တွေကို ပေးခဲ့တဲ့ ကျွန်တော့်စောင်ဖြစ်နေတယ်။

ဒီစောင်တစ်ထည်ဟာ ထောင်ဇာတ်လမ်းတွေအများကြီးကို ဇာတ်ကြောင်းလှန်နိုင်ပေလိမ့်မယ်။

ငတ်တာတွေ၊ ပြတ်တာတွေ၊ ချမ်းတာတွေ၊ အိုက်တာတွေ၊ မုန်တိုင်းကျတာတွေ။ ဆူပူဆန္ဒပြတာတွေ၊ ပစ်ခတ်နှိမ်နင်းတာတွေ၊ ထောင်ပြောင်းတာတွေ၊ ရှာဖွေရေးတွေ၊ စစ်ကြောရေးတွေ။ တိုက်ပိတ်ခံရပြန်တာတွေ။

ဒီလိုဖြစ်စဉ်ဖြစ်ရပ်အားလုံးမှာ ဒီစောင်ကလေးကို ခြုံလို့၊ လွှမ်းလို့၊ ခင်း လို့၊ အုပ်လို့၊ ကာလို့၊ ရုံလို့၊ ဖုံးလို့၊ ကွယ်လို့ ဆိုသလို သုံးခဲ့ဘူးတယ်ဆိုရင် စောင်ကလေးက ပြောမယ့်စကားတွေထဲမှာ "ငရဲထုပ္ပတ် ထောင်တို့ဇာတ်"ကို စုံတကာစေ့ ယုံပါလေ့ အသံတွေဆူဝေလျှံတက်နေအောင် ကြားရမှာပဲလို့ ကျွန်တော် တွေးနေမိတယ်။

◆

## လူ့ငရဲကို ပြန်လည်လောင်မြိုက်ခြင်း(၅)

www.burmeseclassic.com

www.burmeseclassic.com

- ဖေဖေကြီးနဲ့ သမီးလေးဟီးရိုး
- ပုံစံမလို အဝတ်စား
- စစ်ခွေးသံတိုင်ကြားက ရွှေမြစ်
- ငရဲခန်းနဲ့မေတ္တာဘုံ
- နိုင်ငံရေးအမွေကြီးခံများ



## ဖေဖေကြီးနဲ့ သမီးလေးရဲ့ဟီးရိုး

လူ့ငရဲရဲ့မီးတောက်မီးလျှံတွေသာ နိုင်ငံရေး အကျဉ်းသားရဲ့နှလုံးသားကို တောက်လောင်နေတာ မဟုတ်ဘူး။ မိသားစုသံယောဇဉ်မီးတွေကလည်း တဋ္ဋေ့ဋ္ဋေ့လိုက်စွဲလောင်မြိုက်နေတာပါ။

ကျွန်တော်က သမုဒယတွေကို အနုအလှရေးဖွဲ့တတ်သူ မဟုတ်ဘူး။ ရင်နာစရာတွေ၊ အသည်းနာစရာတွေ၊ စိတ်နာစရာတွေကို ကျွန်တော်ရေးဖွဲ့မပြတတ်ဘူး။ ရေးပြတတ်မယ်ဆိုရင်လည်း ဇာတ်လမ်းတွေကများလွန်းလို့ ကျွန်တော် လက်မြှောက်ရမှာပါ။ အာကာကို လွှာပုံပြုတို့၊ မေရုကိုတဲ့စုတ်တံချီတို့၊ သမုဒ်ကိုမင်ရည်ဖျော်လို့တို့ ဆိုတာတွေက ချစ်မေတ္တာဘွဲ့တွေ ရေးကြဖွဲ့ကြရင်း ရိုးပေ စင်းပေ ဖန်တရာတေဖြစ်သွားပါပြီ။ ထောင်တွင်းဇာတ်လမ်း

www.burmeseclassic.com

www.burmeseclassic.com



တွေကတော့ အဲဒီသင်္ကေတတွေနဲ့ နိုင်းခိုင်းပြမှ သရုပ်ပေါ်လိမ့်မယ်လို့ ပြောရမှာပါပဲ။

၁၉၉၃ နှစ်ဦးပိုင်း စနေတစ်ရက်မှာ ကွန်မြူနစ်ပါတီက ကိုစိုးမြင့်တစ်ယောက် သတင်းကောင်းကြားရတယ်။ သတင်းက ကောင်းလွန်းလို့ တအံ့တဩဖြစ်ပြီး ကြက်သေသေသွားတယ်။ ထောင်သက်လေးနှစ်လောက်မှာ ပထမဆုံးထောင်ဝင်စာရောက်လာတယ်။ ပိုထူးတာက ထောင်ဝါဒါတွေစကားလက်ဆောင်ပေးတဲ့သတင်း။ သမီးလေးလည်း ပါသတဲ့။

ကိုစိုးမြင့်တစ်ယောက် ပြုံးတုံးတုံးကြီး ထောင်ဝင်စာထွက်သွားတယ်။ သူကလူတည်။ သိပ်ရယ်တတ်သူမဟုတ်။ ပြန်လာတော့ အုတ်သျှစ်သီးလောက် စာမြိန်ထုပ်ကလေး လက်ကဆွဲလာတယ်။ နှုံးတုံးတုံးကြီး ပြန်လာတယ်။

အားလုံး ဘာသိဘာသာပဲ သူ့ကိုကြည့်နေလိုက်ကြတယ်။ ထောင်ဝင်စာကနေ မြင်မကောင်းရှုမကောင်း (နှုံးတုံးတုံးကြီး) ပြန်လာသူဆိုရင် ဘယ်သူကမှ အူမြူး နှုတ်ရှူး ပေါက်တတ်ကရ မပြောရဘူး။ ဒါ ထောင်ဓလေ့။ ထောင်စရိုက်။ ရေနှစ်သူကို ဝါးကူထိုးသလို မလုပ်ကောင်း။ အားလုံးနားလည်ကြတယ်။

တော်ကြာမှ သူ့အုပ်သျှစ်သီးရွယ် စားမြိန်ထုပ်ကို လိုက်ဝေတယ်။ နောက်ထပ် တော်ကြာမှ နီးစပ်ရာကို သူ့ဇာတ်ကြောင်းပြန်တယ်။

သူ့ဇနီးနဲ့သမီးလေးလာတယ်။ သမီးလေးက တဝါးဝါးဟစ်လို့ချည်း ငိုပစ်လိုက်လို့ လင်မယားတွေ စကားတောင်မပြောလိုက်ရဘူး။ ထောင်ဝင်စာချိန် ၁၅မိနစ်ပြည့်သွားရော။ စကားလုံးလုံး မပြောလိုက်ရတာတော့ မဟုတ်ဘူး။ ကလေးငိုသံတဝါးဝါးကြားမှာ ဖြစ်ကြောင်းစုံလင်လေးတော့ သူ့မိန်းမကပြောသွားသတဲ့လေ။

ကိုစိုးမြင့်မိန်းမက တောသူ။ ရွာမှာ စက်ချုပ်တယ်။ ကိုစိုးမြင့်နဲ့ညားတယ်။ ၁၉၈၉မှာ ကိုစိုးမြင့်က လူ့ငရဲဝင်ဖို့ပြင်၊ သူ့မိန်းမက မီးနေခန်းဝင်ဖို့ပြင်။ ဒီလိုနဲ့ မယ်တစ်ရွာ မောင်တစ်ထောင် ဖြစ်ခဲ့တယ်။ လေးနှစ်လောက်ကြာခဲ့ပြီ။

သမီးလေးက စကားတတ်စကတည်းက အဖေနဲ့သိပ်တွေ့ချင်နေတာ။ ဖေဖေကြီးလို့ အားရပါးရ ခေါ်ချင်နေတာ။ ထောင်ဝင်စာသွားကြမယ်ဆိုတော့ ဖေဖေကြီးခေါ်ရတော့မယ်လို့ သိနေတာပေါ့။ ဖေဖေကြီး ... ဖေဖေကြီး။



ထောင်ဘူးဝရှေ့လည်းရောက်ရော သူ့အမေရှိရာကို ယူနီဖောင်းဝတ်တွေ တစ်ယောက်ပြီးတစ်ယောက် လာကြတယ်။ စကားတွေပြောကြတယ်။ စာရွက်တွေပေးတယ်။ ကလေးက သူ့အမေ ဘာတွေလုပ်နေတာဆိုတာ သိလည်းမသိ၊ စိတ်လည်းမဝင်စား။ ယူနီဖောင်းဝတ်တွေကို တွေ့တိုင်း ဖေဖေကြီး။ ဖေဖေကြီးနဲ့ တစ်ဖေတည်းဖေ၊ တစ်ကြီးတည်းကြီးနေတော့တာပဲတဲ့။ သူ့အမေက ရှက်လာတယ်။ ဟဲ့ ဘာလျှောက်ခေါ်နေလဲဆိုပြီး ရိုက်လိုက်သတဲ့။ ကလေးလည်း နှုတ်ပိတ်သွားရောတဲ့။

ယူနီဖောင်းဝတ်ဝါဒါတွေက ဝိုင်းလုပ်ပေးလိုက်လို့ ထောင်ဝင်စာကိစ္စ မြန်မြန်လေး ပြီးသွားတယ်။ ကိုစိုးမြင့်ရောက်လာတယ်။ သူ့မိန်းမက ထောင်ဝင်စာခန်း သံဇကာကြားက ကိုစိုးမြင့်ကို လက်ညှိုးထိုးထိုးနဲ့ "ဟဲ့ ... ခေါ်လေ။ နင့်အဖေကို ဖေဖေကြီးခေါ်လေ"လို့ သမီးလေးကို ပခုံးလှုပ်ပြောတယ်။ သမီးလေးက သူ့အဖေကို စိမ်းစိမ်းကြီးကြည့်တယ်။ ပြီးတော့ ငိုချလိုက်ပါရောတဲ့။ ဝါးခနဲ ... ဝါးခနဲ ... ။

စောစောတုန်းက ဖေဖေကြီးခေါ်တော့ ရိုက်တယ်။ ခု ခေါ်ခိုင်းနေပြန်ပြီ။ ဖေဖေကြီး။ ခေါ်ရင်ရိုက်ဦးမှာလား။ တော်ပြီ။ မှောင်ထဲမဲထဲက ဒီလူကြီးကို မသိဘူး။ မခေါ်ချင်ဘူး။ ဝါး ... ဝါး ... ဝါး ... ။

ရယ်ရမလို၊ ငိုရမလို ရင်ထဲမှာစူးခနဲ နာအောင့်သွားတဲ့ခံစားမှု။ ကျွန်တော်တို့ကြားရသူတိုင်းရဲ့ ရင်မှာလည်း နင့်သွားအောင် ကူးစက်သွားတယ်။

ဘယ်သူဘာပြောနိုင်မှာလဲ။ ဘယ်လိုပြောလို့ရော ဘာခံစားမှုပြေလျော့မှာလဲ။

ကိုစိုးမြင့်ရဲ့ဖေဖေကြီး ဇာတ်လမ်းဆုံးတော့ ဘယ်သူမှ စကားဘာမှ မဟနိုင်တော့ဘူး။ ကိုစိုးမြင့်လည်း စကားမဆက်နိုင်တော့ဘူး။

ဒီအချိန်ဆို သမီးလေးလည်း ကြီးလှရော့မယ်။ ပညာသင်နေလေရော့မလား။ ဒေါင်ဒေါင်မြည် နိုင်ငံရေးမျိုးဆက်သစ် ဖြစ်နေလေရော့မလား။ အိမ်ထောင်ရက်သားကျလေရော့မလား။ သမီးလေးရဲ့ သမီးလေးတစ်ယောက် တစ်နေရာရာမှာ ဖေဖေကြီး ... ဖေဖေကြီးလို့ တကြော်ကြော်အော်ခေါ်နေလေရော့မလား။

ဒေါက်တာဇော်မြင့်မောင်ရဲ့ဇာတ်လမ်းက တစ်မျိုး။

www.burmeseclassic.com

www.burmeseclassic.com



သူကလည်း တိုက်–သုံး အခန်း–၉မှာ ဒေါက်တာမြင့်နိုင်(ကန့်ဘလူပြည်သူ့ကိုယ်စားလှယ်)၊ ကိုဘွေးအောင်(ဇင်လင်း)တို့နဲ့ အတူနေတယ်။ အမရပူရပြည်သူ့ကိုယ်စားလှယ် ဖြစ်ပါတယ်။ သူနဲ့ ဒေါက်တာမြင့်နိုင်က လူငယ်တွေကြားမှာ ပေါ်ပြူလာတွေဖြစ်ပါတယ်။ လူကြိုက်များသူတွေပီပီ ထောင်ဝင်စာပြန်လာရင် သတင်းစကားကြားချင်သူတွေ ဝိုင်းဝိုင်းလည်နေတတ်တယ်။ သူကလည်း တပြုံးပြုံးနဲ့ စကားတွေဖောင်ဖောင် ပြောတတ်တယ်။

စနေတစ်နေ့မှာတော့ ဆရာဇော် မျက်နှာမသာမယာနဲ့ ပြန်လာတယ်။ သုတ်သုတ် သုတ်သုတ်နဲ့ သူ့အခန်းထဲ ကုပ်ကုပ်ကုပ်ကုပ် ဝင်သွားတယ်။ ဘာစကားမှမပြောနိုင်ဘူး။

သူ ဘယ်မှာစကားဟနိုင်တော့မှာလဲ။ အိမ်ကရာဇသံပေးလိုက်ပြီလေ။ ရာဇသံလို့ ဆိုလိုက်ရပေမဲ့ တကယ်တော့ ရာဇ(မင်း)ကပေးလိုက်တာလည်း မဟုတ်ပါဘူး။ မင်းသံစိုးသံလည်း မပါပါဘူး။ စကားလုံးက ရှင်းရှင်းလေးရယ်။ "ဟေ့သူငယ်ချင်း … အိမ်လူထုရဲ့ဟီးရိုးဖြစ်မှ မြို့လူထု၊ နယ်လူထု၊ ပြည်လူထုရဲ့ဟီးရိုး ဖြစ်သဟေ့။ မသိသေးရင်မှတ်ထား။ ဒါပဲ။ မင်းသဘော။ မင်း ကြိုက်ရာလုပ်"

ကိုဇော်ရော သူ့မိန်းမရော ဆရာဝန်တွေ။ သူငယ်ချင်းတွေ။ ဇနီးဆရာဝန်မှာ အသည်းဘီပိုးတွေ့နေတယ်တဲ့။ သားတစ်ယောက်၊ သမီးတစ်ယောက်တာဝန်ကလည်း ကြီးသတဲ့။ ကလေးတွေက ငယ်သေး။ အမတ်ဆရာဝန်မှိုင် တွေချပြန်လာတယ်။ စကားလည်း မပြောနိုင်၊ ကဗျာလည်း မရွတ်နိုင်။ ဂီတာ လည်း မတီးနိုင်။

ကိုဇော်ကလူစုံ။ ကိုမြင့်နိုင်လိုပဲ။ လူတကာ၊ အရွယ်တကာ၊ ပါတီတကာနဲ့ ချောတဲ့သူတွေ။ လူငယ်တွေကလည်း သူတို့ကို ရွယ်တူတန်းတူလိုဆက်ဆံတာ။ နောက်လား ပြောင်လား လုပ်လိုလုပ်။ အရိုသေတန်လိုက်ပုံလည်းမပြောနဲ့တော့။ အေးလူတွေတောင် နာသာခံခက်ဖြစ်ရတတ်တယ်။ ကိုဇော်ကို ဒေါက်တို တဲ့။ သူက လူပုပုကိုး။ ကိုမြင့်နိုင်ကို ဒိန်းဒေါင်တဲ့။ သူက လူမြင့်မြင့်ကိုး။

မနက်ပိုင်း ညနေပိုင်းဆို သူတို့အသံချည်း။ ဂီတာဝိုင်းမှာ သူတို့။ ကဗျာ ရွတ်ဝိုင်းမှာ သူတို့။ ပိုက်ကျော်ခြင်းဝိုင်းမှာ သူတို့။ ခတ်ခြင်းဝိုင်းမှာ သူတို့။



ကျွန်တော်တို့ ဒေါ်အောင်ဆန်းစုကြည် ရွှေရတုအထိမ်းအမှတ်စာအုပ်ကြီးထုတ်တယ်။ သူ ကဗျာရှည်တစ်ပုဒ်ရေးတယ်။ ရေးတာကတော့ ထောင်ဒေါမနသသတွေ၊ ထောင်ဒုက္ခတွေ၊ ထောင်သောကတွေပါပဲ။ ထွက်လာတဲ့ကဗျာက ပျော်စရာကြီး။ ထောင်ထဲမှာ ဂီတာတီးတာတွေလည်းပါရဲ့။ မုန့်ဖုတ် မုန့်ကြော်စားတာတွေလည်းပါရဲ့။ စာရေးကဗျာ ရေးတာတွေလည်းပါရဲ့။ အပြင်က လူတွေ ဖတ်ရရင် ထောင်ပျော်ကြီးတွေ ပြန်လာမှ လာပါဦးမလားလို့ထင်ကြမှာ။ ကဗျာဆရာကတော့ သူ့ကဗျာကို ခုခံကာကွယ်ပါတယ်။ "ဒါမျိုးစစ်အစိုးရကြားမှ ဒီလူတွေ ထောင်ချမိတာ မှားပါတယ်ကွယ်။ လွှတ်ဟေ့။ လွှတ်ဟ။ မြန်မြန်သာ လွှတ်ပစ်လိုက်တော့" လို့ စစ်အာဏာရှင်တွေ နောင်တအကြီးအကျယ်ရမှာ။ အားလုံးကို ပြန်လွှတ်ပစ်မှာတဲ့။

ဆရာဇော် ကြွေသွားတာ တစ်ရက် နှစ်ရက်ပါ။ နောက်နေ့တွေကျတော့ ဒေါက်တို ဒိန်းဒေါင် ဇာတ်စုံခင်းကြပြန်တာပါပဲ။ ပြုံးပျော်အော်ဟစ်မြဲ။ ဆူညံပူညံလုပ်မြဲ။ ၁၉၉၅ လူ့အခွင့်အရေးချိုးဖောက်ခံရမှုတွေ ကျွန်တော်တို့ ကုလသမဂ္ဂတက်တိုင်ကြတယ်။ သူ့ရှေ့ဆုံးကပါလာတယ်။ စစ်ခွေးတိုက်ပို့ခံရသူတွေမှာလည်း သူ့ရှေ့ဆုံးကပါလာတယ်။ ထောင်တွင်း အထူးတရားရုံးတင်ခံရသူတွေထဲမှာလည်း သူ့ရှေ့ဆုံးက ပါလာတယ်။ ထောင်ဒဏ်တွေထပ်ဆင့်တိုးချတော့လည်း သူ့ရှေ့ဆုံးက ပါလာတယ်။ ထောင်ပြောင်းပြစ်ဒဏ်ပေးတော့လည်း သူ့ရှေ့ဆုံးက ပါသွားတယ်။

၁၉၉၆ ဧပြီလထဲမှာ ကျွန်တော် ထောင်ဝင်စာထွက်တော့ သူတို့လူစုကို လှမ်းမြင်လိုက်ရသေးတယ်။ နောက် သူ နယ်ထောင်ရွှေ့ခံရတယ်။ နောက်ထပ်မတွေ့တော့ဘူး။

နှစ်တွေ ဘယ်လောက်များများ လွန်သွားတယ်မှန်းတောင် သေချာမသိတော့ဘူး။ ၂၀၀၈ မှာ ကျွန်တော် ထောင်ကလွတ်တယ်။ ၂၀၀၉မှာ သူ ထောင် ကလွတ်တယ်။

၂၀၀၉ သင်္ကြန်လောက်မှာထင်တယ်။ တစ်ရက်မှာ သူတို့ဇနီးမောင်နှံ ကျွန်တော့်ဆီရောက်လာတယ်။ ဟိုတုန်းက မြင်တွေ့ခဲ့ဘူးသလိုပဲ ပုပုလုံးလုံး ပြုံးပြုံးပျော်ပျော်ပဲ။

"ဘယ်လိုလဲ အိမ်ဟီးရိုးဖြစ်ပလား"လို့ ကျွန်တော်က မေးတော့ သူတို့ ရယ်ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ဘာမှမပြောတော့ပါဘူး ဆရာ။ သူကြိုက်ရာလုပ်တော့ပေါ့"

"ကိစ္စတွေက မပြီးသေးဘူး ဆရာရေ။ သမီးလေးရဲ့ဟီးရိုးစစ်စစ်ဖြစ်အောင် လုပ်သွားရဦးမှာ"

ဆရာဇော်ရဲ့ကဗျာတွေကို ကျွန်တော် မမှတ်မိတော့ပါ။ ကိုစိုးမြင့်ရဲ့ကဗျာတွေကိုလည်း မမှတ်မိတော့ပါ။

ကျွန်တော့်ကဗျာတိုရှည်တွေကိုလည်း မမှတ်မိတော့ပါ။

စိတ်ထဲဆာဆာရှိလို့ နှစ်ပေါင်း(၂၀)က ထောင်ပုံရိပ်တွေကို ပြန်တွေးလိုက်မိတဲ့အခါတိုင်း ကိုစိုးမြင့်နဲ့ ကိုဇော်မြင့်မောင်တို့ရဲ့ အယုအယ သမုဒယ သံယောဇဉ်နှောင်ကြိုးကလေးတွေနဲ့ ကျွန်တော့်အတွေးအဆွေးတွေ တိုးတိုက်ထိခတ်မိတယ်။ အနုအလှကဗျာကာရံ၊ အသံနရီလှိုင်းလေးတွေ တစိမ့်စိမ့်တသိမ့်သိမ့်ပေါ်ထွက်လာတယ်။

ကျွန်တော့်နားထဲမှာ ကဗျာပွဲတင်သံတွေ ဝေစည်လှိုင်းငြိမ့် ရိုက်ခတ်နေလေတော့တယ်။

◆

## ပုံစံမလို အဝစား

၁၉၈၉ကုန်ပိုင်းမှာ ကျွန်တော် အဆောင်–ငါးကို ရောက်နေတယ်။ အလုပ်စခန်းတွေ သွားရမယ့်လူတွေ၊ အလုပ်စခန်းတွေက ပြန်လာတဲ့လူတွေ စခန်းထောက်တဲ့ အခန်း–လေးမှာ ကျွန်တော့်ကိုထားပါတယ်။ အဲဒီအချိန်က အဆောင်တွေမှာ အခန်းကျယ်ကြီးလေးခန်းစီ ရှိတယ်။ နောင်ကျတော့ ရှစ်ခန်းဖွဲ့လိုက်ပါတယ်။

နေ့လည်းမနားရ။ ညလည်းမအိပ်ရနဲ့ အတော်စိတ်ဆင်းရဲရပါတယ်။ နေ့ရောညပါ တစ်ခန်းလုံး သံခြေကျဉ်းသံတညံညံ နားမခံသာအောင် ဆူတယ်။ ဘာတတ်နိုင်မှာလဲ။ သူတို့က ထောင်ပြောင်း စခန်းပြောင်းတွေ၊ ဒုက္ခသည်သားတွေပဲလေ။ ဒုက္ခဘိုသားတိုင်း ထောင်စည်းကမ်းနဲ့အညီ သံခြေကျဉ်းခတ်ခံကြ

www.burmeseclassic.com

www.burmeseclassic.com



ရတယ်။ သံခြေကျဉ်းနှစ်ခု ခြေထောက်နှစ်ဖက်အကြား သံချောင်းဒေါက်တွေ ထည့်ထားတယ်။ သူတို့လမ်းလျှောက်ဟန်က ကလန်ကလန်။ ကားရား ကားရား။ အသံတွေက တချွင်ချွင် တချောင်းချောင်း။

သံခြေကျဉ်းသံတွေဆူတာညံတာ ကျွန်တော် ခံနိုင်တယ်။ စိတ်မချမ်းသာပေမဲ့ စိတ်ညစ်လှတယ်မဟုတ်ပါ။

စိတ်ညစ်တာက ညတိုင်ရောက်မှပါ။ ထောင်ပိတ်ပြီးတာနဲ့ သံခြေကျဉ်းတွေ မရပ်တန်းမနားတန်း လမ်းသလားနေကြပြီ။ တစ်နေ့လုံး အခန်းထဲမှာရှိတာ ကျွန်တော်။ တစ်ညလုံးအခန်းထဲမှာရှိတာ ကျွန်တော်။ အခန်းထဲထမင်းလာပို့လို့ အခန်းထဲ ထမင်းစားသူကလည်း ကျွန်တော်။ ထောင်ပိတ်တာနဲ့ ကျွန်တော့်ဆီ ထမင်းလာတောင်းကြတယ်။ ကျွန်တော်ကလည်း ထမင်းပိုတောင်းတယ်။ ကျွတ်ကျွတ်အိတ်တွေထဲထည့်သိမ်းထားတယ်။

"အဘရေ ထမင်းကျန်လေးပေးပါဦး။ ကျွန်တော် နှိပ်ပေးပါ့မယ်။ ထမင်းပိုရင်ပေးပါ။ ဒီလက်ဖွဲ့လေးယူပါ။ ထမင်းပေးပါ"

ဒီလိုစကားသံတွေ နေ့တိုင်းကြားနေရတော့ ဘယ်လိုလုပ် လက်ပိုက်ကြည့်နေနိုင်တော့မလဲ။ ထမင်းပိုရှာရတယ်။ ထမင်းပိုစုရတယ်။ ထမင်းပိုသိမ်းရတယ်။ ညထောင်ပိတ်တော့မှ တောင်းသူတွေကို ထမင်းဝေရတယ်။

ဒီလိုအကျဉ်းသားဝေနေယျတွေအတွက် ဝေယျာဝစ္စအလုပ်တွေ လုပ်ပေးနေရတာ ကျွန်တော် ပျော်တယ်။ စိတ်ချမ်းသာတယ်။ ထောင်ဝင်စာတွေဝေတာကို ဝေယျာဝစ္စလို့ခေါ်တယ်။ အဝေခံအကျဉ်းသားတွေကို ဝေနေယျတွေလို့ခေါ်တယ်။ ပါဠိစကားမဟုတ်ပါဘူး။ ထောင်စကား ထောင်ဝေါဟာရပါ။

ဒီ"ဝေ"အလုပ်တွေလုပ်နေတာ ပျော်လို့ လုပ်နေတာသက်သက်မဟုတ်ပါဘူး။ ဒီ "ဝေ"အကျဉ်းသားတွေနဲ့ စကားပြောတာ ပျော်လို့လုပ်တာသက်သက်မဟုတ်ပါဘူး။

ကျွန်တော်က အခန်းကျယ်ကြီးထဲမှာ တစ်နေကုန်တစ်နေခမ်း တစ်ယောက်တည်း တငုတ်တုတ်တုတ် ထိုင်နေရသူဖြစ်လေတော့ ဝန်းကျင်မှာဖြစ် ပေါ်ပြောင်းပျက်နေပုံ အလုံးစုံကို မမြင်ချင်အဆုံး မြင်နေရတယ်။

ဝန်ထမ်းတွေ ဆေးလိပ်ရောင်းတာ ကွမ်းရောင်းတာ ပစ္စည်းရောင်းတာဖြစ်ပုံပျက်ပုံ အလုံးစုံကိုမြင်နေရတယ်။ ဒီလိုပဲ အကျဉ်းသားတွေ အကြံအဖန်



လုပ်တာ။ အပေးအယူလုပ်တာ၊ အချိတ်အဆက်လုပ်တာ ဖြစ်ပုံပျက်ပုံအလုံးစုံကို မြင်နေရတယ်။ ဒါတွေက ရိုးနေပါပြီ။ မျက်စိညောင်းခံပြီး ကြည့်နေစရာတောင် မလိုတော့ပါဘူး။

မကြည့်ချင် မြင်ရက်သားဖြစ်နေတာက ထမင်း ဟင်း ငါးပိဝေတဲ့မြင်ကွင်းဖြစ်ပါတယ်။ ဟင်းတို့ ငါးပိတို့ဆိုတာက စကားထဲထည့်ပြောစရာမလိုလောက်အောင် အရေးမကြီးတဲ့ကိစ္စပါ။ ထားလိုက်ပါတော့။ ထမင်းဝေပုံကတော့ ရင်နာစရာမြင်ကွင်းဖြစ်လို့ ပြောပြပါရစေ။

မနက်ညထမင်းဝေချိန်မှာ ဒီလိုမြင်ရပါတယ်။

ညစ်ပတ်စုတ်ပြတ် မဲနက်နံစော်နေတဲ့ သစ်သားလေးထောင့်ပုံးကြီး (နှစ်ပေခွဲပတ်လည်လောက်)တွေနဲ့ ထမင်းတွေထည့်လာတယ်။ အကျဉ်းသားနှစ်ယောက်က ထမင်းပုံးကြီးကို သံချိတ်နှစ်ချောင်းနဲ့ချိတ်၊ ထပိုးနဲ့ထမ်းယူလာတယ်။ မဲညစ်ညစ်သစ်သားယောက်ချိုကြီးတစ်ခုလည်း ပါတယ်။

ထမင်းဝေချိန်မှာ အကျဉ်းသားတွေ တန်းစီရတယ်။ ပုံစံဒန်ပန်းကန်ထိုးခံရတယ်။ ထမင်းဝေတဲ့အမြဲဆင်းအကျဉ်းသားက သစ်သားယောက်ချိုနဲ့တစ်ကော်စီခပ်ထည့်တယ်။ သွားတော့။ သွားဆိုသွားတော့။ ပျော့ကောင်သွားတော့ဆိုတာ ကြားလား။

သာမန်အကျဉ်းသားတွေဆိုတာ မှတ်သိပ်နေသူတွေဗျ။ ငတ်နေတယ်ပြောမကောင်းလို့ ဒီလောက်ပြောတာ။ နိုင်ငံရေးအကျဉ်းသားလိုလူတွေ၊ ရန်ကုန်လို အနီးအနားမြို့ရွာကလူတွေ၊ မိသားစုထောင်ဝင်စာပုံမှန်လာသူတွေတောင် ထောင်ထဲမှာ ပြည့်စုံတယ်လို့ ပြောနိုင်တာမဟုတ်ဘူး။ အိမ်က ပို့တာလေးတွေကို ဝေနေယျတွေ ဝေခြမ်း။ ကိုယ့်မှာ သတင်းနှစ်ပတ် ဗိုက်ဝလောက်အောင် ကျန်တာမထုတ်ဘူး။ သာမန်အကျဉ်းသားတွေလို အဝေးမြို့ရွာတွေကလာသူတွေ၊ လက်လုပ်လက်စားတွေ၊ မိသားစုထမင်းနပ်မမှန်သူတွေ၊ မနက်ည စားစရာအလျှင်မမီသူတွေအဖို့ ထောင်ထမင်းက မလုံလောက်ဘူး။ မပြည့်စုံဘူး။ မဝဘူး။ ဗိုက်မပြည့်ဘူး။ တကယ်တော့ သူတို့အားပြုစားနေရတာက ထောင်ထမင်း။ သူတို့က တောသူတောင်သားတွေ၊ အလုပ်ကြမ်းသမားတွေ၊ ထမင်းများများစားတယ်။ ဆန်တစ်လုံးချက် နှစ်လုံးချက်လောက်မှ နံကြားနံ့ရှိတယ်ဆိုတဲ့ လူမျိုးတွေ။ ဒီတော့

www.burmeseclassic.com

www.burmeseclassic.com



ထမင်းဝေတဲ့အချိန် ဝလောက်အောင်၊ ဗိုက်ပြည့်လောက်အောင်၊ နံကြားနှစ်ဖက်နံ့အောင် သူတို့ထမင်းများများတောင်းကြတယ်။ ထည့်ပါဦးဗျာ။ ပေးပါဦးဗျာ။ ခပ်ပါဦးဗျာ။

"ဟေ့ကောင် မရဘူးဆိုတာ မကြားဘူးလား။ ထပ်မတောင်းနဲ့။ မရဘူး"

"တစ်ကော်ပေးပါဦးဗျာ။ ထည့်ပါဦးဗျာ"

"ဟေ့ကောင် တောင်းပြန်ပလား။ မရဘူးဆိုတာ မကြားဘူးလား။ ပြောမရချက်ွာ၊ ဆော်ကွာ"

အစောင့်ဝန်ထမ်းဝါဒါက ဝင်ဟောက်တယ်။

ထပ်တောင်းတဲ့ကောင်တော့ သေပေရော့။ အနားမှာရှိတဲ့ ဝါဒါနဲ့အမြဲဆင်း အကျဉ်းသားတွေက လက်ထဲအသင့်ကိုင်ထားတဲ့ ဝါးလုံးဝါးခြမ်းတွေနဲ့ ရိုက်တော့တာပေါ့။ သနားမနေနဲ့။ ညှာမနေနဲ့။ မရဘူးဆို မရဘူး။ ဒါပုံစံ... ပုံစံ... ပုံစံ။

ပုံစံနဲ့မဝလို့ ထမင်းထပ်တောင်းတဲ့အကျဉ်းသားကို ဒီလိုသာ ကျောပုပ်အောင် ရိုက်တာ။ တစ်နေ့တစ်နေ့ ပိုနေတဲ့ထမင်းတွေက တောင်ပုံရာပုံ။ အဲဒီထမင်းတွေကို ဘာလုပ်တယ်ထင်သလဲ။

ဝက်စာလုပ်တယ်။ ဝက်ကျွေးတယ်။ ဘာပြောချင်သေးလဲ။

အဲဒီခေတ်က ထောင်ဘူးဝရှေ့မှာ ထမင်းတောင်းသူတွေအပြည့်။ သူတို့က ထမင်းနှစ်ပန်းကန်စားနိုင်ပုံမပေါ်တဲ့ မိန်းမသားတွေ။ ဒါပေမဲ့ သူတို့တောင်းတာက ပုံစံပန်းကန်နဲ့မဟုတ်။ ပုံးကြီး ပုံးငယ်၊ တောင်းကြီး တောင်းငယ်နဲ့။ သူတောင်းစားမတွေမထင်နဲ့။ ဝါဒါကတော်တွေ၊ ထောင်မှူးကတော်တွေ။ ယောက္ခမတွေ၊ အဒေါ်တွေ၊ ခယ်မတွေ၊ မရီးတွေ၊ ဇနီးမယားတွေ၊ သမီးသားတွေ။

ထမင်းမဝလို့ နောက်ထပ်ထမင်းတစ်ပန်းကန် သူတို့တောင်းနေကြတာမဟုတ်ဘူး။ ထောင်ဝန်ထမ်းတန်းလျားမှာ ဝက်မွေးတော့ ဝက်ကိုထမင်းကျွေးဖို့ ဝက်စာထမင်းတောင်းနေကြတာ။ ဝက်ဈေးကလည်း ကောင်းမှကောင်းမဟုတ်လား။

ဒီလိုသတင်းမျိုးကြားတော့ ရင်နာသံတွေ ထွက်လာတယ်။ မြန်မာပြည်မှာ လူမဖြစ်ချင်ဘူး။ ဝက်ပဲဖြစ်ချင်တယ်။ ဒီလိုပြောသူတွေက ပြောကြတယ်။



ထောင်ထဲမှာ ဝလင်အောင် မကျွေးတာ၊ ထမင်းဟင်း မသန့်ရှင်းတာ၊ ပဲတို့၊ ငါးပိတို့ လောက်ကိုက် ပိုးထိုး ပုပ်သိုးဟောင်စော်တာ။ ဒါတွေဟာ မဆန်း တော့တဲ့ သတင်းပါပဲ။

ဒီသတင်းဆိုးက ထောင်ထဲမှာ မဆန်းတော့ပေမဲ့ ကမ္ဘာမှာဆန်းတယ်။ ၁၉၉၅မှာ ကျွန်တော်တို့ စာတမ်းတစ်စောင် ကုလသမဂ္ဂပို့တယ်။ အကျဉ်းသား ၁၀၀ ကျော် လက်မှတ်ထိုးပို့တယ်။ တခြားလူ့အခွင့်အရေးချိုးဖောက်မှုကိစ္စရပ်တွေနဲ့အတူ အကျဉ်းသားတွေ ထမင်းဝလင်အောင် မစားရတဲ့အကြောင်းကို ပြည့်ပြည့်စုံစုံ ပုံရိပ်ပေါ်ပေါ် ရေးသားဖော်ပြလိုက်တယ်။

၁၉၉၆ မှာ အဲဒီစာကိစ္စအတွက် ကျွန်တော်တို့နိုင်ငံရေးအကျဉ်းသား ၂၄–ဦး ထောင်ကျကုန်တယ်။ သာမန်အကျဉ်းသားတွေကတော့ ဗိုက်မပြည့် မြဲမပြည့်။ ထမင်းမဝမြဲ မဝ။ ဝက်တွေသာ ဖီးသထက်ဖီးတယ်။ ဈေးကြီး ဈေး ကောင်း ရသထက်ရတယ်။

အကျဉ်းသားတွေထမင်းဝဖို့ နောက်ထပ်ရှစ်နှစ်ကြီးများတောင် စောင့်ရတယ်။ အကျဉ်းသားတွေ သွားရည်တမြားမြားနဲ့ အကြာကြီးမျှော်လင့်စောင့်စားခဲ့ကြရလေရဲ့။

၂၀၀၄မှာ ထောက်လှမ်းရေးတွေကို ထောင်ခါပစ်လိုက်တော့မှပဲ သူတို့ ထမင်းဝဝစားရလေတော့တယ်။

ထောင်ထဲမှာ ထမင်းဝဝ စားခဲ့ကြရပြီ ထောင်လူ့အခွင့်အရေးချိုးဖောက်မှုတွေကို ကုလသမဂ္ဂတိုင်တဲ့ နိုင်ငံရေးအကျဉ်းသားတွေရဲ့ စာတမ်းကျေးဇူးပါ။ ဒီစာတမ်းကြောင့် ထောက်လှမ်းရေးတွေ ပြုတ်သလား၊ မပြုတ်သလားမသိရဘူး။ နိုင်ငံရေးသမား ၂၄–ယောက်တော့ နှစ်ပေါင်း ၁၇၀ ကျော် ထောင်ထပ်ကျခဲ့ရတယ်။

ထောက်လှမ်းရေးတွေ ပြုတ်သွားပြီးတဲ့နောက် ရှစ်နှစ်ကြာတဲ့အချိန် ရောက်မှ အကျဉ်းဦးစီးဌာနက ထောင်အုတ်တံတိုင်းကြီးတွေ ပေါ်မှာ "ပုံစံမလို အဝစား"ဆိုတဲ့ စာတန်းဖြူကြီးကို ဂုဏ်ယူဝင့်ကြွားစွာ ကမ္ပည်းထိုးလိုက်ပါတော့တယ်။ တကယ် ဝဝလင်လင်စားနိုင်ကြပြီဆိုရင် ကောင်းပါလေ့။ တကယ်တော့ ထမင်းကိစ္စက ပိုကောင်းအောင် လုပ်ဖို့လိုပါသေးတယ်။

ထောင်ထမင်းဆိုတာ ဆန်ကိုပေါင်းသလို ရေနွေးငွေ့နဲ့ ပေါင်းချက်တာ

www.burmeseclassic.com

www.burmeseclassic.com



ပါ။ မာတာ ပျော့တာရှိတယ်။ ကိစ္စမရှိပါဘူး။ အဲ မနပ်တာဆိုရင်တော့ စားလို့ မဖြစ်။ ဝါးလို့မဖြစ်။ ဝမ်းဗိုက်ကျန်းမာရေးကိုပါ ထိခိုက်တယ်။ ဒါ့အပြင် ထောင် ထမင်းဟာ မကြာခဏ သဲတရှပ်ရှပ် ဖြစ်တတ်ပါတယ်။

ထမင်းတင်လားဆိုတော့ မဟုတ်ပါဘူး။

မနက်စာကို ပဲဟင်းကျွေးတယ်။ ပဲက ပိုးထိုးလောက်ကိုက်တွေပါ။ စွန် တာနီလို ပဲကို အခွံရော အသားရော တစ်ခါတည်းပြုတ်တာဆိုတော့ လူလို သူလိုစားလို့မရတဲ့ ဟင်းဖြစ်နေတတ်ပါတယ်။

ပဲလုံးပေါ်တဲ့အဖတ်တွေကို အပေါ်ယံရှပ်ခပ်ပေးလိုက်ရင် ကျန်တာတွေကခဲရယ်၊ သဲရယ်၊ ပဲအခွံရယ်။

ငါးပိဆိုတာကလည်း ပုပ်စော်နံစော်နေတဲ့ဟာမျိုး ဖြစ်ပါတယ်။ စစ်ခွေးတိုက်က အငြိမ်းစားစစ်ခွေးတောင် မစားဘူး။ အဲဒါကိုယ်တွေ့။

ဒီသုံးမျိုးကို ထမင်းပွဲပြင်လိုက်ရင် ကိုလိုနီခေတ်က နိုင်ငံရေးသမားတွေ သုံးခဲ့တဲ့ ထောင်ထမင်းပွဲဝေါဟာရအတိုင်း ဖြစ်လာမယ်။ အဲဒီဝေါဟာရက ခွေး အံဖတ်ထမင်းပွဲ"တဲ့။

၁၉၉၉ လောက်မှာ ကမ္ဘာ့ကြက်ခြေနီအဖွဲ့ ထောင်ထဲဝင်စစ်ခွင့်ရတယ်။ ကြက်ခြေနီရောက်လာတဲ့နေ့မှာ ထောင်က ရွှေဖရုံသီးဟင်း ချက်ကျွေးတယ်။ ကြက်ခြေနီအဖွဲ့ခေါင်းဆောင် မစ္စတာလီယွန်ဆိုတဲ့ ပုဂ္ဂိုလ်က မီးဖိုခန်းထဲဝင်ကြည့်တယ်။ ဟင်းထမင်းတွေစစ်ဆေးတယ်။ သူ့မှတ်ချက်က သခင်တွေသုံးခဲ့တဲ့ ဝေါဟာရထက်ပိုဆိုးတယ်။ "နွားချေးပြုတ်ရေ"နဲ့ တူသတဲ့။

ပဲကိစ္စနည်းနည်း ဆက်ပြောချင်သေးတယ်။ ထောင်ထဲက တဘောင်အကြောင်းပါ။ ထောင်အာဏာပိုင်တွေဟာ လူစားဖို့မသင့်တော်တဲ့ပဲကို လူမြင်ကောင်းအောင် မချက်နိုင်ဘူး။ တစ်နှစ်မှာ ခြောက်လလောက်က ရွှံ့ပုပ်ရေလို ပဲမဲမဲတွေချက်ကျွေးတတ်တယ်။ ဒါကြောင့် ပဲမဲပြီဆိုရင် ထောင် 'ဘိုင်ပြတ်'ပြီ။ လူတွေကို မကျွေးနိုင်တော့လို့ လွှတ်ပစ်ရတော့မယ်။ ဒါကြောင့် "ပဲဖြူရင်နေမြဲ၊ ပဲမဲရင် အိမ်ပြန်" ဆိုတဲ့ တဘောင်ပေါ်လာရသတဲ့။

"ပုံစံမလို အဝစား" ဇာတ်လမ်းက မဆုံးသေးဘူး။ နောင်လည်း ဆုံးချင်မှဆုံးဦးမှာ။ ကျွန်တော့်အဖို့တော့ ဇာတ်သိမ်းခန်းစကားတချို့ ပြောခွင့်ကြုံခဲ့တယ်။



၂၀၀၈ စက်တင်ဘာ ၂၃ မှာ ကျွန်တော် ထောင်ကလွတ်တယ်။ ပုဒ်မ ၄၀၁နဲ့ လွှတ်တယ်ဆိုတာကို ကန့်ကွက်တဲ့အနေနဲ့ ကျွန်တော် အကျႌမလဲ၊ ပစ္စည်းမသိမ်း၊ ထမင်းမစား ဆန္ဒပြနေတယ်။ မနက် ၆ နာရီခွဲက ညနေ ၄ နာရီခွဲအထိ ထမင်းမစား ဟင်းမစား စကားမပြော ငုတ်တုတ်ထိုင်နေခဲ့တာ။ (၄)နာရီခွဲတော့ ထောင်လက်မြှောက်သွားတယ်။ လွှတ်ပေးပါတော့မယ်ဆိုပြီး ဒု-ညွှန်ချုပ်က ကျွန်တော့်ကို လာခေါ်တယ်။

လမ်းမှာ ဖိုကြီးလို့ခေါ်တဲ့ ထမင်းချက်ရုံဘေးက ဖြတ်သွားရတယ်။ အုတ်တံတိုင်းနံရံမှာ "ပုံစံမလို အဝစား"ဆိုတဲ့ စာတန်းဖြူကြီး ရေးထားတယ်။

"ဒီစာတန်းကြီးကို ဓာတ်ပုံရိုက်ယူသွားချင်သဗျာ"

ကျွန်တော်က နံရံပေါ်က စာတန်းကို လက်ညှိုးထိုးပြတယ်။

"ဘာလုပ်ဖို့လဲဗျ" ဒုချုပ်က မေးတယ်။

"ခင်ဗျားက အခုမှ ဒီဌာနပြောင်းလာတဲ့သူကိုး။ ဒီစာတန်းထိုးထားရတာဂုဏ်ယူစရာလို့ထင်မှာပေါ့။ ဒီစာတန်းက သမိုင်းကြောင်းရှိတယ်ဗျ။ သမိုင်းကို ဝန်ချတောင်းပန်ခြင်းကို သရုပ်ဖော်နေတာဗျ။ လွန်လေပြီးသောအခါက ထောင်မှာ လူတွေ ထမင်းဝဝမစားခဲ့ရဘူးဆိုတာကို သက်သေခံနေတာဗျ။"

◆

www.burmeseclassic.com

## စစ်ခွေးသံတိုင်ကြားက ရွှေမြစ်

အင်းစိန်ဆိုတဲ့ နာမည်ဆိုးနဲ့ ဟိုးဟိုးကျော်တဲ့ထောင်ကြီးဟာ သက်ရှိသားရဲကြီးတစ်ကောင်ဖြစ်တယ်ဆိုပါတော့။ စစ်ခွေးတိုက်ဟာ အဲဒီသားရဲကြီးရဲ့ နှလုံးသားဖြစ်တယ်လို့ ဆိုရပါလိမ့်မယ်။

လူသားမှာ နှလုံးသားဆိုတာ ချစ်ခြင်းမေတ္တာ ကြင်နာယုယ အနုအလှတို့တည်ရာဌာနဖြစ်ပါတယ်။ သက်ရှင်လှုပ်ရှားခြင်းရဲ့တွန်းအား၊ စွမ်းအင်ပြယုဂ်လည်း ဖြစ်ပါတယ်။ စာနာထောက်ထားခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ မြတ်နိုးတွယ်တာခြင်း စသည် သမုဒယတို့ရဲ့ သင်္ကေတလည်းဖြစ်ပါတယ်။

သားရဲတစ်ကောင်ရဲ့ နှလုံးသားကတော့ လူသားရဲ့နှလုံးသားကြန်အင်



ဂုဏ်ရည်တွေနည်း ခြားနားပါတယ်။ ဆန့်ကျင်ဘက်လက္ခဏာတွေရဲ့သဘောကို ဆောင်ပါတယ်။ ရက်စက်ခြင်း၊ ကြမ်းကြုတ်ခြင်း၊ ရိုင်းပျခြင်း၊ ခက်ထန်ခြင်း၊ မောက်မာခြင်း၊ ရမ်းကားခြင်း၊ ဟိန်းဟောက်ခြင်း၊ ဖျက်ဆီးခြင်း၊ မာန်တင်းခြင်း၊ မိုက်ကန်းခြင်း၊ ဆိုးညစ်ခြင်း၊ စိုးမိုးခြင်း၊ ဇက်ရဲခြင်း၊ ခြိမ်းခြောက်ခြင်း၊ ကောက်ကျစ်ခြင်း၊ ယုတ်မာခြင်း စသည် စသည် အကျင့်ဆိုး အကြံဆိုးများရဲ့သဘောကို နက်ရှိုင်းစွာ သရုပ်ဆောင်ပါတယ်။

စစ်ခွေးတိုက်ရဲ့သဘောသကန်တွေကို ဒီလိုအဓိပ္ပာယ်အကျယ်ဖွင့်နေ တာအကြောင်းရှိတယ်။ ဒီလိုအမှောင်အဝန်းမှာ အလင်းတန်းတွေ ရှန်းလက်နိုင်တယ်ဆိုတာ သိမှတ်ကြစေချင်ပါတယ်။

၁၉၉၅ နိုဝင်ဘာလလယ်လောက်မှာ ကျွန်တော်တို့ နိုင်ငံရေးအကျဉ်းသားတစ်စု စစ်ခွေးတိုက်ရောက်သွားပါတယ်။ တိုက်–တစ်က ဒေါက်တာခင်ဇော်ဝင်း၊ တိုက်–သုံးက ဒေါက်တာမြင့်နိုင်၊ ဒေါက်တာဇော်မြင့်မောင်၊ ကိုဌေးအောင်၊ ကျွန်တော်၊ တိုက်–လေးက ကိုမျိုးမြင့်ငြိမ်း၊ ဦးနိုင်းနိုင်း၊ ကိုထွန်းဝင်း (ရခိုင်) အားလုံး ရှစ်ယောက်ဖြစ်ပါတယ်။

ဒီလူစုမှာ အများစုက ဒီချုပ်ခေါင်းဆောင်ပိုင်းတွေ ဖြစ်ပါတယ်။ ဒေါက်တာခင်ဇော်ဝင်းက ဒီမိုကရေစီလှုပ်ရှားသူဖြစ်ပါတယ်။ ကိုထွန်းဝင်းက ရခိုင်ကွန်မြူနစ်ပါတီဝင်ဖြစ်ပါတယ်။ ကျွန်တော်တို့တွေကြားမှာ နိုင်ငံရေးရာတွေ ဆွေးနွေးခြင်း၊ ညှိနှိုင်းခြင်း၊ လုပ်ငန်းချမှတ်ခြင်းတွေ လုပ်နိုင်လောက်အောင် လွတ်လပ်ခွင့်မရှိပါဘူး။ လေးနက်တဲ့ အသိတစ်ခု ပြတ်သားတဲ့အမြင်တစ်ခုကိုတော့ ခိုးကြောင်ခိုးဝှက် ပြောကြဆိုကြ လက်ဟန်ခြေဟန်ပြကြရာက ရလိုက်ပါတယ်။

အဲဒီအသိနဲ့အမြင်ကတော့ ဒီနေ့ ကျွန်တော်တို့ နိုင်ငံဟာ စစ်အာဏာရှင်တွေရဲ့ သံဖနောင့်အောက်မှာ ပြားပြားဝပ်နေရပြီ။ စစ်ကျွန်ဘဝက လွတ်မြောက်ရေးဟာ တစ်မျိုးသားလုံးရဲ့ တစ်ခုတည်းသော နိုင်ငံရေးဦးတည်ချက်ဖြစ်နေပြီဆိုတာ ကျွန်တော်တို့အားလုံး သိမြင်ပြဌာန်းလာခြင်းပဲဖြစ်ပါတယ်။

ဒါဟာ အမှောင်စခန်းထဲက ပေါ်ထွက်လာခဲ့တဲ့အလင်းတန်းပဲဖြစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ဒီလိုအလင်းတန်းတစ်ခု ကျွန်တော်တို့အားလုံးရဲ့နိုင်ငံရေး ဘဝ အမှောင်ထုထဲကို ဖြတ်သန်းကြုံကြိုက်လိုက်တာဟာ တကယ့်အကျိုး အမြတ်ကြီးတစ်ခုပဲဖြစ်ပါတယ်။

ဒီလို တစ်စုံတစ်ရာ ထူးထူးခြားခြား သက်ရောက်မှုရှိတဲ့ အကျိုးအမြတ် မှတစ်ပါးတော့ စစ်ခွေးတိုက်အတွေ့အကြုံက "ထိုနည်းလည်းကောင်း၊ ထို နည်းလည်းကောင်း"ဆိုတဲ့ သဘင်ပညာကျော်ကြီး ရွှေမန်းတင်မောင်ရဲ့သီချင်း အတိုင်းပါပဲ။

စစ်ခွေးတိုက်မှာနေရတဲ့ အကျဉ်းသားတစ်ယောက်ရဲ့ စိတ်ပုံလွှာဟာ ဘယ်လို လုံးဖန်ကောက်ကြောင်း၊ ဘယ်လို အရောင်အသွေး၊ ဘယ်လိုအလင်း အမှောင်နဲ့ ပုံရိပ်ပေါ်သလဲ။

စစ်ခွေးတိုက်အကျဉ်းသားဟာ အမြဲဆာလောင်မွတ်သိပ်နေတယ်။ အမြဲ ထိုင်းမှိုင်းငိုက်မြည်းနေတယ်။ အမြဲထီးကျန်ဖော်မဲ့ဖြစ်နေတယ်။

ကာလရှည်ကြာ ထောင်ဝင်စာမရှိ။ "ခွေးအံ့ဖတ်" ထမင်းကိုသာမသေ ရုံတဆုပ်တဖွဲ့စားနေရတယ်။ ဒီတော့ ဘယ်မှာဗိုက်ဝမှာလဲ။ အမြဲလိုလိုဆာ လောင်မွတ်သိပ်နေတာ ဘာဆန်းလဲ။

ညတိုင် စစ်ခွေးတွေ တဝေါင်းဝေါင်း၊ မနက်တိုင် စစ်ခွေးတွေက တဝုန်း ဝုန်း။ အဲဒီလို ပတ်ဝန်းကျင်မှာ ဘယ်သူအိပ်ပျော်နိုင်မှာလဲ။ အခင်းမရှိ၊ ဖျာ မရှိ၊ သံမံတလင်းပေါ်မှာ အိပ်ရတာ ဘယ်မှာပျော်နိုင်ပါ့မလဲ။ အမြဲထိုင်းမှိုင်း ငိုက်မြည်းရတာ ဘာဆန်းလဲ။

အခန်းပြင်ထွက်ခွင့် လုံးဝမရ။ ထမင်းဝေချိန်မှတပါး တခြားဘယ်အချိန် မှ ဝန်ထမ်းအမြဲဆင်းမပြောနဲ့ ဘယ်အရာရှိတစ်ကောင်တမြီးမှ လူလုံးမပြတဲ့ နေရာမျိုးမှာ ဘယ်သူ လူပုံမှန်ဖြစ်မှာလဲ။ အဖော်မဲ့တာ၊ အထီးကျန်တာ ဘာ ဆန်းလဲ။

တစ်နေ့တစ်နေ့ ကျွန်တော် အခန်းကိုလှည့်ကြည့်တယ်။ သံတိုင်ကို တီးခေါက်ကြည့်တယ်။ နှစ်တစ်ရာကျော်အတွင်း ပထမဆုံး ထောင်ကျော်ပြေး နိုင်ခဲ့တဲ့ ထောင်ဖောက်ဝိဇ္ဇာကြွကြီးနေခဲ့တဲ့အခန်းဆိုတော့ သူ့ခြေရာလက်ရာ



တွေကို ကျွန်တော် "ဦးရှုံစား"လုပ်တယ်။ ပင်စင်စားစစ်ခွေးကြီးအောင်ဖေယျနဲ့ မိတ်ဖွဲ့တယ်၊ ပုပ်ဟောင်နံစော်တဲ့ ထောင်ငါးပိကို ရေဖျော်ပြီး ထမင်းနဲ့နယ် ကျွေးတယ်။ သူ့ခများလည်း သူ့ဝေစုအမဲသားကို ဝန်ထမ်းတွေက ကြော်ချက် စားသောက်နေလို့နဲ့တူပါရဲ့။ ဝဝလင်လင် စားရပုံမပေါ်။ နံရိုးအပြိုင်းပြိုင်း။ ပရွက်ဆိတ်တွေကို ပလတ်စတစ်ပေါ်ဖမ်းတင်၊ ရေခွက်ထဲမျှောထည့်၊ ပုရွက် ဆိတ်ချင်းနပန်းလုံး ကိုက်ကြသတ်ကြလုပ်တာ အနီးကပ်ကြည့်တယ်။

ညနေတိုင် ထောင်တံတိုင်းကိုကျော်ကြည့်ရင် အတိုင်းသားမြင်နေရတဲ့ ကုက္ကိုပင်ကြီးရှိတယ်။ ကျီးကန်းတွေ အိပ်တန်းတက်ချိန် သစ်ကိုင်းလုတာ ငေးတယ်။ လှိုင်မြစ်ဘက်က တငြိမ့်ငြိမ့်ဝဲပျံလာတဲ့ အိပ်တန်းတက် ဖျိုင်းဖြူ ကြီးတွေကို မျှော်တယ်။ လသာတဲ့ညဆိုရင် ထောင်တံတိုင်းပေါ် မေးတင်နေတဲ့ လဝန်းကြီးကို မော့တယ်။ ညမအိပ်ခင် ရွာမဘက်က ဘုန်းကြီးကျောင်းဝတ် တက်သံတွေကို နာတယ်။

ဒါပဲ။ မနက်ဖြန်လည်း ဒီလိုပဲ။ သန်ဘက်ခါလည်း ဒီတိုင်းပဲ။ ယိမ်းနွဲ့ ပါလည်း ဒီပုံစံပဲ။ ဒါပဲ။

အဲ ညတိုင်ညတိုင် စစ်ခွေးတွေက ခွေးကင်းဂျူတီ မဝင်ခင် တဝေါင်း ဝေါင်း၊ တဝုန်းဝုန်း အော်လိုက်ဟိန်းလိုက်လုပ်တယ်။ အိပ်လို့မရတော့ဘူး။ (၉)နာရီလည်း အိပ်လို့မရ၊ ဆယ်နာရီ၊ ဆယ့်တစ်နာရီ၊ ၁၂–နာရီ၊ ၁–နာရီ အိပ်လို့မရ။ တွက်ချင်တဲ့သူ ဆက်သာလက်ချိုးရေတွက်ကြတော့။ ကျွန်တော် တို့ကတော့ အိပ်မရရေးချ အိပ်မရဘဲ။ ဒါပဲ။

ထူးထူးခြားခြား ဒေါက်တာခင်ဇော်ဝင်းကို ထောင်ဝင်စာပေးတယ်။ ဒေါက်တာက ထောင်ဝင်စာသတင်းတို့ထွာကို ဦးနိုင်းနိုင်း ပြောပြတယ်။ ဦးနိုင်း နိုင်းက ကိုထွန်းဝင်းပြော၊ ကိုထွန်းဝင်းက ကျွန်တော့်ပြော။ အဲလိုနေ့မျိုး နား စိမ့်တယ်။ ဒေါက်တာက ကျွန်တော်တို့အမှုတွဲ မဟုတ်ဘူး။ ရုံးတင်မခံရဘူး။ ကျွန်တော်တို့အားလုံး ရုံးထွက်တဲ့နေ့ သူတစ်ယောက်တည်း ပျင်းကျန်ပေါ့။

ကျွန်တော်တို့ အမှုကိစ္စ ရွှေ့နေမပေါ်။ အိမ်သူမလာ၊ စီရင်ကိန်းသေချာ ဆိုတော့ လွှတ်လမ်း ကျွတ်လမ်း မမြင် သေဖို့သာပြင်ပေါ့။

www.burmeseclassic.com

www.burmeseclassic.com



အမှုအကြောင်း အမှုအလားအလာ ကဗျာလေးတစ်ပုဒ် ကျွန်တော် ရေးတယ်။ လုံးစေ့ပတ်စေ့ မမှတ်မိတော့ဘူး။ "---ကလိန်စေ့ငြမ်းကြီးဆင် နင်မဟုတ် နင့်အဖေပဲ။ ---တိုက်ပွဲပျော် နှစ်ဒါဇင်တို့ ဝင်အုံး ထောင်ထဲ"ဆိုတာလောက်ပဲ တစ်ပိုင်းတစ်စ မှတ်မိတော့တယ်။ အဲဒီကဗျာကို ဒေါက်တာခင်ဇော်ဝင်းက ကြိုက်သဗျာတဲ့။ အင်္ဂလိပ်ဘာသာပြန်တယ်။ သူများမှတ်မိသေးသလားတော့မသိ။

အဲဒီကာလပိုင်းမှာပဲ အမှုတွဲရဲဘော်တစ်ဦးဖြစ်တဲ့ ကိုဋ္ဌေးအောင်(နောင်အခါ ဇင်လင်း) အသက်ငါးဆယ်ပြည့်တယ်။ ဒေါ်စု ရွှေရတုပွဲအတူ (ကလောင်နဲ့)နွှဲခဲ့ကြသူတွေဖြစ်လို့ ကျွန်တော် လက်ယားလာတယ်။ နောက်ထပ်ရွှေရတု ကဗျာတစ်ပုဒ် ရေးချင်လာတယ်။

ဒေါ်စု ရွှေရတုအထိမ်းအမှတ်ထုတ်တဲ့ စာအုပ်မှာ ကျွန်တော် ကဗျာရှည်ကြီးတစ်ပုဒ်ရေးခဲ့တယ်။ "အလင်းငှက်သို့တမ်းချင်း" ဆိုလား ဘာလား မမှတ်မိတော့ဘူး။ စိန်ခဲတွေ မြခဲတွေ ထိန်ထိန်ကြဲတဲ့ ဒီမိုကရေစီသို့ ပန်းတိုင်ခရီးလမ်းမှာ လမ်းခင်းတဲ့ ကျောက်ခဲတွေပဲလို့ ခံစားမှု ပေါ်တယ်။ ကဗျာရှည်ကြီးရေးတယ်။ ဒါနဲ့ ကျွန်တော်တို့ အရပ်ခေါ် "ဒီလုံး"ဆိုတဲ့ လမ်းခင်းကျောက်အမည်ကို ကလောင်နာမည်လုပ်လိုက်တယ်။

လာပြန်ပြီ။ ကိုဋ္ဌေးအောင်ရဲ့ရွှေရတု။ နောင်မေ့မယ့်တူတူ။ ရှည်ရှည်ဝေးဝေး လံဘားကျောက်တံတားကဗျာမျိုး မရေးတော့။ တိုတိုပဲ။

**"စစ်ရွေးသံတိုင်ကြား**
**ရွှေမြစ်တစ်စင်းစီးမျောသွား**
**ခွတ်ဒေါင်းတွန်သံကြား။"**

ကဗျာက ရိုးရိုးရှင်းရှင်းပါ။ ရွှေမြစ်တစ်စင်းဆိုတာ ရွှေရတုအခါတော်တစ်ခုပေါ့။

◆

## ငရဲခန်းနဲ့မေတ္တာဘုံ

"ဒီမှာ ပရော်ဖက်ဆာကြီး နိုင်ငံရေးအကျဉ်းသားတွေရဲ့ ပြဿနာကတော့ တစ်ပုံကြီးပဲ။ ဒါပေမဲ့ ထောင်ထဲမှာ ကျွန်တော်တို့ချည်း ရှိတာမဟုတ်ဘူး။ ကျွန်တော်တို့ကိစ္စချည်း ရှိတာမဟုတ်ဘူး။ တခြားသာမန်အကျဉ်းသားတွေရဲ့ ပြဿနာကလည်း အရေးကြီးပဲဗျ။ ဒီဆေးရုံမှာ ကိုလှမြင့်ဆိုတဲ့ သာမန်အကျဉ်းသားတစ်ယောက် ဒီမှာရှိနေတယ်ဗျာ။ သူ့ပြဿနာက ကျွန်တော်တို့ထက် အများကြီးဆိုးတယ်။ သူ့ကိုရော ခင်ဗျားမတွေ့မမေးတော့ဘူးလား"

မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေးကိုယ်စားလှယ် ပရော်ဖက်ဆာ ပင်ညဲရိုးနဲ့ ကျွန်တော် စကားပြောနေတာပါ။ ၂၀၀၁ ခုနှစ်လေးကက ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဇည့်ခန်းဆောင်မှာ ကျွန်တော်တို့တွေ့ဆုံနေကြတာ

www.burmeseclassic.com

www.burmeseclassic.com



ပါ။ ပရောဖက်ဆာပါးစပ် ဟောင်းလောင်းဖြစ်သွားပါတယ်။ ကျင်စွယ်နှုတ်ခမ်းမွေး ပါးသိုင်းမွေးတွေကြားက သူ့မျက်နှာကြီးနီရဲသွားပါတယ်။

"နေဦး နေဦး ပရော်ဖက်ဆာကြီးရေ။ နိုင်ငံရေးအကျဉ်းသားကလည်း ဒီမှာ ကျွန်တော်တစ်ယောက်တည်း မဟုတ်ဘူးဗျ။ ဦးအေးသာအောင်တို့၊ ဦးထွေးမြင့်တို့၊ ဦးကျော်ဆန်းတို့တွေရှိသေးသဗျ။ သူတို့မှာလည်း ပြောစရာပြဿနာတွေ တစ်ပုံကြီးရှိမှာပဲ"

ပင်ညဲရီးအခန်းပြင်ထွက်သွားတယ်။ ကျွန်တော် ပြောစရာဆိုစရာကိစ္စတွေကို သူ့ရဲ့လက်ထောက် ပြင်သစ်လူမျိုး အရာရှိတစ်ယောက်နဲ့ လွှဲထားခဲ့တယ်။

နောက်မှ ကျွန်တော် ကြားရတာကတော့ ပင်ညဲရီးက ဘာမပြောညာမပြော ယူနီဖောင်းဝတ် အရာရှိတွေကိုသွားပြောတယ်။ သူ ဂတ်ဝပ်(Guard Ward)ကိုသွားမယ်။ လိုက်ခဲ့။ ဘယ်မှာလည်း ဂတ်ဝပ်၊ ဘယ်မှာလဲ နိုင်ငံရေးအကျဉ်းသားတွေ။ ဘယ်မှာလဲ သာမန်အကျဉ်းသားတွေလို့ မေးမေးပြောပြောလုပ်ပြီး လှေကားဆီကို ဒရောသောပါးသွားတယ်။ ထောက်လှမ်းရေးယူနီဖောင်းတွေ၊ ထောင်ယူနီဖောင်းတွေလည်း သူ့နောက်က အပြေးလိုက်ကြရတာပေါ့။

ပင်ညဲရီးက လှမြင့်နဲ့တွေ့မေးတယ်။ နိုင်ငံရေးအကျဉ်းသားတွေနဲ့တွေ့မေးတယ်။ အာဏာပိုင်တွေ သူ့ကိုတစ်ပတ်ရိုက်နေတာတွေ ဘွားခနဲပေါ်သွားတယ်ပေါ့။

လှမြင့်က ပဲခူးဒိုက်ဦးဘက်ကဆိုလား။ ခိုးမှုနဲ့ထောင်ကျနေတာတဲ့။ ကျောက်ထုစခန်းမှာ ကျောက်သယ်ရင်း လမ်းကူးတံတားကျိုးကျတော့ သူ့ခါးရိုးကျိုးသွားတယ်။ ဗိုက်ထဲက ကလီဇာတွေလည်း ပွဲလိမ်ကုန်တယ်။ ဒါနဲ့ဆေးရုံရောက်လာတယ်။

ဆေးရုံမှာ သူ့ကို နိုင်ငံရေးအကျဉ်းသားတွေနေတဲ့ အခန်းမှာ မထားဘူး။ အိမ်သာဘေးက အခန်းကျဉ်းလေးထဲမှာ တစ်ယောက်တည်းထားတယ်။ အခန်းကျဉ်းမှာ လူဝင်လူထွက်သံတံခါးတစ်ခုပဲရှိတယ်။ သံတံခါးမှာ သံဇကာကျဲထပ်ကပ်ထားသေးတယ်။ ပြတင်းတစ်ပေါက်မှမရှိဘူး။ အခန်းက အမြဲမှောင်နေတယ်။ လူဝင်တံခါးက ဖြတ်ဝင်လာတဲ့ အလင်းရောင်လောက်ပဲရှိတယ်။ သူ့ကို (၂၄)နာရီ တံခါးပိတ်ထားတယ်။



သူ နည်းနည်းလမ်းလျှောက်နိုင်တော့ ကျွန်တော်တို့ဆီလာပြီး စားစရာတောင်းတယ်။ ဆေးရုံကကျွေးတာလောက်နဲ့ သူဝပုံမပေါ်ဘူး။ ဆေးရုံက ထမင်းဟင်းကို တစ်ခါပဲပေးတာ။ (၁၂)နာရီလောက်မှာ ထမင်းဝေတယ်။ လိုရင် ညစာပါယူထား။ ကျွန်တော်ကလည်း ဆေးရုံထမင်းစားတယ်။ လှမြင့်နဲ့ထမင်း ယူရင်းဆုံတယ်။

တခြားလူတွေ နေ့တိုင်းအိမ်က ထမင်းချိုင့်ယူပေမဲ့ ကျွန်တော်က တစ်ပတ်တစ်ခါပဲယူတယ်။ မိတ်ဆွေကြီးကိုမောင်မောင်ခင်ကို ဒုက္ခမပေးချင်လို့။

အိမ်သာ ရေချိုးခန်းဘက်သွားတိုင်း ကျွန်တော် လှမြင့်ကို နှုတ်ဆက်တယ်။ ရောဂါအခြေအနေမေးတယ်။ စားစရာအခြောက်အခြမ်းထုပ်တွေပေးတယ်။ သံဇကာပေါက်က ချိုးညှစ်သွင်းပေးရတာ။

ကျွန်တော်တို့ နိုင်ငံရေးအကျဉ်းသားတွေက ဆယ့်ရှစ်ပေပတ်လည်အခန်းကျယ်ထဲမှာနေရတယ်။ ရခိုင်ခေါင်းဆောင် ဦးအေးသာအောင်ရှိတယ်။ ဒီမိုကရေစီပါတီက ဦးထွေးမြင့်ရှိတယ်။ ဒီချုပ်က ဒုဗိုလ်မှူးကြီးကျော်ဆန်းရှိတယ်။

ကျွန်တော်တို့က လှမြင့်ထက် အနေချောင်သလိုရှိပေမဲ့ ဆင်းရဲဒုက္ခအနေကျပ်ပုံကတော့ ထူးမခြားနားပါ။ တစ်နေ့လုံး အခန်းတံခါးသော့ခတ်ထားလို့ တစ်နေ့လုံး မှောင်ထဲမဲမဲနေရပါတယ်။ ဒါတောင် ၁၉၉၇လောက်က ဒေါ်စိုးစိုးထွန်းဆိုတဲ့ မန္တလေးက စေတနာရှင် အကျဉ်းသူတစ်ယောက်ကရုဏာပေါက်ပြီး အိမ်သာပြင်၊ ရေချိုးခန်းပြင်၊ လူနေခန်းပြင်၊ မီးချောင်းတပ်၊ ပန်ကာတပ် လုပ်သွားပေလို့ ဒီလောက် လူလိုသူလိုနေကြရတာပါ။

ကျွန်တော်တို့မျက်စိအောက်မှာ လူလိုသူလိုမနေရတဲ့ သာမန်အကျဉ်းသားတစ်ယောက်ရှိနေတာ စိတ်ထဲမှာ ဖျောက်လို့မရဘူး။ ပေးနိုင်တာပေး၊ ကမ်းနိုင်တာကမ်း၊ လူကိုလူလိုမသိ၊ လူမှန်းမသိ၊ လူလိုမဆက်ဆံတဲ့ ရဲအစောင့်တွေ၊ ဆေးရုံဝန်ထမ်းတွေကို ကျွန်တော်တို့ လှမြင့်ကိုယ်စား ရှေ့နေလိုက်ရတယ်။ ရန်တွေ့ရတယ်။ တောင်းဆိုရတယ်။

လူ့အခွင့်အရေးပါမောက္ခကြီးအကြောင်း ဆက်ပြောရဦးမယ်။ ပင်ညဲရီးက လှမြင့်ကို တွေ့ပြီး ဖြစ်ကြောင်းကုန်စင်မေးတယ်။ လှမြင့်တစ်ယောက် အကြီးအကျယ်နာမကျန်းဖြစ်နေတဲ့ကြားက တိရစ္ဆာန်လိုနေနေရတာ မျ[illegible]ဝါး ထင်ထင် မြင်သွားတယ်။ ထောင်ဝင်စာမရှိလို့ စားရမဲ့ သောက်ရမဲ့[illegible]ရောက်

www.burmeseclassic.com



နေရတာ ဘွားဘွားကြီးမြင်သွားတယ်။ ဆေးဝါးကုသမှုဘက်မှာ ဘယ်လောက် ပျက်ကွက်နေတာ၊ သူ ဆရာဝန်မဟုတ်လို့ သိချင်မှသိပေလိမ့်မယ်။ ဒါပေမဲ့ ခွေးစားခွက်လိုမျိုးနဲ့စားပြီး ဝက်စားကျင်းလိုမျိုးမှာ နေနေရတာဟာ လူနာ လူမမာတစ်ယောက်အဖို့ မဖြစ်သင့်ဘူးဆိုတာတော့ သိသွားမှာကေန်ပါပဲ။

နိုင်ငံရေးအကျဉ်းသားအခန်းက နိုင်ငံရေးအကျဉ်းသားတွေနဲ့တွေ့ပြန် တော့လည်း ပင်ညဲရှီးခံစားချက် သုံးလေးမျိုးနဲ့ အရှိုက်ထိုးခံရသလို ရင်နာ သွားပုံရရဲ့။

ပင်ညဲရှီးတစ်ယောက် ငါအလိမ်ခံရတာပါကလားဆိုတဲ့ ရင်နာရပုံမျိုး ပိုပြီးခံစားရမယ်ဆိုတာ သေချာတယ်။ အာဏာပိုင်တွေက သူ့ကိုဆေးရုံမှာ နိုင်ငံရေးအကျဉ်းသားတွေရှိတယ်လို့ မပြောဘူး။ သူ့မှာ သိပ်တွေ့ချင်နေတဲ့ တိုင်းရင်းသားခေါင်းဆောင်တစ်ယောက် ရှိနေတယ်ဆိုတာ ဖုံးကွယ်ထားတယ်။ ပြီးတော့ အတိုက်အခံဘက်မှာ ပါဝင်လှုပ်ရှားနေတဲ့ တပ်မတော်အရာရှိကြီး တစ်ယောက် ရှိနေတယ်ဆိုတာလည်း အမှောင်ချထားတယ်။ ပြီးတော့ မဆလ လက်ထက်မှာ သေဒဏ်နှစ်ထပ်ကွမ်းကျခဲ့ရပြီး စစ်အာဏာရှင်ခေတ်မှာလည်း ထောင်တစ်သက်ကျခံနေရတဲ့ နိုင်ငံရေးခေါင်းဆောင်တစ်ယောက်ရှိနေတယ် ဆိုတာလည်း အသိမပေး။

နိုင်ငံရေးအကျဉ်းသားတွေနဲ့ ပင်ညဲရှီး စကားပြောဖြစ်အောင် ပြောခဲ့ တယ်။ ဒီနေ့ အချိန်မရတော့လို့ မနက်ဖြန်မှတွေ့မယ်။ မရရအောင် တွေ့ခွင့် တောင်းမယ်။ မဖြစ်ဖြစ်အောင်လာတွေ့မယ်။ အာမတွေခံသွားတယ်။ ကတိတွေ ပေးသွားတယ်။

ကျွန်တော်ရှိရာ ဧည့်ခန်းဆောင်ကို ပင်ညဲရှီး ပြန်လာတယ်။ ကျွန်တော် နဲ့ ဆက်စကားပြောတယ်။ မေးစရာတွေမေးတယ်။

"နိုင်ငံရေးအကျဉ်းသားတွေ တွေ့ခဲ့သေးလား"

"တွေ့ပေါ့ဗျာ။ အများကြီးရှိနေတာပဲ။ မနက်ဖြန် သူတို့နဲ့တွေ့ဖို့ ကျွန်တော်တောင်းမယ်။ တွေ့ကိုတွေ့မယ်။ ဘာရမလဲ"

"လှမြင့်ရော"

"တွေ့ခဲ့တယ်။ စိတ်မကောင်းဘူးဗျာ။ သူက လူနာမဟုတ်ဘူးဗျ။ (No patient)။ တိရစ္ဆာန်နာ။ ခွေးလေခွေးလွင့်ဖြစ်နေရတော့တာ (a pariah)။ ခွေးနာ ဗျ။ တိရစ္ဆာန်နာဗျ"



"အေးဗျာ အဲဒီလို လူမျိုးတွေကို ပိုအလေးထားပါဗျာ။ ပိုအကူအညီပေး ပါဗျာ။ ပိုအကာအကွယ်ပေးပါဗျာ။ နိုင်ငံရေးအကျဉ်းသားတွေထက် ပိုပြီး ဘဝပျက်နေရတဲ့သူတွေပါဗျာ။ သူတို့ခမျာ ထောင်ကျလို့ အနိုင်းခံရတယ်။ အနိုင်းခံထောင်သားဖြစ်လို့ အညဉ်းဆဲခံရတယ်။ အနိုင်ကျင့်ခံရတယ်။ ခေါင်း ပုံဖြတ်ခံရတယ်။ ပစ်ပယ်ထားခံရတယ်။ အဲဒီလိုခံနေရတဲ့လူတွေက ထောင်နဲ့ အပြည့်ဗျို့"

ပင်ညဲရှီးက စိတ်ချ စိတ်ချ ကျုပ်လုပ်ပေးမယ်၊ ကျုပ်လုပ်ပေးမှာပါလို့ ကျွန်တော့်ကို ကတိတွေပေးသွားတယ်။

ဒီနေရာမှာ အလျဉ်းသင့်သလို နည်းနည်းလေး စကားဖြတ်ပြောပါရစေ ဗျာ။ ကျွန်တော့်ကို အချောင်ဝင်အသားယူတယ် လက်ညှိုးထိုးချင်ထိုးပါ။ ကြွား လုံးထုတ်တယ် စွပ်စွဲချင်စွပ်စွဲပါ။ မဆီမဆိုင် မင်္ဂလာဝင်ယူတယ် မာန်မဲချင် မာန်မဲပါ။ ပြောချင်တာက ဒီလိုပါ။

ပင်ညဲရှီး အပြန်ခရီး၊ ဘန်ကောက်မြို့ရောက်တိုင်း လေဆိပ်မှာ သတင်း စာရှင်းလင်းပွဲလုပ်တယ်။ ရှင်းပွဲတစ်ခုမှာ ကျွန်တော့်အကြောင်းအရာသွင်းပြီး ရှင်းပြသွားသတဲ့။ ဦးဝင်းတင်က သူနစ်နာခံစားနေရတာတွေ ပြောတာထက် သူတစ်ပါးနစ်နာခံစားနေရတာတွေကို ပိုပြောတယ်လို့ ထောက်ပြသွားသတဲ့။ တကယ်တော့ ကျွန်တော်သာမဟုတ်ဘူး။ ကျွန်တော်တို့နိုင်ငံရေးအကျဉ်းသား အားလုံး ဒီလိုပါပဲ။ ကိုယ့်မျက်စိရှေ့အောက်ရှိတာ သာမန်အကျဉ်းသားတွေရဲ့ ဒုက္ခဆင်းရဲတွေ၊ အငတ်အပြတ်တွေ၊ အနာအကျင်တွေ၊ အဖိအနှိပ်တွေကို ကျွန်တော်တို့မျက်စိမှိတ်မနေပါဘူး။ ကျောခိုင်းမနေပါဘူး။ ဗိုင်းပြောဗိုင်းအော်၊ ဗိုင်းတောင်း နေကြတာပါပဲ။ ကျွန်တော်တို့ရဲ့ပါးစပ်တွေ၊ နှလုံးသားတွေ၊ ဦးနှောက်တွေဟာ ကျွန်တော်တို့ကိစ္စသက်သက်အတွက်ချည်း မဟုတ်ပါဘူး။ ဘဝတူနိုင်ငံရေးအကျဉ်းသားကိစ္စ သက်သက်အတွက်ချည်း မဟုတ်ပါဘူး။ သာမန်အကျဉ်းသားတွေရဲ့ ခံစားမှုတွေအတွက်ပါဖြစ်ပါတယ်။

နိုင်ငံရေးအကျဉ်းသားတွေအဖို့ သာမန်အကျဉ်းသားတွေဆိုတာ သူတို့ရဲ့ပြည်သူတွေပါပဲ။ သူတို့ဟာသူတို့ရဲ့ပြည်သူတွေနဲ့ တစ်ထပ်တည်း တစ် ဘဝတည်း၊ တစ်သွေးတည်း တစ်သားတည်းပါ။

ပင်ညဲရှီးကိစ္စ ပြန်ကောက်ရရင် နောက်တစ်နေ့ လေဆိပ်ဆင်းခါနီး ပင်ညဲရှီးပြန်လာတယ်။ ရခိုင်ခေါင်းဆောင်ဦးအေးသာအောင်နဲ့ တွေ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဦးအေးသာအောင်က အဲဒီအချိန်မှာ လွှတ်တော်ကိုယ်စားပြုကော်မတီ (CRPP)ရဲ့ အတွင်းရေးမှူးတာဝန်ယူထားသူဖြစ်လို့ နိုင်ငံရေးပြဿနာတွေကိုရော၊ သူကိုယ်တိုင် နိုင်ငံရေးအကျဉ်းသားဖြစ်လို့ နိုင်ငံရေးအကျဉ်းသားပြဿနာတွေကိုပါ အများကြီးပြောပြနိုင်လိုက်တယ်။ ကန့်ကွက်ချက်တွေ၊ တောင်းဆိုချက်တွေလည်း အများကြီးတင်ပြနိုင်လိုက်တယ်လို့ ကြားရတယ်။

ဦးအေးသာအောင်က သိပ်စေ့စပ်တဲ့သူ၊ ထောင့်စေ့တဲ့သူ၊ သူက ကျွန်တော့်ကိုပြောတယ်။ ပြောစရာတွေအများကြီးရှိတယ်။ လိမ့်ပတ်လည်အောင် ခင်ဗျားစကားပြန်လုပ်ဗျာတဲ့။ ကျွန်တော်ဝင်ပါလို့ ဘယ်ရမလဲ။ ထောက်လှမ်းရေးက စကားပြန်စီစဉ်ပေးမယ်လို့ ပြောမှာပေါ့။ ဦးအေးသာအောင်ကလည်း ဘာရမလဲ။ မှတ်စုတွေရေးသွားပြီး သူကိုယ်တိုင်ကြဲတာပေါ့။ ပင်ညဲရိုးနဲ့တွေ့ပြီးတော့ ထောက်လှမ်းရေးက သူ့တစ်ကိုယ်လုံးကို ရှာဖွေရေးလုပ်ဖို့ပြင်တယ်။ သူက သူ့မှတ်စုတွေကို ပါးစပ်ထဲထည့် ဝါးပစ်တယ်။ မြောင်းထဲပစ်ချလိုက်တယ်။

အဲဒီနောက် ဒုတိယဗိုလ်မှူးကြီးကျော်ဆန်းကိုလည်း တွေ့မေးသွားတယ်လို့ သိရတယ်။

သာမန်အကျဉ်းသားလေးလှမြင့်အတွက် အလေးအနက် အရေးတယူ ဆောင်ရွက်လာခဲ့တဲ့ ပါမောက္ခပင်ညဲရိုးကို ကျွန်တော်တို့လေးစားကျေးဇူးတင်တယ်။ လူ့အခွင့်ရေးဆိုင်ရာ ကုလသမဂ္ဂကိုယ်စားလှယ်တွေဟာ နိုင်ငံရေးအကျဉ်းသားကိစ္စလောက် အရေးထားရကောင်းမှန်းမသိတာ မဟုတ်ဘူး။ သာမန်အကျဉ်းသားကိစ္စကိုလည်း အရေးတယူ အလေးတမူ လုပ်တယ်ဆိုတာကိုယ်တွေ့မျက်မြင် မြင်လိုက်ရလို့ ကျွန်တော်တို့ဝမ်းသာခဲ့ရတယ်။

သာမန်အကျဉ်းသားတွေရဲ့ ထောင်တွင်းဆင်းရဲဒုက္ခတွေနဲ့ ပတ်သက်လာရင် နိုင်ငံရေးအကျဉ်းသားတွေ ဘယ်တုန်းကမှ လျစ်လျူရှုမထားခဲ့ပါဘူး။ လက်ပိုက်ကြည့်မနေခဲ့ပါဘူး။

လွန်ခဲ့တဲ့ နှစ်(၇၀)ကျော်က ဖတ်ခဲ့တဲ့ "ထောင့်အရသာ"ဆိုတဲ့စာအုပ်မှာ နိုင်ငံရေးအကျဉ်းသားတွေရဲ့ စာနာမှုပမာဏ၊ ကရုဏာအတိုင်းအဆနဲ့ ထောက်ထားမှု ထုထည်ကို ကွက်ကွက်ကွင်းကွင်း ဖတ်ခဲ့ရပါတယ်။



ခွေးခေါင်းပြောင်းပြန်သခင်လှမောင်တို့၊ သခင်စံထွန်းလှတို့၊ သခင်သန်းထွန်းတို့ဆိုတဲ့ ရဲရဲတောက် သခင်ခေါင်းဆောင်တွေရဲ့ "တခြားအကျဉ်းသား"တွေအပေါ်ထားတဲ့ ကရုဏာစိတ်၊ စာနာစိတ်၊ ထပ်တူပြုစိတ်တွေကို အများကြီးသိရမှတ်ရတယ်။

သူတို့စာတွေထဲမှာ တခြားအကျဉ်းသားတွေရဲ့ နေထိုင်စားသောက်မှု အခြေအနေတွေအပေါ်မှာ ထောင်အာဏာပိုင်တွေကို ပြစ်တင်ရှုတ်ချထားတာတွေ အများကြီးတွေ့ရတယ်။ အကျဉ်းသားတွေကို အလုပ်ကြမ်းတွေခိုင်းစေပြီး ရတဲ့လုပ်ခနဲ့ မတန်အောင် "ခွေးအန်ဖတ်လို ထမင်းဟင်း" ကျွေးနေတာကို သူတို့ အများကြီး ဝေဖန်ခဲ့တယ်။ တခြားအကျဉ်းသားတွေ ရေချိုးရတဲ့ကိစ္စကိုလည်း အထူးတလည် ရှုတ်ချခဲ့တယ်။

အဲဒီအချိန်က အကျဉ်းသားတွေ ရေချိုးရင် ရေလဲလုံချည်မပေးဘူး။ မိမွေးတိုင်းဖမွေးတိုင်း ကိုယ်လုံးတီးရေချိုးကြရတာ၊ ဒါကို သခင်ခေါင်းဆောင်တွေက အပြင်းအထန်ရှုတ်ချကြတယ်။ မြန်မာလူမျိုးတွေရဲ့ ဟိရိဩတ္တပ္ပကို ချိုးဖျက်ရာရောက်လို့ အပြင်းအထန်ပြစ်တင်ပါတယ်။ ထောင်ပရိယာယ်မျိုးစုံအောက်မှ သားကောင်သဖွယ်ဖြစ်နေကြရတဲ့ ရိုးရိုးသားသား ဆင်းရဲသားမြန်မာတွေကို ဘယ်လိုပညာပေးပြုပြင်ရမလဲဆိုတာကို အမြဲကြံဆ မြော်မြင်ကြတယ်။

ထောင်ထဲမှာ အခြားအကျဉ်းသားတွေကို စည်းရုံးနိုင်ရမယ်။ ပညာပေးနိုင်ရမယ်။ နိုင်ငံရေးနိုးကြားအောင် လုပ်ရမယ်၊ ဒါတွေဟာ နိုင်ငံရေးသမားတိုင်းရဲ့ တာဝန်ပဲရယ်လို့လည်း သတ်မှတ်ခဲ့ကြတယ်။

ဒီလို အသိအမြင်တွေကို ထောင်စာရေးဆရာများဖြစ်တဲ့ နိုင်ငံရေးသမားဝန်ကြီးချုပ်ဟောင်းဦးနုတို့၊ စာရေးဆရာသိန်းဖေမြင့်တို့၊ သတင်းစာဆရာ လူထုဦးလှတို့က ထပ်ဆင့်ဖောက်သည်ချခဲ့ကြတယ်။ သူတို့တစ်တွေရဲ့ကျေးဇူးနဲ့ ကျွန်တော်တို့ခေတ်မှာ ထောင်ဘဝအမြင်ကျယ်သင့်သလောက် ကျယ်ခဲ့ပါရဲ့။ ကျွန်တော်တို့ "တခြားအကျဉ်းသား"တွေရဲ့ဘဝကို မေ့မထားပါဘူး။ မသိကျိုးကျွံလုပ်မထားပါဘူး။ ပြောသင့်တာဝင်ပြော၊ ကူသင့်တာ ဝင်ကူခဲ့ကြပါတယ်။

ကျွန်တော်တို့နိုင်ငံရေးအကျဉ်းသား အများစုက တိုက်ပိတ်ခံရတွေ။ အချင်းချင်းလည်း တယ်မတွေ့ရ။ အခြားအကျဉ်းသားတွေနဲ့လည်း သိပ်မရော

www.burmeseclassic.com

www.burmeseclassic.com



ရတဲ့ အခြေဆိုက်နေကြတာ။ ဒီတော့ တခြားအကျဉ်းသားတွေနဲ့ အဆက်အဆံ ပြတ်နေတယ်။ သူ့အကြောင်း ကိုယ်မသိ၊ ကိုယ့်အကြောင်း သူမသိဖြစ်နေတာ များတယ်။ စကားပြောဖို့၊ မေးဟယ်မြန်းဟယ်လုပ်ဖို့ အချိန်မရ။ ဝန်ထမ်းတွေကလည်း ခွင့်မပြု။ ဒို့ဗမာသခင်တွေ ထောင်ကျတဲ့ခေတ်ကလို နိုင်ငံရေးအကျဉ်းသားတွေကို လုပ်အားပေးတွေခွင့်ပြုထားတာမျိုး ဒီခေတ်မှာ လုံးဝမရှိတော့ပါဘူး။ ဟိုခေတ်တုန်းကတော့ နိုင်ငံရေးအကျဉ်းသားတွေအတွက် အခြားအကျဉ်းသား လုပ်အားပေးတွေ ခွင့်ပြုထားတယ်။ ထမင်းချက်အဖွဲ့တဲ့။ ဗျတ်ထိုးအဖွဲ့တဲ့။(ရှူးခပ်ကျွေးမွေးတဲ့သူတွေ) လက်တိုလက်တောင်းအဖွဲ့တဲ့။ (လိုတာခိုင်းဖို့လူတွေ)။

ဒီခေတ်မှာတော့ သာမန်အကျဉ်းသားတွေကို အမြဲဆင်း(အမြဲအလုပ်ဆင်းရတဲ့သူ)ဆိုပြီး တိုက်တစ်လုံးကို လေးယောက်လောက်ပေးထားတယ်။ သောက်ရေခပ်လည်းသူတို့။ ထမင်းဝေလည်းသူတို့။ အဝတ်လှန်းလည်း သူတို့။ လက်တို့လက်တောင်းလုပ်ရတာလည်း သူတို့ပဲပေါ့လေ။ သူတို့က အပြင်ဘက်မှာ လမ်းသလားနေကြ။ ကျွန်တော်တို့က သံတိုင်နောက်က အခန်းထဲမှာ ငုတ်တုတ်ထိုင်ကြ။ စကားမပြောရ။ ပစ္စည်းအပေးအယူမလုပ်ရ။ ညနေစောင်းပိတ်တော့ သူတို့နေရင်းအဆောင်ကို ပြန်ကြပေါ့လေ။ နောက်တစ်နေ့မနက် မိုးလင်းတော့လည်း ဒီလိုပဲ လာလိုက်ပြန်လိုက်ပေါ့။

ကျွန်တော်တို့ သံတိုင်နောက်မှာ ငုတ်တုတ်ထိုင်နေကြပေမဲ့ ဘာသိဘာသာမနေကြပါဘူး။ ချိတ်စရာရှိတာချိတ်၊ ဆက်စရာရှိတာဆက်ပါပဲ။ သူတို့အတွက် ကူစရာညီစရာ သိုင်းစရာဝိုင်းစရာ အော်စရာဟစ်စရာတွေပေါ်ရင်လည်း ဝိုင်းအုံထကြွကြတာပါပဲ။

မှတ်မိသေးတယ်။ ၁၉၉၃လောက်မှာပါ။ ကျွန်တော် တိုက်–သုံး၊ အခန်း(၂)မှာနေတယ်။ သာမန်အကျဉ်းသား လူငယ်လေးတစ်ယောက် ကျွန်တော်တို့တိုက်မှာ အမြဲဆင်းတာဝန်ကျတယ်။ မနက်တိုင်း ရေခပ်တယ်။ သောက်ရေကို တိုက်သုံးနဲ့တိုက်နှစ်ကြားက ရေကန်ကြီးကရေပိုက်မှာ သွားခပ်ရတယ်။ သူ သောက်ရေခပ်ချိန်မှာ တိုက်နှစ် တာဝန်ကျဝန်ထမ်းကလည်း တိုက်နှစ်အကျဉ်းသားတွေ ရေချိုးချနိုင်ဖို့ ရေကန်မြန်မြန်ပြည့်စေချင်တယ်။ အမြဲဆင်းကလည်း တိုက်နှစ်အခန်းစေ့ သောက်ရေမြန်မြန်ပြည့်စေချင်တယ်။



တိုက်နှစ်တာဝန်ကျဝန်ထမ်းက တားတယ်။ သူက သောက်ရေခပ်မြဲခပ်တယ်။ နောက်ဆုံးတော့ တိုက်နှစ်ဝန်ထမ်းက တိုက်သုံးထဲလိုက်လာပြီး အမြဲဆင်းကို ထိုးတယ်။ ပိန်ချိချိအကျဉ်းသား နောက်ကောက်ကျသွားတယ်။

ကျွန်တော်တို့ရှေ့တင် ဖြစ်တာဆိုတော့ ကျွန်တော်တို့ဝိုင်းအော်ကြတာပေါ့။ တာဝန်ခံအရာရှိတွေ ရောက်လာတယ်။ ဖျန်ဖြေပေးတယ်။ လက်သီးသမားဝန်ထမ်း ပြုတ်သွားတယ်ဆိုလား။ ရွှေ့သွားတယ်ဆိုလား သတင်းကြားရတယ်။ ရခိုင်အကျဉ်းသားမောင်မောင်သန်းဆိုတဲ့ ဝန်ထမ်းတဲ့။

၁၉၉၅ လောက်မှာလည်း ဒီလိုကိစ္စကြုံရပြန်တယ်။ တိုက်သုံးမှာ သက်ကြီးရွယ်အို အမြဲဆင်းတစ်ယောက်ရှိတယ်။ ဦးလှိုင်လို့ခေါ်ကြတယ်။ ဘလှိုင်လို့လည်း ခေါ်ကြတယ်။ သန်လျင်ဘက်တဲ့။ သူက အဘိုးကြီးမို့ အလုပ်သိပ်မလုပ်ရဘူး။ နိုင်ငံရေးအကျဉ်းသားတွေရဲ့ လှုပ်ရှားမှုတွေကို သတင်းပေးရတယ်။

တစ်နေ့ ကျွန်တော် ရေချိုးဆင်းချိန်မှာ ရှေ့နေကြီး ဦးထွန်းတင်(ဒီချုပ်ဗဟိုကော်မတီဝင်၊ ရန်ကုန်တိုင်းစည်းရုံးရေးကော်မတီဝင်) အခန်းရှေ့သွားစကားပြောတယ်။ ဦးလှိုင်က တိုက်သုံးရှေ့က သစ်ပင်တစ်ပင်အောက်မှာ ရပ်ပြီးနေတယ်။ ကျွန်တော်တို့ကို မမြင်ချင်ယောင်ဆောင်နေတယ်။ တိုက်တိုက်ဆိုင်ဆိုင် အဲဒီအချိန်မှာ ထောင်မှူးမိုးဟိန်း တိုက်ရှေ့တန်းကလျှောက်လာတယ်။ တိုက်ဆိုင်မှုပဲလား။ တမင် ချောင်းဖမ်းတာလားတော့ မသိဘူးပေါ့။ သူက နာမည်ဆိုးနဲ့ကျော်ကြားသူ။ သူ့ကို မသိဘူးမကြားဘူးသူမရှိဘူး။ ထောင်အရာရှိမဖြစ်ခင်က သူက အကျဉ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ဗိုလ်မှူးကြီးအုန်းဟန်ရဲ့မော်တော်ကားမောင်းသူ။ ငွေကုန်ကြေးကျအတော်ခံပြီးထောင်မှူးဖြစ်လာတယ်လို့ သတင်းကျော်တယ်။

မဆိုးပါဘူး။ ဦးလှိုင်ကို တိုက်ရုံးကခေါ်တယ်။ စစ်တယ်၊ မေးတယ်။ ပြီးတော့ သူ့ကို တိုင်တစ်တိုင်မှာ ကြိုးတုပ်ပြီး နေပူလှမ်းတယ်။ နေလှမ်းတယ်ဆိုတာ ဘာမဟုတ်တဲ့ကိစ္စလို့ မထင်လေနဲ့။ အတော်ပြင်းထန်တဲ့ ညှဉ်းပမ်းဒဏ်ပေးမှုဖြစ်ပါတယ်။ ဒီအလုပ်မျိုးကို ဘယ်နိုင်ငံမှာမှ မသုံးဘူး။ ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ဖက်ဆစ်ဂျပန်စစ်ထောက်လှမ်းရေးတွေသာသုံးခဲ့တယ်။

ဦးလှိုင်သတင်းကို ကျွန်တော်တို့ ချက်ချင်းကြားတယ်။ ကျွန်တော်တို့ဆူပူကန့်ကွက်ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



မကြာလိုက်ဘူး။ ဦးလှိုင်ကို နေ့ပူလှမ်းထားရာက လွှတ်ပေးလိုက်တယ်။

ထောင်ထဲမှာ လူချင်းစာနာမှု၊ လူချင်းကူညီရိုင်းပင်းမှု၊ လူချင်းကာကွယ်စောင့်ရှောက်မှု ကျင့်ဝတ် စိတ်ဓာတ်တွေကို နိုင်ငံရေးအကျဉ်းသားတိုင်း စွဲစွဲမြဲမြဲကျင့်သုံးခဲ့ကြတယ်။

လူဆိုးလူယုတ်တွေက ငရဲခန်းကို ဖန်တီးနေခဲ့ကြတယ်။ လူကောင်းလူမြတ်တွေက မေတ္တာဘုံကို တည်ဆောက်နေခဲ့ကြတယ်။

◆

## နိုင်ငံရေးအမွေကြီးခံများ

ထောင်ထဲရောက်သွားတော့ သူလိုကိုယ်လို အကျဉ်းသားချည်းမဟုတ်။

သူဌေးသူကြွယ်ကြီးတွေ၊ ဝန်ငယ်ဝန်ကြီးတွေ၊ မိုလ်မှူးဗိုလ်ချုပ်တွေ၊ ဝါနု ဝါရင့်နိုင်ငံရေးသမားတွေ၊ တော်လှန်ရေးသမားတွေ၊ သူပုန်သူကန်တွေ၊ ဘုန်းကြီးရဟန်းတွေ၊ ကျောင်းသားလူငယ်တွေ၊ စာရေးဆရာ၊ ကဗျာဆရာ၊ သတင်းစာဆရာတွေ၊ ပြည်သူ့ကိုယ်စားလှယ်တွေ၊ သံကြီးတမန်ကြီးတွေ၊ လူမျိုးခြားတွေ။

ဩော် စုံလို့ပါကလား။ အကြောင်းအမျိုးမျိုးနဲ့ လူအမျိုးမျိုးထောင်ထဲရောက်လာနေကြပါကလား။ ပတ်ဝန်းကျင်သစ်ကို ကြည့်ပြီး ကျွန်တော်တွေးနေမိတယ်။

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းအမျိုးမျိုးနဲ့လို့ ကျွန်တော် ပြောပေမဲ့ အဓိကအကြောင်းကတော့ စစ်အာဏာရှင်တွေရဲ့ တရားလက်လွတ် နိုင်ငံရေးဖိနှိပ်မှု၊ ချုပ်ချယ်မှု၊ ပတ်ကြမ်းတိုက်မှု၊ ရန်ငြိုးအာဃာတကြီးမှု၊ တန်ဆာခံလုပ်မှု၊ နင်မဟုတ်နင့်အဖေလုပ်မှု စတဲ့ နိုင်ထက်စီးနင်းမှုတွေပဲ ဖြစ်ပါတယ်။

တစ်နည်းစဉ်းစားတော့ စစ်အာဏာယန္တရားကြီးဟာ ဖိနှိပ်ခံပြည်သူလူထုထဲက ပြစ်ဒဏ်သင့်သူတွေသာမက သူ့ဘို့သွေးထဲသားထဲကလူတွေ၊ သူတို့အသိုင်းအဝိုင်းထဲကလူတွေ၊ သူတို့လက်ပါးစေတွေ၊ အလိုတော်ရိတွေ၊ ရှူးတိုက်ခွေးတွေကိုလည်း စိတ်မထင်ရင် ထောင်ထဲကန်သွင်းနေတာပါပဲလားလို့ နားလည်လာရပါတယ်။

ကျွန်တော်က ထောင်ထဲမှာ နှစ်ပေါင်း ၂၀ နီးပါး ကျင်လည်ခဲ့ရတယ်ဆိုပေမဲ့ အသိအမြင်၊ အကြုံအဆုံ အလွန်နည်းပါးတယ်။ ထောက်လှမ်းရေးကလား၊ ထောင်ကလားတော့ မသိဘူး။ ကျွန်တော့်ကို တကူးတက ဂရိုချိုးပြီးတော့ကို နှိပ်ကွပ်တယ်ထင်တာပဲ။

ထောင်အစောပိုင်းနှစ်တွေမှာ ကျွန်တော် ခွေးနေရာမရဆိုသလို ဖြစ်နေခဲ့ရတယ်။ ဘယ်နေရာမှ ဖင်ချွေးအောင် မထိုင်ရ၊ ကျောချွေးအောင် မအိပ်ရ၊ အတည်တကျနေရတယ်ကို မရှိခဲ့ဘူး။ ဟိုတိုက်ရွှေ့ ဒီအဆောင်ပြောင်း၊ အဆောင်တစ်ခုထဲ၊ တိုက်တစ်ခုထဲမှာတောင် အခန်းတွေရွှေ့နေရတာ။ ဘယ်သူနဲ့မှ မျက်နှာတန်းမိလောက်အောင် ကြာကြာမနေရ၊ ဒီအထဲ စစ်ကြောရေးကို နေ့ကြာရက်ရှည် သွားရသေး၊ ဆေးရုံတက်လိုက်ရသေး။

ဒီလိုနဲ့ ကိုယ့်လူချင်းလည်း မကြုံရမဆုံရ၊ သာမန်အကျဉ်းသားတွေနဲ့လည်း မတွေ့ရ မပြောရ၊ ထောင်အတွေ့အကြုံ အလွန်နည်းခဲ့တယ်။ တစ်ကိုယ်တော် ငရဲကျသလို ဖြစ်နေခဲ့ရတယ်။

ဒီကြားထဲကပဲ စိတ်ဝင်စားစရာ အကျဉ်းသားအချို့ကို ကျွန်တော် မြင်ခဲ့ရတယ်။ အကျဉ်းသားအချို့အကြောင်း ကျွန်တော် ကြားခဲ့ရတယ်။ ဒီလိုဆုံခဲ့ မြင်ခဲ့ ကြားခဲ့ရတယ်သာဆိုတာ၊ သူတို့နဲ့ စကားလက်ဆုံကျလောက်အောင် အထိ တွေ့ခဲ့ဆုံခဲ့ရတာ မဟုတ်ပါဘူး။ ဖျတ်ခနဲ မြင်၊ ဖျတ်ခနဲ တွေ့ သဘောလောက်ပါပဲ။

ဒီလို ဖျတ်ခနဲ ရုပ်ပုံလွှာတွေကို ကျွန်တော် ပြန်ပြောပြမယ်လို့ စိတ်ကူးတော့ တချို့တလေကို အသားပေးပြောချင်တာတွေ ရှိလာတယ်။ အဲဒီတချို့



ဆိုတာက နိုင်ငံရေးမိသားစုကြီးတွေထဲက ပေါက်ဖွားလာသူတွေဖြစ်ပါတယ်။ တချို့ဆိုရင် သူတို့ကိုယ်တိုင်လည်း ထင်ရှားသူတွေ ဖြစ်ပါတယ်။

၁၉၉၁ မှာ ကျွန်တော် တိုက်-၃ ရောက်သွားတယ်။ ဟိုအခန်း ဒီအခန်းပြောင်းနေရာက အခန်း-၂ကို ရောက်သွားတယ်။ အခန်း-၁မှာ ဦးရဲထွန်းရှိတယ်။ သူ့ကို လူရိပ်တောင် မမြင်ရခင်ကတည်းက သူ့သတင်းမျိုးစုံကို ကြားနေရတယ်။ နေ့တိုင်း စီးကရက်တစ်ဘူးသွင်းသတဲ့။ စားကောင်းသောက်ဖွယ်တွေ စုံသတဲ့။ ရေချိုးချိန် သူများထက်ပိုရသတဲ့။ လမ်းလျှောက်ရှူးဖိနပ် (Walking Shoes) သွင်းစီးသတဲ့။

သူ့အသံတွေကိုလည်း ကြားနေရတယ်။ သူက အခန်းပြင်ကြာကြာထွက်ခွင့်ရလို့လား။ ကြာကြာထွက်ခွင့်ရအောင် "ကြံ"နိုင်လို့လားမသိ။ မကြာမကြာ လူငယ်တွေနဲ့ စကားပြောနေသံတွေကို ကြားရတယ်။ သူ အမေရိကန်မှာနေခဲ့တဲ့အကြောင်း၊ တက္ကစီမောင်းသမားလုပ်ခဲ့ဘူးတဲ့အကြောင်း၊ အစ္စရေးကုမ္ပဏီနဲ့ တယ်လီဖုန်းလုပ်ငန်း လုပ်တဲ့အကြောင်း။ အသံတွေက အတော်စုံတယ်။

"ငါ ဆီအုန်းတွေ သွင်းရောင်းခဲ့ဖူးတယ်။ သိပ်ခဲတဲ့ဆီအုန်းတွေက ကြာကြာစားရင် သေတတ်တယ်ကွ"

"ဒါလည်း ဦးရဲက သွင်းတာပဲလား"

"သွင်းတာပေါ့ကွ"

"ရောင်းတာပဲလား"

"ရောင်းတာပေါ့ကွ"

သူ့အသံတွေ နားထောင်ရတာက ပျော်စရာပါပဲ။ လူငယ်တွေကလည်း သူ့ကိုခင်ပုံပေါ်တယ်။ အထင်ကြီးပုံလည်းရတယ်။

မင်းကိုနိုင်တို့၊ မင်းဇေယျာတို့၊ ကိုကိုကြီးတို့ဆိုတာ သူနဲ့အတော်ရင်းတယ်တဲ့။ အရေးတော်ပုံကာလမှာ အဲဒီလူငယ်ခေါင်းဆောင်တွေကို သူထောက်ပံ့ထားခဲ့တာတဲ့။

တစ်နေ့ ထောင်ဝင်စာအပြန် ဝန်ထမ်းက ကျွန်တော့်ကို အခန်းတစ်ခန်းထဲသွင်းတယ်။ ကျွန်တော် ခေါင်းစွပ်ဖွင့်လိုက်တော့ လားလား ဦးရဲထွန်းကို ဘွားခနဲတွေ့ရတယ်။

"ထိုင်ပါဦးဗျ။ ခင်ဗျားနဲ့ စကားပြောချင်နေတာ ကြာပြီ"

www.burmeseclassic.com

www.burmeseclassic.com



လူက ဖြူဖြူသန့်သန့် ခန့်ခန့်ချောချော။ ဘောင်းဘီတိုအစိမ်းရောင်ဝတ်လို့။ ပြုံးပြုံးရွှင်ရွှင်ပဲ။

"ခင်ဗျားကလဲ စာအုပ်နီမှာ ဒိတ်။ ကျွန်တော်ကလဲ စာအုပ်စိမ်းမှာ ဗိုလ်ဗျ။ အောင်ဆန်းစုကြည်နဲ့လဲ ကျွန်တော်ရင်းပါတယ်။ သူက အစိမ်းသက်သက်ပဲ။ ခင်ဗျားကိုင်ပေးနေလို့..."

ကျွန်တော် အိုးတိုးအန်းတန်း ဖြစ်နေတယ်။ လူစိမ်းနဲ့စကားပြောတဲ့ အလုပ် သိပ်လုပ်တတ်တာ မဟုတ်ဘူး။ ကျွန်တော် ဖြုံသွားတယ်။ သူ့စကားက ထောက်လှမ်းရေးရဲ့ "ရုပ်သေးကြိုးကိုင်" ပုံတင်သံပါပဲကလား။

"မဟုတ်ပါဘူးဗျာ။ ထောက်လှမ်းရေးက စာအုပ်နီထဲ ဆွဲသွင်းတာပါ။ ကျွန်တော်က နိုင်ငံရေးတွေ ဘာတွေ သိပ်နားလည်တာမဟုတ်ပါဘူး။ ဒေါ်စု အရှိန်အဝါနောက်က လိုက်လိုမ့်နေတာပါ"

သူ စကားတွေ ဆက်ပြောတယ်။ ဘာတွေရယ်လို့ တယ်မမှတ်မိချင်တော့ပါဘူး။

ဝန်ထမ်းက ဘယ်လိုအချက်ပြလိုက်တယ်မသိဘူး။

"အေးဗျာ တွေ့ကြသေးတာပေါ့"လို့ သူက စကားသိမ်းတယ်။ ကျွန်တော်ကလည်း ဟုတ်ကဲ့ ဟုတ်ကဲ့ ဆိုပြီး ဝန်ထမ်းဆွဲခေါ်ရာပါခဲ့တယ်။

ဦးရဲထွန်းက ရှေ့နေချုပ်ဦးချန်ထွန်းရဲ့သား။ ဦးချန်ထွန်းက ၁၉၄၇ အခြေခံဖွဲ့စည်းပုံဥပဒေကို ရေးဆွဲခဲ့သူ။ လွတ်လပ်ရေးတိုက်ပွဲခေတ်က နာမည်ကျော် ဝတ်လုံတော်ရကြီး။ ဗိုလ်ချုပ်အောင်ဆန်းတို့နဲ့အတူ လက်တွဲလှုပ်ရှားခဲ့တဲ့သူ။

ဦးရဲထွန်းက ကြံ့ရည်ဖန်ရည်တော်တော်ကောင်းတဲ့သူပဲ။ မနက်ထမင်းဝေပြီးရင် သူ အပြင်ထွက်ရပြီ။ ကျွန်တော့်ဆီတော့ တစ်ခါမှရောက်မလာ။ အခန်း–၁၃က ဗဒင်ဆရာမင်းသိခ်ံအခန်းရှေ့မှာ သွားထိုင်တယ်။ ထမင်းစားတယ်။ စကားပြောတယ်။ အခန်းတိုင်းသော့ခတ်ပိတ်ထားချိန်။ သူက လေဟာပြင်မှာ ထမင်းစား၊ စကားပြောနိုင်တယ်။ တိုက်ရုံးက လျှောက်လာတဲ့ ထောင်မှူးက သော့ပွင့်နေတဲ့ သူ့အခန်း–၁ကို တွေ့တယ်။ ဆက်လျှောက်တယ်။ အခန်း–၁၃မှာ သူ့ကိုတွေ့တယ်။ ဆက်လျှောက်သွားတယ်။ ဘယ်ဆီဘယ်ဝယ်မသိ။ ပျောက်သွားတယ်။ ဦးရဲထွန်း ဆက်ပြီး စကားဖောင်တယ်။

၁၉၉၆ မှာ ထောက်လှမ်းရေး စစ်ကြောစခန်း အခြေစိုက်တဲ့ အထူး



ဆောင်ကို ကျွန်တော် ရောက်သွားတယ်။ ၁၂ နှစ်ကျော် တစ်ယောက်တည်း တိုက်ပိတ်ထားခံရတယ်။ ဒီနှစ်ကာလတွေကြားမှာ ဇာဂနာတို့၊ ကိုခင်မောင်မြင့်တို့၊ ဗိုလ်ကြီးဝင်းထိန်တို့၊ ကရင်ဗိုလ်မှူးကိုကိုနိုင်တို့၊ ဗကပယူဂျီကိုသက်ခိုင်တို့၊ ကိုတင်အောင်တို့၊ မင်းကိုနိုင်တို့၊ ဒီချုပ်က ဦးခင်မောင်ဆွေတို့၊ ကိုမိုးသူတို့၊ ကိုဝံသတို့၊ ဦးကျော်ဆန်းတို့၊ ဘိုးတော်ခင်ဝင်းတို့ စတဲ့ နိုင်ငံရေးအကျဉ်းသားတွေနဲ့ အခန်းကျော်၊ စကားအော်၊ ချောင်းကြည့် ဆိုတာမျိုးနဲ့ ကြုံလိုက်၊ ဆုံလိုက်၊ ပြောလိုက်၊ ဆိုလိုက်ရတယ်။

၁၉၉၉ သင်္ကြန်မှာ ကဗျာပြဇာတ်ရှည်ကြီးတစ်ပုဒ် ကျွန်တော် အော်တယ်။ ထောက်လှမ်းရေးအခန်း–၅ အထူးဆောင်မှာပါ။ အခန်း–၁၀ က အခန်း–၈ အထိ ကဗျာစာလုံးတွေ ပေါက်ပေါက်ကြဲနေတယ်။ ပွဲတင်ထပ်နေတယ်။ ရက်ကန်းလွန်းခတ်သလို။ တိုက်တစ်ဖက်စွန်းက တစ်ဖက်စွန်းကို ဒိုးဒေါက် ရိုက်ခတ်ရွှေ့လျားနေတယ်။

ကျွန်တော့်စကားလုံးတွေကို တစ်ခန်းခန်းကလူက ဘော်လီဘောပုတ်သလို ဆက်ပုတ်လွှတ်နေတယ်။ ဘိတ်ဘိတ်သား တိတ်ဆိတ်ငြိမ်သက်နေတဲ့ အခန်းကတော့ အခန်း–၄ပဲ။ နားထောင်ရဲ့ နားထောင်နေသလားမသိ။ ဒါမှမဟုတ် နားမထောင်မနေဘူးတာလား မသိ။

အဲဒီအခန်းမှာ ဦးအေးဝင်း နေတယ်။

ဦးအေးဝင်းက ဒေါ်စုရဲ့အစ်ကိုဝမ်းကွဲ။ အာဇာနည်ခေါင်းဆောင်ကြီး ဦးဘဝင်းရဲ့သား။ ကျွန်တော် မရှိတော့တဲ့နောက် သူ ဒီချုပ်မှာ (ဒေါ်စုအနားမှာ) ဝင်ကူလုပ်တယ်လို့ ကြားရတယ်။ နောက်တော့ ထောင်ထဲရောက်လာရော။ အခု အခန်း–၄ မှာ။

၁၉၉၈ နောက်ပိုင်း တစ်ရက်မှာ ကမ္ဘာ့ကြက်ခြေနီအဖွဲ့ ကျွန်တော်တို့ဆီ ရောက်လာတယ်။ လူတွေအားလုံး ဆုံတွေ့ဖို့ ကြက်ခြေနီအဖွဲ့ခေါင်းဆောင် မစ္စတာလီယွန်ကို ကျွန်တော် "ပူဆာ"တယ်။ တခြားလူတွေကလည်း ဝိုင်းပြောကြဟန်တူရဲ့။ အားလုံးတစ်ပေါင်းတည်း တွေ့ကြရတယ်။ လူတွေကတော့ မမှတ်မိတော့ဘူး။ ကိုသက်ခိုင်ပါတယ်။ ကိုကိုနိုင်ပါတယ်။ ဦးကျော်ဆန်းပါတယ်ထင်တယ်။ ဦးအေးဝင်းတော့ မပါဘူး။

ဦးအေးဝင်းက သူတစ်ယောက်တည်း သီးခြားတွေ့ခွင့်တောင်းတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့နဲ့ မဆုံလိုက်။ သူ့မိသားစုကိစ္စတွေလား၊ သူ့ကိုယ်ရေးကိစ္စတွေလား ပြောခွင့်ရလိုက်လို့ ဦးအေးဝင်း ဝမ်းသာမှာပါ။

ကျွန်တော်တို့လည်း ပျော်လိုက်ကြတာ။ ကျွန်တော်တို့လေးယောက် ဒီတိုက်ထဲမှာ နေလာခဲ့တာ ကြာပဲကြာပေါ့။ တစ်ခါမှ မျက်နှာချင်းမဆိုင်ခဲ့ကြရဘူး။ ခုတွေ့လိုက်ကြတော့မှ လူချင်းလည်းမြင်ဘူး။

ကိုသက်ခိုင်ဆိုတဲ့လူက လူချောပဲ။ ကိုကိုနိုင်လဲ အဲဒီလိုပါပဲ။ ထောင်မောင်း၊ ချောမော။ ဦးကျော်ဆန်းက ဒီချုပ် ဗဟိုကော်မတီဝင်ဆိုတော့ လူချင်းဆုံဘူးမလားမသိ။ ကျွန်တော်ကတော့ သိပ်မမှတ်မိ။ သူက ပထမ မကွေးတိုင်း၊ နောက် စစ်ကိုင်းတိုင်း။ သူလည်း တိုင်းအလုပ်တွေနဲ့ ချာလပတ်ရမ်း။ ကျွန်တော်လည်း ဗဟိုအလုပ်တွေနဲ့ ဝလချီးလယ်။ ခုမှပဲ သစ်ပင်ရိပ်အောက်မှာ မျက်နှာချင်းဆိုင် ထိုင်ရတယ်။

ဦးအေးဝင်းက မစ္စတာလီယွန်နဲ့ သီးခြားတွေ့ပြီးအပြန် ကျွန်တော့်အခန်း–၁ ရှေ့ လာရပ်တယ်။ ဘုန်းကြီးဆွမ်းခံသလို၊ အကြာကြီးရပ်တာမဟုတ်။ ခဏပဲ။ ပြုံးနှုတ်ဆက်တယ်။ "အရေးကြီးကိစ္စလေးရှိလို့ဗျာ"လို့ ပါးစပ်က ပြောတယ်။ ဒေါ်စုနဲ့ပတ်သက်သလား။ ဒီချုပ်နဲ့ ပတ်သက်သလား။ သူ့ပုဂ္ဂိုလ်ရေးနဲ့ ပတ်သက်သလား။ သူ မပြော။ ကျွန်တော် မသိ။ ဘုန်းကြီးလို အကြာကြီးရပ်တာမဟုတ်ပေမဲ့ လူက ဘုန်းကြီးရုပ်ပေါက်သလိုလိုပဲ။ ဖြူဖြူသန့်သန့်။ အိန္ဒြေသမ္ပတ္တိအပြည့်။

သူ လွတ်သာသွားရော။ နောက်ထပ်တစ်ခါမှ မတွေ့လိုက်ရတော့။

သူ့ညီဖြစ်တဲ့ ကိုချို(ချိုအောင်သန်း)ကိုတော့ ကျွန်တော် အကြာကြီးမြင်ရတယ်။ တစ်ခန်းထဲ အတူနေကြရတာကိုး။ ရန်ကုန်ဆေးရုံကြီးရဲ့အချုပ်ခန်း(Guard Ward) မှာ။ ကျွန်တော်က နှလုံးရောဂါနဲ့ ဆေးရုံရောက်နေတာ။ သူကတော့ ဘာရောဂါမှန်းမသိ။ လူကတော့ ပိန်ကပ်ကပ်။ မျက်နှာကတော့ သူ့အဖေအမေတွေ နာမည်ရွေးမမှားတာ သက်သေခံနေတယ်။ ပြုံးပြုံးချိုချို။ ချိုချိုမြူးမြူး။

အဲဒီရက်တွေက သိပ်ကြာရှည်ကြာညောင်းမဟုတ်ပါဘူး။ ဆယ်ရက်လောက်တော့ ကြာထင်ပါ့။

အစောင့်တွေကများ၊ လူကပေါင်းစုံဖြစ်နေလို့ သူနဲ့ကျွန်တော် စကား



မဆုံ လူချင်းမြင်ရရုံပဲ။ သူ့အစ်ကိုကြီး ကိုတူးနဲ့တွေ့တယ်။ ညီအစ်ကိုကပုံချင်းမတူ။ ကိုတူးက ဝဝဖိုင့်ဖိုင့်။ ညိုညိုတြည်တည်။ ကိုချိုက သူ့အမှုအကြောင်း အစိုးရသတင်းစာမှာ ရေးပုံကို သတင်းစာဖြတ်ပိုင်းတွေပြတယ်။ ဖတ်ခိုင်းတယ်။

ဒေါ်စုအကြောင်းတွေ၊ ဒေါ်လာငွေတွေ၊ ဂြိုလ်တုတယ်လီဖုန်းတွေ၊ ဘာတွေ ညာတွေမှန်းမသိ။ သဗ္ဗရန္နာမ်ပေါင်းစုံတကာစေ့နေတာပဲ။ မမှတ်မိပါ။ လူကလည်း နေထိုင်မကောင်းဖြစ်နေလို့ ခေါင်းကမကြည်။ ဒီလို သတင်းမျိုးဆိုတာက ထောက်လှမ်းရေး လက်ရာတွေ။ ကိုယ့်သတင်း၊ သူ့ သတင်း၊ သူများသတင်းရယ်လို့ ထူးမခြားနားလှ။ ဒီအမေမွေး ဒီကလေးလို့ ပြောရမလား။ ဒီပုပ်ထဲက ဒီပဲပြောရမလား။

ကိုချိုက မုန့်ထုပ်ကလေးတွေ၊ သစ်သီးလေးတွေ လာပေးတတ်တယ်။

"ဆရာရေ… နောက်မှပြောမယ်။ နောက်မှပြောမယ်လို့ အပြုံးစကားလက်သုံးစကားဆိုတတ်တယ်။ ကျွန်တော်ကလည်း ခေါင်းညိတ်လိုက်တာပါပဲ။

အပြင်ရောက်တော့ သူနဲ့ အကြိမ်တော်တော်များများတွေ့တယ်။ သူ့အဖေ(မိုလ်ချုပ်အစ်ကို ဦးအောင်သန်း) ကွယ်လွန်တဲ့ နှစ်လည်ပွဲ ကျွန်တော်ရောက်သွားတယ်။ သူ့အဖေက လက်ဝဲနိုင်ငံရေးသမားဆိုတော့ သူက လူတွေနဲ့ရောရောနှောနှောနေတတ်တယ်။ သူ့အဖေလိုပဲ။

၂၀၀၉ ထဲမှာ ဒေါ်စုကို အင်းစိန်ထောင်တွင်း တရားရုံးတင်တယ်။ အင်းစိန်ဈေးရှေ့ လူစုကြတယ်။ ထိုင်ကြတယ်။ စကားပြောကြတယ်။ ဒေါ်စုဘက်တော်သားတွေ တော်တော်များတယ်။ ဒီမိုကရေစီလှုပ်ရှားအင်အားစုတွေတော်တော်များတယ်။ ဈေးသူဈေးသား၊ ရပ်သူရပ်သားတွေ တော်တော်များတယ်။ ဒီချုပ်ကလည်း လာတယ်။ ကျွန်တော်နဲ့ နှစ်ယောက် သုံးယောက်လောက် ရှိမယ်ထင်တယ်။ ကိုချိုလည်းပါတတ်တယ်။

ကျွန်တော် ကျောက်ကုန်းအိမ်မှာ နေတဲ့ရက်ဆိုရင် သူ အိမ်တိုင်ရာရောက် လိုက်ပို့တတ်တယ်။ ဒီလှုပ်တွေ(ဒီမိုကရေစီလှုပ်ရှားသူတွေ)ကတော့သူနဲ့ကျွမ်းသူ လွမ်းသူ လွန်းသူ များတယ်။ သူက လူတိုင်းနဲ့ ပြုံးပြုံးပဲ။

"ဆရာရေ ကျွန်တော်ကတော့ ဒီလူတွေအကြောင်း နောကျေနေတော့

www.burmeseclassic.com

www.burmeseclassic.com



သတိထားတယ်”လို့ ကျွန်တော့်ကို တိုးတိုးပြောတတ်တယ်။ ဒီလူတွေဆိုတာ သူ့အနားကလူစိမ်းတွေ ပြောတာလား။ တောက်လှမ်းရေးတွေကို ပြောတာလား။ ကျွန်တော် မေးမနေတော့ပါ။

သူက အဆန်းလေးတွေလည်း ပြောတတ်တယ်။ တစ်ရက်မှာ သူပြောပုံက

“ဆရာ့အတွက် အင်းစိန်တက္ကစီစရိတ်ခံတဲ့လူရှိလို့” ဆိုပြီး ကျွန်တော့်ကို တက္ကစီနဲ့ အင်းစိန်ပို့တယ်။

“ကျွန်တော်တော့ ပြန်ဦးမယ်ဆရာ” ဆိုပြီး ဘတ်စ်ကားနဲ့လား၊ တက္ကစီနဲ့လားမသိ။ ပြန်သွားတယ်။

၂၀၀၁ လောက်မှာထင်တယ်။ နိုင်ငံရေးအမွေကြီးခံပုဂ္ဂိုလ်တစ်ယောက်နဲ့ ရန်ကုန်ဆေးရုံကြီးမှာ ကျွန်တော် ဆုံရပြန်တယ်။ ဒေါ်ကြည်ကြည်ပါ။ ကွယ်လွန်သူ ဗမာပြည်ကွန်မြူနစ်ပါတီဥက္ကဋ္ဌ သခင်ဖင်ရဲ့ ကျန်ရစ်သူဇနီး။ ကိုထွေးမြင့်နဲ့ ကျွန်တော်က မမကြည်လို့ခေါ်ကြတယ်။ သူက ပျဉ်းမနားသူဆိုတော့ ပျဉ်းမနားသား ကိုထွေးမြင့်နဲ့ ပိုရင်းတယ်။

ကျွန်တော် ဆေးရုံတက်နေတုန်း နေ့တိုင်း ထမင်းချိုင့်ပို့တယ်။

“မမကြည် ဒုက္ခမရှာနဲ့။ ကျွန်တော်က တစ်နေ့တစ်ထပ်စားတာ။ မနက်စာလည်း ညှို့သည်တွေ ဝယ်လာတဲ့ ဗမာမုန့်တွေနဲ့ပြီးတာ”

ဘယ်လိုပြောပြော မရဘူး။ ကျွန်တော် ကြိုက်တယ်ဆိုတဲ့ ဝက်သားဟင်း၊ ဝက်ခြေထောက်ဟင်း၊ ပဲကုလားဟင်း ဆိုတာတွေလည်း မထပ်မပြတ်ပို့တယ်။

အဲဒီရက်တွေမှာ မမကြည်က ကျန်းမာရေး ပြိုလာနေပြီ။ မနက်စောစော ရေချိုးတယ်။ လူနှစ်ယောက်လောက် တွဲရတယ်။ အတော်ယိုင်နေပြီ။ ဖီးလိမ်းပြီးရင် မမကြည်ကို ခုတင်ပေါ်မှာ အခန့်သား အမြိုင့်သား၊ အချောသားတွေ့ရတယ်။ ငယ်ရုပ်မကုန်သေးဘူး။ ငယ်သွေးမပြယ်သေးဘူး။

ငယ်သွေးဆိုတာ ဒေါသွေ မာန်တွေကို ပြောတာ။

တစ်ရက် ကျွန်တော့်ကို လူလွှတ်ခေါ်တယ်။ ရောက်တော့ ပြောလိုက်တာ စုံရော။ ဒေါသွေမောတွေကလည်း လာသေး။ ငိုသံရှိုက်သံကလည်း ပါသေး။



သူတို့နိုင်ငံရေးအနွယ်၊ ကျွန်တော့်ရဲဘော်တစ်ယောက်ရဲ့ နှလုံးသားရေးရာခေါ်မလား။ နှစ်အိမ်သားရေးရာ ခေါ်မလားမသိ။ သူက အိမ်သူဟောင်းဘက်က လိုက်ပြောတယ်။ တစ်နာရီလောက်ကြာတယ်။

“ဆေးရုံတက်တုန်း စိတ်တုန်စရာတွေ မပြောပါနဲ့ မမကြည်ရယ်။” ပြောလည်းမရ။ လူက သိပ်မလှုပ်နိုင်လို့သာ ထမခုန်တာ။ ကရုဏာဒေါသောတွေကတော့ ရထားခေါင်းတွဲကြီးလို ဂျုံးဂျုံး ဂျိန်းဂျိန်း တဂုတ်ဂုတ်ပဲ။

ကျွန်တော် ဆေးရုံက ဆင်းလာရတယ်။ သိပ်မကြာဘူး။ မမကြည်တစ်ယောက် ကွယ်လွန်တယ်လို့ ကြားရတယ်။ စိတ်မကောင်းဖြစ်ရလိုက်တာ။

ကျွန်တော် ဆေးရုံမှာရှိတုန်း ဝမ်းသာစရာလေးတွေလည်း ကြုံရသေးတယ်။ မမကြည် ကျေးဇူးပေါ့။ တစ်ရက်မှာ မမကြည် လူနာမေးဖို့ မိတ်ဆွေသားအမိ လာတယ်။

သခင်စိုးရဲ့ဇနီး ဒေါ်ခင်စီပါ။ ဒေါ်ခင်စီရဲ့နောက်အိမ်ထောင် ကိုစိုးနိုင်နဲ့ ကျွန်တော်က အလွန်မတန် ချစ်ခင်ရင်းနှီးကြတာ။ မမကြည်ကို အကြောင်းပြုပြီး ဒေါ်ခင်စီ ဆေးရုံလာတယ်။ သားတော်မောင် မောင်မောင်နိုင်လည်း ပါလာတယ်။ အချုပ်ခန်းထဲဝင်ခွင့်ရတယ်။ မမကြည်အခန်းကတစ်ဆင့် ကျွန်တော့်လာတွေ့တယ်။

ဒေါ်ခင်စီနဲ့တွေ့ရတာလည်း ဝမ်းသာလိုက်တာ။ မတွေ့ရတာ ဆယ့်ငါးနှစ် ဆယ့်ငါးမိုးရှိပြီလေ။ သူသေကိုယ်သေ မတွေ့လိုက်ရလို့ကတော့ ဒီဘဝပြီးပါလေရော။

ထောက်လှမ်းရေး တပ်လုံးပြိုတော့ ဗိုလ်ချုပ်ကြီးခင်ညွန့်ရဲ့နောက် လိုက်ဗိုလ်ပါတွေနဲ့ ကြုံလိုက်၊ ဆုံလိုက်၊ ကြားလိုက်၊ မြင်လိုက်ရပြန်တယ်။

တိုင်းရင်းသားခေါင်းဆောင် ရခိုင်ကြီးကိုသာဘန်းနဲ့လည်း တွေ့လိုက်ရသေး။ နိုင်ငံတကာကြက်ခြေနီတွေလာတော့ တစ်ရက် သူနဲ့ကျွန်တော် အတူစကားပြောလိုက်ရသေး။ ဝမ်းသာတာပေါ့။ သူနဲ့ကျွန်တော်က သတင်းစာလုပ်ဖက်။ သူ ကျောင်းသားခေါင်းဆောင်ဘဝကတည်းက သိခဲ့တာ။ ၁၉၅၇ ဒတ်ချ်သံရုံးရှေ့ ဆန္ဒပြပွဲမှာ ဒတ်ချ်အလံကို သူ မီးရှို့တယ်။ သူ့လက်မီးလောင်တယ်။ သူ လက်ဖျားခါသွားရတယ်။ လက်မီးလောင်တာကိုး။ ဒတ်ချ်နယ်ချဲ့သမားလည်း လက်ဖျားခါသွားရတယ်။ ဗမာရခိုင်ကျောင်းသားလူငယ်တွေ ဆန္ဒပြပုံက တကယ်ကြမ်းသကိုး။

www.burmeseclassic.com

www.burmeseclassic.com



ပျိုတုန်းက သာဘန်းလိုပဲ အိုလာတဲ့ သာဘန်းကလည်း ကြမ်းတုန်းပဲ။ အခု သူက ဝါရင့်နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်များ အဖွဲ့ဝင်လေ။ ရခိုင်အဖွဲ့ ဒု-ဥက္ကဋ္ဌ။ ညီညွတ်သောတိုင်းရင်းသားလူမျိုးများ မဟာမိတ်အဖွဲ့ခေါင်းဆောင်တစ်ဦးဆိုတဲ့ ဂုဏ်ရည်ပုဒ်တွေနဲ့ လှုပ်ရှားနေသူဖြစ်နေပြီ။

ထောင်ကထွက်ခါနီး တစ်နှစ်အလို ၂၀၀၇ မှာ အထူးဆောင်မွှင့်တယ်။ အသက်ရှူချောင်လာတာကို ပြောတာပါ။

သူ့ဒွေးကြီးမောင်ဝိတ် ရောက်လာတယ်။ ရုပ်သံစက်သွင်းတယ်။ အခန်းဖယောင်းပုဆိုးခင်းတယ်။ အဆောင်ရှုံးခန်းမှာ ထောင်မှူးတွေနဲ့ထမင်းစားတယ်။

လူက ငယ်ငယ်ပြုံးပြုံးပါပဲ။ စကားပြောခွင့် မကြုံလို့ သူ့အကြောင်းများများစားစား မသိလိုက်။ သြော်- သူ့ဒွေးကြီးလည်း ထောင်ထဲဆွဲသွင်းခံရတာပါပဲကလားလို့ပဲ တွေးမိတယ်။

နိုင်ငံရေးအမွေကြီးခံ ပုဂ္ဂိုလ်တွေထဲက ထောင်ထဲရောက်နေသူတစ်ဦးကတော့ ဦးနေဝင်းရဲ့မြေး ကိုအေးနေဝင်း ဖြစ်တယ်။ သူက သူ့အဖေ သူ့ညီတွေနဲ့အတူ သေဒဏ်ကိုယ်စီ ရင်ဝယ်ပိုက်ပြီး ထောင်ထဲရောက်နေတယ်။ သူ့အမေကလည်း အကျယ်ချုပ်ကျနေတယ်။

၂၀၀၈ အစောပိုင်းလောက်မှာ ကျွန်တော်တို့တစ်တွေ မြေကြီးပေါ်လမ်းလျှောက်ခွင့်ရတယ်။ တစ်ယောက်ထွက် တစ်ယောက်ဝင် အချိန်လွဲ၊ အချိန်လွဲပေါ့လေ။ ပထမတော့ လက်ပြခြေပြနှုတ်ဆက်ရုံပဲ။ နောက်ကျတော့ သူအဝင် ကိုယ်အထွက် ဝန်ထမ်းမမြင်ကွယ်ရာမှာ စကားတစ်ခွန်းစ နှစ်ခွန်းစပြော၊ ကြာလာတော့ စကားများများပြော၊ စာစောင်စာအုပ်ဖလှယ်ပေါ့။

ကိုအေးနေဝင်းက အသက် ၃၀ လောက် ရှိရှာမယ်။ ယူကေ(UK) သွားပြီး ပညာသင်ဘူးတယ်။ အခု ကျွန်တော်တို့နဲ့အတူ ထောင်ကျ။ အတူအထူးဆောင်ရောက်နေတဲ့ နိုင်ငံခြားရေးဝန်ကြီး ဦးဝင်းအောင် ဗြိတိန်သံအမတ်ဘဝက သူ့အိမ်မှာ ကိုအေးနေဝင်း နေထိုင်ခဲ့ဘူးတယ်တဲ့။

ကျွန်တော် လမ်းလျှောက်ချိန် ကိုအေးနေဝင်းတို့အိမ်အမှတ်-၅ရှေ့က ဖြတ်သွားတယ်။ သူ ပရိတ်ရွတ်သံ၊ ပဋ္ဌာန်းရွတ်သံတွေ ကြားခဲ့ရတယ်။ ကျွန်တော် ကြားဘူးနားဝမရှိတဲ့ ဘုရား တရားစာတွေ ရွတ်ဖတ်သရဇ္ဈာယ်သံတွေလည်း ကြားရတတ်တယ်။



သူဖတ်တဲ့ စာအုပ်တွေကလည်း စာကောင်းပေကောင်း အဆင့်မြင့်နိုင်ငံရေးစာတွေ၊ ကမ္ဘာ့အရေးစာတွေ။ စာအုပ်တွေမှာ သူ့အမေ ဒေါ်စန္ဒာဝင်းလက်မှတ်တွေကို တွေ့ရတယ်။ အမေက စာဖတ်တော့ သားလည်းစာဖတ်သန်တာနဲ့တူရဲ့။

တစ်နေ့မှာ သူနဲ့ကျွန်တော် စကားအတော်ကြာ ပြောရတယ်။

"အန်တီစုတို့ရော၊ မင်းကိုနိုင်တို့ရော လွတ်စေချင်ပါတယ် အဘရယ်။ အဘရောပေါ့။ ကျွန်တော်တို့ရောပေါ့"

"ဒါပေါ့ဗျာ"

"နိုင်ငံရေးစိတ်ဝင်စားတယ်။ ပါတီတွေဘာတွေတော့ မလုပ်ချင်ပါဘူး။ တိုင်းပြည်တိုးတက်စေချင်တာလောက်ပါ"

သူက ရိုန်ဆဆပြောနေတာ။

"တစ်ခုပဲရှိတယ်ဗျာ။ ကိုမင်းကိုနိုင်တို့ စာဖတ်မှဖတ်ရဲ့လား မသိ။ စာမဖတ်ရရင်တော့ သူတို့ခေါင်းသေးမှာပေါ့။ လူငယ်တိုင်း ခေါင်းကြီးစေချင်တယ်ဗျာ။ ကျွန်တော့် လက်သုံးစကားတစ်ခု ရှိတယ်။ "ဉာဏ် ညီ ငြိမ်း မြန်မာပြည်ဟိန်း"တဲ့။ မြန်မာတွေ ရွှေမက်လို့ ပြည်ပျက်ရဲ့ ပျက်ရင်ကံကောင်း။ မျိုးပါတုံးနိုင်တယ်။ ဉာဏ်ရှိကြမှ ညီညွတ်ကြမှ၊ ငြိမ်းချမ်းလိုစိတ်ကြီးမှဗျ။ ကြည်ရင် ပြည်ဖြိုးမှာပေါ့ဗျာ။ မျိုးဆက်သစ်လူငယ်တွေ လုပ်ကြရမှာပေါ့လေ"

ကိုအေးနေဝင်းက ပြုံးနားထောင်တယ်။ လူငယ်ပေမဲ့ လူကြီးလူကောင်းပုံပေါက်တယ်။ ရွှေမက်တို့၊ ကြည်စိုးတို့ဆိုတဲ့ စကားလုံးတွေကိုလည်း မသိမသာ ဘဲ နားသင့်ရုံလိုက်တယ်။

"တိုင်းပြည်ကြီး တကယ်ဖွံ့ဖြိုးချိန်တန်ပီပေါ့ဗျာ။ ကိုမင်းကိုနိုင်တို့လည်း စာကောင်းကောင်းဖတ်ခွင့်၊ စာများများမှတ်ခွင့် ရစေချင်ပါတယ်ဗျာ"

နောက်တစ်ခါတွေ့တော့ အခြေခံဥပဒေအကြောင်းတွေ ပြောတယ်။ ကျွန်တော် လုံးဝလက်မခံတဲ့အချက်-ကို မပြောဘူး။ စစ်တမက်အသက် ခုနစ်ဆက်ဆိုတဲ့ကိစ္စမျိုးပေါ့။ ရုပ်သံ MRTV4 မှာ နားကလောနေရတဲ့သီချင်းကိစ္စ သူ့ကိုပြောပြတယ်။

"ကိုကိုင်ဇာလားဗျာ။ မင်းဆယ့်ရှစ်နှစ်ပြည့်ပြီလားဆိုတဲ့သီချင်း ခဏခဏဆိုနေတယ်။ စိတ်ပေါက်ပေါက်နဲ့ "ဆယ့်ကိုးနှစ်တောင်ပြည့်သွားပြီကွ။ ထောင်ဆွေးမလား၊ ငါဆွေးမလား မသိဘူးဟေ့"လို့ ပြန်အော်လိုက်ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကိုအေးနေဝင်းက အသံထွက်အော်ရယ်တယ်။ ကိုကိုင်ဇာကလည်း ဆန္ဒခံယူပွဲသီချင်းကို နင်းကိုဟစ်နေတာကိုး။ ဒီအချိန် သူ့အဖေ ကိုစိန်ဝင်း (တကသကျောင်းသားခေါင်းဆောင်၊ သတင်းစာဆရာ)သာ ရှိနေသေးရင် ကျွန်တော် အော်ရဦးမှာပဲ။ ကိုစိန်ဝင်းနဲ့ကျွန်တော်က သိပ်ခင်တာ။ စိတ်ကူးတွေ မတူတော့ စကားမတူ။ ငြင်းရခုန်ရ အော်ရဟစ်ရ ဖြစ်ရတတ်တယ်။

ကိုစိန်ဝင်းက မူးပြီး မိန်းမနဲ့ ရန်ဖြစ်ရင် ကိုင်ဇာ၊ ဆီဇာ ညီအစ်ကို ခေါ်ပြီး ကျွန်တော့်အိမ် လာအိပ်တယ်။ အဲဒီတုန်းက ကျွန်တော် တာမွေ အဝိုင်းနားမှာနေတယ်။ သူ့မှာ ကျွန်တော့်အခန်းသော့ရှိတယ်။ အလွယ်ပဲ တံခါး ဖွင့်တယ်။ ကျွန်တော့်ခုတင်ပေါ်မှာ သားအဖတွေ သိုးအောင်အိပ်တော့တာ ပေါ့။

အဲဒီလို လူမမယ်အရွယ် မှတ်မိထားတဲ့ သူငယ်ချင်းသားက "မင်း ဆယ့်ရှစ်နှစ်ပြည့်ပြီးလား"လို့မေးတော့ ကျွဲမြီးတိုတာပေါ့။ ပြီးတော့ သူ့သီချင်း ထဲက တီးဝိုင်းကလည်း "ဂျိန်တုတ်တုတ် ဂျိန်တုတ်တုတ် ဂျိန်"လိုက်သေး တယ်။ သူလုပ်တာနဲ့ ဆန္ဒခံယူပွဲကိုလည်း ကျွန်တော် "ထို့"သွားတယ်။ အခြေခံ ဥပဒေကိုလည်း "ထွမ်"သွားတယ်။ စာနဲ့ပေနဲ့ ဖတ်ရတော့ ပိုလို့ ပိုလို့ နှလုံး နာသွားတယ်။

ကျွန်တော် ထောင်ကထွက်လာတော့ ကိုအေးနေဝင်း အမေကို ဖုန်းဆက် မယ်။ သူ့သတင်းပြောမယ်။ စိတ်ကူးတယ်။ သူက သူ့အမေအကြောင်း တဖွဖွ ပြောတတ်တာကိုး။ ဖုန်းနံပါတ်မသိတာနဲ့ မပြောဖြစ်တော့တာ။

၁၉၉၅ လောက်မှာ တစ်ခါ၊ ၁၉၉၈ လောက်မှာ တစ်ခါ၊ ၂၀၀၂ လောက်မှာတစ်ခါ ရန်ကုန်ဆေးရုံကြီး ကျွန်တော် အခါခါတက် ခွဲခံရတယ်။ ဂတ်ဝပ်အချုပ်ခန်းမှာ အကြိမ်ကြိမ်လှောင်ခံရတယ်။

ရဲအချုပ်ခန်းမှာနေရင်း နိုင်ငံရေးအမွေကြီးခံတစ်ဦးကို တွေ့တယ်။ သူ က တည်မြဲဖဆပလခေါင်းဆောင် ဒုဝန်ကြီးချုပ်ဟောင်း ဦးကျော်ငြိမ်းရဲ့ညီ ဝမ်းကွဲတော်တဲ့ ကိုထွေးမြင့်ပါ။ သူက ကျွန်တော်နဲ့ သက်တူရွယ်တူ။ ဦး–နဲ့ အတူတောခိုဖူးတယ်။ ကြိုးဒဏ်နှစ်ကြိမ်ပေးခံရတယ်။ စစ်အစိုးရလက်ထက် မှာ နှစ် ၂၀ ကျွန်းဒဏ်ကျပြန်တယ်။

ရဲအချုပ်မှာနေတုန်း လူတွေက မမာမချာဆိုတော့ တယ်လည်းစကား မဆိုမိကြပါဘူး။

ကိုထွေးမြင့်က ဒီချုပ်မှာ အစဦးပိုင်းက ရန်ကုန်တိုင်း တိုင်းအရံဖြစ်ခဲ့



ဘူးတယ်။ နောက်မှ ဦးသုဝေရဲ့ ဒီမိုကရေစီပါတီမှာ ဒုဥက္ကဋ္ဌလုပ်ရင်း ကျွန်း ဒဏ်ခံရတာ။

သူက ကျွန်တော်တို့အားလုံးထဲမှာတော့ နိုင်ငံရေးဟောင်းလေးအိုးကြီး ပေါ့။ ဆားလေးနည်းနည်းကဲတာ၊ အချဉ်လေးနည်းနည်းစူးတာ၊ အသားနည်း နည်းမာတာ၊ သီးရွက်နည်းနည်းပြုတာနဲ့ ဆက်တော်ပွဲ (ပွဲတော်ဆက်ပြောင်း ပြန်) မဖြစ်တာ။

သူနဲ့စကားပြောရတာ ပျော်စရာကောင်းပါတယ်။ ဗဟုသုတလည်းစုံ၊ အမှတ်အသားကလည်း ကောင်း၊ အပြောအဆိုကလည်း ညက်တော့ နားစိမ့် ပါတယ်။ သူက အစားကောင်းအဝါးကောင်းတော့ အကောင်းစားချင်၊ အကောင်းဝါးချင်ပေါ့။ ရဲအချုပ်မှာ အတူအကျဉ်းကျနေတဲ့ သူဌေးမကြီး ဒေါ်ကြည်ကြည်စန်းတို့၊ ဗကပဥက္ကဋ္ဌသခင်ဇင်ရဲ့ဇနီး အမကြီးဒေါ်ကြည်ကြည် (မမကြည်)တို့၊ အလှူရေစက် လက်နဲ့မကွာ မန်းသူဒေါ်စိုးစိုးထွန်းတို့ဆီ စကား တွေဖောင်းပြီး အလကားတွေ တောင်းစားနေတာကြည့်ပြီး စိတ်ထဲက ချီးမွမ်း မိတယ်။ ဒီလူနိုင်ငံရေးနဲ့ တော်မှာပေါ့။ တဒင်္ဂမှော်အောင်တာကိုး။

အခု ကျွန်တော်ပြောခဲ့တဲ့လူတွေလို နိုင်ငံရေးအမွေကြီးခံတွေတော့ မဟုတ်ဘူး။ နိုင်ငံရေးနွယ်နေတဲ့ လူတွေလည်း ထောင်ထဲမှာ အများကြီး ရှိသေးတယ်။ တစ်ယောက်နှစ်ယောက် ကောက်ကြောင်းဆွဲပြချင်ပါသေးတယ်။

တိုနီခါးဆို အင်းစိန်ထောင်တွင်းဆေးရုံမှာ မသိသူမရှိဘူး။ ကျွဲပေါက် လောက် ထွားကျိုင်းဝဖီးသူ။ ဘာမှုနဲ့ ထောင်ထဲရောက်နေတာလဲမသိဘူး။ နိုင်ငံရေးအကျဉ်းသားတော့ မဟုတ်ဘူး။ သူဖခင်က မဆလခေတ်က နိုင်ငံတော် ကောင်စီဝင်လုပ်ခဲ့သူ။

၁၉၉၈လောက်က အင်းစိန်ထောင်ဆေးရုံမှာ ကျွန်တော်ရောက်နေတယ်။ ကျွန်တော်နေရတဲ့ အမ်–၅(M-5)ထဲမှာ ကျွန်တော် တစ်ယောက်တည်း။ တစ် နေ့ တစ်နေ့ သံတိုင်ကြားကနေ လူတွေ လူတွေ သွားလာလှုပ်ရှားနေကြတာ ငေးတယ်။ ကျွန်တော့်အခန်းနဲ့ မျက်နှာချင်းဆိုင်မှာ ဆေးရုံပိုရှိတယ်။ အရူး တိုက်နဲ့ အနူတိုက်(Leper cell)ရှိတယ်။ တိုနီခါးက အဲဒီတိုက်နှစ်လုံးရဲ့တန်းစီး။ အရူးတွေ အပြင်ထွက်လျှောက်နေရင် သူက လိုက်ဖမ်းတယ်။ သူ့ကို လူတိုင်း ရွံတယ်။

တိုနီ အလုပ်က နေ့ခင်းတိုင် ဟင်းကြွေးလည်တောင်း။ ဝန်ထမ်းတွေနဲ့

www.burmeseclassic.com

www.burmeseclassic.com



ပဲ အာလူး၊ ငရုတ်၊ ကြက်သွန်၊ ဆီတွေမှာ။ ညနေစောင်းရင် ပုံစံအမဲသား ဝယ်။ လူနာတချို့က သူ့ကိုမစားတဲ့ အမဲသားကို ၁၅ ကျပ်နဲ့ပြန်ရောင်းတယ်။

သူ့မှာ ဒန်ချိုင့်လေးတွေရှိတယ်။ ကျပ်ခိုးမီးခိုးနဲ့ မည်းသည်းနေတာ။ ချိုင့်ထဲကို အမဲသားထည့်၊ ဆီထည့်၊ ငရုတ်ကြက်သွန်ထည့်၊ ရေထည့်။ ပြီးရင် အဖုံးပိတ်။ ချိုင့်ကို ဖိုက ဖွဲမီးပြာပုံထဲကိုသွင်း။ နာရီဝက် တစ်နာရီဆိုရင် ကျက်ပြီ။ ဒီလိုပဲ အာလူးဟင်း၊ ပဲဟင်း၊ သီးရွက်ဟင်း ဆိုတာတွေကို စီမံတယ်။ ဖိုသွင်းတယ်။ ကျက်ရင်ရောင်းတယ်။ ဆေးရုံဆိုတာ သူဌေးတွေ၊ ဆရာဝန်အပ်ထည်ကြေးပေး၊ ထောင်မှူးထောင်ကြပ် အပ်ထည်ကြေးပေး။ ဖိမ်ကျနေသူတွေ။ အဲဒီလူတန်းစားက တိုနီခါး ချက်ဟင်းတွေဝယ်စားတယ်။ အမဲသားဟင်းတစ်ခွက် အစိတ်။ အာလူးဟင်း၊ ပဲဟင်းတစ်ခွက် ၁၅ကျပ်။ ကောင်း ရင်စား။ စားပြီးရင် ပိုက်ဆံပေး။

တိုနီခါးနဲ့စကားမပြောလိုက်ရပါ။ ကျွန်တော်ကလည်း ဆေးရုံမှာတောင် သီးခြားပိတ်ခံထားရတာ။ ဘယ်သူနဲ့မှ စကားမပြောရ။ မဆက်သွယ်ရ။ တခြားလူလည်း ကျွန်တော့်ဆီ မလာရ။ စကားမပြောရ။ မဆက်သွယ်ရ။

ကျွန်တော် မလွတ်ခင် တိုနီခါး လွတ်သွားတယ်။ မကြာလိုက်ဘူး။ ကားတိုက်ခံရလို့ သေရှာသတဲ့။ လူ့ဘဝဆိုတာ ကံကြမ္မာခေါ်ခေါ်၊ ဘုရားအလိုတော် ခေါ်ခေါ်၊ တိုက်ဆိုင်မှု ခေါ်ခေါ်၊ သေချိန်တန်တန် မတန်တန်၊ သေဖို့ဖန်လာတော့ သေနေရတာပါပဲလေ။

သေသူတွေကတော့ ဘာသိတော့မလဲ။ မသေလို့ကျန်ခဲ့တဲ့ ဆွေမျိုးသားချင်း မကင်းရာမကင်းကြောင်းတွေကတော့ မိတ်ဆွေသူငယ်ချင်းဖြစ်ဖြစ်၊ လုပ်ဖော်ကိုင်ဖက် ရဲဘော်ဖြစ်ဖြစ် ဝမ်းနည်းကြေကွဲဖြစ်ကြရတာပေါ့။

လူစိတ်ပျောက်နေတဲ့ အာဏာရှင်တွေအဖို့တော့ မသေသေသေ၊ သေသေ သေ "အသေမစိတ်ပြီးရော" ဒါအမိန့်။

လူသားနဲ့ စစ်အာဏာရှင်၊ စစ်အာဏာရှင်နဲ့ ထောင်၊ ထောင်နဲ့လူသား၊ သံသရာချားရဟတ်ကြီး တဖွားဖွားလည်ပတ်နေပါကလား။ လူတွေလည်း ဇာတိဇရာ ဗျာဓိပရာဏာနဲ့ မွေးသေရဟတ် လည်ပတ်နေပါကလား။ စစ်အာဏာရှင်စနစ်နဲ့ ထောင်စနစ်ကတော့ သူတို့ချင်းလည်ပတ်တာ ဘယ်တော့မှ ရပ်ပါလိမ့်။

◆

# နေ ရစ် တော့ လူ့ ငရဲ

www.burmeseclassic.com

www.burmeseclassic.com

- စကြာဝဠာကို သံတိုင်ကြားက ချောင်းကြည့်ခြင်း
- အနာဂတ်သို့ပြန်သွားခြင်း
- စစ်ကျွတ်ခေတ်မှာ လူရာမဝင်ချင်
- အခါတော်ရောက်ချိန်



## စကြာဝဠာကို သံတိုင်ကြားက ချောင်းကြည့်ခြင်း

ဗုဒ္ဓဒေသနာတွေမှာ စကြာဝဠာနဲ့ မုန်ညင်းစေ့ကို နှိုင်းခိုင်းထားတာတွေ ဖတ်ရတယ်။ သိပ္ပံပညာမှာလည်း စကြာဝဠာနဲ့ အက်တမ်အနုမြူကို နှိုင်းယှဉ်ပြတယ်။

၂၀၀၈ စက်တင်ဘာ ၂၃ ညနေ ၅ နာရီမှာ ကျွန်တော့်အခန်းသံတိုင်တံခါးတွေ၊ တိုက်ဝင်းသံတံခါးတွေ၊ ထောင်ဘူးတံခါးတွေပွင့်ကုန်တယ်။ သံတိုင်သံတံခါးတွေ မပွင့်မီကလေးမှာပဲ ပြင်ပထောင်ကြီးဖြစ်တဲ့ စကြာဝဠာရဲ့သံတိုင်သံတံခါးတွေကို ကျွန်တော် ချောင်းကြည့်တယ်။ ဖျတ်ခနဲ ရိပ်ခနဲ တစ်စက်တစ်ပိုင်း မြင်တွေ့လိုက်ရတယ်။ စကြာဝဠာကို သံတိုင်ကြားမှ ချောင်းကြည့်ခြင်း။

www.burmeseclassic.com

www.burmeseclassic.com



အော် ငါ ထောင်က ထွက်ရတော့မှာပါကလား။ ပုံစံထိုင်ရတာတွေ၊ တစ်ရက် ၂၄ နာရီ အခန်းသံတံခါးပိတ်ထားတာတွေ၊ ပုံစံခွက်နဲ့ ပုံစံထမင်းစားနေရတာတွေ ကိစ္စပြီးတော့မှာပါကလား။

ကျွန်တော် ထောင်ထဲရောက်နေတာ ၁၉ နှစ်ကျော်လာခဲ့ပြီ။ ထောင်ထဲမှာ နေခဲ့ရတဲ့ရက်တွေကို ပြန်တွက်ကြည့်တယ်။ ရက်ပေါင်း ၇၀၂၃ ရက်ပြည့်သွားပြီ။ ကျွန်တော့်အသက် ၈၀ ထဲရောက်ပြီ။ သက်တမ်းရဲ့ လေးချိုးတစ်ချိုးကို သံတိုင်သံတံခါးတွေရဲ့ နောက်ကွယ်မှာ ဖြတ်သန်းခဲ့ရတာပါကလား။

အကျဉ်းကျရက်တွေကို ပြန်လှန်စစ်ကြောကြည့်မိတယ်။ ဘာမှ မယ်မယ်ရရ ဆုပ်ဆုပ်ကိုင်ကိုင် အကျိုးရှိတာရယ်လို့ မပြနိုင်။ ကျန်းမာရေးဘာတွေ တိုးတက်ခဲ့သလဲ။ ငွေကြေးဥစ္စာ ဘာတွေ ပိုင်ဆိုင်ခဲ့သလဲ။ မိတ်ဆွေသင်္ဂဟအပေါင်းအသင်း ဘာတွေတိုးပွားခဲ့သလဲ။ ဘာမှမရ။ ဘာမှမရ။

ရက်ပေါင်းခုနစ်ထောင်ကျော်ကို အလဟဿပဲ။ အဟောသိကံပဲ။ အချည်းနှီးပဲ။ အကျိုးနည်းပဲ။ ဒီလို ရုပ်ပိုင်းဆိုင်ရာ ချိန်ခွင်လျှာပြပုံကို စာရင်းချုပ်တော့ ဟုတ်တုတ်တုတ် ထင်ကောင်းထင်စရာပေါ့။

တစ်မျိုးစဉ်းစားကြည့်ပါဦး။ ငါတို့ ထောင်ချခံနေရတာမဟုတ်။ ငါတို့ ဒုတိယလွတ်လပ်ရေးတိုက်ပွဲ ဝင်နေတာ။ မုန်ညင်းစေ့ထဲက ချောင်းကြည့်။ ပြင်ပကမ္ဘာ စကြာဝဠာကြီးကို ချောင်းကြည့်။ လူတွေ လူတွေ ထောင်ကျနေကြရတယ်။ စစ်အာဏာရှင်တွေရဲ့ သံဖနောင့်အောက်မှာ စစ်ကျွန်ဘဝရောက်နေကြရတယ်။ လူ့အခွင့်အရေးတွေ လက်လွတ်ဆုံးရှုံးနေကြရတယ်။ ပက်ပက်စက်စက်ပြောရရင် ခွေးအခွင့်အရေးတောင် မရှိ။ အားလုံးဆုံးရှုံးနေကြရတယ်။

ဒီဖြစ်စဉ်ဖြစ်ရပ်တွေကို ငါတို့တိုက်ဖျက်ဖို့ ရုန်းကန်လှုပ်ရှားခဲ့တာ ဆယ်စုနှစ် နှစ်ခုကျော်ခဲ့ပြီ။ လူတွေ၊ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်းတွေ ဘယ်သူမှမလွတ်လပ်။ ဒီလူတွေအားလုံးရဲ့ လွတ်လပ်ရေးအတွက် ငါတို့တိုက်ပွဲဝင်နေတာ။ ငါတို့ ဘယ်ဘဝရောက်နေနေ။ အရေးတော်ပုံတပ်သားတွေအနေနဲ့ ငါတို့ရဲ့ နေ့ရက် ညချမ်းတွေဟာ အကျိုးမနည်း၊ အချည်းနှီးမဖြစ်။ အလဟဿမဖြစ်။ အဟောသိကံ မဖြစ်။

လူဆိုတာ ယုံကြည်ချက်နဲ့ အသက်ရှင်တာ၊ ရုန်းကန်မှုနဲ့ ဖြတ်သန်းတာ၊ မျှော်လင့်ချက်နဲ့ ခရီးဆက်တာ။ ယုံကြည်ချက်ကင်းမဲ့၊ ရုန်းကန်မှုကင်းမဲ့၊



မျှော်လင့်ချက်ကင်းမဲ့ရင် ဘဝသစ္စာကို ဘယ်တော့မှ ရှာတွေ့လိမ့်မယ်မဟုတ်။ ထောင်ကျရက်တွေကို အချည်းနှီး အလဟဿ အဟောသိကံလို့ပဲ မြင်လိမ့်မယ်။

ထောင်ထဲရောက်ရတာကို ဘယ်သူကြိုက်မှာလဲ။ ဘယ်သူလက်ခံချင်မှာလဲ။ ဘယ်သူကောင်းတယ်ထင်မှာလဲ။ ငါ ဘာကြောင့် ထောင်ကျနေရတာလဲ။

မတွေးမမြင် မသိသူတွေအဖို့ ကိုယ်ခံရသမျှကို ဂုဏ်မယူတတ်။ တန်ဖိုးမထားတတ်။ သိဒ္ဓိမတင်တတ် ဖြစ်ပေမပေါ့။ အဲဒီလို လူမျိုးဟာ ပြစ်မှုကြီးနှစ်မျိုးကို ကျူးလွန်ကြတယ်။

ပထမပြစ်မှုက ဘဝတန်ဖိုးမသိတဲ့ ပြစ်မှု။ ဒီပြစ်မှုကိုကျူးလွန်ခဲ့တဲ့သူ၊ ကျူးလွန်နေတဲ့သူ၊ ကျူးလွန်ဦးမယ့်သူတွေဟာ မိမိကိုယ်ကို သစ္စာဖောက်တဲ့သူ၊ မိမိအဖွဲ့အစည်းကို သစ္စာဖောက်တဲ့သူ၊ မိမိလောကကို သစ္စာဖောက်တဲ့သူအဖြစ် ကျရောက်တတ်တယ်။ တစ်ရက်နဲ့ တစ်သက်ကို ကွဲပြားခွဲခြားမသိလို့ တန်ဖိုးစံနှုန်းတွေအားလုံး ပျက်ပြယ်ပျောက်ဆုံးကုန်တယ်။ ဘဝတန်ဖိုးစံနှုန်းတွေ မရှိတော့ရင် ရွှေခွက်ကို ပဲကြီးလှော်နဲ့ လဲစားတတ်တယ်။

ဒုတိယပြစ်မှုက ယုံကြည်ချက်မှာ စွဲမြဲရပ်တည်နေသူဟာ ကိုယ့်ကိုစော်ကားမှု။ ဒီပြစ်မှုကို ကျူးလွန်သူတွေဟာ ရဲဘော်ရဲဘက်ကို သစ္စာဖောက်သူ၊ မူဝါဒစည်းမျဉ်းစည်းကမ်းတွေကို သစ္စာဖောက်သူ။ အဖွဲ့အစည်းကို သစ္စာဖောက်သူအဖြစ် ကျရောက်တတ်တယ်။ သူတစ်ပါးရဲ့ တန်ဖိုးနဲ့ သိက္ခာကို နားမလည်သူဖြစ်လို့ ကိုယ့်တန်ဖိုးနဲ့ သိက္ခာကိုလည်း ထိန်းသိမ်းစောင့်ရှောက်သူမဟုတ်။ ဒီလိုလူမျိုးဟာ ပတ္တမြားငမောက်ကို ကျောက်ဒိုးပစ်တမ်းကစားတတ်တယ်။

ဒီနေ့ စက်တင်ဘာ ၂၃ ထောင်ကလွတ်မယ်ဆိုတာ ကျွန်တော် သိနေပြီ။ အဲဒီနေ့ထုတ် သတင်းစာမှာ အကျဉ်းသား ၉၀၀၀ ကျော် လွတ်မယ်ဆိုတာ သတင်းစာတွေမှာ ပါလာပြီ။ ပုဒ်မ ၄၀၁ နဲ့ လွတ်မယ်ဆိုတာလည်း ရေးထားပြီ။ ပုဒ်မ ၄၀၁ ဆိုတာ အစိုးရက သနားငဲ့ညှာလို့ ပြစ်ဒဏ်လျှော့ပေါ့ပေးတဲ့သဘောဖြစ်ပါတယ်။

ကျွန်တော့်ကို ထောင်ကလွှတ်ပေးဖို့ ကမ်းလှမ်းတာ သုံးခါတိတိကြုံ

www.burmeseclassic.com

www.burmeseclassic.com



ဘူးတယ်။ ၁၉၉၁ မေလမှာ "ရုပ်သေးကြိုးကိုင် ဆရာကြီး"အဖြစ်နဲ့ လွှတ်ပေးမယ်ဆိုတာ ထောက်လှမ်းရေးက ခေါ်ပြောတယ်။ ထောင်ညွှန်မှူးရုံးခန်းဆောင်မှာခေါ်ပြောတာ။ ကျွန်တော် ငြင်းခဲ့တယ်။

၁၉၉၅ မှာ ထောက်လှမ်းရေးက တစ်ခါခေါ်ပြောပြန်တယ်။ တပ်မတော်ရွှေရတုမှာ သက်ကြီးရွယ်အိုတွေကို 'ထောင်ခါ' ချင်တယ်။ ဦးတင်ထွဋ်(ဒီချုပ်ဗဟိုကော်မတီဝင်)နဲ့ ကျွန်တော့်ကို ထောက်လှမ်းရေးက ခေါ်တွေ့တယ်။ အထူးဆောင် ထောက်လှမ်းရေး စစ်ကြောရေးစခန်းမှာ ခေါ်ပြောတာ။ စစ်ထောက်လှမ်းရေးညွှန်ချုပ် ဗိုလ်မှူးချုပ်သန်းထွန်းက ခေါ်တွေ့မေးမြန်းပြောပြတာ။ ကျွန်တော် ငြင်းခဲ့တယ်။

(ဒီကြားထဲမှာ (၂၀၀၂ လောက်ထင်ရဲ့) ကမ္ဘာ့ကြက်ခြေနီနဲ့ ကမ္ဘာ့လူ့အခွင့်အရေးအာဏာရှင်က ပုဂ္ဂိုလ်တွေ (မစ္စတာလီယွန်မ[illegible]တာရန်းနဲ့ ပရော်ဖက်ဆာ ပင်ညဲရိုး) ကျွန်တော့်ကို သတင်းစကားပေးပြန်တယ်။ သက်ကြီးရွယ်အိုတွေကို လွှတ်ပေးဖို့ စစ်အစိုးရနဲ့သူတို့ ညှိနှိုင်းနေသတဲ့။ စိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ်ဒေါက်တာဆလိုင်းထွန်းသန်းနဲ့ ကျွန်တော့်ကို လွှတ်ပေးဖို့ တင်ပြထားသတဲ့။ ကျုပ် နိုင်ငံရေးသမားအဖြစ်နဲ့ပဲ လွှတ်ချင်တယ်။ အိုနာကျိုးကန်းအဖြစ်နဲ့ လွှတ်စရာမလိုဘူးလို့ ကျွန်တော် ငြင်းခဲ့တယ်။)

၂၀၀၈ ဖေဖော်ဝါရီမှာ ရဲသတင်းထောက်လှမ်းရေးက ရဲမှူးရဲညွှန့် ကျွန်တော့်ကိုလာတွေ့တယ်။ ရန်ကုန်ဆေးရုံကြီး ရဲအချုပ်ခန်းမှာ ခွဲစိတ်ကုသခံလူနာအဖြစ် ကျွန်တော် ရောက်နေတယ်။ ရဲမှူးရဲညွှန့်က ပုဒ်မ(၄၀၁)လက်မှတ်ထိုးဖို့လာပြောတယ်။ ကျွန်တော် ငြင်းတယ်။ သူက ထပ်ပြောတယ်။ ကျွန်တော် ထပ်ငြင်းတယ်။ သူက ထပ်ပြောတယ်။ ကျွန်တော် သူ့ကို အခန်းထဲက မောင်းထုတ်လိုက်တယ်။ ရဲမှူးခများလည်း အတော်စိတ်ညစ်သွားရှာတယ်။ အဲဒီလို စိတ်ညစ်ရတာတွေ အများကြီးကြုံရလို့ပဲ ထင်ရဲ့။ နောက် တစ်လနှစ်လကြာတော့ သူ့သတင်းဆိုးကြားရတော့တာပဲ။ သူ့ကိုယ်သူ ဓားနဲ့ထိုးပြီး သေကြောင်းကြံသတဲ့။ အလုပ်က အနားယူသွားသတဲ့။

ဒီနေ့ (စက်တင်ဘာ ၂၃) မှာလည်း ကျွန်တော် ငြင်းရပြန်ဦးတော့မယ်။ ၄၀၁ နဲ့သာဆို ကျွန်တော် ထောင်ကမထွက်ဘူး ဆွဲထုတ်ကြ။ ကိုယ့်ပစ္စည်းသိမ်းလား။ ထောင်ပစ္စည်းပြန်အပ်လား လုံးဝမလုပ်ဘူး။ ဆွဲထုတ်ကြ။



၄၀၁ လာမပြောနဲ့။ နားခါးတယ်။ မကြားချင်။ ငြင်းတယ်။ ဆွဲထုတ်ကြ။ နောက်ဆုံးတော့ ကျွန်တော် ထောင်ကဆွဲထုတ်ခံရတယ်။ ထွက်တော်မူ "တန်း" ကခွာတယ်။ နန်းကမဟုတ်တော့ ထောင်တန်းက လွှတ်တော်မူရတာ။ ထောင်စက်ရုံ အင်္ကျီပြာနဲ့ လုံချည်ပြာနဲ့။ ထောက်လှမ်းရေးကားပေါ်ဆွဲတင်။ ထောင်အရာရှိတွေ ထောက်လှမ်းရေးအရာရှိတွေလိုက်ပို့။ မာလာနွယ်လမ်း အမှတ် ၂၅၇ အိမ်ရှေ့ မရောက်တရောက်မှာ သတင်းကြားလို့လာစောင့်နေတဲ့ မီဒီယာသမားတွေနဲ့ ရင်ဆိုင်တိုးတယ်။ ကျွန်တော့်ကို လမ်းပေါ်ချပြီး ထောင်အရာရှိတွေ၊ ထောက်လှမ်းရေးတွေ သုတ်ခြေတင်ကြရော။

သံတိုင်ကြားက ချောင်းကြည့်ခဲ့ရတဲ့ စကြာဝဠာကြီးကို ကျွန်တော်ဘွားခနဲ တွေ့လိုက်ရပါပကော။

စကြာဝဠာဆိုတာလည်း သံတိုင်တွေ ဝိုင်းဝိုင်းလည်နေတာပါပဲကလား။ စကြာဝဠာထဲ ကိုယ်တိုင်ပြန်ရောက်လာတော့လည်း သံတိုင်တွေနောက်ဘက်ပဲ ပြန်ရောက်နေရသလို ခံစားရတယ်။

ဘယ်မှာလဲ လွတ်လပ်ခြင်း၊ ဘယ်မှာလဲ လူ့အခွင့်အရေး၊ ဘယ်မှာလဲ အနာဂတ်။ ဘယ်မှာလဲ စကြာဝဠာနဲ့ မှန်ညင်းစေ့ခြားနားချက်။ ဘယ်နေရာက ကြည့်ကြည့်။ သံတိုင်ကြားက ကြည့်နေရသမျှတော့ ဘာခြားနားချက်မှ တွေ့ရပုံမပေါ်။

ခရစ်ယာန်သမ္မာကျမ်းစာတွေမှာ နှိုင်းချိန်စရာစကားတွေကို ဖတ်ရတယ်။ "တစ်ရက်သည် နှစ်ပေါင်း တစ်ထောင်၊ နှစ်ပေါင်းတစ်ထောင်သည် တစ်ရက်" တဲ့။ သံတိုင်သံတံခါးတွေနောက်မှာ ရက်ပေါင်း ၇၀၀၀ကျော် ကျွန်တော် နေခဲ့ရတယ်။ ဒုတိယလွတ်လပ်ရေးတိုက်ပွဲ၊ လူ့အခွင့်အရေးတိုက်ပွဲမှာ ကျွန်တော် ပါဝင်ရုန်းကန်ခဲ့တဲ့ နေ့ရက်တွေကို ကျွန်တော် တန်ဖိုးထားတယ်။ ရဲဘော်ရဲဘက်၊ လုပ်ဖော်ကိုင်ဖက်တွေရဲ့ ရုန်းကန်လှုပ်ရှားခဲ့တဲ့ ရုန်းကန်လှုပ်ရှားနေတဲ့ နေ့ရက်တွေကို ကျွန်တော် တန်ဖိုးထားတယ်။ စကြာဝဠာတော်ကြီးရဲ့ သံတိုင်သံတံခါးတွေရဲ့နောက်ကွယ်မှာ ဆက်လက်ရုန်းကန် လှုပ်ရှားသွားကြဦးမယ့် နေ့ရက်တွေကိုလည်း ကျွန်တော်တို့တစ်တွေ မျှော်တလင့်လင့်။ တန်ဖိုးသိသိ ထောင်ကျရက်ပေါင်း ၇၀၀၀ဟာ တစ်ရက်လို့ပဲ သဘောထားတယ်။ စကြာဝဠာထဲက တစ်ရက်ဟာလည်း ရက်ပေါင်း ၇၀၀၀ လို မခံစားချင်တော့။

www.burmeseclassic.com

www.burmeseclassic.com



သံတိုင်သံတံခါးတွေကို ချိုးဖျက်ဖောက်ထွင်းရမှာပဲ။

ကိုယ်တိုင် နိုင်ငံရေးအတွက် ထောင်ကျခဲ့ရတာအတွက် ဘယ်တော့မှ အချည်းနှီးဖြစ်ခဲ့ရတယ်လို့ မထင်။ ရဲဘော်ရဲဘက်တွေနဲ့ နိုင်ငံရေးအတွက် ထောင်ကျခံနေရဆဲ အဖြစ်ကိုလည်း ဘယ်တော့မှ အချည်းနှီးဖြစ်ခဲ့ရတယ်လို့ ထင်မှာမဟုတ်။

ငါတို့ ဒီမိုကရေစီအရေးတော်ပုံကြီးကို ဆင်နွှဲခဲ့ကြတယ်။ အရေးတော်ပုံကြီးကို ဆက်လက်ဆင်နွှဲနေကြတယ်။ ဆက်လက်ဆင်နွှဲသွားကြဦးမယ်လို့ နိုင်နိုင်မြဲမြဲ ယုံကြည်တယ်။

စစ်အာဏာရှင် ယန္တရားကြီးဟာလည်း မကြာတော့တဲ့ တစ်နေ့သောအခါမှာ မီးစာကုန် ဆီခမ်းလိမ့်မယ်။ စက်ပစ္စည်းကိရိယာတွေ ပရမ်းပတာ ကျိုးပဲ့ပြတ်ပျက်လိမ့်မယ်။ လှုပ်မရ၊ လည်မရ မရှုမလှ ရပ်ဆိုင်းသွားလိမ့်မယ် မုချလို့ နိုင်နိုင်မြဲမြဲ ယုံကြည်တယ်။

◆

## အနာဂတ်သို့ပြန်သွားခြင်း

ထောင်ထဲမှာ အဖမ်းရအခက်ဆုံးအရာဟာ အချိန်ပါပဲ။ အချိန်ကာလတို့ဟာ လွင့်ပျံ့သွားကြတယ်။ စီးမျောသွားကြတယ်။ ရွေ့လျားသွားကြတယ်။ ဆုပ်လို့မရ ကိုင်လို့မရ။ ကြာတော့ မှတ်လို့မရတောင်ဖြစ်လာတယ်။ ဒီနေ့ဟာ ဒီနေ့လား၊ မနေ့လား၊ နက်ဖြန်လား၊ နက်ဖြန်ဟာ နက်ဖြန်လား။ ဒီနေ့လား၊ မနေ့လား။ မနေ့ဟာ မနေ့လား။ ဒီနေ့လား၊ နက်ဖြန်လား။

ထောင်ထဲမှာနေတုန်း သိပ္ပံစာအုပ်တွေ တော်တော်များများ ဖတ်ရတယ်။ နားလည်တယ်မဟုတ်ပါဘူး။ ဖတ်စရာရရင် ဖတ်တာပဲ။ ဘယ်စာအုပ်မျိုးဖြစ်ဖြစ် ဒီလိုပါပဲ။ နားလည်တာ မလည်တာနောက်။ ဖတ်တာကအရင်။

ပြောချင်တာက သိပ္ပံပညာထဲက အချိန်ပညာရပ်အကြောင်း မဟုတ်ပါဘူး။ ထောင်ထဲက အချိန်အကြောင်း ပြောချင်တာပါ။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတလေ အိပ်လို့ကမပျော်ချင်ဘူး။ ဘယ်နှစ်နာရီထိုးလို့ ထိုးမှန်းသိတာမဟုတ်ဘူး။ ထောင်ထဲမှာ နာရီမောင်းက အမြဲကြားနေရတာ။ မှန်ပါရဲ့။ အမြဲကြားနေရတဲ့ နာရီမောင်းကိုယ်တိုင်က မမှန်တဲ့အခါရှိသေး။ ဝန်ထမ်းကလည်း အိပ်ရာကထပြီး သံချောင်းခေါက်တာ။ ထောင်နာရီသံချောင်းသံက နှစ်ချက်တစ်တွဲခေါက်တာ။ တစ်ခါတလေ တစ်တွဲလျော့ခေါက်တာ။ တစ်တွဲပိုခေါက်တာဆိုတာမျိုးကလည်းရှိသေး။ စိတ်ချော်လို့ အိပ်မပျော်ရတဲ့အထဲ နာရီသံချောင်း ကလီကမာလုပ်လို့ မျက်စိလည်ပြီး အိပ်မပျော်ဖြစ်ရပြန်ကရော။

မျက်စိလည်တဲ့တူတူ ကျွန်တော် အနာဂတ်ကိုပြန်သွားလိုက်တယ်။ ကျွန်တော်တို့မှာ အနာဂတ်တွေ တစ်ထွေးတစ်ပိုက်ကြီးရှိတယ်လေ။ ရှစ်လေးလုံးဒီမိုကရေစီအရေးတော်ပုံကာလမှာ ကျွန်တော်တို့ အနာဂတ်တွေအများကြီးပိုင်ဆိုင်ခဲ့တယ်။ ဒီချုပ်တည်ထောင်ဖွဲ့စည်းတဲ့အခါ ကျွန်တော်တို့မှာ အနာဂတ်တွေအများကြီးရှိခဲ့တယ်။ ၁၉၉၀ ပါတီစုံအထွေထွေရွေးကောက်ပွဲကြီးကျင်းပချိန်မှာလည်း ကျွန်တော်တို့မှာ အနာဂတ်တွေ အများကြီးရှိခဲ့တယ်။

အဲဒီအရေးတော်ပုံကာလအတွင်း၊ ဒီချုပ်တည်ထောင်ချိန်ကာလအတွင်း၊ ၉၀ ရွေးကောက်ပွဲကာလအတွင်း ကျွန်တော်တို့ ချမှတ်ခဲ့တဲ့ မူလဘူတမူဝါဒတွေ၊ မူလဘူတတောင်းဆိုချက်တွေဟာ ဒီနေ့ထက်တိုင် ခိုင်ခိုင်မြဲမြဲ ကိုင်စွဲကျင့်သုံးစရာ နိုင်ငံရေးတာဝန်တွေပဲ ဖြစ်ပါတယ်။

ဒီနေ့ထက်တိုင် ခိုင်ခိုင်မြဲမြဲ ကိုင်စွဲကျင့်သုံးစရာအဖြစ် ကျွန်တော်တို့ လက်ခံထားတဲ့အကြောင်းကလည်း ဒီမူလဘူတ တရားတွေဟာ ကျွန်တော်တို့ရဲ့ ရည်မှန်းချက်တွေ၊ မျှော်လင့်ချက်တွေ၊ တမ်းတချက်တွေ ဖြစ်လို့ပါပဲ။ ချုပ်ပြောရင်တော့ ဒီတရားတွေအားလုံးဟာ ကျွန်တော်တို့ရဲ့ နက်ဖြန်တွေ။ သန်ဘက်ခါတွေ။ ရှေ့လတွေ၊ နောက်နှစ်တွေဖြစ်လို့ပါပဲ။ ထပ်ပြီးချုပ်ပြောရရင် ဒီတရားတွေဟာ ကျွန်တော်တို့ရဲ့အနာဂတ်တွေ ဖြစ်ပါတယ်။

အဲဒီအချိန်ကာလတွေတုန်းက ကျွန်တော်တို့တောင် ငယ်ရွယ်ပါသေးတယ်။ မငယ်မရွယ်တော့ဘူးဆိုရင်တောင် ကျွန်တော်ဟာ ဒီနေ့ဒီအခါလောက် မရင့်ရော်သေး၊ မအိုမင်းသေးလို့ ဆိုရမှာဖြစ်ပါတယ်။ ဒီမိုကရေစီအရေးတော်ပုံကြီးထဲမှာ ဦးစီးဦးဆောင် ချီတက်ခဲ့ကြတဲ့ လူငယ်လူရွယ်တွေဆိုရင် အလွန်နုငယ်ပျိုမြစ်တဲ့ အရွယ်တွေဖြစ်ခဲ့ကြတာပေါ့။ ဒီလူနုလူပျိုတွေတောင်မှ ဒီနေ့



ဒီအခါမှာဆိုရင် လူလတ်ပိုင်းအရွယ်ထဲရောက်နေကြပြီ။ အသက်အပိုင်းအခြားအားဖြင့် လေးဆယ်ကျော် ငါးဆယ်ဟိုင်းအရွယ်တွေ ဖြစ်ကုန်ကြပြီပေါ့။

ဒီလူရွယ်လူလတ်ပိုင်းတွေအဖို့ရော၊ ကျွန်တော်တို့လို သေတွင်းသေဝရောက်နေပြီဖြစ်တဲ့ လူကြီးလူအိုတွေအဖို့ပါ အရေးတော်ပုံရဲ့ ရည်မှန်းချက်တွေ၊ ဒီချုပ်ရဲ့မူဝါဒတွေ၊ ၉၀ အထွေထွေရွေးကောက်ပွဲအပြီး ပေါ်ထွက်လာတဲ့ ဂန္ဓီကြေညာချက်စာတမ်းပါ တောင်းဆိုချက်တွေဟာ နက်ဖြန်တွေဖြစ်ပါတယ်။ သန်ဘက်ခါတွေဖြစ်ပါတယ်။ အနာဂတ်တွေဖြစ်ပါတယ်။

နှောင်နှစ်ပေါင်း အတန်ကြာပြီးတဲ့နောက်မှာ ပေါ်ထွက်လာခဲ့တဲ့ ၂၀၀၇ ကုန်ဈေးနှုန်းကျဆင်းရေး လှုပ်ရှားမှုရဲ့ တောင်းဆိုချက်တွေ၊ ၂၀၀၇ ရွှေဝါရောင်တော်လှန်ရေးရဲ့ တောင်းဆိုချက်တွေ၊ ၂၀၀၈ ဒီချုပ်ဒုတိယညီလာခံသဘောဆောင်တဲ့ ခေါင်းဆောင်စုအစည်းအဝေးက ပေါ်ထွက်လာတဲ့ ရွှေဂုံတိုင်ကြေညာစာတမ်းရဲ့ တောင်းဆိုချက်တွေ။ ဒီတောင်းဆိုချက်တွေအားလုံးဟာလည်း နိုင်ငံရေး လှိုင်းလုံးကြီးတွေပဲ ဖြစ်ပါတယ်။

ဒီလို နိုင်ငံရေး ဒီရေမြင့်သစ်လာခဲ့တာဟာ၊ အဲဒီနိုင်ငံရေးလှုပ်ရှားမှုတွေဟာ မျိုးဆက်သစ် ၈၈ ကျောင်းသားလူငယ်တွေ၊ ဒီချုပ်နိုင်ငံရေးလှိုင်းသစ်တွေ၊ ရဟန်းသံဃာတော်အားသစ်အင်သစ်တွေရဲ့ နက်ဖြန်သစ်တွေ၊ အနာဂတ်သစ်တွေ ပေါ်ထွန်းလာတာပဲ ဖြစ်ပါတယ်။

ဒီနိုင်ငံရေး ကြွေးကြော်အော်ဟစ်သံတွေ၊ လက်သီးလက်မောင်းတန်းမှုတွေဟာ ဒီနေ့ထက်တိုင်ပဲ ကျွန်တော်တို့ရဲ့ ပတ်ဝန်းကျင်ကို ကိုင်လှုပ်နေဆဲရှိပါသေးတယ်။ ကျွန်တော်တို့အားလုံးရဲ့ နိုင်ငံရေးအနာဂတ်အဖြစ် သက်ရှင်လှုပ်ရှားဆဲရှိပါသေးတယ်။

ကျွန်တော်ဟာ အတွေးနဲ့တောမှာ ကျွဲနစ်တတ်ရုံ မဟုတ်ပါ။ ဟိုတွေးဒီငေးလည်း လုပ်တတ်ပါတယ်။ တွေးတာနဲ့ ငေးတာမရောဘဲ ငေးရုံငေးတဲ့အလုပ်လည်း လုပ်ပါတယ်။ ဟိုငေး ဒီရေးလုပ်တဲ့အခါလည်း ရှိပါတယ်။ အငေးနဲ့အရေး မရောဘဲ ရေးရုံရေးပြီး အချိန်ကုန်တဲ့အခါလည်းရှိပါတယ်။

ငေးရတာလည်း ဇက်ညောင်း၊ ရေးရတာလည်း လက်ညောင်းတဲ့အခါ အတွေးရေယာဉ်ကျော စီးမျောတတ်ပါတယ်။ အတွေးကောင်းကင်ယံ ဝဲပျံတတ်ပါတယ်။

အဲဒီလို အတွေးပေါ်အတွေးဆင့်၊ အတွေးရှုက်စုံလှှင့်တဲ့အခါမှာ ကျွန်

www.burmeseclassic.com

www.burmeseclassic.com



တော်တစ်ယောက် နက်ဖြန်ထဲကို စီးမျောဝင်ရောက်သွားပါတယ်။ အနာဂတ်ထဲကို ဝဲပျံဝင်ရောက်သွားပါတယ်။

အနာဂတ်ကို ပြန်သွားခြင်း။

အနာဂတ်ကို တူးဆွဖော်ထုတ်ခြင်း။

အနာဂတ်ကို ပစ္စုပ္ပန်နှင့် ဆက်စပ်ပေါင်းစည်းခြင်း။

ဟုတ်ပါတယ်။ နေ့ပေါင်းများစွာ၊ ညပေါင်းများစွာ၊ အကြိမ်ပေါင်းများစွာ၊ အခါပေါင်းများစွာ ထောင်ထဲမှာ ကျွန်တော် အနာဂတ်ကိုပြန်သွားပါတယ်။ အကြိမ်ပေါင်းများစွာ ကျွန်တော် အနာဂတ်ကို တူးဆွဖော်ထုတ်ခဲ့ပါတယ်။ အခါပေါင်းများစွာလည်း ကျွန်တော် အနာဂတ်ကို ပစ္စုပ္ပန်နဲ့ ဆက်စပ်ပေါင်းစည်းခဲ့ပါတယ်။

၁၉၈၈ ဒီမိုကရေစီအရေးတော်ပုံကြီးကို ကျောင်းသားလူငယ်တွေ ရှေ့ဆောင်ခဲ့တယ်။ ဒီအရေးတော်ပုံကြီးမှာ ပြည်သူလူထုပေါင်းများစွာကို စစ်တပ်က ရက်စက်ကြမ်းကြုတ်မှုကြီးစွာနဲ့ ကွပ်မျက်နှိမ်နင်း ဖြိုခွင်းခဲ့တယ်။ ဒီမိုကရေစီအခွင့်အရေးတွေကို ပြည်သူတစ်ရပ်လုံးက တောင်းဆိုခဲ့ကြတယ်။ ၈၈ ဒီမိုကရေစီ အခွင့်အရေး တောင်းဆိုချက်တွေဟာ ၉၀ ရွေးကောက်ပွဲအပြီး ဂန္ဓီကြေညာစာတမ်း တောင်းဆိုချက်တွေမှာ ထင်ဟပ်ဂယက်ရိုက်နေတယ်။

ဒီချုပ်ရဲ့ မူလဘူတ မူဝါဒတစ်ရပ်ဖြစ်တဲ့ အာဏာရှင်စနစ်မှန်သမျှကို ဆန့်ကျင်တိုက်ဖျက်ရေးဆိုတဲ့ အခြေခံမူဟာ ၂၀၀၈ ရွှေဂုံတိုင်ကြေညာစာတမ်းမှာ ထင်ဟပ်ဂယက်ရိုက်တယ်။ စစ်အာဏာရှင်တွေရဲ့ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြင်ဆင်ပြောင်းလဲပေးဖို့ ရွှေဂုံတိုင်ကြေညာစာတမ်းက တောင်းဆိုပါတယ်။ ဒီတောင်းဆိုချက်ဟာ စစ်အာဏာရှင်စနစ်ကို လူမြင်သူမြင်၊ ကြည့်ပျော်ရှုပျော်ဖြစ်အောင် မသာသနပ်ခါးလိမ်းတာကို ဆန့်ကျင်တာပဲဖြစ်ပါတယ်။ ၂၀၀၈ အခြေခံဥပဒေဟာ လာမယ့်နှစ်ပေါင်းများစွာ ဆက်လို့ ဆက်လို့ စစ်အာဏာရှင်စနစ်ဆိုးကို အသက်ဆက်သွင်းမယ့် ပုဒ်ထီးပုဒ်မတွေဖြစ်ပါတယ်။ စစ်အာဏာရှင် သွေးစုပ်ဖုတ်ကောင်ကြီးကို ဘိသိက်သွန်းဦးမယ့် အလိုဆိုးရဲ့ သရုပ်သကန်ပဲ ဖြစ်ပါတယ်။

စစ်အာဏာရှင်စနစ် မှန်သမျှကို ဆန့်ကျင်ဖျက်ရေးဆိုတဲ့ ဒီချုပ်မူလဘူတဝါဒဟာ ရွှေဂုံတိုင်ကြေညာစာတမ်း တောင်းဆိုချက်မှာ သက်ဝင်ဖို့လိုက်နေပါတယ်။



ဒီလို အတိတ်က အနာဂတ်တွေနဲ့ ပစ္စုပ္ပန်ရဲ့အနာဂတ်တွေ ကူးလူးပေါင်းယှက်ပြီး အနာဂတ်ရဲ့ အနာဂတ်တွေအဖြစ် ရုပ်လုံးပေါ်လာနေကြတယ်။ အနာဂတ်တွေ၊ အနာဂတ်တွေ။ ကျွန်တော်တို့ဘဝမှာ ကျွန်တော်တို့ နိုင်ငံရေးမှာ၊ ကျွန်တော်တို့ရဲ့ ရုန်းကန်လှုပ်ရှားမှုတွေမှာ အနာဂတ်တွေ လျှံဝေဖြစ်တည်နေပါတယ်။

ရည်မှန်းချက်တွေ၊ မျှော်လင့်ချက်တွေ ကိုယ်စားပြုတဲ့ ကျွန်တော်တို့ရဲ့ အနာဂတ်တွေကို ပြောင်းလဲဖြစ်တည်လာအောင် ကျွန်တော်တို့ အပြင်းအထန် ရုန်းကန်လှုပ်ရှားသွားကြရပါဦးမယ်။

ဆယ်စုနှစ်နှစ်ခုကျော် ကျွန်တော်တို့ရဲ့ အနာဂတ်တွေဟာ အနာဂတ်အဖြစ်နဲ့သာ ရှိတည်နေပါသေးတယ်။ အနာဂတ်တွေကို ပစ္စုပ္ပန်ဖြစ်လာအောင် ကျွန်တော်တို့အားထုတ်ကြပါဦးမယ်။

ကျွန်တော်တို့ရဲ့ အနာဂတ်တွေကို အကောင်အထည်ဖော်ဖို့ စွမ်းအင်အားမာန်တွေ အများကြီးလိုပါတယ်။ အဲဒီလိုအပ်တဲ့ စွမ်းအင်အားမာန်တွေကို ဆေးအမယ်သုံးမျိုးနဲ့ ပေါင်းစပ်ယူနိုင်ပါတယ်။

အဲဒီဆေးအမယ်တွေကတော့ ပြည်သူလူထု နိုးကြားအုံကြွမှု၊ နိုင်ငံရေးအင်အားစုတွေရဲ့ ပေါင်းစည်းညီညွတ် မှုနဲ့ အာဏာရှင်စနစ်ဆိုးကို အာခံအံတုတဲ့ မကြောက်တရားတို့ပဲ ဖြစ်ပါတယ်။

လူထုနိုးကြားရင်၊ နိုင်ငံရေး ညီညွတ်ရင်၊ မကြောက်မရွံ့ရင် ကျွန်တော်တို့ရဲ့ အနာဂတ်တွေကို အတိတ်ထဲမှာ မြေမြှုပ်သင်္ဂြိုဟ်နေတဲ့ စစ်အာဏာရှင်စနစ်ကို ကျွန်တော်တို့ ဖြိုလှဲဖျက်သိမ်း နိုင်ပါလိမ့်မယ်။ စစ်အာဏာရှင်စနစ်ဆိုး ပြိုကွဲသွားရင် ကျွန်တော်တို့ရဲ့ အနာဂတ်တွေဟာ အနာဂတ်မှာတည်ရှိပါလိမ့်မယ်။ ကျွန်တော်တို့ရဲ့ အနာဂတ်တွေဟာလည်း စစ်မှန်တဲ့ အနာဂတ်တွေဖြစ်လာပါလိမ့်မယ်။ အနာဂတ်တွေဟာလည်း အချိန်တန် အချိန်သင့်တိုင်း ပစ္စုပ္ပန်တွေ ဖြစ်လာပါလိမ့်မယ်။ လူထုနဲ့တကွ မျိုးဆက်သစ်တွေဟာလည်း အနာဂတ်သို့ပြန်သွားနေစရာမလိုတော့ဘဲ တော်လှန်–မာန်–ဉာဏ်–သတ္တိတွေနဲ့ အနာဂတ်သို့ ချီတက်ခြင်းဖြင့် နိုင်ငံရေးအောင်ပွဲတွေခံ၊ နိုင်ငံရေးအောင်လံတွေ ထူနိုင်ကြပါလိမ့်မယ်။

◆

www.burmeseclassic.com

www.burmeseclassic.com

## စစ်ကျွန်ခေတ်မှာ လူရာမဝင်ချင်

ဒီနေ့ ကျွန်တော်တို့နိုင်ငံမှာ နိုင်ငံရေး အကျပ်အတည်း အကြီးအကျယ် ဆိုက်နေတယ်။

ဒီအကျပ်အတည်းကို ကျွန်တော်တို့ ဘယ်နည်းဘယ်ပုံ ဖြေရှင်းကြမလဲ။ ပြဿနာကို ဘယ်က စကိုင်မလဲလို့ မေးခွန်းထုတ်တာပါ။

မြွေဆိုးဖမ်းတဲ့အခါ ဘယ်လိုဖမ်းလဲ။ ခေါင်းကိုင်မလား၊ အမြီးကိုင်မလား၊ ဇက်ညှစ်မလား ဆိုတဲ့ မေးခွန်းတွေသဘောပါပဲ။ ဒီနေ့ နိုင်ငံရေး အကျပ်အတည်းတွေကို ပြေလည်အောင် ဖြေရှင်းဖို့ဆိုရင် ဘယ်ကိစ္စဟာ အချုပ်၊ ဘယ်အလုပ်ဟာ အချက်ဆိုတာ စဉ်းစားချိန်ဆရမှာပဲ။ နည်းလမ်းပေါင်းစုံ ရှာရမှာပဲ။



ကျွန်တော်တို့သဘောကတော့ ဒီချုပ်က ရွှေဂုံတိုင်ကြေညာစာတန်းမှာ တောင်းဆိုထားတဲ့အတိုင်း အဆုံးအဖြတ်ပေးနိုင်တဲ့ ပုဂ္ဂိုလ်ချင်းတွေ့ဆုံဆွေးနွေးကြတဲ့ နည်းလမ်းသာလျှင် တစ်ခုတည်းသောနည်းလမ်း ဖြစ်တယ်လို့ဆိုချင်ပါတယ်။

ဒီနေ့ အတိုက်အခံ နိုင်ငံရေးအင်အားစုတွေဟာ ဒီမိုကရေစီအင်အားစုတွေဖြစ်ပါတယ်။ အဆုံးအဖြတ်ပေးနိုင်တဲ့ ခေါင်းဆောင်ချင်း တွေ့ဆုံဆွေးနွေး ဖြေရှင်းဖို့ ဒီချုပ်ဘက်က ကမ်းလှမ်းခဲ့တာကြာပါပြီ။ နှစ်ပေါင်း ၂၀ ကျော်ပါပြီ။ နိုင်ငံတကာက တိုက်တွန်းတောင်းဆိုနေကြတာကလည်း ဒါပဲဖြစ်ပါတယ်။ စစ်အစိုးရဘက်မှာ နိုင်ငံရေးအကျပ်အတည်းတွေကို ဖြေရှင်းလိုတဲ့ စိတ်စေတနာ၊ စိတ်ဆန္ဒတွေ ရှိမှရှိရဲ့လားလို့ သံသယဖြစ်သူတွေရှိလာပါတယ်။ ဒေါ်စုကိုယ်တိုင် အင်းစိန်တရားရုံးမှာ သံတမန်တွေကို ဒီကိစ္စပြောပြီးပါပြီ။ ဗိုလ်ချုပ်မှူးကြီးသန်းရွှေဆီ ပေးပို့တဲ့ ဒေါ်စုရဲ့ပေးစာမှာလည်း ဒီကိစ္စတင်ပြပြီးပါပြီ။

ပြည်တွင်းစကား နားမထောင်ချင်နေ။ ပြည်ပသဘောထားကို နားကလောဖို့တော့ မသင့်ပါ။ နိုင်ငံရေးပြဿနာတွေ ရှိနေမှန်းသိရက်နဲ့ မသိကျိုးကျွံပြုနေတာ အတော်ဆိုးတယ်လို့ ဆိုရပါလိမ့်မယ်။ အိပ်ချင်ယောင်ဆောင်သူလို အနှိုးခက်နေဖို့ မကောင်းပါ။

စစ်အစိုးရဟာ ပြည်တွင်းကရော ပြည်ပကပါ တောင်းဆိုနေတဲ့ အဆုံးအဖြတ်ပေးနိုင်သူ ထိပ်သီးခေါင်းဆောင်ချင်း တွေ့ဆုံဆွေးနွေးညှိနှိုင်းဖြေရှင်းရေးကိစ္စကိုသာ ခေါင်းခါနေတာ မဟုတ်ပါဘူး။

တစ်ဖက်မှာ ၁၉၉၀ ပါတီစုံအထွေထွေရွေးကောက်ပွဲက တစ်ခဲနက်ဖော်ပြခဲ့တဲ့ ဒီမိုကရေစီအင်အားစုတွေကို လိုလားထောက်ခံတာ၊ တစ်အာဏာရှင်တွေ စိုးမိုးမှုကို ဆန့်ကျင်ငြင်းပယ်တာဆိုတဲ့ ပြည်သူ့သဘောထား ဆန္ဒကို ကျော်ခိုင်းမြဲ ကျော်ခိုင်းနေပါတယ်။

တစ်ချိန်တည်းမှာပဲ စစ်အာဏာရှင်စနစ် သက်ဆိုးရှည်ရေး၊ **စစ်အာဏာရှင်တွေရဲ့ လူသားဆန့်ကျင်ရာဇဝတ်မှုမှ လွတ်ငြိမ်းခွင့်ပေးရေး၊** **အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီကတစ်ဆင့် တရားဝင်အာဏာသိမ်းရေး** စတဲ့ စစ်စိုးမိုးရေး အတည်ပြု ၂၀၀၈ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုတာကိုလည်း အသေဆုပ်ကိုင်ထားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါတွေနဲ့အပြိုင် စစ်အာဏာယန္တရားကြီးရဲ့ မီးထိုးဆီလောင်း စက်မောင်းစက်ခုတ် လက်ကိုင်တုတ်တွေကို လက်သပ်မွေးပေးမယ့် ၂၀၁၀ အထွေထွေရွေးကောက်ပွဲဆိုတာကိုလည်း ဒီနှစ်ထဲမှာ ကျင်းပဖို့ စစ်ခရာတုတ်နေပါပြီ။ ခွေးဝမ်းသာအောင် လေလည်ပြဲဆိုသလို မက်လုံးတွေပေးလာပါပြီ။ နဖားကြိုးတပ်ဒီမိုကရေစီ ပကာသနီတွေကိုလည်း စစ်အာဏာ လက်ပါးစေတွေက လေပုပ်ထုတ်နေကြပါပြီ။ ရွေးကောက်ပွဲ မဝင်ရင်ဘဲ နိုင်ငံရေးပါတီတွေ၊ နိုင်ငံရေးအင်အားစုတွေ၊ နိုင်ငံရေးသမားတွေ မြောင်းထဲရောက်ကုန်ရတော့မလိုလို ခြောက်လုံးလှန့်လုံးတွေ သံပုံးတီးနေကြပါပြီ။

ဒီနေ့ ဒီကာလမှာ တကယ်လိုအပ်နေတာက စစ်အစိုးရမြှူဆွယ်မောင်းသွင်းနေတဲ့ နိုင်ငံရေးစားကျက်သစ် မဟုတ်ဘူးဗျ။ စစ်အာဏာရှင်တွေကို သမိုင်းမြောင်းထဲ ကန်ချရေးကို ဦးတည်ဖို့ဗျ။ စစ်အာဏာယန္တရားကြီးကို ရိုက်ချိုးပစ်နိုင်မယ့် နိုင်ငံရေးသစ် ဖောက်လုပ်ဖို့ဗျ။

နိုင်ငံရေးသစ်ဆိုတာ စကားလုံးသာ ကြီးကျယ်တာပါ။ လုပ်ရမယ့်ကိစ္စက သိပ်အကြီးအကျယ်မဟုတ်ပါဘူး။ စစ်အာဏာရှင်စနစ်ကို ဆန့်ကျင်တဲ့ နိုင်ငံရေးအင်အားစုတွေ လက်တွဲပေါင်းစည်း လှုပ်ရှားဖို့ပါပဲ။ အားလုံးအသံတူအော်ကြဖို့၊ အလုပ်တူဖော်ကြဖို့ပါပဲ။ အားလုံးညီညွတ်လက်တွဲကြဖို့ပါပဲ။ နိုင်ငံရေးသစ်ဆိုတာ ဒါပါပဲ။ အားလုံးအသံညီမယ်၊ အားလုံး အလုပ်ညီမယ်ဆိုရင် စစ်အာဏာဆန့်ကျင်ရေး တပ်ဦးကြီး၊ တပ်ပေါင်းစုကြီးဆိုတာမျိုးဟာ တစ်ချိန်ချိန်မှာ မလွဲဧကန်ပေါ်ထွက်လာမှာပါ။

ပြည့်စုံလုံလောက်တဲ့ နိုင်ငံရေးသြဇာမရှိဘူး။ နိုင်ငံရေး ဉာဏ်မမီဘူး။ နိုင်ငံရေးမာန် မထက်ဘူး။ ဒါ ကျွန်တော့် ချွတ်ယွင်းချက်။ ဒါကြောင့် နိုင်ငံရေး အမြင်၊ နိုင်ငံရေး သဘောထား၊ နိုင်ငံရေး ရပ်တည်ချက်တွေ တညီတညာ၊ တစုတဝေး၊ တပေါင်းတစည်း ဖြစ်အောင် မညှိနိုင်ဘူး။ မဆက်စပ်နိုင်ဘူး။ နိုင်ငံရေးအသံညီအောင် ကျွန်တော် မလုပ်နိုင်ဘူး။ အလားတူပဲ တူညီတဲ့ အလုပ်တွေကိုလဲ ကျွန်တော် မညှိနိုင်း မဆက်စပ်နိုင်ဘူး။ နိုင်ငံရေးအလုပ်ညီအောင် ကျွန်တော် မလုပ်နိုင်ဘူး။

တချို့က ကျွန်တော့်ကို သဘောထားတင်းမာသူတဲ့။ မဟုတ်ပါဘူး။ ကျွန်တော်က မူဝါဒများမှာ စွဲမြဲသူဖြစ်ပါတယ်။ ကျွန်တော်က သတင်းစာ



ဆရာ။ အယူအဆအားလုံး၊ သဘောထားအားလုံး၊ အတွေးအမြင်အားလုံးကို နားထောင်စုစည်း ဆက်စပ်လိုတဲ့သူပါ။

ဘာတွေပြောပြော၊ ဘာတွေဖြစ်ဖြစ်၊ ဘာတွေလုပ်လုပ် မဝေးလှတော့တဲ့ အချိန်ကာလမှာ နိုင်ငံရေးသစ်ဟာ မုချပေါ်လာလိမ့်မယ်။ မုချ ရှင်လာလိမ့်မယ်။ မုချ လှုပ်လာလိမ့်မယ်။ မုချ ဖူးလာ၊ ပွင့်လာ၊ သီးလာ၊ ရင့်လာ၊ မှည့်လာ လိမ့်မယ်လို့ ကျွန်တော် ယုံတယ်။ အားလုံးဝိုင်းလုပ်ကြစို့။ ဝိုင်းလှုပ်ကြစို့။ ဝိုင်းချုပ်ကြစို့။ ဝိုင်းဖြုတ်ကြစို့လို့ ကျွန်တော် ပြောချင်တယ်။

နိုင်ငံရေးသစ်ဟာ စစ်အာဏာရှင်စနစ် ဆန့်ကျင်တဲ့ နိုင်ငံရေးဖြစ်တယ်။ ဒီမိုကရေစီတည်ဆောက်တဲ့ နိုင်ငံရေးဖြစ်တယ်။ လူ့အခွင့်အရေး ချိုးဖောက်မှုတွေ တိုက်ဖျက်တဲ့ နိုင်ငံရေး ဖြစ်တယ်။ ပြည်သူလူထုကို မျက်နှာမူတဲ့နိုင်ငံရေး ဖြစ်တယ်။

နိုင်ငံရေးသစ်ကို တည်ဆောက်မယ့် တော်လှန်စိတ်ဓာတ်တွေ၊ မာန်တွေ၊ ဉာဏ်တွေ၊ အကြံတွေလိုတယ်။ အင်အားတွေ၊ စွမ်းရည်တွေ၊ ရင်းမြစ်တွေ လိုတယ်။ ဒါတွေကို ဘယ်မှာရနိုင်မလဲ။ သိသာပါတယ်။ အကျဉ်းထောင်တွေထဲရောက်နေတဲ့ နိုင်ငံရေးအကျဉ်းသားဆိုတဲ့ အင်အားသစ်တွေဆီက ရမှာပေါ့။ နိုင်ငံရေးအကျဉ်းသားတွေ လွတ်မြောက်ရေးကို ကျွန်တော်တို့ လုံ့လစိုက်ရမယ်။ ဆောင်ကြဉ်းရမယ်။

ထောင်တွေမှာ ရောက်နေကြတဲ့ ဒီအင်အားသစ်တွေကလည်း သူတို့ရဲ့ လွတ်မြောက်ရေးအတွက် ကျွန်တော်တို့အားလုံးရဲ့ ဝါယမစိုက်ထုတ်မှုကို ငံ့လင့်နေကြတယ်။ ခရစ်ယာန်သမ္မာကျမ်းစာ ရှင်ပေါလုရဲ့စကားကို သူတို့ ရေရွတ်နေကြတယ်။ သူတို့ပဲ့တင်ထပ်နေကြတယ်။ "ငါခံရသော ချုပ်နှောင်ခြင်းကို အောက်မေ့ကြလော့"လို့ ရှင်ပေါလုက ဆိုတယ်။

ခရစ်တော်ကားစင်တင်ခံရပြီးတဲ့နောက် ခရစ်ယာန်ဘာသာဝင်တွေ ဖိနှိပ်ချုပ်နှောင် ညှဉ်းပမ်းနှိပ်စက်ခံရတယ်။ တခြားခရစ်ယာန်ဘာသာဝင်တွေက ကယ်ကြဖို့အားထုတ်ကြတယ်။ ကယ်ကြတယ်။ ခရစ်ယာန်ဘာသာဝင်တစ်ဦးရဲ့ စကားကို နားထောင်ကြည့်ပါ။ "ငါ၌ ကြိုးချည်နှောင်လျက်ရှိသော်လည်း သူသည် ရှက်ကြောက်ခြင်းမရှိဘဲ ..... ငါ့ကို ရှာ၍တွေ့၏ " တဲ့။ ခရစ်ယာန်တစ်ယောက် အချုပ်အနှောင်ခံနေရတယ်။ အခြားတစ်ယောက်က သူ့ကိုတွေ့

www.burmeseclassic.com

www.burmeseclassic.com



အောင်ရှာတယ်။ တွေ့တယ်။ ကယ်တယ်။ ဘာအကြောက်တရားမှ မရှိဘဲ ရှာတာ။ ဒါကြောင့် တွေ့တာ။ ဒါကြောင့် ကယ်နိုင်တာ။

မကြောက်တရားရယ်၊ မရွံ့တရားရယ်၊ မဆုတ်တရားရယ်ကို ရင်မှာ မြဲမြဲခိုင်ခိုင်စွဲကိုင်ပြီး နိုင်ငံရေးအကျဉ်းသားတွေ လွတ်မြောက်ရေးကို ကျွန်တော်တို့ အားထုတ်ကြရမယ်။ နိုင်ငံရေးအကျဉ်းသားတွေ ထောင်ထဲမှာ ဒုက္ခရောက်တိုင်း ကျွန်တော်တို့ကိုယ်တိုင်လည်း ဒုက္ခရောက်ကြရသလို ခံစားကြရမယ်။

စစ်ကျိုးခေတ်ထောင်ထဲက နိုင်ငံရေးအကျဉ်းသားတွေကို ကောင်းကောင်းမွန်မွန်မကျွေး။ သတင်းအပြင်ပေါက်သွားတယ်။ သတင်းစာတွေက တစ်ရက်ပိတ် ဆန္ဒပြကြတယ်။ အဲဒီတုန်းက ထောင်ကျနေတဲ့ သခင်သန်းထွန်း(နောင်ဗမာပြည်ကွန်မြူနစ်ပါတီဥက္ကဋ္ဌ)က "သတင်းစာတွေကတော့ တိုင်းပြည်ဘက်ကပဲ။ အားကိုးရပါရဲ့" လို့ သူ့ဆောင်းပါးမှာ ရေးခဲ့ဘူးတယ်။ (ထောင့်အရသာစာအုပ်)။

ဒီနေ့ခေတ်မှာ ဒီလိုအားကိုးအားထားစရာ ရှိမှာမဟုတ်ဘူး မထင်နဲ့။ တကယ်တော့ ကျွန်တော်တို့ အားကိုးအားထားမမဲ့ပါဘူး။ ကျွန်တော်တို့ဘက်မှာ မီဒီယာတွေရှိတယ်။ ရဟန်းတော်တွေရှိတယ်။ လူငယ်ကျောင်းသားတွေရှိတယ်။ အလုပ်သမား လယ်သမားတွေရှိတယ်။ လက်လုပ်လက်စား ခေါင်းရွက်ဗျတ်ထိုးတွေရှိတယ်။ ကျွန်တော်တို့ကိုယ်တိုင်ကလည်း "ငါတို့ရှိတယ်ကွယ" လို့ ကျယ်ကျယ်လောင်လောင်ကြီး ကြုံးဝါးဖို့လိုမယ်။ ရင်ကော့ဖို့လိုမယ်။ လက်မထောင်ဖို့လိုမယ်။ လက်သီးဆုပ်ဖို့လိုမယ်။ လက်ရုံးတန်းဖို့လိုမယ်။

ဒါမျိုးတွေအားလုံး ကျွန်တော်တို့ လုပ်နိုင်ကြပါတယ်။ မကြောက်တရားနည်းနည်း ပိုကိုင်ကြဖို့ပဲလိုတယ်။ အကြောက်တရားများများပိုခွာဖို့လိုတယ်။ ကြောက်ရင်တောင်မှ (ဒေါ်စုပြောခဲ့ဘူးသလို) ကြောက်ကြောက်နဲ့ လုပ်ကြဖို့ပဲလိုတယ်။ အာဇာနည်မျိုး သေရိုးမရှိစိတ်ထား များများထားဖို့လိုတယ်။ ကိုယ့်ဘိုးဘေးတွေ ကြွေးကြော်ခဲ့ကြဘူးသလို "ကြောက်မွေးပါ ဇာဂနာနဲ့နှုတ်"ဆိုတဲ့ အသံကို ကျယ်ကျယ်ပဲ့တင်ထပ်ကြဖို့လိုတယ်။

ကျွန်တော်တို့ ရဲရဲတောင်းဆို၊ ပိုရဲရဲဆန္ဒဖော်ထုတ်၊ အရဲဆုံးတိုက်ပွဲဝင်



ကြရင် ဒေါ်စုအပါအဝင် နိုင်ငံရေးအကျဉ်းသားတွေအားလုံး လွတ်ကြရမှာမုချပဲ။

ဒေါ်စုနဲ့ နိုင်ငံရေးအကျဉ်းသားတွေအားလုံး လွတ်လာရင် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲတွေကို ကျွန်တော်တို့ ဆက်တောင်းကြမယ်။ ကျွန်တော်တို့ ဆက်ဆန္ဒဖော်ထုတ်ကြမယ်။ ကျွန်တော်တို့ ဆက်တိုက်ပွဲဝင်ကြမယ်။ ဒါဆိုရင် အဆုံးအဖြတ်ပေးနိုင်တဲ့ ပုဂ္ဂိုလ်ချင်း နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲတွေ ဖြစ်လာရမှာမုချပါ။

နိုင်ငံရေးအကျဉ်းသားတွေ လွတ်ရေးအတွက် ကိုယ့်နည်းကိုယ့်ဟန်နဲ့ လူတစ်ဦးချင်းစီကလဲ ကူးဆက်အားထုတ်နိုင်ကြပါတယ်။

ထောင်လွတ်တဲ့နေ့ကစပြီး ကျွန်တော် အကျီပြာ လုံချည်ပြာဝတ်ခဲ့ပါတယ်။ ဒီနေ့အထိပါပဲ။ ကျွန်တော့်စိတ်ထဲမှာ အမြဲတမ်း အကျဉ်းသားဘဝဆိုးကို ခံစားနေရတယ်။ ငါ့လို "ငါ"တွေ အများကြီးပါလားဆိုတာ စိတ်ထဲမှာ တနုံ့နုံ့ဖြစ်နေတယ်။ ထောင်ကလွတ်လာတဲ့နေ့ကစပြီး ဒီနေ့အထိ အပေါင်းအသင်း ရောင်းရင်းရဲဘော်တွေက ကျွန်တော့်ကို ဝိုင်းကူကြတယ်။ ပေးကြကမ်းကြတယ်။ ရသမျှကို နိုင်ငံရေးအကျဉ်းသားတွေအတွက် ကျွန်တော် ပြန်သုံးတယ်။ နိုင်ငံရေးအကျဉ်းသားတွေ၊ အကျဉ်းသားမိသားစုတွေ၊ အကျဉ်းသားလွတ်မြောက်ရေးဆိုင်ရာ လုပ်ငန်းရပ်တွေအတွက် ကျွန်တော့်ရဲဘော်တွေနဲ့ ကျွန်တော် ဖောက်ချလုပ်နေကြတယ်။ ဒီအလုပ်တွေ လုပ်စက နိုင်ငံရေးအကျဉ်းသားတွေကိုစွ ငါတို့လုပ်ပေးနေနိုင်ပါကလားဆိုပြီး ပီတိဖြစ်နေမိတယ်။ သူတို့ရဲ့ ဒုက္ခတွင်းနက်လွန်းပုံကို မြင်တွေ့လာရတဲ့အချိန်မှာတော့ စိတ်မချမ်းမသာ ဖြစ်လာတယ်။ ငါတို့ ရှမ်းရိုးမတောင်တန်းကြီးကို နားဖာကလော်နဲ့ ဖဲ့နေကြတာပါကလားလို့ ထင်လာတယ်။

ဘာပဲပြောပြော ကျွန်တော်တို့ အားမပျက် လက်မလျှော့ပါဘူး။ ကျွန်တော်တို့ဟာ တောင်ဖြိုသူတွေပါ။ မော်စီတုန်းကျမ်းထဲက အဘိုးကြီးအိုရိကုံး"လို တောင်ဖြိုနေသူတွေပါ။ တစ်နေ့နေ့မှာ၊ မဝေးတဲ့တစ်နေ့မှာ လူ့ငရဲထောင်နံရံတွေကို ကျွန်တော်တို့မဖြိုနိုင်သေးဘူးထား။ ထောင်တံခါးတွေကို ဖွင့်နိုင်သူတွေ ဖြစ်လာမှာပါ။

နိုင်ငံရေးအကျဉ်းသားတွေ အားလုံးချွင်းချက်မရှိ လွတ်ရေးကို၊ နိုင်ငံ

www.burmeseclassic.com

www.burmeseclassic.com



ရေးတွေ့ဆုံဆွေးနွေးပွဲ ဖြစ်မြောက်ရေးတို့၊ နိုင်ငံရေးသစ် မြေစမ်းခရမ်းပျိုးရေးတို့ဆိုတဲ့ နိုင်ငံရေးလုပ်ငန်းတွေကို ကျွန်တော်တို့သိမ်းကျုံးရှုန်းကန်နေကြတယ်။ တစ်ချိန်တည်းမှာပဲ နိုင်ငံရေးဒေဝဒတ်တွေကလည်း ရွေးကောက်ပွဲတောချောက်သူတွေကချောက်၊ နိုင်ငံရေးရေးအပစ်ရပ် ဘိသိက်မြှောက်သူတွေက မြှောက်၊ စစ်ကျွန်ပွဲစားလုပ်သူကလုပ်၊ အညွှံခံ ထောပနာသြဘာစာ ဖတ်သူကဖတ်၊ ခွေးတိုးပေါက် သေ့ခလောက် ဖြုတ်သူကဖြုတ်။ နဖားကြိုးတပ် ဒီမိုကရေစီဂုဏ်တော်ဖွင့်သူကဖွင့်။

ဒီအတိုင်းသာဖြင့် နိုင်ငံရေး လယ်သမားတွေ၊ နိုင်ငံရေးခါးပိုက်နှိုက်တွေ၊ နိုင်ငံရေး "ဒို့ဘ"တွေ၊ နိုင်ငံရေး ခါတော်မှီတွေ၊ နိုင်ငံရေးကာလပေါ်တွေ၊ နိုင်ငံရေး ပွဲလှန့်ဖျာခင်းသူတွေ၊ နိုင်ငံရေးဘနဖူး သိုက်တူးသူတွေဟာ နိုင်ငံရေးစတုဒိသာ ဘုဉ္ဉာဟိပွဲမှာ ခွက်စောင်းခုတ်ပွဲကြီး အပြိုင်ကြကြတော့မှာပါကလား။

ရင်လေးစရာကောင်းလှပါဘိ။

နိုင်ငံရေးသကြံန်စာဖတ်သူတွေရဲ့ အသံဗလံတွေကလည်း နားလျှံမတတ် တည်ညံဖြစ်လာနေတယ်။

ရွေးကောက်ပွဲမဝင်ကြေးဆို လမ်းဘေးမြောင်းထဲ ရောက်သွားမှာပေါ့တဲ့။ "သမ္မုရိအပေါင်း သူတော်ကောင်းတို့"လို့ လူကြားစေချင်သပဆိုရင် လွှတ်တော်ကနေ ချွတ်ဖော်၊ ဖွတ်အော်၊ ဖွတ်ကလော်မှဖြစ်မှာဗျားတဲ့။ အခြေခံဥပဒေထဲက အမာခံသဒ္ဒါလန်ပုဒ်မတွေလား။ ဟား ဟား ဟား ပြင်လို့ရပါတယ်။ နှစ် ၁၀၀ လောက်ပဲ စောင့်ရမှာပါဗျ။ ဘိုးတော်ရဲ့။ အချိန်တွေရှိပါသေးတယ်ဗျာ။ မလောကြစမ်းပါနဲ့။ ဖြည်းဖြည်းပေါ့လေတဲ့။ ပါလီမမန်ရင်ပါတီမကျန်နိုင်ဘူးဗျို့ ဟိုး ဟိုး ဟိုးတဲ့။ ရွေးကောက်ပွဲကို လေးဘက်ထောက်နဲ့ပြီး သူတကာနဲ့ယှဉ်မှ လူရာဝင်ပေလိမ့်မပေါ့ အရပ်ကရို့ရဲ့တဲ့။

တော်တန်တိတ်ကြစမ်းဟော့။ ငါတို့နိုင်ငံအတွက် နိုင်ငံရေးလုပ်နေတာဟ။ နိုင်ငံရေးမရှိရင် ပါတီမရှိဘူး။ ရှိလည်း သကြံန်အမြှောက်ပါတီ၊ ကျည်ဆန်ခွံပါတီ၊ ငှက်တောင်ကျွတ်ပါတီ၊ မင်းဝတ်ပုဆိုး တိမ်မီးနိုးပါတီ၊ စက္ကူကျားပါတီ၊ ကြွှဖွတ်ကျားပါတီပဲ ဖြစ်မှာပဲ။ နိုင်ငံရေးရှိရင် မြန်မာပြည်သူသိန်းသန်းကုဋေပါတီဖြစ်နိုင်တယ်။ နိုင်ငံရေးရှိမှ ပါတီမရှိလည်း လှုပ်နိုင်တယ်။ အုပ်နိုင်တယ်။ ဖြုတ်နိုင်တယ်။



လူရာဝင်မှာတဲ့လား။

ကိုလိုနီကျွန်ခေတ်တုန်းက လွှတ်လပ်ရေးတိုက်ပွဲ ဦးသျှောင် ကဗျာစာဆိုကြီး ဆရာကြီးသခင်ကိုယ်တော်မှိုင်း ပြောခဲ့ဘူးတဲ့စကားတစ်ခွန်းရှိတယ်။

"ကျွန်ခေတ်မှာ လူရာမဝင်ချင်ဘူးကွဟေ့" တဲ့။

အဲဒီလိုပဲ ဆရာကြီးသခင်ကိုယ်တော်မှိုင်းကို ဦးခိုက်ပြီး ဒီနေ့ စစ်အာဏာရှင်ခေတ်မှာ ငါတို့ ကြုံးဝါးချင်တဲ့ စကားတစ်ခွန်းရှိတယ်။

"စစ်ကျွန်ခေတ်မှာ လူရာမဝင်ချင်ဘူးဟေ့"။

◆

www.burmeseclassic.com

www.burmeseclassic.com

## အခါတော်ရောက်ချိန်

ဒီစာစုကို မှတ်တမ်းပုံစံ ကျွန်တော် မရေးပါ။ လူ့ငရဲထောင်ဘဝ ဒုက္ခသုက္ခ ရုပ်ပုံလွှာအသွင်ရေးပါတယ်။ ထောင်ထဲက အကျဉ်းသားတွေ၊ ဖြစ်ရပ်ဖြစ်စဉ်တွေကို ကျွန်တော်မသိတာ များပါတယ်။ ကျွန်တော့် စိတ်ခံစားချက်ကိုပဲ အဓိကထားရေးပါတယ်။

မတ် ၄ ရက်က လူထုစိန်ဝင်းအိမ် ရောက်တယ်။ သူက တပည့်သားမြေးပေါသူ ဖြစ်ပါတယ်။ ဘယ်တော့မှ ညှိုးပြတ်ညှိုးငတ်သူ မဟုတ်ပါ။ ဒါပေမဲ့ သူ့မှာ ငယ်ပေါင်းကြီးဖော်လို စကားပြောနိုင်မယ့်သူ နည်းနေပါပြီ။ ကျွန်တော်တို့က လွန်ခဲ့တဲ့ နှစ်ပေါင်း ၅၀ လောက် ခင်မင်ရင်းနှီးခဲ့သူတွေဖြစ်



ပါတယ်။ သူ့မှာ ကျွန်တော်တို့လို လူတွေနည်းနည်းပဲ ကျန်ပါတော့တယ်။ ကျွန်တော်တို့လို လူတွေနဲ့ တွေ့ရတဲ့အခါ သူပျော်တယ်။ စကားလက်ဆုံပြောမကုန်ဖြစ်နေတယ်။

အဲဒီနေ့က မောင်မိုးသူရယ်၊ ကိုမောင်မောင်ခင်ရယ်၊ ကျွန်တော်ရယ် သူ့ဆီရောက်ကြပါတယ်။

စကားပြောရင်း ထောင်အကြောင်း ရောက်သွားပါတယ်။ ကျွန်တော်တို့အားလုံးမှာ ထောင်အကြောင်း ပြောစရာတွေ ရှိကြပါတယ်။ ကိုစိန်ဝင်းက ကိုကိုးကျွန်းအကြောင်း၊ ကိုမောင်မောင်ခင်တို့၊ ကိုမိုးသူတို့၊ ကျွန်တော်တို့က အင်းစိန်ထောင်အကြောင်း ပာစ်ပုံတစ်ခေါင်းပြောစရာတွေ ရှိကြပါတယ်။

"ကျွန်တော်တို့ခေတ်က ထောင်ကျဘဝဟာ တကယ့်ဒုက္ခဘုံကြီးလေ။ ဖဆပလခေတ်၊ ကိုလိုနီခေတ်နဲ့စာရင် ငါတို့ထောင်တွေ သိပ်ဆိုးပါတကား။ သူတို့ထောင်တွေ တယ်သက်သာပါကလားလို့ ထင်တာ။ ခုခေတ် လူတွေ၊ ထောင်ကျတာ စဉ်းစားမိမှ သူတို့ဒုက္ခ ဘယ်လောက်ကြီးသလဲ သိတယ်။ ငါတို့ခေတ် ထောင်တွေ အများကြီးတော်ပါသေးလား တွေးမိတယ်။

ကိုစိန်ဝင်းက ပြောတယ်။ ကျွန်တော် ဒီလိုပဲ နှိုင်းယှဉ်မိတယ်။ ဒါကြောင့် ဒီစာစုမှာ ဒီလိုနှိုင်းယှဉ်ချက်ကို ကျွန်တော် ရေးခဲ့တာပါ။ သူနဲ့ ကျွန်တော် ထင်မြင်ချက်တူသလို ကိုမိုးသူတို့ ကိုမောင်မောင်ခင်တို့ကလည်း ဒီလိုပဲ ထင်ကြပါတယ်။

ဒီနေ့ခေတ်လို နိုင်ငံရေးအကျဉ်းသား ဦးရေများပြားတာ၊ ဆင်းရဲဒုက္ခကြီးမားတာ၊ လူ့အခွင့်အရေး ချိုးဖောက်ခံရတာ၊ မိသားစုကိုပါ ဒုက္ခပင်လယ်ဝေစေတာတွေဟာ ပေါ့ပေါ့သဘောထားလို့ မရပါဘူး။

စစ်အစိုးရဟာ နိုင်ငံရေးသမိုင်းကို ထုံးသုတ်၊ နိုင်ငံရေး ပင်မတရားကိုရေစုန်မျှော၊ နိုင်ငံရေးအင်အားစု အားလုံးကို ဖွဲ့ချေ၊ နိုင်ငံရေး မျိုးဆက်သစ်တွေကို သားကြောဖြတ်၊ နိုင်ငံရေးစိတ်ဓာတ်တွေကို ရေငွေ့လောင်း၊ နိုင်ငံရေးခေါင်းဆောင်မှုတွေကို ကိုင်းဖျားကိုင်းနားချိုင်၊ နိုင်ငံရေး ဘဝတစ်ခုလုံးကို ပင်စည်လှဲနေပါတယ်။

ဒါတွေဟာ လူသားအပေါ် ကျူးလွန်တဲ့ ရာဇဝတ်ကြီးတွေပါပဲ။ အိုယ့်ပြည်သူ ကိုယ့်လူမျိုး၊ ကိုယ့်မျိုးဆက်သစ်ကို မျိုးဖျက် မျိုးတုံး ရန်ပြု ချေမှုန်းနေခြင်းပဲ ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



တိုင်းရင်းသား လူမျိုးအားလုံးရဲ့ ရိုးရာယဉ်ကျေးမှုတွေ၊ ဓလေ့ထုံးစံတွေ၊ နယ်မြေဒေသပိုင်ဆိုင်ခွင့်တွေ၊ သယံဇာတ အမွေအနှစ်တွေကို နင်းချေ ရိုက်ချိုးနေပါတယ်။ ဒါဟာလည်း ကိုယ့်တိုင်းပြည်ကို ကိုယ်ကျူးကျော် သိမ်းပိုက်နေခြင်းပဲ ဖြစ်ပါတယ်။

တခြား သာကေတင်စရာ အချင်းအရာပေါင်း ထောင်သောင်းရှိပါတယ်။ အဲဒါတွေကတော့ တစ်နေ့တစ်ချိန်မှာ မုချမသွေ ပေါ်ထွက်လာတယ်။ အရိုးတွန်သံတွေက သက်သေခံမယ့်အကြောင်း ကိစ္စတွေပါပဲ။

ဒီနေ့ ဒီကာလမှာ စစ်အာဏာရှင် စနစ်ရိုင်း၊ စနစ်ဆိုး၊ စနစ်ကြမ်းရဲ့ လူသားအပေါ် ရာဇဝတ်မှုကြီးတွေကို အမြည်းနမူနာပေးနိုင်မယ့် တစ်လုံးတစ်ခဲ လက်ဆုပ်လက်ကိုင်ရှိနေတဲ့ ကိစ္စရှိပါတယ်။ နိုင်ငံရေးအကျဉ်းသား ၂၀၀၀ ကျော်ကို ထောင်သွင်းအကျဉ်းချ၊ နယ်ဝေးပို့၊ မဝရေစာကျွေး၊ ကျန်းမာရေးချိုးဖျက်၊ မျက်စိပိတ် နားပိတ်ထား၊ နှိပ်စက်ညှဉ်းပမ်းမှုတွေနဲ့၊ ရောသမမွှေနေတဲ့ စစ်အစိုးရ နအဖအစိုးရ၊ အာဏာရှင်အစိုးရ "တိုင်းပြည်ကို ဓားပြတိုက်ပြီး တိုင်းပြည်ကို ငွေတိုးပြန်ချစားနေတဲ့ အစိုးရ" ရယ်လို့ စွပ်စွဲခံနေရတဲ့ ဒီနေ့ အစိုးရရဲ့ ရိုင်းစိုင်းကြမ်းကြုတ်တဲ့ လုပ်ရပ်တွေပဲ ဖြစ်ပါတယ်။

စစ်အစိုးရဟာ တစ်နေ့တခြား နိုင်ငံရေးအကျပ်အတည်းတွေ ဆိုက်လာနေပါပြီ။ ကမ္ဘာကရော၊ ပြည်တွင်းကပါ စစ်အစိုးရလည်ပင်းကို ကြိုးကွင်းစွပ်နေပါပြီ။ ကြိုးကွင်းကလည်း တစ်နေ့တခြား တင်းလာနေပါပြီ။

စစ်အစိုးရဟာ ဘီလူးရုပ်ကိုဖုံးဖို့ ကြိုးစားနေပါပြီ။ လူယောင်ဆောင်ဖို့ စိုင်းပြင်းနေပါပြီ။ ရွေးကောက်ပွဲဆိုတာ အဲဒီလူယောင်ဆောင်ရာမှာ လိမ်းခြယ်မယ့် သနပ်ခါးဖြစ်ပါတယ်။ သနပ်ခါး ဘယ်လိုလိမ်းလိမ်း၊ ဘီလူးကတော့ ဘီလူး။ အစွယ်မြူးမြူးပဲ ဖြစ်နေမှာပါ။ အစွယ်အပြူးသားကတော့ လူယောင်ဆောင် သနပ်ခါးဘဲကြား အကြားမှာ ဖုံးမရဖိမရ ပေါ်နေမှာပါ။

ဒီနေ့ ပြည်သူလူထုအားလုံး နိုင်ငံရေးအင်အားစုအားလုံး တိုင်းရင်းသားလူမျိုးများအားလုံး၊ နိုင်ငံရေးလှုပ်ရှားသူအားလုံးရဲ့ အဓိကတာဝန်က ဘီလူးကို အစွယ်ချိုးဖို့၊ အစွယ်နုတ်ဖို့ပဲ ဖြစ်ပါတယ်။

စစ်ဘီလူးရဲ့ လူယောင်တော်ပွဲကြီးမှာ နိုင်ငံရေးနားမယောင်ကြဖို့ပဲ ဖြစ်ပါတယ်။



စစ်ဘီလူးလက်ပါးစေတွေရဲ့ တရားအလိမ်အညာတွေ၊ စကားကလိမ်ဝါစာတွေကို နားသင့်မခံကြပါနဲ့။ မယုံကြပါနဲ့။ အပြောမခံကြပါနဲ့။

စစ်ဘီလူးရဲ့ ခြောက်လုံးလှန့်လုံးတွေ၊ ချော့လုံးမြူလုံးတွေကို လက်သင့်မခံကြပါနဲ့။ ငုံ့မခံကြပါနဲ့။ မကြောက်ကြပါနဲ့။

စစ်ဘီလူးရဲ့ နိုင်ငံရေးဝက်ရှ ကလိမ်ကကျစ် အစီအမံမှန်သမျှကို ကြုံရာနေရာ၊ ကျရာကိစ္စမှာ လက်နဲ့ရေး၊ ခြေနဲ့ဖျက်ကြပါ။ စည်းရုံးကြပါ။ လှုံ့ဆော်ကြပါ။ တုံ့ပြန်ကြပါ။ ရဲဆေးတင်ကြပါ။ ခိုင်းတိုင်းမလုပ်ကြပါနဲ့။ လုပ်ရင်လည်း ဖျက်လုပ်လုပ်ကြပါ။

စစ်ဘီလူးရဲ့ လက်ကိုင်တုတ်တွေ၊ လက်ပါးစေတွေ၊ အလိုတော်ရိတွေကို ဘယ်လိုမှ လူထုကြားမှာ ခြေချခွင့်မပေးပါနဲ့။ သူတို့လုပ်ငန်းတွေမှာ ပူးပေါင်းမလုပ်ဆောင်ကြပါနဲ့။ သူတို့အမိန့်အာဏာတွေကို ခေါင်းမညိတ်ကြပါနဲ့။ သူတို့လုပ်ငန်းတွေမှာ ကိုယ်ထိလက်ရောက် မပါကြပါနဲ့။

ဒီနေ့ စစ်အာဏာရှင်တွေရဲ့ထောင်တွေ လူ့ငရဲတွေမှာ ရောက်နေကြတဲ့ နိုင်ငံရေးအကျဉ်းသားတွေဟာ အကြောင်းမဲ့ ထောင်ကျနေကြတာ မဟုတ်ပါဘူး။ သူတို့ရဲ့နိုင်ငံရေးမူဝါဒ၊ လမ်းစဉ်၊ နိုင်ငံရေးအမြော်အမြင်၊ နိုင်ငံရေးလုပ်ငန်းစွမ်းရည်၊ သူတို့ရဲ့နိုင်ငံရေးအင်အားတွေကို စစ်အာဏာရှင်တွေကြောက်တယ်။ ပိတ်တယ်၊ ပင်တယ်၊ တားတယ်၊ ဆီးတယ်၊ ဟန့်တယ်၊ ဖယ်တယ်။ မရတော့ လူတစ်ကိုယ်လုံးကို ထောင်ချတယ်။ အကျဉ်းသွင်းတယ်။

နိုင်ငံရေးအကျဉ်းသားအားလုံးကို စစ်အာဏာရှင်တွေ လွှတ်ပေးကြရတော့မှာပါ။

နိုင်ငံရေးအကျဉ်းသားတွေ လွတ်လာရတော့မယ့်အချိန်ဟာ အလွန်နီးကပ်လာနေပါပြီ။

သူတို့မလွတ်လာသေးမီ စပ်ကြားမှာ သူတို့ထောင်ထဲမှာ အကျဉ်းကျခံနေကြရခြင်းကို ကန့်ကွက်ကြပါ။ ထောင်ချလက်သစ် စစ်အာဏာရှင်အစိုးရကို ရှုတ်ချကြပါ။ သူတို့ကို ချက်ချင်းနဲ့ ချွင်းချက်မရှိ လွှတ်ပေးဖို့ တောင်းဆိုကြပါ။ ထောင်ထဲမှာ သူတို့ရှိနေခိုက် တတ်စွမ်းတဲ့နည်းနဲ့ ပစ္စည်းနဲ့ ကူညီပံ့ပိုးကြပါ။

သူတို့လွတ်လာမယ့်အချိန်ကို ငံ့မျှော်ကြပါ။

www.burmeseclassic.com

www.burmeseclassic.com



သူတို့လွတ်လာ မယ့်ရက်ကို ရေတွက်ကြပါ။

သူတို့လွတ်လာတဲ့အခါ ကြိုဆိုကြပါ။

သူတို့နဲ့ လက်တွဲလုပ်ကြပါ။

သူတို့နဲ့အတူ အာဏာရှင်စနစ်ကို ဖြိုခွဲလှဲပစ်ကြပါ။

သူတို့နဲ့အတူ "တရားမျှတ လွတ်လပ်ခြင်းနဲ့မသွေ" လူ့ဘောင်လူ့အဖွဲ့ အစည်းသစ်ကြီးကို တည်ဆောက်ကြပါ။

သူတို့နဲ့အတူ လူ့အခွင့်အရေးတွေ ပြည့်ဝတဲ့၊ ဖွံ့ဖြိုးစိုပြည်ခြင်းတွေ ပြည့်ဝတဲ့ ဘဝသစ်ပင်ကြီးကို တည်ဆောက်ကြပါ။

သူတို့အားလုံး ပြန်လာကြပါတော့မယ်။

နိုင်ငံရေးအကျဉ်းသားအားလုံး လွတ်ကြပါတော့မယ်။

သူတို့ကို ကျွန်တော်တို့တွေ အောင်သပြေပန်း ကမ်းလှမ်းကြိုဆိုနိုင်ကြပါတော့မယ်။

ကျွန်တော်တို့အားလုံး တေးဂီတပညာရှင်ကြီး မြို့မငြိမ်းရဲ့ "အခါတော်ရောက်ချိန်" တေးကို ဟစ်ကြွေးနိုင်ကြပါတော့မယ်။

"အခါတော်ရောက်ချိန်
နီးလို့လာပြီလေ။

..... .....

အောင်စည်ယွန်းသံ ကြာပြီထင့်
ပြည်တော်ဝင်မယ်လေ

..... .....

အခါတော် ရောက်ချိန်
နီးလို့လာပြီလေ ..... ။

ဝင်းတင်
နိုင်ငံရေးအကျဉ်းသားဟောင်း
အင်းစိန်ထောင်အနီး
မတ်လ ၅ ၂၀၁၀

BURMESE CLASSIC

www.burmeseclassic.com